ခရုံအာလုပ်ပေးတရားတော်

(အမှတ်စဉ် - ၂၇)

ကျေးဇူးတော်ရှင်-အရှင်မဟာမင်္ဂိုတ

မိုးကုတ်ဆရာတော်ဘုရား

ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားစေပါကြောင်း-ဓာတ်အစဉ်

ထေရုပ္ပချုပ်၊ မဟာလာဘတိုက်ဟောင်း၊၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် မြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊

အဝိဇ္ဇာနှင့်၊ တဏှာချင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်၊ ဇာပင်မှမျိုး၊ မျိုးမှဇာပင်၊ ဇာမှုံ့မပြတ်၊ ဆက်စပ်သည့်ပြဿနာ၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ ဇာဘန်ဘန် ဖြစ်ပြန်နည်း၊ ဇာလျော်။ ဗြဟ္မာ-သိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ ဝိမုန်ဆိ တန်ဆင်။ ဇာကြောင်းရင်းကြောင့်၊ သူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဥာဏ်မြင့်ရှု၍မြော်။

(ထက်သဲဆောင်ပုဒ်) မူလာနှစ်ပြ၊ သစ္စာနှစ်ခု၊ လေးခုအထွာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးဓါးအစပ်၊ နှစ်ရပ်မှုကား စဉ်သုံးဝနှင့်၊ ကာလသုံးပြ၊ ခြင်းလေးနှင့်ဆယ်၊ ကျွန်ုပ်ရှစ်သွယ်ကို၊ အထွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

၇၇၁၂

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း၌

ဟောကြား ဆုံးမတော်မူသော

ဝိပဿနာ လုပ်ငန်းစဉ်

ခွန်အလုပ်ပေးတရားတော်

(အမှတ်စဉ် - ၂၇)

မိုးကုတ်ဆရာတော်ဘုရား၏

ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏

မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

အဖွဲ့ကိုယ်စားထုတ်ဝေဖြန့်ချိသူ

ဦးအောင်ချို.... မူတ်ပုံတင်အမှတ် (မြ-၀၀၃၁)

မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့။

အမှတ် (၀၂) နတ်မောက်လမ်း၊ မြေပဒေသာကျွန်းအနီး

ရန်ကုန်မြို့။

ပဌမအကြိမ်။ အုပ်ရေ...၃၄၀၀။

၁၉၆၉-ပု ဒီဇင်ဘာလ။ အဘိုး ၃-ကျပ် ၅၀ပြား၊

★

ယောဂီပုံနှိပ်တိုက်၊ ဦးတာင်-မှတ်ပုံတင်အမှတ် (၀၀၃၇)က

အမှတ် ၂၄၅-လွန်စွလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဘဒ္ဒသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၃၅၄၀)

နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓံ

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ မရောက်မီ ဘုရား အလောင်းဘဝ၌ရှိစဉ်က ဆင်ခြင်တွေးတော်မူသည်။ အဘယ်သို့ ဆင်ခြင် တွေးတောတော်မူသနည်း ဆိုသော် သတ္တဝါတွေသည် ဆင်းရဲလေစွတကား၊ အလွန်ဆင်းရဲခြင်းသို့ ရောက်လေစွတကား၊ ပဋိသန္ဓေလည်း နေရ၏၊ အိုလည်း အိုရ၏၊ သေလည်းသေရ၏၊ တဖန် ပဋိသန္ဓေလည်း နေရ၏၊ ဤသို့ အားဖြင့် အိုလက်စ မသတ်၊ နာလက်စမသတ်၊ သေလက်စ မသတ်၊ တဖန် ပဋိသန္ဓေ နေရခြင်း လက်စမသတ်၊ဤကဲ့သို့ မီးခိုးမဆုံး မိုးမဆုံး ရဟတ်ခြား ပမာ တချာချာပတ်၍ တဖြစ်ထဲဖြစ်၊ တပျက်ထဲပျက်လျက် နေ၏သော သဘောတရားဖြစ်ခြေ၏-တကား၊ သတ္တလောကတည်း ဟူသော သတ္တဝါတွေသည် ဤ....အိုမှု, နာမှု တဖန် ပြန်၍ ပဋိသန္ဓေနေရမှုတည်းဟူသော ဆင်းရဲအစုမှ ဘယ်သောအခါမှ သာလျှင် အဘယ်တရားဖြင့်သာလျှင် ဤ... အိုမှု, နာမှု, သေမှု, ပဋိသန္ဓေနေမှုတည်းဟူသော ဆင်းရဲအစုမှ ထွက်မြောက်ရာကို ရပါအံ့နည်း၊ ဤ ထွက်မြောက်ရာဖြစ်သော တရားသည်လည်း ငါ့အား အဘယ်သောအခါမှ ထင်မြင်နိုင်ပါအံ့နည်း-ဟု ဆင်ခြင်တော်မူသည်။

ဤသို့အားဖြင့် ဇာတိ, ဇရာ, ဗျာဓိ, မရဏစသော တရားတို့သည် အဘယ်အကြောင်းရှိသော် ဖြစ်ပေါ်လာသနည်း....ဟူ၍ နောက်ဆုတ်ပဋိလောမနည်းဖြင့်ဆင်ခြင်စဉ်တွေးတောတော်မူသည်၊ ဇာတိဟူသော တရားသည် အဘယ်အကြောင်း ရှိခဲ့သော် ဖြစ်ပေါ်သနည်း၊ ဗျာဓိဟူသော တရားသည် အဘယ်တရားရှိခဲ့သော် ဖြစ်ပေါ်သနည်း၊ ဇရာ, မရဏဟူသော တရားသည် အဘယ်တရားရှိခဲ့သော် ဖြစ်ပေါ်သနည်း၊ နောက်ဆုတ်-နောက်ဆုတ် တွေးတောတော်မူသည်။

တနည်းဆိုသော်....ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အဆုံးကစ၍ ပဋိလောမ နည်းဖြင့် ဇာတိစသည် ဖြစ်ပေါ်ကြောင်း၊ ဇရာစသည် ဖြစ်ပေါ်ကြောင်း၊ မရဏစသည် ဖြစ်ပေါ်ကြောင်း လက်သည် အရင်းကို ရှာတော်မူသည်။

ဤသို့ ဆင်ခြင်တွေးတော်မူရာ....

၁။ ဤအကြောင်းတရား ဖြစ်ပေါ်သည် ရှိသော် ဤအကျိုးတရား ဖြစ်၏။

၂။ ဤ အကြောင်းတရား မရှိခဲ့သော် ဤ အကျိုးတရား မရှိ။

၃။ ဤအကြောင်းတရား ဖြစ်ပေါ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်၏။

၄။ ဤ အကြောင်းတရား ချုပ်ခြင်းကြောင့် ဤ အကျိုးတရား ချုပ်၏။

ဤအကြောင်းတရား-အကျိုးတရား ဆက်စပ်ပုံ၊ အကြောင်းကြောင့် အကျိုးဖြစ်ပုံ၊ အကြောင်းချုပ်ခြင်းကြောင့် အကျိုးဘရားချုပ်ပုံ စသည်ကို ပဋိစ္စသမုပ္ပါဒ်နည်းအဘိုင်း သိမြင်တော်မူ၍ ဤအကြောင်း, အကျိုး ဆက်စပ်ပုံကို တခုပြီးတခု လက်သည့်အရင်းကျကျ ရှာဖွေဆင်ခြင်တော်မူရာ ဤသို့ ဆင်ခြင်တော်မူသည်၏အဆုံး၌ အဝိဇ္ဇာ,တဏှာကို လက်ဆုတ် လက်ကိုင်မိတော်မူသည်။

သို့ရာတွင် အဝိဇ္ဇာ,တဏှာသည် ဝေးသောအကြောင်းဟူ၍ ဤအချက်၌ မှတ်ထားကြစေလိုပါသည်၊ သစ္စာဖွဲ့ပါက သမုဒယသစ္စာဖြစ်သည်ဆိုသော အချက်ကိုလည်း မှတ်သားထားကြစေလိုပါသည်။

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးဟောတော်မူသည်မှာ သမုဒယတဏှာလောဘသည် ဘုံဘဝကို လွန်စွာ နှစ်သက်တွယ်တာတောင်းတခြင်း ဖြစ်သည်၊ ဤဘုံဘဝကို တောင်းတသော တဏှာလောဘသည်လည်း ကုသိုလ်ကောင်းမှု ဖြစ်သော ဒါနမှုနှင့် ဆက်သွယ်ကြောင်း၊ မိဿကံ ဖြစ်နေကြောင်းကိုလည်း ပေါ်လွင်အောင် အပြစ်အာဒီနဝကိုပြ၍ တကာတကာ မတို့အား လွန်စွာ သိရှိနားလည်ကြစေလိုတော်မူသည်။

ဖေါ်ပြခဲ့သည့်အတိုင်း ဆုတောင်းတဏှာကြောင့် ရ,ထားသော မိမိတို့ခန္ဓာကြီးသည် လက်ရှိဘဝ အို, နာ, သေနှင့် အတူ အဖေါ်လုပ်ပြီး နေရသည်။ ထို....အို,နာ,သေဆိုသော တရားသည်လည်း သစ္စာဖွဲ့ပါက ဒုက္ခသစ္စာအမှန်ပင်တည်း၊ .မည်သည့်

ဇာတိမဆို မည်သည့် ဇာတိရရ အို, နာ, သေနှင့်သာ တွဲနေရသည်ဆိုတာ မည်သူမျှ ငြင်းနိုင်ဘွယ်မရှိပေ။

ဆုတောင်းတဏှာ အဓိပ္ပါယ်ကိုဂုင်း၊ ဂုင်း၏ အဖြစ်ကိုဂုင်း ကျေးဇူးရှင်ဆရာတော်ကြီးသည် တွင်တွင်ကျယ်ကျယ်ကြီး နားလည်အောင် ဟောပြလေ့ရှိသဖြင့် တပည့်တကာတကာမတွေ နာရည်ဝနေပြီးဂုင်း၊ အဓိပ္ပါယ်နှင့် အဖြစ် အာဒီနဝကို သိတန်သလောက် သိကြရပေသည်။

ဗုဒ္ဓ မြတ်စွာသည် သံသရာ ရှည်လေသမျှ၊ ဒုက္ခ ရှည်ခြင်းကြောင့် လွန်စွာမှပင် စက်ဆုပ်တော်မူသည်၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ၏ သာဝကတော်ပီပီ တကာတကာမတွေ သံသရာခရီးသည်အဖြစ်နှင့် လူဖြစ်လိုက်, နတ်ဖြစ်လိုက်နှင့် ဇာတိအမျိုးမျိုးရပြီး သံသရာရှည်ပြီး ဒုက္ခတန်း ရှည်ကြမည်ကို အလွန်ပင် သနားတော်မူသည်။

ရှေပိုင်းတွင် ဖေါ်ပြခဲ့ပြီးသည့်အတိုင်း သံသရာ ရှည်ခြင်းသည် ဆုတောင်းကြောင့်၊ ဆုတောင်းခြင်းသည်လည်း ဘဝတဏှာကြောင့်ဟု ပြဆိုခဲ့ရာ ရှင်းပြရန် လိုအပ်သည့် အတိုင်းအောက်တွင် ရှင်းလင်းဖေါ်ပြမည် ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်အတိုင်း ဆိုပါက အို, နာ, သေသည် ဇာတိကြောင့်ဟု ဆိုသည်။ (ဤနေရာ၌ အပါယ်ဇာတိကို ထည့်၍ ပြောရန်ပင် မလိုပါ)။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာမျိုးမှာ ပုဂံခေတ်ကစပြီး မည်သည့်ဥစ္စာမဆို လှူကြ-တန်းကြသည့် အခါ၌ ဆုတောင်း

တပုံကြီးတောင်းကြကြောင်း ကျောက်စာများက သက်သေခံလျက်ရှိသည်ကို တွေ့ရှိပါသည်။ ထိုမျှမကသေး ကျိန်ဆဲခြင်းများကိုပင် တွေ့ရပါသေးသည်။

မြန်မာစာ ထွန်းကားသော အင်းဝခေတ်တခေတ်လုံး ဆုတောင်း လွန်စွာမှပင် ခေတ်စား‌ခဲ့သည်၊စာပုံနှိပ်စက်နှင့် စာအုပ်များ ပေါ်ပေါက်လာသော အခါများ၌ကား.... ဘုရားရှိခိုးအမျိုးမျိုး၊ ဆုတောင်းအမျိုးမျိုး ရိုက်နှိပ် ထုတ်ဝေရောင်းချကြပြန်သည်၊ ဤသို့ ခေတ်တခေတ်၏ အမှေအနှစ်သည် တခေတ်သို့ ဆက်ခဲ့ပြန်သည်၊ သို့နှင့်ပင် ဘာကလေးလှလှ ဆုတောင်းရမည်ဆိုသော အစဉ်အလာကြီးသည် အရိုးခိုက်အောင် စွဲခဲ့သည်။

ကျေးဇူးရှင်မဟာထေရ် မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဤအစဉ်ကို ဗုဒ္ဓသာသနာတော်တွင်း ခေတ်ပြင်သဘောဖြင့် ပဋိစ္စသမုပ္ပါဒ်သစ္စာနှင့်ဟပ်၍ ဘဝတဏှာ ဖြစ်သော ဆုတောင်းတဏှာ၏ အပြစ်ကိုပြ၍ ဟောကြားတော်မူရာ အချို့.ချို့.က ဒါနပယ်သလိုလိုပင် မတရားစွပ်စွဲကြသော အသံများ အနည်းငယ် ထွက်လာသေးသည်ဟု သိရသည်၊ သို့သော်....ဓမ္မမစ္ဆရိယသာ ဖြစ်ချေသည်။

ယခုအခါ၌ အမြိုမြိုအရွာရွာတွင် မိမိတို့ တတ်အားသမျှ ဆိုသလို လှူကြ-တန်းကြသည်မှာ ပြောစရာမရှိအောင်ပင် ဖြစ်ပါသည်၊ ရှင်ပြု- ကထိန်ခင်း- ဆွမ်းကြီးလောင်း- ကျောင်းကန်တန်ဆောင်း-ရေတွင်း-ရေကန်စသည်ဖြင့် ခြိမ့်ခြိမ့်သဲမျှ လှူကြ-တန်းကြသည်မှာ တကယ်မွန်မြတ်သော စေတနာသဒ္ဓါတရား

ကြီးမားစွာဖြင့် လူကြ-တန်းကြသည်ကို နှစ်ပေါက်တွေ့မြင်ကြရသည်မှာ ဝမ်းမြောက်မဆုံးဖြစ်ပါသည်၊ သို့ရာတွင် တဘဝထက် တဘဝ မြင့်သည်ထက် မြင့်အောင်ဆိုသော ဘဝ ကောင်းစားရေး ရည်ရွယ်ချက်ကလေးများ မပါဘူး....ဟူ၍ မဆိုနိုင်ပေ။

တဘဝထက်တဘဝ မြင့်သည်ထက် မြင့်အောင်ဟူ ရည်ရွယ်ချက်ကလေးများ တွေ့ရှိကြသည်ဆိုသည်မှာ သတ္တုဖြန့်လိုက်ခဲ့ပါလျှင် လူ့ဘဝထက် နတ်ဘဝ၊ နတ်ဘဝထက် ဗြဟ္မာဘဝစသည်ကို တောင်းတပြီး လူကြ-တန်းကြသည်ဆိုလျှင် မှားမည်မထင်ပါ။

ထို့ကြောင့် ဇာတိရခဲ့လျှင် ဘာဇာတိရရ ဒုက္ခသစ္စာဖြစ်လေသောကြောင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဤမျှ ပြင်ဆင်ဟောတော်မူခဲ့သည်ဟူ၍ ရိပ်မိကြလျှင် ဤတရားစာအုပ် ဘတ်ကျိုး နပ်ကြပေလိမ့်မည်။

ဗုဒ္ဓမြတ်စွာသည် ဗြဟ္မာပြည်သို့ ရောက်၍ ကမ္ဘာပေါင်း ၈၄၀၀၀-အသက်ရှည်ကြသော ရာမ၏သား ဥဒကအားဇင်း၊ ကမ္ဘာပေါင်း ၆၀၀၀၀-အသက်ရှည်သော ကာလာမ၏သား အဠာရအားဇင်း၊ အရှုံးကြီးရှုံးလေစ့၊ အရှုံးကြီးရှုံးလေစ့....ဟူ၍ မြတ်စွာဘုရားသခင် ကရုဏာတော်နှင့် ဓမ္မသံဝေဂဖြင့် ညည်းညူတော်မူလေသည်။

ဤသည်ကို ထောက်၍ ဇင်း၊ "ဇာတိပိ ဒုက္ခာ" ဟူ၍ ဟောတော် မူသော တရားတော်များကို ထောက်၍ ဇင်း၊ မည်သည့်ဇာတိကိုရသည်ဖြစ်စေ ဇာတိရပါက ခန္ဓာရမည်ဖြစ်ရာ

“ပဥ္စုပါဒါနက္ခန္ဓာပိဒုက္ခာ” ဟူ၍ တဖန် ဟောတော် မူသည်ကို ထောက်၍ငင်း၊ စက္ခဝတေးမင်းဇာတိကို ဖြစ်စေ၊ သိကြားမင်း ဇာတိကိုဖြစ်စေ၊ ဗြဟ္မာမင်းဇာတိကိုဖြစ်စေမည်သည့်ဇာတိ ကိုပင်ရရ “ဇာတိပစ္စယာ ဇရာမရဏာ” ဟူ၍ လာသည့်အတိုင်း ဇာတိရပါက ဇရာမရဏာကို ရမည်မှာ မုချဖြစ်သည်၊ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် ရှေးမူတွဲကိုပယ်ပြီး ဇာတိချုပ်ငြိမ်း ရာဖြစ်သော နိဗ္ဗာန်ကိုသာ တောင်းတ၍ လွှကြ- တန်းကြပါ ဟူ၍ ပြင်ပေးတော်မူခြင်းဖြစ်သည်။

ရှင်သာရိပုတ္တရာကိုယ်တော်ကြီးအား ရဟန်းတပါးကသုခန့်ဒုက္ခ ဟောတော်မူပါဘုရား....ဟု လျှောက်ထားရာ နောက်တဖန် ဖြစ်ခြင်းသည်ဒုက္ခ၊ နောက်တဖန် မဖြစ်ခြင်းသည်သုခဟူ၍ ဟော တော်မူသည်။

တဖန် ဖြစ်ခြင်းသည် ဇာတိပင်ဖြစ်ရာ တဖန်ဖြစ်လျှင် ဒုက္ခဟု ဆိုသောကြောင့် ဇာတိသည်သည်ပင် ဒုက္ခဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ဇာတိ,ပစ္စယာ,ဇရာမရဏာ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပယာသာ သမ္ဘဝန္တိဆိုသော ကြောင့် ဇာတိရလျှင် အို,နာ,သေနှင့်တကွ စိုးရိမ်ခြင်း၊ ပူဆွေး ခြင်း၊ ငိုကြွေးမည်တမ်း၍ ပင်ပန်းခြင်း၊ နှလုံးမသာယာခြင်း၊ ဆင်းရဲခြင်း၊ သက်ကြီးရွယ်ကင်ပင်ပန်းခြင်းတို့ ဖြစ်ပွားကုန်၏ဟူ၍ အဓိပ္ပါယ်ရှိသည်။

ကျွန်ုပ်တို့သည် မည်သူမျှ အို,နာ,သေကို မလိုချင်ကြပေ၊ သို့ရာတွင် နောင်ဘဝကို လှမ်း၍ အို,နာ,သေကို ဆုတောင်းကြ

ပြန်သည်။ ဤသို့ ဆုတောင်းသော်လည်း တောင်းမှုန်းမသိပေ၊ ဆိုသည်မှာ နှုတ်ဖြင့် ဖွင့်ဟ၍ အို,နာ,သေကို ဆုမတောင်းသော်လည်း စုတေမနေ သေသောအခါ၌ နတ်ဖြစ်ရ ကောင်းနိုးနိုး၊ သိကြားမင်းဖြစ်ရကောင်းနိုးနိုး ဆိုသော မိမိ၏ တောင်းတမှုကို မသိဘဲ တောင်းတလျက် ရှိကြသည်သာ များ၏၊ စဉ်းစားကြပါကုန်၊ မိမိကိုယ်ကိုမိမိ ဝေဘန်ကြပါကုန်၊ ပေါ်ပါလိမ့်မည်၊ မည်သူမျှ ဖြစ်လေရာဘဝများ၌ ဆင်းရဲခြင်းကို အလိုမရှိကုန်၊ ထိုစကားသည် မှန်၏။

ကောင်းမှုပြုလျှင် ကောင်းကျိုး ရမည် အမှန် ဖြစ်သည်၊ (ဘုရားဟော) ကောင်းမှုပြုသူသည် ဆုတောင်းသည် ဖြစ်စေ-မတောင်းသည်ဖြစ်စေ ကောင်းကျိုးရမည်မှာ မုချပင်၊ ဥပမာ အားဖြင့် နှမ်းအားလုံး ဆုံထဲတွင် ထည့်၍ကြိတ်ပါက ဆုတောင်းသည်ဖြစ်စေ-မတောင်းသည်ဖြစ်စေ ဆီထွက်ရမည် အမှန်ပင် ဖြစ်သည်၊ ကျောက်စရစ်ခဲကို ဆုံတွင်ထည့်၍ ဆီထွက်ပါစေသတည်းဟု၍ မည်မျှပင် အာပေါက်အောင် ဆုတောင်းသော်လည်း ဆီ မည်သည့်အခါမှ ထွက်မည်မဟုတ်ချေ၊ ထို့ကြောင့် ကုသိုလ်ကောင်းမှု ပြုသူသည် ဆုတောင်းသည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ အကျိုးပေးမြဲပင်ဟု တထစ်ချ ယုံကြည်နိုင်သည်။

သို့ရာတွင် ယခုဘဝ ခန္ဓာကြီးရ,ထားသည်မှာ ဇာတိကြောင့် ဖြစ်ရာ ဇာတိသည်လည်း ဒုက္ခသစ္စာ၊ ခန္ဓာသည်လည်း ဒုက္ခသစ္စာပင်ဖြစ်ရကား ရပြီးသား ဒုက္ခသစ္စာ လက်ရှိဖြစ်ပါလျက် နောက်ဒုက္ခတခု ထပ်၍ ဆုတောင်းခြင်းသည် သင့်မသင့်-လျော်

မလျော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက တကာတကာမ များအား အသိဉာဏ်ရရှိသဘောပေါက်ကြရန် ပြင်ဆင်နိုင်သမျှ ပြင်ဆင် ဟောပြတော်မူခဲ့သည်။

ခန္ဓာငါးပါးကို ဒုက္ခသစ္စာဟူ၍ နားမလည်, လည်အောင် ဆရာတော်ဘုရားကြီးသည် အပင်ပန်းခံ၍ ပြသတော်မူခဲ့သည်၊ တဖန် ဒုက္ခသစ္စာဟု နားလည်သဘောပေါက်ရန် အပင်ပန်းခံ၍ သင်ကြားပြသတော်မူပြန်သည်၊ ဒုက္ခသစ္စာကို လက်ဝယ် ရရှိပြီး ထားသူသည် နောက်တဖန် ဒုက္ခသစ္စာကိုထပ်၍ ဆုတောင်းယူ ခြင်းသည် လူလိမ္မာခေါ်မလား- လူမိုက်ဟုခေါ်မလားဟူ၍ပင် တကာတကာမ အရင်းများအား နာကြည်းအောင် ပြောဟော တော်မူခဲ့သည်။

ဤသို့ နာကြည်းအောင် ပြောတော်မူခြင်းမှာလည်း ဖြစ်စဉ်ကိုက် ဟောတော်မူခြင်းဖြစ်ရာ ဆရာတော်ကြီးသည် မိမိအကျိုး လုံးဝမပါ၊ တကာတကာမတွေအား ကရုဏာကြီးကျန်း၍သာ ဤမျှ ဒုက္ခခံ၍ အပင်ပန်းခံ၍ ဟောတော်မူခြင်း ဖြစ်ရာ ဤမျှ အပင်ပန်းခံပြီး ဟောကြားတော်မူသော တရားတော်များကို နားမလည်,လည်အောင် ဘတ်ကြပါရန် အထူး တိုက်တွန်းအပ်ပါသည်။

ဗုဒ္ဓဘာသာဝင်ဟူ၍ အခေါ်ခံနေသူတိုင်း ဒုက္ခကို ဒုက္ခမှန်း သိကြဘို့အရေး အလွန်ကြီးပါသည်၊ ဤစကားသည် မှန်ပါသည်၊ ထိုမျှမကသေး ဒုက္ခဖြစ်ကြောင်းကိုလည်း ထို့နည်းတူ သိဘို့အရေးကြီးသည်၊ ဒုက္ခကို ဒုက္ခမှန်း မသိကြ၍ ဒုက္ခကိုပင် သုခထင်ပြီး တဖန် ဆုတောင်းယူနေခြင်းဖြစ်သည် ဆိုရပေမည်။

ဒုက္ခဖြစ်ကြောင်းကိုလည်း ဒုက္ခဖြစ်ကြောင်းမှန်းမသိ၍ ဘဝတဏှာဖြင့် ဆုတောင်းပြီး လှူတန်းနေကြခြင်းဖြစ်ပါသည်၊ ဒါန ပြုခြင်းသည် ကုသိုလ်ကောင်းမှု ဖြစ်သည်၊ ထို ဒါနကြောင့် ဘုံဘဝကို ဆုတောင်းယူခြင်းဖြစ်သည်၊ တဏှာဖြစ်သည်၊ ထို့ကြောင့် အကုသိုလ်ခေါ်သည်၊အဖြူကံ-အမဲကံ ရောနှောခြင်းဖြစ်သည်၊ အကျိုးပေးပါက ဘုံဘဝတောင်းတလှူလျှင် ဘုံဘဝကို ရမည်ဖြစ်ရာ သံသရာစခန်းသတ် မဖြစ်နိုင်တော့ချေ၊ သံသရာဖြတ်ဖြစ်သော ဝိပဿနာအလုပ်- မလုပ်ဘဲ နေပါကသံသရာ ရှည်မည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာ ပုဉ္ဇဏ္ဍန်းပေါ်လာခြင်းသည် သတ္တဝါများကို သံသရာတည်းဟူသော ဝဲဩဃမှထုတ်၍ ဟိုမှာဘက်ကမ်းတည်းဟူသော နိဗ္ဗာန်သောင်ကမ်းကို ပို့ဆောင်ခြင်းငှါသာ ပုဉ္ဇတော် မှုလာရာ လူ့စည်းစိမ်ကလေး,နတ်စည်းစိမ်ကလေး, ဗြဟ္မာစည်းစိမ်ကလေးလောက်မျှကို ပို့ပေးနိုင်အောင် ပုဉ္ဇဏ္ဍန်းပေါ်လာရခြင်းမဟုတ်ရကား သာသနာတော်နှင့် ကြုံလာတုန်း၊ သဒ္ဓါတရားရှိတုန်း၊ သူတော်ကောင်းတရား နာကြားဆည်းကပ်ခြင်း၊ ဖြစ်ပျက်နှင့် မဂ်ကိုက်အောင်ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ကိုလုပ်ခြင်းစသော အလုပ်များကို အသေမဦးခင် ဉာဏ်ကဦးအောင် ကြိုးစားကြပါကုန်ဟူ၍ နှိုးဆော်တိုက်တွန်းအပ်ပါသတည်း။

ဦးသံဒိုင် (ဥက္ကဋ္ဌ)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းငန်းစဉ်

ပြန့်ပွားရေးအဖွဲ့ချုပ်၊

ရန်ကုန်မြို့။

ဓာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁။ ဝေဒနာခေါ်ရာကိုအသွားမလဲ့စေနဲ့ ဝေဒနာနုပဿနာ တရားတော် ၁
၂။ ဒိဋ္ဌိအလေးဓာတ်ကြီးပါသွားယင် သံသရာမှာမြုတ်ကြရဦးမည့်တရားတော်.... ၅၈
၃။ ငရဲရေသောက်မြစ်ပြုတ်ရေးတရားတော်.... ၉၆
၄။ သက္ကာယအပေါ်၌ဒိဋ္ဌိပြုတ်တဲ့တရား သက္ကာယဋ္ဌ မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိသို့နေ့အလုပ်ပေးတရားတော် ၁၂၇
၅။ စိတ္တာနုပဿနာ(အခြေခံ)၆-၁၀-၆၁ ၁၅၆
၆။ ကိုယ့်ကိုယ်ကို ပဋိစ္စသမုပ္ပါဒ်နဲ့ဆုံးမနည်း ၁၈၃
၇။ အလုပ်လုပ်လျှင်မင်္ဂလာနေပုံသစ္စာဒေသနာတော် ၂၂၆
၈။ မှားသောအကျင့်နှင့် မှန်သောအကျင့် ကျင့်ကြသူများ လက်တွေ့ဝိပဿနာ ၂၇၁
၉။ ဇဝေဒနာခွာပြီး အနိစ္စတွေ့အောင်ရှု သေခါနီးဝေဒနာခွာပုံများ ၃၁၇
၁၀။ ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံ ၃၆၇
၁၁။ ပဋိစ္စသမုပ္ပါဒ်အဝိုင်းစက်ရဟတ်လည်ပုံ ၄၁၉
၁၂။ အဓိပတိ သုံးပါးထား၍ တရားအားထုတ်ပါ။ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကိုသာဝိပဿနာရှုပါ ၄၆၃

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား မိုးကုတ်မြို့၌ ဟောကြားတော်မူသော

ဝေဒနာခေါ်ရာကို အသွားမလွဲစေနဲ့

ဝေဒနာနုပဿနာတရားတော်

ပဋိစ္စသမုပ္ပါဒ်ကို တကာ တကာမတွေ.... ပဋိလောမ-ဆိုတဲ့ သဘောနဲ့ ပြန်ပြီး ဟောနေတာသည် အမှားပေါ်အောင်လို့ ဟောနေတယ်လို့ မောင်နိုင်-မောင်ဘမို့တို့ မှတ်ရမယ်....(မှန်ပါ့) ဒါကို မပြောလို့ရှိယင် အမှားဟာ မသိဘူး၊ ကိုယ့်ဟာကိုယ် မှန်တယ်ဘဲ ထင်နေသေးတာဘဲ....(မှန်ပါ့)။

အဲဒါကြောင့်.... ပဋိစ္စသမုပ္ပါဒ် အဆုံးကနေပြီး သကာလ.... တကာတကာမတွေ စ,ပြပြီးတော့မှ ဝိပဿနာရှုပြီးသကာလၔင်း ပဋိစ္စသမုပ္ပါဒ်ဖြစ်ရမယ် ဆိုတဲ့ဥစ္စာ ပေါ်လာပြီ....(မှန်ပါ့)။

တကာ တကာမတွေ အိုသေဆိုတဲ့ ဒီဘက်က နှစ်ခု ပြထား တယ်၊ ဒီဘက်နှစ်ခုဟာ ဘာပါလိမ့်....(အိုသေပါဘုရား) ပါဠိ လိုတော့ ဇရာ, မရဏပေါ့လေ....(မှန်ပါ့)။

အဲဒီ....ဇရာ မရဏက တကာ တကာမတွေမှာ အခု လက်ရှိ လား၊ လက်မဲ့လားလို့ မေးယင် ဘယ့်နှယ်ပြောကြမလဲ....(လက် ရှိပါဘုရား)။

လက်ရှိဖြစ်ပြီးသကာလနေတယ်ဆိုတာ အားလုံး သိပြီးသား ဖြစ်နေတော့ ဒီနှစ်ခုဟာလဲ သစ္စာအားဖြင့် ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

သစ္စာအားဖြင့်လဲ ဒုက္ခသစ္စာ ဖြစ်နေတယ်ဆိုတာ ရှင်းနေတော့ ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ ဘာရ,ရပါလို့၏.... တွေ့ကြုံရပါလို့၏....လို့ ဆုတောင်းကောင်း, မတောင်းကောင်း အခုကတည်းက ဝေဘန်ကြည့်ပါ .... (မတောင်းကောင်းပါဘုရား)။

ဘာ့ကြောင့်တုံး... လို့ အမေးထုတ်ခဲ့သော် ဒုက္ခသစ္စာနှစ်ခု ဖြစ်နေသောကြောင့်ဝင်း၊ ဇရာလဲ ဒုက္ခသစ္စာ၊ အိုမှဆိုတာ ကိုယ် ကိုယ်တိုင်လဲ မအိုချင်တဲ့စိတ်ထားက လူတိုင်း ရှိကြပါလိမ့်မယ်၊ ကိုယ်-ကိုယ်တိုင် မသေချင်တဲ့စိတ်ထားကလဲ လူတိုင်း ရှိကြပါလိမ့်မယ်။

အဲဒါကြောင့် ဒီဇရာ,မရဏဆိုတဲ့ တရားနှစ်ခု ပဋိစ္စသမုပ္ပါဒ် အဆုံး, ဒီနှစ်ခုသည်ကားလို့ ဆိုယင် ဆုတောင်းချ မယူကောင်း သောတရား၊ တောင်းခဲ့သော ဒီပုဂ္ဂိုလ်သည် အကန်းမို့ တောင်း တာဘဲလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ဇရာ,မရဏ တွေ့ရပါလို့၏လို့ တောင်းခဲ့သော် ဘယ်လိုလုပ် ဆိုကြမလဲ....(အကန်းပါဘုရား) အဲ.... အကန်းမို့ တောင်းတာ၊ ဗာလပုထုဇဉ်လူမိုက်မို့ တောင်းတာလို့ ဆိုတာကို ရဲရဲတင်းတင်း အခု တကာ တကာမတွေ့ ဆိုနိုင်ကြပလား .... (ဆိုနိုင်ပါတယ် ဘုရား)။

ဩော်....ဇရာ, မရဏတွေ့မျှား ဆုတောင်းယူတဲ့ ပုဂ္ဂိုလ်မျှား ဟာဖြင့် ဒုက္ခသစ္စာ မသိရှာလို့ဘဲလို့ ကိုခင်လှ- ဆိုနိုင်မလား.... (ဆိုနိုင်ပါတယ်ဘုရား)။

တောင်းကောင်း- မတောင်းကောင်း.... (မတောင်းကောင်း ပါဘုရား)။

ဒုက္ခသစ္စာဆိုတာ တကာ တကာမတို့ ပိုင်းခြားထားပြီး သကာလ မင်းဟာမင်း နေရစ်ပါကွာ-လို့ ပြောရမှာနော်.... (မှန်ပါဘုရား)။

ဒုက္ခသစ္စာ ဒီနောက် မလိုက်ဘဲနဲ့ မင်းဟာမင်း နေရစ်လို့ ဒီလိုပိုင်းခြားပြီးသကာလ ထားခဲ့ရမှာကို ဘုန်းကြီးတို့ တချို့ မသိတဲ့ တကာ တကာမတွေက လူပျိုပျိုရွယ်ရွယ်ကလေး ဖြစ်ရ ပါလို့၏ဆိုယင် လူအိုက နေမှာမဟုတ်ပါဘူး....(မှန်ပါ) နေပါ့ မလား....(မနေပါဘုရား)။

လူပျိုဖြစ်ရပါလို့၏.... ဆိုယင် လူအို လိုက်လာမယ်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား) လူသေ လိုက်လာမယ် ဆိုတာကော....(သဘောကျပါပြီ) အဲဒါ ဘာသစ္စာတွေတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ပျိုနေတာ၊ သူ့သဘောကတော့ဖြင့် အိုဘက် သွားနေတယ်၊ သေဘက်သွားနေတယ်ဆိုတာ ငြင်းစရာမရှိအောင် မှန်ပါဘယ်လို့ ဆိုးဖြတ်ချက်ချပါ....(မှန်ပါဘုရာ)း။

အဲဒီ ဇရာမရဏသည် ဘုန်းကြီးတို့ တကာ တကာမတွေဘဲ စဉ်းစားကြပါတော့၊ လာစရာအကြောင်းမရှိဘဲနဲ့တော့ မလာ

တန်ဆိုတဲ့ အိမ်မှာ ဧည့်သည်ရောက်လို့ရှိယင် လာစရာအကြောင်း ရှိလို့ သူလာသလို၊ သူဘယ်ကလာပါလိမ့်မတုံးဆိုတဲ့ လက်သည် အကြောင်းတော့ ရှာဘို့ကောင်းတယ်....(မှန်ပါ့)။

ကောင်းတဲ့အခါကျလို့ ရှိယင်ဖြင့် တကာ တကာမတို့ လက်သည်ရှာယင် ဇာတိဘဲတွေ့မယ်.... (မှန်ပါ့) လက်သည်ရှာယင် ဘာတွေ့မလဲ....(ဇာတိဘဲတွေ့ပါမယ်ဘုရား)။

ဒါကြောင့် ဘုရားက ဇာတိပစ္စယာ-ဘယ့်နှယ်ဟောသလဲ.... (ဇရာ မရဏပါဘုရား) ဇာတိ ပစ္စယာ-ဇရာ မရဏလို့ ကိုစောမောင်တို့ ဆိုသားတော့ ဩ....ဇာတိရှိလို့ ဇရာ မရဏ လာတာကိုး... (မှန်ပါဘုရား)။

ဇာတိအကြောင်း မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) ဇရာ မရဏက-(အကျိုးပါဘုရား) အကျိုးဖြစ်နေတော့ ဒါဖြင့် ဇရာ မရဏသာ ဆုံမတောင်းကောင်းတာ မဟုတ်သေးပါဘူး၊ ဇာတိကိုလဲ မတောင်းကောင်းပါဘူး... (မှန်ပါ့) သတ္တဝါကြပလား.. (ပါ-ပါပြီဘုရား)။

ဇာတိကိုကော ... (မတောင်းကောင်းပါဘုရား) ဘာ့ကြောင့်တုံးလို့ ဆိုယင်ဖြင့် ဇာတိဆိုလို့ ရှိယင် ဇရာ မရဏ လုပ်မည့် လက်သည် တယောက်ဘဲလို့ ကိုစောမောင်တို့ ပြောလို့ ရှိယင် ငြင်းနေဘို့ မလိုတော့ဘူး....(မလိုပါဘုရား)။

မလိုတော့ ဘုန်းကြီးတို့ တကာ တကာမတွေ့သည် ဇာတိကြောင့် ဇရာ မရဏဖြစ်နေတာ အထင်အရှား ဖြစ်ပြီးသကာလ

နေတော့ အင်း....ဒီဥစ္စာသည်ကားလို့ဆိုယင် ဇာတိတောင်းယင် ဇရာ မရဏ လိုက်လာမှာဘဲနော်....(မှန်ပါ့ဘုရား)။

ပဋိသန္ဓေ နေမှုတောင်းတဲ့ ပုဂ္ဂိုလ်သည် အိုမှု, သေမှုကိုဖြင့် ရှောင်လွဲလို့ လွတ်ကင်းစရာအကြောင်းမရှိဘူး....(မှန်ပါ့) ရှိပါ မလား....(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဇရာ မရဏနဲ့ ဇာတိ ဘယ်ဟာ ကြောက်စရာကောင်းသတုံး .... (ဇာတိ ကြောက်စရာကောင်း ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ အကြောင်းဖြစ်နေလို့....(မှန်ပါ့) အကြောင်းဆိုတာ အကျိုးကိုဖြင့် ပေးတော့မှာဘဲဆိုတာ မှန် နေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ.... ဒီဇာတိကို တကာ တကာမတွေက တခါ ဘယ်ကလာသတုံး၊ ဇာတိ-ဘယ်ကလာပါလိမ့်မတုံးလို့ တကာ တကာမတွေက လက်သည်ရှာလိုက်လို့ရှိယင်ဖြင့် တွေ့မှာဘဲ။

ဇာတိဟာ ကံလုပ်တဲ့ပုဂ္ဂိုလ်ကလာတာ.... (မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား) ဇာတိက ဘာတုံး .... (ကံလုပ်တဲ့ ပုဂ္ဂိုလ်က လာတာပါဘုရား)။

ဒါ့ကြောင့် ပါဋိတော်သာ ရွတ်ကြပေတော့၊ ခင်ဗျားတို့ ဘယ့်နှယ်တဲ့တုံး၊ ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)။

ဟော....ဒါဘုန်းကြီးကပြောတာမဟုတ်ပါဘူး၊ သူ့ဖြစ်စဉ် အတိုင်း ဓမ္မသဘောကို ဒီဟာတွေ ဘုရားက နာမည်တပ်ပေး တာ....(မှန်ပါ့ဘုရား)။

ဖြစ်စဉ်ကို နာမည်တပ်ပေးတာ ဘုရားမပွင့်လဲ သတ္တဝါတွေမှာ ဒီပဋိစ္စအမှုပါဒ်အတိုင်း သွားနေကြတော့ ဘုရားပွင့်လာတော့ နာမည်တပ်ပေးတာသာရှိတယ်လို့ ကိုစံလှတို့-ကိုစောမောင်တို့ မှတ်ရမယ်....(မှန်ပါ့) ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကံလုပ်တဲ့ပုဂ္ဂိုလ် ဘာရမလဲ .... (ဇာတိ ရုပါမယ် ဘုရား)။

ဒါဖြင့် ဘုန်းကြီးက ပြောလိုက်တယ်၊ မင်းတို့ ကံမလုပ်ကြနဲ့ ဆိုလို့ ရှိယင် တကာတကာမတွေဟာ *ဆက်နေမှာစိုးတဲ့အတွက် ကံမလုပ်ပါနဲ့၊ ဉာဏ်လုပ်ပါလို့ သွင်းလိုက်တယ်နော်....(မှန်ပါ့ ဘုရား)။

ဥပမာမယ် ဒါနပေးလိုက်တယ်၊ ဒုက္ခဝဋ်မှ ကျွတ်တဲ့နိဗ္ဗာန် ရောက်ရပါလို့၏ဆိုယင် ဒီကံသည် တကာတကာမတို့ ဉာဏ်ဦးစီးတယ်....(မှန်ပါ့ဘုရား)။

ဒုက္ခဝဋ်မှ ကျွတ်မှ ကျွတ်ရပါလို့၏ ဆိုတော့ ဒုက္ခမြင်တာကံလား၊ ဉာဏ်လား....(ဉာဏ်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ မနေ့က ပြောခဲ့တယ်၊ ကံအမိ, ကံအဖ-ဖြုတ်ပြီး ဉာဏ်အမိ, ဉာဏ်အဖကလေး ဒီနေရာ တပ်လိုက်လို့ ရှိယင် ကိုစောမောင်- ပြီးသွားတယ်....(မှန်ပါ့) မပြီးဘူးလား....(ပြီးပါတယ်ဘုရား)။

---

* ဝဋ္ဋဒါနမလုပ်ဘဲ ဝိဝဋ္ဋဒါနလုပ်ပါဟု ဆိုသည်။

လှုကြ, ပေးကြ, ကမ်းကြပေါ့ဗျာ....(မှန်ပါ့) သို့သော်.... ဉာဏ်အမိ, ဉာဏ်အဖကို ဒုက္ခမြင်တဲ့ လှုဒါန်း ပေးကမ်းခဲ့သည် ရှိသော် ဇာတိ ဒုက္ခသစ္စာ ရပါ့မလား....(မရပါဘုရား)။

ဇရာ မရဏ ဒုက္ခသစ္စာကော....(မရပါဘုရား)ဒါဖြင့် ဇာတိ ဇရာ မရဏ ဒုက္ခသစ္စာ လွှတ်တယ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင် ပါတယ်ဘုရား)။

ဒါက ဝိပါကဝဋ်....တဲ့၊ ဝိပါကဝဋ် ဆိုတာ ဟောဒီ အကြောင်းကြောင့် ဟောဒီအကျိုးတွေ့လာတာ၊ အကျိုးဆိုတာ ဝိပါက၊ သဘောကျပလား....(ကျပါပြီဘုရား) ဒီဝိပါကဝဋ် ကိုစောမောင်-ကျတ်-မကျတ်....(ကျတ်ပါတယ်ဘုရား)။

ဒါဖြင့် မလှုနဲ့၊ မပေးနဲ့၊ မကမ်းနဲ့ဆိုတာလား၊ ဉာဏ်ဦးစီး လိုက်လို့ ဆိုတာလား.... (ဉာဏ်ဦးစီးလိုက်လို့ ဆိုတာပါဘုရား)။

ဉာဏ်ဦးစီးလိုက်တဲ့အခါကျတော့ကို အနာဂတ်ဘဝဖြစ်တဲ့ ဒီသုံးခုဟာ အနာဂတ်ဘဝဘဲ....(မှန်ပါ့) အနာဂတ်ဘဝဖြစ်တဲ့ ဇာတိ ဇရာ မရဏ ချုပ်ရာကိုသာလျှင် ရချင်တဲ့ဆန္ဒ ပြင်းပြပြီး လုပ်လို့ရှိယင် ခန္ဓာကိုယ် ပေါင်နှံပြီး သကာလ လှုပါ....တဲ့၊ ကျေးဇူးများပါတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

ထောင်ကျချင်လို့ မလုပ်နဲ့၊ ထောင်ထွက်ချင်လို့ ငွေထိုးယင် ကောင်းတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငွေထိုးတဲ့ပုဂ္ဂိုလ်မှာလဲ တကာတကာမတို့ အမျိုးမျိုး ရှိတယ် နော်....၊ ထောင်ကျချင်လို့ ငွေထိုးတဲ့ပုဂ္ဂိုလ်ကျတော့ မောင်နိုင်

မောင်ဘမိုတို့က ဘယ့်နယ် အမှုသယ်ပါလိမ့်မတုံး၊ ကိုယ်ထောင်ကျဘို့ ကိုယ်ငွေထိုးရတယ်။

ကျုပ်ကို ထောင်ချဖြစ်အောင် ခုပါလို့ ငွေထိုးတဲ့အမှုသည် ကျတော့ တကာ တကာမတွေ့ ဘယ်လိုဆို့ကြမလဲ....(လူမိုက်ပါဘုရား)။

ကိုစောမောင်.... (မှန်ပါ့- လူမိုက်ပါဘုရား) ထောင်လွှတ်ချင်လို့ ငွေထိုးခဲ့သော် လူလိမ်မာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ထောင်ကျချင်လို့ ငွေထိုးခဲ့သော်....(လူမိုက်ပါ) ထောင်လွှတ်ချင်လို့ ငွေထိုးခဲ့သော်....(လူလိမ်မာပါဘုရား)။

ဒီမှာလဲ တကာတကာမတို့ ထောင်လွှတ်ချင်လို့ ခင်ဗျားတို့ အလှူအတန်းတွေဆိုတာ ငွေကုန်ကျတာပေါ့၊သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ထောင်လွှတ်ချင်လို့ ငွေထိုးလို့ရှိယင်ဖြင့် ဇာတိထောင်၊ ဇရာမရဏထောင်၊ ဗျာတိတ်တို့ သောကပရိဒေဝထောင်ကြီးထဲ ကျစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီတော့ တူပေမဲ့လဲ ငွေထိုးတာနဲ့ အတူတူပါဘဲ....တဲ့ တကာတကာမတို့၊ ထောင်လွှတ်ချင်လို့ ငွေထိုးယင် လူလိမ်မာ (မှန်ပါ့) ဒါဆိုထိုက်-မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

လောကဖြစ်စဉ်လဲ ဒီအတိုင်းလို့ မပြောနိုင်ကြဘူးလား.... (ပြောနိုင်ပါတယ်ဘုရား) ဒီမှာလဲ လှူကြ, ပေးကြ, ကမ်းကြ၊

ဇာတိထောင်၊ ဇရာ မရဏထောင် ကျအောင်တော့ ကိုစောမောင်-ဒီအလုံမပေးနဲ့....(မှန်၊)့) ဇာတိထောင်၊ ဇရာ မရဏထောင်မှ လွတ်တဲ့အလုံမျိုးကျတော့....(ပေးပါဘုရား)။

ဒါဖြင့် ဇာတိကို ဒုက္ခသစ္စာမှန်း၊ ဇရာကို ဒုက္ခသစ္စာမှန်း၊ မရဏကို ဒုက္ခသစ္စာမှန်းသိတဲ့ပုဂ္ဂိုလ်မှာလဲ ထောင်လွတ်တဲ့အလုပ် လုပ်မှာကိုးဗျ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ထောင်လွတ်တဲ့အလုပ်· လုပ်တဲ့ပုဂ္ဂိုလ်က သစ္စာသိတဲ့ပုဂ္ဂိုလ်မှ လုပ်တာ ကိုစံလှ....(မှန်ပါ့) သစ္စာမသိတဲ့ပုဂ္ဂိုလ်က....(မလုပ်ပါဘုရား)။

ဒီထောင်ဘဲကျချင်တယ်၊ နောက်ဘဝ လူဖြစ်ရပါလို့၏.... ဆိုတော့ ဒီဇာတိ ဖြစ်ရပါလို့၏၊ ဒီဇရာ, ဒီမရဏ ဖြစ်ရပါလို့၏ ဆိုတော့ တကာတကာမတို့ ဒါတွေဟာ ထောင်ကြီးသပ်သပ်ဘဲ ဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ကိုစံလှတို့- ကိုစောမောင်တို့ သစ္စာမသိတဲ့ပုဂ္ဂိုလ် လူမှု တန်းမှဟာဖြင့် ထောင်ကျဘို့ ငွေထုံးတဲ့ပုဂ္ဂိုလ်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘာမသိတဲ့ပုဂ္ဂိုလ်ပါလိမ့် .... (သစ္စာမသိတဲ့ပုဂ္ဂိုလ်ပါဘုရား) အ....သစ္စာမသိတဲ့ပုဂ္ဂိုလ် လူမှုပေးမှုကမ်းမှလုပ်ခဲ့သောလောက ပုံပြင်မှာ ဘယ်သူနဲ့ တူသတုံး ဆိုလို့ရှိယင်ဖြင့် ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ကိုယ်ထောင်ကျချင်လို့ ဘာလုပ်တာတုံး.... (ငွေးထိုးတာပါဘုရား) ကောင်းကြသေးရဲ့လား....(မကောင်းပါဘုရား)။

ဒါ ဝဋ်ဆုတောင်းတဲ့ပုဂ္ဂိုလ်၊ ဟာဒီဝဋ်သုံးခု ဆုတောင်းတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ထောင်ကျချင်လို့ ငွေထိုးတာနဲ့ အထူးတူဘဲ.... (မှန်ပါဘုရား)။

မှန်မှန်ပြောလို့ ရှိယင်ဖြင့် ဒါဟာ ဦးဘကလေး- ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား) ဘာသစ္စာတုံးသာ အကဲခတ်လိုက်တော့၊ ဘာမှငြင်းမနေနဲ့တော့၊ ဒီသုံးခု ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ကြည့်-ဓမ္မစကြာသွားကြည့်လဲ ဇာတိပီဒုက္ခာ၊ ဇရာပီဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ ဆိုတာ ဘုရားအဆူဆူ မစ္ဆန့်တဲ့ တရားပါဘဲ....တဲ့၊ ဒုက္ခသစ္စာ၌ ဒုက္ခသစ္စာချည့်ပြောတာဘဲ၊ ကိုစံလှ- ငြင်းနေဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် လူဇာတိလဲ....(ဒုက္ခသစ္စာပါဘုရား) နတ်ဇာတိကော (ဒုက္ခသစ္စာပါဘုရား) ဗြဟ္မာဇာတိကော.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒုက္ခမရောက်အောင် လူ့ပြည်ရောက်ကြောင်း၊ နတ်ပြည်ရောက်ကြောင်း၊ ဗြဟ္မာ့ပြည်ရောက်ကြောင်း လုပ်တဲ့ပုဂ္ဂိုလ်မျှားသည် ဒုက္ခရောက်ချင်လို့ လုပ်တာ- (မှန်ပါဘုရား)။

ဒါ ဘယ်သူမှ မပြောဘဲနဲ့ မှန်နေတဲ့ စကားဘဲလို့ ဆိုယင် မောင်နှိုင်- မောင်ဘမို့တို့ ငြင်းဘို့ လိုသေးသလား .... (မလိုပါဘုရား) ဝေါကြပလား....(ပေါပါပြီဘုရား)။

ဒါဖြင့်အားလုံး တကာတကာမတွေ ပြင်ဘို့ဆင်ဘို့သည်ကား လို့ ဆိုယင်လ္လဒါန်းပေးကမ်းတိုင်း၊ တရားဓမ္မကြို့စားတိုင်းတကာ တကာမတို့သည် ဒီဒုက္ခသစ္စာမှ လွတ်ချင်ကျွတ်ချင်လို့ လ္လဒါန်း ပေးကမ်းမှသာလျှင် ဒုက္ခကျွတ်မှာဘဲ ကိုစောမောင်ရ....(မှန်ပါ့ ဘုရား)။

ဒုက္ခရချင်လို့ လုပ်ခဲ့သော် ရမှာဘဲ၊ ဒုက္ခဘဲပြန်ရမယ်ဆိုတာ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒီကံသည် နှစ်မျိုးရှိတယ်ဆိုတာကော သဘော ကျပလား....(ကျပါပြီဘုရား) ဉာဏ်ဦးစီးတဲ့ကံ၊ တဏှာဦးစီးတဲ့ ကံ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်ကံကို ရှောင်ရမှာတုံး....(တဏှာဦးစီးတဲ့ကံကို ရှောင်ရ မှာပါဘုရား) ဉာဏ်ဦးစီးတဲ့ကံကို ဆောင်ရမယ် .... (မှန်ပါ့ ဘုရား)။

ဒါကလေး ပြင်ဘို့တော့ ကိုစောမောင်တို့ ဝန်လေးစရာ မလိုပါဘူး....(မလိုပါဘုရား) မောင်နိုင်· မောင်ဘမို့တို့ကော· (မလိုပါဘုရား)။

မလိုဘူးက္ခ.... ငွေထိုးပြီး ထောင်ကျခံတာတော့ ဒီ့ထက် မိုက်တာ မရှိဘူးမင်းတို့ဘဲ တွေးကြပါတော့....တဲ့၊ ရှာတွေ့စရာ ရှိသေးသလား.... (မရှိပါဘုရား) ကိုစံလှရေ ....(မရှိပါဘုရား)။

ဒီနေရာမှာ ကံလုပ်တဲ့အခါမှာ ကိုစံလှ·အတော်ငွေကုန်တယ် (မှန်ပါ့)အတော်ချိုးခြံပြီး လုပ်ကြရတယ်ဆိုတာကော သဘော ပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီမှာ လုပ်လဲ လုပ်ရသေးတယ်၊ ဇာတိ, ဇရာ, မရဏ ထောင်ထဲလဲ ကျရသေးတယ်ဆိုတော့ ဩဿော်.... ဒါဖြင့် အင်မတန်ဆိုးဝါးတဲ့ လူမိုက်တို့၏လမ်းဘဲလို့ ဆိုလို့ရှိယင်လဲ မငြင်းကြပါနဲ့တော့....(မှန်ပါ့) ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား)။

ဘယ်သူတို့၏ သွားရာလမ်းပါလိမ့် .... (လူမိုက်တို့၏ သွားရာလမ်းပါဘုရား)လူမိုက်တို့၏သွားရာလမ်းဆိုတာ ကောင်းကောင်းကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ နေရာကျပြီ ဆရာဘုန်းကြီးသည် အထွဋ်အထိပ်ဖြစ်တဲ့ ဒုက္ခဝဋ်မှကျတ်တဲ့ အလှမျိုးအတန်းမျိုးကိုသာလျှင် တကာ တကာမတွေ ကြိုးစားကြပါဆိုတာ တိုက်တွန်းတယ်နော်....(မှန်ပါဘုရား)။

ဒုက္ခရောက်မဲ့ငဲ့ထိုး-ထောင်ကျအလုပ်ကိုဖြင့် ကိုစောမောင်တို့ရှောင်ပါ-ကြဉ်ပါဆိုတာ အထပ်ထပ်သတိပေးတယ်....(မှန်ပါ့) ရှင်းကြပလား တကာတကာမတို့....(ရှင်းပါပြီဘုရား)။

တဏှာဦးစိုးတဲ့ကံကိုဖြင့်....(ရှောင်ရပါမယ်)ဥာဏ်ဦးစိုးတဲ့ကံကို....(ဆောင်ရပါမယ်) အဲဒီတော့ ဉာဏ်ဦးစိုးယင် ဒီကံက ဉာဏ်နောက်လိုက်ရမယ် .... (မှန်ပါ့) တဏှာဦးစိုးလို့ ရှိယင် ဒီကံ့သည် တဏှာ့နောက်ကိုလိုက်ရတော့မယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဉာဏ်ဦးစိုးယင် ဒီကံက.... (ဉာဏ်နောက် လိုက်ရပါမယ်) ဉာဏ်နောက်လိုက်တော့ သူက နောက်လိုက်ဖြစ်နေတော့ သူလုပ်

ချင်တာလုပ်လို့ရသေးရဲ့လား.... (မရပါ) တဏှာဦးစီးတဲ့ ကံကျ
တော့ တဏှာကို သူကျော်လွန်ထွက်နိုင်ရဲ့လား....(မထွက်နိုင်ပါ)
မထွက်နိုင်တော့ တဏှာခိုင်းသလို ကံလက်သမားသည် ခန္ဓာ
အိမ်တွေ မဆောက်ရပေဘူးလား.... (ဆောက်ရပါတယ်ဘုရား)
ကိုစောမောင် တယ်ကြောက်စရာ ကောင်းသဗျာ .... (မှန်ပါ
ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီနေ့ပြောတာသည် ဝိပဿနာ
မပြောသေးဘဲနဲ့ ခင်ဗျားတို့၏ မိုက်မှုဟာဒီအပြစ်ရှိတယ်၊လိမ်မာ
မှုဟာ ဒီအပြစ်လွတ်တယ်ဆိုတာ ဝေဘန်ပြောတုံးဘဲ.... (မှန်ပါ)
သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

မိုက်မှုဟာ ဒီအပြစ်သင့်တယ်၊ လိမ်မာမှုဟာ ဒီအပြစ်လွတ်
တယ်၊ ထောင်ကျလွတ်နဲ့ ထောင်ကျမလွတ်ကို ရှင်းပြနေတယ်
(မှန်ပါ) ကောင်းကောင်းကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ကံလာတယ်ဆိုတော့
ကံကြောင့် ဇာတိဖြစ်ရတယ် ဆိုတာတော့ ဒါသေချာပြီနော်....
(သေချာပါပြီဘုရား)။

ကောင်းပြီ....ဒီကံကဘယ်ကလာပါလိမ့်မတုံး မေးကြဦး ....
(ဥပါဒါန်ကလာပါတယ်) သြော်....ဥပါဒါန်ဆိုတာ တကာ
တကာမတို့ ယခုဘဝ ယခုခန္ဓာကိုယ်လဲ စုံလမ်းတာ ဥပါဒါန်ဘဲ
(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

နောက်ခန္ဓာတွဲ စုံလမ်းတာကော....(ဥပါဒါန်ပါဘုရား)
နောက်ခန္ဓာတွ မျိုချင်တာကော....(ဥပါဒါန်ပါဘုရား)။

ဩော်....ဒါဖြင့် ဒီကံဟာကိုစောမောင် ဥပါဒါန်ကိုမကျော်နိုင်တော့ဘူး....(မကျော်နိုပါဘုရား) ကျော်နိုင်သေးရဲ့လား....(မကျော်နိုင်ပါဘုရား)။

ဥပါဒါနပစ္စယာ ကမ္မဘဝေါကိုး....(မှန်ပါ့) ငါ့ကြောင့် ဖြစ်တာ ငါကြိုက်သလိုစီမံက၊ မပြောပေဘူးလား....(ပြောပါတယ်ဘုရား) ဥပါဒါန်တည်းဟူသော ကံကြောင့် မင်း ကံဖြစ်ရတာ၊ မင်းဟာ ငါမွေးတဲ့သား၊ ဖခင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ငါ့ဆေး လိုက်နာရမယ်ဆိုတော့ ဥပါဒါန်ဆေးကို ကံလိုက်နာတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်သူ့ဆေးကို ဘယ်သူကလိုက်နာသတုံး....(ဥပါဒါန် ဆေးကို ကံကလိုက်နာပါတယ်) အဲ့....ဥပါဒါန်ဆေးကို ကံကလိုက်နေရတယ် ဆိုတာလဲ ပဋိစ္စသမုပ္ပါဒ်ရတဲ့ ပုဂ္ဂိုလ်အပေါင်းဖြင့် ဒါ ငြင်းဘို့မလိုဘူး ကိုစောမောင် ငြင်းချင်သေးသလား....(မငြင်းချင်ပါဘုရား) ဘယ်သူ့ဆေး လိုက်နေသတုံး....(ဥပါဒါန်ဆေး သူလိုက်နေပါတယ်ဘုရား)။

အဲ့....ဥပါဒါန်ဆိုတာက နောက်ဘဝ စွဲလမ်းတာလဲ ကာမုပါဒါန်၊ သဘောကျပလား....(ကျပါပြီ) အဲဒီတော့ နောက်ဘဝစွဲလမ်းတဲ့ ကာမုပါဒါန် နောက်ဘဝ လူကောင်း နတ်ကောင်းဖြစ်ချင်တဲ့ ကာမုပါဒါန်က စွဲလမ်းခြင်းကြောင့် ဖြစ်ရတဲ့ကံသည် ကိုစံလှ ဘယ်နည်းမှ ဥပါဒါန်၏သဘောကို မလိုက်လျောဘဲ မနေနိုင်တော့ဘူး....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ကိုစောမောင်တို့ မောင်နိုင်တို့ ဩော် .... ဒီလိုပြော လိုက်တော့မှ ဩော် .... ကံပေမဲ့လဲ တဏှာ ဦးစီးနေတယ်ဆိုတာ တဏှာ ဥပါဒါန်ရောလျက် ဦးစီးမနေဘူးလား .... (စီးပါတယ် ဘုရား)။

ဒါဖြင့် ခုနင်က ပြောတဲ့အတိုင်း မောင်နိုင်၊ မောင်ဘမို့တို့က ကျေနပ်ပလား....(ကျေနပ်ပါပြီ) ဉာဏ်ဦးစီးတဲ့ ကံလို့ဆိုမလား (မဆိုနိုင်ပါဘုရား) ကိုစောမောင် ဘယ်သူဦးစီးသလဲ....(တဏှာ ဦးစီးပါတယ်ဘုရား)။

အဲ....တဏှာဦးစီးတဲ့ ကံဆိုတော့ တဏှာနဲ့ ဥပါဒါန်ကတော့ အနုနဲ့အရင့် ကွာခြားခြင်းကြောင့် တဏှာပါဘဲ .... (မှန်ပါ) ကောင်းကောင်း ကျေနပ်ကြပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဆိုတာမျှားငြင်းနေဘို့လိုသေးသလား....(မလိုပါဘုရား)ငြင်းလို့ ရှိယင်လဲ ခင်ဗျားတို့ အင်မတန်မှားမယ်တဲ့၊ ဘာ့ကြောင့်တုံး ဆိုတော့ ဒီလမ်းမကြီးဟာ ကိုယ်သွားနေတဲ့ လမ်းကြီးကိုပင်လျှင် ကိုယ်မသိလို့ ငြင်းတာဘဲ၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ် ဘုရား)။

ကဲ .... ဒါဖြင့် တကာတကာမတို့ ရှေ့တဆင့်တက်ပါဦးတဲ့၊ ဒီ ဥပါဒါန် ဘယ်ကလာသတုံးဆိုတော့ အို....တဏှာကလေးက တဏှာကြီးဖြစ်တာ....(မှန်ပါ့)။

လိုချင်ကလေးက လိုချင်ကြီးဖြစ်တာ ထူးသေးရဲ့လား .... (မထူးပါဘုရား) တဏှာနဲ့ ဥပါန်ဆိုတာ လောဘချင်းဘဲမဟုတ်လား....(မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ တဏှာကလာတယ် ဆိုတာ သဘောကျပလား....(ကျပါပြီ) ဒါဖြင့် တဏှာဿဇာကို ဥပါဒါန်က ခံရတယ်....(မှန်ပါဘုရား)။

ဥပါဒါန်ဿဇာကို....(ကံကခံရပါတယ်) ကံဿဇာကို ဟောဒီဇာတိက ခံပေတော့ ကံအမိ, ကံအဖစိမ်သလို ခံပေတော့၊ မင်းကိုးလခဲ့ ဆယ်လလောက် အငတ်အပြတ် နေတော့ကွာဆိုတော့ ဒီကံက စိမ်တော့ ဒီကောင်ကလေးဟာ အမိဝမ်းခေါင်းထဲမှာ ကိုးလခဲ့ ဆယ်လ အငတ်အပြတ်နဲ့မနေရဘူးလား .... (နေရပါတယ်ဘုရား) ဘယ်သူစိမ်တာတုံး....(ကံစိမ်တာပါဘုရား)။

ကံကလဲ တကာတကာမတို့ သူ့သဘောနဲ့ စိမ်တာလား၊ သူ့အထက်က အရှင်သခင်တို့ သဘောနဲ့ စိမ်တာလား .... (သူ့အထက်က အရှင်သခင်တို့ သဘောအတိုင်းစိမ်တာပါဘုရား)။

အဲ .... တဏှာ, ဥပါဒါန်အရှင်သခင်တွေ ဿဇာအာဏာကို မလွန်ဆန်နိုင်တာနဲ့ ကိုစောမောင် ကံသည်ကားလို့ဆိုလို့ရှိယင် ဖြင့် လုပ်ရရှာတယ်....(မှန်ပါ) သဘောကျပလား .... (ကျပါပြီဘုရား)။

ဟ.... ချောက်ထဲ တွန်းချလိုက်ပါလို့ ဒီနှစ်ခုကဿဇာပေးတော့ကံကတခါတည်း ဇာတိချောက်ထဲ တွန်းချတယ်....(မှန်ပါဘုရား)။

ဇရာချောက်ကော....(ထွန်းချပါတယ်) မရဏချောက်ကော (တွန်းချပါတယ်) ကောင်းကောင်း သဘောပါကြပလား .... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေဟာ ဒီလိုဆရာကောင်း သမားကောင်း တွေ့တုန်းမှ ဒီဥစ္စာမဖျက်တော့ပါဘူးဆိုလို့ရှိယင် ငွေထိုး ထောင်ကျချည့် ကျဦးတော့မှာဘဲ (မှန်ပါ့) ကိုစံလှ ဘယ့်နှယ်ဆိုမလဲ....(ငွေထိုးထောင်ကျပါဘုရား)သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ကံပေါ်မှာဘယ်သူချယ်လှယ်နေတယ်ဆိုတာ သဘောပါပလား.... (ပါ-ပါပြီ) တဏှာ, ဥပါဒါန်က....(ချယ်လှယ်နေပါတယ်ဘုရား)။

တဏှာ, ဥပါဒါန်က ကုသလာဓမ္မာလား....အကုသလာဓမ္မာလား....(အကုသလာဓမ္မာပါဘုရား) ဒါဖြင့် အကုသလာဓမ္မာဆိုတဲ့ မကောင်းတဲ့တရားက အုပ်ချုပ်ပြီးသကာလ နေတော့ မကောင်းတဲ့ကံကိုဘဲ ကဲ....မောင်နိုင်၊ မောင်ဘမို့တို့ကလဲ ဆိုကြပေတော့....(မှန်ပါ့ဘုရား)။

သူ့အထက်ဆရာကြီးက လူယုတ်မာနှစ်ယောက်ကိုး (မှန်ပါ့) လူယုတ်မာ လက်အောက်ခံဆိုတော့ အင်း .... သူလဲယုတ်မာတာဘဲ....(မှန်ပါ့) ဆိုနိုင်၊ မဆိုနိုင်....(ဆိုနိုင်ပါတယ်) ကဲ.... ကောင်းကောင်းကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ဒုက္ခသစ္စာမြင်တဲ့ပုဂ္ဂိုလ်လုပ်ဘဲ့ အလုပ်မှာဘဲ ဉာဏ်ဦးစီးတော့တယ်....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

ဒုက္ခမသိတဲ့ ပုဂ္ဂိုလ်ကဖြင့် လုပ်ချင်တာလုပ်နေတာဘဲ ဉာဏ်ဦးစီးသေးရဲ့လား....(မစီးပါ) ဉာဏ်ဦးမစီးတော့ ဉာဏ်ဇနရာမှာ

ဘယ်သူဝင်နေသတုံး ဆိုတော့ တဏှာ, ဥပါဒါန်ဝင်နေတယ်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် နောက်ဆုတ် လက်သည်ကိုလိုက်လိုက်-လိုက်လိုက်ဖမ်း လိုက်တဲ့အခါ တဏှာ ဥပါဒါန်ဘဲ တွေ့တာဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

နောက်ဆုတ်လိုက်-လိုက်တဲ့အခါကျတော့ ဘာတွေ့သလဲ.... (တဏှာ ဥပါဒါန် တွေ့ပါတယ်) အေး....တဏှာ, ဥပါဒါန်ဘဲ တွေ့နေတယ်ဆိုသဖြင့် ကျေနပ်ကြပါတော့....တဲ့၊ ဒီလက်သည်မှ တပါး အမိုက်ဆုံးလက်သည်ဖြင့် ရှာမတွေ့တော့ပါဘူးဆိုတာ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ အလုပ်ပြကြပါစို့၊ ဒီနှစ်ခုကို ခင်ဗျားတို့က သစ္စာဖဲလိုက်တော့ကို သမုဒယသစ္စာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဟာတွေ ဖြစ်ကြောင်းကိုးက၊ ဒါဖြင့် သူ့ကိုဘာဆိုကြမလဲ (သမုဒယသစ္စာပါဘုရား) ဒီလေးခုက....(ဒုက္ခသစ္စာပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သမုဒယသစ္စာ မပယ်ဘဲနဲ့ ကိုစောမောင် ဒီဒုက္ခသစ္စာတွေ့တော့ ဘယ်နည်းမှ ဝဋ်မကျတ်ဘူး....(မှန်ပါ့)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

သမုဒယသစ္စာ မပယ်ဘဲနဲ့ ဒီဒုက္ခသစ္စာလေးချက်ကိုတော့ဖြင့် ကိုစံလှ မငြင်းမဆန် ခံရတော့မယ်....(မှန်ပါ့)ကျုပ်တို့ငင်ဗျားတို့ ကြုံရတော့မယ်....(မှန်ပါ့) မကြုံပါနဲ့ဆိုလို့ရမှာလား.... (မရပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီသမုဒယသစ္စာကို ဘုရားကပယ်ရမည့်တရားတဲ့၊ သဘောကျပလား .... (ကျပါပြီ) ဒုက္ခသစ္စာကို နောက်ထပ်မတွေ့အောင် လုပ်ရမည့်တရား....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

သမုဒယတော့ ဘာတုံး....(ပါယ်ရပါမယ်)သမုဒယတော့ ပယ်ရမယ်၊ ဒုက္ခတော့ဖြင့် မင်းနေရစ်လို့ ထားခဲ့ရမယ်....(မှန်ပါ့ ဘုရား)။

သမုဒယတော့ သတ်ပစ်ရမယ် ကိုစောမောင်....(မှန်ပါ့) ဒုက္ခသစ္စာတော့ နေရစ်လို့ ထားခဲ့ရမယ်....(မှန်ပါ့)ကဲ....သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒုက္ခသစ္စာတော့ ဘာလုပ်ရမလဲ....(နေရစ်လို့ထားခဲ့ရပါမယ် ဘုရား) သမုဒယသစ္စာတော့....(ပယ်ရပါမယ်) အဲ....ပယ်ရမယ်၊ သတ်ကိုပစ်ရမယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ပယ်ရမည့်တရားကို ခင်ဗျားတို့က ခေါင်းဆောင်ထားတယ်၊ ဒုက္ခရောက်မည့်တရားတော့ ဟုတ်လား ပွေ့ ဖက်ပြီးသကာလ ခင်ဗျားတို့က သိမ်းဆည်း၊ ဒါရောက်နေတယ်....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဖယ်ရမည့်တရားတော့ ခေါင်းဆောင် တင်ထားတယ်၊ ဟုတ်လား- နေရစ်တော့ ဆိုရမည့်တရားတော့ လိုက်ခဲ့ပါခေါ်တယ်....(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာကျတော့ ခင်ဗျားတို့ကဘယ့်နှယ်တုံး....(လိုက်ခဲ့ပါ

ခေါ်ပါတယ်) လိုက်ခဲ့ပါ ကျုပ်နဲ့အတူတူနေရအောင် ဆိုတဲ့ သဘောမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားက ဒုက္ခသစ္စာပိုင်းခြားပစ်ခဲ့ဆိုတာ ခင်ဗျား ကန့်လန့်လုပ်တာဘဲ....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဘယ့်နှယ်လုပ်ကြတာလဲ....(ကန့်လန့်လုပ်ပါတယ်ဘုရား)။

သမုဒယသစ္စာ ပယ်ရမယ်ဆိုတဲ့ တရားကျတော့လဲ ခင်ဗျား တို့က လက်သတ်မှေးတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

သမုဒယသစ္စာတော့ ဘုရားကဘာတဲ့ .... (ပယ်ရပါမယ်) အဲဒါကျတော့ ဘယ့်နှယ်တုံး... (လက်သတ်မှေးပါတယ်ဘုရား)။

လက်သတ်မှေးတယ်ဆိုသဖြင့်သူ့ကိုလက်သတ်မှေးကတည်းက ခင်ဗျားတို့တော့ဖြင့် ဂြိုဟ်မှေးမိတာနဲ့ အတူတူဘဲ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဂြိုဟ်ဝင်တာဘဲဆိုတာ ရှင်းပ လား....(ရှင်းပါပြီဘုရား)။

လောဘကို ခေါင်းဆောင်ထားမိ၊ဥပါဒါန်ကိုခေါင်းဆောင် ထားမိကတည်းက ဒီဂြိုဟ်လောက်ကြီးတာ ရှိသေးရဲလား .... (မရှိပါဘုရား)။

ဒီဘဝမှာ ဂြိုဟ်ဝင်တယ်ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ ပစ္စည်းဆုံးရှုံးရုံနဲ့ လူမမာရုံဘဲရှိမှာဘဲ၊ သေတန်တာ သေရုံဘဲ ရှိမှာဘဲ....(မှန်ပါ့) ဘဝပေါင်းများစွာတော့ ဒုက္ခဓရောက်ဘူး (မှန်ပါ့)။

သူ့ကိုသာ လက်သတ်မွေးထားလို့ရှိယင် ဘဝပေါင်းများစွာ ဇာတိပေါင်း ရေတွက်နိုင်ပါ့မလား....(မရေတွက်နိုင်ပါ) ကိုစောမောင် ဇရာပေါင်း....(မရေတွက်နိုင်ပါဘုရား)။

မရဏပေါင်း .... (မရေတွက်နိုင်ပါ) ဘယ်သူ့ကို ကျုပ်တို့ လက်သတ်မွေးမိလို့ပါလိမ့်.... (တဏှာကိုပါဘုရား)ပယ်ရမည့် တရားကို ကျုပ်တို့ လက်သတ်မွေးမိလို့....(မှန်ပါ့ဘုရား)။

ထားပစ်ခဲ့ရမည့်တရားကို ကျုပ်တို့ကိုယ်ပိုင်လုပ်ရတယ်၊ သူ့ လက်သတ်မွေးမိတော့ ဒါကိုယ်ပိုင်ဖြစ်သွားတယ် .... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သမုဒယသစ္စာ လက်သတ်မွေးမိလို့ ဟုတ်လား၊ ဒုက္ခသစ္စာ ဘာဖြစ်ရသလဲ.... (ကိုယ်ပိုင် ဖြစ်ရပါတယ်) အံ့မာလေး....နာလိုက်တဲ့ဖြစ်ခြင်း၊ မနာဘူးလား တကာတကာမတို့ .... (နာပါတယ်ဘုရား)။

ဘယ်သူ့လက်သတ်မွေးမိသတုံး.... (သမုဒယလက်သတ်မွေးမိပါတယ်) သမုဒယ လက်သတ်မွေးမိတော့ ကျုပ်တို့ ကိုယ်ပိုင်ပစ္စည်း ဘာဖြစ်လာသတုံး....(ဒုက္ခဖြစ်လာပါတယ်) ဒါသေသေချာချာမှတ်ပါ တကာတကာမတို့....(မှန်လှပါဘုရား)။

သမုဒယသစ္စာ ဘာတုံး ... (လက်သတ်မွေးမိပါတယ်) လက်သတ်မွေးမိလို့ မောင်နိုင် လာလတံ့ ဒုက္ခတွေ ဘယ်သူပစ္စည်းဖြစ်မလဲ-(ကိုယ်ပိုင်ပစ္စည်းဖြစ်ပါတယ်) အဲဒါ တသံသရာလုံးဟာ ဒီအတိုင်းဖြစ်နေခဲ့တာဘဲ.... (မှန်ပါ့)ငြင်းကွဲမျှးလိုသေးသလား (မလိုပါဘုရား)။

တသံသရာလုံးဟာ တကာတကာမတို့ ဘယ်သူ့အဖေ၀ါလုပ်နေသတုံး....(ဒုက္ခသစ္စာအဖေ၀ါလုပ်နေပါတယ်) အဲ....ဒုက္ခသစ္စာအဖေ၀ါလုပ်နေတယ်၊ ဘယ်သူ့ကို လက်သတ်မွေးပါလိမ့် .... (သမုဒယသစ္စာကို လက်သတ်မွေးပါတယ်)အဲ....ဒါဖြင့်....။

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသာရံ။
ဣဒ္ဓဘာဝံ ယထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ။

တခါတည်း ပါဠိတော်တော့မှာ ဘုရားကဟောတယ်၊ တဏှာကို အဖေ၀ါလုပ်နေတဲ့ပုဂ္ဂိုလ်မှာဖြင့် ဒုက္ခနှင့် ခဲမရတော့ဘူးကွ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာအဖေ၀ါလုပ်နေတဲ့ပုဂ္ဂိုလ်ဟာ....(ဒုက္ခနဲ့ မခဲရတော့ပါဘုရား) ဒုက္ခနဲ့ ခဲမရဘူးဆိုတာ ကောင်းကောင်း ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေဟာ ဒီတဏှာကို အဖေ၀ါမလုပ်မှသာလျှင် ဒုက္ခနဲ့ အိုးစားကဲ့မယ်လို့ ပြောလိုက်တယ်....(မှန်ပါ!) ကဲ....ဟောထိုက်- မဟောထိုက်.... (ဟောထိုက်ပါတယ်ဘုရား)။

ကောင်းပြီ.... ဒါဟာ ဘုန်းကြီးက ဟန်သာ ရှိကနေပြီး ပြပြီးသကာလ ထားတာပါ....တဲ့၊ တကာ တကာမတွေ၏ ဖြစ်စဉ်ကို နှစ်ပိုင်း-ပိုင်းပြောနေတာ....(မှန်ပါ!) သဘောကျပလား-(ကျပါပြီဘုရား)။

ကိုဇောမောင်-ဘယ်နှစ်ပိုင်း- ပိုင်းပြောရဲ့တာလဲ....(နှစ်ပိုင်း-ပိုင်းပြောနေတာပါဘုရား) ရှေ့ပိုင်းက သမုဒယသစ္စာ၊ နောက်

ပိုင်းက....(ဒုက္ခသစ္စာပါဘုရား) ဒါဘဲရှိတယ်၊ တကာတကာမတို့ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒီတဏှာ, ဥပါဒါန်ကို လက်သည်ရှာကြဦးစို့ ဆိုတော့ ဘယ်ကလာပါလိမ့်မလဲ.... ဆိုလို့ ရှိယင်လဲ တကာ တကာမတို့ ဝေဒနာကလာတယ်လို့ ခင်ဗျားတို့ လူတိုင်း ဖြေရမှာဘဲ....(မှန်ပါဘုရား)။

တဏှာ,ဥပါဒါန် ဘယ်ကလာသလဲ.... (ဝေဒနာက လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဝေဒနာပစ္စယာ တဏှာကိုး၊ ကိုစောမောင် ငြင်းဘိုလိုသေးသလား....(မလိုပါဘုရား) မလိုတော့ပါဘူး-တဲ့။ ဘုရားမပွင့်လဲ ဒီအတိုင်းမဟုတ်လား .... (မှန်ပါ) ဘုရားပွင့်လဲ မဖြတ်ကြယင် ဒီအတိုင်းပေါ့....(မှန်ပါဘုရား)။

အဲဒီတော့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်မှက အရေးကြီးတယ်....(မှန်ပါဘုရား)။

ဘုရားပွင့်ပေမဲ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်မဖြတ်ယင် ဒီအတိုင်း နေမှာဘဲ....(မှန်ပါ) ဘုရားသခင်ကိုယ်တော်မြတ်ကြီးတွေ ပွင့်သွားတာ လူတွေ ကုန်ပါတော့လား၊ မေးစရာကော မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ဘုရားက ဂင်္ဂါသဲမှုန့်နဲ့အမျှ ပွင့်သွားပြီဆိုတော့ လူတွေရော၊ နတ်တွေရော၊ သဲမှုန့်နဲ့စာမယ်ဆိုယင် ဘုရားတဆူဆူမှာ သတ္တဝါကုဋေရှစ်ဆယ်နဲ့ ဗိုလ်ခြေတသိန်း နောက်ဆုံးပိတ် မပါဘူးလား ဗျာ....(ပါ-ပါတယ်ဘုရား)။

ကုန်ပါတော့လားလို့ ခင်ဗျားတို့က မေးလို့ရှိယင် သူ့ပဋိစ္စသမုပ္ပါဒ်က တန်းလျက်ဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားပွင့်လဲ သူဖြတ်ရဲ့လား....(မဖြတ်ပါဘုရား)မဖြတ်တော့သူနဲ့ ဘုရားပွင့်တာနဲ့ ဘာဆိုင်သတုံး....(မဆိုင်ပါဘုရား)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားပွင့်လဲ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်မှုက ပိုအရေးကြီးတော့တယ်ဆိုတာ ပေါ်လာပြီလား....(ပေါ်ပါပြီဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားပွင့်ဘို့ တွေ့ချင်တာဟာ တကာ တကာမတို့ ခင်ဗျားတို့ တွေ့ချင်တာဟာ တခြားတော့မဟုတ်ပါဘူး၊ တရားနာချင်တာပါဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

တရားနာရုံသာ နာလို့သာဖြင့် ကိုစောမောင်-မပြီးသေးဘူး (မှန်ပါ့) ကိုယ့်ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့နည်း လိုချင်လို့ဆိုယင် သိပ်ကောင်းတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီဝေဒနာသည် တကာတကာမတို့ ဘာလုပ်ရမည့်တရားတုံးလို့ မေးလို့ရှိယင် ပွားရမည့်တရားဖြစ်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာအားကြီးတဲ့ပုဂ္ဂိုလ် ဝေဒနာရှုလို့ ပြောထားတဲ့ဥစ္စာဟုတ်မှ ဟုတ်ကဲ့လားလို့ ခင်ဗျားတို့ ငြင်းဘို့မလိုဘူး....(မှန်ပါ့) သူ့နောက်က ဘာလိုက်လေ့ရှိသတုံး .... (တဏှာ လိုက်လေ့ရှိပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ရာဂစရိုက်၊ လောဘစရိုက်ကြီးတဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာ နုပဿနာပေးဆိုတာများ ငြင်းဘို့လိုသေးသလား....(မလို ပါဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ သူ့ပဋိစ္စသမုပ္ပါဒ် ခင်ဗျားတို့ လုံ လောက်အောင် မပြဘူးလား.... (ပြပါတယ်ဘုရား) ဝေဒနာ နောက်က ဘာလိုက်လေ့ရှိသတုံး....(တဏှာလိုက်လေ့ရှိပါတယ် ဘုရား)။

ဒါဖြင့် ဝေဒနာနောက်က တဏှာလိုက်လေ့ ရှိပြီးသကာလ နေတာကလဲ ကမ္ဘာနဲ့မြေစာဆိုသလိုဘဲ မခဲတမ်း လိုက်တယ် ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲ....မခဲတမ်းလိုက်တာ သေချာတဲ့အတွက် တဏှာအားကြီး တဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာရှုမှသာလျှင် ပြတ်တော့မယ် ဆိုတာ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ဘယ်နှယ်ကြောင့်တုံးလို့ မောင်နိုင်-မောင်ဘမို့တို့က မေးချင် သေးသလား၊ မမေးနဲ့တော့ ဝေဒနာပစ္စယာ .... (တဏှာပါ ဘုရား)။

ဒါဖြင့် ဝေဒနာနုပဿနာဟာ ဘယ်လိုပုဂ္ဂိုလ် ရှုကောင်း သတုံးလို့ ဆိုတဲ့ဥစ္စာ ယနေ့ အဓိပ္ပါယ်ထွက်လာပြီ....(ထွက်လာ ပါပြီဘုရား) မထွက်လာသေးဘူးလား .... (ထွက်လာပါပြီ ဘုရား)။

တဏှာများတဲ့ပုဂ္ဂိုလ်၊ လောဘများတဲ့ပုဂ္ဂိုလ် ဘယ်ဟာ ရှုရ မတုံး....(ဝေဒနာရှုရပါမယ်ဘုရား) ဘယ်သူက ပြောသတုံးလို့ ဆိုတော့ သူ့ဖြစ်စဉ်ကပြောတယ်....(မှန်ပါဘုရား)။

ကိုစောမောင်-ဘယ်သူကပြောသတုံး....(သူ့ဖြစ်စဉ်က ပြော ပါတယ်ဘုရား)။

ကိုစောမောင် - ဘယ်သူက ပြောသတုံး .... (သူ့ဖြစ်စဉ်က ပြောပါတယ်ဘုရား)။

တကာတကာမတို့ သေချာပလား.... (သေချာပါပြီဘုရား) ဘယ်သူက ပြောတာတုံး.... (သူ့ဖြစ်စဉ်က ပြောပါတယ်ဘုရား) သူ့ဖြစ်စဉ်က ငြင်းလို့ရ၊ရဲလား.... (မရပါဘုရား) ဒီအတိုင်းမှ တပါး သူ....ဒီ့ပြင်လမ်းခဲ့ သွားသေးသလား.... (မခဲ့ပါဘုရား) ဝေဒနာမရှိတဲ့ပဋိလ် ဘာလာမယ်.... (တဏှာလာမယ်ဘုရား)။

ဒါဖြင့် ပစ္စည်းများများ၊ သားသမီးချစ်စရာများများ ပဋိလ်မှာ မောင်နိုင်, မောင်ဘမို့ ဘာပေးမှတော်ပါ့မတုံး....(ဝေဒနာပေးမှ တော်ပါမယ်ဘုရား) ဝေဒနာနုပဿနာပေး၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာပေးရမလဲ....(ဝေဒနာနုပဿနာပေးရပါမယ်ဘုရား)ဝေဒနာနုပဿနာပေးရမယ်ဆိုတဲ့ဥစ္စာက ကဲ....မောင်နိုင်, မောင်ဘမို့တို့ တရားတပဲ့လုံး တကာတကာမတွေဘဲ စဉ်းစားကြပါတော့တဲ့ တဏှာစရိုက်ရှိတဲ့ပဋိလ် ဝေဒနာပေးလို့ ဆိုတဲ့ဥစ္စာဟာ တပည့်တော်တို့ဖြင့် ဝေဒနာပေးလို့ ဆိုတဲ့ဥစ္စာဟာ တပည့်တော်တို့ဖြင့် ဝေဒနာနဲ့တော်မှတော်ပါ့မလားလို့ သံသယမရှိနဲ့(မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ) ကိုစောမောင် သံသယရှိသေးသလား....(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာ ဘယ်အချိန်ကင်းသတုံးလို့ ဘုန်းကြီးကဘဲ မေးပါရစေ တကာတကာမတို့.... (ဘယ်အချိန်မှ မကင်းပါဘုရား) ဘယ်အချိန်မှ မကင်းဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် တပည့်တော်တို့ ဘယ်အချိန်မှ မကင်းလို့ ရှိယင် ဘယ်အချိန်မဆို တပည့်တော်တို့သန္တာန်မှာ တကာတကာမတွေသန္တာန်မှာ ဝေဒနာသာ အကုန်ချုပ်ကြည့်စမ်း....ဆိုတော့ ဝေဒနာအကုန်ချုပ်ကြည့်စမ်း ကိုစောမောင် သုခလဲ မရှိတော့ဘူး၊ ဒုက္ခကော....(မရှိတော့ပါဘုရား) ဥပေက္ခာကော.... (မရှိတော့ပါဘုရား) မရှိတော့ ပုဂ္ဂိုလ်သန္တာဝါကို ပျောက်ထွက်သွားတယ်.... (မှန်ပါ့) အကုန်ပျောက်မယ်၊ မပျောက်ဘူးလား.... (ပျောက်ပါတယ်ဘုရား)။

တခါတလေ သုခနဲ့ အသက်ရှင်နေတာကိုး၊ တခါတလေကျတော့.... (ဒုက္ခနဲ့ အသက်ရှင်ပါတယ်ဘုရား) ဒီသုံးခုနဲ့လဲပြီး အသက်ရှင်နေတဲ့တရား ကိုစံလှ ရှိသေးသလား.... (မရှိပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီဝေဒနာတွေကို တကာတကာမတွေက ကုန်အောင် လိုက်မယ်ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတို့ သေသေချာချာ ခင်ဗျားတို့သည် ဝေဒနာကုန်လို့ ရှိယင်ဖြင့် ခန္ဓာဒုက္ခသစ္စာကုန်မှာဘဲ....(မှန်ပါဘုရား) မကုန်သေးဘူးလား.... (ကုန်ပါတယ်ဘုရား)။

ဝေဒနာကုန်ယင်.... (ခန္ဓာ ဒုက္ခသစ္စာကုန်ပါတယ်ဘုရား) ကိုစောမောင် ဒါ....သူမျှားပြောလား- ခင်ဗျားတို့ဖြစ်စဉ်ကိုက်လား.... (ဖြစ်စဉ်ကိုက်ပါဘုရား) အားလုံး တကာတကာမတွေ့ဘယ်လိုဆုံးဖြတ်ချက်ချကြမယ်....(ဖြစ်စဉ်ကိုက်ပါဘုရား) ဖြစ်စဉ်ကိုက်ဆိုတာ ပေါ်ပလား:....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ခန္ဓာကြီးဟာ ဘုရားက ဘာခန္ဓာလို့ဟောသတုံး (ဝေဒနာကွန္ဓာပါဘုရား) ဝေဒနကွန္ဓာ ဟာလိုက်တော့ကို ဘယ်အချိန်တုံး....လို့ မေးတော့လဲ အချိန်တိုင်း.... (မှန်ပါ့ဘုရား)။

သုခဝေဒနာ ရှိတဲ့အချိန်မှာ သုခဝေဒနာကွန္ဓာဘဲ၊ ဒုက္ခဝေဒနာရှိတဲ့ အခါမှာကော.... (ဒုက္ခဝေဒနာကွန္ဓာပါဘုရား) တခါတလေ ဥပေက္ခာဝေဒနာကွန္ဓာနဲ့ကော မရှိကြဘူးလား.... (ရှိပါတယ်ဘုရား) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ကိုစောမောင်တို့- ကိုစံလှတို့ ဘယ်အချိန် ဝေဒနာကင်းသတုံး....(မကင်းပါဘုရား) ဘယ်အချိန်မှ မကင်းလို့ရှိယင် ဖြင့် ဘယ်အချိန်မဆို ဘုန်းကြီးတို့ တကာတကာမတွေ့ ဝေဒနာက ဟိ= လာခဲ့ပါ၊ ပဿ=ရှုပါ .... ဆိုတာ ခေါ်မခေါ် .... (ခေါ်ပါတယ်ဘုရား) သို့သော်....ခင်ဗျားတို့ သွား-မသွား.... (မသွားပါဘုရား) ကိုစောမောင်- သွားရဲလား.... (မသွားပါဘုရား)။

ဘာဖြစ်လို့ ဒီ-တကာတကာမတွေ့ မသွားပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ကို ခင်ဗျားတို့ သွားတဲ့အခါ

ကျတော့ သွားပါတယ်....တဲ့၊ ကျောမှာ ယားတယ် ကိုစောမောင်၊ ကျောမှာ ဘာဝေဒနာ ပေါ်သတုံး.... (ဒုက္ခဝေဒနာ ပေါ်ပါတယ်ဘုရား) အဲဒီမှာ အယားပျောက်ချင်တဲ့ သဘော ဆိုတဲ့ တဏှာနဲ့တော့ သွားဖျောက်တယ်....(မှန်ပါ့) ဝေဒနာက ခေါ်လို့ သွားတာ....(မှန်ပါ့) ဝေဒနာက မခေါ်ယင်....(မသွားပါဘုရား) အင်း....တဏှာနဲ့ သွားတယ် ခင်ဗျားတို့ ညာဏ်နဲ့ မသွားဘူး....(မှန်ပါ့)။

ဒါဖြင့် "ဟိ ပဿ ကော...." ဆိုတဲ့ဥစ္စာသည် ခေါ်တယ် ဆိုတာ သေချာပလား....(သေချာပါပြီဘုရား) ဟိ=လာခဲ့ပါ၊ ပဿ=ရှုပါလို့၊ ကဲ....တကာတကာမတွေ့ ဘုရားဟောတော်မူတာ ကိုက်ပလား ...(ကိုက်ပါပြီဘုရား)။

ဥပမာ....ခြေထောက်မှာ အနာတွေ့ဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့ ခြေထောက်မှာဘဲ နာတာကလေးကို သွားပြီးသကာလ နှိပ်ကြတယ်-နယ်ကြတယ် ကိုယ့်ဟာကိုယ်လေ....(မှန်ပါ့)။

ကိုစောမောင် ဒါ....ညာဏ်နဲ့သွားတာလား....တဏှာနဲ့ သွားတာလား....(တဏှာနဲ့ သွားတာပါဘုရား) ဘယ်သူက ခေါ်လို့ တုံး .... (ဝေဒနာက ခေါ်ပါတယ်ဘုရား) ခေါ်ပေမဲ့ ခင်ဗျားတို့ အသွားလွဲနေတယ်....(မှန်ပါ့) ဘာနဲ့သွားသတုံး....(တဏှာနဲ့ သွားပါတယ်ဘုရား) သွားရမှာက ဘာနဲ့သွားရမှာတုံး-(ညာဏ်နဲ့ သွားရမှာပါဘုရား)။

အဲ....အခုတော့ဖြင့် ဝေဒနာ, ပစ္စယာ, တဏှာ ကျတော့ ခင်ဗျားတို့က သွားတဟ်တယ်၊ ဝေဒနာနဲ့ခေါ်တိုင်း, ခေါ်တိုင်း

တကာတကာမတို့ တဏှာနဲ့တော့....(သွားပါတယ်) တဏှာနဲ့ သွားတော့ ဝေဒနာ ပစ္စယာ တဏှာသာ ဖြစ်တယ်၊ သဘော ကျပလား....(ကျပါပြီ) ဘာဖြစ်သွားသတုံး....(ဝေဒနာ ပစ္စယာ တဏှာပါဘုရား)။

ဥာဏ်နဲ့သွားလိုက်တော့ ဝေဒနာ ပစ္စယာ ပညာလို့ ဒီကြားမှာ ဥာဏ်နဲ့ သွားလိုက်လို့ ရှိယင် တကာတကာမတို့ ဝေဒနာ ပစ္စယာ ပညာဖြစ်မယ်၊ ဝေဒနာခေါ်ရာကိုသွားကိုစောင်မောင် (မှန်ပါဘုရား) ဘာဖြစ်သွားမလဲ.... (ပညာဖြစ်သွားပါမယ် ဘုရား)။

အဲ....ဝေဒနာကလေးသည်ကားလို့ ဆိုယင် ဒါ-ဝေဒနာဘဲ၊ ဒါ-အနိစ္စဘဲလို့ သာ သွားကြည့်စမ်းပါ ဝေဒနာကတော့ ခေါ်မှာဘဲ....(မှန်ပါ) တဏှာလဲ သူခေါ်မှာဘဲ၊ ဥာဏ်ကိုကော....(ခေါ်မှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ တဏှာနဲ့ ဘာနဲ့ သွားရ မလဲ....(ဥာဏ်နဲ့သွားရပါမယ်ဘုရား)။

အဲ....တဏှာနဲ့တော့ သွားတတ်တယ်၊ ဥာဏ်နဲ့တော့ မသွားတတ်ဘူးဆိုတဲ့ဥစ္စာကလေးကို ဘုန်းကြီးများက သင်ပေးတာဘဲ (မှန်ပါ) ခင်ဗျားတို့ သွားနေကြလမ်းက....(တဏှာနဲ့ သွားပါတယ်ဘုရား)။

ဒီတခါ တဏှာနဲ့မသွားပါနဲ့၊ ဥာဏ်နဲ့ သွားပါလို့ ကိုစံလှ ဒါကလေးကို ပြင်ပေးတာဘဲ....(မှန်လှပါဘုရား)။

ဒါဖြင့် ဘုရားပြင်တာသည် တဏှာနဲ့ သွားနေကြတာကို ဥာဏ်နဲ့သွားဘို့ ဟောတော်မူဘို့ ပဋ္ဌာန်းလာတာ.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားပွင့်တော်မူတဲ့အဓိပ္ပါယ် သိပလား.... (သိပါပြီဘုရား) သတ္တဝါတွေ တဏှာနဲ့ သွားယင် ဒီချောက်ကျမယ်ဆိုတာ မြင်တော် မူတယ်၊ တဏှာ,ဥပါဒါန်,ကံ,ဇာတိ,ဇရာ,မရဏချောက် မကျပေဘူးလား....(ကျပါတယ်ဘုရား)။

ဉာဏ်နဲ့သွားပါလို့ ကိုယ်တော်မြတ်ကြီး ဟောချင် ပြောချင် လွန်းလို့ တကာတကာမတွေ ဘုရားအဖြစ်ကို မရ,ရအောင် ကြိုးစား လာတယ် ဆိုတာ သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့် ဘုရားက ဘာနဲ့သွားစေချင်သလဲ....(ဉာဏ်နဲ့ သွား စေချင်ပါတယ်ဘုရား) ခင်ဗျားတို့ ထုံးစံက ဘာနဲ့သွားနေသလဲ (တဏှာနဲ့သွားနေပါတယ်ဘုရား)။

အဲဒီတော့ကို ဘုရားပွင့်လာတဲ့ အဓိပ္ပါယ်လဲ ပေါ်ကြပြီ.... (ပေါ်ပါပြီဘုရား)။

ဘုရားသည်ကား....လို့ ဆိုယင် ဘယ်အသွားနဲ့ သွားဘို့ရာ ဘုရားအဖြစ်ကို ယူထားသတုံး၊ သတ္တဝါတွေကို ဟောချင်လို့ "လောကတ္ထစရိယံ" ဆိုတဲ့ လောကလူတွေအတွက် ကျင့်လာတယ် ဆိုတာလဲ တကာတကာမတွေကို ဉာဏ်နဲ့သွားပါလို့ ဟောချင် လွန်းလို့ ဘုရားအဖြစ်ကို ယူလာတာဆိုတာ သဘော ပါကြ ပလား.... (ပါ-ပါပြီဘုရား) ကိုစောမောင် ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်သန္တာန် ဘုရားပွင့်မပွင့်ဟာ ဖြင့် ဘုရားရှေ့ကထားလို့ ဘုရားပွင့်လာတာ မဟုတ်သေးဘူး.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

သူက ဉာဏ်နဲ့ သွားဆိုတဲ့နေရာမှာ ဉာဏ်နဲ့ သွားမှသာလျှင် တကာတကာမတွေ့ ဘာဖြစ်မလဲ.... (ဘုရားနဲ့ တွေ့ပါမယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ တနေ့ ဘယ်နှစ်ခါ ဘုရားနဲ့ တွေ့လဲလို့ ဆိုတော့ "ဟိ ပဿ ကော" ခေါ်ရာကို ဉာဏ်နဲ့ သွားမိလို့ ဟိ=လာခဲ့၊ ပဿ=ရှုပါလို့ ဆိုတဲ့အတိုင်း ဉာဏ်နဲ့ သွားဖြစ်လို့ ရှိယင် ခင်ဗျားတို့သန္တာန်မှာ ဘုရား တွေ့နေတာဘဲ (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာနဲ့သွားနေလို့ ရှိယင် ဘုရားကို မပွင့်ဘူး၊ ခင်ဗျားတို့ သန္တာန်မှာ ထုံးစံအတိုင်းနေတာဘဲ၊ ဘုရားဟောထားတာက တခြား၊ ခင်ဗျားတို့သွားနေတာကတဖုံ၊ ဒီ့အပြင် ဘာရှိသေးသတုံး....(မရှိပါဘုရား)။

ဒါဖြင့် ကိုယ့်သန္တာန် ဘုရားပွင့်-မပွင့် သိပြီလား....(သိပါပြီ ဘုရား) ဝဒနာ ပေါ်တိုင်း ပေါ်တိုင်း ဉာဏ်နဲ့သွားယင်.... (ဘုရားပွင့်ပါတယ်ဘုရား)။

ဝဒနာ ပေါ်တိုင်း ပေါ်တိုင်း တဏှာနဲ့ သွားနေယင်.... (ဘုရားမပွင့်ပါဘုရား) မပွင့်ပါဘူး....တဲ့၊ သံသရာခရီးသည်လုပ် လုပ်တာ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူ့အလုပ်- လုပ်ပါလိမ့် .... (သံသရာခရီးသည်အလုပ်- လုပ်ပါတယ်ဘုရား) သံသရာခရီးသည်ဆိုတာက ဘုရားမပွင့်လဲ သူ့လမ်းသူသွားနေတာဘဲ ကိုစောမောင်ရေ....(မှန်ပါဘုရား)။

ဒါဖြင့် ဘုရားပွင့်-မပွင့် ဘာနဲ့ခြိန်ကြပါ့မယ်၊ ဟိ ပဿ

ကော-လို့ တရားတွေကတော့ ခေါ်မယ်၊ ဝေဒနာသုံးမျိုးက ဘယ်အခါမဆို ခေါ်နေမှာဘဲ၊ သုခဝေဒနာကကော....(ခေါ်ပါတယ်ဘုရား)။

သုခဝေဒနာကလဲခေါ်တယ် တကာတကာမတို့၊ ခင်ဗျားတို့ ကြည့်ပါလား၊ သုခဝေဒနာက ခေါ်တာများ သေချာလိုက်တာ၊ ဥပမာ-မောင်နိုင်, မောင်ဘမို့တို့က အိုက်နေတယ်ဆိုကြပါစို့ကွာ-နော်....(မှန်ပါ့) အိုက်နေတဲ့အခါမှာ လေပြေ- လေညှင်းကလေး တိုက်တဲ့အခါကျတော့ကို.... ကျုပ်ဗျာ- အခုမှ နေကောင်းတယ်လို့ ပြောတော့ကို ဒီကျော လေတိုက်လို့ ရှိယင် ကျောမှာ အေးသွားတယ်၊ ရင်ကလေး အိုက်လို့ ရှိယင် ရင်မှာ အေးသွားတယ်ဆိုတာ အဒဒေအေးတဲ့ဆဘ ခင်ဗျားတို့တဏှာက ရောက်သွားလို့ သာလျှင် ကျုပ်ဖြင့် အခုမှ နေကောင်းသွားတယ်ဆိုတာ ပြောတာဗျ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေဒနာ ခေါ်-မခေါ်....(ခေါ်ပါတယ်ဘုရား)။

ကိုစောမောင်-သုခဝေဒနာကကော- (ခေါ်ပါတယ်ဘုရား)

ဒုက္ခဝေဒနာကကော....(ခေါ်ပါတယ်ဘုရား)။

ဒုက္ခဝေဒနာကလဲ အယားဖျောက်ပေးပါဦး၊ နှိပ်ပေးပါဦး၊ နင်းပေးပါဦး၊ မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

သုခဝေဒနာကလဲ ခေါ်တယ်ဆိုတော့ ဟိ=လာခဲ့၊ ပဿ=ရှုပါ၊ မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား) ခေါ်ပေမဲ့ ခင်ဗျားတို့က အသွားက လဲနေတယ်၊ ဘာနဲ့သွားနေသလဲ.... (တဏှာနဲ့သွားနေပါတယ်ဘုရား)။

ဘုရားပွင့်လာတာက ဘယ်အကျိုးငှာတုံး၊ ပညာတ်နဲ့ သွားဘို့ရာ ပွင့်လာတာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတွေက ကိုယ့်အသွားက မဟန်လို့ ပေါ့ဗျာ....(မှန်ပါ့) သာသနာပ သွား-သွားနေတယ်လို့ စဲချက် တင်လိုက်ယင်လဲ ကိုစောမောင်-မငြင်းပါနဲ့.... (မငြင်းပါဘုရား) သာသနာပ ဒီအတိုင်း သွားနေတာဘဲမဟုတ်လား .... (မှန်ပါ့) သာသနာတွင်းသွား ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

သာသနာတွင်းသွားဆိုတာက တကာတကာမတို့ ဝေဒနာက ခေါ်တယ်လို့ ဆိုလို့ရှိယင်ဖြင့် ကျုပ်ဟာ ဖြစ်ပါပြီ၊ ကျုပ်ဟာ ပျက်ပါပြီ၊ ခင်ဗျားကြည့်ပါဦး၊ မပြောဘူးလား .... (ပြောပါတယ်ဘုရား)။

ဟာ....မကြည့်ဘူး ခင်ဗျားတို့က ကြည့်လိုက်ယင်လဲ မဂ်ဖြစ်မှာဘဲ....(မှန်ပါ့ဘုရား)။

ကြည့်လိုက်ယင် ဘာဖြစ်မယ်....(မဂ်ဖြစ်ပါမယ်) မကြည့်ယင် ဘာဖြစ်မလဲ....(တဏှာဖြစ်ပါမယ်) မကြည့်ယင်တော့ တဏှာ တော့ တဏှာ မဟုတ်ဘူး၊ ကြည့်လျက်နဲ့ တဏှာဖြစ်တာ သူ့ ဟာက....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အယားပျောက်တယ်ဆိုတာ တကာတကာမတို့ ယားတာက ဒုက္ခဝေဒနာ ဟုတ်လား .... (မှန်ပါ့) ပျောက်စေချင်တာက တဏှာကိုး....(မှန်ပါ့)။

ဘာနဲ့သွားသတုံး.... (တဏှာနဲ့ သွားပါတယ်ဘုရား) ယားတာက ဒုက္ခဝေဒနာ၊ ပျောက်စေချင်တဲ့သဘောနဲ့ သွားတာ.... (တဏှာပါဘုရား)။

ဒါကြောင့် ဝေဒနာ ပစ္စယာ တဏှာဆိုတာဟာ တကာတကာမတို့ သူမျှားပြောလား၊ ကိုယ်နေ့တိုင်း အလုပ်-လုပ်နေတာလား....(ကိုယ်နေ့တိုင်း အလုပ်-လုပ်နေတာပါဘုရား)။

ဒါဖြင့် ဟေ့ ပဿဒ္ဓိကောထဲ သွင်းလိုက်ပါလား၊ ဟေ့=လာခဲ့ပါ၊ ပဿ = ကျုပ်ကို ကြည့်ပါဆိုတော့ ခင်ဗျားတို့ဟာ သွားတော့သွားတယ်၊ ကြည့်တော့ ကြည့်ခဲ့တယ်၊ တဏှာနဲ့ကြည့်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ဉာဏ်နဲ့ (မကြည့်ပါဘုရား)။

ဩော် .... ဒါကလေးတလုံး ထည့်လိုက်ရလို့ရှိယင် နိဗ္ဗာန်ရောက်မှာပါလားလို့ သာမှတ်ပါတော့....(မှန်ပါ့) ဟုတ်လား....(မှန်ပါဘုရား)။

တဏှာနဲ့သွားမည့်နေရာ ဘာနဲ့သွားလိုက်သတုံး .... (ဉာဏ်နဲ့သွားပါတယ်ဘုရား) တဏှာနဲ့သွားမည့်နေရာ ဉာဏ်နဲ့သွားလိုက်တော့ ဒီဝေဒနာကလေးဟာ သုခဖြစ်ဖြစ်၊ ဒုက္ခဖြစ်ဖြစ်၊ ဩော်-ဒါကလေးဟာ ဉာဏ်နဲ့ သွားလိုက်တဲ့အခါကျတော့ ပေါ်တာကလေးသိ၊ မောင်နိုင်တို့ ဟင်....(မှန်ပါ့)။

မရှိတာကော....(သိပါတယ်ဘုရား) ပေါ်တာလဲသိ၊ ပျက်တာလဲသိ· ဆိုတော့ သမုဒယဓမ္မာ နုပဿီဝါ၊ ဝယဓမ္မာ နုပဿီဝါ-ဆိုတဲ့အတိုင်း ဝေဒနာကို ရှုတော့တာပါဘဲ၊ မရှုဘဲ နေသေးရဲ့လား....(မနေပါဘုရား)။

အဲ....ဉာဏ်နဲ့သွားတဲ့အခါကျတော့ ဖြစ်တာနဲ့ ပျက်တာဘဲတွေ့တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာနဲ့ခေါ်လို့ တဏှာနဲ့ သွားတဲ့အခါကျတော့ အခုမှ အယားပျောက်သွားတယ်ဆိုပြီးသကာလ ယားလို့ပျောက်ချင်လို့ သွားတော့ တဏှာမနေဘူးလား....(နေပါတယ်ဘုရား)။

ပျောက်သွားတဲ့အခါကျတော့ နောက် ဒီလိုလုပ်မှာဘဲဆိုတဲ့ ဥပါဒါန်လိုက်လာတယ်....(မှန်ပါ့) မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား) သဘောပါပလား ...(ပါ-ပါပြီဘုရား)။

အင်း .. ဒါဖြင့် ဟိ ပဿဒ္ဓောဟာ တကာ တကာမတို့ကောင်းကောင်း သဘောကျပါတော့လို့ဆိုတာ ယနေ့ ပြော လိုက်တယ် ...(မှန်ပါ့) ကဲ ...ကိုစောမောင်- ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ခေါ်-မခေါ်....(ခေါ်ပါတယ်ဘုရား) စဉ်းစားကြည့်ပါ၊ ညကြီး မှောင်ကြီးထဲတောင် ခင်ဗျားတို့သည် ကိုယ့်လက်ကလေးနဲ့ ပေါင်ယားယင် ပေါင်ကုတ်တာဘဲ၊ ကျောယားယင် (ကျောကုတ်ပါတယ်ဘုရား) ခြေဖဝါးကယားယင်....(ခြေဖဝါးကုတ်ပါတယ်ဘုရား)။

ကဲ....ခေါ်လို့လား၊ မခေါ်ဘူးလား....(ခေါ်ဝံ့ပါဘုရား) ဘာနဲ့သွားနေကြသလဲ....(တဏှာနဲ့သွားပါတယ်ဘုရား) ဥာဏ်နဲ့ သွားလိုက်လို့ရှိယင်ဖြင့် ကကာ တကာမတို့ အနှိစ်တွေ့မယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာနဲ့သွားလို့ရှိယင် တကာ တကာမတို့သည်ကား....လို့ဆိုယင် ဝေဒနာ ပစ္စယာ တဏှာဆိုပြီး သံကာလ ခင်ဗျားတို့

ပဋိစ္စသမုပ္ပါဒ်တန်း ဒါဉာဏ်နဲ့သွားယင် ပြတ်မယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာနဲ့သွားယင် ဆက်မယ်....(မှန်ပါ)း

ဒါဖြင့် ခင်ဗျားတို့ ဒီအလုပ်ဟာ ဘုန်းကြီးက ပြောပေးတာ ကလေးဘဲ့ အာကူအညီပေးပါတယ်၊ သွားနေကျ လမ်းပါလို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

သွားနေကျလမ်းဟုတ်ကြပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)

ဝေဒနာခေါ်ရာကို့ ခင်ဗျားတို့ မသွားဘူးလား....(သွားပါတယ်ဘုရား)။

စဉ်းစားကြည့်ပါ။ ရန်ကုန်မှာ အရောင်းအဝယ် ကောင်းတယ်ဆိုတော့ ရန်ကုန်မပြေးကြဘူးလား....(ပြေးပါတယ်ဘုရား) ဝေဒနာခေါ်ရာ သေသေချာချာသွားတာ၊ မသွားဘူးလား....(သွားပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဟိုမှာ သံယောဇဉ်ကလေး ရှိတယ်ဆိုလို့ ရှိယင် သံယောဇဉ် ကလေး နေမကောင်းဘူး... လို့ ကြားလိုက်လို့ ရှိယင် နေမကောင်းတဲ့ ဒုက္ခဝေဒနာက ဒီကအမေမိဘတွေ့ အကုန် ခေါ်တော့တာဘဲ့....(မှန်ပါ့) မခေါ်ဘူးလား .... (ခေါ်ပါတယ်ဘုရား)။

ဟိုခလေးက လာခဲ့ပါလို့ ခေါ်တာလား၊ ဝေဒနာက ခေါ်တာလား....(ဝေဒနာက ခေါ်တာပါဘုရား)သဘောကျပလား (ကျပါပြီဘုရား)။

ဟိုမှာ ပျော်စရာ ပါးစရာတွေရှိသတဲ့၊ ဒါဖြင့် သွားဦးမှဘဲ ဆိုဘာလဲ သုခဝေဒနာကခေါ်တာ....(မှန်ပါ့) ကိုစောမောင်-မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် သူသည် ဟော်=လာခဲ့၊ ပဿ=ရှုပါလို့၊ ဝေဒနာမှာလဲ နှစ်ခု ရှိ-မရှိ....(ရှိပါတယ်ဘုရား) အဲဒါ အသွားမလဲ စေနဲ့လို့ ယနေ့ ရှင်းရှင်းလင်းလင်းပြောတယ်....(မှန်ပါ့)။

အသွားလဲယင်ဖြင့် တဏှာနဲ့သွားယင် နောက်က ညပါဒါန် လိုက်မယ်....(မှန်ပါ့) ကံနောက်ကလိုက်မယ်၊ မလိုက်ပေဘူးလား....(လိုက်ပါတယ်ဘုရား)။

ဇာတိကော....(လိုက်ပါတယ်) ဇရာ မရဏကော....(လိုက်ပါတယ်) သူခေါ်တဲ့ဆီကို ဉာဏ်နဲ့သွားလိုက်လို့ ရှိယင်ဖြင့် သူဘာဖြစ်နေသတုံး ကြည့်လိုက်တဲ့အခါကျတော့ သူဖြစ်ပြီး ပျက်သွား, သေတာတွေ့မှာဘဲ....(မှန်ပါ့) မတွေ့ပေဘူးလား....(တွေ့ပါတယ်ဘုရား)။

ဝေဒနာဖြစ်ပျက် မတွေ့ပေဘူးလား....(တွေ့ပါတယ်ဘုရား) တွေ့တာ ဘယ်သူနဲ့တွေ့သလဲ....(ဉာဏ်နဲ့တွေ့ပါတယ်) ကဲ....မဂ္ဂင်ငါးပါးနဲ့တွေ့တယ်၊ မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

မဂ္ဂင်ငါးပါးနဲ့ တွေ့တယ်ဆိုကဘည်းက ဒါဟာ ဘုရားဟောထားတဲ့အတိုင်း ခင်ဗျားတို့ ဘုရားပွင့်တဲ့အလုပ်-လုပ်တာလို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီကတည်းက ဘုရားပွင့်သည်နဲ့တပြိုင်နက်တည်း ကိုယ့်ဉာဏ်ဝင်လာသည်နဲ့ တပြိုင်နက်တည်း လာနေကျ ပဋိစ္စ သမုပ္ပါဒ်

တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကံချုပ် ဟင်....(မှန်ပါ့) နောက် အနာဂတ်ဘဝ ဇာတိ ဇရာ မရဏကော.... (ချုပ်သွားပါတယ် ဘုရား)။

ကိုစောမောင်- ဒါ သူများပြောလား....တဲ့၊ အတ္တအမှန်ဘဲ လား....(အတ္တအမှန်ပါဘုရား)။

အဲဒါကြောင့် တရားဟာက္ခာ.... နာတော့ နာခဲ့ရပါတယ်၊ ကောင်းလဲကောင်းပါတယ်ဆိုတာဟာ ခင်ဗျားတို့ဟာ ပြောသံကြားကောင်းတာ....(မှန်ပါ့) အခုဟာကတော့ ကိုယ့်ခန္ဓာထဲ ကိုယ်ဖျောက်ကြတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖျောက်ကြတာတုံး .... (ကိုယ့်ခန္ဓာထဲ ကိုယ်ဖျောက်ကြပါတယ်ဘုရား) ဒီဟေ့ ပဿဒ်ကောနဲ့ပြောလိုက်တော့ ပိုမပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အင်း....ဒုက္ခဝေဒနာကလဲ တကာတကာမတွေ့ ကိုယ့်သန္တာန်မှာ ကိုယ့်ဒုက္ခဝေဒနာကလဲ ကိုယ့်ခေါ်တာဘဲ....(မှန်ပါ့) ကိုယ့်သားသမီး ဒုက္ခဝေဒနာကကော....(ကိုယ့်ခေါ်ပါတယ်)။

သူတို့က ကျွေးချင် မွေးချင်လို့တဲ့၊ ကန်တော့ချင်လို့တဲ့၊ လာပါဦးဆိုတော့ ဟိုက သုခဝေဒနာကနေပြီး ဒီအမေ မိဘ ပင့်ယူတာဘဲ၊ မပင့်ဘူးလား....(ပင့်ပါတယ်ဘုရား)။

ပင့်တဲ့အခါကျတော့ ကိုစောမောင်တို့ ဘယ့်နှယ်နေကြသလဲ (သွားပါတယ်ဘုရား) ဘယ်သူပင့်တာတုံး....(ဝေဒနာက ပင့်တာပါဘုရား)။

အဲ....သားသမီးက်ာ ပင့်တာမဟုတ်ဘူး၊ ဝေဒနာကဖန ပင့်

နေတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတွေ သေသေချာချာစဉ်းစားလို့ ရှိယင် ဧဟိ ပဿိကော ဟုတ်ပါရဲ့လား .... (ဟုတ်ပါတယ်ဘုရား)။

အဲဒါ အသွားမလွဲစေနဲ့ဆိုတာ ဆရာ့တာဝန် .... (မှန်ပါ့) ဆရာကပြောတဲ့တာဝန်ဘဲ ဟုတ်လား....(မှန်ပါ့) ခင်ဗျားတို့က မလွဲအောင်သွားလို့ ရှိယင် ဒါနားထောင်တဲ့အဓိပ္ပါယ်မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဟာ....အရွဲ့တိုက်မယ်ဘုရာ့ ဆိုလို့ရှိယင်လဲ မတတ်နိုင်ဘူးပေါ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သို့သော် များသောအားဖြင့်လဲ ဝိပဿနာအလုပ်ကင်းနေတဲ့ ပုဂ္ဂိုလ်ဟာ အရွဲ့တိုက်တာများတယ်....(မှန်ပါ့)။

ကိုစံလှ-ဘယ့်နှယ်တုံး....(အရွဲ့တိုက်တာ များပါတယ်ဘုရား) မများဘူးလား....(များပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီအရွဲ့တိုက်တော့ ဘုရားကိုလဲ အရွဲ့တိုက်ရာရောက်တယ်၊ ဧဟိ ပဿိကော ဆိုတဲ့ ဥစ္စာကိုလဲ၊ တရားဂုဏ်တော်ကိုလဲ ခင်ဗျားတို့သည် ပယ်ရာမရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားပယ်, တရားပယ်တွေလို့ ဆိုယင်လဲ ကိုစော မောင်-စကားကြီးတယ်လို့သာ ဆိုရမယ်၊ ဖြစ်စဉ်ကတော့ကိုက်နေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားပွင့်မှ ဒီကြားမှာ ဉာဏ်ထိုးနိုင်မယ်၊ မဟုတ်ဘူးလား....(မှန်ပါ့)။

တရားကလဲ ခေါ်ပါလျက်သားနဲ့ မသွားခဲ့လို့ ရှိယင်ဖြင့် ခင်ဗျားတို့သည် ခင်ဗျားတို့သန္တာန် ဘုရားလဲမပွင့်ဘူး၊ တရားလဲ မရှိဘူး....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ် .... (တပည့်တော်တို့သန္တာန်မှာ ဘုရားမပွင့်- တရားမရှိဖြစ်နေပါတယ်ဘုရား)။

ဘုရားလဲမပွင့်ဘူး၊ တရားလဲ မရှိဘူး ဆိုတာတော့ ကိုစောမောင်-တော်တော်ကြီးတဲ့စကားပါလား....(မှန်ပါ့) သို့သော်တဲ့ ဟေ ပဿ ိကော ခင်ဗျားတို့ သဘောကျထားတော့ကို ဩဿ ဟုတ်သားဘဲ ဘုရားပွင့်မှ ဒီနေရာ ဒါလာတာ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီနေရာ မဂ္ဂင်လာနိုင်တာကိုး၊ ဘုရားမပွင့်ယင် ဘယ်တော့မျှားလာဘူးသတုံး(မလာပါဘုရား) ဝေဒနာပစ္စယာတဏှာသာလာနေကြတယ် (မှန်ပါ့)မဂ်လာတယ်လို့ တုံးစံရှိရဲ့လား(မရှိပါဘုရား)။

ကဲ....ဒါဖြင့် ဘုရားပွင့်တဲ့သဘောဟာလဲ ကိုယ့်အလုပ်-လုပ်မှ ကိုယ့်သန္တာန် ဘုရားပွင့်တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တခါ တရားတွေ့ကလဲ တရားအတိုင်း လုပ်ပါမှ ကိုစောမောင်ရဲ့၊ တရားကျင့်တာကိုး....(မှန်ပါ့)။

ဒါဖြင့် ဒီနေရာမှာ ဝေဒနာသုံးမျိုးကဖြင့် လှည့်ခေါ်နေမှာဘဲ....(မှန်ပါ့) ညဏ်နဲ့သာသွားကြပါ....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဝေဒနာသုံးမျိုးကတော့.... (ခေါ်နေမှာပါ) သွားတော့ ဘာနဲ့သွားကြမလဲ....(ဉာဏ်နဲ့သွားရပါမယ်ဘုရား)။

အဲ....ဉာဏ်နဲ့ သွားလိုက်လို့ ရှိယင်ဖြင့် ဉာဏ်ဆိုတာ အမှန်သိတာ....(မှန်ပါ့) ဪ.... သူ့ဒီနေရာမှာဖြစ်ပြီး ဒီနေရာမှာ ပျက်သွားတယ်လို့ ဉာဏ်က သိတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဉာဏ်က ဒီလိုသိတာ၊ တဏှာကတော့ ဒီလိုမှမဟုတ်ဘဲ၊ ဝေဒနာကလေးဖြစ်ခဲ့သော် တဏှာလိုက်လာတယ်၊ မလိုက်ဘူးလား (လိုက်လာပါတယ်ဘုရား)။

သူသွားတော့ သဘောကျပြီး ပြန်ခဲ့တယ်၊ သဘောကျတဲ့ တဏှာနောက်တော့ စဲလမ်းတယ်မလာဘူးလား....(လာပါတယ်ဘုရား)။

ဒီအလုပ်ဟာ များများလုပ်မှဘဲဆိုပြီး မလာဘူးလား.... (လာပါတယ်ဘုရား) စဲလမ်းလို့ ရှိယင်ဖြင့် များများလုပ်ချင်တဲ့ ကာယကံ, ဝစီကံတွေကော.... (လာပါတယ်ဘုရား) အဲ....ကမ္မဘဝ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ကမ္မဘဝပစ္စယာသာလာယင်တော့ ကယ်မရတော့ဘူး၊ ရပါ့မလား....(မရပါဘုရား) ဘာလာတော့မလဲ....(ဇာတိလာပါ

တော့မယ်) ဇာတိ-ဇရာဆိုတဲ့ အနာဂတ်ဘဝဟာ ကိုစောမောင်ဆက်မှာလား၊ မဆက်ဘူးလား....(ဆက်မှာပါဘုရား)။

ဖြတ်လို့ရသေးရဲ့လား....(မရပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သည် ကျောက်ကျတဲ့ပုဂ္ဂိုလ်၊ကျောက်လွှတ်တဲ့ပုဂ္ဂိုလ်ဘယ်ပုဂ္ဂိုလ်ထဲသွင်းမလဲ(ကျောက်ကျတဲ့ပုဂ္ဂိုလ်ပါဘုရား)။

အဲဒါကြောင့် ရှောင်ကြပါဆိုတာ သေသေချာချာ လေးလေးနက်နက် ပြောနေတာ.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ယနေ့ညဟောတဲ့တရားမှာ မောင်နိုင်, မောင်ဘမို့ အသွားမလဲစေနဲ့....(မှန်ပါ့)။

ဘာဟောပါလိမ့်....(အသွားမလဲစေနဲ့ပါဘုရား) ဒီတလုံးဘဲပါ-ပါသေးတယ် တကာတကာမတို့....(မှန်ပါ့) ဝေဒနာကဖြင့် ခေါ်မှာဘဲ....တဲ့၊ သုခလာလဲ....(ခေါ်မှာပါဘဲဘုရား) ဒုက္ခလာလဲ .... (ခေါ်မှာပါဘဲဘုရား) ဥပေက္ခာကကော....(ခေါ်မှာပါဘုရား) ခင်ဗျားတို့က ဘယ်နှယ်တုံး.... (အသွားမလဲစေရပါဘုရား)။

အသွားမလဲစေနဲ့ ဆိုတော့ ဥပေက္ခာ ဝေဒနာက ခေါ်ပုံကလေး တကာတကာမတွေ့ကို မလာရသေးဘူး ကိုစောမောင်-(မှန်ပါ့)

ဥပေက္ခာဆိုတာ မျက်လုံးက ဖွင့်ချင်တယ်ဆိုယင် မမြင်ဘူးလား....(မြင်ပါတယ်ဘုရား)မြင်သည့်နဲ့တပြိုင်နက်တည်း မြင်တာကလေးဟာ သဘောကျလိုက်တာဆိုတာ တခါတည်း ဥပေက္ခာ

ဝေဒနာနောက်ကနေပြီးသကာလ မြင်တာကလေးဟာ သဘော ကျတယ်လို့ ခင်ဗျားတို့ တဏှာနဲ့ သွားချင်သွားမယ်....(မှန်ပါ့) မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

မြင်တာကလေး သဘောကျတယ် ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတို့ တဏှာနဲ့သွားတာ မကျဘူးလား .... (ကျပါတယ် ဘုရား)။

မြင်တဲ့ ဥပေက္ခာ ဝေဒနာကလေးဟာ မြင်ပြီး ပျက်တာဘဲ ဆိုယင် ဘာနဲ့သွားမလဲ....(ဉာဏ်နဲ့ သွားပါမယ်) အဲ....ကိုစော မောင်-သဘောကျပလား....(ကျပါပြီဘုရား)။

မြင်တာကလေး သဘောကျတယ်ဆိုယင် ဘာနဲ့သွားသတုံး-(တဏှာနဲ့သွားပါတယ်ဘုရား)။

မြင်တာဂ၊ ဥပေက္ခာ ဝေဒနာ၊ သဘောကျတယ်ဆိုတော့ ဥပေက္ခာဝေဒနာနောက်ကို တဏှာလိုက်သွားတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် မြင်တာကလေးသည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် မြင်ပြီး ပျက်သွားတာကိုး....လို့ ဆိုတော့ မြင်တဲ့ ဥပေက္ခာ ဝေဒနာကနေပြီး ညဏ်ခေါ်ယူတယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဟေ ပဿဒ်ကောကဖြင့် ဘယ်တရားမဆို ရှိတယ် ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

သုခဝေဒနာမှာလဲ ဘာရှိသတုံး....(ဟို့ ပဿဒ်ကော ရှိပါ တယ်ဘုရား) ဒုက္ခဝေဒနာမှာကော.... (ဟို ပဿဒ်ကော ရှိပါ

တယ်ဘုရား) ဥပေက္ခာ ဝေဒနာမှာကော....(ဟိ ပဿ ိကော ရှိပါတယ်ဘုရား)ဒါဖြင့် တကာတကာမတွေ့ သဘောပါပါလား (ပါ-ပါပြီဘုရား)။

ဟိက ဘာပါလိမ့်....(လာပါ) ပဿ ိက....(ရှုပါ) ဒါဖြင့် ဘယ်ဝေဒနာကမဆို သူ့ကို လာပါရှုပါ၊ကိုစောမောင်မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်တို့ ဝိပဿနာအထူး ရှာနေရမှာလား ဒီပါဦ တလုံးနဲ့ဘဲ အကုန်ပြီးပလားလို့ မေးယင် ဘယ့်နှယ်ပြောကြမလဲ....(တလုံးနဲ့ ပြီးနိုင်ပါတယ်ဘုရား) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

တလုံးနဲ့ အကုန်ပြီးတယ် ဆိုတော့ သူကခေါ်တိုင်းသွား သဘောကျပလား....(ကျပါပြီဘုရား)။

သူကခေါ်တိုင်း သွားယင် ဒီဉာဏ်သည်ကားလို့ ဆိုယင်ခေါ်တိုင်းသာ သွားနေလို့ ရှိယင်ဖြင့် ဉာဏ်သည် ပဌမတော့ဖြင့် ခေါ်တိုင်းသွားတဲ့ ဉာဏ်နှုကလေးပေါ့ဗျာ၊ နောက်ကျတော့ ခေါ်တိုင်းသွားတဲ့ ဉာဏ်ရင့်ကြီး မဖြစ်ပေဘူးလား .... (ဖြစ်ပါတယ်ဘုရား) ဖြစ်ရမယ်ဆိုတာ သဘောကျပလား .... (ကျပါပြီဘုရား)။

အဲ....နောက်ကျတဲ့ အခါကျတော့ကို သူလဲဖြစ်ပျက်- ဖြစ်ပျက်ကနေပြီး ခေါ်တာတာမျိုး ကျုပ်ကို လာကြည့်ပါဦး....၊ ကျုပ်သည် အသေကောင်ပါဘဲလို့ မုန်းစရာကြီးအဖြစ်နဲ့ကော သူက မခေါ်ပေဘူးလဲ့ား....(ခေါ်ပါတယ်ဘုရား)။

တော်တော်ကြာကျလို့ရှိယင် မုန်းတဲ့ ပုဂ္ဂိုလ်ဖြစ်ပြီးသကာလ ဒီကသွားပါမျှားတဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ ရှိယင်မုန်းနေကျ ပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဒီဝေဒနာကို နောက်ကျတော့ ဒီဒုက္ခကြီး ကြည့်နေရတာဘဲလို့ ကြည့်တဲ့ပုဂ္ဂိုလ်က ခေါ်တိုင်းသွားနေရတော့ ကျုပ်ဖြင့် ကြည့်ကိုမကြည့်ချင်ဘူး ဆိုတာ လာမလား- မလာဘူးလား....(လာပါမယ်ဘုရား,။

မကြည့်ချင်ယင်သူ ပေါ်ပါဦးမလား....(မပေါ်ပါ) ဒါဖြင့် ဝေဒနာဆုံးတယ်- မဆုံးဘူးလား....(ဆုံးပါတယ်ဘုရား)။

ဝေဒနာဆုံးတယ် ဆိုတော့ ကိုစောမောင်၊ ကိုစံလှ စဉ်းစားစမ်း ခန္ဓာဆုံးတာမှ ဟုတ်ကဲ့လား....(ဟုတ်ပါတယ်) ဝေဒနာကခန္ဓာကိုးဗျ....(မှန်ပါ့) သဘောပါပလား(ပါ-ပါပြီဘုရား)။

ဝေဒနာဆုံးတော့ သူတို့ ယှဉ်ဖေါ် ယှဉ်ဖက်ဖြစ်တဲ့ သညာ, သင်္ခါရ, ဝိညာဏ် သူတို့ကဖြစ်စေတဲ့ ရုပ်တွေက ကျုပ်တို့နေရစ်ဦးမယ် ဆိုလို့ ရပါ့မလား....(မရပါ)ဒါကြောင့်ဝေဒနာဟာ ဝေဒနိန္ဒြေဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

သူဟာသူနဲ့ ဖြစ်ဖေါ် ဖြစ်ဖက်တွေပေါ် အစိုးရတယ်ဆိုက တည်းက ဝေဒနိန္ဒြေကျုပ်လို့ ရှိယင်ဖြင့် ဘာကျန်ရစ်စရာမျှားရှိ သေးသလဲ....(မရှိပါဘုရား)။

ဒါကြောင့် "ဝေဒနာနံ ခယောဘိက္ခု" ဝေဒနာနံ = ဝေဒနာတို့ကို၊ ခယော=ကုန်အောင်ရှုနိုင်သော၊ ဘိက္ခု=ရဟန်းသည် နိစ္ဆာတော- နိတ္တကျော=တကျောမရှိသည်ဖြစ်၍၊ ပရိနိဗ္ဗုတော=

ကိလေသာပရိနိဗ္ဗာန်စံသည်၊ဟောတိ=ဖြစ်၏။ ဒီဘဝကိလေသာတွေ ကုန်တော့တာဘဲတဲ့....(မှန်ပါဘုရား)။

ကိလေသာနှစ်ပါး ကုန်သွားတော့ ဒီဟာတွေ လာပါဦးမလား....(မလာပါဘုရား) အနာဂတ်ဘဝ ပေါ်ပါဦးမလား....(မပေါ်ပါဘုရား)။

ဒါဖြင့် ဘုရားဟောတော်မူတာ ကိုစံလှတို့၊ ကိုစောမောင်တို့ ကုန်အောင်ရှုဆိုတဲ့ သဘောကလေးဟာ တယ်သဘောပါ-ပါလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာတလုံးနဲ့လဲ နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတာလဲ သေချာကြပလား....(သေချာပါပြီဘုရား)။

ကိလေသာ ပရိနိဗ္ဗာန်စံဆိုတာ ဘယ်တော့လာဦးမှာတုံး....(မလာပါ) မလာလို့ရှိယင်ဖြင့် ကိလေသာ ပရိနိဗ္ဗာန်စံသွားပြီ ချုပ်သွားပြီဆိုယင်ဖြင့် ကိလေသာကြောင့် ဖြစ်မည့်ဝဋ်ဆင်းတွေဟာ တခါတည်း ကိလေသာဝဋ် ကျတ်သွားတော့ ဟောဒီကမ္မဝဋ်က ဘယ့်နှယ်နေသတုံး....(ကျတ်သွားပါတယ်)သဘောပါကြပလား (ပါ-ပါပြီဘုရား)။

သြော် .... ဒါဖြင့် ဝေဒနာမြင်အောင်ကြည့်၊ ဝေဒနာဖြစ်ပျက်ကိုမြင်အောင်ကြည့်၊ ဝေဒနာဖြစ်ပျက် မှုန်းအောင်ကြည့်၊ ဝေဒနာ ဖြစ်ပျက် ဆုံးအောင်ကြည့်ဆိုတဲ့ ဉာဏ်သုံးဆင့်ဟာ ကိုစောမောင်တို့ ကောင်းကောင်းကျေနပ်ဘို့ဘဲ .... (မှန်ပါ!) ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါက ဘယ့်နှယ်ကြောင့် ဒီလိုဟောရတာတုံးလို့ မေးတဲ့

အခါကျတော့ ဝေဒနာနုပဿနာရယ်လို့ ဘုရားက သီးသန့်ထားခဲ့လို့ ပဋိစ္စသမုပ္ပါဒ်မှာလဲ ရှုစရာက သူ့အယင်လာတွေ့တာဘဲဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဟာတွေကတော့ ပယ်ရမည့်တရား၊ ဒီဟာတွေကပိုင်းခြားထားပစ်ခဲ့ရမယ်ဆိုတော့ ဒီသမုဒယသစ္စာ ချုပ်ပါမှ ဒီဒုက္ခသစ္စာကျုပ်တို့နောက် မလိုက်မှာကိုးဗျ .... (မှန်ပါ့) သူသာရှိနေလို့ရှိယင် ဒါတွေက ချုပ်ပါ့မလား....(မချုပ်ပါဘုရား)။

ဒါဖြင့် သမုဒယသစ္စာပယ်၊ ဒုက္ခသစ္စာ မလိုက်ခဲ့နဲ့လို့ပိုင်းခြားခဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာခေါ်ရာကိုကျုပ်တို့သွားရမှာလား- မသွားရဘူးလား .... (သွားရမှာပါ)ဘာနဲ့သွားရမလဲ....(ဉာဏ်နဲ့သွားရပါမယ်ဘုရား)။

ထုံးစံက ဘာနဲ့သွားလေ့ရှိသတုံး .... (တဏှာနဲ့သွားလေ့ရှိပါတယ်) တဏှာနဲ့သွားလို့ရှိယင် ဒုက္ခကွန်ဆာ ဖြစ်မယ် .... (မှန်ပါ့) ဒုက္ခကွန်ဆာ သမုဒယောဟောတိ ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ပြောတဲ့ ဒုက္ခကွန်ဆာ သမုဒယောဟောတိပြတယ်၊ ဒီဒုက္ခအစုကြီး လာမယ်၊ ဒီဒုက္ခအစုကြီး မလာဘူးလား....(လာပါတယ်ဘုရား)။

ဒီတဏှာတွေက လိုက်ပကောဗျ ဝေဒနာနောက်ကနေပြီး ဒါဝေဒနာ ခေါ်တော့ခေါ်ပါရဲ့တဏှာနဲ့သွားတယ်၊ ဥပါဒါန်နဲ့စဲ့တယ် သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ကိလေသဝဋ္ဋ မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်) ကိလေသဝဋ္ဋ ဖြစ်လို့ရှိယင်ဖြင့် ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဆိုတော့ ဟောဒီမှာ ကမ္မဝဋ္ဋပေါ်လာတယ်....(မှန်ပါ့)။

မပေါ်ဘူးလား....(ပေါ်လာပါတယ်ဘုရား) ကမ္မဝဋ္ဋပေါ်လို့ရှိယင် အနာဂတ်ဘဝ ဝိပါကဝဋ္ဋဆိုတာ လာမှာလား-မလာဘူးလား....(လာမှာပါ) ဒါဖြင့် ဝဋ္ဋဆက်ပြီ....(မှန်ပါ့)။

အသွားမတတ်တော့.... (ဝဋ္ဋဆက်ပါတယ်) အသွားတတ်တော့(ဝဋ္ဋပြတ်ပါတယ်) ဝဋ္ဋပြတ်တယ်ဆိုတော့ကိလေသဝဋ္ဋက စပြတ်တယ်....(မှန်ပါ့)။

ပြီးတော့ ကမ္မဝဋ္ဋကကော .... (ပြတ်ပါတယ်) ဒီဘက်က ဝိပါကဝဋ္ဋကော....(ပြတ်ပါတယ်) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့်ဝဋ္ဋပြတ်တာသည်ကားလို့ဆိုယင်အသွားတော်မှ ဝဋ္ဋပြတ်မှာ....(မှန်ပါ့) အသွားမတော်ယင် .... (ဝဋ္ဋဆက်ပါတယ်ဘုရား) ဝဋ္ဋဆက်မယ်ဆိုတော့ သြော်....ဒါဟာ သူမျှားပြောလား- ဒို့သန္တာန်၏ ဖြစ်စဉ်ကို ဒို့ဟာဒို့ဖြတ်ဘို့ဟောတာလားလို့မေးလို့ရှိယင် ခင်ဗျားတို့ ဘယ်နှယ်ဖြေပါ့မလဲ....(ကိုယ့်ဟာကိုယ်ဖြတ်ဘို့ဟောတာပါဘုရား)။

ကိုယ့်ဟာကို ဖြတ်ဘို့ ဟောတာနော် တကာတကာမတို့တဲ့၊ ခင်ဗျားတို့ ဒါနဲ့, သီလ အမျှဝေလို့မရဘူးဆိုတာကောသဘောကျပလား....(ကျပါပြီ) ကိုယ့်ဟာကိုယ် ဒီကြားကို ဉာဏ်ဝင်မှ (မှန်ပါ့ဘုရား)။

ဒါနေ ပေးလှူပြီးသကာလ သားတော် သမီးတော် အမျှယူကြရပါတယ်၊ မရဘူးလို့ ဟောကိုမဟောဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သို့သော် ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်မှု ကျလာတော့ဖြင့် သူမျှားကပေးတဲ့ အမျှနဲ့ ကိုယ်ပြတ်မှာလား....(မပြတ်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

သူမျှားပေးတဲ့ အမျှနဲ့ ကိုယ်ပြတ်လို့ ရှိယင်ဖြင့် ဘုရားဖြစ်ယင် ဘုရား၏ အမျိုးတော်ဟူသ၍ အဝီစိသွားစရာ တယောက်မှ မပါဘူး၊ ဒေဝဒတ်လဲ မသွားနိုင်ဘူး၊*ဒေဝဒတ်အဖေလဲ သွားစရာ လိုသေးသလား အမျှပေးနိုင်လို့ ရှိယင် သဘောကျပလား (ကျပါပြီ) ပေးနိုင်ရဲ့လား....(မပေးနိုင်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ်တိုင်လုပ်မှ ကိုယ်တိုင်ရမှာဖြင့် သားလုပ်ယင် သားရမယ်၊ သမီးလုပ်ယင်.... (သမီးရမှာပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီဟာက အမျှယူလို့ ရတဲ့ အလုပ်မဟုတ်ဘူး(မှန်ပါ့) ကိုစောမောင် ဘယ့်နှယ်ဆိုကြမလဲ....(မရပါဘုရား)အမျှဆိုတာ ဇမောင်ဘမို့ရဲ့ သူပေးတဲ့ အဘိုဘာဂကို အမျှ-ဆိုတာ၊ မဆိုကြဘူးလား....(ဆိုပါတယ်ဘုရား)။

အဲဒီအမျှမျိုး ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ရမှာ ဖြစ်နေတော့ ကိုယ့်ဉာဏ်နဲ့ကိုယ် ဖြတ်ရမယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အမျှပေးလို့....(မရပါ) မရဘူးဆိုတာ သဘောပါပလား။ (ပါ-ပါပြီဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ ကိုယ့်အလုပ်ကိုယ်လုပ်ကြ ဟုတ်လား....(မှန်ပါ့) ကိုယ့်အလုပ် ကိုယ်လုပ်ကြဆိုတဲ့ဟာသည် တကာတကာမတို့ "အတ္တာဟိ အတ္တနော နာထော" ဆိုတာ ဒါကြောင့် ဒါလာဟောတာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မိမိလုပ်ရမည့် မဂ္ဂင်အလုပ်သည် သာလျှင် မိမိ၏ဝဋ်ကျွတ်ရာဘဲ၊ သူတပါးက ကိုးကွယ်ရာမဖြစ်ပါဘူးတဲ့ ကိုစောမောင်ရ (မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်ကိုယ် အားကိုးဆိုတာ ဒီခန္ဓာကြီးကိုဆိုတာ မဟုတ်ဘူး၊ သူလုပ်တဲ့ မဂ္ဂင်ကို ဘာတုံး .... (အားကိုးရပါမယ် ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ်လုပ်တဲ့မဂ္ဂင်မှတပါး ဘုန်းကြီးတို့တကာတကာမ တွေကို ကယ်မည့်သူ ယူမည့်သူ ရှိသေးရဲ့လား....(မရှိပါ)။

ဒါကြောင့် သူတို့မလုပ်လို့ ကိုယ်မလုပ်ဘူးဆိုတာ ဒါဟာ ဒီစိတ်တွေ မမွေးပါနဲ့ဆိုတာ ကိုစောမောင် တိုက်တွန်းသင့်-မတိုက်တွန်းသင့်....(တိုက်တွန်းသင့်ပါတယ်) သဘောပါကြပလား.....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဝေဒနာမှာ ဘာဂုဏ်ရှိသတုံးလို့ မေးလို့ရှိယင် ဟေပဿီဂုဏ်ရှိတယ်....(မှန်ပါ့) ဘာရှိသတုံး .... (ဟေပဿဂုဏ် ရှိပါတယ်) ဟေ့က ဘာပါလိမ့်....(လာပါဘုရား) ပဿက.... (ရှုပါဘုရား)။

ဒါဖြင့် ဝေဒနာဖြင့် အမြဲမပြတ် ပေါ်လိမ့်မယ်၊ ခြေလှုမ်း မလွဲဘူး သိပ်အရေးကြီးတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

တဏှာနဲ့မလှမ်းဘဲနဲ့ ဉာဏ်နဲ့သာ လှမ်းပေးစမ်းပါ တကာ တကာမတို့၊ ဝင်ပြတ်ပါလိမ့်မယ်....(မှန်ပါ့) ဆိုထိုက်ပလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဟောဒီ ကိလေသဝင်ခဲ့ကော.... (ပြတ်ပါတယ်) ဟောဒီ ကမ္မဝင်ခဲ့ကော.... (ပြတ်ပါတယ်) ဟောဒီဝိပါကဝင်ခဲ့တော့.... (ပြတ်သွားပါတယ်ဘုရား)။

ဒါဖြင့် သူမျှားပြောလား၊ အသွားတော်လို့ နေရာကျတာ လား....(အသွားတော်လို့ နေရာကျတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အင်မတန် သွားထိုက်တဲ့နည်းကို ဆရာဘုန်းကြီးက ယနေ့ ရှင်းရှင်းလင်းလင်း မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

သွားရမယ်နော် တကာ တကာမတို့....(မှန်ပါ့) ဝေဒနာရှိရာကို ဘာနဲ့သွားကြမလဲ....(ဉာဏ်နဲ့သွားကြပါမယ်ဘုရား)။

အဲ....ဝေဒနာရှိရာ ဉာဏ်နဲ့သွားလိုက်တော့ကို သွားသာ သွား ရတယ်၊ ဝေဒနာလဲ မတွေ့ဘူး၊ တကာတကာမတို့ တွေ့သေးရဲ့ လား....(မတွေ့ပါဘုရား)။

ဝေဒနာမတွေ့တော့ ဝေဒနာမရှိတာတော့ တွေ့လိမ့်မယ်.... (မှန်ပါ့) ဝေဒနာတော့ဖြင့်....(မတွေ့ပါဘုရား) ဘာတွေ့မလဲ.... (မရှိတာ တွေ့မှာပါဘုရား)။

မရှိတာတွေ့တော့ မရှိတာက အနိစ္စ၊ သွားတာက မဂ္ဂ ဖြစ် သွားတယ်....(မှန်ပါ့)။

မရှိတာက....(အနိစ္စပါ) သွားတာက....(မဂ္ဂပါ) ဩော်.... ဒါဖြင့် မဂ်ဆိုတာသည်ကား....လို့ ဆိုယင် ကိုစောမောင်- ဧဟိ ပဿိကော-ဆိုတဲ့အတိုင်း ခေါ်ရာကို သွားမှသာလျှင် မဂ်ရမှာ နော်....(မှန်ပါ့) ခေါ်ရာကို မသွားလို့ရှိယင် .... (မဂ်မရပါ ဘုရား)။

ဒါဖြင့် ဧဟိ ပဿိကောဆိုတာ အနိစ္စလဲ ဧဟိပဿိကော၊ ဒုက္ခကော....(ဧဟိ ပဿိကောပါဘုရား) အနတ္တကော....(ဧဟိ ပဿိကောပါဘုရား) အနိစ္စ ဒုက္ခမှ လွတ်တဲ့ နိဗ္ဗာန်ကော.... (ဧဟိ ပဿိကောပါဘုရား)။

ဧဟိ ပဿိကောဘဲ၊ ဒါတွေ သူခေါ်တိုင်း သွားနေယင် နိဗ္ဗာန်တွေ့တော့မယ်၊ မတွေ့ပေဘူးလား .... (တွေ့ပါတယ် ဘုရား)။

ဒါဖြင့် ခေါ်တိုင်းသွားယင် ပဋမ အနိစ္စတွေ့မယ်၊ နောက်ကို အနိစ္စအဆုံး တွေ့မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

အနိစ္စက အနိစ္စနော်....(မှန်ပါ့)ဖြစ်ပြီး ပျက်တာက....(အနိစ္စ ပါဘုရား) အနိစ္စအဆုံးက.... (နိစ္စပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အနိစ္စ, အနိစ္စက ဘာပါလိမ့်၊ ဖြစ်ပြီး ပျက်သောကြောင့် သူ့ကို ဘာခေါ်ကြမယ်....(အနိစ္စပါ) အနိစ္စအဆုံးက ဘာတုံး- (နိစ္စပါဘုရား)။

ဒါဖြင့် အနိစ္စအဆုံးမှာ နိစ္စရှိတယ်.... (မှန်ပါ့) အနိစ္စဆီသွားလို့ရှိယင်ဖြင့် အနိစ္စနောက်ကို ဆက်လိုက်သွားလို့ရှိယင် အနိစ္စဟာလဲ အနိစ္စအဆုံး ရှိတယ်....(မှန်ပါ့) မရှိပေဘူးလား.... (ရှိပါတယ်ဘုရား) ဒုက္ခမှာကော.... (ဒုက္ခအဆုံး ရှိပါတယ် ဘုရား)။

အဲ....ရှုချင်တာသာရှု၊ အဆုံးကျအောင် လိုက်လို့ သတိပေးလိုက်ပါတယ်....(မှန်ပါ့)။

သူကတော့ဖြင့် ခေါ်မှာဘဲ၊ အနိစ္စကလဲ ဟေ ပဿ ံကော၊ အနိစ္စအဆုံးကလဲ....(ဟေ ပဿ ံကောပါဘဲဘုရား)။

အဲ....အနိစ္စကလဲ ဟေ=လာခဲ့ပါ၊ ပဿ=ရှုပါဘဲ....(မှန်ပါ့ ဘုရား) ခေါ်မှာဘဲ....(မှန်ပါ့)။

အဲဒီတော့ တကာ တကာမတို့ အသွားမလဲဘို့အရေးဟာ ကိုယ့်အရေး....(မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ....(အသွားမလဲဘို့ အရေးဟာ ကိုယ့်အရေးပါဘုရား)။

အဲဒီလို သွားတဲ့ပုဂ္ဂိုလ်ဟာဖြင့် အနိစ္စတွေ့လို့ရှိယင် အနိစ္စအဆုံးကို သေသေချာချာတွေ့ပါလိမ့်မယ်ဆိုတာ ငြင်ဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ တသံသရာလုံး အသွားလဲနေကြလို့ ဒုက္ခတွေ့ကြတာ....(မှန်ပါ့) သတောပါပလား....(ပါ-ပါပြီဘုရား)။

တသံသရာလုံး ဘာပါလိမ့်.... (အသွားလဲနေလို့ ဒုက္ခ တွေ့တာပါဘုရား)။

အဲ.... ယခု ဆရာဘုန်းကြီးနဲ့ တွေ့ပြီ၊ ဘုရားလဲပဲ့ဉ့်အောင်၊ ခင်ဗျားတို့သန္တာန်မှာ သွားတဲ့ဆီလဲ အသွားတည့်အောင်သာ သွားမယ်ဆိုလို့ရှိယင် သံသရာပြတ်မယ်....(မှန်ပါ့)။

ဆုတောင်းလို့ ပြတ်မှာလား၊ အသွားတတ်မှပြတ်မှာလား.... (အသွားတတ်မှ ပြတ်မှာပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကိုဖြင့် ရပါလို့၏....ဆုတောင်းနေရုံနဲ့ မရဘူး-(မှန်ပါ့) အသွားတည့်မှ ရမယ်....(မှန်ပါ့)။

အနိစ္စအဆုံးမှာ ဘာရှိသတုံး....(နိဗ္ဗာန်ရှိပါတယ်) နိစ္စနိဗ္ဗာန် ရှိတယ်၊ သဘောကျပလား....(ကျပါပြီဘုရား) ဒုက္ခကို စပြီး တွေ့အောင် ရှာနိုင်တဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခအဆုံးတော့ တွေ့မယ်.... (တွေ့ပါမယ်ဘုရား)။

ဒါဖြင့် ဒုက္ခမလဲ ဟေ့ ပဿဒ္ဓိကောနဲ့ မခေါ်ပေဘူးလား.... (ခေါ်ပါတယ်) ဒုက္ခအဆုံးကကော....(ခေါ်ပါဘယ်) ခေါ်မှာဘဲ၊ ခေါ်ရာသွားခင်ဗျားတို့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီတရားကလေးဟာလဲ ဖြစ်ပြီး ပျက်တယ်၊ ဘယ်သူတားလို့ရသတုံး....(မရပါဘုရား) မရလို့ရှိယင် ဒါဟာ အနတ္တ ခေါ်ရာကိုလဲ ဉာဏ်နဲ့သွား....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ခေါ်တိုင်း ခေါ်တိုင်းသွားတော့ ဒီသခ္ခါရ အနတ္တ ဟာလဲ အဆုံးမရှိပေဘူးလား.... (ရှိပါတယ်ဘုရား) ရှိတော့

အနတ္တ နိဗ္ဗာန်တမျိုး မတွေ့ပေဘူးလား.... (တွေ့ပါတယ်ဘုရား)
အဲဒါလဲ ဟိ ပဿ ကောနဲ့ ခေါ်လျက်ပါဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ တရားတော်ကဖြင့် သွားတတ်တဲ့ နည်းနဲ့သာ သွားလို့ရှိယင်ဖြင့် ခင်ဗျားတို့ကို ကယ်တင်မလို့ ခေါ်တာလဲရှိတယ်၊ မသွားတတ်လို့ နစ်မွမ်းအောင် ခင်ဗျားတို့ သွားလို့ရှိယင်လဲ ခင်ဗျားတို့ နစ်မွမ်းမှာဘဲ....(မှန်ပါ့)။

သွားတတ်လို့ရှိယင်လဲ နစ်မွမ်းခြင်းမှလဲ ပျောက်ကင်းမှာဘဲ ဆိုတာ ငြင်းနေဘို့ လိုသေးသလား....(မလိုပါဘုရား) သဘော ကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် အသွားတတ်တော့ ဝေဒနာနိရောဓာ တဏှာနိရောဓော ဖြစ်တယ်....(မှန်ပါ့)အသွားမတတ်တော့ ဝေဒနာ ပစ္စယာ (တဏှာပါဘုရား) သဘောကျပလား....(ကျေပါပြီဘုရား)။

အသွားမတတ်ယင် .... (ဝေဒနာပစ္စယာ တဏှာပါဘုရား)
အသွားတတ်ယင် .... (ဝေဒနာ နိရောဓာ တဏှာနိရောဓောပါဘုရား)။

ဟာ....ဝေဒနာ နိရောဓောဆိုတော့ သွားလိုက်ကတည်းက ဝေဒနာချုပ်တာ တွေ့တာကိုး....(မှန်ပါ့) မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)။

ဝေဒနာချုပ်တာဘဲ တွေ့တယ်ဆိုတော့ ဒီမင်္ဂ ဝင်မလာဘူးလား....(လာပါတယ်) မင်္ဂဝင်လာတော့ ဒီဘင်္ဂက တဏှာတွေ့ဟာ လာသေးရဲ့လား....(မလာပါဘုရား) မလာဘဲနဲ့ နိရောဓောဖြစ်တယ်....(မှန်ပါ့)။

ဒါဖြင့် ဒါကလေးမှတ်သွားကြ၊ အသွားတည့်ယင် ဝေဒနာ နိရောဓာ....(တဏှာနိရောဓောပါ) ဒါဖြစ်ရမယ်၊ သဘောကျ ပလား....(ကျပါပြီဘုရား)။

အသွားမတည့်ပါဘူး၊ သွားတေ့ သွားတာဘဲ ဆိုတေ့ ဝေဒနာ ပစ္စယာ....(တဏှာပါဘုရား) ဝေဒနာပစ္စယာ တဏှာ ဆိုတော့ ဒီဘက်က ဝင်္ဂတေ့ မလာပေဘူးလား....(လာပါတယ် ဘုရား)။

ကဲ....ဒီ့ထက်သေချာစရာ ရှိသေးရဲ့လား....(မရှိပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ပါဦး....

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား-မိုးကုတ်မြို့၌ ဟောကြားတော်မူသော

ဒိဋ္ဌိအလေးဓာတ်ကြီးပါသွားယင်
သံသရာမှာ မြုပ်ကြရဦးမည့်
တရားတော်

တကာ တကာမတွေ့ မှတ်စရာကလေးတွေ့ ရှေ့ပိုင်းက သတိထားပြီး နားထောင်ပါ၊ ဝေသာလီပြည်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သီတင်းသုံးပြီးနေတဲ့အခါမှာ သလ္လဆိုတဲ့ လိစ္ဆဝီမင်းသားတယောက်၊ အဘယဆိုတဲ့လိစ္ဆဝီမင်းသားတယောက်၊ နှစ်ယောက်ရှိတယ်၊ နှစ်ယောက်ရှိတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ တွေ့ကြတယ်၊ တွေ့ကြတော့ သူတို့နဂိုရင်က မှတ်ထားတာက သီလစင်ကြယ်ယင် ပြီးရော၊ တရားကျင့်ဘို့မလိုဘူး။

သူတို့ဆရာ တိတ္ထိတွေက ဟောထားတော့ ဒီနှစ်ခုနဲ့ဘဲ သီလစင်ကြယ်ပြီးသကာလ အကျင့်ကို မကျင့်ဘဲနေယင် ပြီးတာဘဲ၊

ဒါနဲ့ဘဲ သြဃံလေးပါး ကူးမြောက်နိုင်ပါတယ်ဟု ဟောထားပါတယ်လို့ သလ္လဆိုတဲ့ လိစ္ဆဝီက ဘုရားကိုလျှောက်တယ်....(မှန်ပါ့ဘုရား)။

သီလစင်ကြယ်ယင် ပြီးရော၊ အကျင့်ကိုတော့ မကျင့်နဲ့၊ စက်ဆုတ်စရာဘဲဆိုပြီးသကာလ အကျင့်မလိုဘူး၊ သီလလုံခြုံယင် ပြီးတာဘဲလို့ ဟောထားတယ်တဲ့....(မှန်ပါ့)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ်၊ သာမညတရားအဘို့ အစုဘဲလို့ မှတ်ထားပါလို့ ဘုရားက ဆုံးဖြတ်ချက်ချတယ်။

သီလဆိုတာ သာမညတရားအဘို့ အစုလို့ မောင်နှိုင်,မောင်ဘမှိုတို့ မှတ်ရမယ်နော်....(မှန်ပါ့)။

အာဘယ့်ကြောင့် သာမညတရားအဘို့ အစုလို့ ဆိုရသတုံး.... ဆိုတော့ အခု ငါးပါးသီလ ယူကြတယ်၊ တကာတကာမတွေကို ဘုန်းကြီးကလဲ ပေးတယ်၊ ပါဏာတိပါတာ ဝေရမဏိ၊ အဒိန္နာဒါနာ ဝေရမဏိ၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏိ....ဆိုတာကာယကံ၊ ဒါနဲ့ ကိုယ်နဲ့ မလွှန်ကြူးယင် ကိုစံလှတို့- ကိုစောမောင်တို့ ပြီးတာဘဲမဟုတ်လား....(မှန်ပါ့)။

အထူး အားထုတ်နေစရာ ဟုတ်သေးရဲ့လား .... (မဟုတ်ပါဘုရား) မလွှန်ကြူးယင် ပြီးတာဘဲနော်....(မှန်ပါ့)။

တခါ မုသာဝါဒ ဆိုတာလဲ စကားမပြောဘဲ နေလိုက်လို့ ရှိယင် မုသာဝါဒ ဖြစ်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

သေရည် သေရက် မသောက်လဲ ပြီးသွားတာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သီလဆိုတာကွာ-တဲ့၊ သာမညတရားအဘိုအစုပါ-တဲ့၊ ကာယကံ, ဝစီကံကလေးလောက်သာ လုံခြုံပြီးသကာလ နေပြီး မနောကံ ဗဒ္ဓက်ပေါက်နေတာမသိလို့ တိတ္ထိတွေကမသိလို့ ဟောတာပါလို့ ဘုရားက အဖြေပေးလိုက်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

သီလက အခု ငါးပါးပေးလိုက်တဲ့အခါ ကာယကံ, ဝစီကံဘဲ ပါတယ် ကိုစောမောင်တို့-ကိုစံလှတို့....(မှန်ပါ့) မနောကံ ပါရဲ့လား....(မပါ-ပါဘုရား) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် အရေးကြီးတာက ခင်ဗျားတို့မှာ မနောကံက အကုသိုလ် အဖြစ်ဆုံးကိုးဗျ....(မှန်ပါ့)။

အဲဒီတော့ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါဥပမာပြမယ် သလ္လရာ....တဲ့၊ မင်း-သေသေချာချာမှတ်ပါတဲ့....(မှန်ပါ့ ဘုရား)။

လူတယောက်သည် ဓားမကြီးကိုင်ပြီးသကာလ တောထဲမှာ အင်ကြင်းပင်ကြီး ဖြောင့်ဖြောင့်တွတယ်ကွာ....တဲ့၊ အင်မတန် သစ်လှုင်တဲ့ အင်ကြင်းပင်ကြီးကိုတွတယ်။

မြစ်ကိုကူးမလို့ လှေခုတ်ဘို့လိုက်ရှာတဲ့အခါ အင်မတန် လှုလုပ်ဘို့သင့်တော်တဲ့ အင်ကြင်းပင်ကြီးနဲ့ တွတယ်ကွတဲ့။

အဲဒီ အင်ကြင်းပင်ကြီးကို အဖျားကို ဖြတ်က....၊ အရင်းကို ဖြတ်က....တဲ့၊ လှေပုံသဏ္ဌာန်လုပ်ကွတဲ့၊ ပါး-ပွတ်ပြီး သကာလ

ဟိုဘက် ဒီဘက် ချက္ခ....တဲ့၊ ကျောက်တွေ ဘာတွေနဲ့ တိုက်ပြီး သကာလ ချောက္ခ၊ သို့သော်....အတွင်းကိုတော့ ဘာမှ မနှိုက်နဲ့၊ မနှိုက်ဘဲနဲ့ ပင်လယ်ကြီး ကူးကြည့်စမ်းပါလားက္ခ....၊ မြစ်ကြီး ကူးကြည့်စမ်းပါလားက္ခ၊ ဒီတုံးကြီး ချပြီးသကာလ....ဆိုတော့ လှေမှာ အတွင်းက ထွင်းရမှာသာလျှင် မောင်နှိုင်, မောင်ဘမ့်တို့ လိုရင်းမဟုတ်လား၊ ရေပေါ်မှာပေါ့ကွာ....(မှန်ပါ့) နို့မဟုတ် လို့ရှိယင် ပေါ်စရာအကြောင်းရှိရဲ့လား....(မရှိပါဘုရား)။

ဒီလိုနဲ့ဘဲ မင်းတို့ ကူးကြည့်ပါ....တဲ့၊ ကူးတဲ့ပုဂ္ဂိုလ်ရော၊ ဒီတုံးကြီးရော တခါတည်း နှစ်မြုပ်ဘို့ရာ အကြောင်းမှ တပါး ဘာမှ မရှိဘူးတဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

ဘာ့ကြောင့်ဟုံးဆိုတော့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြပါ့မယ်ကွာ-တဲ့....(မှန်ပါ့)။

ငါ့ကိုယ်, ငါ့ဟာဆိုတဲ့ ဒိဋ္ဌတွေက မောင်နှိုင်- မောင်ဘမ့်တို့ ဒီရုပ်နာမ်အပေါ်မှာ ငါ့ကိုယ်, ငါ့ဟာ-ဆိုတဲ့ ဒိဋ္ဌအစဲကြီးက သီလမျှလောက်နဲ့ ဒိဋ္ဌအစဲ ပြုတ်ပါ့မလား....(မပြုတ်ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌရှိလို့ အပါယ်ရောက်သွားတယ်ဆိုတာ တကာ တကာမတွေလဲ သီပြီးသား ဖြစ်ပါလိမ့်မယ် .... (သိပါတယ် ဘုရား)။

ဘာ့ကြောင့်ဟုံးဆိုတော့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြပါ့မယ်ကွာ-တဲ့....(မှန်ပါ့)။

ငါ့ကိုယ်, ငါ့ဟာဆိုတဲ့ ဒိဋ္ဌတွေက မောင်နှိုင်- မောင်ဘမ့်တို့ ဒီရုပ်နာမ်အပေါ်မှာ ငါ့ကိုယ်, ငါ့ဟာ-ဆိုတဲ့ ဒိဋ္ဌအစဲကြီးက သီလမျှလောက်နဲ့ ဒိဋ္ဌအစဲ ပြုတ်ပါ့မလား....(မပြုတ်ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌရှိလို့ အပါယ်ရောက်သွားတယ်ဆိုတာ တကာ တကာမတွေလဲ သီပြီးသား ဖြစ်ပါလိမ့်မယ် .... (သိပါတယ် ဘုရား)။

သောတာပန်တည်တယ်ဆိုတာ ဒိဋ္ဌဝိစိကိစ္ဆာပယ်လို့ အပါယ် လေးပါးတံခါးပိတ်ပြီး သောတာပန်တည်တယ်ဆိုတာက အထင် အရှား မဟုတ်လား....(မှန်ပါ့)။

အဲဒီတော့ ခုနင်က သီလက မြုပ်တတ်တဲ့ ဒိဋ္ဌိကို ပယ်ပါရဲ့လား.... (မပယ်ပါဘုရား) သီလကျင့်ရုံမျှနဲ့ ဒိဋ္ဌိပြုတ်ပါ့မလား....(မပြုတ်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ အင်ကြင်းပင်ကြီး ပါးပုတ်ပြီး သကာလ အရင်း အဖျားဖြတ်ပြီး လှေပုံသဏ္ဌာန်ခုတ်ပြီး ဝမ်းတွင်းတာ အစာတွေ့မထုတ်ဘဲ ကူးသလိုဘဲဟော့....တဲ့။

သံသရာ ကူးတော့ကူးတာဘဲ....တဲ့၊ ကူးပင် ကူးငြားသော်လဲ မြုပ်ရမှာသာ ရှိတယ်ဆိုတဲ့အဓိပ္ပါယ်ကို ဘုရား-သေသေချာချာ ရှင်းမပြဘူးလား....(ပြပါတယ်ဘုရား) ကိုစံလှ-ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် မောင်နှိုင်- မောင်ဘမို့တို့က သီလကလေးလောက်နဲ့ဘဲ တင်းတိမ်ပြီး နေကြလို့ ရှိယင်ဖြင့် ဝမ်းစာမထုတ်တဲ့ လှေကြီးလိုဘဲ မြုပ်ဦးမယ်ဆိုတာ ဘာမှ သံသယ မရှိကြပါနဲ့.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

သီလကလေးလောက်နဲ့ မတင်းတိမ်နေပါနဲ့ဆိုတာ သီလဆိုတာ သာမည မမှအစုကလေးမျှသာဖြစ်တယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သလ္လကို သေသေချာချာဟောတဲ့အတွက် ဥပမာပုံနဲ့ ပြလိုက်တော့လဲ မောင်နှိုင်- မောင်ဘမို့တို့ မရှင်းဘူးလား....(ရှင်းပါတယ်ဘုရား)။

လှေလုပ်လောက်တဲ့ အင်ကြင်းပင်ကြီး အရင်း အဖျား ဖြတ်ပြီးသကာလ၊ ပါးတွေ ဘာတွေ ပုတ်ပြီးသကာလ ကျောက်တွေ ဘာတွေနဲ့ချေ၊ လှေသဏ္ဌာန်လုပ်ပြီးသကာလ ထား၊ ကိုစော

မောင် ဒီအတိုင်း တက်စီးပြီး ကူးကြည့်စမ်းပါလား-ရပါ့မလား (မရပါဘူးရှား) မြုပ်မယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဘာ့ကြောင့်တုံး....ဝမ်းစာမထုတ်လို့ဆိုတဲ့ အဓိပ္ပါယ်က ပါနေတယ်.... (ပါ့-ပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒီမှာလဲ ကာယကံ့ဝစီကံလေးလောက်နဲ့ ပြင်ဘက်ကနေပြီး ပုတ်တိုက်နေလို့အထဲမှာ မနောကံဗုက်ပေါက်ပြီး ဒီဒိဋ္ဌဝိစိကိစ္ဆာတွေ ရှုပ်နေတာတွေကို တကာတကာမတွေက ဖြစ်ပျက်မရှုတော့ ဒိဋ္ဌကွဝါ့မလား....(မကွဝါဘူးရှား)။

မကွာတော့ ဒိဋ္ဌိအလေးခတ်ကြီးက ဝမ်းထဲမှာ ရှိနေလို့ ဘယ်နည်းမှ ကူးမြောက်ဘို့ မရောက်နိုင်သေးဘူး ဆိုတာကိုလဲ ဘုရားက သလ္လတို့,အဘယတို့ကို သေသေချာချာဟောပြန်တော့ သြော်....ကိုလေသာရေယာဉ်ကြီးကို ကူးပင် ကူးငြားသော်လဲတဲ့ တကာတကာမတို့ အင်ကြင်းပင်မှာ အတုင်းက အစာတွေထုတ်ပြီး မပစ်လိုက်တဲ့အတွက် ဟိုမှာဘက်ကမ်းတည်းဟူသော နိဗ္ဗာန်ကူးချင်ငြားသော်လဲ ကိလေသာရေယာဉ်ထဲမှာသာ မြုပ်ရတယ်ဆိုတဲ့အဓိပ္ပါယ် ပြောတာ.... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ကို သတိပေးပါတယ်၊ သြော်.... သိလကလေးဆောက်တည်ပြီးသကာလ သိလကလေးယူပြီး အိပ်လိုက်မယ်၊ သိလကလေး ယူပြီးသကာလ သွားစရာလာစရာရှိသွားမယ်ဆိုတဲ့ သာမညဓမ္မအစုကလေးနဲ့ တင်းမတိမ်ပါနဲ့လို့

ဘုန်းကြီးက ဘုရားဟောတာကြည့်ပြီးသကာလ သေသေချာချာ တကာတကာမတွေ့အား ပြောကြားနေတယ်.... (မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် သီလက မနောကံဒိဋ္ဌတွေ့ ပယ်နိုင်ပါရဲ့လား.... (မပယ်နိုင်ပါဘုရား) မပါယ်နိုင်ကတည်းက ဒိဋ္ဌိမပယ်ယင် အပါယ်လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သည်ကားလို့ ဆိုယင်ဖြင့် အကူးမတတ်သေးဘူး ဆိုထိုက်-မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် အားလုံးသော တကာတကာမတွေ့ ဒိဋ္ဌိပုဿ် စောင့်နေတာဘဲကွာ ဆိုလို့ရှိယင်ဖြင့် တကာ တကာမတွေ့က ဟာ....ဒီဥစ္စာ အင်ကြင်းပင်ကြီး အဖျားအရင်းဖြတ်ပြီးသကာလ ဝမ်းစာမထုတ်ဘဲနဲ့ လေခုတ်ကူးနေတဲ့ နိဗ္ဗာန် ရောက်ချင်လို့ ဆိုပြီး ကူးတော့ကူးတာဘဲ မောင်နှိုင်-မောင်ဘမ္မိတို့ရ ဟင်.... (မှန်ပါ့) ရောက်နိုင်ပါ့မလား.... (မရောက်နိုင်ပါဘုရား) ဘာ့ကြောင့်တုံး....လို့မေးတော့ ဝမ်းစာမထုတ်လို့....(မှန်ပါ့)။

ဒါဖြင့် ဝမ်းထဲမှာရှိတဲ့ မနောကံကစွဲနေတဲ့ ငါ့ကိုယ် ငါ့ဟာတွေ့ ကိုစံလှတို့, ကိုစောမောင်တို့ စွန့်ပစ်နိုင်တဲ့ သဘောသီလက ရှိပါရဲ့လား.... (မရှိပါဘုရား) မရှိတော့ ဒီအကျင့်ကို ကျင့်ဦးမှ ပေါ့ဗျာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကွာတဲ့ အကျင့်ကို တကာတကာမတို့ မကျင့်သေးသ၍ကာလပတ်လုံးဖြင့် အမြဲပ်ဓာတ် မလွတ်သေး

ပါဘူးဆိုတာကို ဆုံးဖြတ်ချက်ချကြပါ.... (မှန်ပါ့) အမြဲဖ်
လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ ဘုရား ပေးတဲ့ ဥပမာနဲ့လဲ မောင်နှိုင်-မောင်ဘမို့တို့က ကျေနပ်လောက် ပါပြီ....(မှန်ပါ့)။

အင်ကြင်ပင်ကြီးခုတ်ပြီးကွာ လေပုံသဏ္ဌာန်သာ သူထွင်းနေ တယ်၊ ဝမ်းစာတွေတော့ သူထုတ်ပါရဲ့လား.... (မထုတ်ပါ ဘုရား)။

မထုတ်ဘဲနဲ့ လေပေါ်ခွစီးပြီး ဟိုမှာဘက်ကမ်းဆိုတဲ့ ကမ်းကို ကူးခဲ့သော် .... အလယ်တွင် နစ်လိမ့်မယ်၊ အစ,တွင် နစ်လိမ့် မယ်ဆိုတာ တကာတကာမတို့ သံသယရှိဘို့ လိုသေးသလား.... (မလိုပါဘုရား) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် သီလထက်မြတ်တာ ဘာရှိသေးသလဲကွ-လို့ပြောတဲ့ အပြောတွေကိုလဲ တကာတကာ်မတွေက ကြည့်ရှောင်ဘို့အရေး ကြီးတယ်....(မှန်ပါ့)။

သီလအပေါ်မှာ အညွှန့်တပ်ပါဦးဆိုတာကိုလဲ ဟော့ထိုက်၊ မဟော့ထိုက်....(ဟော့ထိုက်ပါတယ်ဘုရား)သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ဘာ့ကြောင့်တုံး....လို့မေးတဲ့အခါကျလို့ရှိယင်ဖြင့် ဒီဌိဟာ အလေးဓာတ်လား-အပေါ့ဓာတ်လားလို့ မေးတော့ သောတာ ပတ္တိမဂ်ရတဲ့ပုဂ္ဂိုလ်တွေမှာ အပါယ်လေးပါးမှ လွတ်တယ်ဆိုတာ ဒီဌိပယ်လို့ လွတ်သွားတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သီလလောက်က ဒိဋ္ဌိပယ်နိုင်ပါရဲ့လား.... (မပယ်နိုင်ပါဘုရား) မပယ်နိုင်တော့ ဝိပဿနာမှ ဒိဋ္ဌိပယ်နိုင်တယ်ဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိမပြုတ်သရွေ့ တကာတကာမတို့ အပါယ်နဲ့ လွတ်ရေး,ကျတ်ရေး မရှိသေးဆိုတာကော ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒိဋ္ဌိအလေးမာတ်ပါနေတဲ့အတွက် ဤမှာဘက်ကမ်းမှ ကိုစောမောင် ဟိုမှာဘက်ကမ်း မရောက်နိုင်ဘူးကွ....တဲ့.... (မှန်ပါ့) ဒီလူကြီးဟာ ရောက်ပါ့မလား....(မရောက်ပါဘုရား) လူက ပုံသဏ္ဌာန်သာရှိတာကိုးဗျ၊ ဝမ်းစာထုတ်ကဲ့လား....(မထုတ်ပါဘုရား) မထုတ်တော့ မြုပ်ရမယ်ဆိုတာက အထူးပြောဘို့ လိုသေးသလား.... (မလိုပါဘုရား)။

ဒါ့ကြောင့် ရှေးက တကာတကာမတွေက တခြို့ သီလကလေးအားကိုးပြီးသကာလ အားမကိုးနဲ့လို့ ဆရာဘုန်းကြီးက မဟာသေးဘူး၊ ဟိုမှာဘက်ကမ်းတော့ မရောက်ဘူးလို့ ဟောရတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သီလကလေး ဆောက်တည်ပြီးသကာလ ခင်ဗျားတို့ ဝိပဿနာ အညွှန့်တပ်လိုက်တာ့ ပေါ့ဗျာ....(မှန်ပါ့) ဝိပဿနာ အညွှန့်တပ်လိုက်တော့ သီလကကာယကံ,ဝစီကံလုံပြီးသကာလ ဝိပဿနာက မနောကံဖြစ်နေတဲ့

ဒိဋ္ဌိတွေကို ဖြစ်ပျက်မြင်အောင် ကြည့်တဲ့ အခါကျလို့ ရှိယင် ငါ့ကိုယ်,ငါ့ဟာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ငါ့ကိုယ်, ငါ့ဟာ မဟုတ်ဘူးဆိုကတည်းက ဒိဋ္ဌိက ငါ့ကိုယ်, ငါ့ဟာ ထင်တာ ဒိဋ္ဌိ ဖြစ်ပြီး သကာလ နေတော့ ငါ့ကိုယ်, ငါ့ဟာမဟုတ်ကြောင်း ကောင်းကောင်းသိသွားတော့ ဒီယောဂီ ပုဂ္ဂိုလ်မှာ ဒိဋ္ဌိမပြုတ်ဘူးလား....(ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်ကတော့ဖြင့် တကာတကာမတို့ ခန္ဓာကြီးနဲ့ဘဲ ဟိုမှာဘက်ကမ်း ကူးမယ်ဆိုလို့ ရှိယင် မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာကြီးက ဘာနဲ့တူသတုံး ဆိုလို့ ရှိယင် ကိုစော မောင်-မှတ်စမ်း၊ လှေနဲ့တူတယ်....(မှန်ပါ့) ဝိပဿနာ အလုပ်-လုပ်တဲ့ပုဂ္ဂိုလ်က လှေထွင်းနေတဲ့ပုဂ္ဂိုလ်နဲ့ မတူဘူးလား....(တူပါတယ်ဘုရား)။

လှေထွင်းနေတဲ့ပုဂ္ဂိုလ်သည် လှေထွင်းပြီးမှ သူသည် ချ,စီး ခဲ့သည်ရှိသော် တဏှာတည်းဟူသော ရေယာဉ်ပေါ်မှာ ဖြတ်ပြီး သကာလ ဤမှာဘက်ကမ်းတည်း ဟူသော သမ္မာဒိဋ္ဌိနယ်မှ ဟိုမှာဘက်ကမ်းတည်းဟူသော သက္ကာယဒိဋ္ဌိတို့၏ ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ-(မှန်ပါ့ ဘုရား)။

ဒါဖြင့် တကာ တကာမတို့ အတွင်း- မထွင်းလို့ ရှိယင် မရ ဘူးလို့ ပြောတဲ့တရားဘဲ....(မှန်ပါ့) သဘောပါကြပ့လား.... (ပါ-ပါပြီဘုရား)။

အတွင်းကမစင်ကြယ်ယင်တော့ မရနိုင်ပါဘူးဆိုတာ သဘော ကျကြပလား....((ကျပါပြီဘုရား)။

ဒါဖြင့် အတွင်းစင်ကြယ်အောင် ခန္ဓာကိုယ်ထဲမှာ အလေး ဓာတ် ဘယ်သူတုံးလို့ မေးလို့ရှိယင် ဒိဋ္ဌိ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား) ဒိဋ္ဌိ အလေးဆုံးဘဲ မဟုတ်လား.... (မှန်ပါ့)။

အဲဒါကြောင့် ဒိဋ္ဌိပြုတ်တော့ တကာတကာမတွေ့ စဉ်းစား ကြည့်ပါ။ အပါယ်လွတ်တယ်လို့ မဆိုဘူးလား.... (ဆိုပါတယ် ဘုရား) ဒိဋ္ဌိမပြုတ်တော့....(အပါယ်မလွတ်ပါဘုရား)။

ဒါဖြင့် သီလက ဒိဋ္ဌိပြုတ်-မပြုတ်.... (မပြုတ်ပါဘုရား) ကာယကံကိုး....ဗျ။ ဒိဋ္ဌိက မနောကံ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မနောကံဒိဋ္ဌိမပြုတ်သရွေ့ကာလပတ်လုံး သီလကလေး လောက်နဲ့ဖြင့် တကာ တကာမတို့ မတင်းတိမ်ပါနဲ့၊ သီလပေါ်မှာ မနောကံတည်းဟူသော အညှန့်ကိုတပ်ပြီး မနောကံအလုပ်-လုပ်ပါမှ ဒိဋ္ဌိပြုတ်တော့မယ်ဆိုတဲ့ဥစ္စာကို ဘုရားက အင်ကြင်း ပင်ကြီး ခုတ်ပြီးပြတဲ့ ဥပမာနဲ့ သလ္လကို ဟောတာ....(မှန်ပါ့) သဘောပါကြပလား....(ပါ.ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ လုပ်ဖြစ်အောင်လုပ်ရလိမ့်မယ်၊ ဒီအညှန့်ကို တပ်ဖြစ်အောင်တပ်ရလိမ့်မယ်။

ဝမ်းစာမထွင်းတဲ့လေဟာဖြင့် ကိုစောမောင်- ဘယ်နည်းနဲ့မှ ဟိုဘက်ကမ်း မရောက်ဘူး....(မှန်ပါ့) စီးသူရော၊ သစ်တုံးရော မြုပ်မှာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝမ်းစာထွင်းပြီးသကာလ လေ့လုပ်ခဲ့သည်ရှိသော် ဘယ်လို မြုပ်တတ်တဲ့အသားဖြစ်စေ ကိုစံလှတို့ ပေါ်ရမယ်....(မှန်ပါ့) မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒါတွေ နားလည်တော့မှ အားလုံး တကာ တကာမတွေ ဘုန်းကြီးများက လေးလေး နက်နက် သတိပေးလိုက်တာက တကာတကာမတို့ ဥပုသ်ကလေး စောင့်ကာမျှနဲ့ တင်းတိမ်မနေလိုက်ပါနဲ့၊ ဝမ်းစာတွေလေးလို့ ရေမြုပ်ရေးက မအေးသေး ပါဘူးလို့ ဆိုထိုက်-မဆိုထိုက်-(ဆိုထိုက်ပါတယ်ဘုရား) သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဥပုသ်လဲစောင့်ကြပါ။ စောင့်ပြီးသကာလ တကာ တကာမတွေ ဒိဋ္ဌိအလေးခတ်တွေကိုလဲ ဉာဏ်နဲ့ ကော်ထုတ်ပြီး သကာလ အပေါ်ခတ်ဖြစ်အောင်ဖြင့် လုပ်ပါမှ "စတူဟာ ပါ ယေဟိစ ဝိပ္ပမုတ္တော" အပါယ်လေးပါးမှ လွတ်တော့မယ်ဆိုတဲ့ ဥစ္စာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အခုပြောတဲ့အဓိပ္ပါယ်သည်ကား လို့ဆိုယင် ဘုန်းကြီးက ကြံဖန် တန်ဆာဆင်ပြောတဲ့ အသွားလဲ မဟုတ်လို့ တိကနိပါတ်အဂုံတို့ရှိမှာ သလွန်အဘယကို သေသေ ချာချာ ဟောသည်ဖြစ်လေသောကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေသည် သီလကလေးလောက်နဲ့ တင်းတိမ်မနေဘဲနဲ့ သမာဓိပညာနဲ့ တွဲလွှတ်ပြီးသကာလ ခန္ဓာထဲက ကြိုက်ရာ သတိ ပဋ္ဌာန်လေးပါး တပါးပါးရဲ့ အပျက်ကိုရှုပါ။ ရှုလိုက်လို့ရှိယင် အပျက်မြင်လို့ရှိယင်ဖြင့် ငါမဟုတ်လို့ ပျက်တာဘဲ၊ .ငါ့ဥစ္စာ

မဟုတ်လို့.....(ပျက်တာပါ) ဆိုတော့ ဒီဌိကာ ဘယ့်နှယ်နေသလဲ-(ပြုတ်ပါတယ်ဘုရား)။

အဲ့....ဒီဌိပြုတ်သွားတဲ့အခါကျတော့ ခုနင်က သစ်တုံးကြီးကို ဆောက်နဲ့ထွင်းသလို ဉာဏ်ဆောက်နဲ့ထွင်းလိုက်တဲ့အတွက် လှုသဖွယ် ဖြစ်ပြီးသကာလ ဒီခန္ဓာကြီးဟာ ဟိုမှာဘက်ကမ်း ကူးပါလိမ့်မယ်လို့ ဘုရားက သေသေချာချာ အမိန့်ထုတ်တယ်....(မှန်ပါ့) သဘောပါကြပလား.....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ လုပ်မှုရမယ်ဆိုတဲ့အကြောင်းကိုလဲ သူပြောပြန်တာဘဲ့....(မှန်ပါ့) ကျေနပ်ပလား.....(ကျေနပ်ပါပြီဘုရား)။

သလွန်အဘယကုသေသေချာချာဟောတဲ့အတွက တတ္ထတွေ့ ဟောသလို သီလကလေးလုံပြီးတော့ မကျင့်ဘဲနေယင်ပြီးတာဘဲ့ ဆိုတဲ့ဥစ္စာသည် ကဲ့....မောင်နိုင်-မောင်ဘမို့တို့ ပုဥပမာနဲ့ ပြောလိုက်တော့လဲ မရှင်းဘူးလား....(ရှင်းပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သီလလဲဆောက်တည်ကြပါလို့ ပြောတယ်နော်....(မှန်ပါ့)။

သီလဆောက်တည်ပြီးသကာလ ဒီအတိုင်းမနေပါနဲ့၊ ဝိပဿနာအလုပ်- လုပ်ပါဆိုတဲ့ဥစ္စာ လှုဖြစ်အောင်လို့ ဝမ်းစာတွေ့ အထွင်းခိုင်းသလို ဟိုမှာဘက်ကမ်း ကူးနိုင်အောင်လို့ ဒီဌိ ဖြုတ်ခိုင်းနေတာဘဲ့....(မှန်ပါ့)။

အဲ့ဒီတော့ ဒီဌိဟာ အလေးဓာတ်လား၊ အပေါ့ဓာတ်လား ဆိုတာ စဉ်းစားကြည့်ပါ....(အလေးဓာတ်ပါဘုရား)။

ဒေဝဒတ်ကြီးဟာ ငါဘုရားဖြစ်ချင်တယ်ဆိုပြီး ငါနှိပ်စက်ချလိုက်တာ တခါတည်း အခု အဝီစိရောက်နေပြီ .... (မှန်ပါ့ဘုရား)။

ကောကာလိကတို့လဲ တခါတည်း ငါနှိပ်စက်ချလိုက်တဲ့ဥစ္စာတကာ တကာမတို့ အခု အဝီစိမှာ ကျမနေဘူးလား....(ကျနေပါတယ်ဘုရား)။

သုပ္ပဗုဒ္ဓဆိုတဲ့ ဒီဒေဝဒတ်၏ အဖေဟာလဲ ငါ့သမီး ပစ်ထားခဲ့တယ်၊ ငါ သူ့တော့ဖြင့် ဘယ်နည်းနဲ့မှ ရှိသေကိုင်းညွတ်ခြင်း ငါတော့ မပေးနိုင်ဘူးဆိုတာနဲ့ဘဲ မြေမျိုပြီးသကာလ အဝီစိမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ စဉ်းစားမိပါပြီ၊ သီလဟာ ဒီဋ္ဌမပြုတ်ဘူး.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါဖြီဘုရား)။

သီလဟာ ဒီဋ္ဌပြုတ်ပါရဲ့လား....(မပြုတ်ပါဘုရား) ဒီဋ္ဌသည်ကား....လို့ဆိုယင် ဝိပဿနာ မနောကံနဲ့ကြိုးစားမှ ဒီဋ္ဌပြုတ်မယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မမှာထိုက်ဘူးလား....(မှာထိုက်ပါတယ်ဘုရား) သီလကလေးနဲ့ တင်းတိမ်မနေပါနဲ့၊ ဝိပဿနာအညွှန့်တပ်ပါလို့ဆိုတာ လှေဝမ်းစာထွင်းပါလို့ ပြောတာ.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဝမ်းစာမထွင်းယင်တော့....(မြုပ်မှာပါဘုရား) အဲ....မောင်ဘမို့တို့-မောင်နိုင်တို့ ကူးကြည့်စမ်းပါကွာ- မြစ်တခုကို မြုပ်မှာ

ဘဲ၊ စီးသူရော၊ ပစ္စည်းရော ဘယ့်နှယ် နေသတုံး.... (မြုပ်မှာပါ ဘုရား)။

အဲ.... ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သီလကလေး လုံခြုံ ရုံနဲ့ တင်းတိမ်မနေကြနဲ့ ဆိုတာ သလ္လတို့ အဘယတို့ကို သေသေ ချာချာ ကိုယ်တော်တိုင်ဟောသည်ဖြစ်လေသောကြောင့် ဘုန်း ကြီးတို့ တကာတကာမတွေ့ အညွှန့်မတတ်ယင် မဖြစ်တာ ထင် ရှားလာပြီဆိုသဖြင့် ဘာမှ သံသယမရှိဘဲနဲ့ ဘဲ မှတ်ကြရတော့ မယ်....(မှန်ပါ့) မှတ်ထိုက်ပလား....(မှတ်ထိုက်ပါပြီဘုရား)။

ဘယ်သူက ဘာပြောပြော တကာ တကာမတို့ ဒီမှာ ကိုယ် တော်တိုင် ဟောထားတဲ့အတွက် တကာတကာမတို့သည် ဝမ်းစာ ဆိုတဲ့ ဒိဋ္ဌိကိုဖြင့် ထွင်းပါ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲ....ဒိဋ္ဌိပြုတ်လို့ ရှိယင်ဖြင့် ဝမ်းစာထွင်းသောကြောင့် ဤ ခန္ဓာကိုယ်ကြီးဟာ ပေါ်ပါပြီတဲ့၊ မမြုပ်ပါဘူး....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာကြီးမှာ ပေါ်ခန္ဓာ၊ မြုပ်ခန္ဓာ နှစ်မျိုး ရှိတာ ပေါ့....(မှန်ပါ့) ဒိဋ္ဌိရှိယင်.... (မြုပ်ခန္ဓာပါ) ဒိဋ္ဌိပြုတ်ယင်.... (ပေါ်ခန္ဓာပါဘုရား)။

ပေါ်ခန္ဓာဖြစ်နေသောကြောင့် တကာ တကာမတို့ ခုနင်က ဝတ္ထုကိုလဲ ထောက်လိုက်လို့ ရှိယင်ဖြင့် ဒိဋ္ဌိဆဲ့ချလိုက်တာချည့် ဘဲ....(မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒေဝဒတ်ကလဲ ငါဘုရားဖြစ်ချင်တယ်ဆိုတော့ ဒိဋ္ဌိဆဲ့ မကျ ဘူးလား....(ကျပါတယ်ဘုရား)။

ကောကာလိက-ကလဲ ထို့အတူဘဲ·တဲ့၊ ငါတို့သာသနာသာ ကြီးပွားချင်တယ်ဆိုတဲ့ ငါဒိဋ္ဌိကြောင့် ကောကာလိကလဲ ငရဲကျတယ်....(မှန်ပါ)။

ယသော်ဓယာ အဖေ, သူပဗ္ဗဇိတလဲ ငါ့သမီးခင်ပွန်းဘဲ....၊ ငါ့သမီးလဲ ပစ်ထားခဲ့သေးတယ်၊ ငါသူ့ကို ဘယ်မှာ ကြည့်ညိုနိုင်ပါ့မလဲ ဆိုပြီးသကာလ.... ငါ-ဆိုတဲ့ အစဲ့က နှိပ်ချလိုက်တာနဲ့ ခုနစ်ရက်ရှိတော့ မြေမမျိုဘူးလား....(မျိုပါတယ်ဘုရား)။

ဒါဘယ်သူ့ကြောင့် ကျသွားသတုံးလို့မေးလို့ရှိယင် တကာတကာမတို့ သိလောက်ပါပြီ(သိပါပြီဘုရား) ဘာတုံး....(ဒိဋ္ဌိ ဆဲ့ချလိုက်တာပါ) ဒိဋ္ဌိ ဆဲ့ချလိုက်တာဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါကြောင့် ဒီလိုကြားရ-နာရပြန်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ အင်ကြင်းပင်ကြီး ဥပမာပြလိုက်လို့ ဝမ်းစာထွင်း-မထွင်းကိုလဲ ထူးထူးခြားခြား မပြောဘူးလား....(ပြောပါတယ်ဘုရား)။

မထွင်းဘဲနဲ့စီးယင် မြုပ်တယ်ကွ....၊ ထွင်းပြီးစီးယင် ရောက်တယ်ကွ၊ မသေချာကြဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီ သေချာတာတွေကို သေသေချာချာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘွင်းဘွင်းကြီးပြောတဲ့အတွက် တကာတကာမတွေက တင်းတိမ်နေတာကလေးကို အညှန့်တပ်ပေးပါဆိုတာကို ဖြင့် မရှောင်မလွဲသာဘဲနဲ့ကို တပ်ရတော့မယ်....(မှန်ပါ့)။

သီလ ဆောက်တည်တိုင်း-ဆောက်တည်တိုင်း တကာ တကာ မတို့ ဝိပဿနာဖြင့် အညွှန့်တပ်ကြပါ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘာလုပ်ကြမယ် (ဝိပဿနာအညွှန့် တပ်ကြရပါမယ်ဘုရား)။

ဝိပဿနာအညွှန့် မတပ်လို့ ရှိယင်ဖြင့် မြုပ်မယ်ဆိုတာဟာ တကာ တကာမတို့ သီလတန်ခိုးကြောင့် နတ်ပြည်ရောက်သွားမယ်၊ စျာန်ရယင် ဘဝင်ဘုံတိုင်အောင် ရောက်ချင် ရောက်သွားမယ်ပေါ့ဗျာ....(မှန်ပါ့)။

သို့သော်....အလေးဓာတ်ပါသွားတဲ့အတွက် ဘာဖြစ်မတုံး....(ပြန်မြုပ်မှာပါဘုရား) ပြန်မြုပ်မယ်ဆိုတာ သဘောကျပလား-(ကျပါပြီဘုရား)။

ပြီးတော့ကို.... တကာတကာမတွေ ဒါက သီလတွင် မတင်း တိမ်နဲ့ ဝိပဿနာဖြည့်စွက်ပါဆိုတာကို တကာတကာမတွေအား တိုက်တွန်းတဲ့ဝတ္ထုဘဲ....(မှန်ပါ့)။

သီလတွင် ဘာတုံး....(မတင်းတိမ်ပါနဲ့ဘုရား) ဘာဖြည့်စွက်ရမတုံး....(ဝိပဿနာ ဖြည့်စွက်ရပါမယ်ဘုရား)။

ဝိပဿနာဖြည့်စွက်ပါဆိုတော့ ဝိပဿနာ လုပ်နည်းကိုတော့ အမျိုးမျိုးဘဲ နေ့တိုင်း ဟောနေတာပေါ့ဗျာ....(မှန်ပါ့)။

တခါတကာ တကာမတွေမှာ ဘုရားက ဒီဌိအလေးဓာတ်ကြောင့် မြုပ်သွားတာကို-တဲ့....(မှန်ပါ့)။

သီလသမား မြုပ်ရတာသည် ဘာကြောင့် မြုပ်တယ် ဆိုတာကလဲ သဘောပါပလား....(ပါ-ပါပြီဘုရား) ဒီဌိအလေးဓာတ်

ကျန်နေလို့ မြုပ်ရတယ်....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

သီလသမားတွေသည် တကာတကာမတို့ တဖန် မြုပ်ရတာ ဘယ့်နှယ်ကြောင့်ပါလိမ့်....(ဒိဋ္ဌိအလေးခတ် ပါလို့ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဘုရားက ဒိဋ္ဌိကို ပဓာနထားတယ်၊ ဝိစိကိစ္ဆာကို ပဓာနထားရဲလား....(မထားပါဘုရား)။

အဲဒီတော့ တကာ တကာမတွေကလဲ ပါဠိတော်လာတာ ဖြစ်နေသောကြောင့် ခင်ဗျားတို့က သေသေချာချာ မှတ်ပါတဲ့၊ ဒိဋ္ဌိပြုတ်ယင် ဝိစိကိစ္ဆာ အထူး ဖြုတ်စရာမရှိလို့ မှတ်လိုက်....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ငါ, ငါဉစ္စာဖြုတ်လို့ရှိယင်ဖြင့် တကာ တကာမတွေ....ဝိစိကိစ္ဆာဆိုတဲ့ သံသယဟာ ပြုတ်တာပါဘဲ....(မှန်ပါ့)

ဒိဋ္ဌိဖြုတ်ပြီးသားပဋိလ်မှာ ဝိစိကိစ္ဆာ အထူးဖြုတ်နေစရာမရှိတော့ဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကိုစောမောင်- ဘာဖြုတ်ယင် ဘာပြုတ်သလဲ....(ဒိဋ္ဌိပြုတ်ယင် ဝိစိကိစ္ဆာ ပြုတ်ပါတယ်ဘုရား)။

နောက်က တကာတကာမတွေ ဘာပြုတ်ယင် ဘာပြုတ်သတုံး....(ဒိဋ္ဌိပြုတ်ယင် ဝိစိကိစ္ဆာပြုတ်ပါတယ်ဘုရား)။

တကာတကာမတို့ ဖြစ်ပျက်မြင်တဲ့ တကာ တကာမတွေသည် ဘုရားက ဒီလိုဟောထားပါတယ်၊ ဒိဋ္ဌိပြုတ်ယင် ဝိစိကိစ္ဆာပြုတ်တယ်လို့ ဟောထားတယ်၊ ရှင်အာနန္ဒာက မေးတယ်၊ အရှင်

ဘုရား....တဲ့၊ လောကကြီးထဲမှာ မြဲသလား-မမြဲဘူးလား ဆိုတဲ့ အမေးတွေဟာ ဒါဒီဋ္ဌိအမေးတွေချည့်ပါဘဲ....တဲ့၊ အဲဒီအမေးတွေ စင်ကြယ်သွားတဲ့ပုဂ္ဂိုလ်မှာ ဘယ်လိုမျှားကျေးဇူးခံစားရပါလိမ့်မလဲ....တဲ့။

ဒီအမေးတွေကို သဘောကျပြီး ဒီဥစ္စာ သူတို့မေးနေတာ မြဲသလား- မမြဲဘူးလား မေးဘို့လိုသေးသလား.... (မလိုပါဘုရား)။

"သဗ္ဗေ သင်္ခါရာ အနိစ္စ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခ၊ သဗ္ဗေ ဓမ္မာ အနတ္တာ" ဆိုတော့ သြော်....လောကကြီးထဲမှာ မြဲတဲ့ တရားလဲ မရှိဘူး-အနိစ္စတရားသာ ရှိတာဘဲ၊ မမြဲတဲ့တရားချည့် ရှိတာဘဲ ဆိုတာ သဘောပါကြပလား....(ပါ·ပါပြီဘုရား)။

အဲဒီကဲ့သို့ သဘောပါတဲ့ပုဂ္ဂိုလ်ကျတော့ ဝိစိကိစ္ဆာ ပြုတ်ပြီးသား ဖြစ်ပါတယ်လို့ ဟောတယ်....(မှန်ပါ့)။

ဘာကြောင့်တုံး....ဆိုလို့ ရှိယင် သူသိထားတယ် ဒီဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်ဟာ အကြောင်းချုပ်လို့ အကျိုးချုပ်တယ်၊ အကြောင်းမချုပ်လို့....(အကျိုးမချုပ်ပါဘုရား) အကြောင်းချုပ်ယင်....(အကျိုး ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အကြောင်းချုပ်လို့ အကျိုးချုပ်တယ်လို့ သိထားတဲ့ ပုဂ္ဂိုလ်က ဘာ့ကြောင့် ချုပ်ပါလိမ့်မလဲဆိုတဲ့ ဝိစိကိစ္ဆာလာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် အကြောင်းချုပ်လို့ အကျိုးချုပ်တယ်လို့ ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ်မျှားမှာ ဘယ့်နှယ်ကြောင့် ဖြစ်ပါလိမ့်မတုံး.... ဘယ့်

နှယ်ကြောင့် ပျက်ပါလိမ့်မတုံးဆိုတာ လာသေးရဲ့လား....(မလာပါဘုရား)။

အကြောင်းဖြစ်ယင်.... (အကျိုးဖြစ်ပါတယ်) အကြောင်းချုပ်ယင်....(အကျိုးချုပ်ပါတယ်ဘုရား)။

အဲဒီလိုသိထားတော့ အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်တယ်ဆိုတာ တကာတကာမတွေက အဖြစ်နဲ့အပျက်ကို သိမထားဘူးလား.... (သိထားပါတယ်ဘုရား) ဖြစ်ပျက်သိထားတော့ ဘယ့်နှယ်ကြောင့် ဖြစ်ပါလိမ့်မတုံး....ဆိုတဲ့ ဝိစိကိစ္ဆာ ဝင်ခွင့်ရသေးရဲ့လား.... (မရပါဘုရား)။

ဘယ့်နှယ်ကြောင့် ချုပ်ပါလိမ့်မလဲဆိုတဲ့ ဝိစိကိစ္ဆာကော.... (မလာပါဘုရား) ဒါဖြင့် ဒီဌိ ပြုတ်ကတည်းက ဘာတုံး.... (ဝိစိကိစ္ဆာပြုတ်ပါတယ်ဘုရား)။

အကြောင်းဖြစ်၍ အကျိုးဖြစ်တယ်၊ သဘောကျပလား.... (ကျပါပြီဘုရား) အကြောင်းချုပ်၍.... (အကျိုး ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အဖြစ်နဲ့အပျက်မြင်တဲ့ပုဂ္ဂိုလ်ဟာ ဝိစိကိစ္ဆာ အထူးသတ်စရာ လိုသေးသလား....(မလိုပါဘုရား)။

အဲဒါကြောင့် ကိုစောမောင်တို့ရေ....ဒါကလေးတော့ ထူးထူးခြားခြားမှတ်ပါ၊ ရှင်အာနန္ဒာကို ဘုရားကိုယ်တော်တိုင် ဟောလို့ ဒီဌိပြုတ်တဲ့ပုဂ္ဂိုလ်မျှား ဝိစိကိစ္ဆာ အထူးဖြုတ်စရာမလိုဘူးဆိုတာ သေသေချာချာမှတ်ပါ.... (မှန်ပါ့) သဘော့ပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်တာနဲ့ ပျက်တာ မြင်တိုင်း,မြင်တိုင်း ဒိဋ္ဌဝိစိကိစ္ဆာသည် ပြုတ်နေတာဘဲ.... (ပြုတ်ပါတယ်ဘုရား) သဘောကျပလား.....(ကျေးဇူးပါပြီဘုရား)။

ဒါဖြင့် ဝမ်းစာထုဉ်းနေတဲ့အလုပ်ပေါ့ဗျာ....(မှန်ပါဘုရား) မြုပ်စရာများ ရှိသေးရဲလား.....(မရှိပါဘုရား)။

ကိုင်း....ဒါလောက်ဆိုလို့ ရှိယင် တကာတကာမတို့ ဆရာကောင်း,သမားကောင်းနဲ့ တွေ့ကြုံနေတာလဲတကြောင်း၊ ကျမ်းအမျိုးမျိုးနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာတွေကို ညှိနှိုင်းပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြောတာ တလုံးတလေမှ မမှားရအောင် ပြောနေတဲ့အတွက် ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်ဟာ ဒိဋ္ဌပြုတ်နေတာ....(မှန်ပါ့) ဝိစိကိစ္ဆာကကော.... (ပြုတ်ပါတယ်ဘုရား)။

ဒိဋ္ဌဝိစိကိစ္ဆာ ပြုတ်တော့ကို သီလဗွပတပရာမာသ, ဆိုတာတော့ ဗုဒ္ဓဘာသာဝင်တွေမှာ ရှိဘို့ခဲယဉ်းလို့ ဟောဘို့ သိပ်မလိုလှဘူး....(မှန်ပါ့)။

နွားတို့အကျင့်-ခွေးတို့အကျင့်ဟာ နိဗ္ဗာန်ရောက်ကြောင်းလို့ ဘယ်သူများ ထင်သေးသတုံး....(မထင်ပါဘုရား)။

အဲဒီတော့ အဲဒီအကျင့်မျိုးကတော့ အိန္ဒိယမှာရှိတဲ့ အချို့ ပုဂ္ဂိုလ်တွေကို ရည်ရွယ်ထားတာနော်....(မှန်ပါ့)။

အဲဒီတော့ ဒီမှာဖြင့် မောင်နှိုင်-မောင်ဘမို့တို့ ဖြစ်ပျက်မြင်ယင် ဘာပြုတ်သတုံး....(ဒိဋ္ဌဝိစိကိစ္ဆာ ပြုတ်ပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ သီလကလေးနဲ့ တင်းတိမ်မနေနဲ့၊ ဖြုတ်တတ်တဲ့တရား နှစ်ခုကိုလဲ ကိုစောမောင်ဖြုတ်လိုက်ပါဦး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဖြုတ်တတ်တဲ့ တရားနှစ်ပါးကိုလဲ.... (ဖြုတ်ရမှာပါဘုရား) ဖြုတ်ရမှာဆိုလို့ ရှိယင်ဖြင့် 'ဖြုတ်'ဆိုတာ ကိုယ့်ခန္ဓာကို ငါ-ငါ့ဥစ္စာ ထင်လို့ ဖြုတ်ကြတာကိုးဗျ....(မှန်ပါ့)။

အဲဒီတော့ ငါ-ငါ့ဥစ္စာ မထင်ဘဲနဲ့ စိတ်ကလေး ပေါ်လာလာ- ဝေဒနာကလေးပေါ်လာလာ တကာတကာမတွေ့သန္တာန်မပေါ်တဲ့အချိန်လဲ မရှိတော့ အဲဒီ....အဖြစ် အပျက်ကလေးကို ခင်ဗျားတို့ ရှုပေး....(မှန်ပါ့)။

ဒါ....ဘာလုပ်နေတာပါလိမ့်မတုံး ဆိုတာကော ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘာလုပ်နေတာတုံး....(ဝမ်းစာထုံးနေတာပါဘုရား) ဘယ်ဝမ်းစာတွေ ထုက်သွားအောင်လို့ ထုံးပါလိမ့် (ဒိဋ္ဌိဝိစိကိစ္ဆာပါဘုရား)။

အဲ....ဒီဋ္ဌိဝမ်းစာ အလေးခတ်တွေ ထုက်သွားအောင်လို့ ဖြုတ်နေတာ ဖြစ်နေသောကြောင့် ဤ ခန္ဓာတည်း ဟူသော လှေကို အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဒိဋ္ဌိထုံးပြီးသား လှေကြီးနဲ့ ဟိုမှာဘက်ကမ်း နိဗ္ဗာန်ကူးမယ်ဆိုယင်ဖြင့် ရောက်ပါမယ်ကွာ....လို့ ဘုရားက တာဝန်ခံတယ်....(မှန်ပါ့)။

ဒိဋ္ဌိမထုံးဘဲနဲ့သာ ကူးမယ်ဆိုယင်ဖြင့် မြုပ်လိမ့်မယ်ကွ-တဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံး တရားနာကြတဲ့ ပုဂ္ဂိုလ်တွေ ဘုန်းကြီးမှာတာက ဘယ်လိုမှာသတုံးလို့ ဆိုလို့ရှိယင် သီလထက်ကောင်း

တာ ဘာရှိသေးသတုံးလို့လဲ ပြောချင် ပြောကြမယ်....(မှန်ပါ့) မပြောပေဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒီ ပြောတဲ့ပုဂ္ဂိုလ်တွေ ရှိခဲ့သော် ခင်ဗျားဟာ အင်ကြင်း ပင်ကြီး အလုံးလိုက်မထွင်းဘဲနဲ့ လှလှပ်စီးနေတာကိုး....၊ အဲဒီ တော့ ဝမ်းစာတွေထွင်းပါဦး၊ ဒါနဲ့ကွးလို့ မရပေဘူးဆိုတာကို ဘုရားက သေသေချာချာညပမာနဲ့ပြသည်ဖြစ်လေသောကြောင့် တယောက် တယောက်လဲ အားပေးကြပါ....(မှန်ပါ့)မပေးထိုက်ဘူးလား....(ပေးထိုက်ပါတယ်ဘုရား)။

သူ့ခမြာ .... စေတနာကောင်းနဲ့ ညပုသ်စောင့်နေတာဗျ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

စေတနာ သူ့ထက်ကောင်းတာ ရှိသေးသလား .... (မရှိပါဘုရား)။

တလ လေးသီတင်းရယ် .... ရှစ်သီတင်းရယ် .... စီးပွားရေးဘယ်လိုဘဲ နေနေကွာ.... ဒီဟာကတော့ အရယူမယ်ဆိုတော့ နည်းဘဲ့စေတနာလား....(မနည်းပါဘုရား)။

စေတနာကောင်းပေမဲ့လဲ ဗဟုသုတ ဆရာသမားကောင်း မတွေ့ပြန်လို့ ရှိယင်လဲ တင်းတိမ်တာ စောသွားလို့ ရှိယင်လဲ ကိုစံလှ-မှားမယ်....(မှားပါတယ်ဘုရား)။

တင်းတိမ်တာက မတင်းတိမ်လောက်ဘဲနဲ့ တကာတကာမတို့ တင်းတိမ်နေလို့ ရှိယင်ဖြင့် မမှားပေဘူးလား....(မှားပါတယ် ဘုရား)။

ကိုစောမောင်-ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) အားလုံး တကာတကာမတွေကော ကျေနပ်ပလား....(ကျေနပ် ပါပြီဘုရား)။

ဒါဖြင့် ငါးပါးသီလဆိုတာက မဆောက်တည်လဲရှိ၊ ဆောက်တည်ကော....(ရှိပါတယ်ဘုရား)။

ဒီလိုရှိနေတော့ သီလရှိတဲ့ပုဂ္ဂိုလ်တွေမှာ ဝိပဿနာအညှန့် မတပ်ယင် မဖြစ်ဘူးဆိုတာ ဒီဝတ္ထုက သက်သေခံတယ်....(မှန်ပါ့) မခံပေဘူးလား....(ခံပါတယ်ဘုရား)။

ဒါဖြင့် ကြိုးစားကြပါ-ကြိုးစားကြပါဆိုတာ တကာတကာ့ မတွေ့ ဒီကပြန်လို့ ရှိယင်ဖြင့် နာရီဝက်ရတဲ့ပုဂ္ဂိုလ် နာရီဝက်ထိုင်ပေါ့ဗျာ....(မှန်ပါ့)။

ဒါ ဒီဌိဖြုတ်နေတာ....၊ ဝမ်းစာထွင်းနေတာဘဲ၊ ဟိုမှာ ဘက်ကမ်းကူးဘို့ လေ့ကြီးဖြစ်အောင်လို့။

ကဲ....ဒါဖြင့် ကိုစောမောင်- မလုပ်မဖြစ်တဲ့ အလုပ်က ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား) ဝမ်းစာထွင်းနေတဲ့ အလုပ်ဟာ ဟိုမှာဘက်ကမ်းကူးလိုတဲ့ ပုဂ္ဂိုလ်၏ အလုပ်....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်း ကူးလိုတဲ့ ပုဂ္ဂိုလ်၏ အလုပ်ကဖြင့် ဝမ်းစာမထွင်းယင် မဖြစ်ပါဘူး....(မှန်ပါ့ဘုရား) ဒီလောက်လေးတာ ရှိကိုမရှိဘူး....(မှန်ပါ့)။

ဒေဝဒတ်ကြီးဟာ ခင်ဗျားတို့ ကျုပ်တို့ စဉ်းစားကြည့်ပါ။ အလေးချိန် ခင်ဗျားတို့ ကျုပ်တို့နဲ့ အတူတူဘဲ နေမှာပါဘဲ....(မှန်ပါ့)

သို့သော်.... ဒီဌိဆွဲချလိုက်တာ မြေကြီးကို အက်ပြီး အောက်ခရောက်သွားတယ်-(မှန်ပါ့) မခရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒါ.... လူအလေးချိန်လေးတာလား၊ ဒီဋ္ဌလေးလို့လား.... (ဒီဋ္ဌလေးလို့ပါဘုန်း) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အားလုံး မြေမျိုတဲ့ ပုဂ္ဂိုလ်မှာ လူအလေးချိန် ခင်ဗျားတို့ ကျုပ်တို့နဲ့ အတူတူပါဘဲ၊ ဘယ်နယ်ကြောင့် သူသည်ကား-လို့ ဆိုယင် မြေကြီးအက်ပြီးသကာလ.... အဝီစိကျအောင် အံကျပြီး သကာလ ရောက်ရပါလိမ့်မလဲလို့ အမေးထုတ်လို့ရှိယင် ခန္ဓာလေးတာမဟုတ်ဘူး၊ ဒီဋ္ဌလေးတာ....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဘာလေးပါလိမ့်.... (ဒီဋ္ဌလေးတာပါဘုရား) ဒီဋ္ဌလေးတာ၊ တကာတကာမတွေ့ ကြည့်စမ်းပါလား၊ တခါတလေများ ခန္ဓာကိုယ်ကြီးများ လေးနေတဲ့အခါ ကိုစောမောင်- ရှိသေးတယ်.... (ရှိပါတယ်ဘုရား)။

စိတ်လေးလိုက်တာ....တဲ့၊ စိတ်လေးလို့ရှိယင် ငါ့သား ,ငါ့သမီးဆိုတဲ့ ဒီဋ္ဌဝင်လို့လေးတာ....(မှန်ပါ့)။

ငါ့သားများ ဘာဖြစ်မတုံး၊ ငါ့သမီးများ ဘာဖြစ်မတုံး၊ ငါ့ပစ္စည်းများ ဘာဖြစ်မတုံး၊ ငါ့အိမ်- ငါ့တိုက်များ ဘာဖြစ်မတုံးဆိုတဲ့ အဲဒီ ငါ-ဝင်လာယင် လေးလာတာဘဲ.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

စိတ်လေးတာ ဘယ်သူဝင်လာလို့တုံး.... (ငါဝင်လာလို့ပါဘုရား) ငါဝင်လာလို့ဆိုတော့ အဲဒီပုဂ္ဂိုလ်ဟာ ထ,ရတာလဲလေးလေး၊ ပြောရတာကော....(လေးလဲ့ပါဘုရား)။

သူ့မှာ အကုန် အလေးနဲ့ချည့် မသွားဘူးလား.... (သွားပါ တယ်ဘုရား)။

အင်း.... ကိုစောမောင်တို့ ကိုစံလှတို့က ဘယ်သူ့ကြောင့် လေးပါလိမ့်မတုံး....(ဒိဋ္ဌကြောင့်ပါဘုရား)။

ငါ့သား ဘာဖြစ်မတုံး-ဆိုလို့ လေးတာကိုး....(မှန်ပါ့) ငါ့ သမီး ဘာဖြစ်မတုံး ဆိုလို့ကော....(လေးပါတယ်ဘုရား) ငါ့ ပစ္စည်း ဘယ်သူများ ကြံစည်ကြမတုံး ဆိုလို့ကော.... (လေးပါ တယ်ဘုရား)။

အဲဒီ စိတ်လေးတိုင်း-စိတ်လေးတိုင်းဟာ တကာ တကာမတို့ ဘာထင်ကြသတုံး....(ဒိဋ္ဌပါဘုရား)။

ဒိဋ္ဌကြောင့် လေးတာ ခင်ဗျားတို့ ဂုဏ်ယူမနေနဲ့....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

စိတ်လေးလိုက်တာ-စိတ်လေးလိုက်တာဆိုတော့ ထ,တာကလဲ ခပ်လေးလေး၊ ပြောတာကလဲ ခပ်လေးလေး၊ အိပ်ပြန်လဲ ခပ်နဲ့နဲ့ ဟင်.... ဒီလိုကော မနေဘူးလား....(နေပါတယ်ဘုရား)။

ထ,ပြန်လို့ ရှိယင်လဲ ခပ်လေးလေး၊ ကိုစောမောင်- လာ-မလာ....(လာပါတယ်ဘုရား)။

ဒါ ဘယ်သူ့ကြောင့် လေးနေတာလဲ....(ဒိဋ္ဌကြောင့် လေး နေပါတယ်ဘုရား) ငါ-ဘာဖြစ်ဦးမှာလဲဆိုတဲ့ ဝိစိကိစ္ဆာကြောင့် ကော....(လေးပါတယ်ဘုရား)။

အဲ.... ဒိဋ္ဌဝိစိကိစ္ဆာ ဝင်လိုက်ပြီဆိုမှဖြင့် ဘယ့်နှယ် ဖြစ်လာ သလဲ....(လေးလာပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ ဘုရား)။

အဲဒီ လေးရင်းမတ္တန့်များ တကာ တကာမတို့ စုတိစိတ် ကျသွားလို့ ရှိယင်ဖြင့် ဘယ်သူမှ ဗေဒင်မမေးပါနဲ့ သွားပြီ-ငရဲသာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

ဘယ်သူက ဆွဲချသွားသတုံး .... (ဒိဋ္ဌိက ဆွဲချသွားပါတယ်ဘုရား)။

ဒိဋ္ဌိက ဆွဲချသွားလိုက်တာ တကာတကာမတို့ ကယ်မည့်-ယူမည့်သူ ပေါ်လာသေးရဲ့လား....(မပေါ်လာပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒိဋ္ဌိဖြုတ်ကြပါစို့လို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ကဲ....ဒိဋ္ဌိဖြုတ်ရအောင် တကာတကာမတို့ ဒီနေ့ ဝိပဿနာတရားကိုး၊ ဒိဋ္ဌိဖြုတ်တာသည် အလုပ်-လုပ်မှပြုတ်တယ်....(မှန်ပါ့ဘုရား)။

အသိနဲ့ပြုတ်တာက ဉာတပရိညာ....တဲ့၊ အဲဒါက ခဏ ပြုတ်သွားတာကွ-တဲ့....(မှန်ပါ) မဂ်နဲ့ဖြုတ်မှ သေသေချာချာ ပြုတ်မှာကိုးဗျ....(မှန်ပါ့) မဂ်နဲ့ဖြုတ်မှ အပြုတ်အစစ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မပွားများဘဲနဲ့ စာသိပေသိနဲ့ ပြုတ်တာကဖြင့် တဒင်္ဂ ပြုတ်တာဘဲ....တဲ့၊ ကိလေသာကတော့ တကာတကာမတို့ ဝမ်းထဲမှာ အနုသယသဘောနဲ့ ကိန်းလျက်ပါဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပွားများပြီး မင်္ဂလာဖြစ်မှ အပြုတ်နော် .... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် မနေ့ကတရားဘဲ တကာတကာမတို့၊ မနေ့က ဝေဒနာမှာဆုံးတယ်၊ ဒီနေ့ စိတ်မှာ ဆုံးကြရအောင် .... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့မှာ ဇရာ မရဏ ရှိပါရဲ့လား.... လား....(ရှိပါတယ်ဘုရား) အိုမှကြီးလဲ နေ့တိုင်းရှိတယ်၊ ခဏ ခဏ တိုးနေတယ်ဆိုတာ သေချာနေတယ်....(မှန်ပါ့) သေခါနီးကကော ဖြစ်မှဖြစ်ကြရဲ့လား....(ဖြစ်ပါတယ်ဘုရား)။

တရားဟောစကထက အခု နည်းကျတယ်ဆုံတော့ အိုမှ-သေမှကတော့ ကျုပ်တို့ခန္ဓာထဲမှာ ရှိပြီးသားအတိုင်းဘဲလို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီအိုမှ, သေမှကို မောင်နိုင်-မောင်ဘမို့တို့က လက်သည် ရှာကွ....(ဇာတိက လာပါတယ်ဘုရား) သဘောကျလား (ကျပါပြီဘုရား)။

ကိုစံလှ-ဘယ်က လာသတုံး....(ဇာတိက လာပါတယ်ဘုရား) အားလုံး တကာ တကာမတွေ....(ဇာတိက လာပါတယ်ဘုရား)။

ဇာတိဆိုတာ ပဋိသန္ဓေနော်....(မှန်ပါ့) ပဋိသန္ဓေနေမှရှိတဲ့ ပဂ္ဂိုလ်ဖြင့် အိုမှ, သေမှက ပြေးလို့ လွှတ်ပါ့လား၊ အမေးထုတ်လိုက်တယ်....(မလွှတ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပဋိသန္ဓေနေမှနဲ့ အိုမှ, သေမှ ဘယ်ဟာ

ကြောက်စရာကောင်းသတုံး.... (ပဋိသန္ဓေနေမှုက ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ဟုတ်သားဘဲ....ပဋိသန္ဓေက သမုဒယသစ္စာ....(မှန်ပါ့) အိုမှု သေမှုက ဒုက္ခသစ္စာ....(မှန်ပါ့) ကိုစောမောင်-ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ပဋိသန္ဓေက.... (သမုဒယသစ္စာပါဘုရား) သမုဒယဆိုတာ သူ့ကြောင့်ဆိုတော့ သမုဒယ မဖြစ်ဘူးလား .... (ဖြစ်ပါတယ် ဘုရား) သူက သမုဒယသစ္စာ၊ ဒီနှစ်ခုက .... (ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာ တကာမတို့ သမုဒယသစ္စာကို ကျုပ်တို့ ပယ်ခဲ့သော်.... ကျုပ်တို့ ဒုက္ခသစ္စာ လာဦးမလား.... (မလာပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သမုဒယပယ်ခဲ့သော်....(ဒုက္ခသစ္စာ မလာပါဘုရား) ဒါဖြင့် ဘယ်ဘဝမှ မလိုချင်တဲ့ဉာဏ်နဲ့ ကျုပ်တို့ နေကြ ထိုင်ကြမယ် ဆိုယင်ဖြင့် ဘယ်အိုသေမှု မလာပါဘူး....(မှန်ပါ့)။

ဒီအိုသေနှစ်ခု လာသေးရဲ့လား....(မလာပါဘုရား) သဘော ပါကြပလား....(ပါ့-ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဇာတိက ဘာသစ္စာ....(သမုဒယ သစ္စာပါ) ဇရာ မရဏက.... (ဒုက္ခသစ္စာပါ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သမုဒယနဲ့ ဒုက္ခ ဘယ်ဟာ သာပြီး ကြောက်ရမတုံး .... (သမုဒယ ကြောက်ရပါမယ်) သမုဒယ

ကြောက်လိုက်လို့ ရှိယင် ကိုစောမောင်- ဒုက္ခလာသေးရဲ့လား....
(မလာပါဘုရား)။

အဲ....ခင်ဗျားတို့က ဘာဖြစ်ရပါလို့၏၊ ညာဖြစ်ရပါလို့၏....
ဆိုတော့ သမုဒယကို ဖြစ်အောင်လုပ်တာ....(မှန်ပါ့) ရှင်းပလား
(ရှင်းပါပြီဘုရား)။

လူ-ဖြစ်ရပါလို့၏၊ နတ်-ဖြစ်ရပါလို့၏....ဆိုတော့ သမုဒယ
ဖြစ်ရပါလို့၏၊ သမုဒယဖြစ်မှ ဒုက္ခဖြစ်မှာ....(မှန်ပါ့) ရှင်းကြ
ပလား....(ရှင်းပါပြီဘုရား)။

ဘာဖြစ်မှ ဘာဖြစ်မှာတုံး.... (သမုဒယဖြစ်မှ ဒုက္ခဖြစ်မှာပါ)
ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ကိုစောမောင်-ပဋိစ္စသမုပ္ပါဒ်-ပဋိလောမ
ပြတယ်နော်....(မှန်ပါ့) ပဋိလောမပြတော့ သစ္စာနှစ်ပါး ကဲ့ကဲ့
မသွားဘူးလား....(ကဲ့သွားပါတယ်ဘုရား)။

ဒါက ဘုရားသခင် ကိုယ်တော်မြတ်ကြီး သေသေချာချာ
ဟောတာနော်.... (မှန်ပါ့) ဘုရားဟောလို့ ဘုန်းကြီးတို့ ရဲရဲ
ပြောပြီးသကာလနေတာ ဖြစ်စဉ်ကလဲ ကိုက်လွန်းလို့ ငြင်းစရာလဲ
မလိုပါဘူး....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဇာတိ ဘယ်ကလာပါလိမ့်
(ကမ္မဘဝကလာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာ တကာမတွေ ကံကလုပ်လိုက်တာ
ပေါ့လေ....(မှန်ပါ့)။

ကံကောင်းလို့ ဇာတိဖြစ်လာတာလား၊ ကံဆိုးလို့ ဇာတိဖြစ်တာလား....(ကံဆိုးလို့ ပါဘုရား)။

အဘယ့်ကြောင့် ကံဆိုးလို့ ဇာတိဖြစ်လာသတုံးလို့ အမေးထုတ်ခဲ့သော် ကံက သမုဒယသစ္စာ- ဇာတိက ဒုက္ခသစ္စာလာဖြစ်တယ်....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ကံက ဘာသစ္စာ.... (သမုဒယသစ္စာပါဘုရား) ဇာတိက....(ဒုက္ခသစ္စာပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဘာ့ကြောင့်တုံး-ဆိုတော့ ကံက အကြောင်း၊ အကြောင်းဆိုတော့ သမုဒယ မကျဘူးလား....(ကျပါတယ်ဘုရား)။

ဇာတိက....(အကျိုးပါဘုရား) အကျိုးဆိုတော့ ဇာတိကို ဘုရားက ဘာသစ္စာဟောသတုံး .... (ဒုက္ခသစ္စာ ဟောပါတယ် ဘုရား)။

အဲဒီတော့ တကာ တကာမတို့ သိပြီးသားအတိုင်းပါ....တဲ့၊ ဘုန်းကြီး ကြံဖန် ဟောစရာမလိုတော့ ကံကြောင့် ဒုက္ခရောက်တာ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်သူ့ကြောင့်မျှား ဒုက္ခရောက်ပါလိမ့်....(ကံကြောင့် ဒုက္ခရောက်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် တနေ့ကလဲ စကားသုံးခဲ့ပြီ၊ ဉာဏ်အမိ-ဉာဏ်အဖ လုပ်ကြစမ်းပါလို့ ဆိုတာ ကိုစောမောင်- ပြောထိုက်· မပြောထိုက်....(ပြောထိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့လုပ်နေတာက ဘာတုံး .... (ကံအမိ, ကံအဖပါဘူးရား)။

အဲ....ကံအမိ, ကံအဖကို ပြောင်းပေး ဒီနေရာမှာ၊ ညဏ်အမိ ဉာဏ်အဖဖြစ်အောင် လုပ်....(မှန်ပါ့)ဒီ ဒုက္ခသစ္စာမြင်ပြီး ကုသိုလ်လုပ်ပေါ့ဗျာ....(မှန်ပါ့)။

ကံလဲ ပါသွားတာဘဲ၊ သို့ပေမဲ့ .... ကံက ပြဋ္ဌာန်းသလား၊ ဉာဏ်က ပြဋ္ဌာန်းသလား....(ဉာဏ်က ပြဋ္ဌာန်းပါတယ်ဘုရား)။

အဲ....ဒုက္ခသစ္စာ သိပြီးလုပ်တဲ့ စေတနာမျိုးကျတော့ လုပ်ပါ....တဲ့၊ ဝဋ်ကျွတ်ချင်လို့ လုပ်တာဘဲ၊ လှူဒါန်း ပေးကမ်း အကုန်လုပ်ကြပါလို့ သတိပေးလိုက်ပါတယ်....(မှန်ပါ့) မပေးထိုက်ဘူးလား....(ပေးထိုက်ပါတယ်ဘုရား)။

ဘာဖြစ်လို့ တုံးဆိုတော့ ကံအမိ,ကံအဖဆိုယင် ဒုက္ခလာမယ်၊ ဉာဏ်အမိ, ဉာဏ်အဖနဲ့ ဦးစီးပြီးသကာလ.... ဟောဒီဒုက္ခကြီးကို မရချင်လို့ လုပ်ပါတယ်ဆိုတော့ ဒါနနဲ့လဲလုပ်၊ သီလလဲလုပ်၊ ကိုစောမောင်-မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

သို့သော် ဘယ်သူဦးစီးသလဲ .... (ဉာဏ်ဦးစီးပါတယ်ဘုရား) အဲ....ဉာဏ်ဦးစီးမှာတော့ စိုးရိမ်၊ ကံဦးစီးမှာတော့ စိုးရိမ်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဉာဏ်ဦးစီးပြီးလုပ်တဲ့ အလှူအတန်း အပေးအကမ်းကျတော့ ဟောဒီဒုက္ခတွေလွတ်တယ်....(မှန်ပါ့)။

ကံဦးစီးယင် တကာတကာမတို့ သိတဲ့အတိုင်းဘဲ၊ ဝဋ်ကံလို့ မှတ်ပါ....(မှန်ပါ့) ဉာဏ်ဦးစီးယင် ဝဋ်ကျွတ်တယ်လို့ မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် ကံဦးစီးတာကျတော့ ဝဋ်ကုသိုလ်....(မှန်ပါ့) ဉာဏ်ဦးစီးတာကျတော့....(ဝိဝဋ်ကုသိုလ်ပါ) ရှင်းနေတဲ့၊ သူ့ဟာ ငြင်းစရာလိုသေးသလား....(မလိုပါဘုရား) သဘောပါပလား-(ပါ-ပါပြီဘုရား)။

တခါ သံဃာပါဦး.... သံဃာပါဦး တကာ တကာမတို့.... ကံ-ဘယ်ကလာပါလိမ့်....(ဥပါဒါန်က လာပါတယ်ဘုရား)။

ဒီကတည်းက သေချာနေပြီ၊ ကိုစောမောင် - ဥပါဒါန်က ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်-ဆိုတဲ့ ဥပါဒါန်တရားလေးပါး မရှိဘူးလား .... (ရှိပါတယ်ဘုရား)။

ဒီဥပါဒါန်အကြောင်းက ဘာဖြစ်တာတုံး....(ကံဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဥပါဒါန်က ဘာသစ္စာတုံး .... (သမုဒယသစ္စာပါဘုရား) ကံက....(ဒုက္ခသစ္စာပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ကံကြောင့် ဒုက္ခဖြစ်နေတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တကာတကာမတို့ အခု လူ့ဘဝ ဘယ်သူပို့လိုက်ပါလိမ့်.... (ကံပို့လိုက်ပါတယ်ဘုရား) ကံပို့လိုက်တော့ အခု အို-နာ-သေနဲ့ ခဲ့လို့ရရဲ့လား....(မရပါဘုရား)။

စားမှု သောက်မှု ရှာရတာနဲ့ကော .... (ခဲ့လို့မရပါဘုရား) အနာရောဂါကော.... (ခဲ့လို့မရပါဘုရား) မလွတ်ပါဘူး။ ကျွေးလို့က် မွေးလို့က်ရတာလဲ အားရဲ့လား....(မအားပါဘုရား)

ကျွးကျိုးကော နပ်ကဲ့လား....(မနပ်ပါဘုရား) မနပ်တာလဲ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ကျွးရုင်း မွေးရင်းနဲ့ အိုပဲ့,နာပဲ့ကြီး ခင်းနေတာ ခန္ဓာက.... (မှန်ပါ့) မခင်းဘူးလား....(ခင်းပါတယ်ဘုရား)။

ကျွးရှင်-မွေးရှင်ရယ်လို့ ခင်ဗျားတို့ကို ခန္ဓာက ငဲ့ရဲ့လား.... (မငဲ့ပါဘုရား) မငဲ့ဘူးဆိုတာကော သေချာပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဥပါဒါန်က ဘာသစ္စာ .... (သမုဒယသစ္စာပါဘုရား) ကံက....(ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကံက ဒုက္ခသစ္စာဟေ့....ဆိုတဲ့ဥစ္စာ ကျေနပ်ပလား .... (ကျေနပ်ပါပြီဘုရား)။

ကံဟာ လောကီလား၊ လောကုတ်လား၊ တခါ ပြန်မေး.... (လောကီပါဘုရား) လောကီကံ။

ဒါ့ကြောင့် ဇာတိလာတာပေါ့၊ လောကုတ္တရာကံဖြင့် ဇာတိလာပါ့မလား....(မလာပါဘုရား)။

ဒါဖြင့် ကံဟာ လောကီစိတ်ရှစ်ဆယ့်တစ်ထဲက အပါအဝင် ဖြစ်နေတော့ ယှဉ်ဖေါ်ယှဉ်ဖက်အဖြစ်နဲ့ သူမပါဘူးလား....(ပါပါတယ်ဘုရား) ပါယင် ဒုက္ခသစ္စာမှတပါး ဘာမှ မဖဲ့နဲ့ သူ့ကို (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီကျအောင် နားမလည်တဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် ကံဘဲ အားကိုးနေဦးမှာဘဲ....(မှန်ပါ့)။

ကံဟာ သေသေချာချာစဉ်းစားကြည့်တော့ ဘယ်ထဲကဖြစ်နေသလဲ....(ဒုက္ခသစ္စာပါဘုရား)။

အဲ....ကံဒုက္ခသစ္စာကို ခင်ဗျားတို့က အမှန်းတင်ပြီး သကာလနေကြမယ်ဆိုလို့ ရှိယင်ဖြင့် ဇာတိကို ငါပေးပါ့မယ် ပြောမှာဘဲ (မှန်ပါ့) ဇရာ မရဏကော....(ပေးမှာပါဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဝိဝဋ္ဋဉာဏ် ဦးစီးကြပါဆိုတဲ့ စကားကိုဖြင့် မသုံးယင် မဖြစ်တော့ဘူး....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဥပါဒါန် ဘယ်ကလာပါလိမ့် .... (တဏှာက လာပါတယ်) တဏှာက ဘာသစ္စာ....(သမုဒယသစ္စာပါ) ဥပါဒါန်က....(ဒုက္ခသစ္စာပါဘုရား)။

ကဲ....ခင်ဗျားတို့ ဒုက္ခရောက်နေတာဟာ ဒီဥပါဒါန်တွေကြောင့် ဒုက္ခရောက်နေတာ....(မှန်ပါ့) သားစဲ့, သမီးစဲ့နဲ့၊ စဲ့လုံးဟူသ၍ ဘာဆိုကြပါ့မယ်....(ဥပါဒါန်ပါဘုရား)။

အဲ.... ဥပါဒါန်ကြောင့် စားမဝင် အိပ်မပျော်တွေ့ မလာဘူးလား၊ လာသလား....(လာပါတယ်ဘုရား)။

ဘယ်သူ့ကြောင့် ဒုက္ခဖြစ်နေတာလဲ....(ဥပါဒါန်ကြောင့်ပါဘုရား) ဥပါဒါန်ကြောင့် ဒုက္ခဖြစ်နေတယ်ဆိုတော့ ဒုက္ခဖြစ်အောင် ဘယ်သူက ကျေးဇူးပြုသတုံး....(တဏှာက ကျေးဇူးပြုပါတယ်ဘုရား)။

ဒါဖြင့် တဏှာက သမုဒယသစ္စာ၊ ဥပါဒါန်က .... (ဒုက္ခသစ္စာပဲပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာ တကာမတို့ ခင်ဗျားတို့ သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် ဒုက္ခဖြစ်နေတာကော ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဥပါဒါန်ရှိတဲ့ပုဂ္ဂိုလ် ဒုက္ခဖြစ်တာဘဲ....(မှန်ပါ့) ဥပါဒါန်လွတ်တဲ့ပုဂ္ဂိုလ်ဟာ....(ဒုက္ခမရှိပါဘုရား) ဒုက္ခသိမ်းတာဘဲဆိုတာ သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သစ္စာသေသေချာချာမရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ထဲ ဘာသစ္စာပါသတုံး.... မေးလို့ရှိယင် သမုဒယနဲ့ ဒုက္ခသစ္စာသာပါတယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ရ,ထားတဲ့ ပဋိစ္စသမုပ္ပါဒ်ထဲက ဘာပါသတုံး.... (သမုဒယနဲ့ ဒုက္ခသာ ပါ-ပါတယ်) ကိုစောမောင်-ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အားလုံး တကာ တကာမတွေ့ ဒါအင်မတန် သတိထားဘို့ကောင်းပါတယ် အခုဥစ္စာ....(မှန်ပါ့)။

သမုဒယနဲ့ ဒုက္ခ ပါတယ်လို့ ဆိုကတည်းကိုက ဒီပဋိစ္စသမုပ္ပါဒ်လွတ်မှ ချမ်းသာတော့မယ်....(မှန်ပါ့) ဒီပဋိစ္စသမုပ္ပါဒ်လွတ်တာက ဘာတုံးဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ နိဗ္ဗာန်နဲ့ မဂ္ဂမှလွတ်မယ်....(မှန်ပါ့)။

ဒီပဋိစ္စသမုပ္ပါဒ်ထဲတော့ ဘာပါနေသတုံး....(သမုဒယနဲ့ ဒုက္ခပါ-ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သီးသန့် လုပ်ယူရမှာက မဂ္ဂနဲ့ နိဗ္ဗာန လုပ်ယူရမယ်....(မှန်လှပါ) မလုပ်ယင် ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန- မဂ္ဂ မပါသ၍ ကာလပတ်လုံး ဒီသံသရာကြီး ပြတ်ပါ့မလား.... (မပြတ်ပါဘုရား) သဘောပါကြပြီနော်....(ပါ-ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် စဉ်းစားပါဦး....၊ တကာ တကာမတို့ ဒီတရှာ ဘယ်ကလာသတုံး.... (ဝေဒနာက လာပါတယ်ဘုရား) ဝေဒနာက လာတယ်ဆိုတာ သဘောကျပလား .... (ကျပါပြီဘုရား)။

ဝေဒနာက ဘာသစ္စာ....(သမုဒယသစ္စာပါ) တရှာက....(ဒုက္ခသစ္စာပါဘုရား)။

အဲ....တရှာ့ကြောင့် ဒုက္ခဖြစ်နေတယ်ဆိုတာကော မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

တကာ တကာမတို့.... ဒီတရှာဟာ ဝေဒနာက လာတယ်ဆိုတော့ ဝေဒနာနောက်က ဝေဒနာကို ဖြစ်ပျက်ရှုတဲ့ မဂ္ဂင်မသွင်းခဲ့သော်.... တကာ တကာမတို့ မနေ့ကလဲ ပြောခဲ့ပါတယ်၊ ဒီတရှာ လာမှာဘဲ....(လာမှာပါဘုရား) ဒီမဂ်ဝင်ယင်တော့....(မလာပါဘုရား)။

ဒါဖြင့် သူက ဖြစ်ပျက်ပါမှ ဒီကရှုတာက မဂ်ဖြစ်မယ်....(မှန်ပါ့)။

ဒါဖြင့် ဒီကြားကဝင်မှ ဒါတွေ့ပြတ်မယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ့ကြောင့် မနှစ်က ဟောခဲ့ပါတယ်၊ ဘုန်းကြီးတို့ တကာတကာမတွေကို၊ ဘုရား ဘယ်နေရာမှာ ဖြစ်သတုံး.... ဆိုတော့ ခင်ဗျားတို့ သိထားတာက ဗောဓိပင်နဲ့ ရှေပလွင်ပေါ်မှာ.... (မှန်ပါ့)။

ဗောဓိပင်နဲ့ ရှေပလွင်ဆိုတာ တကာ တကာမတွေ အမြင် ပြောတာ၊ သေသေချာချာ စဉ်းစားတော့ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်မှာ ဘုရားဖြစ်ပါလိမ့် .... (ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့.... မိုးကလဲရွာတယ်၊ ဒီနေ့ ဒီတွင် သိမ်းပါဦးတော့....။

ကဲ....ယနေ့ ဒီတွင်တော်ပါဦး....

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်- မင်္ဂလာဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ငရဲ-ရေသောက်မြစ်ဖြုတ်ရေး
တရားတော်

(၄-၁၀-၆၁)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ကွာ.... ဒီ့ပြင်ဟာ စားရေး သောက်ရေး၊ နေရေး ထိုင်ရေး၊ ဒါကိုထည့်ပြီး စကားမပြောပါနဲ့....တဲ့။

တိရစ္ဆာန်လဲ ရှာစားတာပါဘဲကွ....တဲ့၊ မထူးပါဘူး....တဲ့၊ ဟောဒီငရဲ ရေသောက်မြစ် တခုတော့ မင်းတို့ အရေးတကြီး ဖြုတ်စမ်းပါကွ....တဲ့၊ သိပ်မှာတာဘဲ....(မှန်ပါ့)။

ငရဲရေသောက်မြစ်ဆိုတဲ့ဥစ္စာ ဘာတုံး-လို့ ဆိုလို့ရှိယင် အခုပေါ်လာတာကလေးတွေဟာ စိတ်ကလေးတွေမှန်း သိလျက်သားနဲ့ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ အိပ်ချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ ဝတ်ချင်တဲ့စိတ်ကလေးပေါ်လာတယ်၊ အဲဒါကို ငါလုပ်မနေတဲ့ဥစ္စာ ဘုရားက စက်ဆုပ်ဆုံးဘဲ....(မှန်ပါ့ဘုရား)။

စားချင်တဲ့စိတ်၊ ဝတ်ချင်တဲ့စိတ်၊ အိပ်ချင်တဲ့စိတ်၊ ပြောချင်တဲ့စိတ်၊ တိုချင်တဲ့စိတ်၊ ဒီစိတ်ကလေးတွေဟာ သူ့အကြောင်း တိုက်ဆိုင်ယင် ပေါ်လာတာဘဲ....(မှန်ပါ့) အဲဒါကို ဦးမာဒင်တို့ ဦးသန်းမောင်တို့ကလဲ လာတဲ့စိတ်ကို ငါလုပ်နေတာဘဲ.... (မှန်ပ)။

လာတဲ့စိတ်ကို....(ငါလုပ်နေပါတယ်ဘုရား) လာတဲ့စိတ်ကို ငါမလုပ်ပါနဲ့လို့ သတိပေးလိုက်တယ်နော်....(မှန်ပါ့)။

လာတဲ့စိတ်ကို ငါမလုပ်ပါနဲ့၊ လာတဲ့စိတ်ဟာ စိတ်တမျိုးဘဲ၊ ဒါဟာ စိတ်တမျိုးဘဲလို့ စားချင်တဲ့စိတ် လာတယ်၊ ဩဝ်.... ဒါစားချင်တဲ့စိတ်တမျိုးဘဲ၊ ဒါလောက်တွင်ထားပါ....(မှန်ပါ့ဘုရား)။

အိပ်ချင်တဲ့စိတ်လာပြန်ကော အိပ်ချင်တဲ့စိတ် တမျိုးဘဲလို့ မှတ်လိုက်တာပေါ့....(မှန်ပါ့) ပြောချင်တဲ့စိတ်လာယင်ကော.... (ပြောချင်တဲ့စိတ် တမျိုးပါဘုရား)။

ဒီလိုသာမှတ်နေ ဦးမာဒင်တို့ ဦးသန်းမောင်တို့ရ....(မှန်ပါ့) ဒီပြင် ဘာမှ မပြောင်းပါနဲ့....(မှန်ပါ့)။

စားချင်တဲ့စိတ်လာလဲ ဩဝ် .... စားချင်တဲ့စိတ်ဘဲ၊ အိပ်ချင်တဲ့စိတ်လာယင်....(အိပ်ချင်တဲ့စိတ်ပါဘဲဘုရား)။

ကျင်ကြီး စွန့်ချင်တဲ့စိတ်လာယင် ကျင်ကြီး စွန့်ချင်တဲ့စိတ်ကလေးကိုး....(မှန်လှပါ) ကျင်ငယ်စွန့်ချင်ယင် ကျင်ငယ် စွန့်ချင်တဲ့စိတ်ကလေးကိုး....(မှန်ပါ့)။

ဒီလိုသာချည့်ပေါ်တဲ့စိတ်ကို သူ့ကိစ္စနဲ့သူ ပေါ်လာတာကိုး သူ့ကိစ္စနဲ့သူ ပေါ်လာတာကိုး....လို့ ဒီတကာတကာမတွေ့က

သိနေလို့ရှိယင် ဒါငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်ဆိုတာ ပေါ်လာတာဘဲ့....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါ အထူးဂရုစိုက်ပြီးတော့ နားထောင်ပါလို့ ဆိုတာ သတိပေးတယ်နော်....(မှန်ပါ့)။

အရေးအကြီးဆုံးက ဘာအရေးကြီးတုံး.... ဆိုတော့ ငါပြုတ်ဘို့၊ ငါ့ဥစ္စာပြုတ်ဘို့ ဒါအရေးကြီးဆုံး မှတ်စမ်းပါ....(မှန်လှပါဘုရား)။

ငါပြုတ်ယင် ဒိဋ္ဌိပြုတ်တယ်၊ ငါ့ဥစ္စာပြုတ်ယင် တဏှာ ပြုတ်ပါတယ်....(မှန်လှပါ)။

ငါပြုတ်ယင်....(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) ငါ့ဥစ္စာပြုတ်ယင်.... (တဏှာပြုတ်ပါတယ်ဘုရား) တဏှာပြုတ်လို့ အားလုံး တကာတကာမတွေ့ မှတ်စမ်းပါ....(မှန်ပါ့)။

ဩော်.... ဒါဖြင့် ဘယ်လိုဖြုတ်ပြီးတော့ ဘယ်လို လုပ်ရမှာဘုံး-လို့ မေးတဲ့အခါကျတော့ ခုနင်က ပြောခဲ့တဲ့အတိုင်း....တဲ့၊ ဘာကလေး ပေါ်လာလာ ငါ မဟုတ်တာ သိနေဘို့ အရေးအကြီးဆုံးပါဘဲ့....(မှန်ပါ့)။

ဥပမာမယ်....ဆေးလိပ်သောက်ချင်တယ်၊ ဆေးလိပ်သောက်ချင်တယ်ကိုး....လို့ သိနေရမယ်၊ ငါမဟုတ်ဘူး....(မှန်ပါ့)

တံတွေး ထွေးချင်ယင်ကော.... (တံတွေး ထွေးချင်တဲ့စိတ်ပါဘုရား) တံတွေး ထွေးချင်တဲ့စိတ်ဘဲ၊ ငါမဟုတ်ဘူး....(မှန်လှပါဘုရား)။

ဥပမာမယ်.... တကာ တကာမတွေက ဒီပစ္စည်းကလေးတခု ကိုင်ချင်တယ်၊ ကိုင်ချင်တဲ့စိတ်ကလေး ပေါ်လာတာကိုး-(မှန်ပါ့ ဘုရား)။

ပေါ်လာတဲ့စိတ်တိုင်း- ပေါ်လာတဲ့စိတ်တိုင်းဟာ သူ့ကိစ္စနဲ့ သူ ပေါ်လာတော့ကို သူအကြောင်းတိုက်ဆိုင်လို့ ပေါ်လာတယ်၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတယ်၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတယ်၊ စိတ်ကလေးဘဲ၊ စိတ်ကလေးဘဲ၊ စိတ်ကလေးဘဲလို့ ဦးမာဒင်တို့-ဦးသန်းမောင်တို့က သိနေရမယ်-(မှန်လှပါဘုရား)။

ထိုကဲ့သို့သိနေတော့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဒီခန္ဓာထဲပေါ်သ၍ စိတ်တွေဟူသ၍ဟာ ပေါ်လာတဲ့စိတ်ကို ပေါ်တိုင်း ပေါ်တိုင်း သိနေလို့ရှိယင် ဒီဋ္ဌပြုတ်တယ်....(မှန်ပါ့ ဘုရား)။

ပေါ်လာတဲ့စိတ်ကို....(ပေါ်တိုင်း ပေါ်တိုင်း သိနေလ့ရှိယင် ဒီဋ္ဌပြုတ်ပါတယ်ဘုရား)ဒီဋ္ဌပြုတ်တယ်၊ ဒါကလေးကို တခါတည်း မှတ်ထားပါ....(မှန်ပါ့)။

ပေါ်လာတဲ့စိတ်ကို ပေါ်တိုင်း ပေါ်တိုင်း သိယင်.... (ဒိဋ္ဌ ပြုတ်ပါတယ်ဘုရား)။

ရှုချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ကြော်....ရှုချင်တဲ့ စိတ်ကိုး....လို့ သိပေး....(မှန်ပါ့)။

ရှိုက်ချင်တဲ့စိတ် ပေါ်လာယင်ကော.... (ရှိုက်ချင်တဲ့စိတ်လို့ သိရပါမယ်ဘုရား)။

ဒီလို ပေါ်တိုင်း ပေါ်တိုင်းသိယင် ဘာပြုတ်သတုံး .... (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

နေရာကျပြီ၊ နေရာကျပြီ နောက်က ဘကာမကြီးတွေ ဂရုစိုက်ပါ....(မှန်ပါ့)။

မိမိစိတ်ရယ်လို့ မရှိဘူး၊ သူပေါ်လာလဲ ဖြတ်ကနဲ-ဖြတ်ကနဲ ပေါ်လာတဲ့ စိတ်ကလေးကို ဘာရယ်လို့တော့ ခင်ဗျားတို့က အာဘိဓမ္မာနဲ့ နာမည်မတပ်ချင်နေ....(မှန်ပါ့)။

ဆေးလိပ်သောက်ချင်တဲ့စိတ် ပေါ်ပြန်ပြီ၊ အိပ်ချင်တဲ့စိတ် ပေါ်ပြန်ပြီ .... (မှန်လှုပါဘုရား)။

ကုသိုလ်စိတ် ပေါ်ပြန်ပြီ၊ မစ္ဆရိယစိတ် ပေါ်ပြန်ပြီ....(မှန်ပါ့) ကုသိုလ်ဆိုတာ ငြူစူတာ၊ မစ္ဆရိယဆိုတာ ဝန်တိုတာ....(မှန်ပါ့ဘုရား)။

ဒါပေါ်တိုင်း ပေါ်တိုင်း သိနေယင် ဘာဖြစ်သတုံး....လို့ မေးယင် ဘယ်နှယ်ပြောကြမလဲ.... (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) မှတ်ထားပါ....(မှန်ပါ့) ပေါ်တိုင်း ပေါ်တိုင်းသိနေယင် ဒိဋ္ဌိပြုတ်တယ်လို့ မှတ်ထားကြပါ။

အဲဒါ အခု ဘုန်းကြီးပြောတော့သာ လွယ်တာနော်....ဦးမာဒင်တို့-ဦးသန်းမောင်တို့ ကိုယ့်ဟာကိုယ်ကျတော့ ခင်ဗျားတို့ လစ်လစ်သွားတယ်....(မှန်လှုပါ) လစ်လစ်သွားတယ်။

အဲဒီတော့.... ယနေ့သည် အဆင်းကလေး မြင်တယ်၊ ဖြူ-နီ-ကြောင်ကြား မြင်တယ်၊ ဟော....မြင်တဲ့စိတ် ပေါ်ပြီ....(မှန်ပါ့ဘုရား)။

ဘုန်းကြီးဟောတဲ့တရားကို ကြားကြတယ်၊ ကြားတဲ့စိတ်ပေါ်တယ်....(မှန်ပါ့)။

အနံ့ကလေးနံတယ်၊ ဩော်....အနံ့သိတဲ့စိတ်ကလေးပေါ်နေတယ်၊ လျှာပေါ် ချိုချဉ် ဖန်ငန်ကလေးတင်လိုက်တယ်။

ဩော်....ငန်တာသိတဲ့စိတ်၊ ချိုတာ သိတဲ့စိတ်ကလေး ပေါ်လာတယ်၊ ဖန်တာသိတဲ့စိတ်ကလေး ပေါ်လာတယ်၊ ပေါ်တိုင်း ပေါ်တိုင်း သိလို့ရှိယင် ဒိဋ္ဌိပြုတ်ပါတယ်....(မှန်လှပါဘုရား)။

ပေါ်တိုင်း-ပေါ်တိုင်း သိယင်.... (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) ဒိဋ္ဌိပြုတ်တယ်လို့ မှတ်ထားကြစမ်းပါ....(မှန်ပါ့)။

ကောင်းပြီ.... ဘယ်စိတ်ပေါ်ပေါ်- ပေါ်တိုင်း-ပေါ်တိုင်း သိယင် ဘာဖြစ်ကြမယ်....(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ဒိဋ္ဌိ ဘယ့်နှယ်ကြောင့် ပြုတ်ပါလိမ့်မလဲလို့ အမေး ထုတ်တော့မှ နဂိုရ်က ငါထင်နေတယ်၊ ပြောချင်တဲ့ စိတ်ကလေး ပေါ်တာကို ငါ-ပြောလိုက်ရမယ်လို့ ငါ-ပြောလိုက်ရတော့မလားဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့ ခင်ဗျားတို့က သုံးချင်လဲ သုံးပါတယ်....(မှန်လှပါဘုရား)။

အိပ်ချင်တဲ့စိတ်ကလေး ပေါ်လာပြန်လဲ ငါ-အိပ်တော့မယ်၊ ခင်ဗျားတို့က အိပ်ချင်တဲ့စိတ်ကို ငါလုပ်ပစ်မယ်လို့ ငါ-မရောစေနဲ့လို့ ပြောတာပါ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး .... (ငါ-မရောစေနဲ့ပါဘုရား) ငါ- မရောစေနဲ့တဲ့၊ ဒီဥစ္စာ ငါ-ရောယှင် ဒိဋ္ဌိဖြစ်လို့....(မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိတ် ပေါ်တိုင်း-ပေါ်တိုင်း ဘာစိတ် ပေါ်ပေါ်၊ စားချင်-စားချင်တဲ့စိတ်လို့ သိ၊ အိပ်ချင်-အိပ်ချင်တဲ့စိတ်လို့ သိ၊ ဒီလိုသိနေလို့ ရှိယင် ဘာပြုတ်သလဲ.... (ဒိဋ္ဌပြုတ်ပါတယ်ဘုရား) ဒါကို ထပ်ပြန်တလဲလဲ မှတ်မိအောင် ပြောနေတယ်လို့ မှတ်ပါ (မှန်ပါ့)။

ဒါဖြင့် ဦးမာဒင်တို့ သန္ဓာန်၊ ဦးသန်းမောင်တို့ သန္ဓာန်မှာ တစိတ်ပြီးတစိတ် လာနေမှာဘဲ.... (မှန်လှပါဘုရား) မလာပေဘူးလား....(လာပါတယ်ဘုရား)။

တစိတ်ပြီးတစိတ် လာနေမယ်၊ အဲဒီ လာတဲ့စိတ်ကို ဩဿ်.... တစိတ်လာပြန်ပြီ၊ ဩဿ်....တစိတ်လာပြန်ပြီ၊ ဩဿ်.... တစိတ်လာပြန်ပြီလို့ သိနေလို့ ရှိယင်ဖြင့် ဩဿ်.... ဒါ.ငါမဟုတ်တာကလေးတွေ သူ့အကြောင်း တိုက်ဆိုင်လို့ ပေါ်တဲ့စိတ်ကလေးတွေ စိတ်စဉ်အတိုင်း ပေါ်နေတာကိုး တစိတ်ပြီးတစိတ် တစိတ်ပြီး တစိတ်၊ စိတ်စဉ်အတိုင်း ပေါ်နေတာကိုး....လို့ သိပြန်လို့ ရှိယင်ဖြင့် ဒါ....ခင်ဗျားတို့ ဒိဋ္ဌပြုတ်တဲ့ ဝိပဿနာ ဖြစ်လာလိမ့်မယ်....(မှန်ပါဘုရား) ဒိဋ္ဌပြုတ်တဲ့ ဝိပဿနာဖြစ်မယ်....(မှန်ပါ့ဘုရား)။

ဝိပဿနာလို့သာ ဆိုရတယ်၊ ဒိဋ္ဌပြုတ်တဲ့ ဝိပဿနာ ဖြစ်ပါကယ်၊ ခုနင်က အနိစ္စမြင်တဲ့ ဝိပဿနာ၊ ဒုက္ခမြင်တဲ့ ဝိပဿနာ မဟုတ်သေးပါဘူး....(မှန်ပါ့)။

ဒါဖြင့် ဒါ....ပေါ်တိုင်း-ပေါ်တိုင်း ဘယ်စိတ် ပေါ်ပေါ်

သိနေလို့ရှိယင်ဖြင့် ဘာပြုတ်သတုံး.... (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဘာစိတ်ပေါ်ပေါ် သိနေယင်.... (ဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား) အဲဒီတော့ ဒိဋ္ဌိဟာ အထူးဖြုတ်ရမှာလား၊ ပေါ်တဲ့ စိတ်ကို ပေါ်တိုင်း ပေါ်တိုင်း သိရမှာလား့ို့ မေးယင် ဘယ်နှယ် ဖြေကြမလဲ....(ပေါ်တိုင်း ပေါ်တိုင်း သိရမှာပါဘုရား)။

ပေါ်တိုင်း ပေါ်တိုင်း သိနေလို့၊ ဒီစိတ်- စိတ်တမျိုး ပေါ်ပြန်ပြီ၊ စိတ်တမျိုး ချုပ်သွားပြီ၊ စိတ်တမျိုး ပေါ်ပြန်ပြီ၊ စိတ်တမျိုး ပေါ်ပြန်ပြီလို့ ဦးသန်းမောင်တို့- ဦးမာဒင်တို့က သိနေလို့ ရှိယင်ဖြင့် ပဋိုလ်သတ္တဝါ ပျောက်တယ်.... (မှန်ပါဘုရား) မပျောက်ဘူးလား....(ပျောက်ပါတယ်ဘုရား)။

ပဋိုလ်သတ္တဝါပျောက်ထွက်သွားတော့ကို ပဋိုလ်မဟုတ်ဘူး၊ သတ္တဝါလဲမဟုတ်ဘူး၊ ငါလဲ မဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူး၊ စိတ်ကလေး ပေါ်နေတာဘဲ· စိတ်ကလေးပေါ်နေတာဘဲ၊ ဒီလိုသိပြီး ခင်ဗျားတို့ ပေါ်တဲ့စိတ်ကို အမှတ်ပြု သိနေကြလို့ ရှိယင် ဒိဋ္ဌိပြုတ်တယ် မှတ်ပါ....(မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြုတ်နည်းပြောပြီးလို့ ရှိယင် ဝိစိကိစ္ဆာဖြုတ်နည်းပြောတော့မယ်နော်....(မှန်ပါ့) ဒိဋ္ဌိဟာ သူ့ဟာက ပေါ်တိုင်း ပေါ်တိုင်း သိနေယင် ဒိဋ္ဌိပြုတ်တယ်.... (မှန်ပါ့) သို့သော်လဲ ဒါက သက္ကာယဒိဋ္ဌိသာပြုတ်တာ....(မှန်ပါ့) မှတ်မိကြပလား.... (မှတ်မိပါပြီဘုရား)။

ဘာပြုတ်သတုံး....(သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား)သဿတ ဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ မပြုတ်သေးဘူး....(မှန်ပါ့)။

ဘာပြုတ်သတဲ့တုံး....(သက္ကာယဒိဋ္ဌိပြုတ်သွားပါတယ်ဘုရား) သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိ မပြုတ်သေးပါဘူး.... (မပြုတ်သေးပါ ဘုရား)။

သေသေချာချာမှတ်ကြပါ၊ တကာ တကာမတွေ ဒီဥစ္စာ ဘုရားတဆူပွင့်မှ တခါကြားရတယ်လို့ အောက်မေ့ ရမယ်.... (မှန်ပါ့ဘုရား) ဘုရား တဆူပွင့်မှ တခါ ကြားရတာ.... (မှန်ပါ့ ဘုရား)။

အခုဘဲ ခင်ဗျားတို့ မကြားဘူးလို့ မဖြုတ်တတ်လို့ ရှိယင်ဖြင့် ငါ-မဟုတ်တာကို ငါလုပ်နေလိမ့်မယ်ဆိုတာလဲ ဦးသန်းမောင်တို့ ဦးမာဒင်တို့ ငြင်းဘို့မလိုဘူး... (မလိုပါဘုရား) ငါ မဟုတ်တာ ငါလုပ်ကြတော့မှာဘဲ....(မှန်ပါ့)။

ဒီဟာကို ငါမဟုတ်တာငါလုပ်လို့ရှိယင် ဒီရောဂါဟာ ကူးစက် တော့မယ်....(မှန်ပါ့ဘုရား) ဘယ်လိုကူးစက်မလဲ ဘာမှမဆိုင်တဲ့ ဟိုဘက်က ရုပ်နာမ်ကိုလဲ ငါ့သားလုပ်တော့မယ်၊ ငါ့သမီးကော မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

ပေါ်လာတဲ့စိတ်ကလေးကို ငါမဟုတ်,သူမဟုတ် စိတ်ကလေး တွေသာ ပေါ်နေတာ၊ စိတ်စဉ်တန်းပေါ်နေတာလို့ မသိလို့ ရှိယင်ဖြင့် ဒီရောဂါဟာ ဒိဋ္ဌိရောဂါဟာ ပွါးသွားတော့မယ်.... (မှန်ပါ့) ဒီရောဂါဟာ ပွါးသွားတော့မယ်ဆိုတာ မှတ်ရုံဘဲ.... (မှန်လှပါ) ဒီရကော်တာကလေးလဲ ငါ့ဟာ၊ ဒီမဂ္ဂနိုဖုန်းကလေး

လဲ ငါ့ဟာ....(မှန်ပါ့) ဩော်.... ဒါတွေ ဘယ်က လာပါလိမ့်မတုံး....(မှန်ပါ့)။

ဩော်....ဒါ....ဘယ်က လာပါလိမ့်မတုံး၊ ဒီ....ငါ့ဥစ္စာတွေ ဘယ်ကများ လာပါလိမ့်မတုံး၊ ခုနင်က ပေါ်လာတဲ့ စိတ်ကို ငါရယ်လို့ ထင်နေလို့ ဒီစိတ်က ဟိုဟာကို ပိုင်တယ်လို့ ထင်ပေးလိုက်တော့ ငါ့ဥစ္စာဘက် ကူးသွားတယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

မိမိစိတ်ကို ငါထင်နေယင် ပစ္စည်းကို ငါ့ဥစ္စာလို့ တခါတည်း ကူးစက်ပြီး ဒီဝေဒနာပွါးသွားတာဘဲ.... (မှန်ပါ့ဘုရား) ဒါ....ဂရုစိုက်ပြီးတော့ နားထောင်ပါ၊ ဘာဟော နေတာတုံးလို့ မေးမနေနဲ့၊ ဒိဋ္ဌိဖြုတ်နေတယ်လို့သာ အောက်မေ့....(မှန်ပါ့ဘုရား)။

ဘာလုပ်နေတာတုံး....(ဒိဋ္ဌိဖြုတ်နေပါတယ်ဘုရား) ဒိဋ္ဌိဖြုတ်နေတယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ လေးလေးစားစား မှတ်ပါလို့ ပြောတယ်နော်....(မှန်ပါ့)။

လေးလေးစားစား ဘယ့်နှယ်ကြောင့် မှတ်ရမတုံး၊ ခင်ဗျားတို့ အမိသတ်နိုင်တယ်၊ အဖသတ်နိုင်တယ်၊ သူတပါးဥစ္စာတွေ လိမ်လည်တယ်၊ ကောက်ကျစ်တယ်၊ ခိုးတယ်၊ ဝှက်တယ်၊ ဓါးပြတိုက်နိုင်တယ်၊ သူပုန်ထနိုင်တယ်ဆိုတာ ဒိဋ္ဌိက ပွားတာ....(မှန်လှပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ကျန်တဲ့အကုသိုလ်ဟူသ၍.... (ဒိဋ္ဌိက ပွားတာပါဘုရား) ဒါ့ကြောင့် သူ့ကို အရေးတကြီး ဖြုတ်နေတာ .... (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကျန်တဲ့အကုသိုလ်တွေ ဟူသ၍ ခင်ဗျားတို့ အမိုလဲ သတ်နိုင်တယ်၊ အဖလဲ သတ်နိုင်တယ်၊ ဘုရားလဲ သတ်နိုင်တယ် ဆိုကြပါစို့....(မှန်လှုပါဘုရား)။

ဘယ်ကလာတာတုံး- ဦးမာဒင်တို့ ဦးသန်းမောင်တို့....(ဒိဋ္ဌကပေါက်ပွားလာတာပါဘုရား)။

ဒါဖြင့် သူဟာ ငရဲရေသောက်မြစ်ဆိုတာ မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့၌ ဒိုဆရာဘုန်းကြီး အခု အရေးတကြီးပြောနေတာ ရေသောက်မြစ် အရင်းကျကျ ဖြုတ်ပေးနေတာကိုး....(မှန်လှုပါ)။

ဒိုအပါယ်ကိုသွားမှာ စိုးရိမ်လို့ ဒီရေသောက်မြစ် ဖြတ်ပေးနေတာပါလားလို့ ဆိုတာ လေးလေးစားစား မှတ်ပါလို့ဆိုတာ ပြောလိုက်တယ်....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်စိတ်ပေါ်ပေါ်၊ စားချင်တဲ့စိတ်ပေါ်လဲ စားချင်တဲ့စိတ်လို့ သိပါ....(မှန်ပါ့) အိပ်ချင်တဲ့စိတ် ပေါ်လာယင်-(အိပ်ချင်တဲ့စိတ်လို့ သိရပါမယ်ဘုရား) အိပ်ချင်တဲ့စိတ်လို့ သိပေးနေ....(မှန်ပါ့)

ပြောချင်တဲ့စိတ်လာယင် ပြောချင်တဲ့စိတ်လို့ သိပေးနေလို့ရှိယင် ဩော်....ဒါဟာ စိတ်ကလေး-စိတ်ကလေး-စိတ်ကလေးဆိုတာ စိတ်ကလေးတွေ သိသိ-သိသိနေတော့ ငါက ဒီအထဲမရောလို့ ရှိယင် ငါပြောချင်တယ်ဆိုတဲ့ဥစ္စာ မလာတော့ပါဘူး(မှန်ပါ့)။

ငါ့ကိုယ်, ငါ့ဟာကော လာသေးရဲ့လား.... (မလာတော့ပါဘူးရှား)။

မလာတော့ဘူး၊ ဒါ စိတ်ကလေး သီးသန့်ပေါ်တာ၊ ဒါ စိတ်ကလေး သီးသန့်ပေါ်တာလို့ ဘုန်းကြီးတို့ တကာ တကာ မတွေ့ သိနေရမယ်....(မှန်ပါ့)။

ဒါဖြင့် ဒီဥစ္စာ စားချင်တဲ့ တဏှာ.... (မှန်ပါ့) စားချင်တဲ့ တဏှာပြီးလို့ ရှိယင်ဖြင့် တကာ တကာမတွေ့မှာ မစားရ မနေနိုင်တဲ့တဏှာ လာပြန်တယ်... (မှန်ပါ့)။

ဒါက စားချင်တဲ့တဏှာ၊ ဒါက မစားရ မနေနိုင်တဲ့တဏှာပါ....(မှန်ပါ့)။

ဒါက ဘာတုံး....(စားချင်တဲ့တဏှာပါဘုရား) ဒီဟာက.... (မစားရ မနေနိုင်တဲ့ တဏှာပါဘုရား)။

ဩ....တဏှာက နှစ်မျိုးရှိတယ်ကိုး....(မှန်ပါ့) သဘောကျပြီနော်....(မှန်ပါ့ဘုရား)။

စားချင်တဲ့တဏှာ၊ မစားရ မနေနိုင်တဲ့တဏှာ ဘယ်နှစ်မျိုး ရှိသတုံး....(နှစ်မျိုးရှိပါတယ်ဘုရား)။

မစားရ-စားရအောင် အားထုတ်မယ်ဆိုတဲ့အလုပ် ပေါ်လာပြန်ပြီ....(မှန်ပါ့) မစားရယင် စားရအောင်ကို အားထုတ်မယ်.... (မှန်ပါ့) ဒီအလုပ်ကော မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် စားချင်တဲ့တဏှာ၊ မစားရ-မနေနိုင်တဲ့တဏှာ၊ မစားရ စားရအောင် အားထုတ်တဲ့တရား ဘယ်နှစ်မျိုး ရှိသတုံး....(သုံးမျိုးပါဘုရား)။

သုံးမျိုး ရှိတယ်....တဲ့၊ ခင်ချင်တဲ့တဏှာ၊ စဲစဲလမ်းလမ်းတဏှာ မဟုတ်ဘူးလား....(မှန်ပါ့)။

ခင်ဘို့ရာ အားထုတ်တဲ့အလုပ် မဟုတ်ဘူးလား.... (မှန်ပါ့) ဒါဒီသုံးမျိုးကတော့ဖြင့် နေရာတိုင်း ရှိမှာဘဲ....(မှန်ပါ့)။

နေရာတိုင်းရှိတော့ စာလိုသုံးတော့ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တဏှာပစ္စယာ....(ဥပါဒါနံပါဘုရား) တဏှာပစ္စယာဆိုတာ ဒီကြားထဲမှာ အကြောင်းအကျိုးဆက်သေးတယ်၊တဏှာပစ္စယာ (ဥပါဒါနံပါဘုရား)။

ဒီကြားထဲ ပြတ်နေလို့ ပစ္စယာ-ဆိုတဲ့ အကြောင်းကလေး ပြတ်နေယင် ဒါ မပေါ်ပါဘူး....(မှန်ပါ့)။

ဒါ့ကြောင့် တဏှာ ပစ္စယာ ဥပါဒါနံ....(မှန်ပါ့) ဥပါဒါန ပစ္စယာ ကမ္မဘဝေါ....(မှန်ပါ့)။

ဒါ သေသေချာချာမှတ်ပါ....တဲ့၊ ဒီနေ့ ခပ်ရှင်းရှင်းပြတယ်· (မှန်ပါ့)။

မြင်ကြရဲလား နောက်ကလူတွေ .... (မြင်ပါတယ်ဘုရား) မမြင်ယင် မြင်အောင်ကြည့်မှ မရဘူး....(မှန်ပါ့)။

မမြင်ယင် မြင်အောင်ကြည့်မှ မရဘူး၊ ခပ်ကဲကဲ ထားရတယ်၊ ခေါင်းချင်း ခြားခြားကလေး သွားရတယ် ပုလိပ်များဘန်းသလို....(မှန်ပါ့)။

တယောက်ခေါင်းခြေးကို တယောက်ခေါင်း ဝင်ရတယ်၊ ဒီလိုမှ ရတာယ်၊ နို့မဟုတ်ယင် မရဘူး....(မှန်ပါ့)။

စားချင်တာက တဏှာ၊ မစားရ မနေနိုင်တာက....(ဥပါဒါန် ပါဘုရား) မစားရ စားရအောင် အားထုတ်မယ်ဆိုတာက.... (ကမ္မဘဝပါဘုရား) ကံ၊ ကာယကံ, ဝစီကံ....(မှန်ပါ့) ရှင်းပြီ နော်....(မှန်ပါ့)။

ဒါ သေသေချာချာ ကြည့်ပါ၊ တကာ တကာမတို့ ဒါကို ပေါ့ပေါ့တန်တန် မလုပ်ပါနဲ့၊ ကိုယ့်သန္တာန် ဖြစ်နေတာ ကိုယ် မသိလို့ ပြောပါတယ်....(မှန်ပါ့)။

ဆင်ခြင်တာဟာ တဏှာ....(မှန်ပါ့) စဲ့စဲ့လမ်းလမ်းဖြစ်တာက (ဥပါဒါန်ပါဘုရား) စဲ့စဲ့လမ်းလမ်းဖြစ်လို့ မခင်ယင် မနေနိုင် ဘူး-ဆိုတဲ့ အားထုတ်မှုက....(ကမ္မဘဝပါဘုရား)။

ဒါ ခင်ဗျားတို့သန္တာန် ဒီသုံးခု တန်းနေတာဘဲ....လို့ မှတ် လိုက်စမ်းပါ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒါက တဏှာ၊ ဒါက ဥပါဒါန်....(မှန်ပါ့) ဒါက ကံ၊ ဒါ ဒီဘဝမှာ ဒီသုံးခုဟာ အချက်အခြာဘဲ....(မှန်ပါ့ ဘုရား) ဒီသုံးခုဟာ အချက်အခြာဘဲလို့ မှတ်ကြပါ။

ခင်ဗျားတို့ပါးစပ်ထဲမှာ ရ,ထားစရာကလေးတခုက တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ....(မှန်ပါ့) ကမ္မဘဝ ပစ္စယာ ဇာတိ၊ ဒီသုံးခုကလေးတော့ ရအောင်လုပ် ထားပါ....(မှန်လှပါ)။

ဒါ ခင်ဗျားတို့သန္တာန်မှာ....တဲ့၊ တခုသော ဝတ္ထုပစ္စည်းကို မြင်တယ်၊ မြင်ယင် လိုချင်တယ်၊ လိုချင်ယင် တဏှာဘဲ....(မှန်ပါ့ဘုရား)။

ဘယ်တော့မှ မရပ်တော့ဘူးလို့ ဆုံးဖြတ်ချက်ချပါ၊ လိုချင်လို့ရှိယင်ဖြင့် စဲ့စဲ့လမ်းလမ်း ရချင်တာဘဲ....(မှန်လှပါ)ဥပဒါဒါန် မလာဘူးလား....(လာပါတယ်ဘုရား)။

စဲ့စဲ့လမ်းလမ်း လိုချင်လို့ရှိယင် အားထုတ်ရမှာဘဲ ဆိုတာ ကမ္မဘဝကကော မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါ ဒီသုံးခု ဦးသန်းမောင်တို့သန္တာန်မှာ ဝမ်းထဲမှာ အစဉ် တန်းတာဘဲ၊ စဉ်ပြီး တန်းသွားတာဘဲ....(မှန်လှပါ)။

မျက်လုံးပေါက်ကလဲ ဒီသုံးခု တန်းနေတာဘဲ၊ နားပေါက်ကလဲ....(ဒီသုံးခု တန်းနေပါတယ်ဘုရား) နှာခေါင်းပေါက်ကကော .... (တန်းနေပါတယ်ဘုရား) လျှာပေါက်ကကော.... (တန်းနေပါတယ်ဘုရား)။

ကိုယ်ပေါက်က....(တန်းနေပါတယ်ဘုရား) မနောပေါက်က (တန်းနေပါတယ်ဘုရား) အဲ....တပေါက်ပြလိုက်ယင် ပြီးတာဘဲ။

ကိုင်း.... ဒါဖြင့် ခင်ဗျားတို့ ရှုတ်ထားတဲ့ ပါဠိကို ရှုတ်ပါ ဆိုတော့ တဏှာ- ဒါက တဏှာ....(မှန်ပါ့) ဒါက ပစ္စယာ.... (မှန်လှပါ) ဒါက ဥပဒါဒါန်....(ဥပဒါဒါန်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီက ဘာတုံး....(တဏှာပါဘုရား) ဒီအနီကလေးက....(ပစ္စယာပဲ်ါဘုရား) ဒါက....(ဥပဒါဒါန်ပါဘုရား)။

ဒီတခုနဲ့တခု အကြားထဲမှာ ပစ္စယာ ဆိုတာကလေးက သူနဲ့သူ ဆက်ပေးတယ်.... (မှန်လှုပါဘုရား) တဏှာနဲ့ ဥပါဒါန်ကို ဆက်ပေးတယ်၊ ပစ္စယာဆိုတဲ့ သဘောကလေးဟာ.... (မှန်ပါဘုရား)။

တရားတမျိုးတော့ မဟုတ်ပါဘူး-တဲ့....(မှန်ပါ့) ဆက်ပေးတဲ့ သတ္တိဟာ ရှိသကိုး....လို့ သိအောင်လို့ ပြတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကလေးဟာ ဘာကလေးပါလိမ့် .... (ပစ္စယာပါဘုရား) ပစ္စယာဆိုတာက ဟော....အကြောင်းတရားက အကျိုးတရားကို ဆက်ပေးတယ်-တဲ့၊ အဆက်မပြတ်ပါဘူး ပြောတာပါ....(မှန်ပါဘုရား)။

အဆက်ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား) တဏှာပစ္စယာ ဥပါဒါန်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် တဏှာ ပစ္စယာ ဥပါဒါနံ ဆိုတော့ ဒီတဏှာကလေးဟာက လိုချင်ပြီးတော့ကို ချုပ်သွားတယ်၊ ချုပ်သွားပြီးတော့ ဥပါဒါန်ပေါ်တယ်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် ပေါ်သတုံး-ဆိုတော့ ဒီပစ္စယာကလေး ကြောင့် ပေါ်တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူ့ကြောင့် ပေါ်တာတုံး .... (ပစ္စယာကြောင့် ပေါ်ပါတယ်ဘုရား)။

ပစ္စယာဆိုတာ အကြောင်း....(မှန်ပါ့) ဘယ်သူ့ကြောင့်တုံး လို့ မေးဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား) လိုတော့ ရှေ့-ချုပ်သွားသော တရားရဲ့အကြောင်း....(မှန်ပါ့)။

ဒါဖြင့် တဏှာပစ္စယာ-ဥပါဒါန်မှာ ဒီတဏှာက အကြောင်းပြုလို့ ဥပါဒါန်ဖြစ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာက....(အကြောင်းပြုလို့ဥပါဒါန်ဖြစ်ပါတယ်ဘုရား)။

ဒါ သေသေချာချာ မှတ်ပါ....တဲ့၊ တဏှာက အကြောင်းပြုလို့ ဥပါဒါန်ဖြစ်တယ်၊ ကြေ....ဒါဖြင့် ဒါဟာ ဒီတဏှာ၏ စွမ်းရည်သတ္တိကလေးပြတာ၊ ပစ္စယာဆိုတာ....(မှန်လှပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဒီတဏှာက ချုပ်သွားတော့ ပစ္စယာကလေးက ကျန်ရစ်တော့ ဒါပေါ်တာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဒီတရားကလေးဟာ ချုပ်သာသွားခဲ့တယ်....တဲ့၊ ဒီတရားကို ဖြစ်ခွင့်ပေးခဲ့တယ်....(မှန်ပါ့) မပေးဘူးလား....(ပေးခဲ့ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး.... တဏှာ ပစ္စယာ ဥပါဒါန်ကိုး....(မှန်ပါ့) သဘောပါရဲ့လား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင်- မေးမယ်၊ ဦးသန်းမောင်က မေးမယ်၊ ဘုန်းကြီးကော မေးမယ်၊ ခင်ဗျားတို့ ကြိုက်သလိုဖြေ၊ မှန်ယင် ဘုန်းကြီး ကြေ....ဒါဟာ သဿတဒိဋ္ဌိသေပြီ၊ ဥစ္ဆေဒဒိဋ္ဌိသေပြီ ဆိုတာ ဘုန်းကြီး ရှင်းပြမယ်နော်....(မှန်ပါ့)။

ကဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ဒီလိုချည့် သွားမှာဘဲ....(မှန်ပါ့) ကမ္မဘဝပစ္စယာ ဆိုလို့ရှိယင်လဲ ဒီအတိုင်းလာမှာဘဲ....(မှန်ပါ့)။

ဒီကြားထဲ ပစ္စယာတော့ ပါရမျှာဘဲ....(မှန်ပါ့) ပြီးတော့မှ သူကမှဘဝပစ္စယာ ဇာတိ၊ ဒီလို လာမျှာဘဲ၊ မလာပေဘူးလား-(လာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ စာရ,ထားတာနဲ့ ဘာမှ မဆိုင်ဘူးလို့ အောက်မေ့ပါ....(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဘာမှမဆိုင်ဘူးလို့ ဆိုသတုံး-လို့ မေးစရာလိုတော့ ကြည့်လေ.... တဏှာ ပစ္စယာ ဥပါဒါနံ၊ ကျုပ်တို့အမြင်က ဒါဖြစ်နေတယ်.... (မှန်ပါ့) စာကတော့ တဏှာ ပစ္စယာ ဥပါဒါနံ။

ကျုပ်တို့အမြင်က အခု ဆရာဘုန်းကြီးပြလိုက်တော့ တဏှာ ပစ္စယာ ဥပါဒါနံ။

သြော်....ဒီတဏှာမှာ အကြောင်းရှိတယ်၊ ဥပါဒါန်ဖြစ်စေတဲ့ အကြောင်းကလေး သူ့ထဲမှာပါတယ်....(မှန်ပါ့) မပါဘူးလား (ပါ-ပါတယ်ဘုရား)။

ဒါ့ကြောင့် တဏှာ ပစ္စယာ ဥပါဒါနံ....(မှန်ပါ့) ဒီ ဥပါဒါနံဟာ အလိုလိုပေါ်တာလား၊ တဏှာက အကြောင်းပြုတာလား....(တဏှာက အကြောင်းပြုတာပါဘုရား)။

ဒါဖြင့်.... ဒီတဏှာအကြောင်းကလေးနဲ့ သူ ဆက်တယ်....(မှန်ပါ့) မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

အံမာလေး....ဒါကလေး မနည်းပြောရပါလား၊ ဆက်တော့ကို ဘုန်းကြီးတို့ တကာတကာမတွေ့ ဆက်ပါတယ်လို့ သိသွားယင် အတော်ကျေနပ်ဘယ်....(မှန်ပါ့ဘုရား) တဏှာပစ္စယာ....

(ဥပါဒါနုံပါဘုရား) မဆက်ဘူးလား.... (ဆက်ပါတယ်ဘုရား) ဘာကြာတည်းဟူသော အကြောင်းတရားနဲ့ ဥပါဒါန်ဟာ ဆက်နေတယ်....(မှန်ပါ့) တကြာတည်းဟူသော တရားက အကြောင်းမပြုခဲ့လို့ ရှိယင် ဒီဥပါဒါန်ပေါ်မှာမဟုတ်ဘူး....(မှန်ပါ့ဘုရား) ပေါ်ပလား....(မပေါ်ပါဘုရား) ဒါဖြင့် တကြာနဲ့ ဥပါဒါန် အကြောင်း,အကျိုး ဆက်-မဆက်.... (ဆက်ပါတယ်ဘုရား) ဆက်တယ်နော်....(မှန်ပါ့)။

ကဲ....ဆက်လို့ ရှိယင်ဖြင့် အခု ဥပါဒါန်ပေါ်နေပြီ....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်နေပါပြီဘုရား)။

အလိုလိုပေါ်တာလား....တဲ့၊ ရှေ့ဓမ္မက ပေါ်ခွင့်ပေးခဲ့တာလား.... (ရှေ့ဓမ္မက ပေါ်ခွင့်ပေးခဲ့တာပါဘုရား) သဘောကျပလား....(ကျပါပြီ) ရှေ့ဓမ္မက ချုပ်သွားလို့ ပေါ်ခွင့် ပေးခဲ့တယ်....(မှန်ပါ့)။

ဩော်....ဒါဖြင့် ဒီသန္ဓာန်ဖြစ်တဲ့စိတ်တွေဟာ ဒီလိုပါဘဲ ဆက်ဆက် သွားမှာဘဲ ဆိုတာ မသိဘူးလား.... (သိပါတယ်ဘုရား)။

အဲဒီတော့ကို ရှေ့ချုပ်သွားတဲ့အကြောင်းနဲ့ နောက်အကျိုးနဲ့ဟာ ဆက်နေတယ်....(မှန်ပါ့) မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

ဆက်တာသိသဖြင့်....တဲ့ ဦးမာဒင်က ရှင်းတယ်၊ ဦးသန်းမောင်တို့ နောက်လာတဲ့ တကာမကြီးတွေက မရှင်းဘူး၊ မရှင်းမှာ စိုးလို့ ထပ်ပြောတာ....(မှန်ပါ့)။

ဒါဖြင့် ဒီအကြောင်းချုပ်သွားငြားသော်လဲ ဒီအကျိုးပေါ်သင့်-မပေါ်သင့်....(ပေါ်သင့်ပါတယ်ဘုရား)။

ဘာဖြစ်လို့ ပေါ်သင့် သတုံး....ဆိုတော့ ပစ္စယာ....တဲ့၊ အကြောင်းက ဆက်နေတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအကျိုးဟာ အလိုလိုပေါ်တာလား-ရှေအကြောင်းကြောင့် ပေါ်တာလား.... (ရှေ့အကြောင်းကြောင့် ပေါ်တာပါဘုရား)။

ရှေ့အကြောင်းကြောင့် ပေါ်ခဲ့လို့ ရှိယင်ဖြင့်....တဲ့ ဥစ္စာဒီဌိ ဒီတကာတကာမတွေ လွတ်သွားပြီ....(မှန်ပါ့)။

ဒါကလေးက အလိုလို ပေါ်တာလား- အကြောင်းကြောင့် ပေါ်တာလား.... (အကြောင်းကြောင့် ပေါ်တာပါဘုရား) ဒါဖြင့် အကြောင်းနဲ့အကျိုးဟာ ပြတ်သေးရဲ့လား.... (မပြတ်ပါဘုရား)။

မပြတ်ဘူး....လို့ ယုံတဲ့အတွက် ဥစ္စာဒီဌိဆိုတာ ပြတ်တယ်လို့ ယူတာ၊ အခုတော့ ဥစ္စာဒီဌိဖြစ်သေးရဲ့လား.... (မဖြစ်ပါဘူးဘုရား) ရှေအကြောင်းနဲ့ ဒီအကျိုးဟာလေ....(မပြတ်ပါဘုရား) မပြတ်တာ သိနေတယ် သြော်....ဒီအကြောင်းမရှိဘဲနဲ့ ဒီအကျိုးပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

ကောင်းပြီ.... ဒါကလေးတလုံး ခင်ဗျားတို့ ပိုင်လို့ ရှိယင် ဥစ္စာဒီဌိဖြင့် ဒီသန္တာန်မှာ မရှိဘူး....လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ဘာမရှိတာတုံး....(ဥစ္စာဒီဌိမရှိပါဘုရား)။

အဲဒီ ဥစ္စာဒဒိဋ္ဌိ ရှိနေလို့ ရှိယင်လဲ ဘုန်းကြီးက ဘယ်လိုဘဲ ဟောတတ်ပြောတတ်ငြားသော်လဲ ဒီ ဓမ္မကလေးတွေကို ဟောမှာကိုး၊ နောက် ဖြစ်ပျက်ဟောတော့မယ်....(မှန်ပါ့)။

ဒါမှ အကြောင်းအကျိုးဆက်နေတဲ့သဘော မသိလို့ ရှိယင် ခင်ဗျားတို့ကို ဘုန်းကြီးက ဘယ်လောက်ဘဲဟောဟော ခင်ဗျားတို့ သောတာပန် မတည်နိုင်ဘူး....(မှန်ပါ့) သိပ်ကြောက်စရာကောင်းတယ်.... (မှန်လှပါ) သောတာပန် တည်ခွင့်ကို မပေးနိုင်ဘူး၊ ဒီ-ဥစ္စာဒဒိဋ္ဌိခံနေလို့....(မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာခံနေသတုံး.... (ဥစ္စာဒဒိဋ္ဌိ ခံနေပါတယ်ဘုရား) ဒါ.... ကြပ်ကြပ် စဉ်းစားပါ....(မှန်ပါ့) ခင်ဗျားတို့က အနိစ္စ,ဒုက္ခ, အနတ္တလုပ်ယင် တည်မယ်လို့ထင်နေတယ်၊ မဟုတ်ဘူး၊. မရောက်နိုင်ဘူး၊ ဒါ....အရင်ရှင်းပြီးမှ လုပ်ယင် ရောက်မယ်....(မှန်ပါ့) ဒါ....အရင်မရှင်းဘဲနဲ့ လုပ်ယင်....(မရောက်ပါဘုရား) မရောက်ဘူးလို့ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် သြော်....ဝိပဿနာ၏ အခြေအမြစ်ကို ပြောနေတာကိုး ဆိုတာကို ဦးမာဒင်-ဦးသန်းမောင်တို့က မှတ်ရမယ်....(မှန်လှပါဘုရား) မပျင်းနဲ့ ဒီဥစ္စာကို၊ ဒါ....ရှင်းဘို့ သိပ်အရေးကြီးတယ်....(မှန်ပါ့)။

ဒါရှင်းပြီးတယ်ဆိုယင် ဖြစ်ပျက် နှစ်ခါသုံးခါမြင်တယ်ဆိုယင် ခင်ဗျားတို့ ခဏကလေးနဲ့ ပြီးသွားမယ်....(မှန်ပါ့) ဒါ....မရှင်း

ဘဲနဲ့ အားထုတ်ယင် ဘုရားလက်ထက်က နှစ်ပေါင်းများစွာ အားထုတ်နေတာ မရဘူး....(မှန်ပါ့)။

ဒါ....မရှင်းဘဲနဲ့အားထုတ်ယင်....(မရပါဘုရား)ရကို-မရဘူး၊ ဒီဌီအပင်း ခံနေတယ်....(မှန်ပါ့) ဒီဌီအပင်းခံနေတာ ဘယ်လို အားထုတ် အားထုတ် မရဘူး....(မှန်ပါ့) မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို မပေါ်လာဘူး ...(မှန်ပါ့)။

ကဲ....ဘယ်လောက် ကြာက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား) ဘာဖြစ်လို့တုံး.... ရှင်းသင့်တာ မရှင်းလို့....(မှန်ပါ့) ဒီဌီခွါသင့်တာကို.... (မခွါလို့ပါဘုရား) မခွါလို့ ဆိုဇေတာ့ သိပ်နစ်နာနေတယ်....(မှန်ပါ့)။

ကြပ်ကြပ်စဉ်းစားကြပါ....၊ ဒီဥစ္စာ ဆရာရင်း, သမားရင်း ပြောနေတယ်လို့ ဇောက်မေ့....(မှန်လှပါဘုရား)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ဟာ ဘုန်းကြီးတို့ ကိုယ့်ကိုယ် ကိုယ် ချီးမြှောက်ချင်လို့လဲ မဟုတ်ဘူး၊ ခင်ဗျားတို့ကို သနားလို့သာ ပြောတယ်လို့ အောက်မေ့ပါ။ ဒီလိုရှင်းပေးတဲ့ ဆရာသမားက ရှားတယ်....(မှန်ပါ့)။

ရောက်လာယင် မင်း....ရှုကွာ၊ စားတာသိ၊ သွားတာသိ၊ နေတာ့သိအောင်လုပ်ကွာ... ဆိုတော့ ဒီဌီတွေ့ မဖြုတ်ဘဲ ဗလပေ့နဲ့ဆိုယင် ဘယ်က လာရမှာတုံး....(မှန်ပါ့)။

ဒါဖြင့် တဏှာ, ပစ္စယာ, ဥပါဒါနံဆိုတာ ဒီဥပါဒါန်ဟာ ဦးမာဒင် အကြောင်းကင်းသလား-မကင်းဘူးလား....(မကင်းပါဘုရား) ဘယ်အကြောင်း ရှိသတုံး.... (ပစ္စယာ အကြောင်းရှိပါ

တဲယ်ဘုရား) တဏှာ အကြောင်း ရှိတယ်.... (မှန်ပါ့- တဏှာ အကြောင်းရှိပါတယ်ဘုရား) ဒါဖြင့် တဏှာက အကြောင်းပြု လိုက်လို့ ဥပါဒါန်ပေါ်တာ....(မှန်ပါ့)။

ဒါဖြင့် တဏှာနဲ့ ဥပါဒါန်သည် အကြောင်း အကျိုး ဆက် လျက်ဘဲ့....(ဆက်လျက်ပါဘုရား) ဆိုနိုင်ကြမယ်.... (ဆိုနိုင်ပါ တယ်ဘုရား)။

ဒါဖြင့် တဏှာသည် ချုပ်-ပျောက်ပင်သွားငြားသော်လည်း သူ့သတို့ ဒီမှာ ပေးထားခဲ့တဲ့အတွက် အကျိုးတရားပေါ်ရတယ် (မှန်ပါ့) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဒို့သန္တာန်မှာ စိတ်စဉ်တွေဟာ တစ်တ်ပြိုး တစိတ် တစိတ်ပြိုးတစိတ် တန်းပေါ်တယ်၊ သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ ဆက်ဆက်ပေါ်တာကိုး....(မှန်လှပါ) ဒီလို မဆိုဘူးလား....(သိပါတယ်ဘုရား)။

ခုနင်က စားချင်တဲ့စိတ်ပြိုး အိပ်ချင်တဲ့စိတ်၊ အိပ်ချင်တဲ့စိတ် ပြိုး ကျင်ကြိုးကျင်ငယ် စွန့်ချင်တဲ့စိတ်တွေ ဆက်ဆက်မသွားဘူး လား....(သွားပါတယ်ဘုရား)။

ဒါ အကြောင်း အကျိုး ဆက်ဆက်သွားတာ .... (မှန်ပါ့) သိပလား....(သိပါပြီဘုရား)။

အကြောင်း အကျိုး ဆက်သွားတာ သိသဖြင့် အကြောင်း အကျိုး ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား) ဒါဖြင့် မပြတ်ဘူး ဘုရာ့-ဆက်နေတယ်လို့ သိပြီနော်....(မှန်ပါ့)။

အကြောင်း အကျိုး....(မပြတ်ပါဘုရား) ဘယ်ဒီဋ္ဌိ စင်သွား သတုံး....(ဥစ္ဆေဒဒီဋ္ဌိ စင်သွားပါတယ်ဘုရား)။

အဲ....ပြတ်တယ်ယူမှ ဥစ္စာဒဒိဋ္ဌိ ဖြစ်တာကိုး....(မှန်ပါ့) အခု တော့ မပြတ်မှန်းသိတော့ ဥစ္စာဒိဋ္ဌိ စင်မသွားဘူးလား.... (စင်သွားပါတယ်ဘုရား)။

အဲဒီ ဥစ္စာဒဒိဋ္ဌိ စင်သွားတော့ ဥစ္စာဒဒိဋ္ဌိဆိုတာ ပြတ်တယ်လို့ ယူဘာ....(မှန်ပါ့) ဒါဖြင့် ဥစ္စာဒဒိဋ္ဌိစင်ပလား....(စင်ပါပြီဘုရား)။

ပြန်ပြီးပြတယ်၊ ပြန်ကြည့်ကြပါ....(မှန်ပါ့) တဏှာပစ္စယာ.... ဘာတဲ့တုံး....(ဥပါဒါန်ပါဘုရား)။

ဖြတ်ဆို....ဒီတဏှာက ချုပ်သွားတယ်၊ ချုပ်သွားတော့ သူ့ပစ္စယာကလေး ထားပစ်ခဲ့တဲ့ အတွက် ဒါလာပေါ်တယ်.... (မှန်ပါ့) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ရှေ့-တဏှာဟာ ချုပ်လဲ ချုပ်တယ်၊ သတ္တိလဲထားခဲ့တယ် .. (ထားခဲ့ပါတယ်ဘုရား)။

ချုပ်ကော....(ချုပ်လဲ ချုပ်ပါဘယ်ဘုရား) သတ္တိကော.... (သတ္တိလဲ ထားခဲ့ပါတယ်ဘုရား) ထားခဲ့လို့ ပေါ်တာပေါ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရှေ-တဏှာ့ချုပ်တာ ခင်ဗျားတို့ သိထားဘို့- သိထားဘို့.... (မှန်ပါ့) ဒါကလေးဟာ ချုပ်တယ်လို့ သိသဖြင့် သြော်.... ဖြစ်လဲဖြစ်တယ်၊ ချုပ်လဲချုပ်တယ်လို့ သိတယ်၊ ချုပ်တာကလေး သိသဖြင့် သဿတဒိဋ္ဌိစင်တယ်....(မှန်ပါ့) ဒါပေါ်တာသိသဖြင့် ဥစ္စာဒဒိဋ္ဌိ စင်တယ်.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တကယ်ရှင်းရဲ့လား....(မှန်ပါ့-ရှင်းပါတယ်ဘုရား) သေသေ ချာချာလုပ်နော်.... (မှန်ပါ့) သေသေချာချာလုပ်၊ ဒီဥစ္စာ ဘုရားတဆူမှ တခါပေါ်တာ....(မှန်ပါ့) လွယ်လွယ်ကူကူ မှတ် မနေနဲ့....(မှန်ပါ့)။

ဒါသိယင် သိတဲ့အချိန်ကစပြီး အပါယ်မသွားဘူး....(မှန်ပါ့) နည်းတဲ့သတ္တိမဟုတ်ဘူး....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ပြန်ပြတယ်၊ ခင်ဗျားတို့က စားချင်တဲ့စိတ်၊ တဏှာကလေး ပေါ်တယ်၊ ဝက်သားစားချင်တယ်၊ ပုဇွန်ထုပ်စားချင်တယ်၊ စားချင်တဲ့တဏှာကလေးပေါ်တော့ မစားရ မနေနိုင်ဘူးဟ-ဥပါဒါန်လာတယ်....(မှန်လှပါ)။

မနေနိုင် ငါသွားဝယ်မယ်ဆိုတော့ ကာယကံ, ဝစီကံ လာတယ်၊ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါ ခင်ဗျားတို့သန္ဓာန်မှာ တန်းနေတယ်ဆိုယင် လွဲပါ့မလား (မလွဲပါဘုရား)။

ဒါဖြင့် သုံးကြပါစို့....တဲ့၊ တဏှာ ပစ္စယာ.... ဥပါဒါနံ၊ ဟုတ်လား....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် ဒီတဏှာကလဲ ခင်ဗျားတို့ သိတဲ့အတိုင်း တဲ့၊ သခ်ါရတရားမို့ ပျက်သွားတယ်....(မှန်ပါ့) ဖြစ်ပြီး ပျက်ရ တာဘဲ၊ စိတ်ကလေးကိုး .... (မှန်ပါ့) ဖြစ်ပြီးတော့....(ပျက်ရ ပါတယ်ဘုရား)။

ဒါ သိလိုက်တယ်၊ တဏှာကလေးဟာ, ပစ္စယာလဲ လုပ်သွား တယ်၊ သူလဲ ပျက်တယ်....(မှန်ပါ့)။

ပစ္စယာလဲ....(လုပ်သွားပါတယ်ဘုရား) ပျက်လဲပျက်တယ်....(မှန်ပါ့)။

ဒါဖြင့် ပျက်တာမြင်သဖြင့် ဘယ်ဒီဋ္ဌိစင်သတုံး.... (သဿတဒီဋ္ဌိ စင်ပါတယ်ဘုရား) နေရာကျပြီ....၊ ပျက်တာ မြင်သဖြင့် သဿတဒီဋ္ဌိစင်တယ်၊ သက္ကာယဒီဋ္ဌိ စင်တယ်....(မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ပျက်တာမြင်သဖြင့်....(သဿတဒီဋ္ဌိနဲ့သက္ကာယဒီဋ္ဌိ စင်ပါတယ်ဘုရား) သက္ကာယဒီဋ္ဌိကော ပါသွားတယ်....(မှန်ပါ့) မပါဘေးဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ပျက်တာမြင်သဖြင့် ဘာစင်သွားပါလိမ့်....(သဿတဒီဋ္ဌိ စင်ပါတယ်ဘုရား) သဿတဒီဋ္ဌိဆိုတာ ခိုင်မြဲတယ်ယူတာ....(မှန်ပါ့) ခိုင်ကြရဲ့လား....(မခိုင်ပါဘုရား)။

ပစ္စယာဆိုတဲ့ သဘောကလေးကို မြင်လိုက်တဲ့အတွက် သူကကျေးဇူးပြုလို့ ဟောဒီ ဥပါဒါန်ပေါ်တာကလေးဟာ ခင်ဗျားတို့ သန္တာန်မှာ မရှိဘူးလား၊ ရှိသလား....(ရှိပါတယ်ဘုရား)။

ရှိတော့ကို.... သြော်....အယင်တရားဟာ ချုပ်လဲ ချုပ်သွားတယ်၊ နောက်တရားကိုလဲ အမှေပေးခဲ့တယ်၊ ဖြစ်ခွင့်ပေးခဲ့တယ် (မှန်လှပါဘုရား) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲ့....ဖြစ်ခွင့်ပေးတယ်လို့ ဆိုသောကြောင့် ဖြစ်တာလဲ မြင်ရသောကြောင့် သြော်....ဒီဥစ္စာဒဒိဋ္ဌိ မရှိဘူး....(မှန်ပါ့)။

သူသည် သေသွားငြားသော်လည်း ဒီတရားကို အကြောင်းအကျိုး ဆက်ထားခဲ့တယ်....(မှန်ပါ့) မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

ဒါဖြင့် ဆက်တာသိသဖြင့် ဥစ္စာဒကော ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်- ဟောဒီတရားကလေးပျက်သွားယင် ဘယ် ဒီဥစ္စာစင်သတုံး....(သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား) ဟောဒီ တရား ကလေး ပေါ်လာတာ သူ့ အကြောင်း ကင်းရဲ့လား....(မကင်း ပါဘုရား) မကင်းလို့ ဆက်သွားတာ မြင်သဖြင့်....(ဥစ္စာဒ ဒိဋ္ဌိ စင်ပါတယ်ဘုရား) သုံးခု စင်သွားပြီ....(မှန်ပါ့)။

ပေါ်တာ စိတ်ဘဲလို့သိယင် သက္ကာယဒိဋ္ဌိ စင်တယ်....(မှန်ပါ့ ဘုရား)။

ရှေ့က ပျက်တိုင်း ပျက်တိုင်း သိယင်....(သဿတဒိဋ္ဌိ စင်ပါ ကယ်ဘုရား)။

နောက်က ပေါ်တိုင်း ပေါ်တိုင်း သိယင်....(ဥစ္စာဒဒိဋ္ဌိ စင် ပါတယ်ဘုရား)။

သုံးခုတော့ စင်သွားပြီ.... (မှန်ပါ့) နားရှင်းကြရဲ့လား.... (ရှင်းပါတယ်ဘုရား)။

မရှင်းမချင်း ပြောနေမှာဘဲ၊ ခင်ဗျားတို့ နားငြီးလဲ ပြောရ မှာဘဲ၊ နားငြီးလဲ ပြောရမှာဘဲ၊ ဒီဥစ္စာ ငရဲမျိုးစေ့ကိုးဗျ.... (မှန်လှပါ)။

ခင်ဗျားတို့ဝမ်းထဲ ငရဲမျိုးစေ့ ရှိနေတာကို အဝေးကြီးက လာပြီး ဒါကလေးမှ ယူထုတ်မပေးဘူးဆိုလို့ ရှိယင် ခင်ဗျားတို့ ကံနဲ့ခင်ဗျားတို့ ဆိုရာလဲရောက်တယ်....(မှန်ပါ့ဘုရား)။

အပါယ်ချတာ ဒီဥစ္စာကချတာနော်....(မှန်ပါ့) ခင်ဗျားတို့က

ကံမကောင်းလို့ အပါယ်ရောက်တယ်လို့ ထင်ကြတယ်၊ ဒီဦးက ချတာ....(မှန်လှုပါဘုရား)။

ဦးဝ-မှတ်ထား၊ ကံက ဒါလောက်မဟုတ်ပါဘူး....(မှန်ပါ့) စဉ်းစားကြည့်ပါလား၊ ကံက နောက်ဆုံးပိတ်မှာဘဲ ဒီဟာတွေ ပေါ်မှာလဲ ငါ၊ ဒါလဲ ငါ၊ ဒါလဲ ငါဘဲ၊ အကုန် ငါစွဲလို့ ကျရတာ....(မှန်ပါ့)။

တဏှာကိုလဲ ငါ, ဥပါဒါန်ကိုလဲ ငါ....(မှန်ပါ့) ကံကိုလဲ....(ငါပါဘုရား)။

ငါဆိုတော့ ငါမရှိဘဲနဲ့ ငါလုပ်လို့ ကျတာ....(မှန်ပါ့) ဒီကံကြောင့် ဒါလောက်မဟုတ်ဘူး၊ ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့အထင်ကတော့ ဘယ်လိုထင်သတုံးလို့ မေးတော့ အကုသိုလ်က အပါယ်ချလိုက်တယ်၊ ခင်ဗျားတို့က ဒီလိုဖြစ်နေတယ်....(ဒီလိုဖြစ်နေပါတယ်ဘုရား)။

စင်စစ် ဘုန်းကြီး တခု ဥပမာပြမယ်၊ ခင်ဗျားတို့ ရန်ကုန်မှာ အာဇာနည် ခေါင်းဆောင်ကြီးတွေ လုပ်ကြံမှုမှာ ဂဠုံစောကို ကြိုးပေးလိုက်တယ်၊ ဟုတ်လား....(မှန်ပါ့)။

ဂဠုန်က တိုက်ရိုက်သတ်ဘာလား၊ ဂဠုန့်တပည့်တွေက သတ်တာလား....လို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ .... (ဂဠုန့်တပည့်တွေက သတ်တာပါဘုရား)။

သို့သော်....အကြောင်းရင်းကတော့ ဂဠုန်ဘဲ.... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီမှာ ကံကတော့ ပစ်ချလိုက်တယ်လို့ ဆိုတာဘဲ၊ ဒိဋ္ဌက နောက်က အမိန့်ပေးလို့ ချလိုက်တာ....(မှန်ပါ့) ဒိဋ္ဌက အမိန့်ပေးလို့ ကံက ပစ်ချလိုက်တာ....(မှန်ပါ့)။

ဒိဋ္ဌပြုတ်တော့ အပါယ်မကျဘူး ဆိုတော့ ကံက ဘာတတ်နိုင်သေးသတုံး....(ဘာမှ မတတ်နိုင်ပါဘုရား) တတ်နိုင်သေးရဲ့လား....(မတတ်နိုင်ပါဘုရား) ဒီကတည်းက ကံသုံးပြီပေါ့ဗျ....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့က အခိုင်းအစေကို စဲချက်တင်နေတယ်....(မှန်ပါ့) ကြိုးကလေးဆဲတဲ့လက်ို စဲချက်တင်နေတယ်၊ ကြိုးလေးဆဲတာက ဘာဆိုင်သတုံးဗျ၊ ဒီက စက်ရှင်မင်းကြီးက အမိန့်ထုတ်ဘာဟာ လိုရင်းဘဲ၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ခင်ဗျားတို့က ကြိုးဆဲတဲ့လူကို ကံလုပ်နေတာ .... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဋ္ဌနဲ့ကံဟာ နောက်က တကာတွေရော တကာမတွေ ဘယ်ဟာ ကြောက်စရာ ကောင်းသတုံး .... (ဒီဋ္ဌိ ကြောက်စရာ ကောင်းပါတယ်ဘုရား)။

အခု ခင်ဗျားတို့က ကံ-ကြောက်တယ်....တဲ့၊ အတော်ရှောင်တဲ့လူတွေပါ၊ မရှောင်ဘူးလား....(ရှောင်ပါတယ်ဘုရား) သေသေချာချာရှောင်ပါတယ်....(မှန်ပါ့)။

အော်ဒါအမိန့်ပေးတဲ့လူကို ကြောက်ရမှယ်၊ သတ်တဲ့ လူက အခိုင်းအစေဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အခု လက်သည်စစ်စစ်ဖမ်းတော့ကို အခု တရားပဲမှာ စစ်စစ်ဖမ်းလိုက်တဲ့အခါကျတော့ အခု နောက်ဆုံး ပိတ်မှာဆိုယင် အသတ်ခိုင်းတဲ့လက်သည်စစ်ကို ဖမ်းကြတာဘဲ.... (မှန်ပါ့) သတ်တဲ့လူတော့ ဒါလောက် အရေးမကြီးလှဘူး၊ ကြီးရဲ့လား....(မကြီးပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ အပါယ်ချတာဟာ ကံက ချတာလား၊ သြော်....ဒါ အမိန့်ပေးနေတဲ့ဒိဋ္ဌိက ချတာလား....(ဒိဋ္ဌိက ချတာ ပါဘုရား)။

ဟုတ်မှ ဟုတ်ကဲ့လား....လို့ မေးတော့ ခင်ဗျားတို့ ရ,ထားတဲ့ ပရိတ်ကြီးထဲ သွားကြည့်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်လိုက်တဲ့ အတွက် အပါယ်အကျိုးပေးမှ လွတ်တယ်ဆိုပြီး သဟဝဿာ ဒဿန သမ္ပဒါယမှာလာတယ်....(မှန်ပါ့)။

ဒိဋ္ဌိဝိစိကိစ္ဆာ ပါယ်လိုက်တဲ့အတွက် အပါယ်လေးပါး ကျသေးရဲ့လား....(မကျပါဘုရား) ကံပယ်လိုက်လို့-လို့ လာရဲ့လား....(မလာပါဘုရား)။

အဲဒါတွေတော့ မတွေ့တော့ အပါယ်ကျလိမ့်မယ်၊ ဒီကံတွေချည့် လုပ်နေလို့ ရှိယင်....တဲ့၊ ဆဲချနေတာ ကံတွေချည့် ပြောနေတာဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်သူ့ကြောင့် အပါယ်ကျတာတုံး....(ဒိဋ္ဌိကြောင့် အပါယ်ကျတာပါဘုရား) ဘုရားကလဲ ဒိဋ္ဌိကြောင့်လို့ ဟောတော်မူတယ်....(မှန်ပါ့) မဟောဘူးလား .... (ဟောပါတယ် ဘုရား)။

ဘယ်နှယ်ကြောင့် ခင်ဗျားတို့က ကဲ့ဘက် ပြောင်းသွားတာ တုံး.... သူမျှားပြောသံကြားနဲ့ သူမျှားပါးစပ် လမ်းဆုံးနေတာ လား၊ သူမျှားပါးစပ်လမ်းဆုံးတာ ကြောက်စရာ အကောင်းဆုံး ဘဲ့....(မှန်ပါဘုရား)။

ကဲ့....နာရီပိုသွားပြီ၊ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်.. မင်္ဂလာဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
သင်္ကာယအပေါ်၌ ဒိဋ္ဌိပြုတ်တဲ့တရား
သင်္ကာယ၌ မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိသို့
နွေ-အလုပ်ပေးတရားတော်
(၅-၁၀-၆၁)

သောတာပန် အငယ်စား ဖြစ်တယ်လို့ မှတ်ထားကြပါ.... (မှန်ပါ့) ဥပမာ မျက်လုံးက ဖွင့်လိုက်တယ်၊ ဖွင့်လိုက်လို့ ရှိယင် ဖြင့် တခုခုတော့ သူမြင်တော့မှာဘဲ....(မှန်ပါ့)။

မျက်လုံးက ဖွင့်လိုက်တယ်၊ ဖွင့်လိုက်သည်နဲ့ တပြိုင်နက်တည်း ဦးမာဒင်တို့- ဦးသန်းမောင်တို့ ဖြတ်ဆို.... မြင်စိတ်ကလေးဟာ ပေါ်လာတယ်။

ဩဿ်....ဒါ မြင်စိတ်ကလေးပါလား....လို့ ပေါ်ပေါ်ခြင်း သိပေးရမယ်....(မှန်ပါ့)။

ပေါ်ပေါ်ခြင်း ဘာလုပ်ရမလဲ.... (သိပေးရပါမယ်ဘုရား) ဩဿ်....အခုမှပေါ်တဲ့ မြင်စိတ်ကလေးပါလား၊ အာလုံး တံကာ

တကာမတွေ့ အခုမှပေါ်တဲ့ မြင်စိတ်ကလေးပါလားလို့ သိပေးရမယ်....(မှန်ပါ့)။

ဖြတ်ဆို့....အသံကလေးတခုကြားလိုက်တယ်၊ မြင်စိတ်မရှိဘူး၊ ကြားစိတ်ကလေးပေါ်တယ်လို့ သိပေးပါ....(မှန်ပါ့)။

အနံ့ကလေးတွေ့ လေကယူလာတယ်၊ နှာခေါင်းထဲ သွားတိုးတယ်၊ တိုးတဲ့အခါ မွှေးတယ်, ကြိုင်တယ်၊ ချေဉ်....ဒါဟာ အနံ့သိတဲ့စိတ်ကလေး ပေါ်ပါလားလို့ ပေါ်ယင် သိပေးပါ....(မှန်ပါ့)။

လျှာပေါ်မှာ....(ကိုယ့်တံတွေးမျှိမျှိ) လျက်ဆားကလေး လျက်လျက်၊ ဒီ့ပြင် စားသောက်-ခဲဘွယ်,ဘောဇဉ်စားချင်တာစား, စားတဲ့စိတ်လေး လျှာလယ်ရောက်လို့ ပေါ်လာတယ် ဆိုယင် ချိုတာသိ၊ ချဉ်တာသိ၊ ဒီသိတဲ့ စိတ်ကလေးဟာလဲ ချေဉ်....ဒါဟာ စားစိတ်ကလေး ပေါ်ပါလားလို့ ပေါ်တိုင်း သိပေးပါ....(မှန်ပါ့ဘုရား)။

ကိုယ်ပေါ်မှာ ယားတယ်, ယုံတယ်, နာတယ်, ချေဉ်....ဒါဟာ ယားတဲ့စိတ်ကလေးပါလား၊ နာတဲ့စိတ်ကလေးပါလား၊ သူ့နေရာနဲ့သူ ချေဉ်....ဒါပေါ်တာကိုး....လို့ သိပေးပါ၊ ကိုယ်ပေါ်မှာ ယားတဲ့စိတ်ကလေးနော်....(မှန်ပါ့) ဒုက္ခစိတ်ကလေး (မှန်ပါ့)။

ပြီးတော့ ကိုယ်ပေါ်မှာ လေကလေး ဘာကလေးတိုက်၊ နေကောင်းတဲ့စိတ်ကလေး ပေါ်တတ်တယ်....(မှန်ပါ့)။

လေကလေးတိုက်တယ်ဆိုယင် ဒီနေရာကလေးက နေရာကျ

လိုက်တာ၊ လည်ပင်းတိုက်တယ်၊ လည်ပင်းတွင်ဘဲ ချမ်းသာတဲ့ စိတ်ကလေးပေါ်တယ်၊ ကိုယ်ပေါ်မှာ သုခစိတ်ကလေးလဲ ပေါ်နေတယ်....(မှန်ပါ့)။

ဒါဖြင့် ကိုယ်ပေါ်မှာတော့ သုခစိတ်၊ ဒုက္ခစိတ်၊ ဒါ့ကြောင့် အနိန္ဒစ်ခု ခဲ့ပြတယ်....(မှန်ပါ့)။

ဒါဖြင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်....(မှန်ပါ့) ကိုယ်ပေါ်ကျတော့ တခါတလေ သုခပေါ်တယ်၊ တခါတလေ ဒုက္ခပေါ်တယ်၊ ဒုက္ခစိတ်၊ သုခစိတ်....(မှန်ပါ့)။

ဒါကို အားလုံး တကာ တကာမတွေက ပေါ်တိုင်း- ပေါ်တိုင်း သိပေးပါနော်....(မှန်ပါ့)။

ဝမ်းထဲမှာတော့ ဘာပေါ်လေ.ရှိသတုံး....လို. မေးတဲ့အခါကျတော့ ဒါဟာ စိတ္တာနုပဿနာသင်နေတယ်လို့လဲ မှတ်ကြပါ-(မှန်ပါ့)။

တခါတလေကျတော့ ဝမ်းထဲမှာ ဝမ်းသာစရာကလေး.... ရန်ကုန်က ဖြစ်စေ၊ ဟင်္သာတကဖြစ်စေ အကြောင်းကြားတယ်၊ ဝမ်းသာစရာကလေးကျတော့ ဝမ်းသာတဲ့စိတ်ဟာ ဝမ်းထဲမှာ ပေါ်တယ်၊ သူကတော့ နေရာတခြား ဟဒယဝတ္ထုပေါ်မှာ ပေါ်တယ်....(မှန်ပါ့)။

တခါတလေကျတော့လဲ ဝမ်းမသာတဲ့စိတ်၊ ပျင်းရိတဲ့စိတ် ပေါ်တယ်....(မှန်ပါ့) ဒါဖြင့် ဒေါသစိတ်ပေါ့နော်....(မှန်ပါ့ ဘုရား)။

တခါတလေကျတော့လဲ ဦးမာဒင်တို့- ဦးသန်းမောင်တို့ ဟို ဘက်က တကာမကြီးတွေက သံသယရှိတဲ့စိတ်ကလေးပေါ်တယ် (မှန်ပါ့) ဘယ်ဟာရယ်လို့ မဟုတ်ဘူး၊ သံသယရှိတယ်၊ ဒါ မောဟစိတ်လို့ မှတ်ပါ....(မှန်ပါ့)။

တခါတလေကျတော့လဲ လောဘစိတ်၊ ဒေါသစိတ်တွင် မဟုတ်ပါဘူး....တဲ့၊ အလောဘ လှူချင် တန်းချင်တဲ့စိတ်ကလေး ကလဲ ဖြတ်ကနဲ ပေါ်ချင်ပေါ်တာဘဲ....(မှန်လှပါ)။

အဲဒါကျတော့ အလောဘစိတ်....(မှန်ပါ့)။

တခါတလေကျတော့ အားလုံး သတ္တဝါတွေ.... ဩော်.... ကိုယ်က သိတန်သလောက် သိရတယ်၊ မသိရှာသေးဘူး ဆိုပြီး သကာလ မေတ္တာကလေးလဲ ပေါ်တတ်တယ်၊ အဲဒါကျတော့ မှတ်ပါ....တဲ့၊ အဒေါသစိတ်လို့....(မှန်ပါ့)။

ကိုင်း....အားလုံး တကာတကာမတွေ ဒါက မြင်စိတ်-(မှန်ပါ့ ဘုရား) ဒါက ဘာတုံး....(ကြားစိတ်ပါဘုရား) ဒါက....(နံစိတ် ပါဘုရား) ဒါက....(စားစိတ်ပါဘုရား)။

ဒါက ယားနာစိတ်....(မှန်လှပါ) ဒါက ကောင်းတဲ့စိတ်.... (မှန်ပါ့) ဒါက ကိုယ်ပေါ်မှာ ပေါ်တယ်နော်.... (မှန်ပါ့ ဘုရား)။

ယားနာစိတ်လဲ ကိုယ်ပေါ်မှာဘဲ၊ ကောင်းတဲ့စိတ်လဲ ကိုယ် ပေါ်မှာဘဲ....(မှန်ပါ့) ဒီဂါးခုက ဝမ်းထဲမှာပေါ်တယ်....(မှန် လှပါဘုရား)။

တခါတလေ လောဘပေါ်တယ်၊ လိုချင်တဲ့လောဘ၊ တခါတလေကျတော့ ဒေါသ၊ တခါတလေကျတော့ မောဟ ပေါ်တယ်၊ တခါတလေကျတော့ ပေးချင် ကမ်းချင်တဲ့ အလောဘ ပေါ်တယ်လို့ သိပေးရမယ်....(မှန်ပါ့)။

တခါတလေကျတော့ အဒေါသဆိုတဲ့ မေတ္တာကလေးမျိုး ပေါ်လာတာ ရှိသေးတယ်....(မှန်ပါ့) အဲဒါလဲ အဒေါသစိတ် မေတ္တာပေါ်တယ်လို့ သိပေး....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် ခင်ဗျားတို့ အလုပ်သင်ပါပြီ....တဲ့၊ ပြင်ဘက်က ခြောက်ခု၊ အတွင်းက ငါးခု မှတ်ပါ....(မှန်လှပါ)။

ကောင်းပြီ....ဒါ အပြင်စိတ်ဆိုတာ အပြင်ဘက်က ပေါ်တာ၊ ဝမ်းထဲမှာ ပေါ်တာ မဟုတ်ဘူး....(မှန်ပါ့) ကြားစိတ် ဆိုယင် ကော....(အပြင်ဘက်မှာ ပေါ်ပါတယ်ဘုရား) နံစိတ်ဆိုယင်....(အပြင်ဘက်မှာပေါ်ပါတယ်ဘုရား) စားစိတ်ဆိုယင်ကော....(အပြင်ဘက်မှာပေါ်ပါတယ်ဘုရား) ယားစိတ်, ယံစိတ်,နာစိတ် ကော....(ကိုယ်ပေါ်မှာ ပေါ်ပါတယ်ဘုရား)။

အဲ.... ကိုယ်ဆိုတော့လဲ ပြင်ဘက်မှာဘဲ ပေါ်တယ်နော်....(မှန်ပါ့) တခါ ကောင်းတဲ့ စိတ်ကလေး၊ ချမ်းသာတဲ့ စိတ်ကလေးကော....(အပြင်ဘက်မှာ ပေါ်ပါတယ်ဘုရား)။

အဲဒါ အပြင်ဘက်ကရှုစရာ၊ ပြင်ဘက်မှာပေါ်တဲ့ စိတ်ဟာ ခြောက်မျိုး....(မှန်ပါ့)။

လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, ဒါက အတွင်းမှာပေါ်တဲ့စိတ်ငါးခု....(မှန်ပါ့ဘုရား)။

ပြီးတော့မှ ဒီနှစ်ခုတည်းဘဲ ဒါကလေးကို ပြင်ဘက်ထုတ်တဲ့စိတ်၊ ဒါကလေးက လေကို ပြန်ရှိုက်တဲ့စိတ်....(မှန်ပါ့)။

ဒါကြောင့် တကာ တကာမတွေက မှတ်စရာက ကြေး....အပြင်ည့်သည် ခြောက်ယောက်၊ အတွင်းည့်သည်က ငါးယောက်၊ အိမ်သည်နှစ်ယောက်....(မှန်ပါ့)။

အိမ်သည်ဆိုတာက ခင်ဗျားတို့လေကလေး ပြင်ဘက်ထုတ်တဲ့စိတ် ပေါ်တယ်၊ တခါတလေ လေကလေး ပြန်ရှိုက်တဲ့စိတ် ပေါ်တယ်....(မှန်ပါ့)။

ပေါ်တာက ဦးမာဒင်တို့-ဦးသန်းမောင်တို့ ဘာလုပ်တာတုံး အိုမသေအောင် စောင့်နေတာ....(မှန်ပါ့) ခင်ဗျားတို့ ပုပ်သိုးပြီး မသွားအောင်လို့ စောင့်နေတဲ့စိတ်....(မှန်ပါ့)။

ဒါဖြင့် အိမ်သည်စိတ်က နှစ်ခု....(မှန်လှပါ) ခန္ဓာအိမ်ကို စောင့်နေတဲ့စိတ်က နှစ်ခုလို့ မှတ်ထား၊ အားလုံး မှတ်ထားကြနော်....(မှန်ပါ့) ဒါ မမှတ်လို့ ရှိယင် ဖြစ်ကို မဖြစ်ဘူး....(မှန်ပါ့ဘုရား)။

ပြင်ဘက်ည့်သည်ခြောက်၊ အတွင်းည့်သည်ငါး၊ အိမ်သည် နှစ်ဦး၊ ဒါဘဲ ခင်ဗျားတို့သန္တာန်မှာရှိတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ....ဒါကို ဒီလိုမှတ်ရမယ်၊ ကြေ....ခန္ဓာကိုယ်ထဲမှာ ဟောဒီတခု ပေါ်နေလို့ ရှိယင် အားလုံး အခု ပြထားတာက ဆယ့်သုံးပြထားတယ်၊ ခန္ဓာကိုယ်ထဲမှာတော့ ဒီတခု ဖြစ်နေလို့ ရှိယင် ကျန်တဲ့ဆယ့်နှစ်ခု မရှိဘူး....(မှန်ပါ့) ဒီတခု ဖြစ်နေယင်

ကော.... (ကျန်တဲ့ဆယ့်နှစ်ခု မရှိပါဘုရား) ဒီတခု ဖြစ်နေယင်
ကော....(ကျန်တဲ့ဆယ့်နှစ်ခု မဖြစ်ပါဘုရား)ကုသိုလ်ကလေးများ
ဖြစ်နေယင်ကော....(ကျန်တဲ့ဆယ့်နှစ်ခု မရှိပါဘုရား)။

ဩော်....ဒါဖြင့် တကာ တကာမတို့ အားလုံး တကာတကာ
မတွေ့ မှတ်ပါ၊ တစိတ်နဲ့ အသက်ရှင်နေတယ်လို့.... (မှန်ပါ့)
ဘယ်လိုမှတ်ကြမယ်....(စိတ်တခုနဲ့ အသက်ရှင်နေပါတယ်ဘုရား)
တစိတ်နဲ့ အသက်ရှင်နေတယ်လို့ ဆုံးဖြတ်ချက် ချပါနော်....
(မှန်ပါ့)။

အခု ဒီရှုတဲ့စိတ်ကလေးနဲ့ အသက်ရှင်နေတယ်၊ နောက် ဒီ
ရှုက်တဲ့စိတ်မလာယင် သေတာဘဲ....(မှန်ပါ့) သဘောကျပလား
(ကျပါပြီဘုရား)။

ရှုက်တဲ့စိတ်ပြီး ရှုတဲ့စိတ်မလာယင်.... (သေပါတယ်ဘုရား)။
ဩော်....ဒါဖြင့် ဦးသန်းမောင်တို့-ဦးမာဒင်တို့ အသက်တမ်း
ဘယ်လောက်ပါလိမ့်....(၁-နဲ့ ၂-ပါဘုရား)။
အဲဒါ ဒီတစိတ် ချုပ်ပျောက်သွားပြီး နောက်တစိတ် မလာ
ယင် ခင်ဗျားတို့ သေတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဒီတကာ တကာမတွေသက်တမ်းဟာ ရှင်းပါပြီ၊
တစိတ်နဲ့ အသက်ရှင်နေတယ်....(မှန်ပါ့)။
ဘယ်လိုမှတ်ကြမယ် .... (တစိတ်ဘဲ အသက်ရှင်နေပါတယ်
ဘုရား)။
ဒါဖြင့် ဒီတစိတ်ဘဲ အသက်ရှင်နေတယ်ဆိုတာ သိတော့
ဩော်....ဒီတကာတကာမတွေ့မှာ ဥပမာ....ဒီတစိတ်ပေါ်တယ်၊

မြင်တဲ့စိတ်ကလေး ပေါ်တယ်၊ သူ့ပေါ်ပြီး နောက်စိတ် မလာတော့ဘူးဆိုယင် ဦးမာဒင်တို့-ဦးသန်းမောင်တို့ ဘယ်နှယ်ဆိုမလဲ (သေပါပြီဘုရား)။

ဥပမာ ပြောကြပါစို့.... ခင်ဗျားတို့ စက်တွေဟာ ကိုင်လာကြတယ်၊ ဦးမာဒင်တို့ဆိုယင် စက်နဲ့အသက်မွေးတာ၊ စက်မှာ ပဌမသာ ပန်းလိုက်တယ်၊ ပထရီဖြစ်ပြီးတော့....(မှန်ပါ့)။

နောက်ထပ်ရိုက်တဲ့စက်ကလဲ မရိုက်ဘူး သူကလဲ မပမ်းနိုင်ဘူးဆိုယင် စက်ဟာ ဖြတ်ကနဲ ရပ်သွားတယ်....(မှန်လှပါ) ပထရီထွက်တဲ့တပတ်ဘဲ၊ နောက်တခါ တပတ်မထွက်ယင်....(ရပ်ပါတယ်ဘုရား)။

အဲဒီအတိုင်းဘဲ၊ ဒီအတိုင်းနေတာ ခင်ဗျားတို့ အသက်က၊ ဒီတစိတ်ပေါ်ပြီး နောက်စိတ်မလာဘူး၊ တကာ တကာမတို့-ဘယ်နှယ်ဆိုမလဲ....(သေပါတယ်ဘုရား)။

ဩော်.... ဒီစိတ်တွေဟာ ခင်ဗျားတို့သန္တာန်မှာ သူတို့က ဒီစိတ်ပြီးယင် ဒီစိတ်ပေါ်မယ်၊ ဒီစိတ်ပေါ်မယ်၊ ကျုပ်တို့ပေါ်ချင်သလို ပေါ်ပေးနေမယ်၊ အသက်တရာပြည့်အောင် ပေါ်ပေးနေမယ်လို့ ခင်ဗျားတို့ကို တာဝန်ခံတဲ့စိတ် တစိတ်မှ မရှိဘူး....(မှန်ပါ့) ရှိရဲ့လား....(မရှိပါဘုရား)။

အဲဒီတော့ ဦးမာဒင်တို့မှတ်၊ ဦးသန်းမောင်တို့မှတ်၊ ဒေါ်ကောက်တို့လဲ မှတ်ကြရလိမ့်မယ်၊ တစိတ်နဲ့ အသက်ရှင်နေတာသေချာပြီ....(မှန်ပါ့)။

အဲဒီတော့ကို.... ဒီဆယ့်သုံးခုမှာ အပြင်ည့်သည်က ဘယ်နှစ်ယောက်တဲ့တုံး....(ခြောက်ဦးပါဘုရား)။

အတွင်းညှော်သည်က.... (ငါးဦးပါဘုရား) အိမ်သည်က.... (နှစ်ဦးပါဘုရား)။

ကောင်းပြီ....ဒါ ခင်ဗျားတို့သန္တာန်မှာ ဒီဥစ္စာ ခင်ဗျားတို့ကို အသေကောင်အဖြစ်ကို မလုပ်တာ၊ သူတို့ပေါ်ချင်သလို အလှည့် အပတ်နဲ့ ပေါ်နေလို့ မသေတာ....(မှန်ပါ့)။

နို့မဟုတ်လို့ရှိယင် ဒီဆရာနဲ့ ဒီတကာ တကာမတွေနဲ့ တွေ့စရာအကြောင်းမရှိပါဘူး....(မှန်ပါ့) ရှိပါ့မလား....(မရှိပါဘုရား)။

မရှိဘူး....၊ အိပ်နေ၊ ဦးသန်းမောင်က အိပ်နေ၊ တကာကြီး ဦးမာဒင်က အိပ်နေ၊ အိပ်စတဲတော့ လာတယ်၊ နှုးစတ မလာတော့ ဦးမာဒင်ရဲ့ ဘယ့်နှယ် ဆုံးဖြတ်ချက် ချမတုံး....(သေပါတယ်ဘုရား)။

နှိုးစိတ်ဟာ ခင်ဗျားတို့ အားထုတ်ယူရတာလား၊အကြောင်းတိုက်ဆိုင်လို့ ပေါ်တာလား....(အကြောင်းတိုက်ဆိုင်လို့ ပေါ်တာပါဘုရား)။

ခင်ဗျားတို့ အကြောင်းတိုက်ဆိုင်လို့ အသက်ရှင်နေတာပါလား....(မှန်လှပါ) မဟုတ်ဘူးလား....(မှန်လှပါဘုရား)။

အိပ်တဲ့စိတ်ကလေးလဲ ရှုတဲ့စိတ်၊ ရိုက်တဲ့စိတ်၊ ရှုရဲ့-ရှုရဲ့-နဲ့ ဒါကလေးနဲ့ အိပ်နေတာဘဲ၊ အိပ်တဲ့အခါကျလို့ ရှိယင် ခင်ဗျားတို့ကမှတ်၊ အပြင်ညှော်သည်ခြောက်ယောက် တယောက်မှမလာ-(မှန်လှပါ)။

အတွင်းညှော့်သည် ငါးယောက် တယောက်မှ မလာ၊ သူတို့ နှစ်ခုတွင် အလုပ်-လုပ်နေတယ်....(မှန်လှုပါ)သူတို့နှစ်ခုက ရှုရှိုက်နေတယ်၊ ဒါကလေးနဲ့ဘဲ....(မှန်ပါ့)။

ကောင်းပြီ....ဩော်....ဒါကလေးနှစ်ခုဟာ အိပ်စိတ်လဲ ဟုတ်တယ်၊ ရှင်တဲ့အခါမှာလဲ သူမျှားမဖြစ်လို့ ရှိယင် သူက ခင်ဗျားတို့ မသေအောင် စောင့်ရှောက်နေတဲ့စိတ်ကို အိမ်သည်စိတ်....(မှန်လှုပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဟိုတကာမကြီးတွေလဲ နားလည်တယ်မဟုတ်လား....(လည်ပါတယ်ဘုရား)။

သေသေချာချာမှတ်ပါ- သေသေချာချာမှတ်ပါ။ ဒီဥစ္စာဘုန်းကြီးက ဒါကလေးတွေ ဟောနေတယ်လို့ ဒီလိုမအောက်မေ့ပါနဲ့....(မှန်ပါ့)။

ဒါကလေးတွေ ဟောနေတယ်လို့ မအောက်မေ့နဲ့၊ မဟုတ်ပါဘူး၊ ခင်ဗျားတို့မှာ ဒါကလေးကြားလိုက်သဖြင့် သက္ကာယဒိဋ္ဌိပြုတ်တယ်....(မှန်လှုပါဘုရား)။

ဩော် .... ဒီအထဲမှာ ငါ့အလုပ် တလုပ်မှ မပါဘူး၊ ဒီစိတ်ကလေးက လုပ်လိုက်တယ်, မြင်တယ်၊ မြင်တဲ့အခါ ဒီစိတ်အလုပ်....(မှန်ပါ့) ကြားတဲ့အခါ ဒီစိတ်အလုပ်။

ကဲ....ခင်ဗျားတို့အလုပ် ပါသေးရဲ့လား....(မပါ-ပါဘုရား)။

ဒါ့ကြောင့် ဩော်....ဒါကလေးတွေ ပြောနေတယ်လို့ ဒီလို မအောက်မေ့ပါနဲ့၊ ငရဲမျိုးစေ့ဖြုတ်တာလို့ အောက်မေ့ပါ....(မှန်ပါ့)။

သက္ကာယဒိဋ္ဌိ ဖြုတ်ပေးနေတာ့၊ ရှင်းကြရဲ့လား....(ရှင်းပါပြီဘုရား) ဘာဖြုတ်နေသတုံး....(သက္ကာယဒိဋ္ဌိ ဖြုတ်နေပါတယ်ဘုရား)။

အဲဒီတော့ကို....တသံသရာလုံးဟာက ခင်ဗျားတို့ ဘယ်တော့မှ မပြုတ်ခဲ့တဲ့အတွက် တခါတည်း သံသရာထဲမှာ အိုဘေး,နာဘေး, သေဘေးတွေနဲ့ အပါယ်ဘေးတွေနဲ့ ကပ်ဘေးတွေနဲ့ သူမပြုတ်လို့ တွေ့ရတာ....(မှန်ပါ့) သူပြုတ်ယင် တွေ့စရာမရှိဘူး....(မတွေ့ရပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ဒါတွေဟာ ခန္ဓာတွေပါဘဲ၊ ဘာတုံး....ဒါ ဝိညာဏကခန္ဓာဘုရာ့၊ သူနဲ့တဲ့နေတာတွေကကော နာမကခန္ဓာပါဘုရား.... (မှန်ပါ့) ခန္ဓာတွေချည့်ဘဲမှတ်ပါ....(မှန်ပါ့)။

ဒီခန္ဓာဖြစ်နေယင် ဒီခန္ဓာမဖြစ်၊ ကျန်တဲ့ နာမကခန္ဓာ မဖြစ်....(မှန်ပါ့)။

အဲဒီလို သိသိ- သိသိထားတော့ အပြင်ည့်သည်ကခြောက်၊ အတွင်းည့်သည်က ငါး၊ အိမ်သည်က နှစ်၊ ဒါကို တကာ-တကာမကြီးတွေက တကာကြီးတွေက ဒီနေ့ကစပြီးတော့ ပေါ်တိုင်း သိနေရမယ်....(မှန်လှပါ)။

သူပေါ်ယင်လဲ သိရမယ်၊ သူပေါ်ယင်ကော .... (သိရပါမယ်ဘုရား)။

ဘယ်သူမှ မရှိဘူးဆိုယင် သူတို့နှစ်ခုက ကျုပ်ပေါ်ပြီ-ကျုပ်ပေါ်ပြီလို့ သူပြောလိမ့်မယ်....(မှန်ပါ့) သူတို့နှစ်ခုချင်း လှည့်ကြည့်....(မှန်ပါ့) သဘောကျပြီနော်....(ကျပါပြီဘုရား)။

သူတို့နှစ်ခု လှည့်ကြည့်ရင်းမတွန့်ဘဲ ဖြတ်ဆို မြင်စရာကလေး ပေါ်လို့ရှိယင် ဒီစိတ် ပေါ်တယ်၊ သူတို့နှစ်ခုက ရပ်တယ်.... (မှန်ပါ့ဘုရား)။

တခါတလေကျတော့ ဒီယားတဲ့စိတ်ကလေးက ပေါ်နေတော့ ယားတဲ့စိတ်၊ နာတဲ့စိတ်၊ ကိုယ်ပေါ်- ပေါ်နေတော့ ဩော်....သူနဲ့ အသက်ရှင်နေတယ် မှတ်လိုက်တာပေါ့....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ မသိပြော-ပြောနေကြငြားသော်လဲ မှန်တဲ့နေရာ ရှိသေးတယ်၊ မသိပြောတော့ ပြောတာဘဲ....(မှန်ပါ့ဘုရား)။

သူ့မှာ ဝေဒနာနဲ့ အသက်ရှင်နေတာ၊ ဒါမသိပြော-ပြော လိုက်တာ၊ မှန်တော့မှန်တယ်....(မှန်ပါ့)။

ဒုက္ခစိတ်နဲ့ အသက်ရှင်နေတာ နာတယ်-နာတယ် အော်ရင်းနဲ့ သူ အသက်ရှင်နေတာ....(မှန်ပါ့) နောက် မအော်တော့ သေသွားတာဘဲ....(မှန်ပါ့) အော်တော့ ဒုက္ခစိတ်နဲ့ အသက်ရှင်နေတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မသိပြော-ပြောပေမဲ့ တချို့ နေရာ မှန်နေတယ်....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီစိတ်တွေကို ဦးမာဒင်ကရော၊ ဦးသန်းမောင်တို့-ဒေါ်ကောက်တို့ကရော ပေါ်တိုင်းပေါ်တိုင်းသိနေယင် တော်ပြီဘုန်းကြီးက....(မှန်ပါ့)။

ပေါ်တိုင်း ပေါ်တိုင်း သိနေယင် တော်ပြီ....၊ ဘာဖြစ်လို့ တော်ရတာတုံး၊ အို.... ပေါ်တိုင်း ပေါ်တိုင်း ဒီဥစ္စာတွေဟာ

ပုဂ္ဂိုလ်သတ္တဝါ မဟုတ်မှန်းသိပြီ၊ ဒါကလေးတွေ ပေါ်တာလို့ သိပြီ၊ ပုဂ္ဂိုလ်သတ္တဝါပေါ်တာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ယောကျ်ား,မိန်းမ ပေါ်တာကော.... (မဟုတ်ပါဘုရား) ဒါကလေးတွေ ပေါ်နေတာ....(မှန်ပါ့)။

ဒါကလေးတွေကလဲ စိုက်သာကြည့်နေ၊ တော်တော်ကြာတမျိုး၊ တော်တော်ကြာတမျိုး အကုန်ပေါ်နေတာဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပေါ်တာကို ဒါ့ကြောင့် ဒီမှာ သေသေချာချာကြည့်ပါ၊ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ....(မှန်ပါ့) အမောဟဆိုတာ မပါဘူး....(မှန်ပါ့)။

ဒီမှာ တခု ချို့ယွင်းချက်ရှိတယ်-(မှန်ပါ့) လောဘ,ဒေါသ, မောဟ-ဆိုသဖြင့် အလောဘ, အဒေါသ, အမောဟ ဆိုတာ လာရမယ်မဟုတ်လား....(မှန်ပါ့)။

ဒါကို ချန်ထားတယ်၊ ချန်ထားတာက သဘောနဲ့နားထောင်သူက လာတိုင်း သိရမည့်တရားဖြစ်လို့ ချန်ထားတာ....(မှန်ပါ့ဘုရား) ဟိုဟာတွေက သိစရာ၊ သူက သိတာ....(မှန်ပါ့)။

ဟိုဟာတွေက.... (သိစရာပါဘုရား) သူက....(သိတာပါဘုရား) အဲ....သူက သိတာ၊ ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကျန် ဆယ့်သုံးခုက....(သိစရာပါဘုရား) သိစရာတွေ ပေါ်တိုင်း ပေါ်တိုင်း သိစရာ....(မှန်ပါ့) သူက ပေါ်တိုင်းပေါ်တိုင်း သိတာဖြစ်ရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါတွေက ပေါ်တိုင်းပေါ်တိုင်း ဘာတုံး....(သိစရာတွေပါဘုရား) သိစရာတွေအဖြစ်နဲ့ ခင်ဗျားတို့က ထား.... (မှန်ပါဘုရား)။

ဒါက သိတတ်တဲ့တရားအဖြစ်နဲ့ ထားပါ....(မှန်ပါ့) သူက အမြဲတမ်း သိပေးနေရမယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား) သိစရာက ဆယ့်သုံးခု၊ သိတာက တခု....(မှန်ပါ့)။

ကောင်းပြီ.... ဒါဖြင့် ဒီလို သိနေတယ်ဘုရား.... တကာကြီးဦးမာဒင်ကလဲ သိတယ်၊ တကာမကြီးတွေကလဲ သိတယ်၊ ဒါသိနေလို့ရှိယင် ဘာကျေးဇူးရှိသတုံး၊ အင်း....ကိုယ့်အဖြစ် ကိုယ် သိတာပေါ့....(မှန်လှပါ) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ် ဘုရား)။

ဒါကလေးဖြစ်တော့လဲ ဒီက သိပေး၊ ဒါလဲ ဝမ်းထဲကနေ သိတာဘဲ....(မှန်ပါ့)။

မနောဒ္ဓါရကနေပြီး သိတာဘဲ၊ အဲဒီကဲ့သို့ တကာ တကာ မတွေ့ ပေါ်တိုင်းပေါ်တိုင်း သိပေးနေတော့ကို ပဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား, မိန်းမ ဒီအထဲမှာ တခုမှ မပါဘူး.... (မှန်ပါ့) ပါသေးရဲ့လား....(မပါ-ပါဘုရား)။

ဒါတွေ ဘာမှမပါတော့ပါဘူး၊ ဒါတွေ ဘာမှမပါကြောင်း သိတော့ကို သူသည် သက္ကာယကို သိတယ်၊ ဒိဋ္ဌိတော့ မဖြစ်တော့ဘူး....(မှန်လှပါ)။

ဒါတွေက သက္ကာယတရားကိုး၊ ဒိဋ္ဌိမပါတော့ဘူး....(မှန်ပါ့ ဘုရား)။

အဲ....သက္ကာယဖြစ်၍ ဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့)။
သူတို့ကတော့ သက္ကာယဘဲ....(မှန်ပါ့ဘုရား)။
သို့သော်....ခင်ဗျားတို့က သက္ကာယကို ငါ့သူ-လို့ ထင်သေး ရဲ့လား....(မထင်ပါဘုရား) မထင်ယင် ဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့တရားဟာ ဘာတရားပါလိမ့်မတုံး....လို့ မေးတော့မှ သက္ကာယအပေါ်၌ ဒိဋ္ဌိပြုတ်တဲ့တရား.... (မှန်ပါ့) သေသေချာချာမှတ်ပါ....(မှန်ပါ့)။

သက္ကာယပေါ်၌....(ဒိဋ္ဌိပြုတ်တဲ့တရားပါဘုရား) ဒိဋ္ဌိပြုတ်တဲ့တရား....(မှန်ပါ့) ဘယ်လောက်အဘိုးတန်သတုံး....(တန်ပါတယ်ဘုရား)။

ခင်ဗျားတို့သိထားတာက သက္ကာယဒိဋ္ဌိ....(မှန်ပါ့)။

ခင်ဗျားတို့ သိထားတာက ဘယ်လိုသိသတုံး....(သက္ကာယဒိဋ္ဌိလို့ သိပါတယ်ဘုရား) သက္ကာယဒိဋ္ဌိလို့ သိတယ်။

အခု ဘုန်းကြီးက ရှင်းပြောလိုက်တော့ သက္ကာယဒိဋ္ဌိဆိုတာ သူတို့က သက္ကာယပါတဲ့၊ ဒီမှာ သမ္မာဒိဋ္ဌိက မပါဘဲနဲ့ မိစ္ဆာဒိဋ္ဌိဆိုတဲ့တရားက မြင်တာလဲ ငါဘဲ၊ မိစ္ဆာဒိဋ္ဌိနဲ့ သွားသွားတဲ့တယ် (မှန်ပါ့) အဲဒီတော့ သက္ကာယဒိဋ္ဌိ၊ ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါ....ကုသိုလ်စိတ်ကလေး ဖြစ်တော့လဲ ငါလှူချင်တယ်.... (မှန်ပါ့) ဒါကလေးက ကုသိုလ်၊ ငါလှူချင်တယ်ဆိုတော့ လှူချင်တာက ကုသိုလ်စိတ်၊ လှူချင်တာကို ငါ-သွားရောတယ်.... (မှန်ပါ့)။

ငါက သွားရောတော့ ကုသိုလ်စိတ်က သက္ကာယ၊ ငါက သွားရောတော့ ဒီဌိ....(မှန်ပါ့) သက္ကာယ- ဒိဋ္ဌိ- ဒီလို သွားရောတယ်....(မှန်ပါ့)။

ဒီနေ့ ဘုန်းကြီးက ဒီတကာ တကာမတွေ့ ထင်လိုက်တာက ဟောဒီ သက္ကာယဟာ ဒါတွေ့ သက္ကာယတွေ့ဘဲ၊ ဒါတွေ့ သက္ကာယချည့်ဘဲလို့ သိတဲ့အခါကျလို့ ရှိယင် ဒါတွေ့ သက္ကာယတရားတွေ့ မြင်စိတ်၊ ကြားစိတ်၊ မြင်လဲ မြင်တဲ့စိတ် ပေါ်ပြီလို့ သိတာဘဲ့....(မှန်ပါ့)။

ကြားကော....(ကြားတဲ့စိတ် ပေါ်ပြီလို့ သိပါတယ်ဘုရား) သိတော့ သူက သမ္မာဒိဋ္ဌိ....(မှန်ပါ့ဘုရား) ငါ-ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား) ငါနဲ့သွားရောသလား....(မရောပါဘုရား)။

မရောတော့ကို.... သက္ကာယသာဖြစ်၍ ခုနင်က ငါ-ဆိုတဲ့ ဒိဋ္ဌိက အယင်တော့ ငါမြင်တယ်၊ ငါလှုချင်တယ်ဆိုတော့ သူ သွားသွားရောတယ်....(မှန်ပါ့)ဒီဟာတွေနဲ့ သွားသွားရောတယ်၊ မရောဘူးလား....(ရောပါတယ်ဘုရား)။

သက္ကာယထဲမှာ ဒိဋ္ဌိက သွားသွားရောတယ်....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အခုတော့ မရောဘူး... တဲ့၊ မြင်တာကိုလဲ သြော်.... မြင်စိတ် ပေါ်တယ်လို့ ဒီက သိတယ်၊ ကြားတာကိုလဲ....(ကြားစိတ်ပေါ်တယ်လို့ သိပါတယ်ဘုရား)။

ဒါဖြင့် သက္ကာယသာဖြစ်တော့တယ်၊ ဒိဋ္ဌိကမဖြစ်တော့ဘူး၊ ဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့-ပြုတ်ပါတယ်ဘုရား)။

ဘာဖြစ်လို့ ပြုတ်ပါလိမ့်မတုံး....လို့ မေးတဲ့အခါကျတော့ သက္ကာကနဲ့ ခါတိုင်း တဲ့နေကျ ဒီဌိကို သမ္မာဒီဌိက ဝင်ပြီး ဖြတ်လိုက်တယ်....(မှန်ပါ့)။

နောက် အမှန်သိတာက သမ္မာဒီဌိ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အမှန်သိတာက.... (သမ္မာဒီဌိပါဘုရား) အဲ့....သမ္မာဒီဌိနဲ့ သွားတဲ့လိုက်တယ်....(မှန်ပါ့) သက္ကာယနဲ့ ဒီဌိကတော့ မတဲ့ဘူး-(မတဲ့ပါဘုရား)။

ဘယ်သူနဲ့ သွားတဲ့သတုံး .... (သမ္မာဒီဌိနဲ့ သွားတဲ့ပါတယ် ဘုရား) သက္ကာယနဲ့ သမ္မာဒီဌိနဲ့ သွားတဲ့တယ်....(မှန်ပါ့)။

အဲဒီတော့ သက္ကာယဒီဌိပြုတ်တယ်....(မှန်ပါ့) ဒီဌိပြုတ်တော့ကို....သက္ကာယ ဘယ်သူနဲ့ နေသတုံး....လို့ မေးတော့ သက္ကာယ သမ္မာဒီဌိနဲ့ သွားတဲ့တယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား) သေသေချာချာ ရှင်းပါ....တဲ့။

ဒါဖြင့်.... ဒီနေ့ အပြင်ည့်သည်ခြောက်၊ အတွင်းည့်သည် ငါး၊ အိမ်သည်က နှစ်၊ ပေါ်တိုင်း သိလို့ရှိယင် ဒါတွေဟာ ပေါ်တိုင်း ဘယ်သူပေါ်ပြီ. ဘယ်သူပေါ်ပြီလို့ သိနေတဲ့အခါကျလို့ရှိယင်ဖြင့် အယင်တုန်းကတော့ ငါနဲ့သွားသွားရောတယ် မရောဘူးလား....(ရောပါတယ်ဘုရား)။

အယင်တော့ ဒါတွေက သက္ကာယ၊ ဒါကတော့ဖြင့် ဆယ့်သုံးခုကတော့ကို....ဦးမာဒင်ရော၊ ဦးသန်းမောင်ရော မှတ်ကြပါ၊ သူကတော့ သက္ကာကယဘဲ့....(မှန်ပါ့)။

သူကတော့ နဂိုရိုးကိုက သက္ကာယတရား(မှန်ပါ့) ခန္ဓာတရား တွေမို့ သက္ကာယတရားလို့ မှတ်လိုက်....(မှန်ပါ့)။

ခန္ဓာတရားကို....(သက္ကာယတရားလို့မှတ်ပါဘုရား) သက္ကာယတရားလို့ မှတ်လိုက်၊ အဲဒီမှာ ခင်ဗျားတို့က အတွဲလဲလို့ ဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့)။

ခုနင်က ငါနဲ့ သူဘဲသူဘဲရောယင် ဘာဖြစ်မလဲ....(သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)။

မရောဘူး....တဲ့၊ ဒါဟာ ဒါဘဲ၊ မြင်စိတ်ဟာ မြင်စိတ်ဘဲလို့ သိနေတော့ ငါနဲ့ ရောသေးရဲ့လား....(မရောပါဘုရား) မရောလို့ ရှိယင်ဖြင့်....တဲ့၊ သက္ကာယသာ ကျန်ရစ်တယ်၊ ဒိဋ္ဌိက ပြုတ်သွားတယ်....(မှန်လှပါ)။

ဘယ့်နှယ်ကြောင့် ပြုတ်ပါလိမ့်မတုံး....ဆိုတော့ အမှန်သိတဲ့ သမ္မာဒိဋ္ဌိကဝင်လို့ သက္ကာယဒိဋ္ဌိပြုတ်တယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့အလုပ်က ဘာလုပ်ကြရမှာတုံး....လို့ မေးတဲ့အခါကျတော့ ပေါ်တိုင်း ပေါ်တိုင်းကို ပေါ်တဲ့တရား မြင်စိတ်ပေါ်ပြီ၊ ကြားစိတ်ပေါ်ပြီ၊ နံစိတ်ပေါ်ပြီ၊ စားစိတ် ပေါ်ပြီ၊ ကုသိုလ်စိတ် ပေါ်တယ်၊ အကုသိုလ်စိတ် ပေါ်တယ်၊ ရှုစိတ်ပေါ်တယ်၊ ရှိုက်စိတ်ပေါ်တယ်လို့ ခင်ဗျားတို့ သိနေလို့ ရှိယင်ဖြင့် သူတို့၏ပင်ကိုယ်ဖြစ်စဉ်ကို ခင်ဗျားတို့က သိတဲ့အတွက် သက္ကာယသာဖြစ်၍ ဒိဋ္ဌိမဖြစ်ဘူး....(မဖြစ်ပါဘုရား)။

ဒိဋ္ဌိမဖြစ်တော့ ဘာဖြစ်သတုံး....ဆိုတော့ သက္ကာယနဲ့ သမ္မာဒိဋ္ဌိနဲ့ သွားတဲ့တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သက္ကာယနဲ့.... (သမ္မာဒိဋ္ဌိနဲ့ တဲ့ပါတယ်ဘုရား) အယင်တုန်းကတော့....(မိစ္ဆာဒိဋ္ဌိနဲ့ တဲ့ပါတယ်ဘုရား) မိစ္ဆာဒိဋ္ဌိနဲ့တဲ့တယ်.... (မှန်ပါ့)။

အဲဒါ ဆရာသမားဆိုရောက်လို့ သက္ကာယနဲ့သမ္မာဒိဋ္ဌိနဲ့ တဲ့နေတာ။

အဲဒီတော့ သောတာပန်မှာလဲ ဘုန်းကြီးပြောတဲ့စိတ်တွေ အကုန်ပေါ်တာဘဲ၊ သူက ဒါနဲ့ချည့်သူးသူးတဲ့တယ်၊ ပုထုဇဉ်ကတော့ ဒါနဲ့ သူးတဲ့တယ်၊ မိစ္ဆာဒိဋ္ဌိနဲ့ သူးသူးတဲ့တယ်.... (မှန်ပါ့) ထူးပလား....(ထူးပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒို့ဆရာဘုန်းကြီးသင်တာ သက္ကာယနဲ့သမ္မာဒိဋ္ဌိနဲ့တဲ့....(မှန်ပါ့) သက္ကယာနဲ့ မိစ္ဆာဒိဋ္ဌိဖြုတ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သက္ကာယနဲ့.... (သမ္မာဒိဋ္ဌိနဲ့ တဲ့ရပါ့မယ်ဘုရား) ဘယ်သူ့ကို ဖြုတ်ရမတုံး....(မိစ္ဆာဒိဋ္ဌိကို ဖြုတ်ရပါမယ်ဘုရား)။

အဲ.... ရှေးတုန်းက တသံသရာလုံးကတော့ သက္ကာယနဲ့ မိစ္ဆာဒိဋ္ဌိနဲ့သာ သူးသူးတဲ့တယ်၊ တဲ့တာ မတဲ့တာကို ဦးသန်းမောင်တို့ တကာကြီးဦးမာဒင်တို့က နားထောင်ကြည့်၊ ကိုယ်-ကိုယ်တိုင် တဲ့ပါတယ်....(မှန်ပါ့)။

ဒါကလေးဟာ ယားစိတ်၊ ယဲစိတ် မဟုတ်လား....(မှန်ပါ့ဘုရား)။

တခါတည်း ဘာဖြစ်တုံး၊ ခင်ဗျား- တကာမကို ပြောလို့ ရှိယင် အို....ငါယားလို့ပေါ့ကွ....၊ ယားတဲ့စိတ်နဲ့ ငါနဲ့ သူးတဲ့တယ်၊ မိစ္ဆာဒိဋ္ဌိနဲ့ သူးတဲ့တယ်....(မှန်လှပါ)။

နို့....အခု ဘယ့်နှယ်နေသတုံး၊ မဟုတ်ဘူးလား....(မှန်ပါ) ငါသက်သာသွားပြီ၊ ငါနဲ့ သက်သာတဲ့သုခနဲ့ သွားတဲ့တယ်.... ပျောက်သွားတော့ သုခနဲ့လဲ ငါဘဲသွားတဲ့တယ်....(မှန်ပါ့)။

ဒါဖြင့် သက္ကာယနဲ့....(မိစ္ဆာဒိဋ္ဌိနဲ့ သွားသွားတဲ့တယ်) ရှင်းပလား....(ရှင်းပါပြီဘုရား) သက္ကာယနဲ့....(မိစ္ဆာဒိဋ္ဌိနဲ့သွားသွားတဲ့ပါတယ်ဘုရား) အခု တဲ့သေးရဲ့လား....(မတဲ့ပါဘုရား)။

အခုတော့ တကာတကာမတွေ သက္ကာယနဲ့ တဲ့ချင်ယင် သမ္မာဒိဋ္ဌိနဲ့တဲ့....(မှန်ပါ့)။

သက္ကာယနဲ့ ဘာနဲ့ တဲ့ကြမလဲ.... (သမ္မာဒိဋ္ဌိနဲ့ တဲ့ရပါမယ် ဘုရား)။

ဒါဖြင့် သက္ကာယနဲ့ သမ္မာဒိဋ္ဌိ တဲ့တာက အရိယာတို့၏ တပည့်သားဖြစ်မှတဲ့တတ်တယ်....(မှန်ပါ့)။

သုတဝါ= အကြားအမြင် ရှိသော၊ အရိယသာဝကော= အရိယာတို့၏ တပည့်သားဖြစ်မှ သက္ကာယနဲ့ သမ္မာဒိဋ္ဌိ တဲ့တတ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အရိယာတို့၏ တပည့်သား မဟုတ်ဘူး၊ တော်အောင် ကြီးလာတဲ့- တော်အောင်နဲ့ဘဲ ဆန်ပေါလို့ ကြီးလာတဲ့ ပုဂ္ဂိုလ်မျိုး တွေကျတော့ သက္ကာယနဲ့ မိစ္ဆာဒိဋ္ဌိနဲ့ သွားတဲ့တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သက္ကာယကြောင့် အပါယ်ကျတာလား၊ မိစ္ဆာဒိဋ္ဌိကြောင့် အပါကျတာလား.... (မိစ္ဆာဒိဋ္ဌိကြောင့် အပါယ်ကျတာပါဘုရား)။

ဒါဖြင့် ခင်ဗျား အတွဲလွဲလို့.....(မှန်လှပါ) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဘာလွဲတာတုံး.... (မိစ္ဆာဒိဋ္ဌိနဲ့ သက္ကာယ အတွဲလွဲပါတယ်ဘုရား)။

ပေါ်တဲ့ဓမ္မနဲ့ မိစ္ဆာဒိဋ္ဌိနဲ့ သွားတဲ့၊ ပေါ်တဲ့ဓမ္မနဲ့ မိစ္ဆာဒိဋ္ဌိနဲ့ သွားတဲ့၊ ခင်ဗျားတို့က လောက္ခတ်မျှားလွန်းပါတယ်....(မှန်ပါ့ဘုရား)။

ဘယ်သွားမလို့ ဒါလောက်တောင် လောက္ခတ်မျှားနေတာတုံး ဆိုယင် ဦးမာဒင် ဖြေတတ်ပလား....(ဖြေတတ်ပါပြီဘုရား) ဟင်.... အပါယ် သွားဘို့ လောက္ခတ် မျှားနေတာ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ " သုတဝါ အရိယသာဝကော " ဖြစ်မှသာလျှင် ဒါနဲ့ သွားနိုင်တယ်.... (မှန်ပါ့) သမ္မာဒိဋ္ဌိနဲ့ သွားတဲ့တယ်....(မှန်ပါ့)။

ဒါဖြင့် မြင်စိတ်ပေါ်လာတယ်၊မြင်စိတ်လို့ ကိုယ်ကသိပေး.... (မှန်ပါ့) မြင်စိတ်နဲ့ သူနဲ့ သွားတဲ့တာ သမ္မာဒိဋ္ဌိနဲ့ သွားတဲ့တယ် (မှန်ပါ့) ကြားစိတ်ပေါ်လို့ ရှိယင် ကြားစိတ်လို့ သိလိုက်ယင် သမ္မာဒိဋ္ဌိနဲ့ သွားတဲ့တယ်....(မှန်ပါ့) နံစိတ်ပေါ်တော့ကော ... (နံစိတ်နဲ့သွားတဲ့ရပါမယ်ဘုရား)နံစိတ်ရယ်လို့ ဒီက သိ- (မှန်ပါ့) ဘာနဲ့ သွားတဲ့သတုံး.... (သမ္မာဒိဋ္ဌိနဲ့ သွားတဲ့ပါတယ်ဘုရား) ဒီအယင်တုန်းကတော့.... (မိစ္ဆာဒိဋ္ဌိနဲ့ သွားတဲ့ပါတယ်ဘုရား)။

ကြားတာဟာ ငါကြားတာက၊ ငါ....နားနဲ့ ဆတ်ဆတ် အံမာလေး....(မှန်လှပါဘုရား) ငါ....နားနဲ့ ဆတ်ဆတ်လို့ မသုံးဘူးလား ...(သုံးပါတယ်ဘုရား)။

ဒါဖြင့် ကြားစိတ်နဲ့ ဦးသန်းမောင်တို့ ဒီဒိုဋ္ဌ သဉးသဉးတဲ့တယ်....(မှန်ပါ့) မတဲ့ပေဘူးလား....(တဲ့ပါတယ်ဘုရား)။

တဲ့တော့ကို ဩဩ....ခင်ဗျားတို့က မတဲ့ကောင်းတာ သဉးတဲ့တယ်၊ တဲ့ကောင်းတာနဲ့တော့ မတဲ့....(မှန်လှပါဘုရား)မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် မတဲ့ကောင်းတာနဲ့ သဉးတဲ့တယ်၊ တဲ့ကောင်းတာနဲ့ သဉးမတဲ့တဲ့အတွက် ခင်ဗျားတို့မှာ နစ်နာပါတယ်....(မှန်လှပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီက ရှေ့ အတဲ့မှန်အောင် တဲ့ကြမလားလို့ ဒီနေ့တရား စ,ပေးတယ်....(မှန်ပါ့ဘုရား) ဒါ....ပေါ်တိုင်း သိနေရမယ်....(မှန်လှပါဘုရား)။

ပေါ်တိုင်း ဘာတုံး.... (သိနေရပါမယ်ဘုရား) မြင်တာက မျက်လုံးထဲမှာ၊ သိတာက ဝမ်းထဲက သိယင် တော်ပြီ....(မှန်ပါ့ဘုရား)။

ဖြစ်တာက ကိုယ်ပေါ်မှာ ဝမ်းထဲက ဒီဥစ္စာ ဩဩ....ယားစိတ်ကလေးပေါ်ပြီလို့ သိယင် တော်ပြီ....(မှန်ပါ့)။

ကောင်းတဲ့စိတ်ကလေး ပေါ်တယ်လို့ သိယင် တော်ပြီ....၊ လောဘကလေး ပေါ်တာကော.... (လောဘစိတ်ပေါ်မှန်း သိယင် တော်ပါပြီဘုရား) သိယင် တော်ပြီ၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒေါသစိတ် ပေါ်လာယင်ကော.... (ဒေါသစိတ် ပေါ်လာ

တယ်လို့သိယင် တော်ပါပြီဘုရား) ဒေါသစိတ် ပေါ်မှန်း သိယင် တော်ပြီ၊ ဝမ်းထဲက သို့သိပေး....(မှန်ပါ့)။

မောဟစိတ်ပေါ်လာယင်ကော....(မောဟစိတ်ပေါ်မှန်း သိယင် တော်ပါပြီဘုရား) ဝမ်းထဲက သိပေးနေယင် တော်ပြီ။

ဒါဖြင့် ဒီက သက္ကာယ၊ ဒီက သမ္မာဒိဋ္ဌိ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သက္ကာယနဲ့သမ္မာဒိဋ္ဌိ ခင်ဗျားတို့ တဲ့တတ်ပြီ....တဲ့၊ သက္ကာယနဲ့ မိစ္ဆာဒိဋ္ဌိ ကဲ့သွားပြီ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သက္ကာယနဲ့.... (မိစ္ဆာဒိဋ္ဌိနဲ့ ကဲ့သွားပါပြီဘုရား) ကဲ့ပြီ....(မှန်ပါ့) အခု ဘာနဲ့ တဲ့နေကြသလဲ.... (သမ္မာဒိဋ္ဌိနဲ့ တဲ့နေပါတယ်ဘုရား)။

သက္ကာယနဲ့.... (သမ္မာဒိဋ္ဌိနဲ့ တဲ့နေပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ နားလည်ထားတာက သက္ကာယဒိဋ္ဌိသာ နားလည်တယ်၊ သက္ကာယ,သမ္မာဒိဋ္ဌိကို နားမလည်ဘူး....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့) သက္ကာယဒိဋ္ဌိ....လို့ ပါးစပ်ထဲမှာကို ဝေနေတယ် ပြောကြတာ....(မှန်ပါ့)။

ဩော်....သက္ကာယနဲ့ ဒိဋ္ဌိတော့ တဲ့တတ်တယ်၊ သက္ကာယနဲ့ သမ္မာဒိဋ္ဌိနဲ့ မတဲ့တတ်ဘူးဆိုတော့ကို ခင်ဗျားတို့ဟာ အဆိပ်ဆေးသာ နုတ်တက်နေတာဘဲ၊ အဆိပ် ဖြေတဲ့ ဆေးကို မလာဘူး....(မှန်ပါ့) လာသေးရဲ့လား....(မလာပါဘုရား)။

ကောင်းပြီ....ဒါဖြင့် ယနေ့ အားထုတ်ရမည့်တရား ဘယ်တရားတုံးဘုရား-ဆိုလို့ရှိယင် ရှုလိုက်-ရှိုက်လိုက်-ရှုလိုက် ရှိုက်လိုက်

နေတော့ ရှုမှန်း,ရှိုက်မှန်း သိရာကနေပြီးတော့ 'ဖျပ်'ဆို မျက်လုံး ကလေးဖွင့်လိုက်လို့ မြင်စိတ်ပေါ်တယ်၊ မြင်စိတ်ဖြစ်ပြီ....လို့ သိပေး....(မှန်ပါ့) ကြားစိတ်ဖြစ်ယင်....(ကြားစိတ်ဖြစ်ပြီလို့ သိပေးရပါမယ်ဘုရား) နံစိတ်ဖြစ်ယင်.... (နံစိတ်ဖြစ်ပြီလို့ သိရပါမယ်ဘုရား)။

အဲဒီကဲ့သို့ သိသိနေတော့ ဩော်....ဘယ်လို သိရလိမ့်မတုံး.... လို့ မေးတဲ့အခါကျတော့ သမ္မာဒိဋ္ဌိ....(မှန်ပါ့) သမ္မာက- မှန်ကန်တာ၊ ဒိဋ္ဌိက- သိတာ....(မှန်ပါ့)။

ဩော်....ဦးသန်းမောင်တို့- ဦးမာဒင်တို့ အမှန်သိရောပေါ့.... (မှန်ပါ့)။

ဘာတုံး....(အမှန်သိသွားပါပြီဘုရား) အယင်တုန်းကတော့ အမှားသိ....(မှန်ပါ့-အမှားသိပါဘုရား) အယင်တုန်းကတော့.... (အမှားသိပါဘုရား)။

အဲ....ငါမြင်တယ်ဆိုတော့ ဩော်....ဒီဥစ္စာက မျက်လုံးစိတ်က မြင်တာ မျက်လုံးစိတ် ငါလုပ်လိုက်တဲ့အတွက် အမှားသိ ဖြစ်နေတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ တရားနာရတာ ထူးခြားပြီ၊ အားထုတ်ဘို့ တာဝန်ပေးတာဖြင့် ဒို့ ရပြီ....(မှန်ပါ့)။

အပြင်ည့်သည် ဘယ်နှစ်ယောက် .... (ခြောက်ယောက်ပါဘုရား) အတွင်းည့်သည်....(ငါးယောက်ပါဘုရား) အိမ်သည်.... (နှစ်ယောက်ပါဘုရား)။

ဒါတွေ့ မပေါ်လို့ရှိယင် အခု နောက်ထပ် အားထုတ်မည့် ဟိုဂိုလ်မျှား ဒါကလေးနှစ်ခု ဩော်....လေကလေးထွက်လာတယ် သူကလုပ်တာ....(မှန်ပါ့)။

လေကလေး ပြန်ရှိုက်နိုင်တာကော....(သူလုပ်တာပါဘုရား) ရှိုက်တဲ့စိတ်ကလုပ်....(မှန်ပါ့) ဒါကလေးသိ....(မှန်ပါ့)။

ဒါကလေးသိရာကမှစိတ်ထဲက ဟာဘုန်းကြီး-ဘာလှည့်မှဆိုယင် ဒါကြားဖြတ်ပေါ်လာတာ၊ကြားဖြတ်ပေါ်ယင် သူတို့မရှိဘူး....(မှန်ပါ့) ဒါကုသိုလ်စိတ်ကလေးလို့သိပေး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီကနေ ဥပမာ.... အိုက်လွှန်းလို့ ယပ်ခတ်ချင်တဲ့အခါကျတော့ အိုက်တဲ့စိတ်ကလေး ပေါ်တဲ့နေရာကို ဩော်.... အိုက်တဲ့စိတ် ပေါ်ပြန်ပြီဆိုပြီး ဒီက သိပေး....(မှန်ပါ့)။

အိုက်တာကလေးပျောက်သွားပြန်လဲ ပျောက်တဲ့စိတ်ကလေး ပေါ်ပြီလို့ ပျောက်တဲ့စိတ်ဟာ ကိုယ်ပေါ်မှာဘဲ ပျောက်သွားတယ်၊ ဒီကနေ သိပေး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒါတွေ့ ပေါ်တိုင်းပေါ်တိုင်း ခင်ဗျားတို့ဘာလုပ်ရမှာတုံး.... (သိရပါမယ်ဘုရား) အသိ နောက်က လိုက်ပေး....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ပေါ်တိုင်းပေါ်တိုင်း....(အသိနောက်က လိုက်ပေးရပါမယ်ဘုရား) ဘယ်နှစ်ခုတုံး....(ဆယ့်သုံးခုပါဘုရား)။

ဆယ့်သုံးခုတည်း ဆိုလို့ရှိယင် ခင်ဗျားတို့ မမျှားဘူးလို့ ဆိုရမယ်....(မှန်လှပါ) မျှားသေးသလား....(မမျှားပါဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီလိုသိတာဟာ ဘာတုံး....လို့ မေးတော့ နိဂုံးချုပ်ဘဲ ပြောလိုက်ပါမယ်၊ ဒီဌိန္နစ်မျိုးရှိတယ်....(မှန်ပါ့)။

အနုသယသဘောနဲ့ ကိန်းနေတဲ့ ဒီဌိတမျိုး၊ ထ,ကြွလာတဲ့ သဘောနဲ့ ကိန်းနေတဲ့ ဒီဌိတမျိုး....(မှန်ပါ့)။

ဒါဖြင့် အနုသယဒီဌိ၊ ပရိယုဋ္ဌာနဒီဌိ၊ ဒီဌိ ဘယ်နှစ်မျိုးတုံး (နှစ်မျိုးပါဘုရား)။

အဲ....စာလိုဖြစ်နေတော့ ခင်ဗျားတို့ နားမလည်ဘူး၊ ဒါက ဘုရားဟောတဲ့သဘောအတိုင်း ပြောတာ....(မှန်ပါ့) ခင်ဗျားတို့ ရှင်းအောင်က တမျိုးပြောရမယ်။

ခင်ဗျားတို့ ရှင်းအောင်ကတော့ ကြောင်ဟာ ဦးသန်းမောင် ကြက်ကိုမြင်လို့ရှိယင် နေနိုင်တဲ့အကောင်မျိုး မဟုတ်ပါဘူး၊ နေနိုင်ပါ့မလား....(မနေနိုင်ပါဘုရား)။

ဒါဖြင့် သူ့ဝမ်းထဲမှာ ကြက်မြင်ယင် ဖမ်းမယ်ဆိုတဲ့ စိတ် ကလေးဟာ ဝမ်းထဲမှာ ရှိတယ်၊ ဒါ အနုသယသဘောဘဲ ကိန်း နေတယ်....(မှန်ပါ့)။

ကြက်မြင်ယင် ဖမ်းမယ်ဆိုတဲ့ စိတ်ကလေးဟာ ဝမ်းထဲမှာ ကိန်းနေတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

တခါ.... ကြက်ကလေးက သူနဲ့ မနီးမဝေး လာတဲ့အခါကျ တော့ ဖြတ်ဆို ကပြာကရာ ထ,လိုက်ပြီး ခြေသည်း-လက်သည်း

ကလေးက ထုတ်လာတယ်၊ မခုတ်သေးဘူး....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒါက ပင်ကိုယ်က ကြွက်မြင် ခုတ်မယ်ဆိုတဲ့စိတ်၊ ခုတ်တတ်တဲ့စိတ် သူက....(မှန်ပါ့) သူကတော့ ခုတ်မည် ပြင်တဲ့စိတ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် ကြောင်ဟာ ဘယ်နှစ်စိတ်ရှိသလဲ.... (နှစ်စိတ်ပါဘုရား) ပင်ကိုယ်က ခုတ်တတ်တဲ့စိတ် ကြွက်မြင်မှ ခုတ်ဘို့ပြင်တဲ့စိတ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ကြွက်မြင်ယင် ခုတ်တတ်တဲ့စိတ်က တမျိုး၊ ခုတ်မည် ပြင်တဲ့စိတ်ကတမျိုး....(မှန်ပါ့) နှစ်မျိုးရှိတယ်။

အဲ....ယနေ့တော့ဖြင့် ဒီ ဒိဋ္ဌ၊ ဒီဒိဋ္ဌနှစ်မျိုးရှိသွားပြီ....(မှန်ပါ့ဘုရား) ဒါ အနုသယဒိဋ္ဌဆိုတာက ပင်ကိုယ်သဘောက ခင်ဗျားတို့ ဝမ်းထဲမှာ ကိန်းနေတဲ့ဒိဋ္ဌ....(မှန်ပါ့ဘုရား)။

ကြွက်မြင်ယင် ခုတ်ချင်တဲ့ သဘောကလေးဟာ ပင်ကိုယ် သဘောကရှိတယ်.... (မှန်ပါ့) နောက် ကြွက်မြင်တဲ့အခါ ခြေသည်း, လက်သည်း ထုတ်လာတဲ့စိတ်ကော မရှိဘူးလား.... (ရှိပါတယ်ဘုရား) အဲဒီ ဒိဋ္ဌကလဲ တမျိုးဘဲ....(မှန်ပါ့)။

ဒါဖြင့် အနုသယဒိဋ္ဌ၊ ပရိယုဋ္ဌာန ဒိဋ္ဌ.... (မှန်ပါ့) ဒီနေ့ ဒါတွေကို ပေါ်တိုင်း ပေါ်တိုင်း သိလိုက်သဖြင့် ဟာဒီဒိဋ္ဌ ပြုတ်သွားပြီ....(ပရိယုဋ္ဌာနဒိဋ္ဌပြုတ်ပါပြီ) အနုသယဒိဋ္ဌ မပြုတ်ဘူး....(မှန်ပါ့)။

အနုသယဒိဋ္ဌိကတော့ ဘုန်းကြီးက နောက်အလုပ် ဆက်ပေး ရဦးမယ်....(မှန်ပါ့)။

ဒါဖြင့် ဒိဋ္ဌိနှစ်မျိုးရှိရာတွင် ပရိယုဋ္ဌာန-ထကြွတဲ့ဒိဋ္ဌိ ပြုတ်ပြီ-(မှန်ပါ့) ကိန်းနေတဲ့ဒိဋ္ဌိ မပြုတ်သေးဘူး....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဒိဋ္ဌိပြုတ်ယင် သောတာပန်အငယ်၊ ဒီဒိဋ္ဌိပြုတ်ယင် သောတာပန်အကြီး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကြွက်မြင်ယင် လက်သည်း ပြင်တာ ဆိုတဲ့ ဒိဋ္ဌိမျိုးပြုတ်ယင် သောတာပန် အငယ်စား ဖြစ်ပါတယ်၊ အတွင်းမှာရှိတဲ့ ခုတ် တတ်တဲ့စိတ် ပျောက်သွားပြီဆိုယင် သောတာပန်အစစ်(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဒီဟာတွေ ပေါ်တိုင်း ပေါ်တိုင်း သိ နေယင် ခုနင်က ကြွက်မြင်ယင် ခြေသည်း, လက်သည်းပြင်တဲ့ ဒိဋ္ဌိပြုတ်တာ....(မှန်ပါ့) ပရိယုဋ္ဌာနပြုတ်တယ်၊ အနုသယ မပြုတ် နိုင်ဘူး....(မှန်ပါ့)။

အနုသယတော့ ခင်ဗျားတို့ အားထုတ်လို့ ဖြစ်ပျက်တွေ့ နောက်တော့ ဆုံးပါလိမ့်မယ်၊ အဲဒီဆုံးတဲ့အခါကျတော့မှ သူ ပြုတ်ပြီ ပြောရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့သည် ဘာဖြစ်တဲ့နေ့တုံးလို့ မေးလို့ရှိယင်ဖြင့် ပေါ်တိုင်း ပေါ်တိုင်းသာ နောက်အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ့ အကုန်ထုတ်ကြမယ်ဆိုလို့ရှိယင်ဖြင့် အပါယ်ကို ကျစေတတ်တဲ့ ဒိဋ္ဌိ၊ အပါယ်ကို အမြဲတမ်းကျစေတတ်တဲ့ ဒိဋ္ဌိ၊ အပါယ်ကို ကျ စေတတ်တဲ့ ဒိဋ္ဌိ၊ တဘဝ, နှစ်ဘဝကျအောင်ပြုတ်တယ်....(မှန်ပါ့ ဘုရား)။

အမြဲတမ်း ဒီဋ္ဌိလွတ်အောင်တော့ နောက်မှ ဟောရမယ်၊ ဟောရလိမ့်မယ်၊ ဟောလို့လဲမပြီးဘူး အဲဒါက .... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အားထုတ်မှ ရမယ်....(မှန်ပါ့) အခု ဟောလို့ နားလည်တာနဲ့ဘဲ ဒီဘဝ စုတေမနေ၊ သေလွန်လို့ရှိတောင် အပါယ်တော့မကျဘူး....(မှန်ပါ့)။

ဘုန်းကြီးတို့က ဟောရဲတယ်....(မှန်ပါ့) ပရိယဒ္ဓာန ပြုတ်သွားတယ်....(မှန်လှပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံး တကာတကာမတွေ့ကိုယ့်ဒုက္ခကိုယ်အပါယ် သွားရမည့်ဒုက္ခ ကိုယ်ဇာတ်သိမ်းတာ ဖြစ်သောကြောင့် ပေါ်တိုင်း သိကြပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာလုပ်ရမတုံး....(ပေါ်တိုင်း သိရမှာပါဘုရား) ပေါ်တိုင်း သိပါ၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကဲ....ဒီနေ့ ဒီတွင်တော်ပါဦး။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်- မင်္ဂလာဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

စိတ္တာနုပဿနာ (အခြေခံ)

နေ့-အလုပ်ပေးတရားတော်

(၆-၁၀-၆၁)

ဒီဥစ္စာ ကြပ်ကြပ် ဂရုစိုက်ကြပါလို့ သတိပေးတယ်နော်.... (မှန်ပါ့) ကိုယ်တိုင် လုပ်ရမှာဖြစ်နေတယ်၊ အလုပ်ပေးတဲ့နေ့လို့ မှတ်ကြပါ။

ခန္ဓာကိုယ်ထဲမှာ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဘန်လို့ရှိယင် ကိုယ်ကြီးရှုယင် ကာယာနုပဿနာ၊ ဝေဒနာရှုယင် ဝေဒနာနုပဿနာ၊ စိတ်ရှုယင် စိတ္တာနုပဿနာ၊ သစ္စာရှုယင် ဓမ္မာနုပဿနာလို့ မှတ်ကြပါ.... (မှန်ပါ့) ဒီလေးခု တခုခုရှုယင် နိဗ္ဗာန်ရောက်တာချည့်ဘဲလို့ မှတ်ပါ....(မှန်ပါ့)။

သတိပဋ္ဌာန်လေးပါးရှိတဲ့အနက်က တပါးပါးကို အဆုံးရှုနိုင်လို့ရှိယင် နိဗ္ဗာန်ရောက်တာချည့်ဘဲလို့ မှတ်ထားကြပါ.... (မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် ဒီ တကာတကာမတွေ့ ယနေ့ စ,ပေးရမှာက စိတ္တာနုပဿနာဆိုတာ မှတ်ထားကြစမ်းပါ၊ ကိုယ့်စိတ် ကိုယ်ရှုတာ....(မှန်ပါ့)။

စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်....(ကိုယ့်စိတ် ကိုယ်ရှုတာ ပါဘုရား) ကိုယ့်စိတ် ကိုယ်ရှုတယ်....(မှန်ပါ့)။

ဩော်....ကမ္မဋ္ဌာန်းဟာ တခြား ရှာရမှာလား အောက်မေ့တယ်၊ ကိုယ့်စိတ် ကိုယ်ရှုရမှာကိုး....လို့ မှတ်ထားကြပါ....(မှန်ပါ့)။

ကမ္မဋ္ဌာန်း တခြားမရှာနဲ့ ကိုယ့်စိတ်ကိုယ်ရှု....(မှန်ပါ့) ကိုယ့်သန္တာန်ပေါ်တဲ့စိတ်ကို ရှုပါ....(မှန်ပါ့)။

ကမ္မဋ္ဌာန်းဆိုတာ တခြား ရှာရတာမဟုတ်ပါလား၊ ကိုယ့်သန္တာန်ပေါ်တဲ့စိတ်ကို ကိုယ်ရှုရုံဘဲလို့ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

နောက်က တကာတကာမတွေ့ ဘာရှုရမလဲ....(ကိုယ့်သန္တာန်ပေါ်တဲ့စိတ်ကို ကိုယ်-ရှုရပါမယ်ဘုရား)။

အို....ဒါဖြင့် ဒို့မှာ သိပ်ပြီး ပါရမီထူးတာဘဲ၊ ကိုယ့်စိတ်က ခဏခဏပေါ်နေတာ ကိုယ်က မရှုမိလို့သာ....(မှန်ပါ့)။

ကိုယ့်စိတ်က ခဏခဏပေါ်နေတာ....(ကိုယ် မရှုမိလို့သာပါဘုရား) ကိုယ်က မရှုမိလို့သာလျှင် နိဗ္ဗာန်ရောက်ကြောင်းတရား ကိုယ့်ဆီကို မရောက်လာတာကိုး၊ ကိုယ့်စိတ်ကို ရှုမိလို့ ရှိယင် ကိုယ့်အကြောင်း ကိုယ်သိတဲ့အတွက် နိဗ္ဗာန်ကို ကိုယ်ရှုတဲ့ဉာဏ်က ပို့မှာဘဲလို့ တကာ တကာမတွေ့ အောက်မေ့ထားပါ....(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ကိုယ့်စိတ်ကလဲ ဘယ်လိုစိတ် ရှိသတုံး-လို့ ဦးမာဒင်က မေးမေး, ဦးသန်းမောင်က မေးမေး, နောက်က တကာတကာမတွေက မေးမေး, ကိုယ့်စိတ်ဟာ အနည်းကလေး ပါ....(မှန်ပါ့)။

ထပ်ပြန်တလဲလဲဖြစ်နေလို့ မျှားတယ်ထင်ကာပါ၊ နာမည်နဲ့ ဆိုင်းဘုတ်ဆွဲပြီး ရေတွက်လို့ ရှိယင် ခင်ဗျားတို့ ရှုနိုင်တာက ဆယ့်သုံးဘဲရှိပါတယ်....(မှန်ပါ့)။

ဒါဖြင့် ဒီဆယ့်သုံးလောက်တော့ ဘုရားတပည့်တော်တို့ ပေါ်ရာကို လိုက်မယ်ဆိုလို့ ရှိယင်ဖြင့် တပည့်တော်တို့ အပျက်မြင်ဘို့ ပါဘဲ၊ ကိုယ့်စိတ်ကိုယ် မြင်ဘို့ပါဘဲ....လို့ တရားနာတဲ့ တကာတကာမတွေက အမြဲမှတ်ပါ....(မှန်လှပါ)။

ကောင်းပြီ....ဒါဖြင့် အလုပ်တရားကိုပေးတော့ ဘယ်အလုပ်မျှား လုပ်ပေးရမှာပါလိမ့်မလဲလို့ ဆိုတဲ့ သံသယကို ယနေ့ကစပြီး ဖျောက်ပါတဲ့၊ ကိုယ့်စိတ်ကိုယ်ရှုယင် နိဗ္ဗာန်ရောက်ပါတယ်-(မှန်ပါ့ဘုရား)။

ကိုယ့်စိတ်ကိုယ်ရှုယင်....(နိဗ္ဗာန်ရောက်ပါတယ်ဘုရား) နိဗ္ဗာန်ရောက်ပါတယ်လို့ မှတ်ပါ။

ကဲ....ဒါဖြင့် ကိုယ့်စိတ် ပြပါတော့မယ်....တဲ့၊ တကာတကာမတို့....ကိုယ့်စိတ် ကိုယ်ရှုတာ မြင်ရကြပါတော့မယ်၊ ပုထုဇဉ်စိတ်ဆိုတာ မျောက်စိတ်နဲ့အတူတူဘဲ....(မှန်ပါ့)။

ပုထုဇဉ်စိတ်ဟာ မျောက်စိတ်နဲ့ အတူတူဘဲ၊ ဘာဖြစ်လို့ ပုထုဇဉ်စိတ်ဟာ မျောက်စိတ်နဲ့ အတူတူလို့ ပြောရပါလိမ့်မတုံး

လို့ မေးတဲ့အခါကျတော့ ခဏခဏ ပြောင်းလဲမှု ရှိလို့-လို့ မှတ်လိုက်ပါ....(မှန်လှပါ)။

ခဏခဏ ပြောင်းလဲမှု ရှိလို့-လို့ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်လိုက်လို့ ရှိယင် သြော် .... ပြောင်းလဲတာလဲသိ၊ ပြောင်းလဲတဲ့တရား၏ ပျက်တာကိုလဲ သိတယ်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ကြည့်ပါ....တဲ့၊ ဘုန်းကြီးတို့ တကာ တကာမတွေ့ ဒါဟာ အလုပ်စဉ်ပါဘဲဆိုတော့ မျက်လုံးဖွင့်လိုက်တယ်၊ ဖွင့်လိုက်သည်နှင့် တပြိုင်နက်တည်း တကာ တကာမတို့ ရှေ့မှာ ရှိတာ မြင်တာဘဲ....(မှန်ပါ့) ရှေ့.မှာရှိတာ မြင်တာဘဲ၊ ဒါဖြင့် ဒီအထဲမှာ မြင်စိတ်ကလေး ဖြတ်ကနဲ ပေါ်တယ်လို့ အောက် မေ့ပါ....(မှန်ပါ့)။

မျက်လုံးကို မျက်လွှာဖွင့်လိုက်သည်နဲ့တပြိုင်နက်တည်း ရှေ့မှာ ရှိတာ မမြင်ကြဘူးလား .... (မြင်ပါတယ်ဘုရား) မြင်တော့ကို တကာတကာမတို့ အကန်းဖွင့်တော့ ဘယ်လိုဖွင့်ဖွင့် မမြင်ဘူး.... (မှန်ပါ့)။

တကာ ဘကာမတွေကလဲ မျက်စိကန်း မဟုတ်တော့ကို မြင်တယ်ဆိုတာ ပေါ်လာတော့ သြော်....အကန်းတော့ မြင်စိတ် မပေါ်ဘူး၊ ဒို့တော့ မြင်စိတ်ပေါ်လို့ မြင်တာကိုး....လို့ မှတ်လိုက်ပါ....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတွေ့မှာ မြင်တယ်ဆိုယင် မြင်စိတ်ကလေးပေါ်ပြီ၊ ကိုယ့်ဟာကိုယ်သိ....(မှန်ပါ့) နောက်က သိပေးပါ....(မှန်ပါ့)။

ရှေ့က မြင်စိတ်ပေါ်လို့ရှိယင် နောက်က မြင်စိတ်ပေါ်ပြီလို့ သိပေး၊ ဒါ သိတာ ဝိပဿနာဘဲ....(မှန်ပါ့)။

မြင်စိတ်ကလေးပေါ်တာကို ဆြော်.... မြင်စိတ် ပေါ်ပြီလို့ နောက်က သိသိပေးစမ်းပါ....(မှန်ပါ့)။

ဝမ်းတွင်းမှာလဲ သိတဲ့တရားကလဲ တကာ တကာမတွေ့ မှတ်ထားပါ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ-ဆိုတဲ့ ဒီငါးခု ပေါင်းပြီးတော့ မြင်စိတ်ကလေး ပေါ်တိုင်းသူက သိလို့ရှိယင် ဒီငါးခုကသိတယ်....(မှန်ပါ့) မြင်စိတ်ကလေးပေါ်တာကို သိအောင် ဒီငါးခုက လိုက်နေတယ်....(မှန်ပါ့)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့ အခု ဘုန်းကြီး တရားဟောနေတော့ နားထဲမှာ နဂိုရိုက ကြားစိတ် ရှိသလား....တဲ့၊ အသံထွက်မှ ကြားစိတ် ပေါ်ကြသလား....(အသံထွက်မှ ကြားစိတ် ပေါ်ပါတယ်ဘုရား)။

ဆြော်....ဒါဖြင့် သူလဲ အသစ်ကလေးဘဲ....(မှန်ပါ့)မျက်လုံးလိုဘဲ အသစ်ကလေးဘဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒါဖြင့် ဒါကလေးလာလဲ ကြားစိတ် ပေါ်လို့ရှိယင် နောက်က ဆြော်....ကြားစိတ် ပေါ်ပြီလို့ ဝမ်းထဲကသိပေး....(မှန်ပါ့)။

ကြားစိတ်ပေါ်ပြီလို့.... (ဝမ်းထဲက သိပေးရပါမယ်ဘုရား) ဝမ်းထဲက သိပေးရမယ်။

ကောင်းပြီ .... တခါ အနံ့ကလေးတွေ့ ဘာကလေးတွေ့လေက ယူလာတော့ နှာခေါင်းထဲမှာ ပုပ်တယ်၊ ညှီတယ်၊

မွေးတယ်-အစရှိသည်နဲ့ ဆြော်....မွေးလိုက်တာလို့ နှာခေါင်းထဲမှာ မွေးတဲ့စိတ်ကလေး ပေါ်လာတယ်....(မှန်ပါ့)။

ဝမ်းထဲက သိပေး- ဆြော်....မွေးတဲ့စိတ်ကလေး ပေါ်ပြီလို့ သိပေး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ပေါ်တာက တခြား၊ သိတာကတခြား....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါ့ပြီဘုရား)။

ပေါ်တာကဘခြား၊ သိတာက....(တခြားပါဘုရား) တနည်းအားဖြင့် ပေါ်တာက ရှေ့က၊ သိတာက နောက်က....(မှန်ပါ့ဘုရား) ဒီအတိုင်း လိုက်ပေးပါ....တဲ့။

ကောင်းပြီ.... တခါ လျှာပေါ်မှာ ကိုယ့်တံတွေးကလေး မျိုမျို၊ ချိုချဉ်- ဖန်ဆန်- စားချင်တာစား၊ လျှာလည်လောက် ရောက်လာတဲ့ အခါ ကျတော့ သိတဲ့စိတ်ကလေး၊ စားစိတ်ကလေးဟာ ပေါ်လာတယ်....(မှန်ပါ့)။

အဲဒီ စားစိတ်ကလေး ပေါ်တာကိုလဲ ဆြော် .... စားစိတ်ကလေး ပေါ်ပြီလို့ ဝမ်းထဲက သိပေးပါ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုယ်ပေါ်ကျလာတော့ကို....တဲ့၊ ယားတယ်, ယံတယ်, နာတယ်, ကိုက်တယ်, ခဲတယ်ဆိုတာ ကိုယ်ပေါ်မှာ ပေါ်ပါလို့မယ်-တဲ့....(မှန်ပါ့)။

ပေါ်ပါလိမ့်မယ်....တဲ့၊ ဒါဟာ.... ပေါ်တိုင်း ပေါ်တိုင်း တကတကာမတွေ့က ဝမ်းထဲက သိပေးပါ....(မှန်ပါ့) ကိုယ့်စိတ်ကလေးပေါ်တယ်၊ ဒုက္ခစိတ်ကလေး ပေါ်တယ်လို့ သိ-သိပေးပါ (မှန်ပါ့)။

ငင်းကိုယ်ပေါ်မှာဘဲ တကိုယ်လုံးမှာဘဲ သူပေါ်ချင်ရာပေါ်လိမ့်မယ်၊ ချမ်းသာတဲ့စိတ်ကလေး၊ လေကလေးတိုက်- လက်မောင်းကလေးတိုက်ယင် လက်မောင်းကလေးတွင် ချမ်းသာတဲ့စိတ်ကလေးပေါ်တယ်....(မှန်ပါ့)။

ဒဲ့ဒါကလဲ ပေါ်တိုင်း ပေါ်တိုင်း ဝမ်းထဲက သိပေးပါ....(မှန်ပါ့) ပေါ်တာက ကိုယ်ပေါ်မှာသိတာက....(ဝမ်းထဲမှာပါဘုရား) ဝမ်းထဲကသိတာ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့်ဒါသည် ဝမ်းထဲမှာ အူတွေ, အသဲတွေ, နှလုံးသွေးတွေ, အမျိုးမျိုးအဖုံဖုံရှိတဲ့ဆီမှာ ပေါ်တဲ့တရားတွေ မဟုတ်သောကြောင့် အပြင်ဘက် ညွှဲသည်ခြောက်ယောက်လို့ မတ်ထားပါ။

ဒါကို ဦးသန်းမောင်တို့ အားလုံး နောက်က တကာ တကာ မတွေ့ မှတ်စရာက ဒီတခုပေါ်နေယင် ကျန်တဲ့ ငါးခု မပေါ်ပါဘူး....(မှန်လှပါဘုရား)။

ဒီတခု ပေါ်နေယင်လဲ ကျန်တဲ့ ငါးခု မပေါ်ပါဘူး....(မပေါ်ပါဘုရား) ပေါ်ချင်တာပေါ် တခုသာ ပေါ်တယ်၊ ဘယ်တော့မှ ပြိုင်မပေါ်ဘူး....(မှန်ပါ့)။

တခုတည်းပေါ်တာကို နောက်က အသိကလေးကတော့ဖြင့် လုံးကိုနေပါ....(မှန်ပါ့)။

ဒါဖြင့် မြင်စိတ်ပေါ်လဲသိ....(မှန်ပါ့) ကြားစိတ်ပေါ်လဲ....(သိရပါမယ်ဘုရား) နံစိတ်ပေါ်ယင်ကော....(သိရပါမယ်ဘုရား)။

စားစိတ်ပေါ်ယင်....(သိရပါမယ်ဘုရား) ယားစိတ်-ယဲစိတ်-နာစိတ်ပေါ်ယင်-(သိပေးရပါမယ်ဘုရား) ကောင်းစိတ်ကလေးပေါ်နေယင်....(သိရပါမယ်ဘုရား) ကောင်းတဲ့ ချမ်းသာတဲ့ စိတ်ကလေးပေါ်လဲ သိပေးပါ....(မှန်ပါ့)။

ဒီခြောက်ပါး ဘာခေါ်ကြမယ်....(အပြင်ည့်သည်ခြောက်ယောက်ပါဘုရား) အပြင်ဘက်မှာ ပေါ်လို့ အပြင်ည့်သည်ခေါ်တာ....(မှန်ပါ့)။

စာလို့ကော့ အစ္စတ္တိကာယတနလို့ ခေါ်တယ်၊ *သို့သော် တကာတကာမတွေ့ နားမလည်ဘူး၊ ကိုယ့်ပြင်မှာပေါ်တဲ့အတွက် အပြင်ည့်သည်ခြောက်ယောက်လို့ မှတ်ထားပါ၊ ဒါပေါ်တိုင်း ပေါ်တိုင်း အသိက ဝမ်းထဲကနေ သိပေးရမယ်....(မှန်ပါ့) ဒါပေါ်တိုင်း ပေါ်တိုင်း အသိက ဝမ်းထဲကနေ သိပေးရမယ်....(မှန်ပါ့)။

သိပေးတော့ကို ဩော် .... ဒါတွေ့ဟာ အပြင်ည့်သည်ခြောက်ယောက်၊ အခုပြတာ အစဉ်အတိုင်းပါ....တဲ့၊ ပေါ်ချင်တော့ သူက အုယင်လဲ စ,ပေါ်မယ်၊ သူကယင်လဲ ကြားပေါက်ပေါ်ချင်ပေါ်မယ်....(မှန်ပါ့)။

---

* စိတ်သည် မနာယတနဖြစ်၍ အစ္စတ္တိကာယတနမျိုး ခြဲခဲ့ရကား....အတွင်းမှာပင်ဖြစ်၏။ သို့သော်- တကာ တကာမတွေ့ နားလည် သဘောပေါက်ရန် ဝမ်းထဲ၌ ဟဒယဝတ္ထုပေါ် မှီဖြစ်လျှင် အတွင်း၊ ခန္ဓာကိုယ် အပြင်ဘက်ကျသည့် ပဋ္ဌဝတ္ထု မှီဖြစ်လျှင် အပြင်-ဟု အမည်ခေါ်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။

သို့သော်....သူပေါ်ချင်တာပေါ်ပစေ၊ ဘုန်းကြီးတို့ တကာ တကာမတွေက သိပေးယင် ပြီးတာဘဲ....(မှန်ပါ့)။

သူကတော့ အစဉ်အတိုင်း ပေါ်လိမ့်မယ်လို့ မဟုတ်ဘူး၊ ပေါ်ချင်ရာ ကြားဖြတ်အလုပ်ခံတွဲလဲ လုပ်မှာဘဲ၊ ပေါ်ချင်ရာပေါ်, ဦးသန်းမောင်တို့- ဦးမာဒင်တို့က ဘာလုပ်ကြမယ်....(သိပေးရပါမယ်ဘုရား)။

ဒါဖြင့် ကိုယ့်စိတ်ကိုယ်သိဘယ်....(မှန်လှပါ) ကိုယ့်စိတ်ကို....(ကိုယ်သိပေးရပါမယ်ဘုရား)။

ဒါဖြင့် ဒါဟာ စိတ္တာနုပဿနာ....(မှန်ပါ့) စိတ္တက-စိတ်၊ အနုပဿနာက ရှုတာ၊ စိတ်ကိုရှုသည်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မှန့ဲ အိုနဲ့ပေါင်း မအိပါဘဲ....(မှန်ပါ့) နားလည်ကြရဲ့လား ခင်ဗျားတို့....(လည်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် နောက်က တကာတကာမတွေ ဒီဟာကို ပေါ့ပေါ့တန်တန်နဲ့ မနာယူပါနဲ့၊ လေးလေးစားစားနဲ့ နာယူပါ....(မှန်ပါ့)။

ဘယ်နှယ်ခကြာင့် လေးလေးစားစားနဲ့ နာယူပါလို့ ဆရာဘုန်းကြီးက အမိန့်ရှိရသတုံး-လို့ မေးလို့ရှိယင် ကိုယ့်စိတ်ကိုယ် သိယင် ခင်ဗျားတို့ နှိပ်ဗွာန်ရောက်ကုန်ပြီ....(မှန်ပါ့ ။

ကိုယ့်စိတ် ကိုယ်ဓသိလို့ မရောက်ကြတာ....(မှန်ပါ့) အဲဒီတော့ ဒါ လေးစားရမည့် အလုပ်ဆိုတာ ဦးမာဒင်- ထင်ရှားသွားပြီ....(မှန်ပါ့)။

အားလုံး တကာ တကာမတွေ့ ကိုယ့်စိတ် ကိုယ်မသိကြလို့ ခက်တာ....(မှန်ပါ့)။

ကိုယ့်စိတ်ကိုယ် မသိကြလို့ ပေါ့ဗျ....၊ တော်တော်ကြာ မေ့ပြန်ပြီ၊ အင်း....ကိုယ့်စိတ်ကိုယ် မသိဘူး....(မှန်ပါ့) တော်တော်ကြာ စိတ်ကူးက တခြား၊ သွားတာက တဖုံ၊ ဟာ....ဘာဖြစ်လို့တုံး၊ ကိုယ့်စိတ်ကိုယ်မသိလို့....(မှန်ပါ့)။

ရည်ရွက်ချက်ကတခြား၊ ဟုတ်လား.... လုပ်ဘာက တဖုံ....(မှန်ပါ့) ဘာဖြစ်တာတုံး ဒီဥစ္စာ....(ကိုယ့်စိတ်ကိုယ်မသိတာပါဘုရား)။

ဒါ့ကြောင့် ဒါးနဲ့ပြောင်းရိုးစင်းတဲ့ ပုဂ္ဂိုလ်၊ မျက်စင်းတဲ့ ပုဂ္ဂိုလ် တောင်သူလယ်သမားကြီးတွေ ရှိပါတယ်၊ ခုတ်တာက တော့ဖြင့် ပြောင်းရိုးခုတ်တာဘဲ၊ တခါတလေ လက်ခုတ်မိတယ် (မှန်ပါ့) ကိုယ့်စိတ်ကိုယ် မသိလိုက်ဘူး....(မှန်လှပါဘုရား)။

ကိုယ့်စိတ်ကိုယ် မသိလိုက်တော့ ဒီနေရာ ခုတ်မယ် ဆိုပြီး ဟိုနေရာ ရောက်တယ်....(မှန်ပါ့ဘုရား) ကိုယ့်စိတ်ကိုယ် မသိလို့ ဒဏ်သင့်တာ....(မှန်ပါ့)။

ဘုရားက ကိုယ့်စိတ်ကိုယ် သိလို့ ရှိယင်ကွာ....တဲ့၊ မင်းတို့ နိဗ္ဗာန်ရောက်ပါတယ်....တဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခု အပြင်ဘက် ဘယ်နှစ်စိတ်ရှိသတုံး.... (ခြောက်စိတ်ပါ) ဒါက ဘုန်းကြီးက ဒီမှာ အဝတ်ဖြူပေါ်မှာ အနီတင်ပြတာ

ခင်ဗျားတို့ ခန္ဓာထဲမှာ သူ့နေရာနဲ့သူ ပေါ်ပါတယ်--(မှန်ပါ့) ပေါ်တိုင်း-ပေါ်တိုင်း သိပေးပါလို့ သတိပေးလိုက်တယ်နော်.... (မှန်ပါ့)။

ကောင်းပြီ....မကုန်သေးဘူး တကာတကာမတို့၊ တခါတလေ ကျတော့လဲ ဝမ်းထဲမှာ လောဘကလေးဟာ သူ-အကြောင်း တိုက်ဆိုင်ယင် ပေါ်လာတယ်....(မှန်ပါ့)။

ဒေါသကလေးဟာလဲ သူ-အကြောင်းတိုက်ဆိုင်ယင် ပေါ်လာတယ်၊ မောဟ-ဆိုတဲ့ သံသယစိတ်, ပုံလွှင့်တဲ့စိတ်ကလေးလဲ ပေါ်လာတယ်....(မှန်ပါ)။

သူကတော့ ဝမ်းထဲမှာ ပေါ်တယ်၊ အတွင်း ညှစ်သည်လို့ မှတ်လိုက်....(မှန်လှပါဘုရား)။

သူ့ကို ဘယ်လိုမှတ်ကြမယ်.... (ဝမ်းထဲမှာ ပေါ်တဲ့ အတွင်း ညှစ်သည်ပါဘုရား) ညှစ်သည်တော့ ညှစ်သည်ဘဲ၊ သို့ရာတွင် အတွင်းညှစ်သည်အဖြစ်ပေါ်လို့ အတွင်းညှစ်သည်လို့ မှတ်ပါ.... (မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြမယ် .... (အတွင်းမှာ ပေါ်လို့ အတွင်းညှစ်သည်ပါဘုရား)။

ကောင်းပြီ....ဒါက လောဘ,ဒေါသ,မောဟ လွှတ်အောင် ခေါ်လိုက်တော့လဲ....(မှန်ပါ့) ဒါတွင်ဘဲလား....လို့ ဆိုတော့ တခါတလေကျတော့လဲ ပေးချင် ကမ်းချင်, လှူချင်တန်းချင်တဲ့ အလောဘဆိုတာ ပေါ်တယ်.... (မှန်ပါ့) အတွင်းညှစ်သည် ကတော့ဖြင့် ဒီငါးယောက်လို့ မှတ်ပါ။

အတွင်းညွှဲသည်က ဘယ်နှစ်ယောက်တုံး....(ငါးယောက်ပါ ဘုရား) အပြင်ညွှဲသည်က.... (ခြောက်ယောက်ပါ ဘုရား) ခြောက်နဲ့ ငါးနဲ့ ပေါင်းယင် ဆယ့်တစ် ရှိသွားပြီ.... (မှန်ပါ့ ဘုရား)။

အိမ်သည်နှစ်ယောက်....တဲ့၊ အိမ်သည် နှစ်ယောက်ဆိုတာက တကာတကာမတို့ နောက်က ပြဆားတယ်၊ ဘာ့ကြောင့် ပြသတုံး....လို့ မေးတဲ့ အခါကျတော့ အိမ်သည် နှစ်ယောက် ဆိုတာ ခင်ဗျားတို့ကို မသေအောင် စောင့်နေတဲ့ ရှု့စိတ်နဲ့ ရှုက်စိတ်....(မှန်လှပါဘုရား)။

ခင်ဗျားတို့ မသေအောင် စောင့်နေတဲ့ ဘာတုံး....(ရှု့စိတ်နဲ့ ရှုက်စိတ်ပါဘုရား) ရှု့စိတ်နဲ့ ရှုက်စိတ်ကိုတော့ ဘုန်းကြီးက အိမ်သည်လို့ နာမည်ပေးလိုက်တယ်....(မှန်ပါ့)။

အိမ်သည်လို့ ဘယ့်နယ်ကြောင့် နာမည်ပေးသတုံး....လို့ မေးတဲ့အခါကျတော့ သူတို့က တပါးသော စိတ်တွေထက် ခန္ဓာကိုယ်ထဲမှာ အကြိမ်ပိုပြီးဖြစ်တယ်....(မှန်ပါ့ဘုရာ)း အကြိမ် များများဖြစ်လေ့ရှိတယ်....(မှန်ပါ့) အိပ်နေလဲ သူတို့နှစ်ခုက လှုည့်ဖြစ်နေတာဘဲ....(မှန်ပါ့)။

ဒါဖြင့် သူတို့နှစ်ခုကို ဘယ်စိတ်ခေါ်ကြမယ်.... (အိမ်သည် စိတ်နှစ်ခုပါဘုရား) အမြဲတမ်း ခန္ဓာကိုယ်ထဲမှာ သူမျှားထက် မြဲတဲ့အတွက်....(မှန်ပါ့)။

ဒါဖြင့် အပြင်ညွှဲသည်.... (ခြောက်ယောက်ပါဘုရား) အတွင်း ညွှဲသည်.... (ငါးယောက်ပါဘုရား) အိမ်သည်....

(နှစ်ယောက်ပါဘုရား) အားလုံးပေါင်းလိုက်တော့ ဘယ်လောက်ပါလိမ့်...(ဆယ့်သုံးယောက်ပါဘုရား)။

ပုထုဇဉ်မှာ ဒီ ဆယ့်သုံးခု ပေါ်တိုင်း-ပေါ်တိုင်း သိနေ၊ ပုထုဇဉ်မှာ ဒီ-ဆယ့်သုံးခုဘဲရှိတယ်....(မှန်ပါဘုရား) ပေါ်တိုင်း-ပေါ်တိုင်း သိလို့ရှိယင်ဖြင့်... တဲ့ ငါ....ကိုယ့်စိတ်ကို ခုနင်က အမောဟဆိုတဲ့ မဂ္ဂင်နဲ့သိတာဘဲ... (မှန်ပါ့) အမောဟကို နုတ်ထားခဲ့တယ်....(မှန်ပါ့)။

လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသဆိုတော့ အမောဟ မပါဘူး.... (မပါ-ပါဘုရား) မပါတာက သူက အမောဟ ပညာဖြစ်နေလို့ သူက သိတဲ့ဘက်က နေရတယ်.... (မှန်ပါဘုရား) သူတို့က အသိခံဘက်က နေရတယ်.... (မှန်ပါဘုရား)။

ဒါဖြင့် အသိခံက ဘယ်နှစ်ခု....(ဆယ့်သုံးခုပါဘုရား) အသိညာဏ်က....(ငါးခုပါဘုရား) အဲ....အသိညာဏ်က ရေတွက်လိုက်ယင် ငါးခုနော် *၊ သို့သော်....အသိညာဏ်တခုထဲဘဲ ထားပါတော့....(မှန်ပါ့) နားလည်ပလား....(မှန်ပါ့)။

ဒါဖြင့် တပည့်တော်တို့ ဝိပဿနာ အရှင်ဘုရားက အရှုခိုင်းတယ်၊ တကာတကာမတွေလဲ မအေမိဘဆွေးမျိုး ဉာတကာကို ကယ်တင် ယူဆောင်နေတဲ့ ပုဂ္ဂိုလ် တဦးတယောက် ဖြစ်တော့ တပည့်တော်တို့ ဝိပဿနာ ဘာရှုရမှာတုံးလို့ တကာတကာမတွေက နောက်ကို မမေးနဲ့တော့....တဲ့၊ ခင်ဗျားတို့ သန္တာန်မှာ

---

* ဝိပဿနာ မဂ်ငါးပါးကို ဆိုလိုသည်။

ဆယ့်သုံးခုအနက် ခန္ဓာကိုယ်ထဲမှာ တခုခုဟာဖြင့် သက်စောင့်မှတ်ပါ....(မှန်လှုပါဘုရား) တခုခဲ့ စောင့်နေတယ်....(မှန်ပါ့ဘုရား)။

အဲဒီ ဖြစ်တဲ့ တရားကလေးကို သိ-သိပေးလို့ ရှိယင်ဖြင့် ခင်ဗျားတို့သည် စိတ္တာနုပဿနာဖြစ်ပါတယ်....(မှန်လှုပါဘုရား) ဒီစိတ်သိတာက အနုပဿနာ၊ ယား၏တ်, ယံစိတ် ပေါ်တယ် သိတာ.... (အနုပဿနာပါဘုရား) အကောင်းစိတ်ပေါ်လဲ.... (သိတာက အနုပဿနာပါဘုရား) ဒါကြောင့် စိတ္တာနုပဿနာ.... (မှန်ပါ့)။

ဩော်....စိတ်ကက ရှုစရာ၊ အနုပဿနာက ရှုတာ၊ ပေါ်တဲ့ စိတ်က စိတ္တာ၊ ရှုတာက ..(အနုပဿနာပါဘုရား)။

အဲဒီတော့ နေရာကျပြီ....တဲ့၊ ဒီဟာ စိတ္တာနဲ့ အနုပဿနာ ကွဲသွားပြီ၊ သတိပဋ္ဌာန်မှာ စိတ္တာနုပဿနာလို့ ဘုရား ဟောတော်မူတယ်၊ စိတ္တာနုပဿနာလို့ ဘုရားဟောတော်မူတယ်၊ စိတ္တာနုပဿနာကို ဒီက ခဲ့သိရမယ်၊ စိတ်က ပေါ်တဲ့ စိတ်၊ အနုပဿနာက ဒီက သိတဲ့စိတ်....(မှန်ပါ့)။

စိတ်က....(ပေါ်တဲ့စိတ်ပါဘုရား) အနုပဿနာက....(သိတဲ့ စိတ်ပါဘုရား) သိတဲ့စိတ်ဆိုတော့ ဒါဖြင့် စိတ္တာနဲ့ အနုပဿနာ ဖြစ်အောင် လုပ်ကြပါ....(မှန်ပါ့)။

ဘယ်နှစ်ခါ လုပ်ရမှာဘုံးဘုရား....လို့ မေးမနေပါနဲ့....တဲ့၊ ဆယ့်သုံးခု တင်ပြထားငြားသော်လည်း ပေါ်နိုင်တာ ဆယ့်သုံးခုပေမဲ့ ပေါ်နေတာကတော့ တခုခဲ့ ရှိပါတယ်....(မှန်ပါ့) အဲဒီ

ပေါ်တဲ့တခုကို အနုပဿနာဖြစ်ယင် ပြီးတာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပေါ်တဲ့တခုကို .... (အနုပဿနာဖြစ်အောင် လုပ်ရပါမယ် ဘုရား) အနုပဿနာဖြစ်အောင် လုပ်လိုက်လို့ရှိယင် တကာ တကာမတို့ စိတ္တာနုပဿနာဆိုတာ ဒါပါဘဲ....(မှန်ပါ့) နေရာ ကျပြီ....နေရာကျပြီ။

နို့....ဒီစိတ်တွေ ဘယ်သူ့စိတ်တွေတုံးဆိုတော့ အို....ပုထုဇဉ် ဖြစ်တဲ့ တပည့်တော်တို့မှာ ပေါ်ကောင်းတဲ့စိတ်၊ အကြောင်း တိုက်ဆိုင်လို့ ပေါ်တဲ့စိတ် ဆိုပါတယ်....(မှန်ပါ့)။

အကြောင်း တိုက်ဆိုင်လို့ ပေါ်တဲ့စိတ်က စိတ်ပေါင်း ဘယ်လောက်ရှိသတုံးလို့ မေးလို့ရှိယင်ဖြင့် ဆယ့်သုံးခုဘဲဘုရား (မှန်ပါ့)။

ဆယ့်သုံးခုပေါ်တဲ့အခါကျလို့ရှိယင်ဖြင့် နှစ်ခုပြု။ သုံးခုပြု။ နှစ်ခုပေါင်း သုံးခုပေါင်း ဒီလိုပေါ်သလား၊ တခုဘဲ ပေါ်သလား-ဆိုတော့....(တခုဘဲ ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဧကော ဓမ္မော ဟုတ်လား....(မှန်ပါ့) ဧကောက ပေါ်တာ၊ ဓမ္မောက ရှုတာ....(မှန်ပါ့)။

အဲ....တခုပေါ်တာကို တခု ဓမ္မက ရှုလိုက်ယင် ပြီးတာဘဲ.... (မှန်ပါ့) ဒါ ဧကော ဓမ္မောပါဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အံမာလေး....ခင်ဗျားတို့ မနဲ့ အိနဲ့ ပေါင်း မအိကို အတော် သင်ရတယ်....(မှန်ပါ့) အတော်သင်ရတယ်။

ကိုင်း....သဘောကျပလား....(ကျပါပြီဘုရား) ဒါဖြင့် နေရာကျပြီ....တဲ့၊ ကိုယ့်သန္တာန် ပေါ်တဲ့စိတ်ပေါင်း ဘယ်လောက်ပါလိမ့်....(ဆယ့်သုံးခုပါဘုရား)။

အဲ....ဆယ့်သုံးကို ပေါ်တိုင်း ပေါ်တိုင်း နောက်က သိသိ-သိသိပေးနေလို့ ရှိယင်ဖြင့်တဲ့၊ တကာတကာမတွေ့မှာ သက္ကာယဒိဋ္ဌလဲ ကွာပါတယ်....(မှန်ပါ့) သက္ကာယဒိဋ္ဌလဲကွာတယ်၊ သမ္မာဒိဋ္ဌလဲ ဖြစ်ပြီ....(မှန်ပါ့)။

သက္ကာယဒိဋ္ဌလဲ....(ကွာပါပြီဘုရား)သမ္မာဒိဋ္ဌလဲ....(ဖြစ်ပါပြီဘုရား)။

ဩော်....ကိုယ့်စိတ် ကိုယ်သိတဲ့နည်းဟာဖြင့် မိစ္ဆာဒိဋ္ဌကွာပြီး သမ္မာဒိဋ္ဌ ဖြစ်တာကိုး-ဆိုတာ ဦးမာဒင်တို့ ဦးသန်းဖေတို့-ဦးသန်းမောင်တို့ သေသေချာချာမှတ်ပေတော့... (မှန်ပါ့)။

ဒါဖြင့် တပည့်တော်တို့ ဘယ်နေရာရှုရမှာတုံး၊ နေရာရယ်လို့ မမှတ်နဲ့၊ ခင်ဗျားတို့ စိတ်ပေါ်တဲ့နေရာ သိပေးယင် ပြီးတာဘဲ....(မှန်ပါ့) ဘယ်နေရာရယ်လို့ မဆိုဘူး....(မှန်ပါ့)။

မိုးဗိုချောင်မှာဘဲ နှလုံးသွင်းနေနေ၊ လမ်းသွားရင်းဘဲ နှလုံးသွင်းနေနေ ဘာဖြစ်လို့တုံး.... ဆိုတော့ စိတ်ပေါ်တဲ့နေရာကို ဦးမာဒင်တို့ သိရမှာကိုးဗျ....(မှန်ပါ့) နေရာလို့သေးသလား.... (မလိုပါဘုရား)။

ကောင်းပြီ....ဒါဖြင့် စိတ္တ-အနုပဿနာ၊ ကိုက်ကြပြီ မဟုတ်လား....(မှန်ပါ့) ပေါ်တာက စိတ်၊ သိတာက အနုပဿနာ.... (မှန်ပါ့)။

အဲဒါ.... ခင်ဗျားတို့ လုပ်တတ်ကြလို့ရှိယင် ခင်ဗျားတို့ကို ရဲဝံ့စွာ ဘုန်းကြီးက တာဝန်ခံတယ်၊ အပါယ်လုံးဝမသွားဘူး.... (မှန်ပါဘုရား)။

ဘယ့်နယ်ကြောင့် မသွားသတုံး-လို့ မေးတဲ့အခါကျတော့မှ ခင်ဗျားတို့မှာ ဒီစိတ်ပေါ်လဲ အနုပဿနာနဲ့ သိတယ်၊ ဒီစိတ်ပေါ်လဲ အနုပဿနာနဲ့ သိတယ်၊ ကိုယ့်စိတ်ကို ကိုယ်သိနေတဲ့ ပုဂ္ဂိုလ်တဦးတယောက်သည် အသိ၊ နောက်-ဝိပဿနာအသိက အမြဲလိုက်ပြီးသကာလ အုပ်ချုပ်ပြီး သိနေတဲ့အတွက် မဂ်အကြိမ်က ခင်ဗျားတို့ဝမ်းထဲမှာများတယ်....(မှန်ပါ)။

မဂ်အကြိမ်ကများနေတော့ကို ဒါ-လောဘ၊ လောဘဖြစ်လို့သိတယ်....(မှန်ပါ) ဒေါသဖြစ်ကော.... (သိပါတယ်ဘုရား) မောဟဖြစ်ကော....(သိပါတယ်ဘုရား)။

သူတို့ ဖြစ်လဲဖြစ်တယ်၊ နောက်ကလဲ အသိလိုက်ပေးတယ် ဆိုသဖြင့် သူတို့သည်....တဲ့၊ တကာ တကာမတွေက မှတ်စရာက သူတို့ ရှေ့ဆက်ပြီးသကာလ အဖေါ်အသင်းရှာပြီးမှ ကျုပ်တို့ကို အပါယ်ပို့မှာကိုး....(မှန်လှပါ) သူ့တယောက်တည်း မပို့နိုင်ဘူး....(မှန်ပါ့)။

မပို့နိုင်တာ ရှင်းပြမယ်....တဲ့၊ အဲဒီအခါကျတော့ တကာတကာမတွေ နားရည်လဲ ဝပါပြီ၊ တချို့လဲ ဦးသန်းမောင်တို့က မဝသေးတော့ လောဘဆိုယင် ဒီက သိလိုက်ပြီ ဦးမာဒင်.... (မှန်ပါ့)။

လောဘစိတ်ဖြစ်ယင်....(သိလိုက်ပါပြီဘုရား) သိလိုက်တော့ လောဘဟာ တဏှာမဟုတ်လား....(မှန်ပါ့)။

သူဟာ ဥပါဒါန် ဆက်နိုင်သေးရဲ့လား .... (မဆက်နိုင်ပါဘုရား) မဆက်နိုင်ဘူး၊ ဒီအသိက လိုက်ထားလို့ ....(မှန်ပါ့) ဆက်နိုင်သေးရဲ့လား....(မဆက်နိုင်ပါဘုရား)။

ဥပါဒါန်မှ မဆက်နိုင်လို့ ရှိယင် ကမ္မဘဝကော....(မဆက်နိုင်ပါဘုရား) ဇာတိကော....(မဆက်နိုင်ပါဘုရား)။

ဩော်....ဒါသိတဲ့နောက် သံသရာဆက်မည့်တရားတွေ ဖြတ်ချလိုက်တယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နောက် သံသရာဆက်မည့်တရား၊ ဒါတွေဖျက်ပစ်လိုက်တယ်-(မှန်ပါ့) နားလည်ရဲ့နော်....(မှန်ပါ့)။

ဒီအသိ ဘယ်လောက် ကျေးဇူးများသတုံး.... (များပါတယ် ဘုရား) နောက် သံသရာဆက်မည့်ဟာတွေ ဘယ့်နှယ်တုံး.... (ဖျက်ပစ်လိုက်ပါတယ်ဘုရား) ဖျက်ပစ်လိုက်တယ်၊ ဖြတ်ပစ်လိုက်တယ်....(မှန်ပါ့)။

ခင်ဗျားတို့က ဒီအသိမလိုက်ယင် သူက တဏှာ ဥပါဒါန်ကံ ဇာတိ ဇရာ မရဏ မဆက်ပေဘူးလား .... (ဆက်ပါတယ်ဘုရား)။

ဥပမာမယ်....ဒေါသကလေးဖြစ်တာကို ခင်ဗျားတို့က အသိမလိုက်ဘူးဆိုပါတော့.... အသိမလိုက်လို့ ရှိယင် ဒေါသက သူသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာကျအောင် သူ ပို့ချလိုက်တယ်....(မှန်ပါ့) ကဲ....အဖြတ်မပါလို့ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဥပမာ....ဒါဟာ မောဟမဟုတ်လား....(မှန်ပါ့) မောဟကို မသိလိုက်ဘူး ခင်ဗျားတို့က၊ မသိလိုက်တော့ သူကလဲ ဘာတုံး-

ဆိုတော့ မောဟစိတ်ကလေး ဝိစိကိစ္ဆာဖြစ်တယ်၊ မသိလိုက်ဘူး၊ မသိလိုက်တာက အဝိဇ္ဇာလာမယ်....(မှန်ပါ့)။

အဝိဇ္ဇာ သခ်ၤါရ ဝိညာဏ် နာမ်ရုပ်နဲ့ သူဆက်တော့မယ်.... (မှန်ပါ့) မဆက်ပေဘူးလား .... (ဆက်ပါတယ်ဘုရား) အသိလိုက်-လိုက်တော့ ဘယ်နှယ်တုံး....(ပြတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့ အပါယ်လေးပါးတံခါး-ဇာတိဇရာ မရဏ နောက်ဘဝ သူဖြတ်ပေးတဲ့တရား .... (မှန်ပါ့) အသိက ဖြတ်ပေးတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အသိက ဘာတုံး.... (ဖြတ်ပေးပါတယ်ဘုရား) ဩော်.... ဘုန်းကြီးတို့ တကာတကာမတွေ့ ဘုန်းရှိ·ကံရှိလို့ အခု တွေ့ကြပြီ၊ တွေ့တဲ့အတိုင်းလဲ အခု တပည့်တော်မယ် ဘုရား....လို့ ဦးသန်းမောင်ကဲ့လျောက်လျောက်, ဦးမာဒင်ကဲ့လျောက်လျောက် မုံရွာက တကာကြီးကဲ့ လျောက်လျောက် သိအောင် လုပ်တော့မယ်ဘုရား-ဆိုတာ တပည့်တော် သံသရာကို တပည့်တော် ဖြတ်ပါတော့မယ်ပြောတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တပည့်တော်ဒုက္ခကို တပည့်တော် သိမ်းပါတော့မယ် ပြောတာ....(မှန်ပါ့) ရှင်းကြရဲ့လား.....ရှင်းပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် ဒီအသိကလေးတလုံးဟာ အတော်ကျေးဇူးများတယ်....(မှန်လှပါ) သံသရာဖြတ်တဲ့ အသိပါလား-(မှန်ပါ့)။

ဘယ့်နှယ်ဆို[ကြ]မယ်....(သံသရာ[ဖြတ်]တဲ့ အသိပါဘုရား)။
သံသရာ[ဖြတ်]တဲ့အသိဆို[တော့] [ဩ]ာ်....ဒါဟာ ဒါနနဲ့ ဘာမှ မဆို[င်]ဘူး၊ သီလနဲ့ကော....(မဆို[င်]ပါဘုရား)။
မဆို[င်]ပါဘူး....တဲ့ ဒီဥစ္စာက၊ ဒါ....ဒါန လုပ်နေတာလား-မေးတော့ မဟုတ်ပါဘူး....တဲ့၊ [ဖြစ်]တာကို သိနေတာ....(မှန်ပါ့ဘုရား)။
သီလနဲ့ကော....(မဆို[င်]ပါဘုရား) သမထနဲ့ကော....(မဆို[င်]ပါဘုရား) မဆို[င်]ဘူး....တဲ့၊ ဒါဝိပဿနာသက်သက်ဘဲ....(မှန်ပါ့ဘုရား)။

ဒါ[ဖြင့်] ဝိပဿနာသက်သက်ဆို[တော့] ဒီအသိဟာ ဘာလုပ်တတ်သတုံးလို့ မေးတော့ ခုနင်က ခင်ဗျားတို့ အ[ဖြ]ထွက်ပါ[ပြီ]၊ ဘာလုပ်တတ်သတုံး၊ ဒီအသိကလေးက သံသရာကို [ဖြတ်]တယ်....(မှန်ပါ့)။

သူက မဂ်ကိုး....ဗျ၊ သူက မဂ်ဆို[တော့] ဘာလုပ်တတ်သတုံး....(သံသရာ[ဖြတ်]ပါတယ်ဘုရား) ရော....သိပ်အဘိုးတန်ပါလား....(တန်ပါတယ်ဘုရား)။
ကျ[ပ်]တို့[တော့] အိုဘေး, နာဘေး, သေဘေး, အပါယ်ဘေး[တွ] သူက [ဖြတ်]ပစ်တယ်....(မှန်ပါ့)။

ဒါ[ဖြင့်] ကျ[ပ်]တို့ သံသရာရှည်တာ သူမပါခဲ့လို့....(မှန်ပါ့) သူ့အားမကိုးမိလို့....(မှန်လှပါ) သူ့ကိုလဲ ကျ[ပ်]တို့က လုပ်ရ[ကောင်း]မှန်းမသိလို့....(မှန်လှပါဘုရား)။
ဒါ[ကြောင့်] ဘုန်း[ကြီး]တို့ တကာတကာမတွေ သံသရာ ရှည်နေတော့ အခု ဆရာဘုန်း[ကြီး]နဲ့လဲ [တွ]ပြန်၊ တကာ တကာမ

တွေ့ကိုလဲ ဘုန်းကြီးက စေတနာထားပြန်၊ တကာ တကာမတွေ့ကလဲ အလိုရှိပြန်ဆိုတော့ဖြင့် သြော်....ဒီဘဝဟာ ဒို့-ဇာတ်သိမ်းနိုင်တဲ့ဘဝလို့ ဆုံးဖြတ်ချက်ချပါ၏....(မှန်ပါ့)။

ဒုက္ခဇာတ်သိမ်းနိုင်တဲ့ ဘဝ ဆိုတာ အခု သက်သေခံ လုံလောက်ပြီ....(မှန်ပါ့ဘုရား)။

ကောင်းပြီ....ဒီလိုသိလိုက်တော့ ဘုရား- သံသရာ ပြတ်တာလဲတပည့်တော်တို့ သိပါပြီ၊ ဘယ့်နှယ်ကြောင့်.... ဒီသံသရာကြီးကို မဂ်က ဖြတ်နိုင်ပါလိမ့်မတုံး.... ဆိုတော့ ဒီတရားတွေက မသိဘဲထားတဲ့ ပဋိလ်တွေအတွက်မှာ ဥပမာ.... ထမင်းအိုးတခု တည်ထားကြတယ်၊ တည်ပြီး မီးထိုးထားလိုက်တယ်။

ကိုယ်က မသိဘူး၊ ကိစ္စတွေမျှားလွန်းလို့ ဘာမှ မသိယင် ဒီထမင်းအိုးဟာ သူ့အစဉ်အတိုင်းတော့ သူသွားတာဘဲ၊ နည်းနည်းဆူတယ်၊ နည်းနည်းကလေး အလတ်စားရှိတယ်၊ နောက်-နည်းနည်းကလေး ရေနွေးငွဲချလိုက်မယ် ဆိုယင် နပ်ဘို့ အခြေအနေလဲရှိတယ်။

ဒီ့ထက်မေ့နေလို့ရှိယင် ဆံပြုတ်ဖြစ်သွားဘို့အခြေအနေလဲရှိတယ်၊ နောက်- ထမင်းရေချည့် ဖြစ်သွားဘို့ အခြေအနေလဲရှိတယ်၊ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

မေ့တဲ့ လူပဋိလ်အပေါင်းတော့ ထမင်းက သူ့လမ်းစဉ်အဆုံးအတိုင်းသွားမယ်၊ မဟုတ်ဘူးလား....(မှန်ပါ့)။

ဒီ့ထက် မေ့လို့ရှိယင် အချဉ်ပေါက်သည့် တိုင်အောင် နှစ်ရက်, သုံးရက်မေ့ယင်.... (မှန်ပါ့) မသွားပေဘူးလား.... (သွားပါတယ်ဘုရား)။

အဲဒါ .... ထမင်းချက်တဲ့လူ မေ့မှကြောင့် ဒီထမင်းသည် အမျိုးမျိုး ဖေါက်ပြန်ပြီး သူ့လမ်းအတိုင်း သူသွားတယ်.... (မှန်ပါ့) မသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲဒါ....မေ့မှအပြစ်ဟာ ကိုယ်လုပ်ထားတဲ့ ထမင်းတောင်မှ အဆုံးကျအောင် ပျက်စီးခြင်းသို့ ရောက်တယ်....(မှန်ပါ့)။

အဲဒါ....မေ့မှအပြစ်ဟာ ကိုယ်လုပ်ထားတဲ့ ထမင်းတောင်မှ အဆုံးကျတော့ ပျက်စီးခြင်းသို့ရောက်တယ်....(မှန်ပါ့)။

ခင်ဗျားတို့လဲ ဒါတွေကို ဖြစ်တယ်, သိတယ်ဆိုတော့ မေ့မှ ကင်းသွားတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဖြစ်တယ် သိ....မေ့မှ....(ကင်းသွားပါတယ်ဘုရား) မေ့မှ ကင်းသွားတဲ့အတွက် ခင်ဗျားတို့ သူတို့က ဆက်သွားမည့်တရားတွေ့ ဒီတရားကနေပြီး သကာလ မြင်တာကစပြီး လို့ချင်တယ်၊ စဲ့လမ်းတယ်၊ အားထုတ်မယ်၊ ပဋိသန္ဓေနေမယ်၊အိုမယ်၊နာမယ်၊ အပါယ်သွားမယ်ဆိုတာ သူတို့ အစဉ်အတိုင်းသွားမယ်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က နောက်က အသိ-ထိန်းထိန်းပေးလို့ကဲ့တဲ့အတွက် ခုနင်က ထမင်းလို့ ရပ်ချိန်မှာ ရပ်ပစ်လိုက်တယ် .... (မှန်လှပါဘုရား)။

ရပ်ချိန်မှာ ရပ်ပစ်လိုက်တော့ ထမင်းကောင်း သုံးရတယ်.... (မှန်ပါ့) မေ့နေလို့ရှိယင်....(ထမင်းကောင်း မသုံးရပါဘုရား) မသုံးရတော့ အကုန်ပျက်စီးမယ်....(မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဩော်....ထမင်းအကြောင်း နားလည်ကြလို့ရှိယင် ကိုယ့်စိတ်အကြောင်းလဲ နားလည်နိုင်ပါတယ်....(မှန်ပါ့)။

ထမင်းအကြောင်း နားလည်ကြယင်-(ကိုယ့်စိတ်အကြောင်း နားလည်ပါတယ်ဘုရား) ကိုယ့်စိတ်အကြောင်းလဲ နားလည်ကြပါဆိုတော့ ဒါဖြင့် ဒီအသိတလုံးဟာ တယ်-နေရာကျပါလား ဆိုတဲ့ဥစ္စာ ဦးမာဒင်တို့- ဦးသန်းမောင်တို့ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါတွင်မကသေးဘူး....တဲ့ သူသည် အပါယ် သံသရာကြီးနဲ့တကွ အို,နာ,သေ,မဲ့,ကဲ့ ဆိုတဲ့ သံသရာကြီးကိုလဲ အသိတလုံးက နေပြီး ကယ်တင်လိုက်ပါတယ်....(မှန်လှပါဘုရား) ခင်ဗျားတို့ကို ကယ်တင်တာ....(မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ကယ်တင်ရပါလိမ့်မတုံး....လို့ မေးတဲ့အခါကျတော့ ဒီ-မြင်စိတ်ကလေးပေါ်တယ်၊ မြင်စိတ်ကလေးလို့ ဒီက သိနေ....(မှန်ပါ့)။

ကြားစိတ်ကလေးပေါ်ယင်လဲ....(ကြားစိတ်ကလေး သိနေရပါမယ်ဘုရား) သိပြီးသကာလ နေတဲ့အတွက် ခင်ဗျားတို့မှာ ငါမြင်တာလား၊ မြင်စိတ်က မြင်တာလား.... (မြင်စိတ်က မြင်တာပါဘုရား) ငါကြားတာလား၊ ကြားစိတ်က ကြားတာလား (ကြားစိတ်က ကြားတာပါဘုရား)။

သက္ကာယဒိဋ္ဌိပြုတ်တဲ့အသိ ဖြစ်ပါတယ်.... (မှန်လှပါဘုရား) သက္ကာယဒိဋ္ဌိရှိမှလဲ အပါယ်သွားမှာကိုး.... (မှန်ပါဘုရား) အခု ဇောလဲ သက္ကာယပြုတ်တဲ့အသိ ဖြစ်နေပါတယ်....(မှန်ပါ)။

ဒါကြောင့် သူသည် သံသရာလဲဖြတ်တယ်၊ သက္ကာယဒိဋ္ဌိလဲ ဖြုတ်တယ်....(မှန်ပါ) သမ္မာဒိဋ္ဌိကိုလဲ ဖြစ်စေတယ်.... (မှန်ပါဘုရား)။

မြင်တယ်,သိတယ်ဆိုတော့ သမ္မာဒိဋ္ဌိပေါ့၊ အယင်တုန်းက တော့ ဒါကလေးဟာ ငါထင်ပြီးနေကြတယ်....(မှန်ပါ)။

အခုတော့ ငါမထင်ဘူး မြင်စိတ်၏အလုပ်၊ ကြားစိတ်၏ အလုပ် မဟုတ်ဘူးလား....(မှန်ပါ) ဒါ....နံစိတ်၏အလုပ်၊ ဒါ.... စားစိတ်၏အလုပ်....(မှန်ပါ)။

ဒါဖြင့် ဒီစိတ်ကလေးတွေပေါ်တိုင်း-ပေါ်တိုင်း ဒါ-စားစိတ် ပေါ်ပြီလို့သိ၊ ယားစိတ်,ယံစိတ်ပေါ်ယင်ကော....(သိရပါမယ် ဘုရား) လောဘပေါ်ယင်....(သိရပါမယ်ဘုရား) ဒေါသပေါ် ယင်....(သိရပါမယ်ဘုရား) မောဟပေါ်ယင်.... (သိရပါမယ် ဘုရား) ကုသိုလ်စိတ်လုပ်ချင်ကော....(သိရပါမယ်ဘုရား)။

အဲ....နဂိုရိုက ဦးမာဒင်တို့,ဦးသန်းမောင်တို့ ကြားဘူးတာက သာမညဆရာသမားတွေနဲ့ တွေ့တော့ ဟောဒီ ကုသိုလ် စိတ် ကလေး မင်း....ထပ်ပြန်တလဲလဲ သိပေး၊ ဒါ....စာဂါနဲ့သတိ ခေါ်တယ်....(မှန်ပါ) မဟုတ်ဘူးလို့ ဘုန်းကြီးက မငြင်ဘူး-ဟုတ်တယ်၊ သို့သော်....သမထသင်ထားတာကိုး....(မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာသင်ထားတာတုံး-(သမထ သင်ထားတာပါဘုရား) အဲ.... အနုဿတိဆိုဘဲဗျာ၊ အနုဿတိဆယ်ပါးထဲက၊ ဒါက သမထ မှတ်ပါ....(မှန်ပါ့) အနုဿတိပါယင် သမထမှတ်ပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သူက စာဂါနုဿတိသင်တာ.... (မှန်ပါ့-သမထပါဘုရား) သမထသင်ထားတာ၊ ဗြဟ္မာဖြစ်ကြောင်း သင်ထားတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်ကြောင်းလဲ-(ဗြဟ္မာဖြစ်ကြောင်း သင်တာပါဘုရား) အံမာလေး....ကျုပ်တို့က ကမ္ဘာပျက်တိုင်း ဗြဟ္မာပြည်ရောက်ဘူးလှပြီ....(မှန်ပါ့) နောက်ထပ် သွားဘို့ မလိုပါဘူး၊ အခုဟာ ဗြဟ္မာလူထွက်တော့ ဒီရောက်နေတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ....သူက ဗြဟ္မာပြည်ကို သွားနေပြန်လို့ ရှိယင် ခင်ဗျားတို့တော့ အောက်တန်းပို့တဲ့ဆရာနဲ့ တွေ့တာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား) ဘယ်ဆရာနဲ့ တွေ့သလဲ....(အောက်တန်းပို့တဲ့ဆရာနဲ့တွေ့တာပါဘုရား)။

အဲဒါကြောင့် ဆရာသိပ်အရေးကြီးတယ်.... (မှန်ပါ့ဘုရား) အခုတော့ဖြင့် ဥပမာ.... ကုသိုလ်စိတ် ဖြစ်တယ်၊ ဦးမာဒင်တို့-ဦးသန်းမောင်တို့က သိပေးပါ....(မှန်ပါ့)။

သိပေးတော့ ကုသိုလ်စိတ်ကလေးဟာ ဖြစ်လဲ ဖြစ်တယ်၊ ပျက်လဲ ပျက်တယ်လို့ သိတာဟာ ဒီအသိဟာ သေးတဲ့အသိ မဟုတ်ဘူး....(မှန်ပါ့)။

ဘာဖြစ်လို့တုံးဆိုတော့ နှစ်စိတ်ပြိုင်မပေါ်နိုင်ဘူး၊ ပေါ်ခဲ့လား....(မပေါ်ပါဘုရား) အဲဒီတော့ သူပျက်ပြီးမှ သိတာကပေါ်ရမှာ....(မှန်ပါ့) ဒါဖြင့် သူ့အဖြစ်အပျက်ကို သိတယ်....(မှန်ပါ့) ဒါဖြင့် အဖြစ်သိယင် အပျက်သိတယ်၊ ထိုးလိုက်တော့(မှန်ပါ့) အဖြစ်သိယင်....(အပျက်သိပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်သိတော့ကို ဒါက ဦးသန်းမောင်၏ ဒီစိတ်နဲ့အသက်ရှင်နေတာကလေးကို ဦးသန်းမောင်က ဖြစ်လဲဖြစ်တယ်- ပျက်လဲ ပျက်တယ်၊ ဦးမာဒင်က ဖြစ်လဲဖြစ်တယ်- ပျက်လဲ ပျက်တယ်၊ မုံရွာက တကာကြီးလဲ ဖြစ်လဲဖြစ်တယ်- ပျက်လဲပျက်တယ်ဆိုတော့ ဖြစ်ပျက်ကို သိတယ်....(မှန်ပါ့)။

ဖြစ်ပျက်ဆိုတော့ ကိုယ် ခဏလေးဖြစ်ပြီး ကိုယ် ခဏလေးသေတာကို သိတယ်....(မှန်ပါ့) ကိုယ့်အသေကို ကိုယ်သိတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ့်အနီစ္စကို....(ကိုယ်သိပါတယ်ဘုရား) ကိုယ့်ဒုက္ခကို....(ကိုယ်သိပါတယ်ဘုရား) ကိုယ့်အသေ.... (ကိုယ်သိပါတယ်ဘုရား) ကိုယ့်ဒုက္ခသစ္စာကို.... (ကိုယ်သိပါတယ်) ဒါ့ကြောင့် အဘိုးတန်တာ.... (မှန်ပါ့) သစ္စာသိတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဘာသိတာတုံး....(သစ္စာသိပါတယ်ဘုရား)။

ဒါဖြင့် သစ္စာသိလို့ရှိယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာဟောမှ နိဗ္ဗာန်ရောက်မယ်ကွ....တဲ့၊ ကျန်တဲ့တရား နိဗ္ဗာန်ရောက်တရား မဟုတ်ဘူး....တဲ့.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒါကလေးဟာ ဖြစ်ပျက်သွားတော့ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား) သိတာက....(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာက နောက်လာမည့် ကိလေသာတွေကို လာခွင့်ပေးသလား.... (မပေးပါဘုရား) ဒါဖြင့် သမုဒယချုပ်စေတယ်....(မှန်ပါ့)။

ဒါဖြင့် နောက်ဘဝတွေ လာသေးရဲ့လား....မေးတော့.... (မလာပါဘုရား) မလာတာ နိဗ္ဗာန်သစ္စာ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်။ မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ကိုယ့်ကိုယ်ကို ပဋိစ္စသမုပ္ပါဒ်နဲ့ဆုံးမနည်း

ထောပတ်ဆီသာဖြစ်စေပြီး အိုးခြမ်းပဲ့မဖြစ်စေနဲ့

နွေ-အလုပ်ပေးတရားတော်

(၁-၁၂-၆၁)

တကာတကာမတွေ့ တရားအားထုတ်နည်းကို သင်ပေးရမယ် ဆိုတဲ့ဥစ္စာလဲ ခဏခဏဘဲ၊ မရသေးတဲ့ပုဂ္ဂိုလ် ရအောင်၊ ရပြီး သားပုဂ္ဂိုလ် မြဲအောင်ဆိုတာ တကာကြွယ် - သင်ပေးရတယ် နော်....(မှန်ပါ့)။

တရားအားထုတ်နည်းဆိုတဲ့ဥစ္စာက ပဋိစ္စသမုပ္ပါဒ်ကို ကြည့်ပါ....တဲ့၊ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ဥစ္စာ တခြားမှတ်မနေနဲ့ တကာတကာမတွေ့က ခန္ဓာဘဲလို့မှတ်ပါ....(မှန်ပါ့)။

အဲဒီတော့ ဒီပဋိစ္စသမုပ္ပါဒ်ထဲမှာ တကာတကာမတွေ့ ကြည့်လိုက်တော့ ၂-နံပါတ်ထဲမှာ ဝိညာဏ်ဆိုတာလဲ ပဋိသန္ဓေစိတ်လို့မှတ်ပါ....(မှန်ပါ့)။

နာမ်ရုပ်ဆိုတဲ့ဥစ္စာကတော့ တကာ တကာမတွေသန္တာန်ရှိတဲ့ ဖဿတို့ ဝေဒနာတို့ သညာတို့ကိုဆိုတယ်....(မှန်ပါ့) ရုပ်ဆိုတာကတော့ ကိုင်တွယ်ရတာကိုဆိုပါတယ်....(မှန်ပါ့)။

ချိန်တွယ်ရတာ.... (ရုပ်ပါဘုရား) အဲဒါတွေဆိုပါတယ်၊ ချိန်တွယ်မရတဲ့ ဝေဒနာ သညာတွေကတော့ဖြင့် ဒါတွေဟာ နာမ်လို့ မှတ်ထားလိုက်ပါ....(မှန်ပါ့)။

သဋ္ဌာယတနဆိုတာကလဲ ရုပ်နဲ့ နာမ်တဲ့နေတယ်၊ ရုပ်နဲ့နာမ် ဘယ်လိုတဲ့သတုံးဆိုတော့ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ ဆိုတဲ့ ငါးခုသော အာယတနလို့ ခေါ်တယ်၊ စိတ်ကိုတော့ မနာယတနလို့ ခေါ်တော့ ပေါင်းလိုက်တဲ့အခါ ခြောက်ခု သွားဖြစ်တယ်....(မှန်ပါ့)။

အဲဒါ သဋ္ဌာယတနဆိုတာက ရုပ်ငါးခုနဲ့ စိတ်တခုကို ခေါ်တယ်....(မှန်ပါ့)။

ဖဿကတော့ ဖဿ စေတသိက်ဘဲလို့ မှတ်လိုက်တာပေါ့....(မှန်ပါ့) ဝေဒနာကတော့....(ဝေဒနာ စေတသိက်ပါဘုရား) ဝေဒနာ စေတသိက်လို့မှတ်တော့ ဩဇာ.... ၂-နံပါတ်ထဲ ပါတာတွေဟာ နာမ်တွေ, ရုပ်တွေပါလားလို့ သိသွားတယ်....(မှန်ပါ့)။

ခန္ဓာဖဲ့လိုက်တော့ ဝေဒနာက ဝေဒနာကွန္ဓာ၊ ဖဿကသင်္ခါရကွန္ဓာ၊ နာမ်ရုပ်တွေကလဲ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ၊ ရူပကွန္ဓာတွေနဲ့ ပေါင်းလိုက်တော့ တကာကြွယ်ရေ.... ၂-နံပါတ်ထဲပါတာတွေဟာ ခန္ဓာငါးပါး....(မှန်ပါ့)။

၂-နံပါတ်ထဲ ပါတာတွေက....(ခန္ဓာငါးပါးပါဘုရား)။

ကောင်းပြီ.... အဲဒီ ၂-နုံပါတ်ထဲ ခန္ဓာငါးပါးတွေ သိထားတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာလို့ တခြားလားအောက်မေ့တယ်၊ ခန္ဓာငါးပါးတွေပါလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဒီခန္ဓာသည် နောက်ခန္ဓာဖြစ်ကြောင်းနဲ့ မဆက်ဘို့....(မှန်ပါ့ဘုရား)။

ဒီခန္ဓာသည် .... (နောက်ခန္ဓာဖြစ်ကြောင်းနဲ့ မဆက်ဘို့ပါဘုရား)။

ကြပ်ကြပ်ကြည့်ထားပါ တကာ တကာမတို့....၊ ဒါယခု ရ, ထားတဲ့ တကာတကာမတွေသန္တာန်မှာ နေတိုင်း ပေါ်တဲ့ စိတ်တွေပေါ့ဗျာ....(မှန်ပါ့)။

နေတိုင်းပေါ်တဲ့ရုပ်, နေတိုင်းပေါ်တဲ့စိတ်တွေဘဲ....(မှန်ပါ့ဘုရား) ခန္ဓာဖဲ့လို့ကတော့ ခန္ဓာ ဘယ်နှစ်ပါးဖြစ်သတုံး....(ခန္ဓာငါးပါး ဖြစ်ပါတယ်ဘုရား)။

ခန္ဓာငါးပါးဖြစ်သွားတော့ ဒီမှာ မြွားကလေးပြတယ်နော်-(မှန်ပါ့) စပ်ချင်လို့ရှိယင်လဲ စပ်နိုင်ပါတယ်၊ မစပ်ချင်လို့ရှိယင်လဲ ဒီကြိုးကလေးတွေက ဖြတ်နိုင်ပါတယ်....(မှန်ပါ့)။

မစပ်ချင်ယင်....(ကြိုးကလေးတွေက ဖြတ်နိုင်ပါတယ်ဘုရား) ဖြတ်နိုင်ပါတယ်၊ ကြိုးတန်းပေါ်လိုက်လို့ရှိယင်ဖြင့် ဒါဖြတ်လမ်းပါဘဲ၊ မဖြတ်ချင်လို့ရှိယင်ဖြင့်လဲ တကာတကာမတွေထုံးစံအတိုင်းနေယင် စပ်သွားတာဘဲဆိုတာ ထင်ရှားပါတယ်....(မှန်ပါ့)။

အဲဒီတော့ .... ဝိပဿနာလုပ်နည်း သင်တော့မယ် ဆိုတော့ တကာတကာမတွေ ဩော်....ဒီမှာ နံပါတ်က ၂-နံပါတ်က ၃၊ (မှန်ပါ့) ၂-နဲ့ ၃-ကို မကူးအောင်လုပ်တာ ဝိပဿနာလို့ မှတ်ပါ....(မှန်ပါ့)။

ဘယ့်နှယ်ဖြေကြမလဲ .... (၂-နဲ့ ၃-မကူးအောင် လုပ်တာ ဝိပဿနာပါဘုရား) ၂-နဲ့ ၃-မဆက်အောင်နော်.... (မှန်ပါ့) ပြတ်သွားအောင်လုပ်တာ ဘာခေါ်ကြမယ် .... (ဝိပဿနာပါဘုရား)။

ဩော်....ဝိပဿနာဆိုတာ တိုတိုပြောတော့ ခန္ဓာနဲ့ ခန္ဓာ ဖြစ်ကြောင်း မဆက်ဘို့ဘဲ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

ဘာနဲ့ ဘာတဲ့.... (ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်း မဆက်ဘို့ပါ ဘုရား) ဒီက ခန္ဓာပေါ့ဗျာ....ဒီက ခန္ဓာထဲက ပေါ်လာတဲ့တရား တွေက ခန္ဓာဖြစ်ကြောင်း....(မှန်လှပါ) အဲဒီတော့.... ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်းမဆက်ဘို့....(မှန်ပါ့ဘုရား)။

ဝိပဿနာလုပ်တာသည် ဘယ်အကျိုးငှာပါလိမ့်....(ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်း မဆက်ဘို့ပါဘုရား) ခန္ဓာရယ်၊ ခန္ဓာဖြစ်ကြောင်းရယ် မဆက်အောင် ဝိပဿနာဉာဏ် သွင်းရမယ်.... (မှန်ပါ့)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် တကာ တကာမတို့ ဒီအစပ်ကလေးက ဖြတ်တာဘဲဆိုတာ မှတ်ထားစမ်းပါ .... (မှန်လှပါဘုရား)။

ဝိပဿနာဉာဏ်ဆိုတာ ဘာပါလိမ့်.... (အစပ်ကလေး ဖြတ်တာပါဘုရား)။

ဘယ်သူနဲ့ ဘယ်သူ စပ်မှာ စိုးရိမ်ရပါလိမ့်မတုံး....မေးတော့ ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်း စပ်မှာ စိုးရိမ်ရတယ် .... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်း စပ်မှာ သိပ်စိုးရိမ်ရတယ်....(မှန်ပါ့ဘုရား) သဘောကျကြပလား....(ကျပါပြီဘုရား)။

ဩော်.... ငါတို့ ဆရာဘုန်းကြီးက ဘုရားဟောတဲ့အတိုင်း တိုက်တွန်း, ဝိပဿနာလုပ်ကြ၊ ဝိပဿနာလုပ်ကြလို့ ဆိုတဲ့ဥစ္စာ အဓိပ္ပါယ်ပေါ်သွားပြီ တကာကြယ်ရေ....(ပေါ်ပါပြီဘုရား)။

ခန္ဓာနဲ့ နောက်-ခန္ဓာဖြစ်ကြောင်း စပ်သွားမှာ ဘုရား-သိပ် စိုးရိမ်တယ် .... (မှန်ပါ့) မစိုးရိမ်ဘူးလား....(စိုးရိမ်ပါတယ် ဘုရား)။

လက်ရှိခန္ဓာနဲ့ နောက်ခန္ဓာဖြစ်ကြောင်းနဲ့ စပ်သွားမယ်ဆိုလို့ ရှိယင်ဖြင့် အနာဂတ်ခန္ဓာ ဒုက္ခသစ္စာကြီး လာမယ်.... (မှန်ပါ့) စပ်သည်နဲ့တပြိုင်နက်တည်း သမုဒယသစ္စာ ပေါ်မယ်....(မှန်ပါ့ဘုရား)။

ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်း စပ်လိုက်လို့ ရှိယင် ဖြစ်ကြောင်း ပေါ်ယင် သမုဒယသစ္စာ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒီသမုဒယသစ္စာသာ လာမယ်ဆိုယင် နောက် ဒုက္ခသစ္စာနဲ့ ဒီအဆက်ဟာ ဆက်ရတော့မယ်....(မှန်ပါ့) ဒီအစပ်ဟာ မစပ်ပါနဲ့ဆိုလို့ ရရဲ့လား....(မရပါဘုရား)။

အေး.... ဒါတွေသိတော့မှ ဝိပဿနာ မလုပ်လို့ ရှိယင်ဖြင့် တကာကြွယ်တို့- ဦးလှဘူးတို့-မောင်ဘသော်တို့ စဉ်းစားပါနော်- (မှန်ပါ့)။

နောက် ဒုက္ခသစ္စာ ဖြစ်ကြောင်းနဲ့ ဆက်တော့မှာဘဲ.... (မှန်လှုပါ) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဘာနဲ့ဆက်မှာ စိုးရိမ်ရသလဲ.... (နောက်ဒုက္ခဖြစ်ကြောင်းနဲ့ ဆက်မှာ စိုးရိမ်ရပါတယ်ဘုရား)။

ဒါဖြင့် နောက်ဒုက္ခဖြစ်ကြောင်းနဲ့ဆက်မှာကို တကာတကာမတွေက သိနေတော့ ယခုလဲ အိုဘေး, နာဘေး, သေဘေးနဲ့ နေရတဲ့ ခန္ဓာကြီး ၂-နံပါတ်မှာ....(မှန်ပါ့)။

နောက် အိုဘေး, နာဘေး, သေဘေးနဲ့ စပ်ကြောင်းကို လုပ်မယ်ဆိုလို့ ရှိယင် စပ်ရတော့မှာဘဲ....(စပ်ရမှာပါဘုရား)။

စပ်ကြောင်းကိုလုပ်ယင်....(စပ်ရတော့မှာပါဘုရား)။

အဲဒီတော့ ဒီစပ်ကြောင်း ပြတ်သွားဘို့ရာဟာ ဘာမှ ဖြတ်နိုင်သတုံးလို့ တကာကြွယ်- မေးယင် ဘယ်နှယ်ပြောပါ့မတုံး.... (ဝိပဿနာမဂ်နဲ့ ဖြတ်ရပါမယ်ဘုရား) ဝိပဿနာမဂ်နဲ့ ဖြတ်ရမှာဘဲ....(မှန်ပါ့)။

ဒီ ထက် ပိုမိုပြီးသကာလ အားထုတ်နိုင်လို့ ရှိယင်ဖြင့် လောကုတ္တရာမဂ်ရယင် ပိုပြတ်တယ်....(မှန်ပါ့) ဝိပဿနာမဂ်ရယင်လဲ ပြတ်တာပါဘဲ....(မှန်ပါ့)။

လောကုတ္တရာမဂ် ရလို့ရှိယင်လဲ အမြစ်နဲ့တက္ခ ပိုပြီး ပြတ်တယ်လို့ မှတ်လိုက်ပါ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ၂-နဲ့ ၃-မကူးအောင် ဘာလုပ်ကြမယ်....(ဝိပဿနာမဂ်နဲ့ ဖြတ်ရပါ့မယ်) ဝိပဿနာကို အားထုတ်ရမယ်.... (မှန်ပါ့ဘုရား)။

တကာတကာမတွေ့ ခင်ဗျားတို့က အငမတန်ထူ, အငမတန် ဖျင်းလွန်းလို့ ပုံစံကြီးနဲ့ တကာကြွယ်-ပြနေရတယ်....(မှန်လှပါဘုရား)။

ပြောရုံကလေးနဲ့ မပြီးတာနဲ့ အမြင်ပါ တခါတည်း ပြပြီးသကာလ နေရတော့ သြော်....ဒို့အတွက်ဟာဖြင့် အခါကောင်း အခွင့်ကောင်းဖြင့် ကြုံပေါ့ဆိုတဲ့ဥစ္စာ ကိုယ့်အတွက် ဝမ်းသာကြမယ်....(မှန်ပါဘုရား)။

အင်မတန်မှ ဝမ်းသာစရာ ကောင်းပါတယ်.... (ကောင်းပါတယ်ဘုရား) ၂-နဲ့ ၃-မကူးတာ ဝိပဿနာမှ တတ်နိုင်တယ်....(မှန်ပါ့) မဂ်မှတတ်နိုင်တယ်....(မှန်ပါ့)။

ဘာနဲ့ဘာမကူးဘို့လဲ....(၂-နဲ့ ၃-မကူးဘို့ ဝိပဿနာမှ တတ်နိုင်ပါတယ်ဘုရား)။

ကြည့်လေ.... ၂-ဒုက္ခသစ္စာထဲက ၃-သမုဒယသစ္စာ ပွားလာယင် ၄-ဒုက္ခသစ္စာဆိုတာ လာလိမ့်မယ်....(လာပါတယ်ဘုရား) မလာပါနဲ့ဆိုလို့....(မရပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ဒုက္ခ- သမုဒယ၊ သမုဒယ-ဒုက္ခ....(မှန်ပါ့) မဂ္ဂနဲ့ နိရောဓ ကြားမည်ပ်ဘူး-(မှန်ပါ့)။

သံသရာခရီးသည်ဆိုတာ သမုဒယဒုက္ခ, သမုဒယဒုက္ခ လှည့်နေတာ သံသရာခရီးသည်ခေါ်ပါတယ်....(မှန်ပါ့)။

သံသရာခရီးသည်ဆိုတာ ဘာပါလိမ့် .... (သမုဒယနဲ့ ဒုက္ခ လှည့်နေပါတယ်ဘုရား) သမုဒယ-ဒုက္ခ၊ နောက်တခါ လာပြန် တော့ကော....(သမုဒယ-ဒုက္ခ လာပါတယ်ဘုရား) နောက်တခါ လာပြန်တော့....(သမုဒယ-ဒုက္ခ လာပါတယ်ဘုရား)။

သမုဒယက အကြောင်း၊ ဒုက္ခက အကျိုး....(မှန်ပါ့) သမုဒယဆိုတာ ဆင်းရဲကြောင်း၊ ဒုက္ခဆိုတာ ဆင်းရဲကျိုး....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာတွေလှည့်နေသတုံး....လို့မေးတော့မှ ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုးတွေ လှည့်နေတယ်.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

တကာကြွယ်-နောက်တုန်းက ဘယ်လိုမျှား နေခဲ့- ထိုင်ခဲ့ပါ လိမ့်မတုံး.... (ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုး လှည့်နေပါတယ် ဘုရား)။

ဟုတ်သားဘဲ ဒီမှာ....ဆင်းရဲကြောင်း, ဆင်းရဲကျိုး၊ ဆင်းရဲ ကြောင်း, ဆင်းရဲကျိုး၊ သမုဒယနဲ့ ဒုက္ခချည့် လှည့်နေတယ်.... (မှန်ပါ့)။

ဘာမျှားရောနေသတုံး....(ဘာမှ မရောပါဘုရား) မဂ္ဂဆိုတဲ့ နိဗ္ဗာန်ရောက်ကြောင်းကလဲ မပါ.... (မှန်ပါ့) နိရောဓဆိုတဲ့ နိဗ္ဗာန်ဆိုတာကလဲ မရောက်၊ ဒီအထဲမှာ ပါကိုမပါဘူး....(မပါ ခဲ့ပါဘုရား)။

ဩော်....ငါတို့ နောက်တုန်းက ဘယ်လိုမျှား နေခဲ့ ထိုင်ခဲ့ရ ပါလိမ့်မတုံးဆိုတော့ သူမျှားပြောသံကြားတော့ ခင်ဗျားတို့က ပြောချင်တာ ပြောလိမ့်မယ်....(မှန်ပါ့)။

နတ်လဲ ဖြစ်ခဲ့ဘူးပါပြီဘုရာ့၊ ဗြဟ္မာလဲ ဖြစ်ခဲ့ဘူးပါပြီဘုရာ့-ဒါ....အမျိုးမျိုးပြောနေမှာဘဲ....(မှန်ပါ့)။

အဲဒါ....သစ္စာနားမလည်တော့ ဒီအတိုင်း ပြောနေတယ်.... (ပြောပါတယ်ဘုရား) သစ္စာ နားလည်တဲ့ပုဂ္ဂိုလ်ကတော့ နောက်က ဖြစ်ခဲ့တာဆိုလို့ရှိယင်ဖြင့် အော့ချင် အန်ချင်လောက် အောင်ဘဲ စက်ဆုတ်ပါတယ်....(မှန်ပါ့)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ မောင်ဘသော်ရေ....ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုး လှည့်နေတယ်....(လှည့်နေပါတယ်ဘုရား)။

ဦးဘအုန်း-ဘာလှည့်နေသတုံး....(ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုး လှည့်နေပါတယ်ဘုရား)။

ခင်ဗျားတို့ အခု ပါလာတဲ့ စာရွက်ကလေး ကြည့်လိုက်ယင် သိပါပြီ....(သိပါပြီဘုရား) ဘာနဲ့ဘာ လှည့်နေသတုံး....(ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုး လှည့်နေပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် ဆင်းရဲတာရယ် ဟုတ်လား.... (မှန်ပါ့) ချမ်းသာတာရယ် ပါခဲ့ကြတယ်....(ပါခဲ့ပါတယ်ဘုရား)မျက်ရေကြီးငယ် ကျခဲ့တာရယ်၊ သေပဲ့ဝင်တာရယ် ဒါဘဲရှိတယ်....(မှန်ပါ့-ဒါဘဲရှိပါတယ်ဘုရား)။

ဘယ်ဟာတွေနဲ့ နေခဲ့ရသတုံး....ဆိုတော့မှ အပူလောင်နေတာရယ်၊ အပူလောင်လို့ သေတာရယ် ဒါဘဲရှိတယ်....(မှန်ပါ့ဘုရား)။

ဦးဘအုန်း ဘာရှိသတုံး .... (အပူလောင်နေတာရယ်၊ သေတာရယ် ဒါဘဲရှိပါတယ်ဘုရား) သမုဒယသစ္စာက ပူတတ်တဲ့

တရား၊ အပူလောင်လို့ သေရတာက ဒုက္ခသစ္စာ .... (မှန်ပါ့ ဘုရား)။

ဒါဖြင့် အပူနဲ့ လောင်စာဘဲ ရှိတယ်ဆိုတော့ မီးနဲ့ လောင်စာဘဲ လှည့်နေတယ်....(မှန်ပါ့) မီးတလှည့်, လောင်စာတလှည့် (မှန်ပါ့)။

သြော်....တကာကြွယ်- နောက်တုန်းက စကြဝတေးမင်းကြီး များး ဖြစ်ခဲ့လေသလား....လို့ သူများက မေးယင်ဖြင့် ပြောသံကြားတော့ဖြင့် ဟုတ်မှာပေါ့ဘုရား- အစစ်ကတော့ဖြင့် မီးရယ်, လောင်စာရယ် လှည့်လောင်နေတာဘဲ....လို့ မှတ်လိုက်ပါ.... (မှန်ပါ့) သဘောကျကြပလား....(ကျပါပြီဘုရား)။

ဘာလှည့်နေသတုံး.... (မီးနဲ့ လောင်စာဘဲ လှည့်နေပါတယ် ဘုရား)။

ဘယ်တော့ အေးငြိမ်းခြင်းရခဲ့သလဲလို့ မေးလို့ရှိယင် ဘယ့် နှယ်ဖြကြမလဲ....(ဘယ်တော့မှ မရခဲ့ပါဘုရား)။

သြော်....ဒီအေးငြိမ်းခြင်းမရခဲ့တာ, ချမ်းသာခြင်း မရခဲ့တာ ဘာ့ကြောင့်ပါလိမ့်မတုံး.... ဆိုလို့ရှိယင်ဖြင့် မီးဆက်သွားလို့ လောင်စာထဲက မီးပြန်ဖြစ်တယ်....(မှန်ပါ့)။

ဒီဘက်က သမုဒယသစ္စာဆိုတာက တကာ တကာမတွေ.... သိတဲ့အတိုင်း အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဆိုတာ ကတော့ မီးတွေ....(မှန်ပါ့)။

ဒီဘက် ဝိညာဏ် နာမ်ရုပ် သဠာယတန ၂-နံပါတ်တွေက လောင်စာတွေ....(မှန်ပါ့) လောင်စာထဲကနေပြီး သကာလ.... မီးတွေ တခါ ပြန်ထွက်လာတယ်....(မှန်ပါ့)။

လောင်စာထဲကနေပြီး .... (မီးတွေ ပြန်ထွက်လာပါတယ် ဘုရား) သမုဒယသစ္စာမီးတွေ ပြန်ပေါ်လာတယ် .... (မှန်ပါ့) မီးတွေ ပြန်ပေါ်လာပြန်တော့ လောင်စာတခါဖြစ်ပြန်တယ်.... (မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ မီးဖြစ်လိုက်၊ လောင်လိုက်၊ မီးဖြစ်လိုက်၊ လောင်လိုက်နဲ့ ဦးဘအုန်း-ဘယ်တော့မျှားချမ်းသာခဲ့တာ ပါသတုံး.... (ဘယ်တော့ကမှ မပါခဲ့ပါဘုရား) မောင်ဘသော်-ပါသေးသလား....(မပါ-ပါဘုရား)။

အဲဒါတွေကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ အတိအလင်း ဟောတယ်၊ ဆရာဘုန်းကြီးကလဲ အခု ဘုရားဟောတော်မူတဲ့အတိုင်း ပြပြီးသကာလ နေတယ်၊ ခင်ဗျားတို့ မမြင်နိုင်လို့ ပုံစံကြီး ချပြရပြန်တယ်....(မှန်ပါ့)။

အဲဒီတော့ တပည့်တော်တို့ဖြင့်ဘုရား.... ဒီအဝိုင်းစက်ကြီးဖြင့် မလည်ချင်ပါဘူး၊ ဒါ စိတ်ဆိုးဖြတ်ချက် ချရလိမ့်မယ်....(မှန်ပါ့ ဘုရား)။

အဝိုင်းစက်ကြီးတော့....(မလည်ချင်ပါဘုရား) မီးတလှည့် လောင်စာတလှည့်တော့ ဘုရား- ကြောက်လှပါပြီ .... (မှန်ပါ့ ဘုရား)။

မီးတလှည့် လောင်စာတလှည့်တော့ .... (ကြောက်လှပါပြီ ဘုရား)။

ကြောက်လှပါပြီဆိုတဲ့ဥစ္စာ တကာတကာမတွေမှာ စဉ်းစားကြည့်၊ သားပို့ သမီးပို့ ဆွေပို့ မျိုးပို့တွေကလဲ ခန္ဓာထဲက ပေါက်ဖွားတာ....(မှန်ပါ့)။

ဟာ... ဒါဖြင့် ထင်းထဲက မီးဖြစ်ပြန်ပြီ....(မှန်ပါ့) ထင်းထဲက မီးဖြစ်ပြန်တယ်ဆိုတော့ ဟောဒီခန္ဓာကြီးက ထင်းပါဘဲ၊ ဟောဒီ ထင်းထဲက မီးဖြစ်လာပြန်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ထင်းထဲက မီးဖြစ်လာတယ်၊ မီးဖြစ်လို့ တခါ မီးထဲကနေပြီး သကာလ လောင်စာတခု ကူးလောင်ပြန်တာဘဲ.... (မှန်ပါ့) မလောင်ဘူးလား....(လောင်ပါတယ်ဘုရား)။

အဲဒါတော့သိတော့ ဩဇာ်....သံသရာ့ဒုက္ခဆိုတာ ဒါပါဘဲ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ဒီဒုက္ခကြီး လက်စမသတ်နိုင်ပါလိမ့်မလဲ လို့ မောင်ဘသော်တို့-တကာကြွယ်တို့ မေးဘို့ အချိန်ရောက်ပါပြီ....(ရောက်ပါပြီဘုရား)။

အေး....မင်းတို့ ကလျာဏမိတ္တ-ဆိုတဲ့ ဆရာကောင်း မတွေ့ခဲ့တော့ကွာ.... မင်းတို့သည် ၂-နဲ့ ၃-မကူးခဲ့လို့ မရဘူးဟ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တပည့်တော်-ဘယ်နှယ်ကြောင့် လောင်စာနဲ့ မီးချည့် လှည့် နေရပါလိမ့်မတုံး-လို့ မေးတဲ့အခါကျတော့မှ တပည့်တော်တို့ ကလျာဏမိတ္တဆိုတဲ့ ဆရာကောင်း သမားကောင်း မတွေ့ခဲ့ဘူးဘုရား....(မှန်ပါ့)။

မတွေ့တော့ ဘာဖြစ်သတုံး... လို့ မေးတော့ ၂-ကနေပြီး ၃-ဘက် ကူး-ကူးသွားတယ်....(မှန်ပါ့)။

၂-ခန္ဓာငါးပါးထဲက ၃-ခန္ဓာငါးပါး မီးထတောက်တယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

၂-ခန္ဓာငါးပါးထဲက ၃-ခန္ဓာငါးပါးမီးတွေ ထ-ထ·ပြီး တောက်နေပြီဘုရား....လို့ ဆိုလို့ရှိယင် မလွဲပါဘူး....(မလွဲပါဘုရား)။

အဲဒီ ၂-ခန္ဓာငါးပါးထဲက ၃-ဆိုတဲ့ တဏှာ ဥပါဒါန် ဘဝ တွေက လာ....(မှန်ပါ့)တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ တွေကမျာ:....(မှန်ပါ့)။

ကိုင်း....တကာ တကာမတို့ သူများပြောတာ မယုံလို့ရှိယင် ဖြင့် ဥပမာ....ဘုန်းကြီးတို့ တကာတကာမတွေ့ မနက်က ဆောင်း ဝယ်ပြီးကြပလားလို့ မေးလို့ရှိယင်ဖြင့် ပြီးခဲ့ပါပြီဘုရား....၊ အချို့လဲ မပြီးသေးဘူး၊ သိမ်းလာခဲ့ရတာဟဲ့ အစရှိသည်နဲ့ လျှောက်ကြမယ်....(မှန်ပါ့) မလျှောက်ပေဘူးလား....(လျှောက် ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီလို လျှောက်ရပါလိမ့်မလဲလို့ မေးတဲ့ အခါကျတော့ ခုနင်က ဆောင်းဝယ်ကိစ္စ တဏှာ ဥပါဒါန် ကံ တွေဟာ တကာ တကာမတို့ သူများအထဲမှာ ပေါ်တာလား၊ ကိုယ့်ခန္ဓာထဲမှာဘဲ ဆောင်းဝယ်ကိစ္စတွေက ပေါ်လာတာလား:.... (ကိုယ့်ခန္ဓာထဲမှာ ပေါ်လာတာပါဘုရား)။

အဲ....ဒါဖြင့် တကာတကာမတို့ ၂-ထဲက ၃-ကူးနေကြတယ်- (မှန်ပါ့) ဘယ်လိုဆိုကြမယ်....(၂-ထဲက ၃-ကူးနေကြပါတယ် ဘုရား)။

ဩော်.... ဒါဖြင့် ၂-နံပါတ်က လောင်စာ၊ ၃-နံပါတ်က မီး....(မှန်ပါ့) ထင်းထဲက မီးဖြစ်လာကြတယ် .... (မှန်လှပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာဖြစ်လာကြသလဲ .... (ထင်းထဲက မီးဖြစ်လာကြပါတယ် ဘုရား)။

ဒီ မီးကနေပြီး နောက် ထင်းတခု သူလုပ်ဦးတော့မယ်.... (မှန်လှပါ) ၄-နံပါတ် သူသွားတော့မယ်....(မှန်ပါ့) မသွား ပါနဲ့ဆိုလို့ ရသေးရဲ့လား....(မရပါဘုရား)။

ကဲ....ဒါဖြင့် ဒီ ၄-နံပါတ်ကြည့်လိုက်တော့ ဇာတိ ဇရာ မရဏ....(မှန်ပါ့)။

ကိုင်း....နောက်က တကာ တကာမတွေ.... ရောင်းဝယ်နေတဲ့ ခန္ဓာကြီးထဲကနေပြီး တဏှာ ဥပါဒါန် ကံတွေ ပေါက်ပွားလာ သလား-လို့ မေးယင် ဘယ်နှယ်ဖြကြမလဲ....(ပေါက်ပွားပါ တယ်ဘုရား)။

ဒီလောက် ပေါက်ပွားလို့ ရှိယင် တကာ တကာမတို့ နောက် ဇာတိ ဇရာ မရဏ ဆိုတဲ့ ၃-နံပါတ်ဖြင့် တပည့်တော်တို့ ဖြစ်ရ ဦးမှာလားမေးယင် ဘယ်နှယ်ဖြကြမလဲ-(ဖြစ်ရပါမယ်ဘုရား) နိယာမတရားလို့ ဆိုတာ မှတ်ထားကြပါ....(မှန်ပါ့)။

အဲဒါကြောင့် တကာကြွယ်ရေ .... အမြင် ပြောတဲ့အခါ ကျတော့ ရှင်းပါပြီနော်....(မှန်ပါ့)။

တကာကြွယ်- ဘယ်ကဖြတ်မတုံးလို့ မေးခွန်းထုတ်လို့ ရှိယင် ဖြင့် ကဲ....ပဋိစ္စသမုပ္ပါဒ်က တကာကြွယ်- သိပြီမဟုတ်လား.... (သိပါပြီဘုရား)။

၁-အစပ်ကတော့ ဖြတ်လို့မရဘူး....(မရပါဘုရား) ၂-အစပ် ကတော့ ဖြတ်မယ်ဆိုယင်....(ရပါတယ်ဘုရား)။

၁-အစပ်ကတော့ လွန်ပြီး ကျ ပြီး ဖြစ်နေတယ်....(မှန်ပါ့) ဘာဖြစ်လို့ တုံး၊ အတိတ်ဘဝက လုပ်ခဲ့ပြီး ဖြစ်သောကြောင့် ဒီအစပ်ဟာတော့ ဒီဘက်ရောက်နေပြီ....(မှန်ပါ့)။

ကျုပ်တို့က ဒီဘက်ရောက်နေတယ်၊ ဒီ လှုပ်းဖြတ်လို့ မရဘူး-(မှန်ပါ့) ဒီဟာကလေးတော့ မဆက်ချင်လဲဖြစ်တယ်....(မှန်ပါ့ ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) ဆက်ချင်လဲ ဖြစ်တယ်....(မှန်ပါ့)။

အဲဒီတော့ ဆက်ချင်လဲ ဖြစ်-ဆိုတော့ မနက်က ခန္ဓာထဲက တကာတကာမတွေ့နေပြီး ၂-နံပါတ်ထဲကနေပြီး ၁-နံပါတ်ဆိုတဲ့ တဏှာ, ဥပါဒါန်, ကံ, အဝိဇ္ဇာ, သင်္ခါရတွေ့ ပေါက်ပွားခဲ့ကြသလား လို့ မေးလို့ရှိယင် ပေါက်ပွားခဲ့ကြတယ်လို့ တကာကြွယ် ဖြေရမယ်....(မှန်ပါ့) မဖြေရဘူးလား.....(ဖြေရပါတယ်ဘုရား)။

အင်း.... ဘယ့်နှယ်ကြောင့် ဖြေရပါလိမ့်မတုံး....လို့ မေးတဲ့ အခါကျတော့ တပည့်တော်တို့ ထုံးတမ်းက ဒီလိုဘဲဘုရာ့....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

တကာတကာမတွေ့ထုံးတမ်းက မသေရခင်က သေကြောင်း ရှာတယ်....(မှန်ပါ့)။

မသေရခင်က .... (သေကြောင်းရှာပါတယ်ဘုရား) ဒီဥစ္စာ မသေခင်၊ မသေခင် ဒါတွေ့က ဘာတွေ့တုံး၊ သေကြောင်း.... (မှန်ပါ့)။

ဒါဖြင့် မသေခင်က နောက်ထပ် သေကြောင်းရှာတယ်.... (မှန်ပါ့)။

မသေခင်က .... (နောက်ထပ် သေကြောင်း ရှာပါတယ် ဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ လုပ်နေတဲ့ အလုပ်ကဖြင့် မသေခင်က သေကြောင်းရှာတဲ့အလုပ်-လုပ်နေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့ ခလေးတွေကျတော့ အော်လိုက်တာ၊ ဒီကောင်ကလေးက သေချင်ပြန်ပလား-တဲ့....(မှန်ပါ့) အော်ကြတယ် ခင်ဗျားတို့....(အော်ကြပါတယ်ဘုရား)။

ဒီကောင်ကလေးဟာ သေချင်ပလား....လို့ တကာကြွယ်တို့လဲ စိတ်ဆိုးတဲ့အခါ ပြောမိတယ်....(ပြောမိပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး....ဆိုတော့ ဒီခလေးသည်ကား....လို့ ဆိုယင် ငြိမ်ငြိမ်မနေဘဲနဲ့၊ ဆောနေလို့ .... (မှန်ပါ့) ဒီကောင်လေး သေချင်ပြန်ပြီထင်တယ်-တဲ့.... (မှန်ပါ့) မပြောကြဘူးလား.... (ပြောကြပါတယ်ဘုရား)။

တကာကြွယ်တို့ကိုလဲ ဘုန်းကြီးက ပြောရလိမ့်မယ်၊ တကာကြွယ်တို့သည်ကား....လို့ဆိုယင်ဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ ငြိမ်ငြိမ်မနေဘဲနဲ့ တဏှာ, ဥပါဒါန်, ကံတွေ ထပ်ပြီးလုပ်နေပြန်လို့ ရှိယင်ဖြင့် ဘယ့်နှယ်ဆိုရမလဲ....(သေချင်ပြန်ပလား)သေချင်ပြန်ပလား မေးရမယ်....(မှန်ပါ့)။

ဦးဘအုန်း-ဒါမေးရမှာဘဲ....(မှန်ပါ့) ဒီ.ပြင် ဘာမေးစရာရှိသတုံး....(မရှိပါဘုရား)။

နောက်က တကာတကာမတွေ အခု ပြောတဲ့ အကြောင်းနားလည်ပလား....(နားလည်ပါတယ်ဘုရား)။

ခန္ဓာထဲကနေပြီး သကာလ တဏှာ, ဥပါဒါန်, ကံတွေက မလုပ်ကြဘူးလား....(လုပ်ပါတယ်ဘုရား) အဲဒီတော့ ဒါ....

ဘယ့်နှယ်ဆိုမယ်....(သေချင်ကြလို့ လုပ်တာပါဘုရား) သေချင်ပြန်ပလားလို့လဲ မေးဘို့ရှိတယ်....(မှန်ပါ့)။

ဒီဟာ လုပ်လို့ရှိယင်ဖြင့် ဒီခန္ဓာ ဇာတိ, ဇရာ, မရဏ ဆိုတဲ့သေပဲဟာ တွေ့ရမယ်....(မှန်ပါ့) မတွေ့ပါနဲ့ဆိုလို့....(မရပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ခလေးသာ ဆုံးမတယ်-ကိုယ့်ကိုယ်တော့ မဆုံးမဘူး....(မဆုံးမပါဘုရား) တကာကြွယ် ဘာဖြစ်နေတာတုံးဗျ....မသိလို့ပါဘုရား....(မှန်ပါ့)မသိလို့ပါတကာတကာမတို့နော်....(မှန်ပါ့)။

အခုလို ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်ပုံကို ကိုယ်တိုင်ကလဲ မသိတော့ ဖြစ်နေတာမသိဘူး....(မှန်ပါ့)။

အခုတော့ဖြင့် အရောင်းအဝယ်ရိုးရိုးက ကိစ္စမရှိဘူးထားပါတော့နော်....(မှန်ပါ့) ပရိယာယ်တွေ့ မာယာတွေနဲ့ အမျိုးမျိုး အဖုံဖုံ ရရာရကြောင်း လုပ်တဲ့အခါကျလို့ရှိယင် ကိုယ့်ကိုယ်ကို ဆုံးမပါနော်....(မှန်ပါ့) ဆော့ပြန်ပလား၊ မင်း-သေချင်ပြန်ပလားသာ မေး....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်မေးကြမယ်....(ဆော့ပြန်ပလား-သေချင်ပြန်ပလားလို့ မေးရပါမယ်ဘုရား) ဒီအမေးဟာ တကာကြွယ် တည့်မတည့် စဉ်းစား....(တည့်ပါတယ်ဘုရား) အင်မတန် တည့်တယ် (မှန်ပါ့)။

ဒီခန္ဓာကြီးထဲက ဒါပေါက်ပွါးလာတော့ ဒါ....သေကြောင်းတွေ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီကျတော့ မသေချင်ပါဘူး....ဆိုတော့ အနာဂတ်ဘဝရပါ့မလား....(မရပါဘုရား) မရတော့ ဒီဟာကလေးတွေ ပေါက်ပွားတိုင်း-ပေါက်ပွားတိုင်းဒီခလေးဟာ ဆော့လိုက်တာ သေချင်လို့လား....တဲ့....(မှန်ပါဘုရား) ဒီလူကြီးဟာလဲ ဆော့လိုက်တာ ဘယ်နှယ်ဆိုရမလဲ....(သေချင်လို့လားပါဘဲဘုရား)။

တကာကြွယ် သူများမပြောနဲ့ ကိုယ့်ကိုယ်ပြောပါဟုတ်လား ဟုတ်လား....(မှန်ပါ့) သူများမပြောပါနဲ့....တဲ့ ဘယ်သူ့ဆုံးမရမလဲ....(ကိုယ့်ကိုယ်ကို ဆုံးမရပါမယ်ဘုရား)။

အေး....မင်းဟာ သေချင်ပြန်ပလားကွ....(မှန်ပါ့) တကာကြွယ် မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)။

သေချင်ပြန်ပလားဆိုတဲ့ဥစ္စာ နောက်ဆုံးပိတ်ဒုက္ခပြောတာဘဲ....(မှန်ပါ့) နောက်ဆုံးပိတ်ဒုက္ခဆိုတဲ့ဥစ္စာက သေရတဲ့ကြားမှာ မင်း-ပဋိသန္ဓေနေချင်ပြန်ပလား၊ အိုချင်ပြန်ပလားလဲ ပါတယ်....(မှန်ပါ့) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အဲဒါတွေ ကျကျနန ဘုန်းကြီးတို့ တကာ တကာမတွေ့သိတော့ ကိုယ်လုပ်နေတဲ့အလုပ်ဟာ သေကြောင်းကြံတဲ့အလုပ်တယ်များတယ်....(များပါတယ်ဘုရား)။

ဟိုမှာ ကြိုးဆွဲချသေဘို့ ကြိုးချည်နေတဲ့ပုဂ္ဂိုလ်ကမှ သြော်....ဘေးကသိတဲ့ပုဂ္ဂိုလ်ကမြင်တော့ သေကြောင်းကြံနေရှာတယ်...(မှန်ပါ့)။

တကာကြွယ်တို့က ပြောမယ် တယ်မိုက်သကိုး-ဝဋ်ကမကင်းဘဲကိုး၊ ဒါကြောင့် သူ့ဟာသူ သေကြောင်းကြံနေတယ်....(မှန်ပါဘုရား)။

ခင်ဗျားတို့ ခန္ဓာကြီးက တဏှာ,ဥပါဒါန်,ကံတွေပေါက်ပွါးလာတာကလဲ ဘာလုပ်တာတုံး.... (သေကြောင်းကြံတာပါဘုရား) ဒါဖြင့် အတူတူဘဲ....(မှန်ပါ့) ရိပ်မိပလား:....(ရိပ်မိပါပြီဘုရား)။

အံမာလေး-ဘုန်းကြီးတို့ တကာတကာမတွေ ရင်းရင်းနှီးနှီးနဲ့ အခု နားလည်လို့သာ တကာကြွယ် ရှင်းတာနော်.... (မှန်ပါ့ဘုရား)။

တခြို့ တကာတကာမတွေက သေကြောင်းကြံနေတဲ့အလုပ်ကိုဘဲ ကျုပ်- အကောင်း လုပ်နေတာလို့ ပြောသေးတယ်.... (ပြောပါတယ်ဘုရား)။

ဒီလို့မှ မလုပ်လို့ ရှိယင် ကျုပ်-ဘာစားမလဲလို့ တကာကြွယ် ဆင်ခြေများ လဲလိုက်သေးတယ်....(မှန်ပါ့)။

ကဲ....ဒီတကာတကာမတွေက ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးကြည့်လိုက်တဲ့အခါကျတော့ သူလုပ်နေတဲ့အလုပ်ဟာ ဘာလုပ်နေတာတုံး ဆိုတော့ သေကြောင်းကြံနေတာ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဟာတွေ ပေါ်လာယင် သေကြောင်း ကြံနေတာဘဲ.... (မှန်ပါ့) နောက်ထပ် မသေချင်ပါဘူး ဆိုလို့ ၄-နံပါတ် ဇရာမရဏ လွတ်နိုင်ပါ့မလား....(မလွတ်နိုင်ပါဘုရား)။

တကာကြွယ် ခင်ဗျားသည်ကား....လို့ ဆိုယင်ဖြင့် အိမ်မှာအရောင်းအဝယ်လုပ်ပြီးသကာလ နေတာဟာ လူသာမုခေါ်-နတ်သာမုခေါ် လုပ်နေတာလား၊ ကိုယ့်ဟာကိုယ် သေကြောင်း

ကြံနေတာလား....(ကိုယ့်ဟာကိုယ် သေကြောင်း ကြံနေတာပါ ဘုရား) တကာတကာမတွေ့ ရိပ်မိသွားပြီ.... (ရိပ်မိပါပြီဘုရား)။

ရိပ်မိသွားပြီ၊ သေချင်သေးလို့ ပြန်လုပ်တာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) သေချင်သေးလို့ တဏှာ ဥပါဒါန်ခန္ဓာထဲက ပေါက်ပွါးလာတာ....(မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတွေ့ ကိုယ့်ဟာကိုယ် ခလေးတေ့ ဆုံးမတတ်တယ်....(မှန်ပါ့)။

တကာကြွယ်ကြီးတို့ အသက်အရွယ်က ကြီးတယ်၊ မောင်ဘသော်တို့ ကြီးလာသော်လဲ ကိုယ့်ကိုယ် မဆုံးမတတ်ဘူး-(မဆုံးမတတ်ပါဘုရား) ကဲ....ယနေ့တော့ ဆုံးမတတ်ပြီ.... (ဆုံးမတတ်ပါပြီဘုရား)။

ဒီတရားတွေ့ ပေါက်ပွါးလာလို့ ရှိယင်ဖြင့် ကိုယ့်ကိုယ် ဘယ်လိုဆုံးမကြမယ် .... (မင်း-သေချင်သေးလို့လား) မင်း.... သေချင်သေးလို့ လားသာမေး....(မှန်ပါ့)။

တကာကြွယ် ဘယ့်နယ်မေးမတုံး....(မင်း-သေချင်သေးလို့ လားလို့ မေးတတ်ပါပြီဘုရား) ဦးဘအုန်းကော.... (သေချင်သေးလို့ လားလို့ မေးပါမယ်ဘုရား)။

သေချင်သေးလို့ လားမှတပါး ဒီ့ပြင် မေးစရာ မရှိဘူး.... (မှန်ပါ့ဘုရား) သေချင်သေးလို့ သေကြောင်းကြံတဲ့ တရားတွေ့ ပေါ်လာတယ်....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒါတွေ့သိတော့မှ သြော်....ဒုံအဖြစ်သည်ကားလို့ ဆိုယင် ဆရာ မကူလို့ ရှိယင်ဖြင့် ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုယင် သေကြောင်းကြံတဲ့အလုပ်ချည့်လုပ်နေတာကိုး....(မှန်ပါ့)။

ကိုယ့်သဘောနဲ့ ကိုယ် ဆိုယင်ဖြင့်.... (သေကြောင်းကြံတဲ့အလုပ်ချည့်လုပ်နေပါတယ်ဘုရား) နို့....အခု သေရပလားလို့ မေးတော့ ဘယ့်နှယ်ဖြကြမလဲ....(သေရပါပြီဘုရား) အို.... ဒါဖြင့် အသေရွာနေတာပါလား....(မှန်ပါ့)။

အခု မသေခင်က အသေရွာထားတဲ့ အလုပ်ကို လုပ်နေတယ်လို့ မောင်ဘသော်တို့ဆိုယင် မလွဲပါဘူး.... (မလွဲပါဘုရား) သေလို့အားမရလို့လားလို့ မေးယင်လဲ ပြီးတာဘဲ၊ ဟုတ်တာဘဲ (မှန်ပါ့-ဟုတ်ပါတယ်ဘုရား)။

သေလို့ အားမရလို့လားလို့မေးယင်ကော.... (ဟုတ်ပါတယ်ဘုရား) ဟုတ်ပါတယ်လို့ဘဲ တကာတကာမတွေက ဖြရမယ်.... (မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သေကြောင်းကြံတဲ့အလုပ်ဟူသ၍ဟာဖြင့် ခင်ဗျားတို့သည်ကား....လို့ ဆိုယင် မသေခင်က သေကြောင်းကြံသောကြောင့် အသေရှိလျက်နဲ့ အသေရွာတယ်ဆိုတာ မလွဲပါဘူး၊ လွဲသေးသလား....(မလွဲပါဘုရား)။

ဒီအထဲကမှ တကာတကာမတို့ ဝိညာဏ်, နာမ်ရုပ်တွေဟာ မသေမှ မသေရသေးဘဲ၊ မသေခင်က ခန္ဓာထဲက ဒါတွေ လုပ်နေတယ်....(မှန်ပါ့)။

ဒါတွေလုပ်မှ နောက်တခါသေရမယ်....(မှန်ပါ့) ဒီကြားမှာဇရာ မရဏ ရှိသေးတယ်၊ သေရဦးမှာဘဲ....(မှန်ပါ့)။

အဲဒီတော့ မသေခင်က ဘာလုပ်နေသတုံး.... (သေကြောင်းကြံနေပါတယ်ဘုရား) အသေကိုရွာနေတယ်....(မှန်ပါဘုရား)

ဘယ့်နှယ်ဖြေကြမလဲ .... (မသေခင်က အသေရှာနေပါတယ် ဘုရား)။

ဩော် .... ဒါဟာ မသေခင်က အသေရှာတယ် ဆိုတော့ တကာတကာမတို့ မိုက်လွန်းတယ်....(မှန်ပါ့)။

ဘယ့်နှယ်အပြစ်တင်ရမလဲ .... (မိုက်လွန်းတယ် အပြစ်တင်ရပါမယ်ဘုရား) မိုက်လွန်းတယ်မှတပါး တခြား အပြစ်တင်စရာ ဘာမှ မရှိပါဘူး....(မရှိပါဘုရား) သဘောပါပလား.... (ပါပါပြီဘုရား ။

ကိုင်း....ဒါဖြင့် ဒီတခါတော့ဖြင့်ကွာ.... အတိတ်အကြောင်း ကြောင့် ဒီတခါ သေချင် သေရပါစေတော့၊ နောက်တခါ သေကြောင်းကြံတဲ့အလုပ်ကို မလုပ်တော့ပါဘူးလို့ ဒီနေ့ ဆုံး ဖြတ်ချက်ချ....(မှန်ပါ့)။

နောက်ဘဝက သေကြောင်းကြံခဲ့လို့ ယခုဘဝတော့ သေရဦးမယ်၊ နောက်တော့ဖြင့် မသေပါဘူး၊ သေကြောင်းကြံတဲ့ အလုပ် မလုပ်တော့ပါဘူး....လို့ ဆိုတဲ့ စိတ်ဟာ ယခုအချိန်မှာ ပေါ်ဘို့ အခွင့်အခါရောက်ပြီ....(ရောက်ပါပြီဘုရား) မရောက် သေးဘူးလား....(ရောက်ပါပြီဘုရား)။

အဲဒီတော့ .... ဒီရောက်ရုံနဲ့လဲ မပြီးသေးတော့ နောက်-သေကြောင်းကြံတဲ့အလုပ် မလုပ်တော့ပါဘူး....လို့ ပါးစပ်က ပြောလို့လဲ မပြီးတော့ ဒီလာမည့် ၂-နဲ့၃-ကူးမည့် ပဋိစ္စသမုပ္ပါဒ် ကြီးကို ဖြတ်ရလိမ့်မယ်.... (ဖြတ်ရမှာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

၂-နဲ့ ၃-ကူးတဲ့ ပဋိစ္စသမုပ္ပါဒ်ကို.... (ဖြတ်ရမှာပါဘုရား) ဘာနဲ့ဖြတ်ကြမယ်....(မဂ်နဲ့ဖြတ်ရပါမယ်ဘုရား) မဂ်နဲ့ ဖြတ်ဘို့ဘဲ အားကိုးစရာရှိတော့တယ်၊ တခြား အားကိုးစရာ ရှိသေးရဲ့လား-(မရှိပါဘုရား)။

အေး....ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ သြော်-တော်သေးတယ်၊ ဘာဖြစ်လို့တုံး....ဆိုလို့ ရှိယင်ဖြင့် မဂ်နဲ့ဖြတ်မယ်လို့ အားလုံးဘဲ တရားတပ်လုံးဘဲ လျှောက်တယ်....(မှန်ပါ့ဘုရား)။

ဘာနဲ့ဖြတ်မယ်....(မဂ်နဲ့ဖြတ်ပါမယ်ဘုရား) မဂ်နဲ့ဖြတ်မယ်လို့ တပ်လုံးလျှောက်ကြတော့ သြော်.... ဖြတ်စရာ လက်နက်ကလေးသူတို့ သိသေးတယ်....(မှန်ပါ့ဘုရား)။

ဒီလို ပဋိစ္စသမုပ္ပါဒ်ကြီး နားမလည်တဲ့ ပုဂ္ဂိုလ်များ ဘာနဲ့ဖြတ်မတုံး-မေးတော့ အို....ကျုပ်တို့ဖြင့် ကုသိုလ်လုပ်ရမှာဘဲ....(မှန်ပါ့)။

ဦးဘအုန်း- ဒါနဲ့ဖြေမယ်.... (ဖြေပါတယ်ဘုရား) ကျုပ်-ဒါ....ကုသိုလ်လုပ်ရမှာဘဲ၊ မတတ်နိုင်ဘူး....(မှန်ပါ့)။

သူ့ဟာ ဘာကုသိုလ်တုံး၊ ဖြတ်တဲ့ကုသိုလ်လား၊ အသေရှာတဲ့ကုသိုလ်လားလဲ သူမသိဘူး.... (မသိပါဘုရား) သူ့ဟာက ကုသိုလ်လုပ်ရမှာဘဲ တခုသာ သူသိတယ်....(မှန်ပါ့)။

အဲဒီတော့ ဦးဘအုန်း-မလိုလားဗျာ....(လိုပါတယ်ဘုရား) လိုတယ်....တဲ့၊ တချို့ ကုသိုလ်က တကာကြွယ်- နတ်ရွာသုဂတိပို့လိုက်တော့ အသေတခုတွေ့တယ်....(မှန်ပါ့) မတွေ့ဘူးလား-တွေ့ပါတယ်ဘုရား)။

ဖြဟ္မာပြည် ပို့လိုက်တော့ကော....(အသေတခု တွေ့ပါတယ်ဘုရား) အသေတခု တွေ့ပြန်တယ်ဆိုတော့ အင်း....သေကြောင်းကြံပြန်တာဘဲ.....(မှန်ပါ့)။

သေကြောင်းကြံတဲ့အလုပ် သူ လုပ်မိပြန်တော့လဲ ဦးဘအုန်း အသေလွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ဒါ့ကြောင့် ဝဋ္ဋဒါန, ဝဋ္ဋသီလတွေကို မောင်ဘသော်တို့ ကြောက်ရမယ်ဆိုတာ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘဝ့ကြောင့်တုံး၊ သေကြောင်းကြံအလုပ်မို့ .... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး.....(သေကြောင်းကြံတဲ့အလုပ်ပါဘုရား) သေကြောင်းကြံတဲ့အလုပ်မို့ ကြောက်ရပါတယ်ဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဝဋ္ဋဒါန, ဝဋ္ဋသီလ မလုပ်ဘဲနဲ့ ဝိဝဋ္ဋဒါနနဲ့ ဝိဝဋ္ဋသီလကိုလုပ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် ဝိဝဋ္ဋဒါန, ဝိဝဋ္ဋသီလ လုပ်လို့ရှိယင်ဖြင့် သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ-ဆိုတဲ့ ဓမ္မဒါနကို ခင်ဗျားတို့ လုပ်ရလိမ့်မယ်-(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဓမ္မဒါန ဆရာဘုန်းကြီးကလုပ်၊ ခင်ဗျားတို့က မသိသေးတဲ့ပုဂ္ဂိုလ် ပြောဘို့ အရေးကြီးပါတယ် .... (မှန်ပါ့ ဘုရား)။

သနားကြလို့ရှိယင်ဖြင့် ဒီပဋိစ္စသမုပ္ပါဒ် လည်နည်းကိုလဲ ပြောပေးကြပါ....(မှန်ပါ့) ဖြတ်နည်းကိုလဲ....(ပြောပေးရပါမယ်ဘုရား) ပြောပေးကြစမ်းပါဆိုတာ အလွန်အရေးကြီးလို့ မှာပါတယ်....(မှန်ပါ့)။

ဦးဘအုန်း-မပြောသင့်ဘူးလား....(ပြောသင့်ပါတယ်ဘုရား) ရန်ဖြစ်မည့်လူတော့ မပြောနဲ့ပေါ့ဗျာ....(မှန်ပါ့)။

ဟာ....သူဖြင့် မသိတဲ့လူဘဲ၊ သေရမှာ ကြောက်တဲ့ပုဂ္ဂိုလ်လဲ ရှိပါလိမ့်ဦးမယ်.... (ရှိပါတယ်ဘုရား) အဲဒီလိုပုဂ္ဂိုလ်ကျတော့ မောင်ဘသော်တို့ ဘာလုပ်ရမလဲ....(ပြောရပါမယ်ဘုရား)။

ပြောပေးရမယ်၊ ဆုံးမပေးရမယ်၊ ဓမ္မဒါန လုပ်ရမယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် သူများကို ဓမ္မဒါနလုပ်တာ ကိုယ်သိပြီးမှ လုပ်ရမှာဖြစ်နေတော့ တကာကြွယ်ရေ.... ၂-နဲ့ ၃-မကူးအောင် ကိုယ် ကိုယ်တိုင်သိအောင် အယင်လုပ်ကြဦးစို့....(မှန်ပါ့)။

ဘာလုပ်ရမယ် .... (ကိုယ်သိအောင် အယင်လုပ်ရပါမယ် ဘုရား)။

၂-နဲ့ ၃-ဆိုတော့ ဘုန်းကြီးမှာလဲ သက်သာသွားပါတယ်.... (မှန်ပါ့) ၂-ထဲမှာလဲ ငါးခုတောင် ရေရမှာကိုး၊ ၃-ထဲမှာလဲ ငါးခုတောင် ပါနေတယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့်.... .ဂဏန်းနဲ့ဘဲ ဟောနေတယ်ဆိုတာ တကာ တကာမတွေ့ သိပါပြီ....(သိပါပြီဘုရား)။

ပုံစံကြည့်လိုက်တော့လဲ ဩော်.... ၂-က ဒါတွေကိုး၊ ဒါတွေ

ကိုး....၊ ၃-က ဒါတွေ့ ဒါတွေ့ကိုး....ဆိုတာ မရှင်းသေးဘူးလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးဘအုန်း ၂-နဲ့ ၃-မကူးတဲ့နည်း **လုပ်ကြပါစို့**.... (မှန်ပါ့) ဘာလုပ်ရမယ်....(၂-နဲ့ ၃-မကူးတဲ့နည်း လုပ်ရပါမယ် ဘုရား)။

ကိုင်း....သေသေချာချာမှတ်ကြပါ၊ ဒါ သင်ပါတော့မယ် နော်....(မှန်ပါ့)။

ကဲ့ဒ....တဲ့၊ ၂-နဲ့၃-မကူးတဲ့နည်း အဂုံတို့ရိမှာလာတယ်။

"အနိစ္စ ယေဝ ဓမ္မာနံ အနိစ္စန္တိ ပဿတိ၊ သာယံ ဟောတိ သမ္မာဒိဋ္ဌိ" အနိစ္စကို အနိစ္စလို့သိတယ်၊ ဥပမာ.... ဝေဒနာကလေးတခု ထားပါတော့၊ ဖြစ်ပြီးပျက်တာ ဘာခေါ်ကြမယ် ...(အနိစ္စပါဘုရား ။

အဲဒီတော့ အနိစ္စကို....တဲ့၊ အနိစ္စလို့ သိလို့ရှိယင် ဒီနေရာမှာ သမ္မာဒိဋ္ဌိဝင်တယ်....(မှန်ပါ့) ဝေဒနာကလေးတွေ့ အနိစ္စကို အနိစ္စလို့သိယင် သိတဲ့သမ္မာဒိဋ္ဌိက ဒီနေရာမှာ ဝင်လိုက်တာဘဲ-(မှန်ပါ့)။

ဒီအဆက်ကလေး ဘာဖြစ်သွားသတုံး....(ပြတ်သွားပါတယ် ဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

၂-က တကာ တကာမတို့ ၃-ကို ကူးသလား၊ ပြတ်ထွက် သလား.... (ပြတ်ထွက်သွားပါတယ်ဘုရား) ပြတ်တယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အနိစ္စံ ယေဝ ဓမ္မာနံ အနိစ္စန္တိ ပဿတိ၊ သာဃံ ဓေကာကိ သမ္မာဒိဋ္ဌိ....(မှန်ပါ့)။

ဦးဘအုန်း- ဘာတဲ့တုံး.... (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိဆိုတာသည် မဂ်ဘဲ....(မှန်ပါ့)။

သမ္မာဒိဋ္ဌိဆိုတာ....(မဂ်ပါဘုရား) မဂ်သည်ကား....လို့ဆိုယင် ဒီအစပ် ဖြတ်ချတယ်.... (မှန်ပါ့) ဘာဖြစ်လို့တုံး....ဆိုတော့ အနိစ္စကို အနိစ္စလို့ သိလို့ .... (မှန်ပါ့) ဝေဒနာကလေးဟာ ဘာတဲ့.... (အနိစ္စပါဘုရား) သိတာက ဒီနေရာ မဂ်....(မှန်ပါ့ ဘုရား)။

ဒါဖြင့် အနိစ္စကိုသိယင် ပြတ်တယ်....(မှန်ပါ့)ဒုက္ခကိုသိယင် (ပြတ်ပါတယ်ဘုရား) အနတ္တကိုသိယင်....(ပြတ်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဩော် .... ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ် မပြတ်ဘူး၊ သိတဲ့ပုဂ္ဂိုလ်.... (ပြတ်ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အသိပညာလောက် အရေးကြီးတာ တကာကြွယ်-ရှာမတွေ့ဘူး.... (မတွေ့ပါဘုရား) သံသရာပြတ်ဖြင့် သူဘဲ.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့ တကာတကာမတို့၊ အနိစ္စကို တခါတည်း မြင်အောင် ကြည့်ပါ။ ဘယ်လို ကြည့်ရမှာတုံး....လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် အနိစ္စသည် ဒါကလေးဖြင့် ဝေဒနာကို မဟုတ်ဘူး၊ အနိစ္စကလေးဘဲလို့ တခါတည်း မှတ်ပစ်ပါ....(မှန်ပါ့) ဝေဒနာပေါ်တိုင်း-ပေါ်တိုင်း အနိစ္စလို့ မှတ်ပါ-(မှန်ပါ့)။

အနိစ္စ ပဋိသံဝေဒီ=အနိစ္စလို့ ထိုးထွင်းလို့သိပါ.... (မှန်ပါ့) ဒါဖြင့် ဝေဒနာကလေးပေါ်လာယင် တကာတကာမတို့ အနိစ္စလို့ အယင်မှတ်၊ ပြီးတော့မှ အနိစ္စလို့သိ....(မှန်ပါ့)။

ဝေဒနာကလေးပေါ်လာယင် ဘယ့်နှယ်လုပ်မလဲ-(အနိစ္စလို့သိရပါမယ်ဘုရား)။

သတတံ=အမြဲ၊ သမိတံ=မပြတ်၊ ဒါကလေးတွေ့ပေါ်လာယင် ဒါ-အနိစ္စဘဲလို့၊ အဗ္ဗောကိဏ္ဏ....တဲ့ တကာ တကာမတို့ မပြတ် ကြိုးစားပါ....တဲ့....(မှန်ပါ့) မပြတ်ကြိုးစားပါ....တဲ့။

အဗ္ဗောကိဏ္ဏ = သူ့ကို ရှုနေတုန်းကို အနိစ္စကလေးလို့ မှတ်၊ သိပြီးသကာလရှုနေတုန်းကို အဗ္ဗောကိဏ္ဏဆိုတာ တကာကြယ်မှတ်လိုက်စမ်း၊ တပါးသောတရား ဒီကြားထဲမှာ မဝင်စေနဲ့တဲ့ (မှန်ပါ့)။

အနိစ္စလို့မှတ်-အနိစ္စလို့သိ အနိစ္စရှုနေတုန်းကို တပါးသော တရား မဝင်စေနဲ့....တဲ့....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တပါးသောကိစ္စဆိုတာ သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စဆိုတဲ့ ငိတက်တွေပေါ့ဗျာ....(မှန်ပါ့) အဲဒါတွေ့ ဘာတုံး.... (မဝင်စေရပါဘုရား) မဝင်စေနဲ့နော် တကာ တကာမတို့....(မှန်လှပါဘုရား)။

ကိုယ်က အနိစ္စလို့ မှတ်ထား- အနိစ္စလို့သိ- အနိစ္စလို့ရှု၊ ဧပ်များများကလေးရှုနေပါ....(မှန်ပါ့)။

အဲဒီ ရှုနေတဲ့ ၁၀-မိနစ် ၁၅-မိနစ်အတွင်းမှာဖြင့် သားရေး, သမီးရေး, စီးပွါးရေးဆိုတဲ့စိတ်တွေ့ မဝင်စေနဲ့.... (မှန်ပါ့ဘုရား) ဦးဘအုန်း မဝင်စေနဲ့နော်....(မှန်လှပါဘုရား)။

သတတံ-သမိတံ အဗ္ဘောကိဏ္ဏံ စေတသာ အဓိမုစ္စမာနော ပညာယပရိ ယောဂါဟမာနော ပညာနဲ့သာ တခါတည်း ခင်ဗျားတို့ ဒီနေရာ ဒီနေရာ၌ သတိကို အသာထားပြီးသကာလ ပညာနဲ့သာ စူးစူးစိုက်စိုက် လုပ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒါဖြင့် ကိလေသာ ကြားမည်ပဘဲနဲ့- ကြားက မခိုဘဲနဲ့ ပေါ့ဗျာ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကြားထဲမှာ အားလုံး တကာတကာ မတို့ ကိလေသာ ကြားမခိုဘဲနဲ့ လုပ်လိုက်မယ် ဆိုလို့ရှိယင် များများ မလုပ်ရပါဘူး တကာ တကာမတို့ မနက်အားထုတ် ညနေ ရပါတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ကိလေသာ ကြားမခိုစေနဲ့ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်လိုလုပ်ကြမယ်....(ကိလေသာ ကြားမခိုစေဘဲ လုပ်ရပါ မယ်ဘုရား) က်လေသာ ကြားမခိုလို့ရှိယင်ဖြင့်....တဲ့ အဗ္ဘောကိဏ္ဏံ တပါးသော ကိလေသာမရောဘဲနဲ့ ပေါ့ဗျာ....(မှန်ပါ့) စေတသာ အဓိမုစ္စမာနော=စိတ်ဟာ တခါတည်း တကာတကာ မတို့ ဖြစ်ပျက်ဆီချည့် လွှတ်ပေးပါ....(မှန်ပါ့)။

ပညာယပရိယောဂါဟမာနော-=ပညာနဲ့လဲ ဒါ-ဖြစ်လိုက်, ပျက်လိုက် ဖြစ်လိုက်,ပျက်လိုက်နေတာဘဲ၊ အပျက်ချည့် မြင်ယင် ပေါ့ဗျာ....(မှန်ပါ့)။

အဲဒီလိုချည့်ရှုနေမယ်ဆိုလို့ရှိယင် တကာတကာမတို့ ၁၅-မိနစ်အတွင်းလဲ သူသည် ဖြစ်ပျက် ချုပ်သွားနိုင်တယ်... (မှန်ပါ့ ဘုရား)။

ဖြစ်ပျက်တွေ့ချုပ်ပြီးသကာလ ဖြစ်ပျက်တွေ့ဆုံးတဲ့ နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်.... (မှန်ပါ့) တခါတည်းကို မြင်နိုင်တယ်.... (မှန်ပါ့)။

အဲဒါကြောင့် ဘုရားက သော အာသာဝါနံ ခယာ=တခါတည်း အာသဝကုန်ပါတယ်ကွာ....တဲ့၊ အာသဝကုန်တယ်ဆိုတာ ဒီဘက်ကဟာတွေက အာသဝချည့်မှတ်ပါ....(မှန်ပါ့)။

တဏှာဆိုတာ တကာတကာမတို့ သိတဲ့အတိုင်း-တဲ့ ကာမာသဝေတွေဘဲ.... (မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့) ဒီဘဝဆိုတာလဲ အဝိဇ္ဇာသဝဆိုတာလဲ အဝိဇ္ဇာသဝဘဲ.... (မှန်ပါ့) အာသဝ ဒီဘက်က လာတဲ့တရားတွေ အကုန်- ကုန်ပါတယ်.... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ အနိစ္စလို့မှတ်- အနိစ္စလို့သိပေါ့ဗျာ....(မှန်ပါ့)။

တပါးသော ကိလေသာ မရောအောင် သိနေကြမယ်ဆိုယင် တခါတည်း သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်တယ်၊ တပါးသော ကိလေသာ မရောစေနဲ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာငါးမျိုးရှိတဲ့အနက်က ပေါ်တိုင်း-ပေါ်တိုင်း အနိစ္စလို့မှတ် .. (မှန်ပါ့) အနိစ္စလို့သိ.... (မှန်ပါ့) အနိစ္စလို့လဲ ရှုကြပါ.... (မှန်ပါ့) ပညာနဲ့လဲ စူးစိုက်လိုက်ပါ.... (မှန်ပါ့) တပါးသော ကိလေသာလဲ ကြားမခိုစေနဲ့.... (မှန်ပါ့) ဒီလိုဆိုယင်ဖြင့် တနာရီအတွင်း နာရီဝက်အတွင်းမှာဘဲ နိဗ္ဗာန်တွေ့နိုင်တယ်....(မှန်ပါ့) ကြိုးစားကြနော်....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဖြစ်ပျက် ရှုတတ်ကြပလား....(ရှုတတ်ပါပြီဘုရား) ဖြစ်ပျက်ဟာ အနိစ္စကိုး....(မှန်ပါ့ဘုရား) အနိစ္စလို့မှတ်-အနိစ္စလို့ရှု·အနိစ္စလို့ သိပေးပါ....(မှန်ပါ့ဘုရား) ကိလေသာ ကြား မခြားဘဲနဲ့ သိပေးပါ.... (မှန်ပါ့ဘုရား)။

ထိုကဲ့သို့ သိပေးလို့ရှိယင် အာသဝေါကုန်ပါတယ်....(မှန်ပါ့ဘုရား) ဘယ်အာသဝေါတုံးဆိုတော့ ဒိဋ္ဌာသဝတို့ ဝိစိကိစ္ဆာဆိုတဲ့ အဝိဇ္ဇာသဝတို့ ကုန်ပါတယ်....(မှန်ပါ့)မကုန်ပေဘူးလား (ကုန်ပါတယ်ဘုရား)။

ဒိဋ္ဌဝိစိကိစ္ဆာအာသဝတွေ အယင် ပယ်ချမယ်.... (မှန်ပါ့) ဝိစိကိစ္ဆာဆိုတာ အဝိဇ္ဇာထဲကပါဘဲ....တဲ့၊ သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီလို ရှုလိုက်တဲ့အခါ 'ဖျပ်'ဆို တကာတကာမတို့ ၂-ကနေ ၃-မကူးဘူး.... (မကူးပါဘုရား) မကူးတော့ ဒီအဆက်ကလေးက ဘာဖြစ်သွားသတုံး.... (ပြတ်သွားပါတယ်ဘုရား) အဆက်ကလေးဟာ အပြတ်ဖြစ်သွားတယ်....(မှန်ပါ့) ပြတ်သွားတော့ သောတာပန်တည်ရော....(မှန်ပါ့) အာသဝကုန်တဲ့အခါကျတော့ နိဗ္ဗာန်မြင်ရော.... (မှန်ပါ့) ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝအချို့ကုန်သွားတယ်....(မှန်ပါ့) ဒိဋ္ဌာသဝကတော့ အကုန်-ကုန်တယ် အဝိဇ္ဇာသဝက ဝိစိကိစ္ဆာကုန်တာပေါ့ဗျာ- (မှန်ပါ့) အဲဒီလိုကုန်သွားတော့ သောတာပန်တည်တယ်....(မှန်ပါ့)။

သောတာပန်တည်တော့ အပါယ်လေးပါးက "စတူဟာ ပါယေဟိစ ဝိပွမုတ္တောာ...." သဘောကျပလား.... (ကျပါပြီဘုရား) သဟာဝဿ ဒဿန သမ္ပဒါယ....(မှန်ပါ့)။

ဒဿန သမ္ပဒါယ=နိဗ္ဗာန်မြင်သည်နဲ့၊ သဟာဝ= တကွသာလျှင် ဖြစ်ပျက်ဆုံးတော့ နိဗ္ဗာန်မြင်သွားတယ်....(မှန်ပါ့)။

တယဿု ဓမ္မာ ဇဟိတာဘာဝန္တိ....တဲ့၊ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသတွေ ကုန်သွားပြီတဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

နိဗ္ဗာန်မြင်မှ ကုန်သဟေ့-တဲ့....(မှန်ပါ့) နိဗ္ဗာန်မမြင်သေးယင်.... (မကုန်ပါဘုရား) မကုန်သေးဘူးဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ.... ဒါနဲ့ နိဗ္ဗာန်မြင်တော့ ကုန်ပြီ ဆိုကြပါစို့.... (မှန်ပါ့) သောတာပန်တည်ပြီ ဆိုကြပါစို့....(မှန်ပါ့)။

ကဲ....နိဗ္ဗာန်မြင်သွားပြီ၊ ဘာ့ကြောင့်တုံး....လို့ မေးတဲ့အခါကျတော့ ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာအဖြစ်ကဖြင့် ဒီဘက် ကူးသေးရဲ့လား-(မကူးပါဘုရား) ကျန်တဲ့ တဏှာ ဥပါဒါန်တွေက ကူးချင် ကူးပေစေ....(မှန်ပါ့) ကိစ္စမရှိဘူး၊ ဒါ ကူးတာ....(မှန်ပါ့) ကိုယ် အပါယ်သွားမည့်တရားကတော့ ဒီဘက် မကူးတော့ဘူး-(မှန်ပါ့ ဘုရား)။

အပါယ်မသွားတဲ့တရားတွေ ကူးတာကတော့ တကာတကာ့ မတို့ သိပ်ကြောက်စရာမရှိဘူး....(မှန်ပါ့) ဒိဋ္ဌိဝိစိကိစ္ဆာကိုတော့ ဒီအဆက်ကနေပြီး ဖြတ်လိုက်ပြီ....(မှန်ပါ့)။

သောတာပတ္တိမဂ်ကဖြတ်လိုက်တော့ အခု တရားနာနေတာ ဘာတုံးဘုရာ့-ဆိုတော့ သောတာပန်မဖယ်နိုင်တဲ့ တဏှာ ဥပါဒါန်က ကျန်သေးတယ်.:..(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကူးချင် ကူးပေစေ၊ ကျုပ်တို့ အပါယ်ကျတဲ့ တရားကတော့....(မကူးတော့ပါဘုရား) မကူးတော့ပါဘူးဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

တကာကြွယ်-ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား) အပါယ်သွားမည့် တရားကတော့ ၂-နဲ့ ၃-ကူးသေးရဲ့လား.... (မကူးပါဘုရား) သုဂတိသွားမည့်တရားတွေ ကူးနေတယ်....(မှန်လှပါ)။

အဲဒီတော့ ကျုပ်တို့မှာ တဝန်အေးရပြီဆိုလို့ ရှိယင်ဖြင့် မှန်ပြီလို့ ဦးဘအုန်း- ဆိုရမယ်....(မှန်ပါ့) တဝန်အေးသွားပြီ.... (မှန်ပါ့) မအေးသေးဘူးလား....(အေးပါပြီဘုရား) ရှင်းသွားပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီနည်းကို ဘုရားတပည့်တော်တို့ဖြင့် ဖြစ်ပျက်တွေ့၏အဆုံး မြင်ပါပြီဘုရား....၊ အနိစ္စလို့မှတ်၊ အနိစ္စလို့ရှု၊ အနိစ္စလို့ သိတာနဲ့ဘဲ တပါးသောတရားတွေ ဖျပ်ကနဲ့ မရောဘဲ နေတာနဲ့ တပည့်တော်တို့ ဖြစ်ပျက်တွေ့ အကုန်ချုပ်တဲ့နိဗ္ဗာန်ကြီး မြင်ပါပြီဆိုတော့ ခုနင်က သုံးဆယ့်တဘုံဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ မကူးတော့ဘူး....(မှန်ပါ့)။

မကူးတော့ အပါယ်သွားနိုင်သေးရဲ့လား .... (မသွားနိုင်ပါဘုရား) မသွားနိုင်တော့ ဩဇာ်....သောတာပန်တည်ပြီလို့ မှတ်လိုက်ပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မသွားတော့ ဘာတဲ့....(သောတာပန်တည်ပါပြီဘုရား) ဒီဌိ ဝိစိကိစ္ဆာကတော့ မကူးတော့ဘူး....(မကူးပါဘုရား) ၂-နဲ့ ၃-မကူးတော့ပါဘူး....(မှန်လှပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီလိုကူးပြီးတော့ ဘယ်လိုမျှား ကျေးဇူးရှိပါလိမ့်မလဲလို့ တကာကြွယ်-မေးဘို့လိုတယ်နော်....(မှန်ပါ့)။

အဲဒီတော့.... မဟာဝဂ္ဂ သံယုတ်ပါဠိတော်က ဝတ္ထုကလေးတခု ထုတ်ပြစို့....(မှန်ပါ့)။

မဟာဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဝတ္ထုကလေးက ဘယ်လိုလာသတုံးဆိုတော့ မဟာနာမ်မင်းကြီးပေါ့ဗျာ .... သာကီဝင်မင်းမျိုးတွေ....(မှန်ပါ့) အဲဒီ မဟာနာမ်မင်းကြီးက သောတာပန် တည်ပြီးပြီ....(မှန်ပါ့ဘုရား)။

သူက မနက်ကတည်းက ဘုရားကျောင်းတော် သွားတယ်၊ မနက်-ဘုရားကျောင်းတော်သွားပြီး ညနေကျလို့ရှိယင် ကပ္ပိယဝတ်ပြည့်ထဲ ပြန်လာတယ်လို့ မောင်ဘသော်တို့ကမှတ်ရမယ်....(မှန်ပါ့)။

အဲဒီလိုပြန်လာတော့ ကပ္ပိယဝတ်ပြည့်ကလဲ စောင်းသံတွေရော၊ ဆိုင်းသံတွေရော၊ ပုံသံတွေရော၊ ဆင်တွေရော၊ မြင်းတွေရော အင်မတန် စည်ကားတဲ့မြို့ကိုး....(မှန်လှပါ)။

ဆင်တွေကလွတ်လာ၊ မြင်းတွေကလွတ်လာ သူက ကျောင်းတော်က ပြန်တော့လဲ ဒါတွေ တိမ်းရှောင်နေရတယ်....(မှန်ပါ့ဘုရား)။

သောတာပန်ကတော့ တည်ပြီးသားနော်....(မှန်ပါ့)။

ဒါတွေ့ တိမ်းရှောင်နေရတာက သူ့စိတ်ထဲမှာ ခုနင်က ဖြစ်ပျက်တွေ့ လက်လွှတ်သွားတယ်....(မှန်ပါ့) ဖြစ်ပျက် လက်လွှတ်သွားတယ်၊ ဘာဖြစ်လို့တုံး၊ တိမ်းရှောင်နေရလို့....(မှန်ပါ့ ဘုရား)။

ဖြစ်ပျက်တွေ့ လက်လွှတ် ဘုရားဂုဏ်, တရားဂုဏ်တွေ့လဲ (လက်လွှတ်ပါတယ်ဘုရား) လက်လွှတ်ပြီး သကာလ....နေတော့ ဦးဘအုန်း-သူကတွေးတယ်၊ ဩော်....ငါသည်ကား-လို့ ဆိုလို့ ရှိယင်ဖြင့် ဒီအချိန် ငါသေသွားမယ် ဆိုယင်တော့ ဘယ်များသွားပါလိမ့်မလဲ၊ သူ့ဟာသူ တွေးလိုက်တယ်....(မှန်ပါ့) သူ့အတွေးလုံးဟာ ဒီအတိုင်း ပေါ်လာတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါနဲ့....နက်ဖြန် ဘုရားဝတော့ လျှောက်မှာဘဲ၊ မလျှောက်လို့ ရှိယင် မဖြစ်ဘူး....(မှန်ပါ့)။

နေ့တိုင်းလဲ ငါ ကျောင်းကိုသွားတယ်၊ တရားလဲ အားထုတ်တယ်၊ တရားမမှတ်လဲ ဆွေးနွေးလို့၊ ပြန်လာတဲ့အချိန်ကျယင် ကပ္ပိလဝတ်မြို့ကလဲ ဆင်တွေက လှတ်လာလို့ ရှောင်ရ၊ မြင်းတွေကလဲ လှတ်လာလို့ ရှောင်ရ၊ တီးတာ မှုတ်တာတွေကလဲ မျှားလွန်းလို့ ဒါတွေ့ကလဲ စိတ်အနှောက်အရှက်တွေ့ကဖြစ်၊ ဒီအချိန်မျှား သေသွားမယ်ဆိုယင်ဖြင့် ဆင်နင်း- မြင်းနင်းလို့ သေသွားမယ်ဆိုယင်ဖြင့် ငါသည် အပါယ်လေးပါး လှတ်မှာ မဟုတ်ဘူး....လို့ သူ့စိတ်ထဲ အောက်မေ့နေတယ်....(မှန်ပါ့ ဘုရား)။

သောတာပန်ကတော့ တည်ပြီးသား ဖြစ်နေတယ်၊ သူ့အောက်မေ့ပုံကတော့ တမျိုးဖြစ်နေတယ်....(မှန်ပါ့)။

ဒါနဲ့ နက်ဖြန်ကျတော့ ဦးဘအုန်း-ဘုရားကို လျှောက်တော့တယ်....(မှန်ပါ့)။

အရှင်ဘုရား....ကပ္ပိလဝတ်ပြည်က သိပ်စည်ကားတယ်ဘုရား၊ ဒီတော့ တပည့်တော်- ကျောင်းကပြန်တဲ့အချိန်ကျယင် ဆင်တွေက လှတ်လာ၊ မြင်းတွေက လှတ်လာ၊ ခြေလျင်တပ်တွေကလာကြတယ်၊ ရှောင်ရ တိမ်းရ၊ တီးသံမှုတ်သံတွေကလဲ နားထဲရှုပ်ပြီးသကာလ နေတော့ သတိဟာ ဖြစ်ပျက်တွေ့ လှတ်ပါတယ် ဘုရား....(မှန်ပါ့)။

အနိစ္စတွေ့ တပည့်တော် မရှုနိုင်အောင်ဘဲ ဖြစ်နေတယ်....(မှန်ပါ့) ဒါကို ထားပါတော့ဘုရား.... ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တောင် မတွေးနိုင်တဲ့ အခြေအနေ ရောက်နေတယ်....(မှန်ပါ့)။

အဲဒါကြောင့်.... တပည့်တော်- ဒီအချိန်မျိုး သတိလှတ်တဲ့အချိန် ဓမ္မသွားလို့ရှိယင် မကောင်းသော သေခြင်းတော့ ဖြစ်လိမ့်မယ်ထင်တယ်-တဲ့၊ သူ့ဟာသူ သံသယနဲ့လျှောက်တာယ်....(မှန်ပါ့)။

အဲဒီတွင်.... ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မဟာနာမ်မင်းကြီး....မကောင်းသောသေခြင်း မသေပါဘူးကွာ....၊ မင်း-စိတ်ချပါ၊ မင့်မှာရှိတဲ့ သဒ္ဓါ၊ မင့်မှာရှိတဲ့ သီလ၊ မင့်မှာရှိတဲ့ စာဂ၊ မင့်မှာရှိတဲ့ အကြားအမြင်၊ မင့်မှာရှိတဲ့ ပညာ-ဆိုတဲ့ သူ

တော်ကောင်း ရတနာငါးပါးရှိတယ်၊ သဒ္ဓါ,သီလ,သုတ,စာဂ, ပညာပေါ့ဗျာ....(မှန်ပါ့)။

အဲဒီတော့ သူတော်ကောင်း ရတနာငါးပါးက ကွာ... တဲ့၊ ငါပြောပြမယ်၊ မင့်ခန္ဓာကိုယ်ကြီးကတော့ မင်း-သေသွားတယ် ထားပါ... တဲ့၊ ခန္ဓာကိုယ်ကြီးကတော့ဖြင့် မြေထဲ မမြုပ်ကြလို့ ရှိယင် ကျီး, ငှက်တို့ စွန်ရဲတို့ ခွေးတို့အစာ ဖြစ်မှာဘဲ.... (မှန်ပါ့)။

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာကတော့ အထက် သွားမှာဘဲ....တဲ့....(မှန်ပါ့) အသား-အရိုးကသာ အောက်မှာမြုပ်မှာ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာကတော့ အထက် သုဂတိ သွားမယ်....(မှန်ပါ့) ကဲ....ရှင်းနေပြီ .... (ရှင်းပါပြီဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲကွာ....ငါ-ဥပမာပြမယ်ဟာ.၊ မင်း-သေသေချာချာမှတ်ပါ၊ ရေထဲမှာ မြစ်ထဲမှာ ထောပတ်ဆီအိုးမှောက်လို့ အိုးချင်းတိုက်ပြီး ကွဲကျတယ်ကွာ-တဲ့၊ အိုးခြမ်းပဲ့ကတော့ မြစ်ထဲ အောက်ရောက်အောင် သွားမှာဘဲ၊ ဆီ-ထောပတ်ကတော့ ပါသွားသည့် တိုင်အောင် အပေါ် ပြန်တက်မယ်-တဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ထို့အတူတူဘဲ....တဲ့၊ မင့်ခန္ဓာကြီးကသာလျှင် မြေစာယင်လဲ ဖြစ်မယ်၊ ခွေးစာ ကျီးစာ ငှက်စာယင်လဲ ဖြစ်မယ်....(မှန်ပါ့ ဘုရား)။

မင့်-သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဆိုတဲ့ သောတာပန်တည်ပြီးသား ဒီငါးပါး ကိန်းပြီးသားတွေကတော့ သုဂတိအထက်ဘဲ ဆောင်မယ်....(မှန်ပါ့)။

ထောပတ်အိုးကဲ့တော့ အိုးခြမ်းပဲ့သာ ရေထဲကျသနော်.... (မှန်ပါ့) ထောပတ်ဆီတွေက အပေါ်တက်လျက်....(မှန်ပါ့ ဘုရား)။

ဒီအတိုင်းဘဲ....တဲ့၊ ဒုက္ခချုပ်လို့ နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်များအတွက်ကတော့ဖြင့် တကာတကာမတို့ လူသာ အလောင်းမြုပ်ခံရမယ်....တဲ့၊ ကိုယ့်ရှိတဲ့ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာကတော့ သုဂတိဘဲ သွားရမယ်....(မှန်ပါ့) သုဂတိဘဲ ဆောင်ပို့မယ်....(မှန်ပါ့) ရိပ်မိပလားး....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒုက္ခချုပ်တဲ့နိဗ္ဗာန်ကို အာရုံပြုနိုင်အောင် လုပ်ရလိမ့်မယ်....(လုပ်ရမှာပါဘုရား) ခုနင်က နည်းနဲ့ လုပ်ပါ....(မှန်ပါ့)။

နည်းလဲ ပဌမက ပေးခဲ့ပါပြီ....(မှန်ပါ့) နည်းလဲ ပေးခဲ့တဲ့ အတွက် ဒီနည်းရလို့ ဒီလိုသေရပါမယ်ဆိုတာလဲ ဒီနေ့ နှစ်ခု စပ်ပြောတယ်....(မှန်ပါ့)။

နှစ်ခု စပ်ပြီးပြောတယ် တကာကြွယ်ရေ....(မှန်ပါ့) ဆီအိုးထောပတ်အိုးကဲ့တော့ အိုးခြမ်းပဲ့တွေကတော့ တကာကြွယ်-မြစ်ထဲ အောက်ရောက်အောင် သွားမှာဘဲ....(မှန်ပါ့)။

ဆီဦး, ထောပတ်တို့ကတော့ အောက်မှာနေမလား၊ အပေါ်တက်မလား....(အပေါ်တက်လာမှာပါဘုရား)။

ဒီမှာလဲ ဒုက္ခချုပ်တဲ့နိဗ္ဗာန် မြင်တဲ့ပုဂ္ဂိုလ်များကဖြင့် တကာ တကာမတို့ သေသေချာချာသာမှတ်ပါ၊ ခန္ဓာသာလျှင် မြေမြုပ်ခံရမယ်....(မှန်ပါ့)။

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ဆိုတဲ့ သူတော်ကောင်းရတနာတွေက ရှိပြီးသားဖြစ်နေတော့ သူတို့က အထက်ကိုသာ ဆောင်တယ်....(မှန်ပါ့)။

အိုးခြမ်းပဲ့လို မြုပ်သွားလိမ့်မယ်လို့ ဦးဘအုန်း-မယူပါနဲ့....(မှန်ပါ့) တခြားစီပေါ့ဗျာ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာ တကာမတို့ အိုးခြမ်းပဲ့ဖြစ်အောင်တော့ စိတ်မကူးကြပါနဲ့....(မှန်ပါ့) ဆီထောပတ်ဖြစ်အောင်....(စိတ်ကူးရပါမယ်ဘုရား)။

စိတ်ကူးရုံကလေးနဲ့လဲ မဖြစ်ဘူး....(မှန်ပါ့) ဒို့ ဆီထောပတ်မဖြစ်-ဖြစ်အောင်လုပ်မယ်၊ သောတာပန်တည်အောင်လုပ်မယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

တကာကြွယ်- ဘယ်လိုလုပ်ရမယ်-(သောတာပန်တည်အောင် လုပ်ရပါမယ်ဘုရား) လုပ်နည်း ရပလား တကာကြွယ်ရ....(ရပါပြီဘုရား)။

အနိစ္စလို့ ဖြစ်တဲ့ဝေဒနာကလေး သို့မဟုတ် စိတ်ကလေးဖြစ်ဖြစ်မှတ်၊ အနိစ္စလို့သိ၊ အနိစ္စလို့ ဉာဏ်ထဲသက်ဝင်....(မှန်ပါ့)။

တပါးသော ကိလေသာမရောဘဲနဲ့ ပညာနဲ့သာ ရှုလိုက်ပါဆိုယင်ဖြင့် အပါယ်သွားတဲ့ အာသဝ· ကုန်တာဘဲ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အနိစ္စလို့မှတ်၊ အနိစ္စလို့သိ၊ အနိစ္စလို့ရှု.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တပါးသောကိလေသာ မရောဘဲနဲ့ ပညာနဲ့ သိနေလို့ရှိယင် ဖြင့် သောတာပန် တည်တာပါဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

မလုပ်တတ်စရာ ရှိသေးသလား... (မရှိပါဘုရား)။

အဲဒီတော့ တကာ တကာမတို့ ခုနင်ကပြောသလို သဒ္ဓါ, သီလ, သုတ, စာဂ, ပညာက မြေမြှုပ်မခံရဘူး၊ အိုးခြမ်းပဲ့ သဘော ဖြစ်သွားတယ်.... (မှန်ပါ့) သူက ဆီသဘောဖြစ်ပြီး အပေါ်တက်ပါတယ်....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့.... ခင်ဗျားတို့ အလုပ်လဲတတ်ပါ တယ်၊ အခုမြင်တဲ့အဖြစ်မျိုးလဲ ကြိုက်ပါပြီ....(မှန်ပါ့)။

တကာကြွယ်-ဒီအဖြစ်က....(လဲ့စရာမရှိပါဘုရား) လဲ့စရာ မရှိ ပါဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ ဒီအဆက် ပြတ်သွားတာလဲ ၂-နဲ့ ၃- မကူးတာလဲ သေချာပါပြီ၊ ကူးချင် ကူးပါစေ၊ အပါယ်သွားတဲ့အကူးတော့.... (မဟုတ်ပါဘုရား) သုဂတိသွားတဲ့အကူးဘဲ ကျန်ရစ်တယ်....(မှန်ပါ့)။

ဒီတော့ အားငယ်စရာစိတ်ထား ပြောစရာမရှိပါဘူး၊မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်တော့ ဘုန်းကြီး မပြောလိုပါဘူး၊ လုပ်တဲ့ပုဂ္ဂိုလ် အတွက် ဆရာသမားလဲ ရှိသေမယ်၊ ကိုယ့်ကိုယ်ကိုယ်လဲ သနား မယ် ဟုတ်လား....(မှန်ပါ့) ဒီလိုဆိုလို့ရှိယင်ဖြင့် တကာကြွယ်-လုပ်ထိုက်ပါတယ်....(မှန်ပါ့)။

ဒါလဲ ဒီအချိန် ဒီကာလ ဒီဆရာသမား‌နဲ့ ဒီခန္ဓာကလေး‌ကလဲ မသေခင်ကလေး ပြောနေတာ.... (မှန်ပါ့) နာနေယင် တောင်မှ အတော်ပြည့်သွားပြီ....(မှန်ပါ့) ပြောချိန် နာချိန် ဆိုတာလဲ မလွယ်လှပါဘူး....(မှန်ပါ့)။

ပြောချိန် နာချိန်၊ ပြောတတ်တဲ့ ဆရာနဲ့ တွေ့ဘို့လဲ မလွယ်၊ နာတတ်တဲ့နား‌နဲ့ ပြည့်စုံဘို့ကလဲ မလွယ်....(မှန်ပါ့) ပြောတတ်တဲ့ ဆရာနဲ့တွေ့လဲ နာတတ်တဲ့နား‌နဲ့တွေ့လဲ ကျန်ခန္ဓာတွေက မလိုက်ပြန်လဲ ဦးဘအုန်း-မရဘူး.... (မှန်ပါ့) ရပါ့မလား....(မရပါဘူးရှင်း)။

ကိုင်း.... ဒါဖြင့် အထိသုံးပါးညီဘို့ရာ တကာကြွယ်- မလွယ်ပါလား....(မလွယ်ပါဘူးရှင်း)။

အထိသုံးပါးညီဘို့....(မလွယ်ပါဘူးရှင်း) အဲဒီတော့ အခု တော့ဖြင့် ညီနေတယ်....(မှန်ပါ့) ပြောတတ်တဲ့ဆရာလဲရှိတယ်၊ ထောင်တတ်တဲ့နား‌လဲ....(ရှိပါတယ်ဘုရား) ကျန်းမာရေးကလဲ ခန္ဓာမှာ....(ပြည့်စုံပါတယ်ဘုရား)။

အဲဒီတော့ ဒီအချိန်ဘဲ ခင်ဗျားတို့ အကောင်းဆုံး အချိန် အခါ....(မှန်ပါ့) နောက်ကို အဆိုးချိန်သာလာမယ်၊ အကောင်း ချိန်ကတော့....(မလာပါဘူးရှင်း) မလာတော့ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့သည် အနိစ္စတလုံးထဲနဲ့ ကိစ္စပြီးတယ်....(မှန်ပါ့)။

အင်္ဂုတ္တိုရ်ပါဠိတော်က “သော အာသဝါနံ ခယာ....”လို့ ဆိုတယ်၊ အာသဝ ကုန်ပါတယ်ကွ....တဲ့၊ သူ တလုံးရှုတာနဲ့.... (မှန်ပါ့)။

အနိစ္စလို့မှတ်၊ အနိစ္စလို့သိ၊ အနိစ္စလို့ ရှုပါ။ ကိလေသာ မခြားဘဲနဲ့ ပညာနဲ့သာ မိအောင် ရှုလိုက်စမ်းပါ.... (မှန်ပါ့) ဘယ်နည်းနဲ့မှ အိုးခြမ်းပဲ့ မဖြစ်ပါဘူး....(မှန်ပါ့)။

ထောပတ်ဆီသာဖြစ်ရမယ်ဆိုတာလဲ သေသေချာချာ မဟာဝဂ္ဂ သံယုတ်မှာ ဟောထားတယ်၊ ရှုနည်းက အင်္ဂုတ္တိုရ်မှာဟောတယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် တကာတကာမတွေ့ ဒီဥစ္စာလုံလောက်ပြီလို့ ယူပါ....(မှန်ပါ့) ဒို့-နာလဲနာမယ်၊ လုပ်လဲလုပ်မယ်ဆိုလို့ ရှိယင်ဖြင့် ကိုယ့်ကိုယ် သနားသဖြင့် လုံပ်လိုက်စမ်းပါ....(မှန်ပါ့)။

ဘယ်လိုပြောလုပ်ပါလိမ့်.... (ကိုယ့်ကိုယ် သနားသဖြင့် လုပ်လိုက်ပါဘုရား) မလုပ်ယင် ကိုယ့်ကိုယ်ကိုယ်မေးလိုက်၊ ဩဋ္ဌာ.... မင်းကိုမှမင်း သနားတဲ့ပုဂ္ဂိုလ် မဟုတ်လို့ ရှိယင်ဖြင့် မင်းတဲ့မိုက်တော့ ငါရှာမတွေ့ဘူးလို့ ဆုံးမပါ....(မှန်ပါ့)။

ကိုယ့်ကိုယ်မှ မသနားယင် သူ့ထက်မိုက် ရှိသေးရဲ့လား.... (မရှိပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ မလုပ်ဖြစ်တဲ့အချိန် ဘယ်နှယ်ဆိုကြမလဲ....(ကိုယ့်ကိုယ် မသနားတဲ့ပုဂ္ဂိုလ်ပါဘုရား) မင်းဟာ ကိုယ့်ကိုယ်မှ သနားတတ်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူး၊ မင်းလောက်ရှော်တဲ့ပုဂ္ဂိုလ် ရှာမတွေ့ဘူးလို့ ဆုံးမပါ....(မှန်ပါ့)။

ထိုကဲ့သို့ ဆုံးမလိုက်ပြီဆိုမှဖြင့် ကိုယ့်ကိုယ်ကိုယ် ဆုံးမခက်ငြားသော်လဲ သနားတဲ့စိတ် ပေါ်လာလို့ရှိယင်ဖြင့် ဒါ လုပ်ဖြစ်မှာဘဲ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့်.... လုပ်နည်းက အင်္ဂုတ္တိုရ်[၁] လုပ်လို့ ခရီးပေါက်တဲ့အကြောင်းကို ထောပတ်နဲ့ အိုးနဲ့ ခွဲပြသလို ဦးဘအုန်းရေ.... အဲဒါက မဟာဝဂ္ဂ သံယုတ် ပါဋိတော်မှာ လာပါတယ်[၂].... (မှန်ပါ့) ဒါဖြင့် လုပ်နည်းမှန်ယင် ဒီအဖြစ် မှန်ရမယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ မမှန်မှာလဲ မစိုးရိမ်နဲ့၊ ဆရာကောင်းက လမ်းပြပြီးသကာလ နေတာ၊ ဘုရားဟောတော်မူတာကို မလွဲအောင်ပြောနေတာ ဆိုတာကိုလဲ တကာကြွယ်-ရိပ်မိပြီ .... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ကိုယ့်အတွက် စိုးရိမ်စရာမရှိဘူး၊ လုံ့လ ဝီရိယ ကလေးနဲ့ ပြင်းထန်၊ ကိုယ့်ကိုယ်ကိုယ် သနားတဲ့စိတ် မွေးပြီးလုံ့လဝီရိယ ပြင်းထန်လို့ရှိယင်ဖြင့် ထောပတ် ဖြစ်ရမယ်၊ အိုးခြမ့်းပဲ့ မဖြစ်ဘူးဟေ့....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

၁။ သတ္တကနိပါတ် အင်္ဂုတ္တိုရ်၊ အနိစ္စာနုပဿီသုတ်။
၂။ မဟာဝဂ္ဂသံယုတ်၊ သရဏာနိဝဂ် မဟာနာမသုတ်။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်- မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
အလုပ်-လုပ်လျှင် မင်္ဂလာနေပုံ
သစ္စာဒေသနာတော်

နွေ-အလုပ်ပေးတရားတော်

(၂-၁၂-၆၁)

အခု တရားနာတဲ့စိတ်၊ သိလယ်တဲ့စိတ်၊ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ....ဆိုတဲ့ ယူတဲ့ စိတ် တွေဟာ ရှိပါတယ်နော်၊ ဒီစိတ်တွေကို သစ္စာဖွဲ့ရမယ်....(မှန်လှပါဘုရား)။

ဒီစိတ်တွေ သစ္စာဖွဲ့တဲ့အခါကျတော့ တကာ တကာမတွေ သိတဲ့အတိုင်းတဲ့ ခင်ဗျားတို့ ရ,ထားတာက ဝိညာဏ်,နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာဆိုတော့ ဒီ-ဒုတိယပိုင်းထဲမှာ လာနေတယ်....(နေပါတယ်ဘုရား)။

ဩော်.... ဒီထဲမှာ သဠာယတနဆိုတော့ မနာယတန ဆိုတော့ မနာယတနဆိုတာက စိတ်ဘဲ....(မှန်ပါ့)။

ဒါဖြင့် ဒီ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းမှာ ၂-နံပါတ်ထဲ ပါနေတယ်....(ပါနေပါတယ်ဘုရား)။

ပါနေကော့ အခု တရားနာတဲ့စိတ်၊ သီလယူတဲ့စိတ်တွေဟာ ဩော်....ဒုတိယပိုင်းထဲ ပါနေပါလားဆိုတာ သိပြီ.... (မှန်ပါ့ ဘုရား)။

ဘာဖြစ်လို့တုံး.... ဆိုတော့ ခင်ဗျားတို့ အတိတ် ဘဝက အဝိဇ္ဇာ သန်ါရဆိုတာ မြင်တဲ့အတိုင်း ၁-နံပါတ်က နော်.... (မှန်ပါ့)။

အဲဒီ အဝိဇ္ဇာသန်ါရက ပြုလုပ်လိုက်တဲ့အတွက် ယခုအခါမှာ ဝိညာဏ်,နာမ်ရုပ်,သဋ္ဌာယတန,ဖဿ,ဝေဒနာ ဆိုတော့ သဋ္ဌာယတနထဲမှာ ခြောက်ခုမြောက်စိတ်ပါမလာဘူးလား... (ပါလာပါတယ်ဘုရား)။

ကောင်းပြီ.... ဒီစိတ်သည်ကား....လို့ ဆိုယင်ဖြင့် အဝိဇ္ဇာ သန်ါရတည်းဟူသော သမုဒယသစ္စာကြောင့် ၁-နံပါတ် သမုဒယသစ္စာကြောင့် ၂-နံပါတ်ဆိုတဲ့အထဲမှာ ယခုဘဝပေါ့ဗျာ.... (မှန်ပါ့)။

ယခုပေါ်တဲ့စိတ်တွေဟူသ၍သည် ၂-နံပါတ်ထည်းမှာ ပေါ်လာတာလို့မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် ၁ နံပါတ် သမုဒယသစ္စာက လုပ်လိုက်လို့ ၂-နံပါတ် ဒုက္ခစိတ်တွေ ပေါ်လာတယ်....(မှန်ပါ့)။

ဒါဖြင့် ၂-နံပါတ်စိတ် ဘာသစ္စာဆိုကြမလဲ....(ဒုက္ခသစ္စာပါ ဘုရား) ဒုက္ခသစ္စာဆိုတာက တကာ တကာမတို့ ဒီအထဲမှာ

သဋ္ဌာယတနဆိုတာ စက္ခု သောတ ဃာန ဇိဝှါ ကာယမနဘဲ၊ အဲဒီထဲက မနဆိုတာ စိတ်လို့မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် အခု တရားနာတဲ့ စိတ်တွေ, သီလယူတဲ့ စိတ်တွေ, သားရေး,သမီးရေး,စီးပွါးရေးနဲ့ ပတ်သက်တဲ့စိတ်တွေ ရောင်းရေး, ဝယ်ရေးနဲ့ ပတ်သက်တဲ့စိတ်တွေ ဒါတွေဟာ ဒါတွေဟာ ၂-နံပါတ်ထဲ ပါလာတယ်....(ပါ-ပါတယ်ဘုရား) ဒီစိတ်တွေကို တကာတကာမတွေ ကြည့်လိုက် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဩော်.... ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးက ပြနေတော့ ဒုက္ခသစ္စာဆိုတာ သိပြီနော်....(သိပါပြီဘုရား)။

ဒုက္ခသစ္စာဆိုတာတွေက ဘာဖြစ်လို့ ဒုက္ခသစ္စာခေါ်ပါလိမ့်မတုံး မေးလို့ရှိယင်ဖြင့် စိတ်ကလေးတခုပေါ်လာတယ်၊ သီလယူတဲ့ စိတ်ကလေးပေါ်လာတယ်ပျက်သွားတယ်....(မှန်ပါ့)။

တော်တော်ကြာ အားထုတ်ရပြန်ပြီ၊ ဓမ္မံသရဏံ ဂစ္ဆာမိ ပေါ်အောင်လုပ်တဲ့စိတ်ကလေး အားထုတ်ရပြန်ပြီ၊ ပျက်သွားပြန်ပြီ....(မှန်ပါ့)။

တော်တော်ကြာ ဘုန်းကြီးက ချပေးပြန်တော့ သံဃံသရဏံ ဂစ္ဆာမိ ဆိုပြန်တော့ တကာ တကာမတွေကလဲ သံဃံသရဏံ ဂစ္ဆာမိပေါ်အောင် စိတ်ကလေး လုပ်ရပြန်တယ်.... (လုပ်ရပါတယ်ဘုရား) မလုပ်ရဘူးလား....(လုပ်ရပါတယ်ဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးတွေဟာ ခဏခဏပေါ် ခဏခဏ ပျောက်သောကြောင့် အနိစ္စ ဒုက္ခသစ္စာ....(မှန်ပါ့)။

အနိစ္စလဲ ဟုတ်တာဘဲ....(မှန်ပါ့) ဒုက္ခသစ္စာလဲ.... (ဟုတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတွေ့ ယခု သီလယူနေရတာ ခင်ဗျားတို့ကတော့ ကောင်းတယ် သီလနဲ့နေရတာ အကောင်းဆုံး ဝိပဿနာ အားထုတ်ပြီးနေရတာ အကောင်းဆုံးလို့ ထင်တော့ ထင်ကြတာဘဲ....(မှန်ပါ့)။

ကောင်းတော့ ကောင်းပါတယ် နောင်ရေး ကောင်းတယ်၊ ယခုလုပ်နေရတာကတော့ဖြင့် ဒုက္ခသစ္စာဘဲ.... (မှန်ပါ့) ယခုပေါ်ပေါက်နေတာကတော့....(ဒုက္ခသစ္စာပါဘုရား)။

ယခုတော့ တကာကြွယ် ဒုက္ခသစ္စာ အထူး ရှာနေစရာလား- အခုပေါ်တဲ့ စိတ်ကြည့်လိုက်ယင် ဒုက္ခသစ္စာတွေ့တာဘဲ မဟုတ်လား....(မှန်ပါ့)။

ဘာဖြစ်လို့တုံး....မေးတဲ့အခါကျတော့ တကာတကာမတွေကို ရှင်းပြီးသား လင်းပြီးသားဘဲ၊ ဒီခန္ဓာကိုယ်ထဲမှာ ယခုအချိန် ဘာဘဲပေါ်ပေါ် ဒုက္ခသစ္စာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား) ဘာဖြစ်လို့တုံး ၂-နံပါတ်ထဲမှာ နေရတာကိုး....(မှန်ပါ့)။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတဲ့ ၁-နံပါတ်က အကြောင်းဆက်လိုက်လို့ ၂-နံပါတ် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတော့ သဠာယတနထဲ ပါတဲ့စိတ်တွေဟူသ၍ဟာ တကာကြွယ် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒါဖြင့် ဒုက္ခသစ္စာ ဒို့....အမှန်အကန် သိဘို့ရာသာ အရေးကြီးတော့တယ်- ဒုက္ခသစ္စာက ရှိပြီးသားပါလား လို့မှတ်ပါ

(မှန်ပါ) အနိစ္စလဲရှိပြီးသား ဒုက္ခသစ္စာလဲ ရှိပြီးသား....(မှန်ပါ့) အနိစ္စနဲ့ ဒုက္ခသစ္စာကိုလဲ မောင်ဘသော်တို့က တခြားစီလို့ မှတ်မနေနဲ့....(မှန်ပါ့) ဖြစ်ပြီးပျက်တဲ့ ဓမ္မဟူသ၍ကို ဒုက္ခသစ္စာချည့် မှတ်လိုက်....(မှန်ပါ့)။

ဖြစ်ပြီး ပျက်တဲ့ အနိစ္စတရားကို ဘာဆိုကြမယ်....(ဒုက္ခသစ္စာပါဘုရား) အဲ့....ဒုက္ခသစ္စာချည့် မှတ်ထားတော့ကို....တဲ့၊ ပဋိစ္စသမုပ္ပါဒ်ထဲမှာကြည့်ပါ၊ ၂-နံပါတ်ထဲမှာ ပေါ်သ၍ တရားဘာသစ္စာတုံး....(ဒုက္ခသစ္စာတရားပါဘုရား)။

အဲဒီတော့ တကာကြွယ်- ရှင်းပြီ....(မှန်ပါ့) ၂-နံပါတ်ထဲ ပေါ်သ၍တရားဟာ....(ဒုက္ခသစ္စာပါဘုရား)။

ဘာ့ကြောင့် သူ့ကို ဒုက္ခသစ္စာလို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ဟောရပါလိမ့်မတုံး....လို့ မေးတဲ့အခါကျတော့ သမုဒယသစ္စာကြောင့်ဖြစ်တဲ့တရားတွေ....(မှန်ပါ့)။

အဝိဇ္ဇာ သင်္ခါရဆိုတာက ဒီမှာကြည့် တကာ တကာမတို့.... အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာပေါ်တယ်....(မှန်ပါ့)။

အဝိဇ္ဇာ သင်္ခါရက သမုဒယသစ္စာ ရှင်းပြီနော်....(ရှင်းပါပြီဘုရား) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေက....(ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒါဖြင့် အခု ဒို့သန္တာန်မှာ ဘာတွေများရှိနေပါလိမ့်မတုံးလို့ တွေးကြည့်ယင် သိပါတယ်၊ ဘာတွေရှိသလဲ....(ဒုက္ခသစ္စာတွေ ရှိပါတယ်ဘုရား)။

ဘာဘဲလဲပ်လုပ် ခင်ဗျားတို့ ဒုက္ခသစ္စာမှတပါး ဘာမှမရှိဘူး (မရှိပါဘုရား) ဒုက္ခသစ္စာစိတ်ဘဲ ရှိတော့တယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ ဝိပဿနာရှုတော့ ဒီ.... ၂-နံပါတ်ပေါ်တဲ့ စိတ်တွေဘဲ ရှိမှာဘဲ....(မှန်ပါ့) ခင်ဗျားတို့သန္တာန် ပေါ်တာကလဲ ၂-နံပါတ်စိတ်မှတပါး တခြားသောစိတ် ရှိရဲ့လား .... (မရှိပါဘုရား)။

မရှိတော့ ဒီတရားတွေဟာ ဖြစ်ပြီး ပျက်တဲ့ ဒုက္ခသစ္စာဘဲလို့ ဆိုတာ ဝိပဿနာရှုတော့ကို.... တကာ တကာမတွေ ရှာနေဘို့ လိုသေးသလား....(မလိုပါဘုရား)။

ကိုယ့်သန္တာန်ပေါ်တဲ့ စိတ်ဟူသ၍ ဘာဆိုကြမယ် .... (ဒုက္ခသစ္စာပါဘုရား)။

ဩော်.... တကာကြယ်- ဒုက္ခသစ္စာတွေ ရှာရသေးသလား.... (မရှာရပါဘုရား)။

ရှေးတုန်းကတော့ တကာ တကာမတွေက ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်မတုံးဆိုတဲ့ တွေးလုံးတွေ ထုတ်နေကြတယ်....(မှန်ပါ့ဘုရား)။

နာမ်- ခဲမှ- ကိုက်မှ- ဒါ....ဒုက္ခသစ္စာလို့ ထင်နေကြတယ်.... (မှန်ပါ့) မဟုတ်ပါဘူး....တဲ့၊ ခင်ဗျားတို့သန္တာန်ထဲ ပေါ်ချင်တာပေါ် ရုပ်ပေါ်ပေါ်-နာမ်ပေါ်ပေါ်- ပေါ်ချင်တာ ပေါ်ပါ....တဲ့၊ ပေါ်တာဟူသ၍ဟာဖြင့် မောင်ဘသော်-ဒုက္ခသစ္စာဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ၂-နံပါတ်ထဲ ပေါ်တဲ့ တရားဟူသ၍ ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာကြွယ်-ခန္ဓာကိုယ် ဉာဏ်စိုက်လိုက်ယင် ဘာတွေ့တွေ့မယ်ထင်သတုံး....(ဒုက္ခသစ္စာတွေ့ တွေ့မှာပါဘုရား)။

နာမည်သာပြောင်းနေတယ်....(မှန်ပါ့)နာမည်ပြောင်းတော့ အနှီစစ္စ တွေ့ပါတယ်ဘုရား၊ ဒုက္ခ တွေ့ပါတယ်ဘုရား....(မှန်ပါ့) ဒုက္ခသစ္စာထဲ အကုန်ဝင်တာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာထဲအကုန်ဝင်ပါလိမ့်....(ဒုက္ခသစ္စာထဲ အကုန်ဝင်ပါတယ်ဘုရား)။

အဲဒီတော့.... ဒုက္ခသစ္စာထဲဝင်တာတွေကို တကာ တကာမ တွေ့က ဥပမာ.... ဘုန်းကြီးက အခု စိတ္တာနုပဿနာ ပေးထားတယ်ဆိုပါတော့....(မှန်ပါ့)။

စိတ္တာနုပဿနာ ပေးထားတော့ တကာကြွယ်တို့ သန္တာန်၊ မောင်ဘသော်တို့သန္တာန်၊ စားချင်တဲ့စိတ်ပေါ်လဲ ဒုက္ခသစ္စာဘဲ (မှန်ပါ့) အိပ်ချင်တဲ့စိတ်ပေါ်လဲ....(ဒုက္ခသစ္စာပါဘုရား)။

ဘာ့ကြောင့် သူ့ကို ဒုက္ခသစ္စာလို့ ဆိုင်းဘုတ်နာမည်ပေးရပါလိမ့်မလဲလို့ မေးလို့ရှိယင် သူဖြစ်ပြီး ပျက်လို့....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဘယ်လိုကြောင့်ပါလိမ့်....(ဖြစ်ပြီး ပျက်လို့ပါဘုရား)။

ဖြစ်ပြီး ပျက်တဲ့တရားကို ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စာလို့ ဆိုတယ်....(မှန်ပါ့) ဒါဖြင့် ဖြစ်ပျက်တာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် အနိစ္စကလဲ ဒုက္ခသစ္စာမှတ်လိုက်ပါ....(မှန်ပါ့) ဒုက္ခကလဲ....(ဒုက္ခသစ္စာပါဘုရား) အနတ္တကလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာချည့်ဘဲလို့ ဘုန်းကြီးတို့ တကာ တကာမတွေ့က မှတ်ထားလိုက်တော့ သြော်.... ဒီမှာဖြင့် ဒီသန္တာန်ပေါ်သရွေ့ ဘယ်စိတ်ပေါ်ပေါ် ဒုက္ခသစ္စာလို့ ရှုရုံဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ကို....ဖြစ်ပြီး ပျက်တာကလေး တွေ့လိုက်ပြန်တယ်၊ အနိစ္စလို့ ဆိုချင်သလား တကာကြယ်က ဆိုလိုက်၊ အနိစ္စလို့ မှတ်ချင်လဲ မှတ်လိုက်တာပေါ့....(မှန်ပါ့) နောက်ဆုံးပိတ်တာနဲ့ ကျတော့ အနိစ္စလဲ ဒုက္ခသစ္စာဘဲ၊ ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာရှုတဲ့အခါကျတော့ တကာ တကာမတို့ စိတ်ကို ဝိညာဏ်လို့ခေါ်တယ်နော်....(မှန်ပါ့)။

စိတ်ကို ဘယ်လိုခေါ်ပါလိမ့်.... (ဝိညာဏ်လို့ ခေါ်ပါတယ်ဘုရား) ဝိညာဏ်လို့ခေါ်တာ သိပြီနော်....(မှန်ပါ့)။

ဒါဖြင့် မြင်စိတ်ကလေးပေါ်လာတယ်၊ အဆင်းတခု မြင်တဲ့စိတ်ပေါ့ဗျာ....၊ ဒါကလေးဟာ မြင်ပြီး ပျက်တာဘဲ....(မှန်ပါ့ဘုရား)။

အဆင်းက ပျက်တာကို မယူပါနဲ့၊ မျက်လုံးထဲက စိတ်ကလေးက မြင်ပြီး ပျက်တာကိုယူပါ၊ ဒါမှ စိတ္တာနုပဿနာဖြစ်မှာ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးဟာ ဝိညာဏ်လို့ ခေါ်တော့ ဝိညာဏ် အနိစ္စ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဩ....ဒါဖြင့် ဒီဝိညာဏ်ကလေးဟာ တကာတကာမတို့ သိတဲ့အတိုင်း....တဲ့၊ ဒီထဲမှာ ပါ-ပါတယ်၊ မနာယတနထဲမှာ ပါတယ်၊ ဝိညာဏ်သည် အနိစ္စတရားကလေး၊ ဒီ အနိစ္စတရားကလေးကို ဘာပါလိမ့်မတုံး....လို့ တကာကြွယ်က တွေးမနေနဲ့၊ ဒီကြည့်လိုက် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒီထဲပါတာဘဲ....(မှန်ပါ့) ဒီထဲပါတော့ ဩ....ဒုက္ခသစ္စာ ဟုတ်-မဟုတ်ကို သေသေချာချာ ဝေဘန်ယူယင်တော့ သမုဒယသစ္စာက လုပ်တဲ့တရားဟူသ၍ ဒုက္ခသစ္စာ....(မှန်ပါ့)။

ဒီတော့အဝိဇ္ဇာ သင်္ခါရကဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား) သူက ဆက်စပ်ပြီးလုပ်လိုက်တဲ့အတွက် ဒီထဲပါတဲ့ စိတ်တွေဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ လာဖြစ်တယ်ဆိုတာ သိသွားပြီ.... (သိပါပြီဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးမှာ တကာတကာမတွေ့ သိတဲ့အတိုင်း....တဲ့၊ ဒုက္ခသစ္စာမှတပါး ခင်ဗျားတို့ ခန္ဓာထဲမှာ ဘာမှမရှိဘူး....(မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဘာကို ဝိပဿနာရှုရမှာတုံးလို့ အခြေအမြစ်နဲ့တကွ သေသေချာချာရှာတဲ့အခါကျတော့ ဩ .... သမုဒယက ဖြစ်စေတဲ့တရားဟူသ၍ ဒုက္ခသစ္စာချည့်လို့ မှတ်လိုက်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာ ပေါင်းလိုက်တော့ အဝိဇ္ဇာ သင်္ခါရတည်းဟူသော သမုဒယသစ္စာက ဖြစ်စေတဲ့တရားကို ဒီ ဒုတိယ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ တရားတွေဟာ သမုဒယသစ္စာကြောင့် ဖြစ်သောကြောင့် အကုန် ဒါဒုက္ခသစ္စာဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပုံစံတွေကြည့်ပါ၊ ပုံစံတွေကြည့်ပါ တကာတကာမတွေ အခု ပေးထားတဲ့ ပုံစံတွေကြည့်လိုက်တော့ ဘာသစ္စာတွေသလဲ.... (ဒုက္ခသစ္စာ တွေပါတယ်ဘုရား)။

သူ့ကို ဘယ့်နှယ်ကြောင့် တကာ တကာမတွေက ဒုက္ခသစ္စာလို့ ဆိုကြသတုံး....(သမုဒယသစ္စာက ဖြစ်စေလို့ပါဘုရား)။

ရုတ်ကြည့်....ခင်ဗျားတို့ ရေးထားတဲ့ပါဠိကို အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ....(ဝိညာဏ်ပါဘုရား)။

ကဲ....ဝိညာဏ်အခက်မှာကြည့်လိုက်တော့ ဒီမြှားတွေပြပြီး အကျိုးတွေပြထားတော့ သူ့အတွင်းပါလာတော့ ဒါဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

သူ့ကို ဒုက္ခသစ္စာလို့ ဘာဖြစ်လို့ ပြောကြရသတုံး ဆိုတော့ ဒီ သမုဒယကဖြစ်စေလို့ ဒုက္ခသစ္စာဖြစ်ရတယ်.... (မှန်ပါ့) သမုဒယသစ္စာကအကြောင်း ဒုက္ခသစ္စာက အကျိုး....(မှန်ပါ့)။

ဒုက္ခသစ္စာသည်ကားလို့ ဆိုယင် အလိုလို ပေါ်တာလားလို့ မောင်ဘသော်က တကာကြွယ်တို့မေးယင် ဘယ့်နှယ်ဖြေပါ့မယ် (မဟုတ်ပါဘုရား)။

သမုဒယသစ္စာကြောင့် ပေါ်တာ....(မှန်ပါ့) သူကရှင်းနေတယ်၊ ဒီသမုဒယသစ္စာကြောင့် ဒုက္ခသစ္စာထဲရောက်လာတယ်....(မှန်ပါ့)။

အဒဇော့ ကျုပ်တို့ ရှုတော့ကု....ဒုစ္စာ ဒုက္ခသစ္စာထဲရောက်လာတာလဲ သိပြီ၊ ဉာဏ်ထဲမှာ ဒုက္ခသစ္စာဖြစ်ဘို့ဘဲ အရေးကြီးတော့တယ်....(မှန်ပါ့)။

ရှုတဲ့ဉာဏ်ထဲမှာ .... (ဒုက္ခသစ္စာဘဲဖြစ်ဘို့အရေးကြီးပါတယ်ဘုရား) အဲဒါကလေး ဖြစ်သွားယင် မဂ်ဆိုက်မှာသေချာတယ်....(မှန်ပါ့)။

ဒါကလေးသာ အစကတော့ ဆိုထားပြီ၊ ခန္ဓာထဲမှာလဲ ဒီအတိုင်းတော့ဖြစ်နေပြီ၊ ခန္ဓာထဲပေါ်သမျှဟာဖြင့် ပေါ်တဲ့စိတ်ဟာ ဒုက္ခသစ္စာဘဲဆိုတာတော့ တကာကြွယ်တို့ မောင်ဘသော်တို့ ရှုသာနေ....(မှန်ပါ့) ရှုနေတော့ သူဖြစ်ပျက်တွေ့တွေ့နေမှာဘဲ....(မှန်ပါ့) ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်တွေ့ မတွေ့ပေဘူးလား....(တွေ့ပါတယ်ဘုရား)။

တွေ့တာက ပဌမတွေ့နေတုန်းကဖြင့် သြော်.... ဒါ အနိစ္စတွေ့တာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ပဌမတော့ အနိစ္စတွေ့တာဘဲ၊ နောက် ရှုဖန်များပြီးလာတော့ အနိစ္စတွေ့ဟာ သြော်....မှန်းစရာတွေ့ပါလား-ဆိုတဲ့ နိဗ္ဗိန္ဒဉာဏ်တက်မယ်....(မှန်ပါ့)။

ဘာ့ကြောင့်တုံး....လို့ မေးတော့ သမ္မာ ပဿ....လို့ ဆိုသောကြောင့် သမ္မာ = ကောင်းစွာ၊ ပဿ=ဖြစ်ပျက်ကို မြင်

သည်ရှိသော်၊ နိဗ္ဗိန္ဒတိ=ဖြစ်ပျက်ကို ငြီးငွေ့လာ၏....(မှန်ပါ့) ဖြစ်ပျက်မြင်လို့ရှိယင် နောက် ငြီးငွေ့လာမှာဘဲ-တဲ့....(မှန်ပါ့ ဘုရား)။

ဖြစ်ပျက်က ယထာဘူတညာဏ်ပေါ့ဗျာ၊ ယထာဘူတညာဏ်က လာတဲ့အခါ နိဗ္ဗိန္ဒဉာဏ် တက်သွားတယ်....(မှန်ပါ့) ဘုရားက ဒီအတိုင်းဟောတယ်ဆိုတာ သဘောကျပလား .... (ကျပါပြီ ဘုရား)။

နိဗ္ဗိန္ဒန္တော ဝိရဇ္ဇတိ၊ ငြီးငွေ့ပြီးလို့ရှိယင် မင်္ကပေါ်လာ၏.... တဲ့....(မှန်ပါ့) ဒီခန္ဓာကြီး မလိုချင်တဲ့ မင်္ကပေါ်လာ၏....လို့ ဘုရားကဟောတယ်....(မှန်ပါ့)။

ဘယ်နယ်ကြောင့် မင်္ကပေါ်သတုံးဆိုတော့ ဒုက္ခပိုင်ပိုင်သိလို့ မင်္ကပေါ်တယ်မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက်ကို ကြိုးစားရှုလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတော့ဟာ ဒီဥစ္စာဟာ ကြာတော့ ဉာဏ်က ထက်ထက်ပြီး သွေးဖန်များလို့ ထက်သလို၊ ဓါးသွေးဖန်များလို့ ထက်သလိုဘဲ ဉာဏ်ထက်လာတော့ သြော်....နဂိုရိုက အနိစ္စလို့ မှတ်နေတယ်၊ သေသေချာချာ ရှုရင်း ရှုရင်း ဉာဏ်ကြီးလေလေ ဒုက္ခသစ္စာဖြစ်လေလေဘဲလို့ ဖြစ်လာယင်ဒုက္ခသစ္စာအမှန်ဖြစ်လာလို့ရှိယင် ဒါ မင်္ကဆိုက်တော့မလို့ သာ မှတ်ပေတော့....(မှန်ပါ့ ဘုရား)။

ဒုက္ခသစ္စာအမှန်ဖြစ်လာယင်....(မင်္ကဆိုက်မလို့ပါဘုရား) မင်္ကဆိုက်တော့မလို့ဆိုတာ သေချာပါတယ်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကြောင့် တကာတကာမတွေ့အခုပဋိစ္စသမုပ္ပါဒ်ဒေသနာ အဝိုင်းကြီးပြပြီး တကာ တကာမတွေ့ဆီမှာ လက်ခံထားပြီး သကာလ ပြတော့ ဩဿ်.... ၂-နံပါတ်အကွက်ထဲမှာ ပေါ်တာတွေ့ ဘာသစ္စာတွေ့ပေါ်သတုံး .... (ဒုက္ခသစ္စာ ပေါ်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

သူ့ကို ဒုက္ခသစ္စာလို့ ခင်ဗျားတို့ ဘယ်သူက ပြောသတုံး.... ဆိုတော့ ဘယ်သူကမှ မပြောပါဘူး၊ အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်တဲ့တရားမို့....(မှန်ပါ့)။

ကောင်းပြီ....အဝိဇ္ဇာ သင်္ခါရက ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာဆိုတာသည် ဘာကိုဖြစ်စေသတုံး (ဒုက္ခသစ္စာကို ဖြစ်စေပါသည်ဘုရား)။

ဒါဖြင့် ကိုင်နေတာဘဲ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဆိုတာ သမုဒယသစ္စာ....(မှန်ပါ့) သင်္ခါရ ပစ္စယာ၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့က....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဆိုတာ ရှင်းနေတော့ ခင်ဗျားတို့ ရှုတဲ့အခါကျတော့ ခင်ဗျားတို့က ဩဿ်.... အခု ခန္ဓာကြီး တရားနာနေတယ်၊ အခု တရားအားထုတ်နေတဲ့ ခန္ဓာကြီးဟာ ၁-ထဲမှာလား ၂-ထဲမှာလား....(၂-ထဲမှာပါဘုရား)။

ဒါဖြင့် ရုပ်ရှုလဲ ဒုက္ခသစ္စာတွေ့မှာဘဲ....(မှန်ပါ့) နာမ်ရှုလဲ-(ဒုက္ခသစ္စာ တွေ့ရမှာပါဘဲဘုရား)။

ဒါတွေ့ တွေ့လို့ ရှိယင်ဖြင့် ဒီ-တရားလွဲသေးတယ်၊ စောင်းသေးတယ်၊ တိမ်းသေတယ်လို့ ဘယ်တော့မှ မရှိဘူး....(မှန်ပါ့ဘုရား)။

တရားမလဲ့တော့ပါဘူး....တဲ့၊ လဲ့စရာအကြောင်း မြင်သေး ရဲ့လား....(မမြင်ပါဘုရား) သမုဒယသစ္စာကြောင့် ဖြစ်တဲ့ ခန္ဓာငါးပါးပါဘဲ့....(မှန်ပါ့)။

ဒီခန္ဓာငါးပါးကို ၂-နံပါတ်အကွက်ထည်းဝင်လာကတည်းက တကာကြွယ်တို့က မောင်ဘသော်တို့က ဦးလှဘူးတို့က စဉ်းစား တာပေါ့၊ ဘာသစ္စာထဲ သူရောက်လာသတုံး.... (ဒုက္ခသစ္စာထဲ ရောက်လာပါတယ်ဘုရား)။

ဟုတ်မှ ဟုတ်ပါ့မလားလို့ သံသယရှိယင် သူဖြစ်ကြောင်း တွေးလိုက်တာပေါ့....(မှန်ပါ့) သူ ဖြစ်ကြောင်းတွေးတော့ ဘာ ပါလိမ့်....(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် သမုဒယသစ္စာ ဖြစ်စေတဲ့တရားမှန်သ၍တော့ နိဗ္ဗာန် တော့ မဖြစ်နိုင်တာ အမှန်ဘဲ့....(မှန်ပါ့) ဘာသစ္စာဖြစ်သတုံး.... (ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ စာရွက်ကိုကြည့်ပါ၊ ဒီအထဲပါသ၍ ဘာ သစ္စာ....(ဒုက္ခသစ္စာပါဘုရား)။

အခု တကာ တကာမတွေဟာ ၁-နံပါတ်အကွက်မှာ ၁-နံပါတ်အကွက်မှာ နေကြသလား၊ ၂-နံပါတ်အကွက်ထဲမှာ နေ သလား.... (၂-နံပါတ်အကွက်ထဲမှာ နေပါတယ်ဘုရား) ၂-နံပါတ်အကွက်ထဲမှာ နေတယ်ဆိုတာ သေချာပါပြီ .... (မှန်ပါ့ ဘုရား)။

ကောင်းပြီ.... ဒါဖြင့် ၂-နံပါတ်အကွက်ထဲမှာနေတော့ ၂-နံပါတ်အကွက်ထဲမှာဘာဘဲပေါ်ပေါ်တကာတကာမတို့သန္တာန်

ဘာဖြစ်လို့တုံး....ဆိုတော့ ဒုက္ခသစ္စာမှတပါး ဘာမှမပေါ်လာဘူး....(မှန်ပါ့) ဒီ့အပြင် ဘာပေါ်သေးသတုံး .... (ဘာမှမပေါ်ပါဘုရား)။

ဒုက္ခသစ္စာဆိုတာကလဲ ဖြစ်ပျက်ဘဲ....(မှန်ပါ့) ဒါဖြင့် ဒီအကုန်ထဲ ပေါ်လာတာတွေကို ဖြစ်ပျက်၊ ဖြစ်ပြီး ပျက်တယ်၊ ဖြစ်ပြီး ပျက်တယ်လို့ ခင်ဗျားတို့ ရှုနေဘို့အရေးကြီးပါတယ်....(မှန်ပါ့)။

ရှုရင်းမတ္တန့်ဘဲ ဒီဥစ္စာ ဉာဏ်ရင့်လာယင် ဒုက္ခသစ္စာ ထင်လာတာဘဲ။

ပဌမတော့ဖြင့် ဖြစ်ပျက်အနိစ္စဘဲ မြင်မှာဘဲ၊ နောက် ဉာဏ်ကရင့်ရင့်လာတဲ့ အခါကျတော့ ဒီဖြစ်ပျက်ဟာ တခြားလားအောက်မေ့နေတယ် ဒုက္ခရောက်နေဘာကိုး .... (မှန်လှပါဘုရား)။

ဒုက္ခရောက်နေတယ် ဆိုတော့ ဉာဏ်ကလေး ပြောင်းကြည့်လိုက်တာပေါ့....(မှန်ပါ့) ဖြစ်တာသည် ပျက်စီးမလို့ဖြစ်တာ....(မှန်ပါ့) ပျက်တာသည် ပျက်စီးသွားတာ....(မှန်ပါ့) ဒါဖြင့် ပျက်စီးမလို့ဖြစ်တာနဲ့ ပျက်စီးသွားတာဘဲ ပေါ်လာတယ် ....(မှန်ပါ့)အဲဒါကို ဘာသစ္စာဆိုမလဲ.... (ဒုက္ခသစ္စာပါဘုရား)။

ဒါ့ကြောင့် သံယုတ်ပါဠိတော်ကြီးများကျတော့ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ ဒုက္ခံ နိရုဇ္ဈမာနာ နိရုဇ္ဈတိ" ဆိုပြီး၊ ဒုက္ခသည်သာလျှင်ဖြစ်၏ မင်းတို့သန္တာန်မှာတဲ့....(မှန်ပါ့) ဒုက္ခတရားသည်သာလျှင် ချုပ်၏တဲ့၊ မင်းတို့သန္တာန်ဖြစ်တဲ့ တရားဟာ

ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်တာဘဲရှိတယ်.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

တကာတကာမတွေ့ သန္တာန် ၂- နံပါတ်အကွက်ထဲ နေကြသေးတာကိုး.... (မှန်ပါ့) ဒုက္ခသစ္စာကွက်ထဲကကို မရှေ့နိုင်ကြသေးဘူး....(မှန်ပါ့ဘုရား)။

မရှေ့နိုင်တော့ ဒီအထဲပေါ်လာတာသည် ဖြစ်တာလဲ ဒုက္ခသစ္စာ၊ ပျက်တာလဲ.... (ဒုက္ခသစ္စာပါဘုရား) ဒီအကွက်ထဲပေါ်လာတာဟူသ၍ ဒါဘဲရှိတယ်....(မှန်ပါ့) ဘာသစ္စာတွေတုံး.... (ဒုက္ခသစ္စာတွေပါဘုရား)။

ဒါ့ကြောင့် စိတ်ကြိုက်တဲ့ လူက စိတ်တလုံးတည်း ပေရှ၊ ဝေဒနာကြိုက်တဲ့လူက ဝေဒနာတလုံးတည်းပေရှ ... (မှန်ပါ့) ရှုလိုက်ပြီဆိုမှဖြင့် နောက်ကျတော့ စိတ်ရှုတဲ့ပုဂ္ဂိုလ်ကလဲ စိတ်မတွေ့ဘူး ဖြစ်ပျက်ဒုက္ခသစ္စာတွေ့မယ်....(မှန်ပါ့ဘုရား)။

ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ကလဲ ဝေဒနာမတွေ့ပါဘူး၊ ဘာတွေ့သတုံး.... (ဖြစ်ပျက်ဒုက္ခဘဲတွေ့ပါတယ်ဘုရား)ဖြစ်ပျက် ဒုက္ခသစ္စာဘဲရှိတာကိုး.....(မှန်ပါ့) ဝေဒနာဆိုတာနာမည်၊တကယ်ဉာဏ်ထဲတွေ့တာကြည့်လိုက်တော့ ဝေဒနာမဟုတ်ဘဲနဲ့ ဖြစ်ဒုက္ခ ပျက်ဒုက္ခဘဲသွားတွေ့တယ်....(မှန်ပါ့ဘုရား)။

ဘာသွားတွေ့သလဲ.... (ဖြစ်ဒုက္ခ ပျက်ဒုက္ခသွားတွေ့ပါတယ်) ဖြစ်ဒုက္ခ ပျက်ဒုက္ခ သွားတွေ့တယ်ဆိုတော့ဘုန်းကြီးဟောနေတာ မဟုတ်ဘူး၊ ဒီမှာကြည့် ဒီထဲမှာ ပေါ်သ၍ဟာ ဒုက္ခချည့်ဘဲ.... (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

၂-ထဲမှာရှိတဲ့တရားဟူသ၍ ဘာတဲ့တုံး....(ဒုက္ခသစ္စာချည့်ပါဘုရား)ဒါဖြင့်ဖြစ်တာလဲ ဘာဆိုကြမယ်....(ဒုက္ခပါ)ပျက်တာလဲ(ဒုက္ခပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့သန္တာန် စိတ်ကလေးတခုပေါ်လာလဲ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)စိတ်ကလေး တခုပျက်သွားလဲ,... (ဒုက္ခသစ္စာပါဘုရား)။

အဲဒါကလေး ကြည့်နေရမယ် ကြည့်နေပြီဆိုမှဖြင့် တကာတကာမတို့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ကြည့်တာကလေးက မဂ္ဂသစ္စာ....(မှန်ပ၊်)။

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေ့၌ မဂ္ဂသစ္စာပေါ် ဘို့အရေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တခြားအရေး မဟုတ်ပါလား၊ ဖြစ်ပျက်ဒုက္ခသစ္စာ မြင်မှပေါ်တာပါလား.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရပါလို့၏ ဆိုလို့မရဘူး (မရပါဘုရား) ဖြစ်ပျက်ကြည့်လို့ကပြန်တော့(ရပါတယ်ဘုရား) ဖြစ်ပျက်ကြည့်လို့ကပြန်တော့ မဂ်ရတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဘုရားရှေ့ ရရပါလို့၏ သွားတောင်းတော့ ဘုရားက ရော့အင့်- လို့မပေးနိုင်ဘူး....(မှန်ပါ့)ကိုယ့်စိတ်ကလေး ကိုယ်ဖြစ်ပျက်ရှုလို့ကတော့ ဘာရသတုံး....(မဂ်ဉာဏ်ရပါတယ်ဘုရား)။

သြော် .... ဒါဖြင့် မင်္ဂလာဆိုတာသည် တကာတကာမတို့ ဘုရားပေးလို့ ရတဲ့တရားမျိုး မဟုတ်ဘူး.... (မဟုတ်ပါဘုရား) တရားပေးမှရတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒီအထဲရှိတာတွေက ဘုရားတဆူမှမပါဘူး တရားချည့်ဘဲ.... (မှန်ပါ့) ဝိညာဏဓမ္မ- နာမ်ရုပ်ဓမ္မ ဟော ဓမ္မချည့်ပါနေတယ်၊ သံဋ္ဌာယတနဓမ္မတဲ့ တရားချည့်ဘဲ....(မှန်ပါ့) ဖဿဓမ္မ....(တရားချည့်ပါ) အဲဒီဓမ္မကလေးမှ မင်္ဂလာရတယ်.... (မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့မင်္ဂလာကို ဘယ်သူပေးမှရသတုံး....

(တရားပေးမှရပါတယ်)ဘုရားပေးလို့....(မရပါ) ဘုရားရှေ့မှာ အရှင်ဘုရား ပေးသနားတော်မူပါဆိုလို့ မရဘူး!(မရပါဘုရား) ခင်ဗျားတို့သန္တာန်မှာရှိတဲ့ တရားကို အမြင်မှန်နဲ့ကြည့်လိုက်လို့ ရှိယင် တရားကပေးပါတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် မင်္ဂလာသည် တရားပေးလို့ရတယ်....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) တကာကြွယ်တို့ ဥပမာတခုပြမယ် ဖြစ်ပျက်ကလေးမြင်တယ်၊ဖြစ်ပျက်ကလေး ဆုံးတယ်ဆိုတာဘုရားကပေးတာလား....(တရားက ပေးတာပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘုရားက လမ်းညွှန်အဖြစ် ဟောတော်မူဖေါ် ရတယ် .... (မှန်ပါ့) ဘုန်းကြီးကလဲ ဘုရားဟောအတိုင်း ဟောဖေါ်ဘဲရတယ်....(မှန်ပါ့)စင်စစ် တကယ့်မင်္ဂလာပေးတာက ၂-နံပါတ် အကွက်က တရားတွေက ခင်ဗျားတို့ကို မင်္ဂလာပေးမယ် .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မင်္ဂလာဏ် ဖိုလ်ဉာဏ်သည် ဘုရားဆီသွားတောင်းလို့ မရ....(မှန်ပါ့)တရားကို အမြင်မှန်နဲ့ကြည့်ယင် .... (ရပါတယ် ဘုရား)။

တကာကြွယ် ကဲ....အဘိုးတန်ပြီ.... (တန်ပါတယ်ဘုရား) ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား) ဒါဖြင့် မင်္ဂလာဏ်, ဖိုလ်ဉာဏ်လိုချင်လို့ ရှိယင် တရားကြည့်ပေး....(မှန်ပါ့)။

တရားကြည့်လိုက်တော့ ၂-နံပါတ်အကွက်က တရားကိုကြည့်ရမယ် ဒီ့အပြင်တရားကို မကြည့်ရဘူး.... (မှန်ပါ့) ၂-နံပါတ်အကွက်ထဲမှာလဲ သတိပဋ္ဌာန်လေးပါးထဲက တပါးပါးယူကြည့် (မှန်ပါ့ဘုရား)။

ကာယာနုပဿနာဖြင့် ရှုပ်ကြည့်....(မှန်ပါ့) ဝေဒနာနုပဿနာဖြင့်....(ဝေဒနာကြည့်ရပါတယ်) စိတ္တာနုပဿနာဖြင့်....(စိတ်ကြည့်ရပါမယ်ဘုရား)။

အဲဒါတွေ့ တရားတွေ့မဟုတ်လား.... (မှန်ပါ့) အဲဒီတရားတွေ့ကို ခင်ဗျားတို့က ပေါ်တိုင်း ပေါ်တိုင်း ကြည့်တော့ သူတို့က ကျုပ်တို့ဟာ ဖြစ်ပျက်ပါဘဲ၊သူတို့ကပြောမယ် သူတို့က ပြောတဲ့အခါကျတော့ ခင်ဗျားတို့က သြော်.... ဒါတွေ့ဟာ ဖြစ်ပျက်တွေဘဲလို့ အနိစ္စတွေဘဲလို့ မသိဘူးလား .... (သိပါတယ် ဘုရား)။

အဲ....သိတာက သမ္မာဒိဋ္ဌိ....(မှန်ပါ့)သမ္မာဒိဋ္ဌိဆိုတာမဂ္ဂင်ဘဲ (မှန်ပါ့)မင်္ဂလာဏ်လဲဆို- မဂ္ဂင်လဲဆိုအတူတူဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီသမ္မာဒိဋ္ဌိမဂ္ဂင်ကို မောင်ဘသော် ဘယ်သူပေးလို့ ရပါလိမ့်....(တရားပေးလို့ ရပါတယ်ဘုရား) တကာကြွယ်ရှင်းပြီနော်....(ရှင်းပါပြီ) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကောင်းပြီ....ဒါကို တရားပေးလို့ ရတယ်ဆိုတော့ ရှင်းပါပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ်ဉာဏ်လိုချင်ယင်တရားအားထုတ်ရမယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

မဂ်ဉာဏ်လိုချင်ယင်....(တရားအားထုတ်ရပါမယ်ဘုရား)။

နို့....ဘုရားရှေ့ တပည့်တော်တို့သွားတယ်၊ အဲဒါက သူ ရှေ့သွားပြီး အားထုတ်တာ၊ ပေးတာကတော့ တရားကပေးတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပေးတာကတော့....(တရားက ပေးတာပါဘုရား) တရားကမှ ဖြစ်ပြီး ပျက်တာတွေ့ပြတော့ ခင်ဗျားတို့က သြော်....ဖြစ်ပျက်ကို မမြင်ပေဘူးလား....(မြင်ပါတယ်ဘုရား)။

အဲဒီတော့ သမ္မာဒိဋ္ဌိရတယ် ...(မှန်ပါ့) ဟာ....ဒီမဂ္ဂင် ဘယ်သူ ပေးသတုံး....လို့ မေးယင်....(တရားပေးပါတယ်ဘုရား)။

တရားမှာ ၁-ကွက်မှာရှိတဲ့ တရား၊ ၂-ကွက်မှာရှိတဲ့တရား ရှိတယ်၊ ဘယ်တရားက ပေးပါလိမ့်.... (၂-ကွက်မှာရှိတဲ့တရားက ပေးပါတယ်ဘုရား)။

ခင်ဗျားတို့နေတာက ၂-ကွက်ထဲနေတော့ကို.... ၂-ကွက်ထဲမှာဘဲ တရားရှိတယ်....(မှန်ပါ့) ၁-ကွက်က လွှန်ပြီးသားဖြစ်နေတယ်၊ အဝိဇ္ဇာ သင်္ခါရ-ဆိုတဲ့ ၁-ကွက်က အတိတ်ဘဝဟာ ပြီးခဲ့ပြီ....(မှန်ပါ့)။

ယခု ပစ္စုပ္ပန်ဘဝ ခင်ဗျားတို့သန္တာန်ပေါ်တဲ့တရားက ခင်ဗျားတို့ကို ဆရာဘုန်းကြီးက ပေးတဲ့နည်းနဲ့ ကြည့်လိုက်ပြီဆိုမှဖြင့် ခင်ဗျားတို့မှာ မင်္ဂလာရတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ တရားပေးမှ မင်္ဂလာရတယ်.... (မှန်ပါ့)။

ဒါ့ကြောင့် ဘုရားဆီသွားလို့ရှိယင် ဘုရားက ဘယ်တရား-ဘယ်တရား အားထုတ်ကြဟော့....ဘုရားက တရားပေးလိုက်တယ် ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီပေးတဲ့တရားကို ဘာလုပ်ရမလဲ.... (အားထုတ်ရပါမယ် ဘုရား) နောက်ဆုံးပိတ် မင်္ဂလာ, ဖိုလ်ဉာဏ်, ဒီကိုယ်တော်တွေ့ ရသွားတဲ့အခါကျတော့ တရားကပေးလို့ရတာ....(မှန်ပါ့)။

ဘုရားက ဘယ်တရား- ဘယ်တရားကို အားထုတ်လို့ အားထုတ်စဉ် ဟောလိုက်တယ်....(မှန်ပါ့)။

အဲဒီပုဂ္ဂိုလ်တွေ့ မင်္ဂလာ, ဖိုလ်လ်ဉာဏ် ရတာကတော့ ဘယ်သူက ပေးတာတုံး....(တရားက ပေးတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) အဲဒီဒုက္ခသစ္စာကြီးကို ဖြိုင်ဖြိုင်သာကြည့်ပေး၊ သဘောကျပလား....(ကျပါပြီဘုရား)။

သူက မင်္ဂလာကို ခင်ဗျားတို့ ပေးပါလိမ့်မယ် .... (မှန်ပါ့ ဘုရား)။

ခင်ဗျားတို့ကသာ ဖြစ်ပျက်သာ ကြပ်ကြပ်ကြည့်ပေး၊ အနိစ္စ ဖြစ်ပျက်သာ ကြပ်ကြပ်ကြည့်ပေးလို့ရှိယင် အဲဒီဖြစ်ပျက်ကြောင့်

မင်ဉာဏ်ဖြစ်ရမယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒါကြောင့် ပဋ္ဌာန်းပါဠိတော်ကြီးကျတော့ "သန်ါရေအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" သန်ါရေ=သန်ါရတရားတို့ကို၊ ဒီတရားတွေပေါ့ဗျာ.... အနိစ္စတော=အနိစ္စအားဖြင့်၊ ဒုက္ခတော= ဒုက္ခအားဖြင့်၊ အနတ္တတော= အနတ္တအားဖြင့်၊ ပဿတိ= ရှု၏-မြင်၏....ဆိုတော့ မြင်တဲ့စိတ်က မင်္ဂင်....(မှန်ပါ့)။

ဒါက သန်ါရတရား....(မှန်ပါ့) သန်ါရတရားကို ခင်ဗျားတို့က ရှုလိုက်တဲ့အခါကျတော့ မင်ဉာဏ်ပေါ်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သန်ါရတရားဆိုတာ နားမယောင်ပါနဲ့၊ အဝိဇ္ဇာ သန်ါရက ပြုပြင်လို့ ပေါ်လာတဲ့တရားဖြစ်သောကြောင့် သူ့ကို သန်ါရတရား ခေါ်ပါတယ်....(မှန်ပါ့)။

၂-ကွက်ထဲပါတဲ့တရားက ဘာတရားတုံး....(သန်ါရတရားပါဘုရား) သန်ါရတရား....တဲ့၊ ဖြစ်မှု-ပျက်မှုရှိတာ သန်ါရတရားလို့မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

သူမျှားပြုလို့ပေါ်လာတဲ့တရားကိုကော....(သန်ါရတရားလို့မှတ်ရပါလိမ့်မယ်ဘုရား) သန်ါရတရားဆိုတာ ရှင်းသွားပြီ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာရှုယင် ပဋိစ္စသမုပ္ပါဒ်ထဲမှာ အခု ၄-မျိုးပြထားတယ်၊ ဘယ်အထဲကဟာ ရှုရမှာတုံး....(၂-ကွက်ထဲကဟာကို ရှုရမှာပါဘုရား)။

၁-ကွက်လဲ သွားမရှုနဲ့၊ ၃-ကွက်တွေလဲ သွားပြီးရှုစရာမဟုတ်ပါဘူး၊ သဘောကျပလား....(ကျပါပြီဘုရား) ၄-လဲ အနာဂတ်မရောက်သေးလို့ ရှုစရာမရှိပါဘူး....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဘယ်ဟာရှုကြမယ်.... (၂-ထဲက ဟာကို ရှုရပါမယ်ဘုရား)။

အဲ.... ၂-ကွက်ထဲမှာရှိတဲ့ သတိပဋ္ဌာန်လေးပါး ပါ-ပါတယ် (မှန်ပါ့) အဲဒါတွေ ကြည့်လိုက်တဲ့အခါကျလို့ ရှိယင် တခုခုဖိပြီး ရှုပါ...(မှန်ပါ့) စိတ်ကြိုက်တဲ့ပုဂ္ဂိုလ် .... (စိတ်ရှုရပါမယ်ဘုရား) ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ်....(ဝေဒနာရှုရပါမယ်ဘုရား) သဘော ပါသွားပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျား ဒါတွေကို ရှုလိုက်တော့ ၂-နံပါတ် ထဲကနေပြီးသကာလ ၂-နံပါတ်က သမ္မာဒိဋ္ဌိကို ပေးတယ်..... (မှန်ပါ့)။

ဆရာကောင်း သမားကောင်းတွေလို့ နည်းနာကောင်းရလို့ ရှိယင် ၂-နံပါတ်ထဲမှာ ရှိတဲ့တရားတွေက ခင်ဗျားတို့ကို သမ္မာဒိဋ္ဌိပေးတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ပြောကြစို့၊ သူကလေး ပေးတယ်,မပေးတယ် သိရအောင်....(မှန်ပါ့)။

ဧဝံ ဘိက္ခဝေ ဝိညာဏံ အနိစ္စတောပဿတိ(မှန်ပါ့)ဘိက္ခဝေ ရဟန်းတို့၊ ဧဝံ=ဤသို့၊ ဝိညာဏံ=မင်းတို့သန္တာန်၌ ၂-ကွက်ထဲ ပါတဲ့စိတ်ကို၊ အနိစ္စတော=အနိစ္စ အားဖြင့်၊ ပဿတိ= ရှု၏-

ရှုစမ်းပါကွာ....တဲ့....(မှန်ပါ့) ၂-ကွက်ထဲပါတ်စိကလေးတလုံးကို ပေါ့လေ ဖြစ်ပြီးပျက်တယ်လို့ ရှုစမ်းပါတဲ့....(မှန်ပါ့)။

တကာတကာမတွေ့ စိတ်ကကေးတလုံးကို ဘာလဲပ်ရမလဲ....(ဖြစ်ပြီး ပျက်တယ်လို့ ရှုရပါမယ်ဘုရား) ဖြစ်ပျက်လို့ ရှုစမ်းပါ (မှန်ပါ့)။

ကောင်းပြီ.... တပည့်တော်တို့ ရှုပါပြီဘုရား....လို့ တကာကြွယ်ကဲ့ လျှောက်ပါတော့နော်....၊ မောင်ဘသော် ကဲ့ လျှောက်လျှောက် ဦးလှဘူးကဲ့ လျှောက်လျှောက်ပေါ့ဗျာ....(မှန်ပါ့) သာအယံဟောတိ၊ သမ္မာဒိဋ္ဌိ၊ အယံ=ဤဖြစ်ပျက်ကို ရှုသော၊ သာ=ထိုပညာသည်၊ သမ္မာဒိဋ္ဌိ=သမ္မာဒိဋ္ဌိမည်၏....(မှန်ပါ့)။

တကာတကာမတို့ ဖြစ်ပျက်ရှုတာ ဘာဒိဋ္ဌိ....တဲ့....(သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိမဂ်င် ပေါ်တယ်.... (မှန်ပါ့) ရှုလိုက်လို့ ဘာဖြစ်လာသလဲ....(သမ္မာဒိဋ္ဌိဖြစ်လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ သမ္မာဒိဋ္ဌိမဂ်င် ပေါ်လာတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဟာ မဂ်ရချင်လို့ ဆုတောင်းလို့ ရတာလား....တဲ့၊ ရှုလို့ ရတာလား.....(ရှုလို့ ရတာပါဘုရား) ဘယ်သူ့ကို ရှုလိုက်ပါလိမ့် (ဖြစ်ပျက်ကို ရှုပါတယ်ဘုရား) ဖြစ်ပျက်ရှုလိုက်တော့ ခင်ဗျားတို့ ဘာရသတုံး.....(သမ္မာဒိဋ္ဌိမဂ်င်ရပါတယ်ဘုရား) သဘောကျပလား.....(ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုလိုက်တော့ ဝမ်းထဲမှာ သမ္မာဒိဋ္ဌိ မဂ္ဂင် ရတယ်၊ ဥပမာ....မျက်လုံးစိတ်ကလေး ဖြစ်ပျက် ရှုလိုက်တော့ ဝမ်းထဲ ဘာရသတုံး....(သမ္မာဒိဋ္ဌိမဂ္ဂင်ရပါတယ်ဘုရား) နားထဲ ကြားတဲ့စိတ်ကလေး ရှုလိုက်တော့.... (သမ္မာဒိဋ္ဌိမဂ္ဂင် ရပါတယ် ဘုရား)။

ဝမ်းထဲပေါ်လာတဲ့ ဒေါသရှုလဲ သမ္မာဒိဋ္ဌိမဂ္ဂင် ရတာဘဲ၊ မောဟရှုလဲ.... (သမ္မာဒိဋ္ဌိမဂ္ဂင် ရပါတယ်ဘုရား) ကုသိုလ်စိတ် ကလေး ရှုလိုက်ပြန်လဲ....(သမ္မာဒိဋ္ဌိမဂ္ဂင်ရပါတယ်ဘုရား) အဒေါသ-ဆိုတဲ့ မေတ္တာစိတ်ကလေးရှုလိုက်ပြန်လဲ....(သမ္မာဒိဋ္ဌိမဂ္ဂင်ရပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိမဂ္ဂင်ကလဲ တကာတကာမှတို့ ဓမ္မက ပေးတာပါလား၊ ဖြစ်ပျက်ဓမ္မက ပေးတယ်....(မှန်ပါ့)။

ဒါဖြင့် ဘိက္ခဝေ=ရဟန်းတို့၊ ဝိညာဏ•=စိတ်ကလေးတခုကို၊ အနိစ္စန္တိ= အနိစ္စဟူ၍၊ ပဿတိ= ရှု၏၊ စိတ်ကလေးတခုကို ခင်ဗျားတို့ ဖြစ်ပျက်လို့ ရှုလိုက်တယ်၊ အယံ = ဤသို့ရှုခြင်းသည်၊ သောသာ=ထိုပညာသည်၊သမ္မာဒိဋ္ဌိ=သမ္မာဒိဋ္ဌိက္....တဲ့ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ သမ္မာဒိဋ္ဌိ ပါလာတယ်ဆိုတော့ တကာကြွယ်တို့ သင် ထားတာက သမ္မာဒိဋ္ဌိပါယင် သမ္မာသင်္ကပ္ပ ပါပြီ.... (မှန်ပါ့) သမ္မာဝါယာမ· သမ္မာသတိ·သမ္မာသမာဓိဆိုတဲ့ လောကီ မဂ္ဂင် ငါးပါး မပါသေးဘူးလား....(ပါပါတယ်ဘုရား) ပါတာဟာ တပြိုင်နက် ဖြစ်တယ်....(မှန်ပါ့)။

ဒါဖြင့် အနိစ္စတချက်မြင်ယင် မဂ္ဂင် ဘယ်နှစ်ပါးဖြစ်သတုံး.... (ငါးပါးဖြစ်ပါတယ်ဘုရား) အနိစ္စတချက်မြင်ယင် မဂ္ဂင်ငါးပါး တခါတည်း ရတယ်.... (မှန်ပါဘုရား) ရှင်းပြီ ....(ရှင်းပါပြီဘုရား) အနိစ္စ တချက်မြင်ယင်.... (မဂ္ဂင်ငါးပါး ဖြစ်ပါတယ် ဘုရား)။

ဩော်....မဂ္ဂင်ကလဲ ဘယ်နေရာမျှား ပေါ်ပါလိမ့်မတုံးလို့ မေးဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား) မဂ္ဂင်က ဘယ်နေရာ ပေါ်ရမတုံး တကာတကာမတို့ မဂ္ဂင်ဆိုတာသည် ဒုတိယကွက်ထဲ ရှုတော့ကို ဒုတိယကွက်ထဲဘဲ ပေါ်ရတယ်....(မှန်ပါ့)။

ဒုတိယကွက်ထမှာရှုတ့ဲစတ်ကို တကာတကာမတွေက ဒုတိယကွက်ထဲမှာ နေတာကိုး....(မှန်ပါ့) ၂ နံပါတ် အကွက်ထဲမှာ နေတယ်....(မှန်ပါ့) ဒီတော့ ဒီအထဲကတရားကိုရှုတော့ ဒီထဲမှာဘဲ မဂ္ဂင်ပေါ်တယ်....(မှန်ပါ့)။

ဒါဖြင့် မဂ္ဂင်သည် ဒီဘဝပေါ်တာလား- နောက်ဘဝပေါ်မှာလား.... (ဒီဘဝပေါ်တာပါဘုရား)ဒီဘဝမှာ အခုပြောတဲ့ စိတ်တွေ အခုရှုတာကိုး....(မှန်ပါ့)။

ဒါဖြင့် မဂ်သည် တကာတကာမတို့ ဖြေးဖြေးမှ ရမှာလား- လက်ငင်းရသလား....(လက်ငင်းရပါတယ်ဘုရား)။

ဩော်....တကာတကာမတွေသည် လျှာရှည်လိုက်တဲ့ဖြစ်ခြင်း လက်ငင်းရတာ အကြွေးတောင်းနေတော့ အတော်ခက်တယ်.... (မှန်ပါ့)။

ဝဠဉာဝတိုတို့နှင့်မဂ်ဖိုလ်ရ,ရပါလို့၏....ဆိုတော့တကာကြွယ်ကြွေးတောင်းတယ်.... (တောင်းပါတယ်ဘုရား) ရနိုင်တာက.... (လက်ငင်းရနိုင်ပါတယ်ဘုရား)။

လက်ငင်းရနိုင်တာလဲ မသိဘူး၊ အကြွေးသာ နှင်းတောင်းနေတာဘဲဆိုတော့ တကာကြွယ် ရှုးချက်သန်တယ် .... (သန်ပါတယ်)မသန်ဘူးလား....(သန်ပါတယ်ဘုရား)။

ရတာကာ....(လက်ငင်းပါ) ဒါဖြင့် အခုရတာ မလိုချင်သေးဘူး၊ နောက်မှ ပေးပါလို့ဆိုတဲ့ အဓိပ္ပါယ်မျိုးကော မရောက်ဘူးလား(ရောက်ပါတယ်)အခု အပါယ်သွားပါရစေဦးပေါ့ဗျာ၊ နို့ တခေါက်ပြန်မှ ယူပရစေ....(မှန်ပါ့)အဘော်ဆိုးတဲ့စကားဘဲ အဓိပ္ပါယ်ရောက်နေတယ်....(ရောက်ပါတယ်ဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့် ဘုန်းကြီးက ဒီလိုပြောရသတုံးဆိုတော့ ခင်ဗျားတို့ အခု ၁-ကွက်ထဲမှာ ဖြစ်နေသလား၊ ၂-ကွက်ထဲမှာဖြစ်နေသလား....(၂-ကွက်ထဲမှာပါ) ၂-ကွက်ထဲ ဆိုတော့ ယခုဘဝပါ ဟုတ်တယ်- မဟုတ်တယ် ဒီမှာကြည့်လိုက် ပစ္စုပ္ပန်လို့ မပါဘူးလား .... (ပါ-ပါတယ်) ဒီမှာလဲ ပစ္စုပ္ပန်အကျိုးလို့ မပါဘူးလား....(ပါ-ပါတယ်)ဒါဖြင့် ယခုရှိနေတယ် (မှန်ပါ့)မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ယခုရှိနေတော့ ပစ္စုပ္ပန်ဘဝ၊ အဲ....ပစ္စုပ္ပန်ဘဝမှာလဲ ဆရာဘုန်းကြီးကတကာတကာမတို့စိတ်ကလေးတလုံးကို ရှုလိုက်ပါလို့ပြောတယ်၊ ခင်ဗျားတို့ကလဲ သြော်....ဖြစ်ပြီးပျက်တာမြင်လိုက်ပြီဆိုပါတော့....(မှန်ပါ့)။

ဖြစ်ပျက်က အနိစ္စ....(သိတာကမဂ္ဂပါဘုရား) ကဲ....အကြေးလား- လက်ငင်းလား....(လက်ငင်းပါ) ဘယ်အထဲမှာရသတုံး....(၂-အကွက်ထဲမှာရပါတယ်ဘုရား)။

၂-နံပါတ် အကွက်ထဲမှာရတယ်.... (မှန်ပါ့) တကာကြွယ်မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဆုတောင်းတဲ့ပုဂ္ဂိုလ်က ၄-နံပါတ်အကွက်ထည်းမှာ ယူပါရစေ၊ နောက်ကျမှ ယူပရစေ....(မှန်ပါ့) ဘာဖြစ်လို့တုံးမေးတဲ့အခါကျတော့ တကာတကာမတို့ ရနေတာတောင်မှ ယူရမှန်းမသိလို့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ဆိုကြမယ်.... (ရနေတာတောင်မှ ယူရမှန်း မသိလို့ပါဘုရား)။

အဲဒါ ခင်ဗျားတို့ဘုရားရှေ့သွားပြီးသကာလ တော်အောင်ရောအောင် လိမ်မနေကြနဲ့....(မှန်ပါ့ဘုရား)။

တကာကြွယ်တို့ တချို့ဘုရားရှေ့သွားပြီး ဤဆွမ်းဤကွမ်းဤဖယောင်းတိုင် ဤဆီမီးအလှူကြောင့် ဟုတ်လား· ဝဋ်ဘဝတို့ တိုန့်ခွင့် မင်္ဂိုလ်ရရပါလို့၏ဘုရား ဆိုတော့ နောက်တော့ ရပရစေဘုရားဆိုတော့ လုပ်တာက အခုလုပ်နေကြတယ်၊ ရတာက....(နောက်မှပါဘုရား)။

မဟုတ်ဘူး ရတော့ကို.... (အခုရနေတာပါဘုရား) အခုရှိအခုရနေတာဗျ.... (မှန်ပါ့) ခင်ဗျားတို့က ဆုတောင်းတာက နောက်မှ ရရပါလို့၏တဲ့....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

အဲဒီတော့ ဒီပုဂ္ဂိုလ်ဟာ တော်တော်ရူးသေးလို့ဆို .... (ဆို နိုင်ပါတယ်ဘုရား) မောင်ဘသော် ဘယ့်နှယ်ဆိုမလဲ .... (တော် တော်ရူးပါသေးတယ်ဘုရား) တော်တော် ရူးဘယ်လို့ဆိုသာ ဆိုပါ....(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံး ဆိုတော့ ဘုရားကလဲ သက်တော်ထင်ရှား မရှိလို့....(မှန်ပါ့) ရှိလို့ရှိယင် နှင်လုပ်နေတဲ့ နှင်အခုရတော့ နှင်မကြိုက်သေးဘူးလား၊ နောက်မှရတာကိုနောက်ရရပါလို့လို့ ငါ့ဆီလာတောင်းတယ်၊ အခုရအောင် လုပ်လို့ပြောမှာဘဲ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီမှာ ခင်ဗျားတို့က ဘုရားရှေ့သွားပြီး တကာကြွယ်တို့က အရူးထတာကအတော်ဆိုးတယ်....(ဆိုးပါတယ်ဘုရား) ဘုန်းကြီး ရဟန်းသံဃာများ ကန်တော့လို့ရှိယင်လဲ ခင်ဗျားတို့က ဝင့် ဘဝတိုတိုနဲ့ မင်္ဂိုလ်ကိုရပါလို့၏ဘုရား....တဲ့(မှန်ပါ့) လုပ်ပြန်ပြီ ခင်ဗျားတို့....(လုပ်ပါတယ်ဘုရား)။

ကိုယ်လုပ်နေတဲ့ အလုပ်က အခုရနေတာ မသိလို့မယူတဲ့ သဘောမျိုးနဲ့....(မှန်ပါ့) ဒီမသိတာကလဲ ဒီပဋိစ္စသမုပ္ပါဒ်ကြီး ကို ကိုယ့်ခန္ဓာထည်းမှာ အခုဖြစ်ပေါ်နေတာကို မသိဘူး .... (မသိပါဘုရား)။

အခုဖြစ်ပျက်ရှလို့ အခုမင်္ဂလာဖော်ပေါ်နေတာကိုဘဲ မသိဘူး ဆိုတော့ ခေါင်းမှာလဲ အနာတွေက ပိုးကျနေပြီ၊ သူကဖြင့်ပြုံး တုန်းဘဲရှိသေးတယ်....(မှန်ပါ့ဘုရား)။

ယနေ့ထက်ထိ အနာတွေလဲ ပိုးကျလို့ပြုံးတုန်းဘဲ ဆိုတော့ မောင်ဘသော် ဒီပုဂ္ဂိုလ်ဟာ စိတ်ကောင်း-မကောင်း(မကောင်း ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီမှာလဲ ထို့နည်းအတူဘဲ တကာတကာမတို့ ကိုယ်ရနေတာလဲ ရမှန်းမသိဘဲနဲ့ နောက်မှ ဘုရားဆီလဲ သွားတောင်းတယ်၊ တောင်းရုံနဲ့တော့ ဘုရားကလဲ မပေးနိုင်၊ ခင်ဗျားတို့ကလဲ အလုပ်,မလုပ်၊ အလုပ်မလုပ်ယင်တော့ နောက်မှလဲ မရဘူး၊ အခု ရနိုင်တာကို အော်တုံး ဟစ်တုံး ဆိုလို့ရှိယင်ဖြင့် ကိုယ့်အနာ ကိုယ်ပေါက်နေတာ မသိတဲ့ လူလိုပါဘဲ....(မှန်ပါ့ဘုရား) အတော်ရှုးတယ်....(ရှုးပါတယ်ဘုရား) တကာကြွယ် ဆိုထိုက်ပလား....(ဆိုထိုက်ပါတယ်ဘုရား)။

အင်မတန်ဖျင်းတဲ့ တကာတကာမတွေ့ ခင်ဗျားတို့ရ,ထားတဲ့ဆုတောင်းကို ဖျက်ပစ်ဘို့ကောင်းတယ်...(မှန်ပါ့)။

ဆုတောင်း ဖျက်ပစ်ဘို့ကောင်းတယ်....တဲ့၊ ဘယ့်နှယ်ကြောင့် ဖျက်ပစ်ရမတုံး....ဆိုတော့ ခင်ဗျားတို့က အလုပ်သမားတွေကိုး (မှန်ပါ့)။

အလုပ်သမားတွေဆိုတော့ အခုရနေတာက မထင်ရှားဘူးလား.... (ထင်ရှားပါတယ်ဘုရား) ဒီ-ရတာကလေး ကျင့်ဘို့ဘဲ အရေးကြီးတော့တယ်.... (မှန်ပါ့) ရတာကတော့ ကေန်ဘဲ... (မှန်ပါ့)။

မဂ္ဂင်ရှစ်ပါးရှိတဲ့အနက်က ငါးပါးကို ရတယ်၊ အဲဒီငါးပါးကို ရနေတဲ့ဥစ္စာ နောက်မှ ရ,ရပါလို့၏....ဆိုတော့ တကာကြွယ် သူ့ဟာက အတော်ရှုးတယ်....(ရှုးပါတယ်ဘုရား) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အခု ဆရာကောင်းတွေ့နေလို့ မြစ်နေတော့ တော်တော်ကြာကျတော့ သို့,ကြားလိမ့်မှာတဲ့ ဆရာ

တွေနဲ့ တွေ့တဲ့အခါကျတော့ မင်းတို့ဟာ ဝိပဿနာအလုပ်-လုပ်နေတယ်ဆိုတယ်၊ ဝဋ်ဘဝတိုတို့နဲ့ မဂ်ဖိုလ် ရ,ရပါလို့၏....လို့ ဝဋ်ဘဝတိုတို့နဲ့ဆိုတာ နောက် အမျှားကြီး ကျန်သေးတယ်ကွ၊ တိုတိုဆိုတာလဲ နည်းတာမဟုတ်ဘူး....(မှန်ပါ့)တိုတယ်ဆိုပေမဲ့လဲ အရှည်ကြီး....(မှန်ပါ့)။

မင်းလုပ်နေတာက အခု ရနေတယ်၊ မင်းကလဲ တိုတို ရ,ရပါလို့၏....ဆိုတာ မင်းသည် နောက်မှ ရ,ရပါလို့၏ဆိုတဲ့အဓိပ္ပါယ်ရောက်တယ်....(မှန်ပါ့) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒီတော့ ဆရာကောင်း,သမားကောင်းနဲ့တွေ့ယင် ဩဿဒ်-အလုပ်တခြား ဆုတောင်းတခြား ဖြစ်နေတယ်လို့ ဆိုလိမ့်မယ် (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်....(အလုပ်တခြား ဆုတောင်းတခြားပါဘုရား)။

အဲဒါတွေ ခင်ဗျားတို့ သူမျှားရှေ့သွားပြီးသကာလ ဘုရားရှေ့မှာလဲ မသိအောင်လဲ ဆုမတောင်းပါနဲ့၊ သို့,ကြားလိမ့်မှာတဲ့ ပဂိုလ်ရှေ့မှာလဲ ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရပါလို့၏....လို့ လုပ်မနေနဲ့၊ အလုပ်သမားမှန်က မဂ်ရနေတာ*....(မှန်ပါ့) ရင့်-မရင့်ကလေးသာ အကဲခတ်ဘို့ လိုတော့တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

---

* ဝိပဿနာမဂ်ငါးပါးတော့ အနှည်းဆုံးရနေပြီ။

အလုပ်သမားမှန်က.... (မဂ်ရနေပါတယ်ဘုရား) ဖြစ်ပျက်မြင်လိုက်ယင် ဘာတုံး....(မဂ်ပါဘုရား) မဂ်ဟာ ဘယ်နှစ်ပါးရသတုံး....(ငါးပါးရပါတယ်ဘုရား)။*

အဲဒါ သိလျက်သားနဲ့ တကာကြွယ် ဝဋ်ဘဝ တိုတိုတွေ့, ဘာတွေ့ လျှာရှည်မနေစမ်းပါနဲ့၊ လျှာရှည်လေ လွဲလေဘဲ.... (မှန်ပါ့) မလွဲပေဘူးလား....(လွဲပါတယ်ဘုရား)။

အဲဒါတွေ့ အကုန်ဖျောက်ပါ၊အလုပ်-မလုပ်တဲ့ပုဂ္ဂိုလ်တောင်းတာကတော့ သူ့ဟာသူ တောင်းနေတာ ဘုန်းကြီးတို့က မဆိုလိုပါဘူး.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့်ခုနင်က စကားနဲ့ပြန်ပြီးသကာလအဓိပ္ပါယ်ဟတ်ကြည့် တကာကြွယ်၊ မဂ်ကိုဘုရားကပေးသလား- တရားကပေးသလား (တရားကပေးပါတယ်ဘုရား)တောင်းတာက ဘယ်သူ့ဆီ သွားတောင်းသလဲ....(ဘုရားဆီသွားတောင်းပါတယ်ဘုရား) တရားကို စစ်ကြည့်လိုက်တော့ ဘယ်နှယ်တုံး.... (ပေးနိုင်ပါဘယ်ဘုရား)။

အဲဒါဟာ သက်သေသာဓကလုံလောက်အောင် ဘုန်းကြီးနည်းနည်း ပြောပါမယ်နော်....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ သူ့ဘုရားဖြစ်ပြီး လာတော့ ဩော်....လောကကြီးမှာ ကိုးကွယ်အလေးပြုစရာမရှိယင်တော့ မကောင်းပါဘူးလို့ သူ့စိတ်ထဲ တွေးမိတယ်... (မှန်ပါ့) ကိုးကွယ်အလေးပြုစရာတော့ ရှာဦးမှဘဲ....တဲ့....(မှန်ပါ့)။

---

* လောကီမဂ် ၅-ပါးဆိုလိုသည် (ပုဗ္ဗဘာဂမဂ်)။

ဘုရားဖြစ်ပလား-မဖြစ်သေးဘူးလား.... (ဖြစ်ပြီးပါပြီဘုရား) ဘုရားဖြစ်ပြီးမှ ရှာတာ....(မှန်ပါ့)။

ဒါနဲ့ သဗ္ဗညုတညာဏ်တော်နဲ့ လောကကြီးကို အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင် အကုန်လုံးညာဏ်နဲ့ ရှာတော်မူတယ်.... (မှန်ပါ့) ငါ့ထက် သီလသာတဲ့ပုဂ္ဂိုလ်ရှိလို့ ရှိယင် ငါ ....ကိုးကွယ်မယ်.... (မှန်ပါ့) ငါ့ထက် သမာဓိသာတဲ့ပုဂ္ဂိုလ် ရှိယင်လဲ.... (ငါ....ကိုးကွယ်မှာပါဘုရား) ငါ့ထက် ပညာသာတဲ့ပုဂ္ဂိုလ် ရှိယင်လဲ.... (ကိုးကွယ်မှာပါဘုရား) အလေးပြု ကိုးကွယ်မယ်ဆိုပြီး ရှာလိုက်တယ် တယောက်မှ မတွေ့ဘူး....(မှန်ပါ့) တကာကြွယ် တွေ့ရဲလား... (မတွေ့ပါဘုရား)။

ဒါနဲ့ စိတ်တော်ကြုံပြီးတော့ စဉ်းစားတယ်၊ သြော်.... ငါ့ထက် သီလ, သမာဓိ, ပညာသာတဲ့ပုဂ္ဂိုလ် တယောက်မှ မရှိပါလား၊ ကိုးကွယ်ရာမရှိပါလား....လို့ ပုဂ္ဂိုလ်ထဲကဖြင့် မရှိပါလား ဆိုတာ တွေးမိတော်မူတယ်....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

နောက်တော့မှ တတိယ ပြန်စဉ်းစားပြန်တယ်၊ သြော်.... ငါ...ဘယ်နှယ်ကြောင့် ဘုရားဖြစ်လာပါလိမ့်မလဲလို့.... (မှန်ပါ့) ဟာ....တရားတွေ့လို့ ဘုရားဖြစ်လာတာ ... (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘယ်လိုကြောင့်ပါလိမ့်....(တရားတွေ့လို့ ဘုရားဖြစ်တာပါဘုရား) တရားတွေ့လို့ ဘုရားဖြစ်တော့ တရားဘဲ အလေးပြု ကိုးကွယ်ရာထားမှာဘဲ၊ ဒီလို ဆုံးဖြတ်ချက် ချတယ်.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ....ဘုန်းကြီးက ခင်ဗျားတို့ တရားပေးမှ ရတယ်ဆိုတာ မယုံမှာစိုးလို့ ဝတ္ထုထုတ်ပြတာပါ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒီတွင်မှ ဝတ္ထုကမဆုံးသေးပါဘူးတကာကြွယ်ရ၊*သဟမ္မတိ ဖြဟ္မာကြီးက ဆင်းလာတယ် အရှင်ဘုရားတွေ့လုံးဟာ သိပ်ပြီး တည့်ပါတယ်ဘုရား....(မှန်ပါ့) ရှေးကပင့်သွားကြတဲ့ အရှင် ဘုရား၏ နောင်တော်တွေဖြစ်တဲ့ ကောဏဂုဏ်, ကဿပ အစရှိ သော မြတ်စွာဘုရားရှင်တို့သည်လည်း တရားဘဲ အလေးပြု ကိုး စားသွားကြပါတယ်....(မှန်ပါ့ဘုရား)။

တပည့်တော်ကတော့ ရှေးဘုရားတွေမှိတဲ့ ဖြဟ္မာဖြစ်တဲ့အတွက် အရှင်ဘုရား စိတ်ကူး သိပ်တည့်ပါပေတယ်၊ အရှင်ဘုရားထက် သီလ, သမာဓိ, ပညာသာတဲ့ပုဂ္ဂိုလ် မရှိပါဘူး၊ ဒါ့ကြောင့် ပုဂ္ဂိုလ်အနေဖြင့် အလေးပြု ကိုးစားစရာမရှိဘူး၊ အရှင်ဘုရား ဘုရားဖြစ်လာတဲ့ တရားကို အရှင်ဘုရားအလေးပြု ကိုးစားမယ် ဆိုတာဖြင့် ရှေးဘုရားတွေလဲ ဒီလိုကိုးကွယ်ကြပါတယ် ဆိုတာ သူက ထောက်ခံချက်ပေးလိုက်တယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မင်္ဂလာသုပေးမှရသတုံး....(တရားပေးမှရပါတယ် ဘုရား) ဒါဖြင့် ဆုတောင်းရုံလောက် လုပ်မနေကြနဲ့နော် .... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

---

* သဟမ္မတိဆင်းလာသည်ကို တိုက်ဆိုင်ရန် သံယုတ်ဂါရုဝ သုတ်စသည်မှာရှိသည်။

ခင်ဗျားတို့က တော်တော်လျှာရှည်တဲ့လူတွေ့ မပေးနိုင်တဲ့ဆီ သွားပြီး တောင်းလို့ရှိယင် မခက်ဘူးလား .... (ခက်ပါတယ် ဘုရား)။

မပေးနိုင်တဲ့ဆီ သွားတောင်းတယ်ဆိုတာ နတ်ကိုထမင်းဟင်း ပေးပါလို့ တောင်းလို့ရှိယင်ဖြင့် နတ်က နတ်သြဇာစားနေတာ ဟင်းမှမရှိဘဲ....(မှန်ပါ့) ဘယ့်နှယ်လုပ် ပေးနိုင်မလဲ....(မပေးနိုင် ပါဘုရား)။

ဗြဟ္မာဆီသွားပြီး ထမင်းပေးပါ သွားတောင်းလို့ ဗြဟ္မာက ခင်ဗျားတို့သိတဲ့အတိုင်း ပိတိစားနေတာ.... (မှန်ပါ့, ပိတိဆိုတဲ့ ဝမ်းမြောက်လုံးကလေးနဲ့ ဗြဟ္မာအသက်ရှင်နေတာ.... (မှန်ပါ့) အဲဒါ ထမင်းပေးပါသွားတောင်းယင် မောင်ဘသော် ရ-မရ (မရပါဘုရား)။

ဒါဖြင့် နတ်ဆီထမင်းသွားတောင်းယင်.... (မရပါဘုရား) ရှင်းပြီ... (ရှင်းပါပြီ) ဗြဟ္မာဆီထမင်းသွားတောင်းတယ်.... (မရ ပါဘုရား) ဘာဖြစ်လို့တုန်း မပေးနိုင်လို့....(မှန်ပါ့)ပေးစရာလဲ မရှိဘူး....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ဘုရားရှေ့သွားပြီး မဂ်ဖိုလ်ပေးပါဆိုလို့ မဂ်ဖိုလ်မပေးနိုင်ဘူး၊ မဂ်ဖိုလ် ရစေနိုင်တဲ့နည်းဘဲ ပေးလိုက်မယ် (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘယ်သူပေးမှ ရသတုံး....(တရားပေးမှရပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားရှေ့သွားတဲ့ ပုဂ္ဂိုလ်တွေ့ တွေ့လို့ရှိယင်ဖြင့် တပည့်တော် သာဝကဆု ဘာဆုတွေ့ဆိုတာ

သာဝကဖြစ်ချင် ဖြစ်ပေါ့ဗျ၊ မင်္ဂဉာဏ် ဖိုလ်ဉာဏ်တော့ မပေး နိုင်တာအမှန်ဘဲ၊ မင်္ဂဉာဏ် ဖိုလ်ဉာဏ်လုပ်ယူမှ ရမယ်....(မှန်ပါ့) သဘောပါပလား....ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အခု ဗြဟ္မာကြီးက ထောက်ခံချက်ပေးလိုက် တာလဲ့ မသေချာဘူးလား....(သေချာပါပြီ) ဒါဖြင့် ခင်ဗျားတို့ မင်္ဂဉာဏ် ဖိုလ်ဉာဏ် လိုချင်လို့ ရှိယင်ဖြင့် ခန္ဓာထဲကတရားရှုပါ (မှန်ပါ့ဘုရား)။ *

မင်္ဂဉာဏ် ဖိုလ်ဉာဏ်လိုချင်ယင်....(ခန္ဓာထည်းကတရားရှုရပါ မယ်ဘုရား)အဲ့....သတိပဋ္ဌာန်လေးပါးထဲက တပါးပါးပေါ့ဗျာ- (မှန်ပါ့) သတိပဋ္ဌာန်လေးပါးဆိုတာ ခန္ဓာထဲကတရားဆိုတာ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီလိုဆိုယင် တကာကြွယ် မရဘဲနေမလား· ရမလား....(ရပါ မယ်ဘုရား)ဒါ့ကြောင့် ခုနင်က နှစ်မျိုးခွဲပြောလိုက်တယ်၊ ဘာမှ မလုပ်တဲ့လူ သွားတောင်းတာကတော့ သူ့ဟာသူတောင်းချင် တောင်း မတောင်းချင်နေ....(မှန်ပါ့ဘုရား)။

လုပ်တဲ့ပုဂ္ဂိုလ်ကတော့ဖြင့် ဒါအထမြောက်ရပါလို့၏ ဆိုပြီး ဒါ အထမြောက်ခြင်းကိုသာ ကြိုးစားနေယင်တော့ မတောင်း ရဘူး....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဝိရိယပိုပေးလိုက်- ပညာပိုပေးလိုက်- အချိန်ပိုပေးလိုက် .... (မှန်ပါ့)မရဘဲရှိပါ့မလား .... (ရပါတယ်ဘုရား) သဘောပါပ လား....(ပါ-ပါပြီဘုရား)။

---

* ဆုတောင်းချုံနဲ့ ကျေနပ်ပြီး အလုပ်-မလုပ်တဲ့ ပုဂ္ဂိုလ်တွေ အတွက် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်သည်။

ကဲ....တကာကြွယ် နေရာကျပလား.... (ကျပါပြီ)ခင်ဗျား ကော ဒီဆုတောင်းမျိုးတွေ့ ကျက်ထားသေးသလား(အယင်က တော့ ကျက်ထားပါတယ်ဘုရား)။

အယင်ကတော့ ကျက်ထားတယ်၊ အခုတော့ ဘယ့်နှယ်ရှိခိုး သတုံး ပြော·ပြောစမ်းပါဦး။

တပည့်တော် အားထုတ်တဲ့တရား အထမြောက်ရပါလို၏ ဆိုယင် ကောင်းတယ်....(မှန်ပါ့) ဝဋ်ဘဝတိုတိုနဲ့ဆိုတော့ဟိုဝဋ် တွေကလဲ ရှည်သွားဦးမှာကိုးဗျ.... (မှန်ပါ့) နည်းတာတွေ့မှ မဟုတ်ဘဲ....(မနည်းပါဘုရား)။

အဲဒါတွေတိုတယ်ဆိုပေမဲ့ ဝဋ်ပေါင်းက ဘယ်လောက်မှန်း လဲမသိဘူး....(မှန်ပါ့) ကိလေသဝဋ်,ကမ္မဝဋ်, ဝိပါကဝဋ်ဆိုတာ နဂိုရိုက်ကမ္မဝိုင်းနေတာ....(မှန်ပါ့) ဝိုင်းတာကို အတိုဖြစ်အောင်လဲ မတတ်နိုင်ဘူး....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဝိုင်းတာ အတိုဖြစ်အောင်....(မတတ်နိုင်ပါဘုရား)ကိလေသ ဝဋ်ပြီး ဘာလာသတုံး မေးယင်....(ကမ္မဝဋ်ပါ) ကမ္မဝဋ်ပြီးယင် ကော....(ဝိပါကဝဋ်ပါဘုရား)။

အဲ....ဝိပါကဝဋ်ထဲက ဘာတွေ့ပေါက်ပွားနေသလဲ .... (ကို လေသဝဋ်တွေ့ ပေါက်ပွားပါတယ်) ဟော .... ဝိုင်းသွားပြီ ခင်ဗျားတို့....(မှန်ပါ့) ဘယ်မှာ ဝဋ်တိုရမှာတုံးဗျ၊ လုံးတောင် နေသေးတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီအထဲက ဝဋ်ဘဝတိုတိုနဲ့ ဆိုတော့ တကာကြွယ်ရောင်ဗျားကျက်ထားတဲ့စာ အတော်ခက်နေပါလား....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဒလို ဆရာကောင်း, သမားကောင်း, နည်းနာကောင်း မတွေ့လို့ရှိယင် စာတိုစာရှည်ကဟာတွေ့ ဒါကလေးဖြင့် ငါကြိုက်တယ်ဆိုပြီး ကျက်ထားလိုက်တာဘဲ....(မှန်ပါ့)ငါကြိုက်တာကလဲ အလဲချည့်ဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူ့မှလဲ မမေး ကိုယ်ကလဲ ဘာမှမပါ၊ ဟုတ်လား.... (မှန်ပါ့) အဲဒီလိုဖြစ်နေတော့ တကာကြွယ် အားကြီးမခက်ဘူးလား....(ခက်ပါတယ်ဘုရား)။

စာကလေးကြည့်မယ်ကြံလို့ရှိယင်လဲ ကိုယ့်ခန္ဓာနဲ့ကိုယ့်ဉာဏ်နဲ့ထည့်ပြီး စဉ်းစားပါဦး၊ မဂ်ဉာဏ်ဆိုတာ ဘယ်သူက ပေးထာပါလိမ့်မတုံး....လို့....(မှန်ပါ့) အခုတော့ ဘယ်သူက ပေးသတုံး (တရားက ပေးပါတယ်ဘုရား)။

ဟောဒီတရားသာရှုခဲ့ဗျားတို့ ၂-နံပါတ်အကွက်ထဲက တရားသာရှု....(မှန်ပါ့) ခင်ဗျားတို့ခန္ဓာက ၂-နံပါတ် အကွက်ထဲမှာ၊ ခင်ဗျားတို့ ခန္ဓာကိုယ်ကလဲ တရားချည့်ဘဲ....(မှန်ပါ့) ဒီ့ပြင်တခြားရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီတရားတွေ့ကိုသာ ဉာဏ်ကလေးနဲ့ ရှုရှု,ရှုရှုပေးနေလို့ရှိယင် သူက မဂ်ပေးလိမ့်မယ်....(မှန်ပါ့)။

မိမိအားထုတ်တဲ့တရားသည်သာလျှင် မိမိ ကိုးကွယ်ရာတည်း ဆိုတော့ မိမိခန္ဓာကိုယ် မိမိကြည့်ပြီး အားထုတ်တဲ့ တရားသည် လျှင် ခင်ဗျားတို့၏ ကိုးကွယ်ရာ....(မှန်ပါ့)မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ကိုးကွယ်ရာ ဆိုတာ ခင်ဗျားတို့ အားထုတ်တဲ့ တရား ခင်ဗျားတို့ ပြန်ပြီးအားကိုးရမယ်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့၊ အလုပ်စဉ်ကလေးပါ ပေး လိုက်မယ်နော်....(မှန်ပါ့)။

အလုပ်စဉ်ကလေးပါ ပေးလိုက်မယ်....တဲ့၊ ဥပမာမယ် စိတ် ကလေးတခု ဘယ်စိတ်ပေါ်ပေါ် ခင်ဗျားတို့သန္ဓာန် ပုထုဇန် တွေကိုးဗျ၊ ပုထုဇန်စိတ်ဘဲပေါ်မှာဘဲ... (မှန်ပါ့) ပေါ်တဲ့စိတ် ကို မောင်ဘသော်က ဘာလုပ်မလဲ.... (ဖြစ်ပျက် ရှုရပါမယ် ဘုရား)။

အဲ.... ဝိညာဏံ အနိစ္စန္တိပဿတိ၊ ဝိညာဏံ= အခု ပေါ်တဲ့ ပုထုဇန်စိတ်ကလေးကို၊ အနိစ္စန္တိ = အနိစ္စဟူ၍၊ ပဿတိ=ရှုတယ် (မှန်ပါ့) ထိုရှုတဲ့ပညာသည် သမ္မာဒိဋ္ဌိဖြစ်၏....တဲ့၊ မဂ္ဂင်ဖြစ်သွား ပြီ... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္ဓာန်ဖြစ်တဲ့စိတ်ကလေး ဖြစ်ပျက်ရှုလိုက် တော့ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သွားတယ်.... (ဖြစ်သွားပါတယ်ဘုရား) သမ္မာဒိဋ္ဌိဖြစ်သွားကတည်းက သူနဲ့ အဖေါ်လေးခုကလဲ ပါလာ တယ်....(ပါလာပါတယ်ဘုရား)။

သဟဇာတအဖြစ်နဲ့ပါလာတယ်၊ တကွ ဖြစ်ပေါ်ဖြစ်ဘက်ကိုး (မှန်လှုပါဘုရား) မဂ္ဂင်လေးပါး ပါမလာဘူးလား.... (ပါလာပါတယ်ဘုရား) ဒါဖြင့် မဂ္ဂင်ငါးပါးမရဘူးလား.... (ရပါတယ်ဘုရား)။

အဲဒီတော့ဒီ-ရရုံကလေးနဲ့မင်း-ကျေနပ်မနေနဲ့တဲ့ ဘုရားကဒါကယထာဘူတာ သမ္မာဒိဋ္ဌိ....တဲ့....(မှန်ပါဘုရား) တက်လိုက်....တဲ့ ဒီအနေ မနေနဲ့ဆိုပြီးသကာလ တခါတည်း မောင်ဘသော်တို့-တကာကြွယ်တို့က ရှုပေး....(မှန်ပါ့)။

"သမ္မာ ပဿံ နိဗ္ဗိန္ဒတိ...."တဲ့၊ အဲဒီလို ဖြစ်ပျက် များများမြင်လာလို့ ရှိယင် နိဗ္ဗိန္ဒာဏ်ဆိုတာ ပေါ်လိမ့်ဦးမယ်ကွ....တဲ့ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်ကို သမ္မာဒိဋ္ဌိနဲ့ များများမြင်လာတော့ ဉာဏ်တိုးတက်လာသလား.... (နိဗ္ဗိန္ဒာဏ် တိုးတက်လာပါတယ် ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) နိဗ္ဗိန္ဒာဏ် တက်လာလိမ့်မယ်ကွ....တဲ့....(မှန်ပါ့)။

သမ္မာ=ကောင်းစွာ၊ ပဿံ= ရှုသည် ရှိသော်၊ နိဗ္ဗိန္ဒတိ= ငြီးငွေ့လာလိမ့်မယ်....တဲ့....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဘယ်နှစ်ဉာဏ်ရသွားပလဲ.... (နှစ်ဉာဏ်ပါဘုရား) နှစ်ဉာဏ်ရသွားပြီ၊ ခုနင်က သမ္မာဒိဋ္ဌိပေါ်လာကတည်းက၊ ယထာဘူတဉာဏ်တော့ ရတယ်....(မှန်ပါ့) အခုတော့ နိဗ္ဗိန္ဒာဏ် တက်တယ်....(မှန်ပါ့)။

ကဲ....နိဗ္ဗာန်ဉာဏ်တွင် မင်းလဲ ရပ်မနေနဲ့၊ဘုရားကတခါဟော ပြန်တယ်....(မှန်ပါ့) နိဗ္ဗာန်ဉာဏ်တွင် ရပ်မနေနဲ့၊ သမ္မာပဿံ နိဗ္ဗာန်တိတွင် ရပ်မနေနဲ့ဦး၊ နိဗ္ဗာန်ဆိုသော ဝိရဇ္ဇတိ....တဲ့၊ မလိုချင် အောင် ရှုပစ်လိုက်....တဲ့....(မှန်ပါ့) ဖြစ်ပျက်ကို ဘာတဲ့....(မလို ချင်အောင် ရှုပစ်ရပါမယ်ဘုရား)။

နိဗ္ဗာန်ဆိုသော=ငြိုးငဲ့.ပြီးသည်ရှိသော်၊ ဝိရဇ္ဇတိ=တဏှာနဲ့မငြို အောင် ရှုပစ်၊ (ဝါ) မလိုချင်အောင် ရှုပစ်လိုက်.... (မှန်ပါ့ ဘုရား)။

မလိုချင်အောင် ရှုပစ်လိုက်တယ်ဆိုတော့ ဖြစ်ပျက်ခန္ဓာကြီး တကာဘကာမတွေ အခု ပြောတဲ့ ၂-နံပါတ်မှာရှိတဲ့ ဒီငါးခု စလုံး အကုန်ပျောက်တယ်....(မှန်ပါ့ဘုရား) ငါးခုစလုံး အကုန် ပျောက်တော့ ဘာသစ္စာ ပျောက်သွားသတုံး.... (ဒုက္ခသစ္စာ ပျောက်သွားပါတယ်ဘုရား) တကာကြွယ် ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား)။

ဒါတွေ အခု ရှုလိုက်သဖြင့် ငါးခုစလုံး ပျောက်သွားတော့ ဘာသစ္စာတွေ ပျောက်သွားသတုံး.... (ဒုက္ခသစ္စာတွေ ပျောက် သွားပါတယ်ဘုရား)။

ဒါဖြင့် လုပ်လိုက်တဲ့ ဒုက္ခနိရောဓော နိဗ္ဗာန်.... (မှန်ပါ့) ဒုက္ခတွေ ချုပ်သွားတော့....(နိဗ္ဗာန်ပါဘုရား)။

ကဲ....ဒါဖြင့် သူပျောက်သွားယင် နိဗ္ဗာန် ပေါ်တာဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန်ဆိုသော= ငြိုးငဲ့.ပြီးသည် ရှိသော်၊ ဝိရဇ္ဇတိ=မင်္ဂလာပေါ်လာ၏....တဲ့.... (မှန်ပါ့ဘုရား)

မင်္ဂလာဏ် ပေါ်လာလို့ ရှိယင် ဟောဒီ ၂-နံပါတ်ထဲက ခန္ဓာငါးပါးကို ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ ဆိုတဲ့ပဋိစ္စသမုပ္ပါဒ် ခန္ဓာဖွဲ့တော့ ငါးပါး တကာကြွယ် ဒါ....ပေါ်လာသေးရဲ့လား....(မပေါ်လာပါဘုရား)။

ဒါ....ချုပ်သွားတော့ ဒီမှာ စာကလေးဆဲလိုက်- ဒုက္ခနိရောဓော....(နိဗ္ဗာနံပါဘုရား) ဟော....ဒုက္ခချုပ်ယင် နိဗ္ဗာန်ဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒုက္ခချုပ်တယ်ဆိုတာ ချုပ်မှာဘဲ....တဲ့၊ ဒီက ကူးတဲ့ တဏှာကော ကူးသေးရဲ့လား....(မကူးပါဘုရား) ၃-နံပါတ် အဆက်လဲ ပြတ်သွားပြီ....(မှန်ပါ့) မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား) ၃-နံပါတ်အဆက်ပြတ်တာက မင်္ဂက ဖြတ်တာ.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား) မင်္ဂက ဖြတ်လဲဖြတ်တယ် ဒုက္ခကိုလဲ ချုပ်စေတယ်... (မှန်ပါ့)။

မင်္ဂသည်.... (ဖြတ်လဲဖြတ်တယ် ဒုက္ခကိုလဲ ချုပ်စေပါတယ် ဘုရား) ကိလေသာကိုလဲ ဖြတ်တယ် နိဗ္ဗာန်ကိုလဲ အာရုံပြုတယ် (မှန်ပါ့)။

ဒါ့ကြောင့် ဒုက္ခချုပ်သွားတာ၊ သူ-ပိုင်းခြားလို့ ချုပ်သွားတာ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဉာဏ်သုံးဉာဏ်နဲ့ တင်္ပစ်လိုက် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အနိစ္စန္တိ ပဿတိ သာယံ ဟောတိ သမ္မာဒိဋ္ဌိ= သမ္မာဒိဋ္ဌိဖြစ်အောင် အယင်လုပ်ပစ်လိုက်....(မှန်ပါ့) ဝိပဿနာမင်္ဂဖြစ်အောင် အယင်လုပ်ပစ်လိုက်....(မှန်ပါ့) အဲဒါ ယထာဘူတဉာဏ် ခေါ်လိုက်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဖြစ်ပျက်မြင်ယင် ဘာညာဏ်.... (ယထာဘူတဉာဏ်ပါဘုရား) ကဲ....တခါတက်လိုက် သမ္မာပဿ နိဗ္ဗိန္ဒတိ၊ ခုနင်ကကောင်းစွာ မြင်ပြီးယင် ငြီးငွေ့လာအောင် လုပ်စမ်း.... (မှန်ပါဘုရား) ဘာပြန်တက်လာသလဲ.... (နိဗ္ဗိန္ဒဉာဏ် တက်လာပါတယ်ဘုရား) ဒီဖြစ်ပျက် တခါထပ်ဖုန်းတာဘဲ....(မှန်ပါ) နိဗ္ဗိန္ဒနွေဝိရဇ္ဇတိ ဆိုယင် ဒုက္ခသစ္စာ ပျောက်ပြီ၊ နိရောဓသစ္စာ ပေါ်လာပြီ.... (မှန်ပါ) ရှင်းပလား တကာကြွယ်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ၂-ကွက်ထဲမှာ အားထုတ်လို့ ၂-ကွက်ထဲမှာဘဲ သူ-သောတာပန်တည်တယ်....(မှန်ပါ) သကဒါဂါမ်....(တည်ပါဘယ်ဘုရား) ဆက်လုပ် အနာဂါမ်- ရဟန္တာ ၂- ထဲမှာ ဖြစ်တယ်....(မှန်ပါ) ဒီဘက် ၃-ကွေးသေးရဲလား....(မကွေးပါဘုရား) ၄-ဖြစ်စရာရှိသေးရဲလား.... (မရှိပါဘုရား) ဒါဖြင့် ဟောဒီဘက်က သမုဒယသစ္စာလဲ ပျောက်တယ်....(မှန်ပါ)။

၃-နံပါတ် သမုဒယသစ္စာလဲ....(ပျောက်သွားပါတယ်ဘုရား) ၄-နံပါတ် ဒုက္ခသစ္စာ....(ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် သမုဒယဒုက္ခချုပ်တယ်ဆိုတာ သေချာပြီ....(သေချာပါပြီဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်· မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

မှားသောအကျင့်နှင့် မှန်သောအကျင့်-ကျင့်ကြသူများ

လက်တွေ့ ဝိပဿနာ

နွေ-အလုပ်ပေးတရားတော်

(၁၃၂၁·ခု ဒုတိယဝါဆိုလွန်း ဂ-ရက်)

ခန္ဓာကိုယ်ကြီး၏ ဖြစ်စဉ်ကိုသိမှ ခန္ဓာကိုယ်ထဲမှာ အဖြစ်အပျက်ကို ဖမ်းဘိုရဉ်၌ အခုလို ပါးစပ်ပြောနဲ့ ပြောပြီးသကာလ နေတာတွေလဲ မှတ်မိကြပါတယ်၊ သို့သော်.... ဘယ်နေရာက နေပြီးသကာလ ပျောက်တယ်၊ ဘယ်နေရာက ဖြစ်တယ် ဆိုတဲ့ ဥစ္စာ သေသေချာချာ မသိရသေးတဲ့အတွက် အခုတော့ လက်တွေ့ ဝိပဿနာကိုဘဲ တကာတကာမတွေကို သနားသောအားဖြင့် ပြပေးမယ်လို့ စိတ်ထဲမှာ ပေါ်ပေါက် လာလယ်.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် တကာလကာမတွေ လက်တွေ့ ဝိပဿနာကိုဘဲ ဒီအချိန် ကြိုးစားပါဆိုတာကို မေတ္တာရပ်တယ်.... (မှန်ပါ့)။

ဒီဟာကို မမှတ်မိတော့ပါဘူး၊ လက်တွေ့ ဝိပဿနာကိုဖြင့် မကြိုးစားတော့ပါဘူး ဆိုယင် ရမ်းရှု-မှန်းရှု ဖြစ်နေမှာ စိုးရတယ်....(မှန်ပါ့)။

အဲဒီကဲ့သို့ ရမ်းရှု- မှန်းရှု ဖြစ်နေမှာ စိုးတဲ့အတွက် တကာတကာမတွေက ခန္ဓာကိုယ်ကြီးဟာ ဘာပါလိမ့်မလဲလို့ မေးလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်တရားကြီးဘဲလို့ မှတ်ပါ....(မှန်ပါ့ ဘုရား)။

ခန္ဓာကိုယ်ကြီးဟာ ဘာပါလိမ့်.... (ပဋိစ္စသမုပ္ပါဒ်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်တရားကြီးလို့ အားလုံး မှတ်ကြစမ်းပါ.... (မှန်ပါ့ ဘုရား)။

ဂျင်း ခန္ဓာကိုယ်ကြီးအဆုံးဟာ ဘယ်တော့မှ ဆုံးမှာတုံးလို့ မေးလို့ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဆုံးမှ ဆုံးမှာဘဲ.... (မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် ခန္ဓာကိုယ်ကြီးသည်ကား....လို့ ဆိုယင် ပဋိစ္စသမုပ္ပါဒ် အစဉ်အတိုင်း ဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) နိဗ္ဗာန်ဆိုတာ ပဋိစ္စသမုပ္ပါဒ် အကုန်ပျောက်တာကို ဆိုသည်....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ဆက်နေတာဟာ ခန္ဓာကိုယ်ကြီး၊ ပဋိစ္စသမုပ္ပါဒ် ပျောက်သွားတာ နိဗ္ဗာန်....(မှန်ပါ့) ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ် ကိုဘဲ သေသေချာချာ ပြပါ့မယ်....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် ပြတော့မယ်ဆိုတော့ ဘုရားက ဘယ်အကြောင်းကြောင့် ပြခိုင်း

တယ် ဆိုတာကလေး အကြောင်း ဖေါ်ပြပါဦးမယ်.... (မှန်ပါ့ ဘုရား)။

ဘုရားက ဘယ် အကြောင်းကြောင့်တုံး....ဆိုလို့ ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ်အတိုင်း သွားလာနေကြတဲ့ တကာတကာမတွေဟာ မိစ္ဆာပဋိပဒါ- မှားသော အကျင့်ကို ကျင့်နေတာ ဟေ့....တဲ့၊ ပဋိစ္စသမုပ္ပါဒ်ကို ပြတ်အောင်လုပ်နေတဲ့ပုဂ္ဂိုလ်ဟာ သမ္မာပဋိပဒါ အမှန်အတိုင်း ကျင့်နေတဲ့ပုဂ္ဂိုလ်....တဲ့....(မှန်ပါ့)*။

ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်အတိုင်း သွားလာနေကြတဲ့ တကာ တကာမတွေဟာဖြင့် မှားသော အကျင့်ကို ကျင့်နေတဲ့ပုဂ္ဂိုလ်တွေလို့ မှတ်လိုက်ပါတော့....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်သွားတဲ့အတိုင်း သွားနေကြယင် ဘာဆိုကြပါမယ်....(မှားသောအကျင့်- ကျင့်နေပါတယ်ဘုရား) မှားသော အကျင့်ကို ကျင့်နေကြတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ကြီးဟာဖြင့် ရှိနေတာဘဲ၊ သို့သော်....တပည့်တော်တို့ ဒီဟာကို ဖြတ်နေပါတယ်ဆိုယင် မှန်သောအကျင့်- ကျင့်နေတဲ့ပုဂ္ဂိုလ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်အတိုင်း သွားနေကျယင် မှားသောအကျင့်ကို ကျင့်နေတဲ့ပုဂ္ဂိုလ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ဖြတ်နေတဲ့ပုဂ္ဂိုလ် ဖြစ်ခဲ့လို့ရှိယင် မှန်သောအကျင့်ကို ကျင့်နေတဲ့

---

* ပဋိပဒါသုတ်-နိဒါနဝဂ္ဂသံယုတ်

ပဋိုလ်လို့ မှတ်လိုက်စမ်းပါ၊ တိုတိုမှတ်ချင်တော့ သံသရာဆက်နေတာသည် ပဋိစ္စသမုပ္ပါဒ်အတိုင်း သွားနေတဲ့ပဋိုလ်....(မှန်ပါ့ဘုရား)။

သံသရာဖြတ်တဲ့ ဝိပဿနာအလုပ်- လုပ်နေတဲ့ ပဋိုလ်ဟာ တကာ တကာမတို့....နိဗ္ဗာန်ရောက်တဲ့အကျင့်ကို ကျင့်နေတာဘဲ၊ ဒါ့ကြောင့်....မှန်သောအကျင့်လို့ ဆိုထိုက်ပါတယ် .... (မှန်ပါ့ဘုရား)။

ဒါဖြင့် အားလုံး တကာ တကာမတွေ.... ဒီပဋိစ္စသမုပ္ပါဒ်ကို နေ့တိုင်း ပြပြီးသကာလ.... တကာ တကာမတွေ ရှင်းသည်ထက် ရှင်းသွားအောင် သြော်....ဒို့လုပ်နေတဲ့ကျေးဇူးဟာ တကယ် ခရီးပေါက်လို့ ရောက်လှပါလားဆိုတာလဲ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်တဲ့ အခြေအနေရောက်အောင် ကျေးဇူးများမှာ ဖြစ်လေသောကြောင့် အိမ်မှာနေလို့ ရှိယင် ပဋိစ္စသမုပ္ပါဒ် ဆက်နေတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) ၊ ဒါမှားသော အကျင့်ဘဲ....(မှန်ပါ့)။

အိမ်မှာနေယင် ဘာလုပ်နေကြပါလိမ့်-(မှားသောအကျင့်ကို ကျင့်နေပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် ဆက်နေသောကြောင့် ဘယ့်နှယ်ဆိုကြပါမယ်....(မှားသောအကျင့်ပါဘုရား)။

အခုလို ဝိပဿနာအလုပ်- လုပ်နေတဲ့ပဋိုလ်ကျတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်နေသောကြောင့် ဘာအကျင့်လို့ ဆိုကြမယ်(မှန်သောအကျင့်ပါဘုရား)။

ဒါဖြင့် မှန်သောအကျင့်-ကျင့်မှသာလျှင် သစ္စာဆိုက်၏၊ မှားသောအကျင့် ဆိုလို့ရှိယင် အဝိဇ္ဇာနယ်ပယ်မှာ နေရလိမ့်မယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ကျုပ်-မအားလို့ ဘုန်းကြီး တရားကို ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို မနာရဘူးဆိုလို့ရှိယင် မှားသောအကျင့်ကို ကျင့်နေသကိုး....လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

မအားလို့ မလာနိုင်တဲ့ပုဂ္ဂိုလ် ဘယ်လိုဆုံးဖြတ်ချက်ချပါ့မယ် (မှားသောအကျင့် ကျင့်နေလို့ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်တရားကို လာနာပြီးသကာလ ဩဿ.... ဒီလိုဖြတ်နေရပါကလား....လို့ သိသောပုဂ္ဂိုလ်မျှားသည် မှန်သောအကျင့်ကို ကျင့်နေတဲ့ပုဂ္ဂိုလ်မျှားလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

မအားလို့ မလပ်လို့ ဆရာသမားဆီ မရောက်နိုင်ကြဘူး၊ မလာနိုင်ကြဘူးဆိုယင်ဖြင့် ဘာအကျင့်- ကျင့်နေသတုံး....(မှားသောအကျင့်ကို ကျင့်နေပါတယ်ဘုရား)။

ဩဿ....ဟုတ်ပါပြီ၊ မိစ္ဆာပဋိပဒါ....လို့ ဘုရားက ဟောလိုက်တယ်၊ နိဒါန ဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဒီအတိုင်း ဟောထားတယ်....(မှန်ပါ့)။

အခုလို တရားနာပြီးသကာလ တရားနာရင်းနဲ့ ဉာဏ်နဲ့ဖြတ်၊ အိမ်ရောက်တဲ့အခါကျလို့ရှိယင်လဲ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဉာဏ်နဲ့ဖြတ်နေလို့ရှိယင် မှန်သောအကျင့်ကို ကျင့်ခဲ့နေသောကြောင့် တကာတကာမတွေ့ ဒုက္ခသိမ်းရှင် ငြိမ်းပါလိမ့်မယ် .... (မှန်ပါ့ဘုရား)။

မအားလို့ မလပ်လို့ မလာနိုင်ဘူး၊ မသွားနိုင်ဘူးဆိုယင်ဖြင့် ဘာမှ စဲချက်မတင်နဲ့၊ သူတို့ကို တကာသစ်တို့ ဦးလှဘူးတို့ကမှား သောအကျင့်ကို ကျင့်နေလို့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မအားလို့ မလာနိုင်တဲ့လူ ဘာအကျင့်ကို ကျင့်နေသတုံး.... (မှားသောအကျင့်ကို ကျင့်နေပါတယ်ဘုရား)။

အားလို့ လာနိုင်ကြပြန်တော့လဲ ဘယ့်နှယ်ဆိုကြမယ်.... (မှန်သောအကျင့်ကို ကျင့်နေပါတယ်ဘုရား)။

အဲဒါကြောင့်.... ခင်ဗျားတို့က မအားလို့ မလပ်လို့ ဆိုပြီး ဆင်ခြေများ လဲမယ်စိတ်ကူးလို့ရှိယင်ဖြင့် သြော်....ဒို့-မှားသော အကျင့်-ကျင့်နေလို့ အောက်-သံသရာလမ်းအကျင့်ကို ကျင့်နေတာဘဲလို့ ကိုယ့်ကိုယ်ကို စဲချက်တင်လိုက်ပါ၊ မှန်လွန်းလို့ကို ဟောနေတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ့ ဝိပဿီ-မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက တွေ့တယ်၊ ဘုရားမဖြစ်မီ.... ရှေးအဘို့ ကာလက တွေ့လှိုက်တယ်၊ ဘယ်လိုများ တွေ့ပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ရှိယင်ဖြင့် သြော်.... ဇရာ, မရဏ, ဆိုတဲ့ အို့မှု သေမှုဟာ သတ္တဝါတိုင်းနဲ့ ဆက်ဆံနေတယ်....(မှန်ပါ့)။

ဇရာ မရဏ·ဆိုတဲ့ အို့မှု သေမှုဟာ ဘာတဲ့တုံး.... (လူတိုင်းနဲ့ ဆက်ဆံနေပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် ဒီဘက်ကနှစ်ခုဟာ တကာ တကာမတွေ့ မှတ်ထားပါ၊ ဇရာ မရဏနော်....(မှန်ပါ့) ဒီဇရာ မရဏသည်

တကာတကာမတွေ့ စဉ်းစားပါ။ ဩဿဉ်....သူ့သန္တာန်မှာ ဇရာရှိလျက်ဘဲ၊ အိုမှုရှိလျက်ဘဲ....(ရှိပါတယ်ဘုရား)။

ငါ့သန္တာန်မှာကော....(အိုမှုရှိပါတယ်ဘုရား) အိုမှုရှိလျက်သေမှုရှိလျက်ဘဲ၊ သေစရာတရားတွေ့ အပြည့်အစုံမရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့.... ပဋိုလ်တိုင်းမှာ ရှိပြီးသကာလ နေကြတယ်၊ ပဋိုလ်တိုင်းမှာ ရှိပြီးသကာလနေတော့ အိုမှုရှိယင် သေမှုရှိပြန်တယ်၊ သေမှုရှိပြီးသကာလ.... ဒီအထဲ အိုသေနဲ့ဘဲ ဒီဘဝမှာ ဇာတ်သိမ်းသွားပြန်တော့ နောက်တခါ ပဋိုလ်သတ္တဝါရယ်လို့ ဖြစ်လာပြန်တော့ အိုမှုသေမှုဘဲ ပါလာပြန်တယ်.... (မှန်လှပါ)။

နောက်တခါ ပဋိသန္ဓေနေပြန်တော့လဲ ဘာပါလာသလဲ.... (အိုမှု သေမှု ပါလာပါတယ်ဘုရား) တဘဝမှာလဲ အိုမှု သေမှုနဲ့ဘဲ အဖေါ်လုပ်ရ၊ နောက်ဘဝမှာကော.... (အိုမှု သေမှုနဲ့ဘဲ အဖေါ်လုပ်ရပါတယ်ဘုရား)။

တယ်ပင်ပမ်းပါလား .... တကာ တကာမတို့ ဖြစ်စဉ်ကဖြင့် တဘဝမှ အိုမှု, နာမှု, သေမှုမကင်းခဲ့ဘူး.... (မကင်းပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အိုမှု,သေမှုနဲ့ မကင်းခဲ့ဘူး၊ အဲဒါ ဝိပဿီ- မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးဘုရားမဖြစ်မီက သတ္တဝါတွေ့ အိုလိုက် သေလိုက် ဖြစ်လိုက်၊ ဖြစ်ပြန်ပြီးသကာလ.... အိုလိုက် သေလိုက် ဩဿဉ်....သူတို့ဖြစ်စဉ်ကဖြင့် ပင်ပမ်းလိုက်တဲ့ဖြစ်ခြင်း မပြောပါ

နဲ့တော့၊ အိုမှု သေမှု ဘယ်ကလာတယ်ဆိုတာလဲ မတွေးမိတော့ လာရာကိုလဲ လက်စမ်းနိုင်တဲ့ညကော် မပေါ်တော့ပါဘူး.... (မှန်ပါ့)။

အိုမှု သေမှုဟာ ဘယ်ကလာမှန်းလဲမသိပြန်၊ လာရာဖြစ်တဲ့ တရား မသိတော့ တကာ တကာမတို့ .... လက်စသိမ်းဘို့ရာလဲ့ အတော်ခဲယဉ်းတယ်....(ခဲယဉ်းပါတယ်ဘုရား) မခဲယဉ်းပေဘူးလား....(ခဲယဉ်းပါတယ်ဘုရား)။

အဲဒီကဲ့သို့ ခဲယဉ်းပြီးသကာလနေတော့ တကာ တကာမတို့ လက်စလဲမသိမ်းနိုင်၊ ဒီဟာကြီးနဲ့လဲ အဖေါ် လုပ်နေရတယ် ဆိုတော့ ကျုပ်တို့ဖြစ်စဉ်ဖြင့် ကောင်းကွက်ကို တကွက်မှ မပါဘူးလို့ ဆိုးဖြတ်ချက် ချလိုက်စမ်းပါ....(မှန်ပါ့)။

ကောင်းကွက် တကွက်မှ မပါဘူး တကာ တကာမတို့.... (မှန်ပါ့) နေ့တိုင်း အဖေါ်လုပ်နေရတာက ဘာနဲ့ပါလိမ့်.... (အိုမှု သေမှုနဲ့ပါဘုရား)။

အိုမှုကလဲ နေ့တိုင်းရှိနေတော့ သေမှုကလဲ သေခါနီးဘက် ပြေးနေတာ တားမရ၊ ဆီးမရ၊ ပိတ်မရ၊ ပင်မရဆို အဓိပ္ပါယ်က သေသေချာချာ တွေးကြည့်ပြီးသကာလနေသောကြောင့် အမြင်ကျယ်ကျယ်နဲ့ အရှည်တွေးတတ်တဲ့ ပုဂ္ဂိုလ်ဟာဖြင့် သြော်.... ဒီဘဝမှာ အိုမှု သေမှုနဲ့ အဖေါ်လုပ်ပြီးနေ့ရပြန်တယ်။

အိုပြီး သေပြန်၊ သေပြီးအထည်ဖြစ်၊ အထည်ဖြစ်ပြီး အိုမှု သေမှုနဲ့ အဖေါ်လုပ်၊ ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်ဘဝ များမှ သူ့ကို လွတ်ပါ့မလဲ ဆိုတာ ဝိပဿီ-မြတ်စွာဘုရား,

ဘုရားအလောင်းဖြစ်တုန်းက အင်မတန် ပင်ပမ်းဆင်းရဲရှာတယ်၊ တွေ့ရတာ တွေ့ရတာ....(မှန်ပါ့)။

တကာ တကာမတို့ တွေ့ရတာ အင်မတန် ပင်ပမ်း ဆင်းရဲရှာတယ်....(မှန်ပါ့)။

နို့....ကိုယ်-ကိုယ်တိုင် တွေ့ကြည့်ပြန်တော့လဲ တကာတကာမတွေဘဲ စဉ်းစားပါတော့၊ ဒီဘဝက ဘယ်သူနဲ့ အမြဲ အဖေ၊ လုပ်နေရပါလိမ့်.... (အိုမှု-သေမှုနဲ့ အဖေ၊ လုပ်ရပါတယ်ဘုရား) အိုမှု သေမှုနဲ့ အဖေ၊ လုပ်ပြီးသကာလ နေရတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် အိုမှု သေမှုနဲ့ အဖေ၊ လုပ်ပြီး သေပဲနဲ့ကြပါပြီဆိုပြန်တော့ နောက်တခါ ခန္ဓာဖြစ်ပြန်တော့ ဘယ်သူနဲ့ အဖေ၊ လုပ်ရသလဲ .... (အိုမှု သေမှုနဲ့ အဖေ၊ လုပ်ရပါတယ် ဘုရား)။

နို့....ဘယ်အခါကာလဥ် အိုမှု သေမှုနဲ့ ကင်းခဲ့ရတယ်လို့ကော ရှိပါရဲ့လား....(မရှိပါဘုရား)။

ဒါ့ကြောင့် သူ့အကြောင်းကို မရှာသ၍ ကာလပတ်လုံးဖြင့် တကာတကာမတို့ ဘယ်နည်းနဲ့မှ အိုမှု သေမှုဇာတ် ကွဲကြတော့ မယ်မဟုတ်ဘူးမပျက်တော့ပါဘူး(မှန်ပါ့)ဒါဖြင့်သူ့အကြောင်း ရှာကြပါစို့....(မှန်ပါ့)။

တကာ တကာမတို့ ဘယ်သူ့အကြောင်း ရှာရမှာပါလိမ့်.... (အိုမှု သေမှုအကြောင်းကို ရှာရမှာပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့.... အိုမှု သေမှုအကြောင်းသည် ဘယ်ကလာပါလိမ့်မလဲ....လို့ အိုသေတဲ့က ဘယ်ကလာပါလိမ့်မလဲလို့၊ အိုသေတဲ့က ဘယ်ကလာပါလိမ့်မလဲလို့ မေးခွန်းထုတ်ဘို့ မလိုလား....(လိုပါတယ်ဘုရား)။

ထိုကဲ့သို့ လိုသည် ဖြစ်လေသောကြောင့် အိုမှု သေမှုသည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် တကာတကာမတို့ ပဋိသန္ဓေနေမှုက လာတာဘဲ....(မှန်ပါ့)။

ဒီဘက်က ပဋိသန္ဓေနေမှုလို့ မှတ်ပါ၊ ဒီဘက်က သေမှုလို့ မှတ်ပါ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒီဘက်က နှစ်ခုက ဘာပါလိမ့်.... (အိုမှု, သေမှုပါဘုရား) ဒီဘက် တခုက ဘာပါလိမ့်....(ပဋိသန္ဓေနေမှုပါဘုရား) စာလို့ သုံးတော့ သူက ဇာတိ၊ သူက ဇရာ မရဏာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဇရာ မရဏာ၏အကြောင်းကို ရှာလိုက်လို့ ရှိယင် တကာ တကာမတို့ ဇရာ မရဏာဟာ အလိုလိုပေါ်တာလား၊ ပဋိသန္ဓေနေမှုရှိလို့ ပေါ်တာလား....(ပဋိသန္ဓေနေမှုရှိလို့ ပေါ်လာတာပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ပဋိသန္ဓေနေမှုက အကြောင်း၊ ဇရာ မရဏာက....(အကျိုးပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သေသေချာချာကြည့်ပါ တကာ တကာမတို့၊ မကြည့်ယင် မဖြစ်ဘူးဆိုတဲ့ အဓိပ္ပါယ် သေသေချာချာမှတ်ပါ၊ ဒီတရားက

ငဲ့ပြီး နာရမည့်တရား မဟုတ်ဘူး၊ မေ့ပြီး နာရမည့်တရားလို့ မှတ်ပါ....(မှန်ပါ့)။

ဘယ်လိုနာရမည့်တရားလဲ .... (မေ့ပြီး နာရမည့်တရားပါဘုရား) မေ့ပြီးနာမှသာလျှင် ခင်ဗျားတို့၏ခန္ဓာဖြစ်စဉ်သိမယ်-(မှန်ပါ့)။

ငဲ့နာနေလို့ရှိယင်ဖြင့် အသံသာကြားပြီးသကာလ....ကြည့်စရာ အထည်တွေ့မယ်မဟုတ်ဘူး....(မှန်ပါ့) သဘောကျပလား(ကျပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီး- တကာတကာမတွေ့ ဒီနေ့ပိုင်းမှာပြနေတာ နာရီလဲမမျှားပါဘူး၊ တနာရီဘဲပြနိုင်တယ်....(မှန်ပါဘုရား)။

တနာရီပြတဲ့အခါ ကိုယ့်ခန္ဓာ၏ဖြစ်စဉ်ကြီးကို ကွက်ကွက်ကွင်းကွင်း ဖြစ်လိမ့်မယ်လို့ မှတ်လိုက်စမ်းပါ....(မှန်လှပါ)။

ကိုင်း....ဒီဘက်က ဘာပါလိမ့် တကာ တကာမတို့.... (ဇရာမရဏပါဘုရား) ဇရာ မရဏဆိုတာ ထင်ရှားပြီပေါ့....(မှန်ပါဘုရား)။

ဇရာ မရဏသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် အလိုလိုပေါ်တာလား၊ အကြောင်းရှိလို့ ပေါ်တာလား....(အကြောင်းရှိလို့ပေါ်တာပါဘုရား) သူ့အကြောင်းက ဘာပါလိမ့- တကာတကာမတို့....(ဇာတိပါဘုရား)။

ဝိပဿီ- မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရားအလောင်းဖြစ်စဉ်က ဇရာ မရဏ၏အကြောင်းကို ရှာလိုက်တဲ့

အခါကျတော့ ဩဩ.... ဇာတိ-ဆိုတဲ့ ပဋိသန္ဓေနေမှုရှိလို့ အို သေ-ဆိုတဲ့ ဇရာ မရဏက လာတာကိုး....လို့ တွေးမိတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဇာတိက အကြောင်းဆိုတဲ့ သမုဒယသစ္စာ၊ ဇရာ မရဏက အကျိုးဆိုတဲ့ ဒုက္ခသစ္စာ .... (မှန်ပါ့ဘုရား)။

ဇာတိက....(အကြောင်း သမုဒယသစ္စာပါဘုရား) ဇရာ မရဏက....(အကျိုး ဒုက္ခသစ္စာပါဘုရား) အကျိုး ဒုက္ခသစ္စာလို့ မှတ်လိုက်ကြစမ်းပါ တကာတကာမတို့၊ ဒါဟာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ ဒီအတိုင်းပါဘဲ....(မှန်ပါ့)။

ဇာတိက ဘာတဲ့.... (အကြောင်း- သမုဒယသစ္စာပါဘုရား) ဇရာ မရဏက.... (အကျိုး-ဒုက္ခသစ္စာပါဘုရား) အကြောင်း သမုဒယ မချုပ်သ၍ တကာတကာမတို့ အကျိုးဒုက္ခဟာ ရှောင်လို့ ကွင်းလို့မှ လွတ်ကင်းစရာရှိရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဒီဇာတိဆိုတာ ပဋိလ်သတ္တဝါတို့၏ အစဘဲ-(မှန်ပါ့ဘုရား) လူဖြစ်ချင်လဲ ဇာတိက စတယ်....(မှန်ပါ့) နတ်ဖြစ်ချင်ကော....(ဇာတိက စပါတယ်ဘုရား) ငြဟ္မာဖြစ်ချင်ကော.... (ဇာတိက စပါတယ်ဘုရား)။

ဒါဖြင့် ဘယ်သတ္တဝါမဆို အစ,ဘယ်ကတုံးဆိုတဲ့ လက်သည် မပေါ်သေဘူးလား....(ပေါ်ပါပြီဘုရား) ဘယ်သူပါလိမ့်ဗျာ.... (ဇာတိပါဘုရား)။

ဒါဖြင့် တကာတကာမတို့၊ တကာတကာမတို့ မှတ်စရာသည်ကား....လို့ ဆိုယင်ဖြင့် သြော်....ဒို့သည်ကား....လို့ ဆိုယင် လူဖြစ်ရပါလို့၏ ဆိုယင်လဲ ဒီဇာတိက စ,မယ်....(မှန်ပါ့)။

နတ်ဖြစ်ရပါလို့၏ဆိုယင်ကော....(ဇာတိက စ,ပါမယ်ဘုရား) ဗြဟ္မာဖြစ်ရပါလို့၏ဆိုယင်....(ဇာတိက စ,ပါမယ်ဘုရား)။

သြော်....ခင်ဗျားတို့ ဒုက္ခအကြောင်းကလေး ပေါ်ရပါလို့၏ (မှန်ပါ့) ဘယ်လိုဆိုထိုက်ပါလိမ့်.... (ဒုက္ခဖြစ်ကြောင်း ပေါ်ရပါလို့၏ဘုရား)။

ဒုက္ခအကြောင်းကလေး ပေါ်ရပါလို့၏ဆိုတော့ ဒုက္ခအကျိုးကြီးနဲ့ ရင်ဆိုင်ရပါလို့၏ကလဲ ပါသေးတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒုက္ခအကြောင်းရင်း ရ,ရပါလို့၏ ဆိုယင်ဖြင့် ဒုက္ခအကျိုးကြီးနဲ့ ရင်ဆိုင်ရပါလို့၏၊ ဦးလှဘူး ပါ-မပါ .... (ပါ-ပါတယ် ဘုရား)။

ဟိုဟာကလေးတွေ့ ပါ-မပါ စဉ်းစား-(ပါ-ပါတယ်ဘုရား) အားလုံး တကာတကာမတွေ့ သဘောကျရဲ့လား....(ကျပါတယ် ဘုရား)။

ရမ်းလဲ သဘောမကျပါနဲ့၊ နှစ်လုံးတည်းက ဟောနေသေးတယ်....(မှန်ပါ့) မမျှားသေးပါဘူး တကာတကာမတို့-(မှန်ပါ့ ဘုရား)။

လူ-ဖြစ်ရပါလို့၏ဆိုတော့ ဇာတိဖြစ်ရပါလို့၏ .... (မှန်ပါ့) နတ်-ဖြစ်ရပါလို့၏....(ဇာတိဖြစ်ရပါလို့၏) ဗြဟ္မာဖြစ်ရပါလို့၏ (ဇာတိဖြစ်ရပါလို့၏)။

သြော်....ဇာတိ ဖြစ်ရလို့ ရှိယင်ဖြင့် တကာ တကာမတို့၏ ဆုတောင်းသည် ဇာတိတည်းဟူသော သမုဒယသစ္စာ ဖြစ်ရပါလို့၏ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာဖြစ်ရပါ့လို့၏လဲ....(ဇာတိတည်းဟူသော သမုဒယသစ္စာ ဖြစ်ရပါလို့၏) ဇာတိ-ဆိုတဲ့ သမုဒယသစ္စာ ဖြစ်ရပါလို့၏လို့ ဆုတောင်းလိုက်တာဘဲ....(မှန်ပါ့) အဲဒီတော့....ဇရာ မရဏနဲ့ ရင်ဆိုင်တိုးရပါလို့၏....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် ဒီအကြောင်းနဲ့ ဒီအကျိုးကို နားမလည်သေးသ၍ ကာလပတ်လုံး ဥိးလှဘူးတို့ တကာသိုက်တို့ ဇာတိကို ဆုတောင်းချည့်ယူတာဘဲ....(မှန်ပါ့) မယူဘူးလား....(ယူပါတယ်ဘုရား)။

အားလုံး တကာ တကာမတွေ့ ဘာကို ဆုတောင်းယူလေ့ရှိပါလိမ့်....(ဇာတိကို ဆုတောင်းယူလေ့ ရှိပါတယ်ဘုရား)။

ဇာတိကို ဆုတောင်းယူလေ့ ရှိတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဇာတိ ဆုတောင်းယူတဲ့ပုဂ္ဂိုလ် ဇရာ မရဏနဲ့ ရင်ဆိုင် တွေ့ရပါလိမ့်မယ်....(မှန်ပါ့)။

ဇာတိ ဆုတောင်းယူတဲ့ပုဂ္ဂိုလ် ဘာလဲ .... (ဇရာ မရဏနဲ့ ရင်ဆိုင်တွေ့ရပါလိမ့်မယ်ဘုရား) သြော် .... ဒါဖြင့် သူမျှား ပြောလား၊ ကိုယ်တွေ့လား....(ကိုယ်တွေ့ပါဘုရား) အခု ဘာနဲ့ ရင်ဆိုင်တိုးနေရသလဲ....(ဇရာ မရဏနဲ့ ရင်ဆိုင်တိုးနေရပါတယ်ဘုရား)။

ဩော်.... ခင်ဗျားတို့က နောက်ဘဝက ဇာတိကို မရ-ရကြောင်း ကြိုးစားခဲ့တဲ့ တကာ တကာမတွေမို့ ဒီဘဝမှာဖြင့် သွားကျိုး-ဆုံဖြူ-ငယ်မူပျောက်တဲ့ ဇရာနဲ့လဲ ရင်ဆိုင်တွေ့ရ၊ သေပဲ့ဝင်တာနဲ့လဲ မဝေးတော့ပါဘူး၊ တွေ့ရမှာဘဲ ဆိုထိုက်-မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

အင်း.... ဒါဖြင့် အိုပဲ့, သေပဲ့ ရင်ဆိုင်နဲ့ရမှာသည် ဘယ်သူ့ကြောင့် ရင်ဆိုင်နဲ့ရပါလိမ့်မတုံး....လို့ မေးလို့ရှိယင် ဇာတိရမှုကြောင့်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါကြောင့် .... ဘုရားက ဇာတိ ပစ္စယာ ဇရာ မရဏာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဇာတိကြောင့် ဇရာ မရဏာ ရတာကိုတော့ တကာ တကာမ တွေကလဲ မသိသေးတော့ ဤကဲ့သို့ ဤအကြောင်းနဲ့ ဤအကျိုးနှစ်ခုကို မသိသေးတဲ့အတွက် နတ်ဖြစ်ရပါလိုဆိုတော့ ဒီဇာတိရ,ရပါလို့၏....(မှန်ပါ့) ဗြဟ္မာဖြစ်ရပါလို့၏....(ဇာတိ ရ,ရပါလို့၏) သဘောကျပလား.... (ကျပါပြီဘုရား) စကြဝဠတေးမန္တတ်မင်း သူဌေး သူကြွယ်ကြီး ဖြစ်ရပါလို့၏ ဆိုတာကော.... (ဇာတိ ရ,ရပါလို့၏)။

ဒါဖြင့် ဇရာ မရဏနဲ့ တပည့်တော်တို့ တပည့်တော်မတို့နဲ့ ဖြင့် ရင်ဆိုင်တိုးရပါလို့၏ဆိုတာနဲ့ကော ....(တူပါတယ်ဘုရား) ဒါ....ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ အမှားတော်ပုံ ကြီးတာဘဲ ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ကြီးပုံကို ကိုယ်-ကိုယ်တိုင်လဲ တွေ့ရပြီမဟုတ်လား.... (တွေ့ရပါပြီဘုရား) အခု တကာတကာမတို့ ခဲ့မရ၊ ခွာမရနဲ့ နေရတာကော ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ခဲ့မရ၊ ခဲ့ဘမရနဲ့ တကာတကာမတွေ့ ယခုနေကြရတာက အို့မှုကြီးက မန္တလေးသွားလဲ ပါတာဘဲ၊ တောင်မြို့ပြန်လာလဲ ပါတာဘဲ၊ မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

သေမှုကြီးကလဲ တနေ့တခြား နီးလာတဲ့အမှုကြီးကလဲ တကာတကာမတို့ မန္တလေးသွားပြန်လဲ မန္တလေးနဲ့ နီးတာဘဲ၊ တောင်မြို့ပြန်လာတော့ ပိုနီးတာပေါ့....(မှန်ပါ့-ပိုနီးပါတယ်ဘုရား) ဦးလှဘူးတို့ သဘောကျပလား....(ကျပါပြီဘုရား) တကာအေးတို့ သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် အားလုံး တကာ တကာမတွေ့ ဇရာမရဏာ ဘယ်ကလာသတုံးဆိုတဲ့ လက်သည် ရှာလိုက်တော့ တွေ့ကြပလား....(တွေ့ပါပြီဘုရား) ဘယ်ကလာပါလိမ့်....(ဇာတိကလာပါတယ်ဘုရား)။

ဒါဖြင့် ဇာတိက သမုဒယသစ္စာ၊ အကြောင်းတရား....(မှန်ပါ့) ဇရာ မရဏာက ဒုက္ခသစ္စာ-ဆိုတဲ့ အကျိုးတရား မရဘူးလား....(ရပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့သည်ကား....လို့ဆိုယင် ဇာတိကို အရယူတဲ့ပုဂ္ဂိုလ်သည် ဇရာ မရဏာဖြင့် ဒို့-ခဲ့လို့ ခဲ့လို့ မရတော့ဘူးဆိုတဲ့စ္စာလဲ သူမျှားပြောမဟုတ်ပါဘူး၊ ကိုယ်တွေ့လို့သာ မှတ်လိုက်ပါတော့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ....တကာ တကာမတို့ ဒါပဋိစ္စသမုပ္ပါဒ် နှစ်လုံးတည်း ပြနေတယ်၊ သို့သော်....ပဋိစ္စသမုပ္ပါဒ် အကုန်နားလည်အောင် တကာ တကာမတို့ နေ့စဉ်ဆက်ပြီး နားဆောင်ပါ....(မှန်ပါ့)။

နှစ်လုံးတည်း ပြဋ္ဌေးသော်လဲ သြော်.... ဒို့ဖြစ်ထွေ ဒို့အမှားတော့ ပုံကဖြင့် ပေါ်သွားပေါ့ဆိုတာ ယနေ့ တော်တော်ကလေး ပေါ်လာပါတယ်....(မှန်ပါ့)။

ဇာတိကို ရအောင် အားထုတ်မှုကြောင့် ဇရာ မရဏနဲ့ ခွဲမရ ခွာမရ ဖြစ်ရတော့တယ်ဆိုတာ မပေါ်ဘူးလား....(ပေါ်ပါပြီ.ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒီဇာတိဆိုတဲ့တရားဟာ ပဋိသန္ဓေနေမှုဆိုတဲ့တရားသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် ဘယ်ကလာပါလိမ့်မလဲဆိုတဲ့ မေးခွန်းထုတ်ဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား)။

ကောင်းပြီ....မေးခွန်းထုတ်တဲ့အခါကျလို့ရှိယင်ဖြင့် တကာတကာမတွေ့ မှတ်လိုက်ပါတော့၊ ကာယကံ, ဝစီကံ, မနောကံတွေကြောင့် လာတာဘဲ....လို့ ဒီဘက်က သုံးခု မှတ်လိုက်ပါ။ ကာယကံ, ဝစီကံ, မနောကံတွေကြောင့် လာတာဘဲ....လို့ ဒီဘက်က သုံးခု မှတ်လိုက်ပါ။ ကာယကံ, ဝစီကံ, မနောကံ, သဘောကျပလား....(ကျပါပြီဘုရား)။

ဒီသုံးခုက ကာယကံ, ဝစီကံ, မနောကံပါ....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ကံကလုပ်လို့ ခင်ဗျားတို့ ဇာတိရတယ်....(မှန်ပါ့) ဒီဇာတိရတဲ့အတွက် ဇရာ မရဏနဲ့ ခွဲမရ-ခွာမရ ဖြစ်ရပါတယ်....(မှန်လှပါ)။

ဒီ့ပြင်.... ဘယ်သူကမှ ပြုလုပ်လိုက်တာ မဟုတ်ဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မိမိတို့ ကာယကံ, ဝစီကံ, မနောကံကို မိမိတို့က ပြုလုပ်တဲ့ အတွက် ဘာရပါလိမ့်....(ဇာတိ ရပါတယ်ဘုရား) ဇာတိ ရလို့ ဘယ်သူနဲ့ရင်ဆိုင်ရသလဲ .... (ဇရာ မရဏနဲ့ ရင်ဆိုင်ရပါတယ် ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာလဲ စဉ်းစားကြည့် လိုက်တော့ ဘဝ ပစ္စယာ ဇာတိ ပေါ်ပလား .... (ပေါ်ပါပြီဘုရား) ခင်ဗျားတို့ရ,ထားတာနဲ့ ကိုက်ကဲ့လား....(ကိုက်ပါတယ် ဘုရား)။

ဘဝ ပစ္စယာဆိုတာက ကမ္မဘဝ၊ ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော ကမ္မဘဝ ပစ္စယာ ဘာတဲ့....(ဇာတိပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် တကာတကာမတွေ့သည်ကား....လို့ ဆိုယင် ဒီကာယကံ၊ ဒီဝစီကံ၊ ဒီမနောကံတွေ့ နှိပ်စက်လိုက်တဲ့ဖြစ်ခြင်း ကြောင့် ဒီဇာတိချောက်ကြီးထဲ လှလှကြီး ကျသွားတယ်.... (မှန်ပါ့)။

ဇာတိချောက်ထဲ လှလှကြီး ကျလို့ရှိယင်ဖြင့် ဇရာဆိုတဲ့ အို မှု၊ မရဏဆိုတဲ့ သေမှုနဲ့ဖြင့် မရှုန်းနိုင်-မကန်နိုင် ခံရတော့တယ်ဆိုတာ ဆိုးဖြတ်ချက်ချပါတော့....(မှန်ပါ့)။

ဘယ်လောက်များ ခင်ဗျားတို့ ဖြစ်ထွေ ဆိုးဝါးနေတယ် ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း.... ပါဠိတော်ကို ရှတ်လိုက်ပါတော့....ဆိုတော့ ဘဝ ပစ္စယာ....(ဇာတိပါဘုရား)ဇာတိ ပစ္စယာ ....(ဇရာ မရဏပါ ဘုရား)။

ဟော.... ၂-လာဖြစ်တယ် တကာတကာမတို့....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)ဒါဖြင့် ၃-ကြောင့် ၁-ဖြစ်တယ်၊ ၁-ကြောင့်....(၂-ဖြစ်ပါတယ်ဘုရား) ၂-ဖြစ်တယ်ဆိုတော့ ပါဠိတော်နဲ့ကော ကိုက်ကဲ့လား....(ကိုက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီကာယကံ, ဝစီကံ, မနောကံ ဆိုတာ လူ့ပြည် လိုချင်လို့ ကာယကံနဲ့ လက်အုပ်ချီပြီး ဘုရား ရှိခိုး၊ နတ်ဖြစ်ချင်လို့ ဘုရားရှိခိုးဆိုတာတွေ့ ကာယကံတွေပေါ့ ဗျာ....(မှန်ပါ့)။

ပါးစပ်ကလဲ ဩကာသ-ဩကာသ-စသည်ဖြင့် လူ့-နတ်-ဖြစ်ချင်လို့ ရွတ်တဲ့ ဝစီကံတွေကလဲ ဝစီကံဘဲ....(မှန်ပါ့) စိတ်ထဲကလဲ မနောထဲကလဲ လူ့-နတ်-ဖြစ်ချင်လို့ ဘုရားကို မနောကံနဲ့ ကြည်ညိုလို့ ရှိယင်ဖြင့် မနောကံ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီသုံးခု ဘာဘဲ့....(ကာယကံ, ဝစီကံ, မနောကံပါဘုရား)။

ဒီကံတွေသည် ခင်ဗျားတို့ စုတေမနေ သေလွန်တဲ့အခါကျတော့ ကမ္မ ဘဝ ပစ္စယာ ဘယ်နှယ်ဆိုကြမလဲ .... (ဇာတိပါဘုရား)။

ဟော....ဇာတိ ချောက်ထဲကျတယ်....(မှန်ပါ့) အမိ ဝမ်းခေါင်းတည်းဟူသော ဇာတိ ချောက်ထဲကျပါတယ်....(မှန်ပါ့) မကျဘူးလား....(ကျပါတယ်ဘုရား)။

အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာဖြင့် တကာတကာမတို့ အကောင်းကို မပါဘူး၊ အဆိုးချည်ဘဲ ဆိုတာ

ဒါ့ကြောင့် ဒီတရား မနာဘဲလို့ နေကြလို့ ရှိယင်ဖြင့် ဒီလမ်း အတိုင်း သွားနေဘိလို့ ဆုံးဖြတ်ချက်ချပါ....(မှန်လှပါ)။

ဒီ·ပဋိစ္စသမုပ္ပါဒ် အနုလောမ · အစဉ်အတိုင်း သွားနေရလို့ ဘပည့်တော်တို့ဖြင့်ဘုရား တရားမနာဖြစ်ဘူး၊ တရားအားမထုတ်ဖြစ်ဘူး....(မှန်ပါ့)။

ဘာ့ကြောင့်တုံး....လို့ မေးစရာရှိတော့ ဒီကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်၊ (တနည်း) ကာယကံအကုသိုလ်- ဝစီကံအကုသိုလ်- မနောကံအကုသိုလ်ကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါတွေ့ တွေးတောပြီး နေရတာနဲ့ ဘုရားတပည့်တော်တို့ ရှေ့ရေး,နောက်ရေး တွေးရတယ်၊ သားနဲ့ သမီးနဲ့ ပစ္စည်းနဲ့ နေရတော့ တပည့်တော်တို့ ဒါတွေဟာ မလုပ်ဘဲလဲ မဖြစ်ဘူး ဆိုပြီးတော့ ဒီပဋိစ္စသမုပ္ပါဒ်အစဉ်ကြီး တပည့်တော်တို့ မလုပ်ဘဲ မဖြစ်ဘူးလို့ ပြောတာ....(မှန်ပါ့)။

ဘာပြောတာပါလိမ့်... (ပဋိစ္စသမုပ္ပါဒ်အစဉ် မလုပ်ဘဲ မဖြင့် ဘုံလို့ ပြောတာပါဘုရား) ခင်ဗျားတို့မို့ ရဲရဲတင်းတင်း ပြောရဲပါပေ့ဗျာ....(မှန်ပါ့)။

တကာတကာမတို့ ဒီ-ပဋိစ္စသမုပ္ပါဒ်ကို မလုပ်ဘဲ မဖြစ်ဘူးဘုရား....တဲ့... (မှန်ပါ့) မလုပ်ယင် တပည့်တော်တို့ ချောက်မကရဘူး....(မှန်ပါ့)။

ဒါ့ကြောင့် ချောက်ကျနေကျ-ကျချင်တယ်ဘုရား--(မှန်ပါ့ ရှင်းပလား....(ရှင်းပါပြီဘုရား) ဘာတဲ့တုံး....(ချောက်ကျနေက ကျချင်ပါတယ်ဘုရား)။

သို့သော်.... ခင်ဗျားတို့ပါးစပ်ကတော့ ရိုင်းလို့ မဖွင့်ဘူး၊ အလုပ်သဘောက ဤအတိုင်းဘဲ....(မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ပါးစပ်က မဖွင့်တာကတော့ ဘယ့်နှယ်ကြောင့်တုံး- (ရိုင်းလို့ မဖွင့်ပါဘုရား) ရိုင်းလို့ မဖွင့်ပါရစေနဲ့ဘုရား၊ အဖြစ်ကတော့ ဒီဇာတိ ချောက်ကျချင်တာ အမှန်ပါဘဲ၊ ဒါကြောင့် ဘပည့်တော် တရားနာဘို့တောင် မအားဘူး(မှန်ပါ့) တရားအားထုတ်တာလဲ အချိန်မရဘူး.... (မှန်လှပါဘုရား) ဒီ ချောက်လမ်းကို အမှန်အတိုင်း ပြေးနေရလို့ပါ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အံမာလေး... သနားစရာကောင်းလိုက်တာ.... (မှန်ပါ့ဘုရား) တကာသိုက် အားလုံး သနားစရာကောင်းတယ်ဆိုဘာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေသည်ကား....လို့ ဆိုလို့ရှိယင် မအားတာ ဘာပါလိမ့်မတုံးဆိုတော့ ဩ....ပဋိစ္စသမုပ္ပါဒ် အတိုင်း လမ်းလျှောက်နေလို့ဘုရား.... (မှန်ပါ့ဘုရား)။

မအားတာ ဘာပါလိမ့်.... (ပဋိစ္စသမုပ္ပါဒ် အတိုင်း လမ်းလျှောက်နေလို့ပါ့ဘုရား) ပေါ်ပလား.... (ပေါ်ပါပြီဘုရား) အဲဒါ ခင်ဗျားတို့ မြို့သုံးသုံးသလောက် ချောက်ကျတယ်ဆိုတာ မှတ်....(မှန်ပါ့)။

ဘာတဲ့တုံး.... (မြို့သုံး- သုံးသလောက် ချောက်ကျပါတယ် ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ဟာဖြင့် မအားတာ ဘုန်းကြီးတို့ ကတော့ဖြင့် ဘယ်လို သိပါလိမ့်မတုံးဆိုတော့ ဒီလမ်း လျှောက်ပြေးနေလို့ မအားတာ....(မှန်ပါ့)။

ဒီကာယကံ-ဝစီကံ-မနောကံတွေကလဲ ပြောစရာနဲ့-ဆိုစရာနဲ့-လုပ်စရာနဲ့- ကိုင်စရာနဲ့- ကြောင့်ကျစရာနဲ့ - စိုးရိမ်စရာတွေနဲ့ ကာယကံ, ဝစီကံ, မနောကံတွေ လုပ်နေတယ်.... (လုပ်ပါတယ် ဘုရား) မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား) လုပ်တဲ့အခါ ကျတော့ ကမ္မဘဝ ပစ္စယာ ဘာတဲ့တုံး.... (ဇာတိပါဘုရား) သြော်....အိမ်မှာ ဘာလုပ်နေကြသတုံးဆိုတော့ ချောက်ကျဘို့ လုပ်နေတယ်ဘုရား....(မှန်ပါ့)။

ဘာလုပ်နေကြသဘုံး.... (ချောက်ကျဘို့ လုပ်နေကြပါတယ် ဘုရား) အဲဒါ မအားဘူးဆိုတာ ချောက်ကျတာဘဲ....(မှန်ပါ့ ဘုရား)။

မအားလို့ ဒီ-ပဋိစ္စသမုပ္ပါဒ်မဖြတ်နိုင်ဘူးဘုရား၊ အားမထုတ်၊ နိုင်ဘူးဆိုတာသည် အစဉ်အတိုင်း ပြေးပါရစေ ဆိုတာနဲ့ ဘာထူးသေးသလဲ....(မထူးပါဘုရား) ကမ္မဘဝ၊ပစ္စယာ....(ဇာတိပါဘုရား) ဇာတိပစ္စယာ.... (ဇရာ မရဏပါဘုရား) ဟော.. ဒီလမ်းလျှောက်နေလို့ ဘုရားတပည့်တော်တို့ မအားတာ.. (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

နောက်က တကဲ့တကာမတွေ ခင်ဗျားတို့မအားတာ ဘာပါလိမ့်မတုံး....(ပဋိစ္စသမုပ္ပါဒ် အစဉ်အတိုင်း လမ်းလျှောက်နေလို့....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဖွင့်လိုက်စမ်းပါဦး ဒုက္ခအစုကြီးဆိုတာ.... (မှန်ပါ့) နောက် ဖြစ်ရမှာတွေလဲ ဒုက္ခဘဲ....(မှန်ပါ့) အခုတွေ့ရတာတွေကော... (ဒုက္ခပါဘဲဘုရား)။

အဲဒီ ဒုက္ခလမ်းကြီးကို အစဉ် အတိုင်း လျှောက်နေရလို့ တပည့်တော်တို့ဖြင့်ဘုရား.... မအားတာပါဘဲဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ မြို့သုံး-သုံးသလောက်အဖြစ်ကဖြင့် ကြမ်းလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့....(မှန်ပါ့) ခင်ဗျားတို့ချင်းတော့ဖြင့် တယ်ပြီး အဆင်ပြေတယ်၊ တရားနာလိုက်ဦးမလား၊ အို.... စိတ်ထဲကတော့ အာရုံပြုပါတယ် မပြောကြဘူးလား၊ ပြောပါတယ်၊ စိတ်ထဲကတော့ အာရုံပြုပါတယ်... တဲ့၊ မလဲသာတဲ့ ကိစ္စရှိနေတယ်....(မှန်ပါ့) ဘာကိစ္စတုံး- ဒီချောက်ကို ဆင်းမည့်ကိစ္စရှိနေတယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မလဲသာတဲ့ကိစ္စဆိုတာ ချောက်တွန်းတဲ့ကိစ္စ....(မှန်ပါ့ဘုရား) ဒီ-ကာယကံကလဲ မအားဘူး၊ ဝစီကံကကော.... (မအားပါဘုရား) မနောကံကကော....(မအားပါဘုရား)။

အဲဒီ မအားတာဟူသမျှဟာ တကာတကာမတို့ လောဘနဲ့ မအား၊ ဒေါသနဲ့မအား မောဟနဲ့မအား....(မှန်ပါ့) ဒီလို မရှိဘူးလား....(ရှိပါတယ်ဘုရား)။

တနည်းအားဖြင့်လဲ ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိယင်ဖြင့် ကာယကံကုသိုလ်, ဝစီကံကုသိုလ်, ဘုံဘဝ ဝေတောင်းတ လုပ်တဲ့ကုသိုလ်မျိုးနဲ့ မအားလို့ရှိယင်လဲ ချောက်ကျတာဘဲလို့မှတ် * (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ချောက်ကျတာဆိုတော့ တကာ တကာမတွေ့က် ကုသိုလ်လုပ်လဲ ချောက်ကျတယ်ဆိုတာက လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ပဋိသန္ဓေမှကို ကြိုက်ပြီး လုပ်လို့ရှိယင်တော့ ချောက်ကျတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ချောက်မကျတယ်-ကျတယ် ပါဠိတော်က ကမ္မဘဝ ပစ္စယာ....(ဇာတိပါဘုရား) ဇာတိတည်းဟူသော ချောက်ဟာ သေးသလား....(မသေးပါဘုရား)။

ကိုးလခဲ့ ဆယ်လ အဝတ်မပတ်ဘဲနဲ့၊ အစားမည်သူမှ ကျွေးမည့်သူမရှိဘဲနဲ့ ဒုက္ခိတအဖြစ်နဲ့ နေရတယ်....(မှန်ပါ့) ဒီချောက်ကို သေးတဲ့ချောက်လို့ ဆိုကြမလား....(မသေးပါဘုရား)။

ငေးဘဲ့ ချောက်လား၊ ကြီးတဲ့ချောက်လား .... (ကြီးတဲ့ချောက်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့သည် ဒီတရားမျိုးကိုလဲ မနာရဘူး၊ မအားမလပ်လို့ လောကရေးရာ အရောင်းအဝယ်ကလေးက မပြတ်လို့၊ အရောင်းအဝယ် မပြတ်လို့ဆိုတာ ကာယကံ, ဝစီကံ မပြတ်ဘူး....(မှန်ပါ့) ယူစရာကော....(မပြတ်ပါဘုရား)။

---

* ဘုံဘဝတောင်းတပြီး လွှဲသည့် ဝဋ်နှိသိတ ကုသိုလ်မျိုးသည်လည်း မိန္ဆာပဋိပဒါပင် ဖြစ်ကြောင်းကို နိဒါနဝဂ္ဂသံယုတ် ပဋိပဒါသုတ် အဋ္ဌကထာ၌ ဖွင့်ပြထားသည်။

ကျန်နေတဲ့ စကားကလေးက ချင်းချက် ရှိနေသေးတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါတွေက ကာယကံ, ဝစီကံကြောင့်မအားတာ....(မှန်ပါ့ဘုရား) ကာယကံ, ဝစီကံ လုပ်စရာမရှိဘူးလား... (ရှိပါတယ်ဘုရား)။

အဲဒါတွေလုပ်နေတော့ ကာယကံ, ဝစီကံ, မနောကံသည် ကမ္မဘဝ....(မှန်ပါ့) သဘောကျပလား:....(ကျပါပြီဘုရား) ကမ္မဘဝ ပစ္စယာ... ဇာတိပါဘုရား)။

တပည့်တော်တို့ ချောက်ကျစရာကလေးရှိသေးတယ်၊ ဒီနေ့ဖြင့် တရားလဲအားမထုတ်သေးပါဘူး၊ နာလဲမနာသေးပါဘူး ဆိုတာ အဲဒီလိုတောင်းပန်ယင် ကောင်းတယ်....(မှန်ပါဘုရား) မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ခင်ဗျားတို့ လာစေချင်လို့ ပြောတာမဟုတ်ပါဘူး၊ ဖြစ်စဉ်ကိုက်မို့ ပြောနေတာ....(မှန်ပါ့) သနားလို့ပြောတာပါ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မအားတဲ့ပုဂ္ဂိုလ်မှာ ဘာအလုပ်ရှိတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်အစဉ်အတိုင်း ပြေးမှုအလုပ်ရှိတယ်....(မှန်ပါ့) ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) ဇာတိ ပစ္စယာ .... (ဇရာမရဏပါဘုရား)။

ဟော....ဒီချောက် ပြေးစရာရှိနေလို့ မအားတာပါဘုရ့.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ကာယဏဲ့ ဝစီကံ့ မနောကံ-ဆိုတဲ့ ကမ္မဘဝကြောင့် ဖြစ်သတဲ့....(ဇာတိ ဖြစ်ပါတယ်ဘုရား) ဇာတိ ဆိုတဲ့ချောက်ထဲကျတဲ့အခါကျတော့ ဇရာကရိုက်တယ်၊ မရဏက သတ်တယ်....(မှန်ပါ့)။

ဒါဖြင့် ချောက်ကျပြီး အရိုက်အနှက်ခံပြီးသကာလ.... သေပဲ့ ဝင်စရာရှိတာနဲ့ တပည့်တော်တို့ မအားဘူးဆိုတာ ဒါဘဲဆိုတာ သာ မှတ်လိုက်ပါတော့....(မှန်ပါ့) ပေါ်ပလား....ပေါ်ပါပြီ ဘုရား)။

ဘာ့ကြောင့် မအားကြပါလိမ့်....(ချောက်ကျပြီး အရိုက်ခံ စရာကလေးက ရှိပါတယ်ဘုရား) သေပဲ့ဝင်စရာကလေး ရှိပါ သေးတယ်....(မှန်ပါ့)။

အဲဒါကြောင့် မအားတာပါဘုရာ့- ဆိုတော့ ပဋိစ္စသမုပ္ပါဒ် အတိုင်း ပြေးစရာရှိလို့....(မှန်ပါ့) ဘယ်လောက်နစ်နာသလဲ.... (နစ်နာပါတယ်ဘုရား)။

ဒီတရားမျိုးကို မနာရတော့ဘူး ဆိုလို့ရှိယင် ခင်ဗျားတို့ ပရိယာယ်တွေဟာ အဘိုးတန်တယ်လို့ ထင်နေတာ တကယ့်ကို ဆိုးဝါးတာဘဲ....တဲ့ တကာ တကာမတို့ နော်....(မှန်ပါ့ဘုရား) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် လက်တွေ့ဝိပဿနာကို ပြပေးမယ်ဆိုတဲ့ဥစ္စာ ဝိပဿနာမပြခင် မဖြစ်သင့်တာတွေ့ ပြတုန်းရှိသေးတယ်....(မှန် လှပါ) ဝိပဿနာ မပြသေးပါဘူး တကာ တကာမတို့....(မှန်ပါ့ ဘုရား)။

ဝိပဿနာပြပလ့ား....(မပြသေးပါဘုရား) မပြသေးပါဘူး တကာတကာမတို့၊ ခင်ဗျားတို့၏ ပရိယာယ်တွေ့ ခင်ဗျားတို့၏ သားရေး၊ သမီးရေး၊ စီးပွားရေးကိစ္စ ရှုပ်ပုံတွေ့ဟာ ဩဋ်.... ဒုိသည် ဘာ့ကြောင့်ရှုပ်ရတယ်၊ ရှုပ်ခြင်းကြောင့် ဒုိသည်ကား.... လို့ဆိုယင် ဘယ်လို့အကျိုး ပျက်စီးရတယ်ဆိုတာ မပေါ်သေး ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒီကာယကံ, ဝစီကံ, မနောကံ, ကမ္မဘဝ....(မှန်ပါ့) ကမ္မ ဘဝလုပ်တဲ့ပုဂ္ဂိုလ်ဟာ ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ဇာတိရတယ်....(မှန်ပါ့)။

ဇာတိဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဟုတ်တယ် ဇာတိပိ ဒုက္ခာလို့ သေသေချာချာဟောသောကြောင့် တပည့် တော်- မအားတာသည် ဒုက္ခရောက်ဘို့ မအားတာပါဘုရား.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဇရာ မရဏကော ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တပည့်တော်သည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် ကာယကံ, ဝစီကံ, မနောကံအလုပ်တွေ့ လုပ်လို့ မအားနေတာသည် ဒုက ခတွေ့သည်ကား၊ ဒီဇာတိဆိုတဲ့ အကျိုးပေးလာရမယ်....(မှန်ပါ့) မလာရပေဘူးလား....(လာရပါမယ်ဘုရား)။

ဇာတိအကျိုးပေးလာလို့ ရှိယင် ဇရာ မရဏရတာနဲ့ အသက် ထွက်ရမယ်ဆိုတာကော....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ အခုတွေ့လို့ ဒီလို ပြောလို့ ရှိယင်ဖြင့် တခုဘဲနားထောင်လိုက်ပါ....(မှန်ပါ့) ဒီဟာ ဖြတ်ခဏ်းကိုလဲ သေသေချာချာပြပါ့မယ်....(မှန်ပါ့)။

သို့သော်-တနေ့တည်းနာလို့ တော့ မရောက်နိုင်ဘူး....(မှန်ပါ့ ဘုရား) ကိုယ့်အဖြစ်ဆိုးကို ကုန်အောင်ပြောပါရစေ.... (မှန်ပါ့ ဘုရား)။

ခင်ဗျားတို့က လျှာ-အရိုးမပါတဲ့အတိုင်း လှည့်ပြီးသကာက ပြောကာတွေ့ဟာ ဘယ်အပြစ်သင့်တယ်ဆိုတာ သိအောင်လို့ ဖေါ်ပြောနေတာ....(မှန်ပါ့) မပြောထိုက်ဘူးလား (ပြောထိုက် ပါတယ်ဘုရား)။

ကာယကံ, ဝစီကံ, မနောကံဆိုတာ လူတိုင်းကင်းကြရဲ့လား-(မကင်းပါဘုရား) ကိုယ်နဲ့လုပ်ရမှာလဲ ရှိတယ်၊ ပါးစပ်နဲ့ လုပ်ရမည်အလုပ်ကော... (ရှိပါတယ်ဘုရား) စိတ်ကဲက ငတ့်ဆနေ ရမည့်အလုပ် ...(ရှိပါတယ်ဘုရား ။

အဲဒီအလုပ်တွေက ခင်ဗျားတို့ လူတိုင်းစေ့ ရှိနေတော့ သူ တော်ကောင်းအလုပ်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဖြတ်ကြောင်းတရားကို မနာနိုင်ဘူးဘုရ့....(မှန်ပါ့)။

မနာနိုင်ဘူး၊ အလုပ်တွေက မပြီးမပြတ်နဲ့ တပည့်တော်တို့ဖြင့် အင်မတန် အကြပ်အတည်း တွေ့နေလို့ နာလဲမနာနိုင်ဘူး၊ ကျင့်လဲ မကျင့်နိုင်ဘူးဆိုတာ ကမ္မဘဝကို လုပ်နေတာ....(မှန်ပါ့) ကမ္မ ဘဝပစ္စယာ....(ဇာတိပါဘုရား)။

ဇာတိ ချောက်ကျတော့မယ်၊ သူ့နှုတ်ချိုသလောက် သူ့ဒုက္ခ ရောက်တော့မယ်....(မှန်ပါ့) သူလိမ်သလောက် သူ့ဒုက္ခရောက် တော့မယ်.... (မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ် ဘုရား)။

ဇာတိပစ္စယာ....(ဇရာ မရဏပါဘုရား) ဇရာ မရဏလာမယ်၊ အိုပဲ့,သေပဲ့ မတွေ့ရပေဘူးလား....(တွေ့ရပါမယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ့ ဝိပဿနာအလုပ် ဘုန်းကြီး ပေးထားတယ်၊ မလုပ်ဖြစ်တာသည် ဒီကံကွေကြောင့် ဘုရာ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

လုပ်ဖြစ်ယင် ဒီကံတွေ ပျောက်တယ် .... (ပျောက်ပါတယ် ဘုရား) မလုပ်ဖြစ်တော့ ဒီကိစ္စတွေက မရှိဘူးလား....(ရှိပါတယ် ဘုရား)။

ကိုယ်နဲ့လုပ်ရမည့်အလုပ်....(ရှိပါတယ်ဘုရား) ပါးစပ်နဲ့ လုပ် ရမည့် အလုပ်....(ရှိပါတယ်ဘုရား) စိတ်နဲ့ လုပ်ရမည့်အလုပ်.... (ရှိပါတယ်ဘုရား)။

အဲဒီအလုပ်တွေက ရှိမနေဘူးလား .... (ရှိပါတယ်ဘုရား) စိုးပွားရေးနှင့် ပတ်သက်၍ သားရေး- သမီးရေးနဲ့ ပတ်သက်၍ ဆွေမျိုးညာတကာတွေနဲ့ပတ်သက်တဲ့ကိစ္စ....(ရှိပါတယ်ဘုရား)။

အဲဒါတွေက ကာယကံ, ဝစီကံ, မနောကံဆိုတဲ့ ကမ္မဘဝ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား)။

ဩော်.... တပည့်တော်တို့ မအားတာ ဒီအလုပ်တွေ့ လုပ်နေရတဲ့အတွက် မအားတာ....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား)။

မပြတ်ဘူး၊ ဒီဘက် ဇာတိဘက် ဆက်လာတယ်....(မှန်ပါ့) မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

ဇာတိဘက် ဆက်လို့က်တဲ့အခါကျတော့ ရှောင်လို့ ကွင်းလို့ ရသေးရဲ့လား....(မရပါဘုရား) ဇရာ မရဏဆိုတဲ့ အိုပဲ့, သေပဲ့တွေ့ ရတယ်....(မှန်ပါ့)။

ဩော်....တကာ တကာမတို့ အိမ်မှာ မအားတာများ ဘာများ ဖြစ်နေကြပါလိမ့်မတုံး....ဆိုလို့ ရှိယင်ဖြင့် ပဋိသန္ဓေနေမှုကိစ္စ တပည့်တော်တို့ ကြုံချင်သေးလို့ ဘုရား....(မှန်ပါ့)။

ဒါ့ကြောင့် ကာယကံ, ဝစီကံ, မနောကံတွေနဲ့ မအားဘဲ ဖြစ်နေတယ်....(မှန်ပါ့)။

အဲဒီ မအားတာသည် ဘာကြုံချင်လို့ပါလိမ့် .... (ပဋိသန္ဓေနေမှုနဲ့ ကြုံချင်လို့ပါဘုရား) ပဋိသန္ဓေနေမှုနဲ့ကြုံတဲ့ ပဂ္ဂိုလ်ဟာ အိုပဲ့, ဇသပဲ့နဲ့ကော....(ကြုံရပါတယ်ဘုရား) မလဲ့-ရင်ဆိုင်ရမယ် ဆိုတာက အရှင်းသားဘဲ(မှန်ပါ့)မရှင်းဘူးလား....(ရှင်းပါတယ် ဘုရား)။

အေး.... ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ ခင်ဗျားတို့ မအားသလောက် ဒုက္ခရောက်တယ်ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီဘုရား) မရှင်းဘူးလား .... (ရှင်းပါတယ် ဘုရား)။

ဒါ့ကြောင့် မြို့သုံးတွေ့ရှောင်....(မှန်ပါ့) မရှောင်သင့်ဘူးလား....(ရှောင်သင့်ပါတယ်ဘုရား) ကိစ္စကလေးက-ကိစ္စကလေးကနဲ့ အယဉ်သုံးတာ....(မှန်ပါ့)။

ပြောတော့ဖြင့် မဖြစ်တော့ မဖြစ်လောက်ပါဘူး၊ မဖြစ်လောက်ပေမဲ့လဲ ကိုယ်မပါယင် မပြီးလို့....(မှန်ပါ့) အံမာ.... မြို့သုံးများ သုံးလိုက်သေးတယ်....(မှန်ပါ့) တော်တော့ကို ယဉ်တယ်လို့ ထင်ရတယ်....(မှန်ပါ့)။

ယဉ်သာယဉ်တယ် ဒီဘက်ချောက် ကျသွားပြီ .... (မှန်ပါ့) မကျသေးဘူးလား....(ကျပါပြီဘုရား) ဒီဘက် ဇရာ မရဏ နှစ်ခုနဲ့ ရင်မဆိုင်ရဘူးလား....(ဆိုင်ရပါတယ်ဘုရား) အံမာလေး.... နှုတ်ချိုသလောက် ခင်ဗျားတို့ ဒုက္ခရောက်တယ်....(မှန်ပါ့)။

ဘာတဲ့.... (နှုတ်ချိုသလောက် ဒုက္ခရောက်ပါတယ်ဘုရား) နှုတ်ချိုသလောက် ဒုက္ခရောက်တယ်ဆိုတာ ကောင်းကောင်းရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ.... ခင်ဗျားတို့ကဖြင့် ဒီလိုပြောလိုက်တော့မှဘဲ ခံသာရည်လဲရှိပါရဲ့၊ ကိုယ်လဲ နှုတ်ကြမ်းတာလဲမဟုတ်ပါဘူး၊ အမှန်ပြောရာလဲ ရောက်တာပါဘဲ၊ ကိုယ့်ကိစ္စကလဲ မြင်တဲ့အတိုင်းဘဲ.... (မှန်ပါ့)။

အံမာလေး....တကာ တကာမတွေက တော်တော့ဘုန်းကြီးနဲ့ တော်တော့လူမျှားကျလာတော့ အပါယ်သွားမှာတောင် တခါတည်း နှုတ်ချိုပြီးသွားလိုက်သေးတယ်....(မှန်ပါ့) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ဘယ့်နှယ်တုံး တကာတကာမတို့ သဘောပါကြရဲ့လား.... (ပါပါတယ်ဘုရား) သဘော မပါယင်လဲ ကိုယ့် အလုပ်ဘဲ ခင်ဗျားတို့ ပါသာပါကြ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

သူများအလုပ်လား-ကိုယ်သုံးနှုန်းနေတဲ့အလုပ်လား....(ကိုယ် သုံးနှုန်း နေတဲ့ အလုပ်ပါ ဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် နောက်ကို ဒီအသုံး-ဒီအနှုန်းတွေကိုအကုန်ဖျက်ပါ.... တရားနာ လိုက်ချင်ပါရဲ့.....၊ ကျုပ်မှာ အခု မြင်တဲ့ အတိုင်းဘဲ စသည်ဖြင့် လုပ်မနေနဲ့၊ လုပ်နေယင် ဇာတိချောက် သွားတော့ မယ်၊ ဇရာ,မရဏချောက် သွားတော့မယ်၊ ဒါကို ပြောလိုက် တာဘဲ....(မှန်ပါ့) ရှင်းပလား,....(ရှင်းပါပြီဘုရား)။

အေး....ဒါဖြင့် ဒီ-ကာယကံ,ဝစီကံတွေ တကာတကာမတို့ ဘယ်ကလာတယ် ဆိုတဲ့ လက်သည် ရှာကြပါဦးစို့.... (မှန်ပါ့) ကာယကံ,ဝစီကံဆိုတဲ့ဥစ္စာ တကာတကာမတို့ ဥပါဒါန်ဆိုတဲ့ တရားကြောင့် လာတာ....(မှန်ပါ့)။

ကိုယ့်ပစ္စည်း စဲလမ်းတဲ့ဥပါဒါန်ကြောင့် ကာယကံ,ဝစီကံနဲ့ လုပ်ရဦးမှာ....(မှန်ပါ့) ကိုယ်ရချင်တဲ့ပစ္စည်း စဲလမ်း နေတာနဲ့ ကာယကံ,ဝစီကံနဲ့လုပ်မှ ပြောမှ ဆိုမှ ပြီးမှာ....(မှန်ပါ့)။

ဥပါဒါန်သည်ကားလို့ဆိုယင်ဖြင့် လောဘထက် အဆပေါင်း များစွာကြီးလို့ ဘုရားက ဥပါဒါန်လို့ ခေါ်တာ.... (မှန်ပါ့ ဘုရား)။

လောဘထက် အဆပေါင်းများစွာကြီးလို့ သူ့ကိုဘာခေါ်ကြသတုံး....(ဥပါဒါန်ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဥပါဒါနပစ္စာ.... (ကမ္မဘဝေါ) ဥပါဒါကြောင့် ဒီကံတွေ-ကမ္မဘဝ ဖြစ်လာတာ.... (မှန်ပါ့) ကမ္မဘဝ ဖြစ်လို့ ဒီဇာတိဖြစ်ရတာ....(မှန်ပါ့) ဒီဇာတိဖြစ်လို့ ဒီ-ဇရာ, မရဏနဲ့ ရင်ဆိုင်ရတယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ သုံးနှုန်းပြီးသကာလ နေလိုက်တာ ပစ္စည်းပေါ်၌ရင်း၊ သားသမီးပေါ်၌ရင်း ဥပါဒါန်ရှိနေလို့ ဒီ-ကာယကံ,ဝစီကံတွေနဲ့ အချိန်ကုန်ပြီး ခင်ဗျားတို့ တရားမနာမိတာဘဲ၊ တရား အားမထုတ်မိတာဘဲ.... (မှန်ပါ့) ဆိုထိုက်ပလား....(ဆိုထိုက်ပါဘယ်ဘုရား)။

ကြောက်စရာ ကောင်းလိုက်တာဗျာ၊ ကိုယ့်ကိုယ်နစ်အောင်ဘဲ တခါတည်း ကြံစည် နေတော့တယ်ဆိုတဲ့ အဓိပ္ပါယ်ဟာလဲ အတော်ကို မှန်နေပြီ...(မှန်ပါပြီဘုရား)။

ခင်ဗျားတို့ အသက်ရှည်လေလေ ဒီကာယကံ့ဝစီကံ များလေလေ ချောက်ကျလေလေဘဲ....(မှန်ပါ့) ချောက်ကျလေလေ ဒုက္ခမလွတ်လေလေ ဆိုတာကော.... (မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဩော်....ဒို့ဟာ ဒို့အမြင်နဲ့ ဒို့တော့ဖြင့် အတော်ယဉ်ကျေးမနေရဘူးလား....(နေရပါတယ်ဘုရား) ကာယကံနဲ့ သွားလိုက်,လာလိုက်နေတယ်၊ ဝစီကံနဲ့

ပြောဆိုနေရတယ်....(မှန်ပါ့) မနောကံနဲ့ တွေးဆနေရတယ်.... (မှန်ပါ့) နေရတော့ ဒီကံတွေကြောင့် ဘာဖြစ်သတုံး.... (ဇာတိဖြစ်ပါတယ်ဘုရား) သေသည်၏ အခြားမဲ့၌ ဇာတိဖြစ်တယ်၊ ဇာတိဖြစ်လို့ ဘာရသလဲ....(ဇရာ,မရဏရပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ မအားတာ ရိပ်မိပါပြီ ဒီ-ဥပါဒါန်ကြောင့်....(မှန်ပါ့)။

သားသမီးနဲ့ပစ္စည်းဥစ္စာကို စွဲလမ်းတာ ဘာတုံး....(ဥပါဒါန်ကြောင့်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒီဥပါဒါန်ဟာ ဘယ်ကလာသတုံးဆိုတဲ့ ပြောင်းပြန်လက်သည်ရှာပါ....(မှန်ပါ့)။

ဥပါဒါန် ဘယ်က လာတယ်ဆိုတာ ပြောင်းပြန် လက်သည် ရှာတော့မှ တဏှာက လာတယ်....(မှန်ပါ့) ဒါ့ကြောင့် တဏှာပစ္စယာ.... (ဥပါဒါန်ပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဥပါဒါန် ဘယ်က လာပါလိမ့်.... (တဏှာက လာပါတယ်ဘုရား) တဏှာဟာ ကုသိုလ်လား-အကုသိုလ်လား....(အကုသိုလ်ပါဘုရား)။

တဏှာဆိုတာ လိုချင်မှု-ရချင်မှု-ခင်မင်မှုပေါ့ဗျာ....(မှန်ပါ့) လိုချင်မှု ရချင်မှု-ခင်မင်မှုက တဏှာ....(မှန်ပါ့) အားကြီးစွဲလမ်းတာက.... (ဥပါဒါန်ပါဘုရား) စွဲလမ်းမှုကြောင့် ကာယကံ, ဝစီကံတွေနဲ့ အားထုတ်တာက....(ကမ္မဘဝပါဘုရား)။

အဲဒီ ကမ္မဘဝဆိုတဲ့ စေတနာကံတွေ အမျိုးမျိုးပေါ်နေတာ အောက်မေ့တာဘဲ၊ ယဉ်ကျေးသလောက် အကြည့်တန်ပါ

လား၊ သံသရာခရီးလမ်းမှာ....(မှန်ပါ့) မတန်ဘူးလား.... (တန်ပါတယ်ဘုရား)။

မြို့သုံး-သုံးသလောက် သံသရာ့ခရီးလမ်းမှာ အတော်ကြမ်းတယ်....(ကြမ်းပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဆိုးလိုက်တဲ့ တကာတကာမတွေ့ မပြောပါနဲ့တော့ ဒီတရားမျိုး မနာရတော့ဘူး ဆိုလို့ရှိယင်ဖြင့် ကျုပ်-ပို့တာကလေးတွေ့လဲ လွှနေတာဘဲ၊ စားဘို့ကတော့ ဒါလောက် မဟုတ်ပါဘူး၊ လွှဘို့တန်းဘို့ပါဘဲ....(မှန်ပါ့)။

အင်း....လွှဘို့တန်းဘို့ပါဘဲလို့ ဆိုငြားသော်လဲ ခင်ဗျားတို့လူမှုတန်းမှာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ပြတ်အောင် မလုပ်နိုင်လို့ရှိယင်ဖြင့် ဒီဒုက္ခဘဲ ပြန်ရတယ်.... (မှန်ပါ့ဘုရား)။

ဒီထဲမှာ လွှဘို့တန်းဘို့ စေတနာကံတွေ့ မပါဘူးလား.... (ပါ-ပါတယ်ဘုရား) မလွှတတ်လို့ရှိယင် ဒီဒုက္ခ ရမှာဘဲ.... (မှန်ပါ့) ဒီဒုက္ခရယင် ဒီဒုက္ခနှစ်ခုနဲ့ ရင်ဆိုင်ရမယ်ဆိုတာကော-(သေချာပါတယ်ဘုရာ း) ပေါ်ကြ ပလား.... (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် တကာ တကာမတို့ အကြောင်းပြနေရပါတယ်၊ ခင်ဗျားတို့ ကာယကံ,ဝစီကံအလုပ်တွေ့က မအားတာ ဘယ့်နှယ့်ကြောင့် မအားပါလိမ့်မဘုံး .... ဆိုတော့ ဥပါဒါန်ကြောင့်....(မှန်ပါ့)။

ပစ္စည်းစဲ့လမ်း၊ သားသမီးစဲ့လမ်း၊ ဥပါဒါန်ကြောင့် မအား တယ်....(မှန်ပါ့) မအားကော့ ဒီကံတွန့်ဖြစ်သောကြောင့်ကမ္မ ဘဝပစ္စယာ....(ဇာတိပါဘုရား)ဇာတိပစ္စယာ....(ဇရာ မရဏပါ ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဇရာ မရဏ လွတ်ချင်လို့ ရှိယင်ဖြင့် တကာ တကာမတို့ ဒီ နောက်ကဟာတွေ သိမ်းနိုင်မှ ဒီဇရာ မရဏက လွတ်မယ်.... (မှန်ပါ့) နောက်ကဟာတွေမသိမ်းနိုင်ယင် ဇရာ မရဏ လွတ်ပါ့ မလား....(မလွတ်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ နောက်ဆုတ် ပဋိလောမ- ပြော တာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒီဘက်က ဘာပါလိမ့်....(တဏှာပါဘုရား) ဒီဘက်က ဘာ ပါလိမ့်....(တဏှာပါဘုရား) ဒါ့ကြောင့် တဏှာကြောင့် ဘာ ဖြစ်သတုံး....(ဥပါဒါန်ဖြစ်ပါတယ်ဘုရား)။

ဥပါဒါန်ကြောင့်....(ကမ္မဘဝဖြစ်ပါတယ်) ကမ္မဘဝကြောင့်.... (ဇာတိဖြစ်ပါတယ်) ဇာတိကြောင့်....(ဇရာ မရဏ ဖြစ်ပါတယ် ဘုရား)။

သြော်.... ဒါဖြင့် ဒီဇရာ မရဏဟာ ဘဝပေါင်းများစွာ အိုလိုက်-သေလိုက်၊ အိုလိုက်-သေလိုက် နေတာကိုး၊ နောက်ဆုတ် တွေးလာလို့ ရှိယင် ဇာတိကြောင့်ဖြစ်တယ်၊ သားသမီးနဲ့ ပစ္စည်း စဲ့လမ်းမှုကြောင့်....(ဥပါဒါန်ပါဘုရား) သားသမီးနဲ့ ပစ္စည်းကို ခင်မှုကြောင့်....(တဏှာပါဘုရား)။

ဒါဖြင့် ခင်တာက တဏှာ၊ စဲ့လမ်းတာက .... (ဥပါဒါန်ပါဘုရား) စဲ့လမ်းခြင်းကြောင့် ကာယကံ, ဝစီကံတွေနဲ့ ပဋိကာ-ပိုက်ကာ ပြောဆိုနေကြတာက ကမ္မဘဝ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘဝပစ္စယာ.... (ဇာတိပါဘုရား) ဇာတိပစ္စယာ....(ဇရာမရဏပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တကာ တကာမတို့ ခင်ဗျားတို့ ကြောက်စရာကောင်းလိုက်တာ ဦးလှဘူးရေ....(ကောင်းပါတယ်ဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အိမ်ကျတော့ ကွမ်းသီးကလေးတွေချပြီး ဒီအတိုင်းကြည့်၊ ဒီအတိုင်းကြည့်ယင် ပေါ်လာလိမ့်မယ် ...(မှန်ပါ့)။

ဒီတဏှာသည်ကား....လို့ ဆိုယင် တကာသိုက်တို့ လက်သည်ရှာကြဦးစို့....(မှန်လှပါ) ဒီတဏှာ လက်သည်ရှာလိုက်တဲ့အခါကျတော့ ဒီတဏှာ ဘယ်ကလာပါလိမ့်မလဲလို့ မေးလို့ ရှိယင်ဖြင့် တကာတကာမတို့ ခံစားချင်တဲ့ဝေဒနာက လာတာဘဲ....(မှန်ပါ့ဘုရား)။

ကောင်းကောင်းစားချင်တယ် ဟုတ်လား....(မှန်ပါ့) ဝမ်းသာတဲ့ သောမနဿ ဝေဒနာကြောင့်လာတယ်၊ ဒေါမနဿကော....(လာပါတယ်ဘုရား)။

ဒါဖြင့် သောမနဿ ဒေါမနဿ ဥပေက္ခာ-ဆိုတဲ့ ဝေဒနာတို့ကြောင့် တဏှာလာတယ်....(မှန်ပါ့) ဝေဒနာပစ္စယာ....(တဏှာပါဘုရား)။

တဏှာပစ္စယာ....(ဥပါဒါန်ပါဘုရား) ဥပါဒါန ပစ္စယာ.... (ဘဝပါဘုရား) ဘဝကို ကံ-ဆိုလိုက်ပါတော့.... (ကမ္မဘဝေါ) ကာယကံ, ဝစီကံ, မနောကံ....(မှန်ပါ့) ဘဝ ပစ္စယာ....(ဇာတိ ပါဘုရား) ဇာတိပစ္စယာ....(ဇရာ မရဏပါဘုရား)။

ဒါဖြင့် ဒီဇရာ မရဏတွေကို နောက်ဆုတ်၊ နှယ်ကြီးကို တကာတကာမတွေ အယင်ဖြတ်၊ အရင်းဖြတ်ချင်တော့ အဖျားကနေ မ,လိုက်တာပေါ့ဗျာ-(မှန်ပါ့) မ,ပါများတဲ့အခါ အရင်း မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

အဲ.... ဇရာ မရဏ ဆိုတဲ့ အဆုံးကနေပြီး၊ အဆုံးကနေပြီး အညွှန့်ကနေပြီး မလိုက်ပါ....(မှန်ပါ့) မလိုက်တဲ့အခါကျတော့ တကာတကာမတို့ သူ၏လက်သည်တွေဟာ သူဘဲ-သူဘဲ-သူဘဲ-သူဘဲ-ဆိုတာ ပေါ်လာပါလိမ့်မယ်....(ပေါ်လာပါတယ်ဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အခု ဝေဒနာတွေ့ရပြီ....(မှန်ပါ့) ဝေဒနာကြောင့် တဏှာဖြစ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာ တကာမတို့ ဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် မနေ့ညကပြောသလို ပြောရဦးမယ် တကာ တကာမတို့....ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် တဏှာသိမ်းလို့လဲ နိဗ္ဗာန်ရောက်သွားတယ်....(မှန်ပါ့) ဇရာ မရဏ သိမ်းလို့ကော.... (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

ဒါဖြင့် သူက သမုဒယသစ္စာ၊ ဒီဘက်ကဟာတွေက ဒုက္ခသစ္စာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်သွားတာသည် ဒီတဏှာသိမ်းလို့ ဇာတိ, ဇရာ, မရဏ, ဒုက္ခသိမ်းလို့ ဘုရားဖြစ်သွားစာယ်....(မှန်ပါ့)။

ဒါကြောင့်.... ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်နဲ့ ရှေ့ပလ္လင်မှာ ပွင့်တယ်လို့ ဆိုတာ လူတိုင်း သိပြီးသား.... (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ်မှာပွင့်ပါလိမ့် (ဗောဓိပင်နဲ့ ရှေ့ပလ္လင်မှာ ပွင့်ပါတယ်) သဘောကျပလား.... (မှန်ပါ့ ဘုရား)။

အဲဒါ....လိုရင်း မဟုတ်သေးဘူး၊ လိုရင်းမဟုတ်သေးဘူးဆိုတော့ တကာ တကာမတွေက ဟာ.... ဒီဥစ္စာ ဘုရားကျမ်းဂန်တွေနဲ့ အင်မတန် သေချာနေတာဘဲလို့ ဆိုကြလိမ့်မယ်....(မှန်ပါ့ ဘုရား)။

ဟုတ်ပါတယ်....တဲ့၊ ဗောဓိပင်နဲ့ရှေ့ပလ္လင်အပေါ်မှာ ဘုရားတော့ဖြစ်ပါတယ်၊ အဲဒါက ပွင့်ရာဌာနအနေသာ ပြောခြင်းဖြစ်ပြီးတော့ တကယ့် သဗ္ဗညုတဉာဏ် ဘုရားကတော့ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တယ်....(မှန်ပါ့) သဘောကျပလား- (ကျပါပြီဘုရား)။

ဘုရား ဘယ်နေရာမှာ ဘုရားဖြစ်ပါလိမ့်....(ဝေဒနာနဲ့တဏှာအကြားမှာ ဘုရားဖြစ်ပါတယ်)။

ဝေဒနာနဲ့ တဏှာအကြားမှာ ဘုရားဖြစ်တယ်ဆိုတော့ ဝေဒနာနဲ့ တဏှာအကြားမှာ တကာ တကာမတို့ သေသေချာချာ

မှတ်ပါ....တဲ့၊ ဝေဒနာတွေကို ဖြစ်ပျက်ရှုတယ်....(မှန်ပါ့) ဖြစ်ပျက်ရှုလိုက်တော့ ဒီအထဲမှာ မင်္ဂလာဘူးလား .... (ရပါတယ်ဘုရား)။

တကာတကာမတို့ ဒီဟာကလေးကို ဘုရားဘဲ-လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဒီနေရာမှာ ဝေဒနာတွေကို ဖြစ်ပျက်ရှုတယ်၊ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဝေဒနာတွေရဲ့ ဖြစ်ပျက် မြင်လာတယ်....(မှန်ပါ့) ဖြစ်ပျက်တွေ မှုန်းလာတယ်....(မှန်ပါ့)။

ဖြစ်ပျက်တွေဆုံးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး မင်္ဂလာရတယ်၊ ဒီနေရာမှာရတယ်....(မှန်ပါ့) အဲဒီမင်္ဂလာရတော့ ဒီဘက်က တဏှာသေတယ်....(မှန်ပါ့) ဒီဘက်က တဏှာသေသောကြောင့် ဒီဘက်က နောက်လာမည့် ဇာတိတွေ၊ ဇရာ မရဏတွေ မသေဘူးလား....(သေပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဝေဒနာနဲ့ တဏှာကြားထဲမှာ ဘုရားဖြစ်တယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်မှာ ဘုရားဖြစ်ပါလိမ့်....(ဝေဒနာနဲ့ တဏှာအကြားမှာ ဘုရားဖြစ်ပါတယ်) ဘုရားအစစ်ဖြစ်တာက ဒီမှာ....(မှန်ပါ့) သူတည်ရာဌာနကတော့ ဗောဓိပင်နဲ့ ရွှေပလ္လင်ပါဘဲ....(မှန်ပါ့)။

ဘုရားစစ-သဗ္ဗညုတဉာဏ်ရတာ တကာ တကာမတို့....မင်္ဂလေးတန်, ဖိုလ်လေးတန်နဲ့ သဗ္ဗညုတရတာက ဒီကြားမှာရတယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရား-ဘယ်နေရာမှာဖြစ်ပါလိမ့်....(ဝေဒနာနဲ့တဏှာအကြားမှာပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဝေဒနာကို ဖြစ်ပျက်ရှုလိုက်တော့ ဒီကမက် မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) ကောင်းပြီ....ဒီက မက်လေးတန်ဖြစ်သွားတဲ့ အခါ ဝေဒနာ နောက်က ဝေဒနာ,ပစ္စယာ,တဏှာ လာသေးရဲ့လား....(မလာပါဘုရား) တဏှာ မလာတော့ ဥပါဒါန်တွေကော....(မလာပါဘုရား) ကံတွေကော.... (မလာပါဘုရား) နောက်ဘဝ အနာဂတ်ဇာတိတွေကော....(မလာပါဘုရား) ဇရာ မရဏတွေကော....(မလာပါဘုရား)။

သြော်.... ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ဘုရားဖြစ်တော့ တဏှာသေကယ်၊ ဟုတ်လား....(မှန်ပါ့) ခန္ဓမာရ်အောင်တော်မူတယ်ဆိုတော့ ဒီခန္ဓာတွေ လာသေးရဲ့လား.... (မလာပါဘုရား) ဇာတိ,ဇရာ,မရဏတွေ လာသေးရဲ့လား....(မလာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားပဋိစ္စသမုဒ္ဒါနသိပလား....(သိပါပြီဘုရား) ဘယ်နေရာပါလိမ့်....(ဝေဒနာနဲ့တဏှာကြားမှာပါဘုရား) ဝေဒနာနဲ့တဏှာကြားမှာ ဘုရားဖြစ်တယ်ဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ့)။

ခင်ဗျားတို့ သောတာပန် တည်ချင်လဲ ဝေဒနာနဲ့ တဏှာကြားမှာ ရှုတဲ့မဂ်ဝင်ရမယ် ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

သကဒါဂါမ် တည်ချင်လဲ ဝေဒနာနဲ့ တဏှာ ကြားထဲမှာ ဘာလုပ်ရမလဲ....(ရှုတဲ့မဂ်ဝင်ရပါမယ်ဘုရား) ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

အနာဂါန်တည်ချင်တော့ကော.... (ဝေဒနာနဲ့ တဏှာကြားမှာ ရှုတဲ့မဂ်ဝင်ရပါမယ်ဘုရား) ရှုတဲ့မဂ် ဝင်လိုက်လို့ ရှိယင် တဏှာကြားလို့သာ ဆိုရတယ် တဏှာကို လာသေးရဲ့လား.... (မလာပါဘုရား)။

ရဟန္တာဖြစ်ချင်ပြန်တော့လဲ ဘယ်နေရာကနေ ကြိုးစားရမလဲ (ဝေဒနာနဲ့ တဏှာကြားကပါဘဲဘုရား) ဝေဒနာနဲ့ တဏှာကြားကနေပြီး မဂ်ဉာဏ်နဲ့ ကြိုးစားလိုက်ပါ....(မှန်ပါ့)။

ကြိုးစားလိုက်တော့ ဒီဘက်က တဏှာ မသေဘူးလား.... (သေပါတယ်ဘုရား) ရဟန္တာဖြစ်တော့ နောက်ခန္ဓာတွေကော လာသေးရဲ့လား.... (မလာပါဘုရား) ဇာတိ, ဇရာ, မရဏတွေ လာသေးရဲ့လား....(မလာပါဘုရား) ရှင်းပလား,... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ်ကိုယ်တိုင် သောတာပန်တည်ချင်လဲ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်ပါ.... (မှန်ပါ့ဘုရား) ကိုယ်ကိုယ်တိုင် သကဒါဂါမ်တည်ချင်တော့ကော....(ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်ရပါမယ်ဘုရား) အနာဂါမ်ဖြစ်ယင်ကော.... (ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်ရပါမယ်ဘုရား)။

ဒါဖြင့် မဂ်ဝင်လိုက်သည်နဲ့ တပြိုင်နက်တည်း ကိလေသာ ချုပ်တယ်....(မှန်ပါ့) တဏှာနိုရောဓော- ဥပါဒါနနိုရောဓော၊ ဇာတိနိုရောဓော၊ ဇရာမရဏနိုရောဓော အကုန်ချုပ်တာဘဲ.... (မှန်ဖ၊့)။

ဒါဖြင့် တကာတကာမတို့ ဒီဘက် အကုန်ချုပ်သွားလို့ ရှိယင်ဖြင့် ဒီဥစ္စာ တဏှာချုပ်လဲ နိဗ္ဗာန်....(မှန်ပါ့) ဒီဘက်က

ဇာတိ,ဇရာ,မရဏ ချုပ်ယင်ကော.... (နိဗ္ဗာန်ပါဘုရား) ဒါဖြင့် ဒီနေရာမှာလဲ ခင်ဗျားတို့ လုပ်ဖြစ်အောင် လုပ်ပါ.... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ ဝိပဿနာရှုရှု-ရှုရှုဆိုတာ ပဋိစ္စသမုပ္ပါဒ် ဘယ်ကြားမှာ ရှုရမယ်ဆိုတာ သိမှသာလျှင် တကာတကာမတို့သည် ရှုကျိုးနပ်တော့မပေါ့....(မှန်ပါ့ဘုရား) အင်း.... ဘယ်ကြားကနေ ရှုရမှာပါလိမ့်.... (ဝေဒနာနဲ့ တဏှာ အကြားကနေ ရှုရမှာပါဘုရား) ဒီနေရာဘဲ ရှိတယ်၊ ဒါက ခင်ဗျားတို့၏ဖြစ်စဉ်ကိုး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီနေရာကနေ ရှုဘို့ရာ အတော် အရေးကြီးတယ်....(မှန်ပါ့) ဘုရားပွင့်လဲ ဒီနေရာက ပွင့်တယ်.... (မှန်ပါ့)။

အရှင်ကောဏ္ဍည သောတာပန်တည်တာလဲ ဒီနေရာမှာ တည်တယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျေပါပြီဘုရား) နောက်တော့ အရှင်ဝပ္ပတို့၊ အရှင်အဿဇိတို့ တည်တာကော.... (ဒီနေရာမှာပါဘဲဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ခန္ဓာထဲမှာ ခန္ဓာကတော့ ဖြင့် ဝိပဿနာအလုပ် မလုပ်တော့ဘူး ဆိုလို့ရှိယင် ဝေဒနာ, တဏှာ, ဥပါဒါန်, ကံ တန်းနေတာဘဲ....(မှန်ပါ့)။

ဒီကြားမှာ ဒါကလေး သွင်းလိုက်တဲ့အခါကျတော့ ဆရာ ကောင်း-သမားကောင်းများထံက နည်းယူပြီး ဒါကလေး သွင်း

လိုက်တဲ့အခါကျတော့ တကာတကာမတို့ ဒီဘက်က အကုန်မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီမဂ်ဝင်ယင် မဂ်ဟာ ကိလေသာ ဖြတ်တယ်ဆိုတော့ ဒီ-သမုဒယသစ္စာ ဖြတ်ချလိုက်တာဘဲ....(မှန်ပါ့)။

ခန္ဓာကိုယ်လဲ ဖြတ်တယ် ဆိုသောကြောင့် အနာဂတ်မှာ ခန္ဓာတွေကော လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဒါက တကာတကာမတို့၏ ခန္ဓာကိုယ်ဖြစ်စဉ်....(မှန်ပါ့)။

ဘုန်းကြီးဆီ တရားလာနာတော့ ဘုန်းကြီးက ဒီကြားမှာ ဒါကလေး သွင်းပေးလိုက်တယ်၊ ဝေဒနာနဲ့တဏှာကြားမှာ မဂ်ကလေး သွင်းပေးလိုက်တယ်.... (မှန်ပါ့) ခင်ဗျားတို့ ကိုယ်တိုင် အားထုတ်တဲ့အချိန်ကော.... (ဝေဒနာနဲ့ တဏှာကြားမှာပါဘဲ ဘုရား)။

ဒီနေရာမှာဘဲ အားထုတ်လိုက်တဲ့ အခါကျတော့ ဒီဘက်က တဏှာလဲ ချုပ်တယ်၊ ဒီဘက်က ဥပါဒါန်ကော....(ချုပ်ပါတယ် ဘုရား) ဒီဘက်က ကာယကံ,ဝစီကံကော.... (ချုပ်ပါတယ် ဘုရား)။

ဒါဖြင့် မအားတဲ့ပုဂ္ဂိုလ်ကျတော့ ဒီအစဉ်အတိုင်းသွားနေလို့ (မှန်ပါ့) တရားမနာတဲ့ပုဂ္ဂိုလ် ဘယ်လို ဆိုကြမလဲ.... (ဒီအစဉ် အတိုင်း သွားနေကြပါမယ်ဘုရား) ဝေဒနာ,တဏှာ,ဥပါဒါန်, ကံ,ဇာတိ,ဇရာမရဏ....(မှန်ပါ့ဘုရား) ရှင်ပးပလား....(ရှင်းပါပြီ ဘုရား)။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်ကျတော့ ဝေဒနာနဲ့ တဏှာကြား မှာ ဖြတ်လိုက်တဲ့အတွက် ဝေဒနာက ဖြစ်ပျက် ဒီက မင်္....(မှန်ပါ့)။

ဒီလို အားထုတ်လိုက်ပါရော.... ဒီဘက်က ဘယ့်နှယ် နေကြသလဲ....(ပြတ်ပါတယ်ဘုရား) အကုန် မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် သမုဒယသစ္စာလဲပြတ်၊ ဒုက္ခသစ္စာကော....(ပြတ်ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတရားမတို့ တရားသာအားမထုတ်ဘူးဆိုယင် ဒီအစဉ်အတိုင်းဟာ နာရီဗိုင်း-စက္ကန့်တိုင်း သွားရမယ်....(မှန်ပါ့ဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

တရားအားမထုတ်တော့ပါဘူး၊ ရောင်းရေး,ဝယ်ရေး,သားရေး,သမီးရေးနဲ့သာဆိုယင်ဖြင့် ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) တဏှာပစ္စယာ....(ဥပါဒါနံ) ဥပါဒါနပစ္စယာ ဘဝ၊ ဘဝပစ္စယာ ဇာတိ-မသွားပေဘူးလား.... (သွားပါတယ်ဘုရား) နောက်တခါ ရောင်းစရာ,ဝယ်စရာရှိပြန်လို့ ပြောစရာ ဆိုစရာရှိပြန်တော့လဲ ဝေဒနာပစ္စယာ....(တဏှာပါဘုရား) အကုန်လာပြန်တာဘဲ....(မှန်ပါ့)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် တနေ့မှာ ဘယ်နှစ်ခေါက် လျှောက်နေသတုံး....မေးယင် ဘယ့်နှယ်ပြောပါ့မလဲ....(မရေတွက်နိုင်ပါဘုရား။

မဒရေတွက် နိုင်အောင် လျှောက်လို့ရှိယင် မရေတွက်နိုင်အောင် ချောက်ကျမယ်....(မှန်ပါ့) ဇာတိချောက်၊ ဇရာမရဏ

ချောက် မကျပေဘူးလား....(ကျပါတယ်ဘုရား)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီကြားမှာ သွင်းဖြစ်အောင် သွင်းပါဆိုတာ အလုပ်ထိုင်ပေးတာကို ပြောတယ်....(မှန်ပါ့) ဝေဒနာဖြစ်ပျက်တွေ အလုပ်ထိုင်ပေးလိုက်လို့ ရှိယင် ဝေဒနာက ဖြစ်ပျက်အလုပ်ထိုင်ပေးတာက မဂ်....(မှန်ပါ့ဘုရား) ဒီဘက်က ပဋိစ္စသမုပ္ပါဒ်ကြီး ဘယ့်နှယ်နေသတုံး.... (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် မလုပ်တဲ့ပုဂ္ဂိုလ်နဲ့၊ လုပ်တဲ့ပုဂ္ဂိုလ် ဤကဲ့သို့ ထူးခြားတယ်ဆိုတာကော မပေါ်သေးဘူးလား.... (ပေါ်လာပါတယ်ဘုရား) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒီဘက်က သွားစရာတွေက တပုံကြီးရှိတယ်....(မှန်ပါ့ဘုရား) သို့သော်လဲ တနာရီဘဲ ပြောမယ် တကာတကာမတွေလဲ ပင်ပန်းမှာလဲ စိုးတယ်၊ ဘုန်းကြီးများလဲ ပင်ပန်းမှာစိုးရတယ်၊ တာရှည်လဲ သွားနိုင်အောင် ယနေ့ ဒီတွင်ဘဲ နားကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်· မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ဝေဒနာခွါပြီး အနိစ္စ တွေ့အောင်ရှု
သောနိး ဝေဒနာခွါပုံများ

နွေ-အလုပ်ပေးတရားတော်

(၁၃၂၁-ခု၊ ဒုတိယဝါဆိုလဆုတ် ၉-ရက်)

ဝေဒနာကို အယင်ဖြတ်ရမှာဘဲဆိုတာ တကာတကာမတွေ့
အမြင်သားပေါ့ဗျာ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် ကိုင်း....အားလုံး တကာတကာမတွေ့
အချက်အလက်ပြောပြီနော်....(မှန်ပါ့)နားကြီးကြီးနဲ့ထောင်ပါ၊
နားကြီးကြီးနဲ့ထောင်ပါ တကာတကာမတို့....။

မင့်မှာ ဘယ့်နှယ်များ နေသတုံးကွာ၊ ဟာ.... ဒီဝေဒနာ
မသက်သာဘူးဘုရား.... (မှန်ပါ့) အေး.... မင့်မှာ ဝေဒနာနဲ့
အနိစ္စမကဲ့ပြားဘဲ ဖြစ်နေတာကိုးကွ....(မှန်ပါ့)။

ဆုံးမပုံ-ဆုံးမပုံ သတိထားလိုက်စမ်းပါဦး၊ ဘာတဲ့-(ဝေဒနာနဲ့
အနိစ္စ-မကဲ့မပြားဘဲ ဖြစ်နေပါတယ်ဘုရား) ဝေဒနာနဲ့ အနိစ္စ
မကဲ့ပြားဘဲ ဖြစ်နေတော့တယ် တကာတကာမတို့.... (မှန်ပါ့
ဘုရား)။

ဝေဒနာနဲ့ အနိစ္စ မကဲ့ပြားဘူးဆိုတော့ တကာတကာမတွေ့ ဘုန်းကြီးက အဲဒီနေရာကလေး ညာဏ်ကူပြီးသကာလ ဆုံးဖြတ်ချက် ချပေးလိုက်ပါတော့မယ်၊ ဝေဒနာကျော်ပြီးသကာလ အနိစ္စတွေ့အောင် ရှာပါ။ ဝေဒနာကို ခွါဖြစ်အောင် ခွါပါလို့ သတိပေးလိုက်တယ်....(မှန်ပါ့)။

ဥပမာ.... သစ်တပင်မှာ အကာတွေ့ခွါလို့ရှိယင် အသားပေါ်ရမယ်....(မှန်ပါ့) မပေါ်ပေဘူးလား.... (ပေါ်ပါတယ်ဘုရား) ဒီမှာလဲ ဝေဒနာခွါလိုက်လို့ရှိယင်ဖြင့် အနိစ္စ တွေ့ပါလိမ့်မယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကြပ်ကြပ်သတိထားစမ်းပါ၊ ဝေဒနာခွါလိုက်ယင်.... (အနိစ္စတွေ့ပါတယ်ဘုရား) ဟုတ်တယ်....တဲ့ ဖြစ်တာနဲ့ပျက်တာ ဖြစ်တုန်းမှာ ဝေဒနာ၊ ပျက်တော့ ဝေဒနာသဘောဝနဲ့ပြီး အနိစ္စမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဖြစ်တုန်းကတော့.... (ဝေဒနာပါဘုရား) ပျက်တော့.... (အနိစ္စပါဘုရား)။

ဩဿ....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ သန္တာန်မှာ နှိပ်စက်တဲ့ဝေဒနာတရား၏ အပျက်ကလေးကို တွေ့အောင်ရှာလို့ ရှိယင်ဖြင့် ဝေဒနာခွါ၍ အနိစ္စတွေ့ပါပြီ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာ....တဲ့ ဝေဒနာခွါ၍ အနိစ္စတွေ့ပါပြီဘုရား) သာမည အရေးကြီးတယ်များ ထင်ကြသလား....(မထင်ပါဘုရား)။

တကာတကာမတို့ သေတဲ့အခါ ဒုက္ခဝေဒနာတော့ ရောက်ကြရလိမ့်မယ်-ရကြလိမ့်မယ် ဆိုတာကတော့ဖြင့် ငြင်းဆန်မနေကြပါနဲ့တော့နော်....(မှန်ပါ့)။

အဲဒီတော့ ဒီဝေဒနာသည်ကားလို့ ဆိုယင်ဖြင့် ဖြစ်တာနဲ့ ပျက်တာဘဲရှိတယ်.... (မှန်ပါ့ဘုရား) ဖြစ်တုန်းက ဝေဒနာ၊ ပျက်တော့....(အနိစ္စပါဘုရား)။

အင်း....ဒါဖြင့် ဝေဒနာတုန်းကတော့ ဒုက္ခဝေဒနာက နှိပ်စက်တယ်ထားပါတော့၊ ပျက်သွားတဲ့အခါကျတော့ သူတောင် ပျက်နေတဲ့ ဓမ္မဖြစ်တော့ ကိန်းရာပုဂ္ဂိုလ် နှိပ်စက်သေးရဲ့လား .... (မနှိပ်စက်ပါဘုရား)။

မနှိပ်စက်တော့ ဘာဖြစ်လို့ မနှိပ်စက်ပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ရှိယင် ဝေဒနာခွာနိုင်တဲ့ပုဂ္ဂိုလ်မို့အနိစ္စသာတွေ့နေသောကြောင့် တကာ တကာမတွေ့.... အနိစ္စနောက်ကနေပြီး သကာလ တွေ့တဲ့မဂ္ဂ လိုက်လာတော့တယ်....(မှန်ပါ့)

ဒါဖြင့် အနိစ္စကလဲ နာတာမဟုတ်၊ တွေ့တဲ့မဂ္ဂကလဲ နာတာမဟုတ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

အနိစ္စကတော့....(နာတာမဟုတ်ပါဘုရား) တွေ့တဲ့မဂ္ဂကော (နာတာမဟုတ်ပါဘုရား)ဒါဝေဒနာခွာနိုင်တဲ့ပုဂ္ဂိုလ် ဒီနှစ်ချက်ရ-ဆိုပါလား....(မှန်ပါ့)။

ဝေဒနာကို ခွာထုတ်နိုင်တဲ့ပုဂ္ဂိုလ် ဘယ်နှစ်ချက်ရပါလိမ့်.... (နှစ်ချက်ရပါတယ်ဘုရား) အနိစ္စကလဲ နာတာဟုတ်ပါရဲ့လား.... (မဟုတ်ပါဘုရား)။

မဂ္ဂကကော....(နာတာမဟုတ်ပါဘုရား) အနိစ္စရယ်လို့ ရှုနေတဲ့မဂ္ဂလဲ နာတာမဟုတ်ပါဘူး....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ "ဝေဒနံ ဝိက္ခမ္ဘေတ္ဝာ"လို့ ဆိုသောကြောင့် ဝေဒနာခ္ဓာပြီးသကာလ တကာတကာမတို့ ဝေဒနာလား၊ အနိစ္စလားလို့ မေးပြီးသကာလ ဩော်....အနိစ္စ ပေါ်လာတာပါလား·ဆိုပြီးသကာလ အနိစ္စရောက်တဲ့သဘောကလေး ပါလားဆိုပြီးသကာလ အပျက်ကလေးကို မြင်အောင်ကြည့်....(မှန်ပါ့)။

ဒါဖြင့် အပျက်ကလေးက ဘာပါလိမ့် .... (အနိစ္စပါဘုရား) မြင်အောင်ကြည့်နိုင်တာကလေးက....(မဂ္ဂပါဘုရား)။

နေရာကျလိုက်တာဗျာ.... (မှန်ပါ့) အပျက်ကလေးဟာ ဘာတဲ့....(အနိစ္စပါဘုရား) မြင်အောင်ကြည့်နိုင်တာကလေးက (မဂ္ဂပါဘုရား) တယ်လဲ အဘိုးတန်ပါလား တကာတကာမတို့....(မှန်ပါ့)။

ဒါဖြင့် သေတဲ့အခါမှာ ဝေဒနာခ္ဓာပြီးသကာလ....ဝေဒနာကျော်လွှန်ပြီးသကာလ·မဂ္ဂလိုက်ပြီးသကာလ-တကာတကာမတွေ့သေခါနီးမှာ နေပြပါလို့ ဟောလိုက်တယ်....(မှန်ပါ့)။

တော်တော်အရေးကြီးတယ် တကာတကာမတို့....ဒါ့ကြောင့် သာမညနားနဲ့ မထောင်ပါနဲ့ ဆိုတဲ့ဥစ္စာ လေးလေးနက်နက်ကြီးမှာကြားရတယ်နော်....(မှန်ပါ့)။

ဒါက ဘယ်လိုပုဂ္ဂိုလ်တုံး ဘုရား....လို့ မေးတဲ့အခါကျတော့အခုကိုက အနိစ္စပိုင်ထားတဲ့ပုဂ္ဂိုလ်မှ ရမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အခု ပိုင်ထားမှနော်....(မှန်ပါ့) မီးလောင်မှ ရေရှာလို့တော့ (မရပါဘုရား)။

မီးမလောင်ခင်က မင်္ဂလာတည်းဟူသောရေကို ယခုက ရှာထား လိုက်လို့ရှိယင် အနီစွတ်ယင် မဂ္ဂ မဖြစ်-ဖြစ်အောင် ကြိုးစား ထားလိုက်လို့ရှိယင်ဖြင့် တကာ တကာမတို့ သခါနီးမှာ မဂ္ဂ သစ္စာနဲ့ သေရမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

ဘာနဲ့သေရမလဲ....(မဂ္ဂသစ္စာဖြစ်ပြီး သေရပါမယ်) မဂ္ဂသစ္စာ ဖြစ်ပြီး သေရမယ်ဆိုတော့ တကာ တကာမတို့ သာမည အဘိုး တန်တဲ့အဖြေလား၊ အကြီးအကျယ် အဘိုးတန်တဲ့ အဖြေလား.... ဆိုတာ မေးခွန်းထုတ်ပါတော့.... (အကြီးအကျယ် အဘိုးတန်တဲ့ အဖြေပါဘုရား)။

စဉ်းစားကြပါ၊ စဉ်းစားကြစမ်းပါ တကာ တကာမတို့.... သေနည်း သင်နေတာနော်....(မှန်လှပါ) ဘုရားက အရှင်ဖဂ္ဂုနကို သေနည်း သင်နေတဲ့တရားလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ ဘုရား)။

ဘုရား၏ ကိုယ်စားလှယ်ဖြစ်တဲ့ ဘုန်းကြီးတို့ တကာ တကာ မတွေ့ သေစရာလက်နက်တွေ့ယူပြီးသကာလ.... မွေးဖွားလာဘဲ့ ပဋိုလ်မို့ သေမှာ ကေန်သိနေသောကြောင့် သေနည်းကောင်း ပြနေတယ်ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်လိုက်စမ်းပါ....(မှန်ပါ့ ဘုရား) ဘယ်လောက်မျှား အရေးကြီးသတုံး.... (ကြီးပါတယ် ဘုရား)။

အရှင်ဘုရား....အ.သေသင်ရတာလဲ မလွယ်ပါကလားဆိုတာ လူမိုက်များပြောတော့ မွေးတနေ့- သေတနေ့လို့ ဆိုတာဘဲ၊ သို့သော်-လားရာဂတိကို ထည့်ပြောတာမဟုတ်ပါဘူး....(မှန်ပါ့ဘုရား)။

အခုဟာကတော့ တကာတကာမတို့ လားရာဂတိ ကောင်းတာလဲ ဖြစ်ချင်ဖြစ်ရမယ်....(မှန်ပါ့) လားရာဂတိကို မရှိတဲ့အခြေအနေလဲ ရောက်ချင်ရောက်မယ်....(မှန်ပါ့)သဘောကျကြပလား....(ကျပါပြီဘုရား)။

ဝေဒနာပေါ်ပြီးအနိစ္စတွေ့အောင်ရှာပြီးသေပါ့လားဆိုတာ အဓိပ္ပါယ် ပြောလိုက်ပါတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဝေဒနာလား၊ အနိစ္စလားလို့ သေခါနီးမှာ မေးကြစမ်းပါဦး .... (မှန်ပါ့) မေးတော့ ဘာအဖြေထွက်မယ်ထင်သတုံး.... (အနိစ္စပါဘုရား)။

ဒါ့ကြောင့် ယဉ်ကျေးမှုရှိတဲ့ တကာ တကာမတွေကျတော့ သြော်....ဖြစ်တာက ဝေဒနာ၊ ပျက်တာက အနိစ္စဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ယဉ်ကျေးပြီးသားအတွက်မှာဖြင့် အသေတတ်နေပြီ (မှန်ပါ့) မယဉ်ကျေးသေးတဲ့ပုဂ္ဂိုလ်ကတော့ ကျုပ်-ဒီဝေဒနာနဲ့ ဒီတောင်က မတက်တော့ပါဘူး....ဆိုပြီး ပမ်းနည်းပြီး ဒေါသဇောနဲ့သေပြီး အပါယ်ကျတတ်တယ်(မှန်ပါ့) ဘယ်လောက်များကြောက်စရာကောင်းသလဲ....(ကောင်းပါတယ်ဘုရား)။

အသေမတတ်လို့ တကာတကာမတို့နော်....(မှန်ပါ့) ဘယ်လောက်ထိအောင် ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ သေခါနီး ဝေဒနာ လာတဲ့အခါ ရှေးဦးစွာ ဘယ်လိုလုပ်ရမယ်ဆိုတာ ၁-နံပါတ်က ဝေဒနာခွဲပါ၊ ဝေဒနာကျင့်ပါ....(မှန်ပါ့) ဘာတွေ့ရမယ်.... (အနိစ္စတွေ့ရပါမယ်ဘုရား) အနိစ္စတွေ့ရမယ်နော် .... (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဝေဒနာခွဲပြီးသကာလ.... ဒါ ဝေဒနာမဟုတ် ပါဘူးဆိုပြီး ခွဲလိုက်ပြီးသကာလ အနိစ္စကို ဖြစ်ပြီးပျက်သွားတဲ့ သဘောလေးကို၊ ဝေဒနာကလေး၏ ဖြစ်ပြီး ပျက်သွားတဲ့ သဘောကလေးကို တကာကြွယ်တို့ တကာအေးတို့က တွေ့အောင် ရှာလိုက်....(မှန်ပါ့)။

ရှာလိုက်တော့ တွေ့တယ်လို့ ဆိုကြတော့ အတွေ့ခံတာက အနိစ္စ၊ တွေ့ညာဏ်က မဂ္ဂ....(မှန်ပါ့)။

အတွေ့ခံတာက....(အနိစ္စပါဘုရား) တွေ့ညာဏ်က....(မဂ္ဂပါ ဘုရား) ဒါဖြင့် မဂ္ဂဆိုတော့ ဝေဒနာရှုရင်းနဲ့ မဂ္ဂင်ငါးပါးနဲ့လဲ သေနိုင်တယ်....(မှန်ပါ့)။

သို့-ဒီလိုမသေပါဘူး....တဲ့၊ ဖဂ္ဂုနကျတော့ တကာ တကာမ တွေ့ သိပ်ကောင်းတယ်ဗျာ....အနိစ္စတွေ့တဲ့အပြင် အနိစ္စကိုတခါ မုန်းပြန်သေးတယ် ဖဂ္ဂုနမှာ....(မှန်ပါ့)။

နောက်ကျလာတဲ့အခါကျတော့ အနိစ္စဆုံးပါရော....(မှန်ပါ့ ဘုရား)။

ဒါဖြင့် အနိစ္စတွေ့, အနိစ္စမုန်း၊ အနိစ္စဆုံးပြီးသကာလ ဖဂ္ဂုန လေးခါလောက် ဒီအတိုင်းဖြစ်သွားတယ်....(မှန်ပါ့) အနိစ္စမြင်, အနိစ္စမုန်း၊ အနိစ္စဆုံးတယ်၊ ၁-နံပါတ်....(မှန်ပါ့) နောက်တခါ

ပြန်ကြည့်ပြန်တော့လဲ အနိစ္စမြင်, အနိစ္စမုန်း,အနိစ္စဆုံးတယ်....(မှန်ပါ့) နှစ်ခါရှိသွားပြီ....(မှန်ပါ့)။

နောက်တခါကျတော့ အနိစ္စမြင်၊ အနိစ္စမုန်း၊ အနိစ္စဆုံးတယ် (မှန်ပါ့) ဘယ်နှစ်ခါရှိပလဲ ...(သုံးခါရှိပါပြီဘုရား) ဝေဒနာကို ကျော်ကျော်သွားတယ်နော်....(မှန်ပါ့)။

စတုတ္ထအကြိမ်ကြပြန်တော့လဲ အနိစ္စမြင်၊ အနိစ္စမုန်း၊ အနိစ္စ ဘဲ ဆုံးသွားတယ်....(မှန်ပါ့) အနိစ္စဆုံးတော့ နိစ္စနိဗ္ဗာန် တွေ့ရ တာပေါ့ဗျာ.... (မှန်ပါ့) မတွေ့ရဘူးလား.... (တွေ့ရပါတယ် ဘုရား)။

တွေ့တော့ သူ-ရဟန္တာဖြစ်ရော....(မှန်ပါ့) သူ-အနိစ္စ အဆုံး မြင်တာနဲ့ရဟန္တာဖြစ်တာနဲ့ စုတိစိတ်နဲ့ဟာ တပြိုင်နက်လိုချုပ်ပြီး သကာလ သမသီသီ ရဟန္တာဖြစ်သွားတယ်....(မှန်ပါ့)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ငါ့တရား နာရလို့ သူ ခန္ဓာထဲ ဉာဏ်ရောက်ပတ္တာ....ဆိုပြီးသကာလ ဝေဒနာ ခွါနိုင်တဲ့ပုဂ္ဂိုလ်ကလေး ဝေဒနာကျော်နိုင်တဲ့ ပုဂ္ဂိုလ်ကလေး ဖြစ်လေသောကြောင့် ငါဘုရား ကွချိန်တန်ပြီဆိုပြီး ဘုရားလဲ ကွသွားပါရော ဒီမှာလဲ ရဟန္တာ ဖြစ်တာနဲ့ စုတိ ချုပ်တာနဲ့ တကာ့ကွယ်တို့၊ တကာအေးတို့- တကာသုံက်တို့ တပြိုင်နက်လို ဖြစ်သွားတယ်....(မှန်ပါ့)။

သတိထားစမ်းပါ....သတိထားစမ်းပါ ဘုန်းကြီးတို့ တကာ တကာမတွေ ဝေဒနာကျော်ပြီး အနိစ္စတွေ့တဲ့ တကာ တကာမ တွေ့၏ အဖြစ်တွေဟာ ဘယ်လောက် မွန်မြတ်တယ်ဆိုတာ ပေါ့

လာအောင်လို့ ပြောရတယ် .... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါနဲ့ ဘုရားသာကြွသွားရော ရှင်အာနန္ဒာက အနားမှာ ရှိတော့ သူ-ဝိညာဏ်ချုပ်တဲ့အချိန်မှာ ရဟန္တာဖြစ်တာနဲ့ ဝိညာဏ် ချုပ်တာနဲ့ တပြိုင်နက်လိုဖြစ်တော့ ခေါင်းကြည့်လိုက်ပြန်တော့ လက်ျာဘက် စောင်းနေတယ်....(မှန်ပါ့)။

သတိထားကြစမ်းပါ၊ ခေါင်း ဘယ်ဘက် စောင်းပါလိမ့်.... (လက်ျာဘက် စောင်းပါတယ်ဘုရား) ဖဂ္ဂုန ရဟန္တာ ဖြစ်သွားတော့ စောင်းတာက လက်ျာဘက် စောင်းတယ်....(မှန်ပါ့ ဘုရား)။

မျက်စိတွေ,နား,နှာခေါင်းတွေ အခုတချို့ ပုထုဇန်တွေသေတော့ မျက်စိတွေမှိတ်.... (မှန်ပါ့) ကြည်ကြည်လင်လင်ကော ရှိသေးရဲ့လား....(မရှိပါဘုရား)။

နား၊တွေကလဲ နောက်လန်ပြီးတော့....(မှန်ပါ့) ဒီလိုမနေဘူးလား....(နေပါတယ်ဘုရား) အသား၊တွေကလဲ ဖြူတဲ့ပဂိုးလ်ကလဲ အမျိုးမျိုးဖေါက်ပြန်၊ မဲတဲ့ပဂိုးလ်ကလဲ အမျိုးမျိုး ဖေါက်ပြန် နေတတ်ကြတယ်....(မှန်ပါ့)။

ရှင်အာနန္ဒာက ဖဂ္ဂုနမထရ်ကြည့်လိုက်တယ်၊ ခေါင်းကလေး ကြည့်လိုက်ပြန်လဲ လက်ျာဘက်စောင်း၊ မျက်စိ,နား,နှာခေါင်းတွေကြည့်လိုက်ပြန်ဘော့လဲ လူကောင်းလိုမသေတဲ့လူမျိုးလို့ကဲ့ကြည်ရှင်နေသတဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ခေါင်းက ဘယ်ဘက်စောင်းပါလိမ့်....(လက်ျာဘက်စော င် ပါတယ်ဘုရား) မျက်စိ,နား,နှာခေါင်း,ကိုယ်တွေက ဘာတဲ့.... (ကြည်လင်ပါတယ်ဘုရား) အကုန် ကြည်လင်နေတယ်....(မှန်ပါ့ ဘုရား)။

ဒါနဲ့ သူက ဖဂ္ဂုနအလောင်းထားပစ်ခဲ့ပြီးသကာလ ဘုရားထံ သွားတယ်၊ ဘုရားထံသွားပြီး တကာတကာမတို့.... အရှင်ဘုရား ဖဂ္ဂုနမထေရ် သေပုံ ထူးလွန်းလို့ ပါဘုရား....တဲ့....(မှန်ပါ့)။

ဘယ်လိုမျှားထူးသတုံး အာနန္ဒာ....လို့ မေးတော့ ထူးပုံက ခေါင်းကလဲ့ လက်ျာဘက်စောင်းလို့ မျက်စိ, နား, နှာခေါင်း တွေကလဲ့ မသေတဲ့လူလိုဘဲဘုရာ့- ကြည်ရွှင်နေတယ်၊ အဲဒါ.... ငါဘုရား-တရားကို နှုလုံးသွင်းပြီး ငါက ဝေဒနာခွာ, ဝေဒနာ ကျော်-ဆိုလို့ သူက ဝေဒနာနဲ့ အနိစ္စနဲ့ မဂ္ဂနဲ့ချည့် မြင်သွား တယ်၊ ဒါကြောင့် သူရဟန္တာ ပရိနိဗ္ဗာန်စံတာ....(မှန်ပါ့) ပုထု ဇဉ်အဖြစ်နဲ့ သေတာမဟုတ်ဘူးတဲ့....(မှန်ပါ့)။

တကာတကာမတို့ နဂိုရိုက ဘာမှ မဖြစ်ခဲ့ဘူးနော်....(မှန်ပါ့ ဘုရား) သေခါနီးမှ ဝေဒနာကျော်သွားပြီး အနိစ္စတွေ့အောင် ရှာနိုင်တဲ့အချက်ကလေး မည်မျှလောက် ခရီး ပေါက်ရောက် သွားတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

သေတတ်ကြပလား....(သေတတ်ပါပြီဘုရား) ဘယ်လို သေ ကြပါ့မလဲ....(ဝေဒနာခွာပြီး အနိစ္စမြင်အောင်ရှုရပါမယ်ဘုရား) ဝေဒနာကျော်ပြီးတော့ ဘာတွေ့ရမလဲ .... (အနိစ္စတွေ့ရပါမယ် ဘုရား)။

အနိစ္စတွေ့အောင်ရှုပြီးသကာလ အနိစ္စရှုရင်း၊ အနိစ္စမှုန်းရင်း၊ အနိစ္စဆုံးရင်း အနိစ္စကလေးကို မမြင်ရအောင် ဆုံးသွားတဲ့အခြေအနေရောက်အောင် တကာတကာမတွေ့ ရှုလိုက်လို့ ရှိယင် ၁-နံပါတ်အဆင့်ဆိုယင် သောတာပန်....(မှန်ပါ့)။

၂-နံပါတ်အဆင့်ဆိုယင် အနိစ္စမြင်, အနိစ္စမှုန်း, အနိစ္စဆုံးသွားယင် သကဒါဂါမ်....(မှန်ပါ့)။

၃-နံပါတ်အဆင့် အနိစ္စမြင်, အနိစ္စမှုန်း, အနိစ္စဆုံးသွားယင် အနာဂါမ်....(မှန်ပါ့)။

၄-နံပါတ်က ဝေဒနာကျော်ပြီးသကာလ အနိစ္စမြင်, အနိစ္စမှုန်း, အနိစ္စဆုံးယင် ဘာတဲ့....(ရဟန္တာပါဘုရား)ရှင်းကြပလား(ရှင်းပါပြီဘုရား)။

ဘုန်းကြီးတို့ တကာ တကာမတွေ့ ကိုယ့်သေရာလက်နက်ကြီးကိုယ်ယူလာငြားသော်လဲ နောင်တခါမှာ နောင်တဖန် မသေနိုင်တဲ့နည်းကိုဖြင့် ဆရာဘုန်းကြီးက လမ်းညွှန်ပြတော့တယ်....(မှန်ပါ့)။

ဘာနည်းပါလိမ့်.... (နောင်တဖန် သေထည့် မရတဲ့နည်းပါဘုရား) မယူထိုက်ဘူးလား၊ ယူထိုက်သလား....(ယူထိုက်ပါတယ်ဘုရား)။

ဒီတရားမှာ တကာ တကာမတို့ ဒီလိုထားလိုက်စမ်းပါ....၊ အဖန်ဖန်သေချင်ယင် ဒီနည်းကိုမယူပါနဲ့....(မှန်ပါ့) အဖန်ဖန်မသေချင်တော့ပါဘူး၊ သေတဲ့လက်နက်ကြီးကို ရှုက်ပြီးသကာလ သေခြင်းဆိုးလဲ မသေချင်ပါဘူးဘုရာ့-ဆိုလို့ ရှိယင်ဖြင့် ဝေဒနာခွာပြီးသကာလ.... အနိစ္စရှုပြီး တွေ့အောင်၊ မှုန်းအောင်၊ ဆုံးအောင် လုပ်လိုက်စမ်းပါ....(မှန်ပါ့)။

သတိ ပေးထိုက်-မပေးထိုက်.... (ပေးထိုက်ပါတယ်ဘုရား) အတော်အရေးကြီးတယ်ဆိုတာ ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ဒါကြောင့် အားလုံး တကာတကာမတွေ့ မပျင်းကြနဲ့၊ သေနည်း သင်တယ်ဆိုတာက သေမည့်ပုဂ္ဂိုလ်တွေ့မို့ သင်တာလို့ မှတ်လိုက်....(မှန်ပါ့) တယ်အရေးကြီးပါလား .... (ကြီးပါတယ်ဘုရား)။

တကာကြွယ်-သာမည်လား၊ အလွန့်အလွန်လား .... (အလွန့်အလွန်ပါဘုရား) ဒီအထဲမှာ အကုန်မဆိုင်ဘူးလား ဒီတရား.... (ဆိုင်ပါတယ်ဘုရား)။

အကုန်ဆိုင်သောကြောင့် ခင်ဗျားတို့ ပေါ့ပေါ့တန်တန်နဲ့ အပင်ပန်းခံပြီး ကျဉ်းကျဉ်း ကြပ်ကြပ်နဲ့ နာနေရတဲ့အခါမှာ ဘုန်းကြီးတို့ တကာတကာမတွေ့က အရယ်ူလိုက်စမ်းပါ၊ ဒီသေနည်းကိုဖြင့် အရယ်ူပြီဟာ....လို့ ဆုံးဖြတ်ချက်ချပါနော်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဖဂ္ဂုနသေပုံ သဘောကျပလား (ကျပါပြီဘုရား) ဝေဒနာခံပြီး ဘာတွေ့သလဲ.... (အနိစ္စတွေ့ပါတယ်ဘုရား)။

ပဌမ အနိစ္စတွေ့၊ ဒုတိယ အနိစ္စမုန်း၊ တတိယ အနိစ္စဆုံးအောင် ရူပစ်လိုက်တယ်....(မှန်ပါ့) အနိစ္စဆုံးအောင် ရူပစ်လိုက်တော့ နိစ္စ နိဗ္ဗာန် တွေ့ပါတယ်နော်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီလို သေလိုက်တော့ ရှင်အာနန္ဒာကို ရဟန္တာ ဖြစ်ပြီး သေတာကွ....လို့ ဘုရားက ဟောလိုက်တော့၊ အာနန္ဒာ.... သံဃာတွေ အစည်းအဝေး စုရုံးလိုက်ဟေ့....သေနည်းသုံးမျိုး ငါဟောမယ်ဆိုပြီး တရား စ,လာတာဘဲ....(မှန်ပါ့)။

အကြောင်း တိုက်ဆိုင်လာတော့ တကာကြွယ်တို့-ဦးလှဘူးတို့ မဟောရဘူးလားဗျာ....(ဟောရပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးကလဲ ဘုရားဟောတော်မူတဲ့အတိုင်း ဘုန်းကြီးတို့ တကာတကာမတွေကို သေနည်းသုံးမျိုးကို ဟောပြပါမယ်....(မှန်ပါ့ဘုရား) အခု ရဟန္တာဖြစ်ပြီးလို့ သေနည်းက တမျိုးနော်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဖဂ္ဂုနမှာတော့ ဘုရားက အနားလာပြီးသကာလ ဟောတော်မူတာ မဟုတ်လား....(မှန်ပါ့ ဘုရား)။

မင်းဟာ ဝေဒနာကျော်လိုက်ပါလားကွ၊ ဝေဒနာကျော်လိုက်ယင် အနိစ္စတွေတာဘဲ....လို့ ဟောလိုက်တဲ့ အတွက် သူ အနိစ္စတွေအောင်ရှာ၊ အနိစ္စကိုမုန်း၊ အနိစ္စဆုံးလို့ ရဟန္တာဖြစ်ပြီး လက်ျာဘက်ခေါင်းစောင်း ဣန္ဒြေတွေ အကုန် ကြည်လင်ပြီး သကာလ.... သေပွဲဝင်ရတော့ ဘုရားဆီ ရှင်အာနန္ဒာသွားတော့ အဲဒါဖဂ္ဂုနသေတာ မဟုတ်ဘူး၊ ဒုက္ခခပ်သိမ်း ငြိမ်းပြီးသကာလ ရဟန္တာ ပရိနိဗ္ဗာန်စံတာလို့ ဘုရားက မဟောလိုက်ဘူးလား.... (ဟောလိုက်ပါတယ်ဘုရား) တယ် ဝမ်းသာစရာ ကောင်းတယ်.... (မှန်ပါ့)။

ဒါဖြင့် အဲဒါ ပုထုဇန်ဘဝနဲ့ ဝေဒနာရတယ်.... (မှန်ပါ့) တကာတကာမတွေ ဘာနဲ့ ဝေဒနာရပါလိမ့်.... (ပုထုဇန်ဘဝနဲ့ ဝေဒနာရပါတယ်ဘုရား)။

သို့သော်....ဘုရားက ဝေဒနာကျော်လိုက်ဦး၊ ခွါလိုက်ဦး၊ အနိစ္စရှုလိုက်ဦး....လို့ ဟောလိုက်တဲ့အတွက် တကာတကာမတွေ ရဟန္တာအဖြစ်ကျအောင် ရောက်သွားတယ် ဆိုတာဖြင့် ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား) ဘယ်လောက် အဘိုးတန်တယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ယနေ့တရားပွဲမှာ နာရတဲ့ တကာတကာမတွေဖြင့် ချော်....သေမည့်ခန္ဓာကြီး ရ,ထားတာ ဘယ်လိုသေရမှန်း မသိသေးဘူးဆိုတာ ဖျောက်လိုက်....(မှန်ပါ့ဘုရား) ဘာဖျောက်ရမယ်.... (ဘယ်လိုသေရမှန်းမသိဘူးဆိုတာ ဖျောက်ရပါမယ်.... ဘုရား)။

ဘယ်လိုသေရမှန်းမသိသေးဘူးဆိုတာ ဖျောက်လိုက်စမ်းပါတော့....(မှန်ပါ့) ဘာနဲ့ ဖျောက်ရမတုံး....ဆိုတော့ ဝေဒနာခွါမဟော....(မှန်ပါ့)။

ဝေဒနာခွါမဟော....ဆိုတော့ ဝေဒနာမဟုတ်ဘူး၊ ဒီဥစ္စာအနိစ္စဘဲလို့ ဉာဏ်နဲ့ရှုလိုက်.... (မှန်ပါ့) ရှုလိုက်တဲ့အခါ အနိစ္စမြင်လာမယ်၊ မြင်လာယင် မုန်းမှာဘဲ....(မှန်ပါ့) မုန်းလာယင် အနိစ္စဆုံးတာ မကျေနပ်ပေဘူးလား .... (ကျေနပ်ပါတယ် ဘုရား)။

အဲ....ဒီမှာ သောတာပန်၊ နောက်တခါဆုံး သကဒါဂါမ်၊ နောက်တခါဆုံး အနာဂါမ်၊ နောက်တခါဆုံး ရဟန္တာအဖြစ်နဲ့

သေတော့ လက်ျာလက်ခေါင်းစောင်းပြီးသကာလ ဣန္ဒြေကြည်လင်ပြီးသေသောကြောင့် ပရိနိဗ္ဗာန်စံတာ....(မှန်ပါ့)။

ဒါ အကြောင်းပြုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အာနန္ဒာ-သံဃဲဒေါတို့စုရုံးလိုက်ဟော.... သေနည်းသုံးမျိုး ဟောမယ်ဆိုပြီး သေပုံသေနည်း ဟောတော်မူတယ် .... (မှန်ပါ့ဘုရား)။

ဘုန်းကြီးတို့ တကာ တကာမတို့အတွက် ဟောရတဲ့ ဆရာသမားကလဲ ဝမ်းမြောက်လိုက်တာ တကာ တကာမတို့ကလဲ ဒီအတိုင်းသာ လုပ်မယ်ဆိုလို့ ရှိယင်ဖြင့် ဒီဖြင့် မကြောက်ပါဘူး၊ ဒီနည်းနဲ့ အသုံးချမှာပေါ့လို့ အခုရဲရဲတင်းတင်းလုပ်ထားလိုက်စမ်းပါ....(မှန်ပါ့)။

ဒါ့ကြောင့် မီးလောင်မှလဲ ရေမရှာပါနဲ့ဆိုတဲ့သတိပေးချက်ကလေးကိုလဲ မမေ့လိုက်ပါနဲ့.... (မှန်ပါ့) ယခုကိုက အနိစ္စတွေ့အောင် ရှာထားကြပါလို့ ဆိုတာကို လေးလေးနက်နက်သတိပေးလိုက်ပါတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ .... သေနည်းသုံးမျိုး ငါ-ဟောမယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဟောတော့ ငါကတော့ ပရိနိဗ္ဗာန်စံမှာဘဲ-တဲ့၊ ငါမရှိတော့ ဒီ.ပြင်ပဂိုလ်တွေ့ ဘယ်လိုသေကြမယ်ဆိုတဲ့ မေးခွန်းထုတ်ဘို့ မင်းတို့လိုလာတဲ့အတွက် ငါဘုရားရှိတဲ့အခါကျတော့ ငါဘုရား တရားနာပြီး ငါဘုရားက ဝေဒနာခွဲဆိုခွဲကြ၊ ဒီလိုသေတော့ ငါဘုရားရှိတုန်းပြောတဲ့စကားတော့ အခု ဖဂ္ဂုနကထောက်ခံချက်ပေးသဖြင့် သေချာပေါ့ကွာ.... (မှန်ပါ့)။

ငါဘုရားမရှိယင် မင်းတို့ ဘယ်လိုသေကြမတုံး.... ဆိုတာလဲ မေးစရာရှိနေလို့ သေနည်းကို ငါဘုရားရှိတုန်း ငါဘုရားတရားဟောခြင် သေပုံကတမျိုး....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ငါဘုရားမရှိသည့်နောက်ကျတော့ ငါဘုရား၏တပည့်များ၊ ဝိပဿနာနိုင်နင်းတဲ့ ပုဂ္ဂိုလ်များပေါ့ဗျာ.... ခုနင်က ဒါနတရား၊ သီလတရားလောက်နဲ့လဲ ရဟန္တာတိုက်ရိုက်မဖြစ်ပေဘူးပေါ့ဗျာ၊ သေခါနီးမှာနော်....(မှန်ပါ့)။

အဲဒီတော့.... အခုလို ဝေဒနာတွေ့တဲ့အခါကျလို့ရှိယင် ငါဘုရား တပည့်သာဝကများပင့်ပြီးသကာလ.... မင်းတို့သည် ဤကဲ့သို့ ဝိပဿနာအလုပ်ကို လုပ်ပါလား၊ ဝေဒနကျော်ပါလား၊ ဝေဒနာခွာပါလား၊ အနိစ္စတွေ့အောင် ရှာပါလား၊ ဒီလို ပုဂ္ဂိုလ်တွေနဲ့ မင်းတို့ တွေ့အောင်ရှာပြီးသကာလ....နေခဲ့မယ် ဆိုယင်လဲ ပုထုဇဉ်အဖြစ်ကနေပြီး သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်နိုင်ပါတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

တနည်း-ရဟန္တာလဲဖြစ်နိုင်ပါတယ် အတက်ကောင်းလို့ရှိယင် နော်....(မှန်ပါ့)။

ဒါဖြင့် ဘုရား၏တပည့်သားဆိ တရားနာ, တရားအားထုတ်သေရလို့ရှိယင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန္တာကျအောင် ဖြစ်နိုင်ပါတယ်လို့ ဆုံးဖြတ်ချက် ချလိုက်ပါတော့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားမရှိတော့လို့ ဘုရားနဲ့မတွေ့ရလဲ မပူနဲ့ပေါ့ဗျာ....(မှန်ပါ့)။

ဘုရား၏တပည့်သားများ အကုအညီ အထောက်အပံ့ ဝိပဿနာ အကုအညီတွေနဲ့ သေကြမယ်ဆိုလို့ ရှိယင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်နိုင်တယ် အာနန္ဒာ-လို့ ဘုရားက မမှာလား....(မှာပါတယ်ဘုရား) နှစ်ချက်ရှိသွားပြီ .... (မှန်ပါ့ ဘုရား)။

ဘုရားရှိယင် ဘုရား၏နည်းနဲ့ တရားနာပြီး သေပေါ့ဗျာ.... (မှန်ပါ့) ဘုရားမရှိသည့်နောက် ဘုရား၏ တပည့်သားတွေ၏ တရားကို နည်းယူပြီးသကာလ-ဓဝဒနာခွာတဲ့နည်းယူပြီးသကာလ ရှုပွားပြီး သေကြလို့ မဟောလား....(ဟောပါတယ်ဘုရား)။

ဒီလိုဆိုတော့လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန္တာမဖြစ်နိုင်ဘူးလား....(ဖြစ်နိုင်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားကလဲ မရှိတာသေချာပြီ.... (မှန်ပါ့) ဘုရား၏ တပည့်သားမြေးတွေကလဲ ဟောနိုင်တဲ့ ပုဂ္ဂိုလ်က အဝေးရောက်နေမယ်၊ မဟောနိုင်တဲ့ပုဂ္ဂိုလ်က အနီးရောက်နေမယ်ဆိုလို့ ရှိယင်လဲ တော်ရုံ တန်ရုံနဲ့ ပြီးချင် ပြီးသွားမယ်....(မှန်ပါ့) ဒီလိုလဲ အချိုးမကျသေးဘူးပေါ့ဗျာ.... (မှန်ပါ့ ဘုရား)။

အဲဒီတော့.... ဘုန်းကြီးတို့ တကာတကာမတွေ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကမှာပြန်ပြီ၊ ငါဘုရားလဲမရှိဘူး၊ ငါဘုရား၏ တပည့်သားကောင်းလဲ မတွေ့ကြုံဘူး၊ ဒီဝဒနာသည် ဘယ့်နှယ်လုပ်ရမတုံး....ဆိုတော့ ဒီလိုရှိတယ်။

အခု တကာတကာမတွေ ဘုန်းကြီးတို့ဆီမှာနာနေတဲ့တကာ ကကာမတွေ ဝေဒနာရှလို့က်မယ်ဆိုယင် ဝေဒနာဟာ ခဏာဲ့ တွေ့တာဘဲ၊ တော်တော်ကြာ ဖျပ်-ဖျပ်-နဲ့ အနိစ္စကလေးတွေ့ဘဲ့ မြင်တာဘဲ့....(မှန်ပါ့) သေချာကြရဲ့လား.... (သေချာပါတယ် ဘုရား)။

အင်း....ကျုပ်တို့က ကျော်တက်ပြီးသား-လွှားတက်ပြီးသား-ခဲ့တက်ပြီးသား-ဆိုတဲ့ အဓိပ္ပါယ် မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဒါ့ကြောင့် ယခုကနေပြီးသကာလ.... ဖြစ်ပျက်တွေ့အောင် ရှာထားပါဆိုတာများ မှာထိုက်သဗျာ....(မှန်ပါ့) မမှာထိုက်ကြဘူးလား တကာတကာမတို့....(မှာထိုက်ပါတယ်ဘုရား)။

ကောင်းပြီ .... ဒါဖြင့် ငါဘုရား မရှိလို့ ရှိယင်လဲ မင်းတို့ သည်ကားလို့ ဆိုယင် ကိုယ်နာထားတဲ့တရား ရှိသား၊ ကိုယ်နာထားတဲ့တရားကို မင်းတို့ဟာ မင်းတို့ ဝေဒနာခ့ဲတဲ့ပြီးသကာလ ဖြစ်ပျက်အနိစ္စကလေး ရှုပွါးပြီးသကာလ မင်းတို့ နေကြမယ် ဆိုယင်ဖြင့် ဖြစ်ပျက်မြင်မှာပါဘဲ့....တဲ့....(မှန်ပါ့) ဖြစ်ပျက်မြင်တယ်ဆိုတာ အနိစ္စမမြင်သေးဘူးလား....(မှန်ပါ့)။

ဖြစ်ပျက်မှုန်းတာက အနိစ္စမှုန်းဘဲ့ မကျဘူးလား.... (ကျပါတယ်ဘုရား) ဖြစ်ပျက်ဆုံးတာကော အနိစ္စအဆုံးမှာ ဘာနိဗ္ဗာန်ရှိသတဲ့....(နိစ္စနိဗ္ဗာန်ရှိပါတယ်ဘုရား)။

နိစ္စနိဗ္ဗာန်ရှိတယ်ဆိုတာ အနိစ္စဆုံးယင် နိစ္စနိဗ္ဗာန်ဟာ ဉာဏ်နဲ့ အာရုံပြုနိုင်တော့တာဘဲ့....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဘုရားမရှိသော်လဲ မပူပါနဲ့၊ ဆရာသမားတွေ မရှိသော်လဲ မပူပါနဲ့၊ ကိုယ့်ဟာကိုယ် ဝိပဿနာရှုပြီး ဝေဒနာခွဲပြီး အနိစ္စရှုသေယင်လဲ သောတာပန်, သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်နိုင်ပါတယ်....(မှန်ပါ့) ပူစရာမျှားရှိသေးသလား....(မရှိပါဘုရား)။

ဒါဖြင့် ၁-နံပါတ် ဘုရားတရားနာရလို့ အားထုတ်ဖြစ်လို့ သေယင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်၏....(မှန်ပါ့)။

၂-နံပါတ်ဘုရား၏ တပည့်သားများတရားကို နာရလို့ ကျင့်ရ, ကြံရ, ကြိုးကုတ်ရ, အားထုတ်ရလို့ရှိယင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန္တာဖြစ်နိုင်၏ပေါ့ဗျာ....(မှန်ပါ့)။

ဘယ်သူမှ ဒီ-နှစ်မျိုးသော ပဋိပုဂ္ဂိုလ်တို့ကို တကာ တကာမတွေက မတွေ့ရတော့ပါဘူး ဆိုလို့ရှိယင်ဖြင့် ကိုယ်အားထုတ်တဲ့တရားကို ကိုယ်ပြန်ပြီး သကာလ ဝေဒနာခွဲတဲ့ပြီး သကာလ အနိစ္စတွေ့အောင် အနိစ္စမှန်းအောင် အနိစ္စဆုံးအောင် ကိုယ့်ဟာကိုယ် ဆင်ခြင်သေလဲ ဘုရားရှိတုန်းကလို ဘုရား၏ တပည့်သား တရားနာရတုန်းကလိုဘဲ ထိုသေနည်းဟာ သေနည်းသုံးမျိုးအတူတူဘဲ... ကဲ ရဟန္တာထိအောင် ဖြစ်နိုင်တာချည်းဘဲ-(မှန်ပါ့ ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဘုရားဟောတော်မူတဲ့ ဒီသေနည်းကို ဆရာဘုန်းကြီးက နည်းပေးထိုက်- မပေးထိုက်....(ပေးထိုက်ပါဘယ်ဘုရား)။

ပေးထိုက်တော့တကာတကာမတွေကလဲ ယခုနောက်ဆုံးပိတ် ၃-နံပါတ်ကိုဖြင့် မမေ့လိုက်ပါနဲ့....(မှန်ပါ့) ကိုယ့်ရှုပွါးထားတဲ့

ဝေဒနာကလေးတွေ ရှုပွါးထားတဲ့ပုဂ္ဂိုလ်ကလဲ ဝေဒနာခွါရုံပါဘဲ....(မှန်ပါ့)။

ဝေဒနာခွါပြီးသကာလ အနိစ္စတွေအောင်ရှာ၊ အနိစ္စ မုန်းအောင်ရှု၊ အနိစ္စဆုံးအောင် ရှုလို့ရှိယင်လဲ နိစ္စနိဗ္ဗာန် ကောန်တကယ် ရပါတယ်လို့ ဘုရားမဟောဘူးလား....(ဟောပါတယ် ဘုရား) ဒါဖြင့် ကိုယ့်ဟာကိုယ် ဆင်ခြင်သေယင်လဲ ပြီးတာဘဲ....တဲ့....(မှန်ပါ့)။

သေတော်ကြပလား....(သေတော်ပါပြီဘုရား) ဘယ်လောက်မျှား အရေးကြီးသလဲ....(ကြီးပါတယ်ဘုရား)။

တကာတကာမတွေ အမိ,အဖ ဆွေမျိုးညာ တကာမတော်ဘူးသူ မရှိသလောက်ဖြစ်ပြီးသကာလ နေတော့ ဝတ္ထုပေါင်းသက်သေသာဓကများပြီး ဟောနိုင်ငြားသော်လဲ အမျိုးမျိုးအဖုံဖုံ ဝိပဿနာဉာဏ်တွေ ဟောနိုင်ငြားသော်လဲ မုန်းဝင်-ပန်းဝင်ကို စပြောနေတယ်....(မှန်ပါ့ဘုရား) အရေးကြီးတာက ပြောနေတယ်....(မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ၁-နံပါတ်က ဘုရားတရားနာရလို့ အားထုတ်သေယင်လဲ သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်ရာ၏(မှန်ပါ့)။

၂-နံပါတ်က ဘယ်နှယ်ဆိုကြမယ်.... ဘုရား၏ တပည့်သားတရားနာရလို့....(အားထုတ်သေယင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်,ရဟန္တာဖြစ်နိုင်ပါတယ်ဘုရား)။

၃-နံပါတ်က ဘယ်လိုဆိုကြမယ်....(ကိုယ်.ဟာကိုယ် ဆင်ခြင်သေယင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်,ရဟန္တာဖြစ်နိုင်ပါတယ်၊ အဲ....ကိုယ့်ဟာကိုယ် တရားအားထုတ်လို့ ဝေဒနာခွဲပြီး ကျော်, အားထုတ်ခဲ့သော် သောတာပန်, သကဒါဂါမ်, အနာဂါမ်ရဟန္တာ ဖြစ်နိုင်ပါမှ....(မှန်ပါ့)။ ဒါဖြင့် ဘုရားတရားနာရလို့လဲ တကာတကာမတို့ နာရုံနဲ့.မပြီးဘူး ကိုယ့်ဟာကိုယ် ခွဲနိုင်မှ....(မှန်ပါ့)။

ဘုရား၏တပည့်သားတရားကို နာရုံနဲ့.မပြီး၊ ကိုယ့်ဟာကိုယ် ဝေဒနာခွဲပြီး အနိစ္စမြင်၊ အနိစ္စမုန်း၊ အနိစ္စဆုံးအောင် ရှုနိုင်ပါမှ....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုယ့်ဟာကိုယ် ဆင်ခြင်တဲ့ပုဂ္ဂိုလ်မှာလဲ ဝေဒနာကို ဝေဒနာလို့ ဆင်ခြင်နေလို့.မပြီးဘူး၊ ဝေဒနာကျော်ပြီး အနိစ္စတွေ့အောင်ဘဲ ဆင်ခြင်နိုင်မှသာလျှင် တကာတကာမတို့ အနိစ္စမြင်၊ အနိစ္စမုန်း၊ အနိစ္စအဆုံးသို့ရောက်ပါတော့တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သာမည အရေးကြီးသလား တကာ တကာမတို့.... အလွန့်အလွန် အရေးကြီးသလား....(အလွန့်အလွန် အရေးကြီးပါတယ်ဘုရား)။

တွေ့ကြ-ကုံကြရမည့်ကိစ္စကော ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား) ဒီအထဲမှာ လွတ်မည့်ပုဂ္ဂိုလ်မျိုး ပါကြသေးသလား....(မပါ-ပါဘုရား)။

ကိုင်း....တကာတကာမတို့ တဏှာနှားနဲ့ထောင်ယင်ဖြင့် သေတတ်ပလားမေးယင် လန့်သွားလိမ့်မယ်....(မှန်ပါ့) ဉာဏ်နှားနဲ့ထောင်လိုက်တဲ့အခါကျတော့ တကာ တကာမတို့ သေတတ်ပလားလို့ မေးတော့ ဘယ့်နှယ်ဖြကြမလဲ .... (သေတတ်ပါပြီဘုရား)။

အဲဒါ ဉာဏ်နှားတွေမို့နော်....(မှန်ပါ့) တဏှာနှားနဲ့ဆိုယင် နိမိတ်မရှိ နမာမရှိ သေတတ်ပလားလို့ မေးလိုက်တာ ကျုပ်ဖြင့် စိတ်ကို ပျက်သွားတာဘဲ၊ ဆိုချင်လဲ ဆိုပစ်လိုက်မယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဉာဏ်နှားနဲ့ထောင်တော့ တကာ တကာမတွေ.... သေတတ်ပလား-မေးတော့ ဘယ့်နှယ်ဖြကြမလဲ-(သေတတ်ပါပြီဘုရား) လွတ်မှာလား၊ မလွတ်ဘူးလား....(မလွတ်ပါဘုရား)။

ယူလာတာက သူ့ဟာက ဝမ်းထဲက ထွက်ကတည်းက အို့ဘေးနဲ့ သေဘေးကို ဝမ်းထဲမှ ယူပြီးလာခဲ့ကြတယ် .... (မှန်ပါ့) လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ဒါ့ကြောင့် အစချီလာကတည်းက လွတ်စရာမရှိအောင်ဘဲ တကာတကာမတွေ နားလည်မှုရှိအောင် ပြောလာတဲ့အတွက် သေနည်းသုံးမျိုးကို သင်လိုက်ခြင်းဖြစ်ပါတယ်....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)သေတတ်ပလား....(သေတတ်ပါပြီဘုရား)။

ဒါဖြင့်.... ဘုရားကလဲ မရှိတော့လို့ ဘုရားကိုယ်တိုင်ဟောဘို့ အားမကိုးနဲ့တော့....(မှန်ပါ့)ဘုရား၏တပည့်သား ရှိငြားသော်လဲ

ကြုံချင်မှကြုံ၊ ဆုံချင်မှဆုံမှာ ဖြစ်လေသောကြောင့် ဒါလောက် အားမကိုးနဲ့....(မှန်ပါ့)။

ကိုယ့်ဟာကိုယ် ဆင်ခြင်ပြီး သေနည်းသာ အားကိုးကြတော့ လို့ ၃-နံပါတ်ကို လက်ကိုင်ထားလိုက်ပါတော့ ...(မှန်ပါ့)။

ဘာလက်ကိုင်ထားရမလဲ.... (၃-နံပါတ်ကို လက်ကိုင်ထားရပါမယ်) ၃-နံပါတ်သေနည်းက ဘာတဲ့....(ကိုယ့်ဟာကိုယ် ဆင်ဆင်ခြင်ပြီး သေရမှာပါဘုရား)။

ကိုယ့်ဟာကိုယ် အနိစ္စမြင်၊ ကိုယ့်ဟာကိုယ် အနိစ္စမုန်း၊ ကိုယ့်ဟာကိုယ် အနိစ္စဆုံးပြီးသကာလ သေလိုက်စမ်းပါလို့ ပြောလိုက်တယ်....(မှန်ပါ့)။

အဲဒီလို သေလိုက်လို့ရှိယင် သေတာနဲ့ ရဟန္တာဖြစ်တာနဲ့ တပြိုင်တည်းလို ဖြစ်နိုင်တယ် .... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒါကြောင့် တကာ တကာမတွေ.... အလွန်အဓရေးကြီးတဲ့ စကားကို ဆရာဘုန်းကြီး သုံးခွန်းမှာတဲ့အနှက်က တခွန်းကိုဖြင့် အမိယူလိုက်ပါလို့ ပြောလိုက်ပါတယ်....(မှန်ပါ့)။

တခွန်း အမိယူလိုက်ပါဆိုတာ ဘာပါလိမ့်....(ကိုယ့်ဟာကိုယ် ဆင်ခြင်ပြီးသေတာပါဘုရား) ကိုယ့်ဟာကိုယ် ဝေဒနာကျင်ပြီ အနိစ္စတွေ့ ဆင်ခြင်ပြီး သေလိုက်စမ်းပါလို့ ပြောလိုက်ပါတယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တခွန်းကိုယူလိုက်ပြန်လို့ရှိယင်လဲ မီးလောင်မှု ရေရှာတာ...တဲ့၊ အိမ်ပြောင်လိမ့်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မီးလောင်မှု ရေရှာနေသော်....(အိမ်ပြောင်လိမ့်မယ်) ရေရှာရင်း အိမ်ပြောင်လိမ့်မယ်....(မှန်ပါ့) မီးမလောင်ခင်က ရေရှာခဲ့သော်....အိမ်ကျန်ရစ်ပါလိမ့်မယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် မီးမလောင်ခင်က ရေရှာကြစို့....ဆိုတော့ တကာတကာမတို့....(မှန်ပါ့) အခု နောက်ဟောမည့် တရားက သေခါနီး အထူးရှာမနေရအောင် ဝေဒနာတောင် ခွာမနေရအောင် အခုက အနိစ္စရှာထားပါတော့မယ်ဆို-မီးမလောင်ခင်က ရေရှာတာပေါ့ဗျာ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဥပဝါဏ ရဟန်းကလေး သန္ဒဋ္ဌကော·လို့ ဟောတာကို သန္ဒဋ္ဌကဂုဏနှာ၊ ခင်ဗျားတို့ယနေ့ မီးမလောင်ခင်က ရေရှာနည်းကို ပြောပါတော့မယ်....(မှန်ပါ့)။

ဥပဝါဏ-ဆိုတဲ့ရဟန်းက ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို မေးတယ်၊ အရှင်ဘုရား....သန္ဒိဋ္ဌကော-သန္ဒိဋ္ဌကော-လို့ ပြောကြပါတယ်ဘုရား။

အဲဒီ .... သန္ဒိဋ္ဌက· ဆိုတာကို တပည့်တော်အား အမိန့်ရှိပါ ဘုရား....လို့ ဥပဝါဏရဟန်းကလျှောက်လို့ မီးမလောင်ခင်ရေရှာသလို သန္ဒိဋ္ဌကောနဲ့ ရှာကြ....(မှန်ပါ့)။

သန္ဒိဋ္ဌကောတိ သာ မံ ပဿိ တဗ္ဗော-ဆိုတော့ တကာတကာမတို့ ကိုယ်တိုင်မြင်အောင်ကြည့်နိုင်ဘို့ အရေးကြီးတယ်....(မှန်ပါ့)။

ဘာအရေးကြီးပါလိမ့် .... (ကိုယ်တိုင်မြင်အောင်ကြည့်နိုင်ဘို့ အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ်တိုင်မြင်အောင်ကြည့်-ဆိုလို့ ရှိယင်ဖြင့် ကိုယ်-ကိုယ်တိုင်မှာ ရှိလို့ရှိယင် ကိုယ် ကိုယ်တိုင်မှာ မြင်ရမှာဘဲ....(မှန်ပါ့)။

ကိုယ့်ကိုယ်ထဲရှိယင်ဖြင့်....(ကိုယ်ကိုယ်တိုင်မြင်ရမှာပါဘုရား) ကိုယ်တိုင်မြင်ရမှာပေါ့ဗျာ....(မှန်ပါ့)။

ကိုယ်ကိုယ်တိုင် မြင်ရမှာဘဲဆိုတော့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဟောတော်မူတယ်၊ ဆုံးမတော်မူတယ်၊ တကာတကာမတို့.... ဒါကလေးကို လေးလေးနက်နက် မှတ်လိုက်စမ်းပါဦး....(မှန်ပါ့)။

ဝိပသနာအလုပ် ခုနင်က တရားဆက်မိအောင်လို့ သန္ဒိဋ္ဌိက ရုဏ်ကို ထုတ်လာပါတယ်....(မှန်ပါ့) သံယုတ်ပါဦးတော်လို့ မှတ်လိုက်ပါတော့....(မှန်ပါ့)။

သံယုတ် ပါဦးတော်မှာ ဥပဝါဏ- ရဟန်းက ဘုရားကို လျှောက်တဲ့အတွက် သန္ဒိဋ္ဌိကောဆိုတာ ကိုယ်တိုင်မြင်အောင် ကြည့်ပါလို့ ပြောတာ....(မှန်ပါ့)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့ ကိုယ်တိုင်မြင်အောင် ကြည့်တဲ့အခါကျလို့ ရှိယင်ဖြင့် ခုနင်တုန်းက ထိုင်စက တကာ တကာမတွေ မညောင်းမညာပါဘူး၊ အခုတနာရီပြည့်သွားပြီ၊ တနာရီပြည့်သွားတော့ တကာတကာမတို့ အောက်ပိုင်းက ဝေဒနာ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်ကလေးတွေ မပေါ်

လားဗျာ.... (ပေါ်ပါတယ်ဘုရား) ဒုက္ခဝေဒနာ မပေါ်လားဗျာ....(ပေါ်ပါတယ်ဘုရား)။

တကာ တကာမတို့ ဒုက္ခဝေဒနာ ပေါ်လာတာကို ခင်ဗျား တို့သည်ကား....လို့ ဆိုယင်ဖြင့် ကိုယ်တိုင်ကြည့်လိုက်ပါ....(မှန်ပါ ဘုရား)။

ဩော်....ဒါ ဒုက္ခဝေဒနာလို့ မသိဘူးလား .... (သိပါတယ် ဘုရား) ရှုရင်းမတွန့် ကြည့်တဲ့စိတ်ကလေးလဲ ပေါ်ပါရော ဒုက္ခ ဝေဒနာက ချုပ်တယ်....(ချုပ်ပါတယ်ဘုရား)။

ကြည့်တဲ့စိတ်ကလေးပေါ်တော့- (ဒုက္ခဝေဒနာချုပ်ပါတယ် ဘုရား) မကြည့်ဘဲနေတုန်းကတော့ ဒီနေရာ နာတယ်ပေါ့ဗျာ.... (မှန်ပါ့) နာတဲ့နေရာ ကိုယ်တိုင် ကြည့်လိုက်တဲ့အခါကျလို့ရှိယင် ဖြင့် တကာတကာမတို့ နာတာကလေး ရှိသေးသလား၊ မရှိတော့ ဘူးလား....(မရှိတော့ပါဘုရား)။

ဒီ မရှိတာကလေးသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့ မရှိတာကို သိတာက နောက်က လိုက်-လိုက်သည်နဲ့ တပြိုင်နက်တည်း မရှိတာက အနိစ္စဖြစ်သွားတယ်.... (မှန်ပါ့) သိတာက....(မဂ္ဂပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ မဂ္ဂတည်းဟူသော ကိုယ်တိုင် ဉာဏ်နဲ့ မရှိတာကို ကိုယ်တိုင်မမြင်ရဘူးလား .... (မြင်ရပါတယ် ဘုရား)။

ဘာမြင်ရပါလိမ့် .... (မရှိတာကို ကိုယ်တိုင် မြင်ရပါတယ် ဘုရား) ဒါဖြင့် သူများပြောလား၊ ကိုယ်တိုင်မြင်လား.... (ကိုယ်တိုင်မြင်ပါဘုရား)။

ကိုယ့်သန္ဓာန်ဖြစ်တဲ့ ဝေဒနာကလေး၏ နိုးရောဓဆိုတဲ့ ချုပ်မှုကလေးကို တကာ တကာမတို့ သူများပြောလား၊ ကိုယ်တိုင်မြင်လား....(ကိုယ်တိုင်မြင်ပါဘုရား)။

ဒါဖြင့် သန္ဒိဋ္ဌိကော သာမံ ပဿ ိ တဗ္ဗော- ကိုယ်တိုင် မြင်အောင် ရှုရမယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ဘယ်လိုရှုရမှာပါလိမ့် .... (ကိုယ်တိုင်မြင်အောင် ရှုရမှာပါဘုရား)။

ကိုယ်တိုင်မြင်အောင် ရှုရမယ်ဆိုတဲ့ဥစ္စာသည် တကာ တကာမတို့ မှတ်လိုက်စမ်းပါ၊ ဝေဒနာကလေးပေါ်လာတယ်၊ ဒီနေရာညာဏ်နဲ့စိုက်ကြည့်လိုက်သည်နဲ့ တပြိုင်နက်တည်း ဉာဏ်ရောက်လာတယ်ဆိုယင် ဝေဒနာက ချုပ်ပြီးသားဖြစ်နေနှင့်ပြီ .... (မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဖြစ်တော့ ဒါကလေးဟာ မရှိဘူးဆိုတာကလေးကို ဉာဏ်က မသိဘူးလား....(သိပါတယ်ဘုရား) သိတဲ့ဉာဏ်သည် သန္ဒိဋ္ဌိကော (မှန်ပါ့)။

သိတဲ့ဉာဏ်ကို ဘာဆိုကြမယ်....(သန္ဒိဋ္ဌိကောပါဘုရား) ဒါ သူများပြောလား၊ ကိုယ်တိုင်မြင်တာလား .... (ကိုယ်တိုင်မြင်တာပါဘုရား)။

ဘာကလေးကို မြင်တာတုံး....လို့ ဆိုတော့ ခုနင်က ရှိနေတာကလေး မရှိဘူးလို့ ကိုယ်တိုင်မြင်လိုက်တယ်....(မှန်ပါ့)။

ဘယ်လိုမြင်လိုက်ပါလိမ့် .... (ခုနင်က ရှိနေတာကလေး မရှိဘူးလို့ ကိုယ်တိုင်မြင်လိုက်ပါတယ်ဘုရား)။

ခုနင်က ဖြစ်နေတာကြီးဟာ အခုမရှိတော့ပါလားလို့ မသိဘူးလား....(သိပါတယ်ဘုရား)။

ဒါဖြင့် မရှိတာသည်ကား....လို့ ဆိုလို့ရှိယင် ကိုယ်တိုင် မြင်စရာတရား....(မှန်ပါ့) သိတာသည်ကား....လို့ ဆိုယင် ကိုယ်တိုင် မြင်တဲ့တရား(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

မရှိတာက ဘာတဲ့....(ကိုယ်တိုင်မြင်စရာတရားပါ) သိတာက (ကိုယ်တိုင်မြင်တဲ့တရားပါ) သဘောကျပလား .... (ကျပါပြီဘုရား)။

ကိုယ်တိုင်မြင်လိုက်တော့ သန္ဒိဋ္ဌိကော သာမံ ပဿ ံ တဗ္ဗော ကိုယ်တိုင်မရှိတာ သိလိုက်ပါတယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် သန္ဒိဋ္ဌိကောဆိုတာ မရှိတာကို ကိုယ်တိုင် သိအောင်လုပ်....(မှန်ပါ့)။

သန္ဒိဋ္ဌိကောဆိုတာ ဘာပါလိမ့်....(ကိုယ်တိုင်သိအောင်လုပ်ရပါမယ်) ရှိရာက မရှိတာကို ကိုယ်တိုင်မြင်အောင် လုပ်ပါတဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သတိထား, သတိထား, အင်မတန်မှန်တဲ့တရား .... (မှန်ပါ့) သန္ဒိဋ္ဌိကောဆိုတာ ဘာပါလိမ့်....(ကိုယ်တိုင် မြင်အောင် လုပ်ရပါမယ်ဘုရား)။

အဲ.... ရှိရာက ပျက်သွားတဲ့ တရားကလေးကို ဩော်....ပျက်သွားပေါ့-လို့ ကိုယ်တိုင်မသိရဘူးလား.... (သိရပါတယ်ဘုရား)

အဲဒါ ဘာခေါ်ကြမယ်....(သန္ဒိဋ္ဌိကောပါဘုရား) သဘောပါ ပလား....(ပါ-ပါပြီဘုရား)။

သန္ဒိဋ္ဌိကောဆိုတာ တကာတကာမတွေ နေရာကလေး ဘာ ကလေး ပြင်ကြတဲ့အခါကျလို့ ရှိယင် ဘယ့်နှယ်ကြောင့် ပြင်ပါ လိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဒီနေရာမှာ တပည့်ကော်က ပူလွန်းလို့၊ အိုက်လွန်းလို့၊ နာလွန်းလို့၊ ကိုက်လွန်းလို့၊ ခဲလွန်း လို့ ပြောင်းလိုက်ရပါတယ် ဘုရား....လို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) ပြောင်းလိုက်တော့ ရှိသေးရဲ့လား....(မရှိ ပါဘုရား)။

ရှိရာက မရှိတဲ့တရားကလေး မရှိဘူး....လို့ သိတာသည်.... (သန္ဒိဋ္ဌိကောပါဘုရား)။

ရှိရာက မရှိတဲ့တရားကလေး သိယင် ဘာခေါ်ကြမယ်.... (သန္ဒိဋ္ဌိကောပါဘုရား)။

ဒါဖြင့် တကာတကာမတို့ခန္ဓာကိုယ်ထဲမှာ ရှိပြီးပျက်သွားတဲ့ တရားချည့်ဘဲ၊ တကိုယ်လုံးရှိတယ်....(မှန်ပါ့) အဲဒီတော့ ဘယ် စိတ်ပေါ်ပေါ် ရှိရာက မရှိတာသိယင် ပြီးတာဘဲ .... (မှန်ပါ့ ဘုရား)။

ဘယ်ဝေဒနာပေါ်ပေါ်၊ ဘယ်ရုပ်ပေါ်ပေါ်၊ ရှိရာက မရှိ တာသိယင် ဘာခေါ်ကြမယ်....(သန္ဒိဋ္ဌိကောပါဘုရား) ဩော်- သန္ဒိဋ္ဌိကော ကောင်းကောင်းကျေနပ်ပလား .... (ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် အခုအခါက သန္ဒိဋ္ဌိကော ဖြစ်အောင်လုပ်သွားတော့ သေခါနီးကျတော့လဲ ဒီသန္ဒိဋ္ဌိက-က ပျောက်ဦးမှာလား.... (မပျောက်ပါဘုရား)။

အဲဒါကြောင့် မိုးမလောင်ခင်က ရေရွာထားပါဆိုတဲ့ တရားကို တကာကြွယ်တို့ တကာအေးတို့ တကာသိုက်တို့ ဟောရတယ်- (မှန်ပါ့) ဦးလှဘူး- မဟောရပေဘူးလား....(ဟောရပါတယ်) ရွာတတ်ကြပလား....(ရွာတတ်ပါပြီဘုရား)။

သန္ဒိဋ္ဌကောဖြစ်အောင် ဘယ်လိုလုပ်ကြပါမယ်....(ရှိရာက မရှိတာကို သိအောင်လုပ်ရပါမယ်ဘုရား)။

စားချင်တဲ့စိတ်ကလေး ပေါ်လာတယ် တကာ တကာမတို့.... စားချင်စိတ်ကလေး ရှိမနေဘူးလား.... (ရှိနေပါတယ်ဘုရား) တော်တော်ကြာကျတော့ စားချင်တဲ့စိတ်ကလေးသည်ကား....လို့ ဆိုယင်ဖြင့် ဟိုမှာကိစ္စရှိလို့ စကားပြောလိုက်တော့ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါ.... သူ့ကိုဘာခေါ်ကြမယ်....(အနိစ္စပါဘုရား) ပျက်သွားပေါ့- ပျက်သွားပေါ့....လို့ မသိဘူးလား .... (သိပါတယ်ဘုရား)။

အဲ....ပျက်သွားပေါ့-ပျက်သွားပေါ-လို့ သိတာသည် သန္ဒိဋ္ဌကော....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သန္ဒိဋ္ဌကောကို ကောင်းကောင်းကျေနပ်ပလား.... (ကျေနပ်ပါပြီ) အင်မတန်ကို တကာတကာမတွေ့ စဉ်းစားမှ သြော်.... ဒီဥစ္စာ ခက်တာလဲ မဟုတ်ဘဲနဲ့ ဒီသည်ကား....လို့ ဆိုယင်ဖြင့် ကိုယ်တိုင်မမြင်လိုက်ရတာသည် ဆရာကောင်း သမားကောင်း နည်းနာမရလို့ ဘဲလို့ ဆိုတာ မှတ်လိုက်ပါတော့....(မှန်ပါ့)။

အခုတော့ ဘယ်တရားကလေးပေါ်ပေါ် တကာတကာမတို့ တွေးလိုက်ယင် ရှိ-မရှိ....(မရှိပါဘုရား) မရှိတာကို မသိရဘူးလား.... (သိရပါတယ်ဘုရား) သိတာကို ဘာခေါ်ကြမယ်.... (သန္ဒိဋ္ဌိကောပါဘုရား)။

အေး....တကာသိုက် မိုပြီ ဒီလိုဆိုလို့ ဆိုယင်....(မှန်ပါ့) မမိသေးဘူးလား....(မိပါပြီဘုရား)။

ဘယ်တရားပေါ်ပေါ် ရှိ မရှိ တွေးလိုက်စမ်း-(မရှိပါဘုရား) မရှိတာ မသိဘူးလား....(သိပါတယ်) မရှိတာ အနိစ္စ၊ သိတာက မဂ္ဂ....(မှန်ပါ့) အဲဒီမဂ္ဂဟာ သန္ဒိဋ္ဌိကော....(မှန်ပါ့)။

ဒီမဂ္ဂဟာ ဘာခေါ်ကြမယ်....(သန္ဒိဋ္ဌိကောပါဘုရား) အဲဒါဘုရား ဘယ်နေရာများ တရားရှာပါ့မတုံး....၊ တပည့်တော်တို့ အသက်ကြီးအိုမ,နဲ့ သခါလဲနီးပြီ၊ တရားရှာရတာ ခက်လိုက်တာလို့ များ ခက်လိုက်တာ....လို့ ညည်းလုံး ထုတ်လို့ ရှိယင်ဖြင့် ကြောင်တောင်ကန်းလို့ ပြောရမယ်....(မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်တယ် တကာ တကာမတို့ ဘယ်တရား ပေါ်လာလာ-ရှိ-မရှိ တွေးရုံဘဲ....(မှန်ပါ့) တွေးတဲ့စိတ်လာယင် မူလဖြစ်တဲ့စိတ် ရှိသေးရဲ့လား....(မရှိပါဘုရား) ဒါဖြင့် ၁-မှာ ဖြစ်ပျက်၊ ၂-မှာ မဂ်....(မှန်ပါ့)။

၁-မှာ....(ဖြစ်ပျက်ပါဘုရား) ၂-မှာ....(မဂ်ပါဘုရား) အဲဒါဘာခေါ်ကြမလဲ....(သန္ဒိဋ္ဌိကောပါဘုရား) အဲ... ရှေ့ကဖြစ်ပျက်နောက်က မဂ်ဟာ သန္ဒိဋ္ဌိကော....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့၏သန္တာန်မှာ စိတ်မကူးဘဲနေတဲ့ အချိန် ပါသေးသလား .... (မပါ-ပါဘုရား) အဲဒီကူးတဲ့စိတ် ကလေး ရှိ-မရှိ တွေးစမ်း....(မရှိပါဘုရား) မရှိတာက ဘာခေါ် ကြမယ်....(အနိစ္စပါဘုရား) သိတာက....(မဂ္ဂပါဘုရား) အဲဒီ မဂ္ဂကို ဘာဆိုကြမယ်....(သန္ဒိဋ္ဌိကောပါဘုရား)။

အဲ....သန္ဒိဋ္ဌိကော....တဲ့၊ အဲဒီမင်္ဂနဲ့ တပည့်တော်ကိုယ်တိုင် ဖြစ် ပါတယ်ဘုရား....လို့ ဆိုရာရောက်ပါတယ်....(မှန်ပါ့)။

တကာကြွယ်-သိပ်မိပလား....(မှန်ပါ့) အင်မတန်မိပါတယ်။

တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ်ကလေးများ ပြတ်ကဲ့လား လို့ မေးတဲ့အခါကျတော့ သတိထားလိုက်စမ်း- သတိထားလိုက် စမ်း....၊ ရေသောက်ချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ရှိ-မရှိ တွေးလိုက်စမ်းဗျာ....(မရှိပါဘုရား)။

ဒါဖြင့် မရှိတာက....(အနိစ္စပါဘုရား) သိတာက....(မဂ္ဂပါ ဘုရား) အဲဒီမဂ္ဂ ဘာခေါ်ကြမယ်.... (သန္ဒိဋ္ဌိကောပါဘုရား) ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ကိုယ်တိုင်မြင်တာ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား) ခုနင်္ကာ ရေသောက်ချင်တဲ့စိတ်ကလေး ရှိသေးရဲ့လား.... (မရှိပါ ဘုရား) မရှိတာ မသိဘူးလား....(သိပါတယ်ဘုရား)။

ဒါဖြင့် မရှိတာသိတာလဲ ကိုယ်-ကိုယ်တိုင် သိပါတယ် မရှိ ကြောင်းကို....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သူများ ပြောလား၊ ကိုယ်တိုင် မရှိကြောင်းကို သိလား.... (ကိုယ်တိုင်မရှိကြောင်းကို သိတာပါဘုရား)။

အဲ....ကိုယ်တိုင်မရှိကြောင်းကိုသိတော့ဘာတဲ့....(သန္ဒိဋ္ဌကော ပါဘူးရှား) သန္ဒိဋ္ဌကော ကိုယ်တိုင်မြင်ပါတယ်ကွ.တဲ့ မရှိတာကို (မှန်ပါ့)။

ဟာ....တကာကြွယ် သေပျော်တဲ့တရားပါလား .... (မှန်ပါ့) ရရဲ့သားနဲ့ ကျုပ်တို့ဝိပဿနာမလုပ်တတ်လို့ ခက်နေတာ.... (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ခက်နေတာပါလိမ့်....(ရရဲ့သားနဲ့ ဝိပဿနာမလုပ်ဘတ်လို့ပါဘူးရှား) ရတော့ ရပါရဲ့၊ ဝိပဿနာ အသုံးမချတတ်လို့ ခက်နေတယ်....(မှန်ပါ့)။

တကာတကာမတွေ သန္ဒိဋ္ဌကောဆိုတာ ဟေ....ကိုယ့်သန္တာန်ဖြစ်တဲ့စိတ် ရှိ.မရှိ သိယင် သန္ဒိဋ္ဌကောဖြစ်ပါတယ်....(မှန်ပါ့)။

သေသေချာချာမှတ်စမ်းပါ တကာတကာမတို့ကိုယ့်သန္တာန် ဖြစ်တဲ့ စိတ်ကလေးဟာလဲ ဖြစ်ပြီးပျက်၊ဖြစ်ပြီးပျက်၊ဖြစ်ပြီးပျက်၊ ပျက်တိုင်း-ပျက်တိုင်း နောက်က အသိလိုက်နေမယ်ဆိုယင် ဘာ ဖြစ်ကြပါလိမ့်....(သန္ဒိဋ္ဌကောပါဘူးရှား) ရှင်းကြပလား....(ရှင်း ပါပြီဘုရား)။

အင်မတန်အဓရေးကြီးနေပါလား.... (ကြီးပါတယ်ဘုရား) အင်မတန် အရေးကြီးလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာပေါ့....(မှန်ပါ့) ဥပဝါကရဟန်းက လျှောက်လို့နော်- (မှန်ပါ့)။

အကယ်၍.... တကာ တကာမတွေ ရေသောက်ချင်တဲ့ စိတ်ကလေး ရှိ-မရှိ မတွေးတော့ပါဘူး၊ ဆရာဘုန်းကြီး တရားလဲ

နားမထောင်၊ သန္ဒိဋ္ဌကောဆိုတဲ့ဥစ္စာလဲ အလုပ်မလုပ်ဆိုတော့ ရေသောက်ချင်တယ်ဆိုတာက တဏှာ....(မှန်ပါ့)။

မသောက်ရမနေနိုင်ဘူးလို့ ထုတ်မသွားဘူးလား....(သွားပါတယ်ဘုရား) အဲဒါက ဘာပါလိမ့်....(ဥပါဒါန်ပါဘုရား)။

ငါ့ဟာငါ သွားသောက်မယ်လို့ ပါးစပ်ကလဲပြော၊ ခြေထောက်ကလဲ လှမ်း ဆိုတော့ ကာယကံ, ဝစီကံ ဆိုတဲ့ ကမ္မဘဝ ဖြစ်တယ်....(မှန်ပါ့)။

ဒါဖြင့် သောက်ချင်တာက တဏှာ၊ မသောက်ရယင် မနေနိုင်တာက....(ဥပါဒါန်ပါ) ကာယကံ, ဝစီကံနဲ့ သွားတာက....(ကမ္မဘဝပါဘုရား) ကမ္မဘဝပစ္စယာ .... (ဇာတိပါဘုရား) ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ သန္ဒိဋ္ဌကောမလုပ်ယင် ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ်ကြီး လည်ပါရောတဲ့ .... (မှန်ပါ့ဘုရား)။

ရေသောက်ချင်တဲ့ စိတ်ကလေးက တကာတကာမတွေက ရှိ-မရှိ မတွေးတော့ဘူး သန္ဒိဋ္ဌကော ဖြစ်အောင်မလုပ်တော့ဘူး ဆိုပါတော့ဗျာ၊ မလုပ်တော့ ရေသောက်ချင်တာက ဘာပါလိမ့်....(တဏှာပါ) မသောက်ရ မနေနိုင်အောင်ဖြစ်လာတာက (ဥပါဒါန်ပါဘုရား)။

ကာယကံနဲ့သွားပြီး ဝစီကံနဲ့ ပြောသွားတာက (ကမ္မဘဝ) သဘောကျပလား....(ကျပါပြီ) ကမ္မဘဝပစ္စယာ....(ဇာတိ) ဇာတိပစ္စယာ....(ဇရာ မရဏပါဘုရား)။

ဇရာ, မရဏဆိုတော့ မသွားသေးဘူးလား....(သွားပါပြီ) အင်မတန် ကြောက်စရာမကောင်းဘူးလား.... (ကောင်းပါတယ် ဘုရား)။

ဒါဟာ ဘယ်နှယ်ကြောင့် ဒီလိုပဋိစ္စသမုပ္ပါဒ်ကြီး သံသရာကူးသွားပါလိမ့်မတုံး.... ဇာတိဆိုတော့ ရောက်မသွားသေးဘူးလား....(သွားပါပြီ) ဇရာ, မရဏဆိုတော့ ဟိုဘက်သေပဲ့မဝင်သေးဘူးလား....(ဝင်ပါပြီဘုရား)။

အနာဂတ် သေပဲ့ဝင်ရတယ် သဘောကျပလား (ကျပါပြီ) အဲဒါ ဘယ်နှယ်ကြောင့် သံသရာဆက်ပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ရှိယင် သန္ဒိဋ္ဌိကောမလုပ်မိလို့ဘုရား....(မှန်ပါ့) သံသရာဆက်တာ ဘယ်နှယ်ကြောင့်ပါလိမ့် .... (သန္ဒိဋ္ဌိကောမလုပ်မိလို့ ပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ကြော် .... တကာတကဲမတွေ ပါဠိတွေရရဲသားနဲ့ အသုံးမချတတ်တာနဲ့ သံသရာခရီးသည်ဖြစ်ရ နာလိုက်တာဗျာ(မှန်ပါ့) မနာဘူးလား....(နာပါတယ်ဘုရား)။

တကာကြွယ်ရေ- လဲသေလိုက်ဘို့ ကောင်းတယ် ပါဠိုလဲအရသားနဲ့ သံသရာကျောက်ကျပြီး သေပဲ့တွေ့ခဲ့ရတာ ဘယ်လောက်ဆိုးဝါးသတုံး.... (ဆိုးဝါးပါတယ်) ဒါ ဘာမလုပ်တတ်လို့ပါလိမ့်....(သန္ဒိဋ္ဌိကော မလုပ်တတ်လို့ပါဘုရား)။

ဒါဖြင့် သန္ဒိဋ္ဌိကော လုပ်တတ်လို့ရှိယင် တကာတကာမတို့ပဋိစ္စသမုပ္ပါဒ် ဘယ်နှယ်နေသလဲ (ပြတ်ပါတယ်)စဉ်းစားကြည့်ရသောက်ချင်တဲ့စိတ်ကလေး ရှိ-မရှိ တွေးစမ်း.... (မရှိပါ) မရှိ

တာက....(အနိစ္စပါ) သိတာက....(မဂ္ဂပါ)ဟော....မဂ္ဂကို ဆာ
ခေါ်ကြမယ်....(သန္ဒိဋ္ဌိကောပါဘုရား)။

သန္ဒိဋ္ဌိကောခေါ်တယ်၊ မဂ္ဂနဲ့ကိုယ်တိုင်မမြင်လို့ကဘူးလား
(မြင်လို့ကပါတယ်) မြင်လို့ကတော့ တကာတကာမတို့ တဏှာ
မဟုတ်တော့ပါဘူး၊ အနိစ္စဖြစ်သွားတယ်....(မုန်ပါ့)။

အနိစ္စဖြစ်သွားတော့ ဥပါဒါန်ကို ကျေးဇူးပြုသေးရဲ့လား....
(မပြုပါ) ဥပါဒါန်ကို ကျေးဇူးမပြုတော့ ကမ္မဘဝဆိုတဲ့
ကာယကံ, ဝစီကံ, လာသေးရဲ့လား....(မလာပါဘုရား)။

ကာယကံ, ဝစီကံမှ မလာလို့ရှိယင် ကမ္မဘဝပစ္စယာ ဇာတိ
ကော....(မလာပါဘုရား) ဇာတိမှမလာဘဲနဲ့ အို, သေတန်းပြီး
နောက်တခါ နေရဦးမှာလား....(မနေရပါဘုရား)။

အံမာလေး....အဘိုးတန်လိုက်တဲ့ဖြစ်ခြင်း သန္ဒိဋ္ဌိက....(မုန်ပါ့)
အဘိုးတန်လိုက်တဲ့ သန္ဒိဋ္ဌိက တကာတကာမတွေ ပြောစရာမရှိ
တော့ဘူး....(မုန်ပါ့ဘုရား)။

သေသေချာချာနာကြစမ်းပါ တကာတကာမတို့ ဒါ အိမ်
ကျတော့ လုပ်ကြည့်၊ လမ်းသွားကြည့်တော့လဲ လုပ်ကြည့်တာ
ပေါ့....(မုန်ပါ့ဘုရား)။

နင်းလိုက်တဲ့အခါ ဝေဒနာကလေး ပေါ်တယ်၊ဒီဝေဒနာက
လေး ရှိ-မရှိတွေးလိုက်တဲ့အခါ ခြေကြွတော့ရှိသေးရဲ့လား ....
(မရှိပါဘုရား)မရှိယင် သန္ဒိဋ္ဌိကဖြစ်တာဘဲ၊ အနိစ္စနဲ့မဂ္ဂဖြစ်သွား
တာဘဲ....(မုန်ပါ့) မဖြစ်ဘူးလားဗျာ....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ သန္ဒိဋ္ဌကော ဘယ်လောက် အရေးကြီးသတုံး....(ကြီးပါတယ်ဘုရား) တကာသိုက်တို့၊တကာ အေးတို့ သန္ဒိဋ္ဌကော ဘယ်လောက် အရေးကြီးသတုံး .... (ကြီးပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သံသရာရှည်ခဲ့တာ ပေါ်ပလား....(ပေါ်ပါပြီ)ဘာကြောင့် ရှည်ခဲ့ပါလိမ့်....(သန္ဒိဋ္ဌကောမလုပ်ခဲ့လို့ပါ) သန္ဒိဋ္ဌကော သပိတ်မှောက်ခဲ့လို့....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာသပိတ်မှောက်ခဲ့လို့ပါလိမ့်-(သန္ဒိဋ္ဌကော သပိတ်မှောက်ခဲ့လို့ပါ) သန္ဒိဋ္ဌကောဆိုတာ သံယုတ်ပါဠိတော်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကိုယ့်သန္တာန်ဖြစ်တဲ့လောဘ ဒေါသ, မောဟနဲ့ ကုသိုလ်တွေ ရှိ-မရှိ တွေးတာ သန္ဒိဋ္ဌကတဲ့.... (မှန်ပါ)ဘုရား)။

ဟိုဟာက အထွဋ်ဆုံး မဂ္ဂပစ္စည်းကိုဟောတာ ဒါက ပဋိလ်တွေ ဝိပဿနာရှုတဲ့ သန္ဒိဋ္ဌကလို့မှတ်လိုက် .... (မှန်ပါ)ဘယ်လောက် အဘိုးတန်သတုံး....(တန်ပါတယ်ဘုရား)။

သေပျော်ပါပြီ၊ ဒီတရား နာရတာ တကာ တကာမတွေ့ သေပျော်ပလား....(သေပျော်ပါပြီဘုရား) မလုပ်တတ်စရာကော (မရှိပါဘုရား)။

ကိုယ့်သန္တာန် စိတ်ကလေး ပေါ်လဲ ဘယ်စိတ် ပေါ်ပေါ် ဘယ်လို တွေးရမလဲ.... (ရှိ-မရှိတွေးရပါမယ်ဘုရား) ရှိ-မရှိ တွေးယင် ဘာဖြစ်ပါလိမ့်.... (သန္ဒိဋ္ဌကောဖြစ်ပါတယ်ဘုရား) သန္ဒိဋ္ဌ

ဒကာ ဖြစ်မှာဘဲ၊ မရှိဘူး-မရှိဘူးလို့ ဆိုတာ ကိုယ်တိုင် မသိရဘူး လား....(သိရပါတယ်ဘုရား)။

တကာကြွယ် သိပ်မျှား ခက်နေသလား.... (မခက်ပါဘုရား) မလုပ်ဖြစ်မှာ စိုးရိမ်တယ်၊ မခက်တာ ဆရာဘုန်းကြီးက ပြလို့ ရှင်းသွားပြီ....(မှန်ပါ့)။

တကာတကာမတွေက အိမ်ကျတဲ့အခါကျတော့ သံသရာ လည်ချင်လာတယ်၊ ရသောက်ချင်တာလဲ မတွေး၊ မတွေးတော့ ကျုပ်-မသောက်ရ မနေနိုင်ဘူးဆိုတဲ့ ဥပါဒါန်ကလာ ....(မှန်ပါ့ ဘုရား)။

ရသောက်ချင်တာက တဏှာ၊ မသောက်ရ မနေနိုင်တာက (ဥပါဒါန်ပါဘုရား) ဘယ်သူက ယူပေးမပေးပေး ကျုပ်ဟာ ကျုပ် သွားသောက်မယ်ဆိုတဲ့ ကာယကံ,ဝစီကံ မလုပ်ဘူးလား-(လုပ်ပါတယ်ဘုရား) အဲဒါက ဘာပါလိမ့်.... (ကမ္မဘဝပါ ဘုရား) ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) ဟာ....သံသရာကို ကူးသွားတယ်....(မှန်ပါ့)။

ဇာတိပစ္စယာ....(ဇရာမရဏပါဘုရား) အင်း....ဒီဘဝတောင် အိုပဲ့,သေပဲ့ မလွတ်သေးဘူး၊ ဟိုဘဝ အိုပဲ့,သေပဲ့ထပ်ပြီးတော့ ရမယ်လို့ ရွယ်ပြီးသား ဆုတောင်းပြည့်ပြီးသား သွားဖြစ်တယ် (မှန်ပါ့) ဘယ်လောက်မျှား နာတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်လာပါပြီဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ ဘုန်းကြီးမျှားနဲ့တွေ့ ဆရာ ကောင်း, သမားကောင်းနဲ့တွေ့၊ သာသနာတွင်းကို ဘုန်းကြီး

ကလဲ ကျန်းကျန်းမာမာမို့ တကာတကာမတွေ့လဲ ကျန်းကျန်းမာမာမို့ မဂ်ရဆိုက်တဲ့ ကုသိုလ်က ပါနိုင်တယ်လို့ ဆိုးဖြတ်ချက်ချ....(မှန်ပါ့)။

အားမငယ်ကြစမ်းပါနဲ့၊ အားမငယ်ကြစမ်း ပါနဲ့၊ မဂ်ရထိုက်တဲ့စိတ် သန္ဒိဋ္ဌကောဂုဏ် ပြည့်စုံယင် ဧကန် ရပါတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သန္ဒိဋ္ဌကောဆိုတာ ဘာပါလိမ့်.... (ကိုယ်တိုင် မြင်အောင်ကြည့်ရပါမယ်ဘုရား) ကိုယ်တိုင်မြင်ရမယ်....(မှန်ပါ့) ဘယ်သူ့သန္တာန်မှာ မြင်ရမှာပါလိမ့်.... (ကိုယ့်သန္တာန်မှာ မြင်ရမှာပါဘုရား)။

အဲ....ကိုယ့်သန္တာန်ဖြစ်တဲ့စိတ်ကလေး၏ ရှိ-မရှိကို တွေးလိုက်လို့ မရှိတာတွေ့ယင် သန္ဒိဋ္ဌကော....(မှန်ပါ့) မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမကို ဒီသန္ဒိဋ္ဌကော ဆိုတာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အလွန်အရေးကြီးကြောင်းဖြင့် ဆရာဘုန်းကြီး သုံးလေးခါ ထပ်ပြောလို့ သိကြပါပြီ.... (မှန်ပါ့ဘုရား)။

သန္ဒိဋ္ဌကောဆိုတဲ့ဥစ္စာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သန္ဒိဋ္ဌကောကို တွဲစရာကလေး တခု ထည့်ပေးပါဦးမယ်.... (မှန်ပါ့ဘုရား)။

တွဲစရာကလေး သတိထားလိုက်စမ်း တကာတကာမတို့ ဧဟံ ပဿိကော....(မှန်ပါ့ဘုရား) ဧဟိ=လာခဲ့၊ ပဿ=ရှုပါ... တဲ့ (မှန်ပါ့)။

ကျုပ်....ရှုစမ်းပါဗျာ၊ ကျုပ်-ရှုစမ်းပါဗျာ....လို့ တရားက ခေါ်နေတယ်ဆိုပါကလား....(မှန်ပါ့)။

ဟိ=လာခဲ့၊ ပဿ=ရှုပါ၊ လာရှုစမ်းပါ-လာရှုစမ်းပါလို့ ဘယ်သူက ခေါ်သတုံး....(တရားက ခေါ်ပါတယ်ဘုရား)။

ဩော်....တရားတွေက ခေါ်ရှာပါရဲ့၊ ခင်ဗျားတို့က ကျောပေးနေလို့ ခက်နေတာ....(မှန်ပါ့) ဘယ့်နယ်ကြောင့် ခက်နေသလဲ....(ကျောပေးနေလို့ခက်ပါတယ်ဘုရား)။

မဟုတ်ဘူးဗျ၊ တရားတော့ ကျောမပေးကြနဲ့၊ ခင်ဗျားတို့ တရားကြောင့် တရားသဘောအတိုင်း လူဖြစ်လာကြတာ....(မှန်ပါ့)။

ခင်ဗျားတို့ကို ဘယ်သူကဖန်ဆင်းလို့မှ လူဖြစ်လာတာမဟုတ်ဘူး....(မှန်ပါ့) အဲဒီတရားတော့ ကျောပေးမနေနဲ့....(မှန်ပါ့) တရားက ခေါ်ယင် သွားဖြစ်အောင် သွားပါ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဟိ=ဘာတဲ့....(လာခဲ့ပါ) ပဿ=ရှုပါ....(မှန်ပါ့) ဘယ်သူက ခေါ်ပါလိမ့်....(တရားက ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် တရားတို့ခင်းဟာ ခေါ်နေတာချည့်ဘဲ .... (မှန်ပါ့) ခင်ဗျားတို့က မရှုဘူး....(မှန်ပါ့) ဘာဖြစ်နေသလဲ....(ကျောပေးနေပါတယ်ဘုရား)။

ဩော်....ကျေးဇူးရှင် ကျေးစွပ်တာဘဲ....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကျေးဇူးရှင် ကျေးစွပ်တယ်၊ ခင်ဗျားတို့ လူဘဝရလာတာ ဘယ်သူပို့လိုက်တာတုံး....(တရားက ပို့ပါတယ်ဘုရား)။

ဩော်....ပို့ပြီးယင်တော့ သူ့တာဝန်ကျေပြီ၊ နောက်များ လှည့်တောင် မကြည့်ဘူးဆိုတဲ့အဓိပ္ပါယ်နဲ့ ခင်ဗျားတို့က နေတာ လား....(မှန်ပါ့)။

မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား) အတော် ဆိုးဝါးတဲ့ တကာတကာမတွေ၊ မဆိုးဝါးဘူးလား....(ဆိုးဝါး ပါတယ်ဘုရား)။

ဧဟိက ဘာတဲ့....(လာပါ) ပဿက....(ရှုပါ) ဘယ်သူက ခေါ်တာတုံး....(တရားက ခေါ်တာပါဘုရား)။

အံမာလေး....တရားကခေါ်လျက်နဲ့တောင်မှ ခင်ဗျားတို့က မရှုဖြစ်ဘူးဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ကျေးဇူးရှင် ကျေးစွပ် တာဘဲ....(မှန်ပါ့) မဆိုထိုက်ဘူးလား .... (ဆိုထိုက်ပါတယ် ဘုရား)။

ခင်ဗျားတို့ အတော်ခက်တဲ့ တကာ တကာမတွေ....တဲ့၊ ဧဟိ ပဿ ိကော-ဆိုတာ ဧဟိ=လာခဲ့၊ ပဿ=ရှုပါလို့ ပြောလျက် သားနဲ့ ခြင်ကိုက်တော့ ခင်ဗျားတို့ မှောင်ထဲမှာ ခြင်ကိုက်တာ တောင် ကျောကိုက်လို့ရှိယင် ခင်ဗျားတို့စိတ်ကလေးက လက်ကို ညွှန်ပြပြီး အဲဒီနေရာ အယားဖျောက်ဟဲ့-ဆိုတာ တရားက ခေါ် လို့ သွားတာ.... မှန်ပါ့)။

ခြင်ကိုက်တဲ့နေရာခေါ်တော့ သွားတယ်၊ အနိစ္စရောက်တဲ့ နေရာကခေါ်တော့.... (မသွားပါဘုရား) ဖြစ်မှ ဖြစ်ရလေ.... အတော်ဆိုးနေတယ်....(မှန်ပါ့)။

ခြင်ကိုက်တဲ့ နေရာကျတော့ စမ်းများသွားလိုက်သေးတယ် လက်ကလေးက....(မှန်ပါ့) အနိစ္စရောက်တဲ့နေရာက ခေါ်တော့ (မသွားပါဘုရား)။

ဩော်.... မဂ်ဖိုလ်ရမှာများ ကြောက်ရှာကြတယ်....(မှန်ပါ့) အဓိပ္ပါယ်က ဒီမရောက်ဘူးလား ...(ရောက်ပါတယ်ဘုရား)။

ဘာကြောက်နေကြသလဲ....(မဂ်ဖိုလ်ရမှာ ကြောက်နေသလို ပါဘုရား)အပါယ်တံခါးပိတ်သွားယင် တပည့်တော် နောက်ထပ် မသွားရယင် ကိုယ်ကျိုးနည်းချေရဲ့....၊ ဒီလိုများ ဖြစ်နေသလို၊ မပြောထိုက်ဘူးလား၊ ပြောထိုက်သလား.... (ပြောထိုက်ပါတယ် ဘုရား) ခင်ဗျားတို့ဖြစ်စဉ်လေ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဟေိက ဘာတဲ့-(လာပါ) ပဿက....(ရှုပါ) လာရှုစမ်းပါ-လာရှုစမ်းပါ လို့ ဘယ်သူက ခေါ်သတုံး....(တရားကခေါ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တရားက ခေါ်လို့ရှိယင်ဖြင့် သန္ဒိဋ္ဌိကောက လိုက်ပါတော့၊ ကိုယ်တိုင် မြင်အောင်လိုက်ပါတော့....(မှန်ပါ့ ဘုရား)။

မင်း-ခေါ်တော့ကွာ.... ကိုယ်တိုင်မြင်အောင် လိုက်မလား.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဟေိ ပဿိကောက အခေါ်သမား .... (မှန်ပါ့) သန္ဒိဋ္ဌိ ကောက အရှုသမား....(မှန်ပါ့) ဘယ်လိုလုပ်ပြမယ်....(ကိုယ်တိုင် မြင်အောင် ရှုရပါမယ်) ဟေိ ပဿိက ခေါ်တဲ့ဆီသို့ သန္ဒိဋ္ဌိက လိုက်ပါ....(မှန်ပါ့)။

သတိထားစမ်းပါ-သတိထားစမ်းပါ၊ ဒီနှစ်လုံးနဲ့ ဒီနေ့တရား ပဲကြီးမှာ....(မှန်ပါ့) ကြပ်ကြပ်သတိထားစမ်းပါ။

ဟေ့ ပဿဒ္ဓိကောက ဘာတဲ့ .... (အခေါ်သမားပါဘုရား) ကျုပ်ဆီ လာခဲ့၊ ကျုပ်ဆီလာခဲ့လို့ မခေါ်ဘူးလား .... (ခေါ်ပါတယ်ဘုရား)။

သန္ဒိဋ္ဌိကောက ဘာလုပ်ရမတုံး .... (မြင်အောင်ရှုရပါမယ်) သူခေါ်တဲ့ဆီကို ရှုမယ် ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပြန်ပြောစမ်းပါ၊ ဟေ့ ပဿဒ္ဓိကောက....(အခေါ်သမားပါ) ခေါ်တာလဲ တရားဘဲနော်....(မှန်ပါ့) သန္ဒိဋ္ဌိကောက ဘာလုပ်ရမလဲ....(လိုက်ရှုရပါမယ်) လိုက်ရှုတာလဲ ဉာဏ်နဲ့လိုက်ရှုရမှာဘဲ (မှန်ပါ့)။

ဒါဖြင့်.... အခေါ်သမားနဲ့ အရှုသမား ပေါင်းမိလို့ရှိယင် ခင်ဗျားတို့သည်ကား .. လို့ ဆိုလို့ရှိယင်ဖြင့် သေသေချာချာ ခင်ဗျားတို့ နိဗ္ဗာန်ရောက်ပါတယ်....(မှန်ပါ့)။

အခေါ်သမားက အခုအနိစ္စခေါ်, ဒုက္ခခေါ်, အနတ္တခေါ်မှာကိုးဗျ....(မှန်ပါ့)။

နောက်ကျတော့ အနိစ္စ,ဒုက္ခ,အနတ္တ ဆုံးသွားတော့ အခေါ်သမားက နိဗ္ဗာန်ဖြစ်နေတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ် ဒါမှတ်စမ်း....(မှန်ပါ့) ဘယ်လောက် အရေးကြီးသတုံး....(ကြီးပါတယ်ဘုရား)။

အခုတော့ဖြင့် အခေါ်သမားက အနိစ္စကခေါ်လိုက်၊ ဒုက္ခခေါ်လိုက်နဲ့ မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား) နောက်တော့ အနိစ္စ, ဒုက္ခ, အနတ္တတွေက ဆုံးမသွားဘူးလား-(ဆုံးသွားပါတယ်ဘုရား) နိဗ္ဗာန်က ခေါ်မယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်)။

ဟာ....တကာကြွယ်-တယ်အဘိုးတန်ပါလား....(မှန်ပါ့) အခုတော့ဖြင့် အနိစ္စက ခေါ်လိုက်၊ ဒုက္ခက....(ခေါ်လိုက်ပါဘုရား) အနတ္တက....(ခေါ်လိုက်ပါဘုရား)။

နောက်ကျတော့ အနိစ္စလဲချုပ်၊ ဒုက္ခလဲချုပ်သွားတော့ ဘယ်သူခေါ်မတုံး....(နိဗ္ဗာန်က ခေါ်ပါမယ်ဘုရား)။

ဟော....အနိစ္စအဆုံးမှာ နိဗ္ဗာန်၊ ဒုက္ခအဆုံးမှာ နိဗ္ဗာန်၊ အနတ္တနိဗ္ဗာန်*... (မှန်ပါ့) အဲဒါတွေက မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဟိ ပဿ ကောက အခေါ်သမား ဟုတ်လား.... မှန်ပါ့) သဒ္ဓိဋ္ဌိကောက လိုက်ရှုသမား.... သဘောကျပလား.... ကျပါပြီဘုရား)

မမေ့နဲ့နော် ဒီတရားကို....(မှန်ပါ့) အဲဒီအခေါ်သမားနဲ့ အရှုသမားသာ တဲ့နေမယ်ဆိုယင်ဖြင့် တကာကြွယ်တို့- ဦးစံရီတို့-တကာအေးတို့ ပဋိစ္စသမုပ္ပါဒ် ပြတ်-မပြတ် ကိုယ့်ကိုယ်....(ပြတ်ပါ့တယ်ဘုရား)။

---

* နိဗ္ဗာန်သည်လည်း အနတ္တပင်၊ သို့ဖြစ်၍ သင်္ခတ အနတ္တ အဆုံးမှာ အသင်္ခတ အနတ္တဖြစ်သော နိဗ္ဗာန်ဟု ပြလိုပါသည်။

အနိစ္စခေါ်တဲ့ဆီကို အနိစ္စဉာဏ်သာလိုက်လို့ ရှိယင် ဉာဏ်ဟာ မဂ်ဘဲ....(မှန်ပါ့) မဂ်ဆိုယင် ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူးလား.... (ပြတ်ပါတယ်ဘုရား) ပြတ်သည်နဲ့တပြိုင်နက်တည်း သံသရာဆက်ဦးမှာလား....(မဆက်ပါဘုရား)ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား) တယ်လဲအဘိုးတန်ပါလား....(တန်ပါဘယ်ဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာ တကာတကာမတို့ ဘယ်နှစ်လုံး မှတ်မှာပါလိမ့်....(နှစ်လုံးပါဘုရား)။

တလုံးက အခေါ်သမားက ဘယ်သူပါလိမ့် .... (ဗဟိ ပဿိကောပါဘုရား) အလိုက်သမားက....(သန္ဒိဋ္ဌိကောပါဘုရား) အလိုက်သမားက သန္ဒိဋ္ဌိကော ကိုယ်တိုင်မြင်အောင်လိုက်နော်....(မှန်ပါ့)။

အခေါ်သမားက ဘာတဲ့ .... (ဗဟိ ပဿ ိကောပါ) ဗဟိပဿ ိကော....တဲ့၊ ကျုပ်ပျက်နေပြီ၊ လာရှုလှည့်ပါ၊ ကျုပ်ပျက်တဲ့ဆီကို ရှုစမ်းပါ....(မှန်ပါ့) မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား) အဲဒါက ဗဟိ ပဿ ိကော၊ သဘောကျပလား....(ကျပါပြီဘုရား)။

သန္ဒိဋ္ဌိကောကဟာ ပျက်နေယင် ကိုယ်တိုင်ကြည့်ပါသော်ကော ဆိုပြီး "သာမံ ပဿ ိ တဗ္ဗော"နဲ့ ကိုယ်တိုင် လိုက်-လိုက်....(မှန်ပါ့) ကိုယ်တိုင်ကြည့်လိုက်တော့ သြော်....မရှိတာ မသိရှုပေဘူးလား....(သိရပါတယ်ဘုရား)။

ဒါဖြင့် မရှိတာက.... (အနိစ္စပါ) ကိုယ်တိုင်သိတာက....(မဂ္ဂပါဘုရား)။

အဲ....ဒါကြောင့် ဒီဌမမှောဆိုတာ ကိုယ်တိုင်မြင်ပါတယ်.... (မှန်ပါ့) ပေါ်လာကြပလား....(ပေါ်ပါပြီဘုရား)။

မသေပျော်သေးဘူးလား တကာအေး....(မှန်ပ့ါ) သေပျော်ပြီ- သေပျော်ပြီ၊ ဒီနှစ်လုံးတည်းနဲ့ နိဗ္ဗာန် ရောက်နိုင်တယ်.... (မှန်ပါ့) ဒီနှစ်လုံးတည်းနဲ့ နိဗ္ဗာန်ရောက်တယ်ဆိုတာ တကာတကာမတွေ ရှင်းပလား....(ရှင်းပါပြီဘုရား)။

သိပ်အဘိုးတန်လွန်းလို့ပြောနေပါတယ်... (မှန်ပါ့) တကာတကာမတွေ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ထမင်းစားချင်တဲ့ စိတ်ကလေး ပေါ်လာပြီ-ဟုတ်လား....(မှန်ပါ့) နောက်ကနေ သန္ဒိဋ္ဌိကောနဲ့ လိုက်လိုက်စမ်းပါ၊ ရှိသေးရဲလား....(မရှိပါဘုရား)။

မရှိတဲ့ဆီ လိုက်လိုက်တော့ကို ခင်ဗျားတို့က လိုက်ချင်လို့ လိုက်တာလား၊ ဟိုတရားကိုက ခေါ်နေတာလား....(တရားကိုက ခေါ်တာပါဘုရား) မရှိတဲ့တရားကလေးက ခေါ်မနေဘူးလား (ခေါ်နေပါတယ်ဘုရား)။

ကျုပ်သေပါပြီ လာကြည့်ပါဦး၊ ကျုပ်သေပါပြီ လာကြည့်ပါဦးဆိုတော့ ကျုပ်သေတာ လာကြည့်ပါဦးဆိုတာက ဟိုပဿဒ်ကော....(မှန်ပါ့) သန္ဒိဋ္ဌိကောကလဲဘဲ လာခဲ့မယ်ဆိုပြီး ကြည့်လိုက်တော့ အသေ မတွေ့ရဘူးလား.... (တွေ့ရပါတာဘုရား)။

ဒါဖြင့် သေတာက အနိစ္စ၊ တွေ့တဲ့ဥာဏ်က....(မဂ္ဂပါဘုရား) မဂ္ဂဆိုသဖြင့် တကာတကာမတို့ လောဘသေလို့ နောက်က

လိုက်ကြည့်ပြန်လဲ သောတာက အနိစ္စ၊ လိုက်ကြည့်တာက.... (မဂ္ဂပါဘုရား)။

ဒီလိုဆိုတော့ ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ,မရဏ မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

ကဲ....ဒေါသကလေးဖြစ်တယ် တကာတကာမတွေက သားတွေ, သမီးတွေပေါ်မှာ အဲဒီဖြစ်တဲ့ဒေါသကလေး ရှိ-မရှိ တွေးစမ်း....(မရှိပါဘုရား)။

ဒါဖြင့် မရှိတော့ ဘယ်သူက ခေါ်သွားလို့ပါလိမ့်၊ ဟေ ပဿိကောဆိုတဲ့ အနိစ္စက မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား) ခေါ်တော့ တကာတကာမတွေက သန္ဒိဋ္ဌိကောနဲ့ မလိုက်ရဘူးလား....(လိုက်ရပါတယ်ဘုရား)။

ထိုကဲ့သို့ လိုက်ရတဲ့အခါကျတော့ အခေါ်သမားက အနိစ္စ၊ အလိုက်သမားက....(မဂ္ဂပါဘုရား)။

ဒေါသနောက်ကနေပြီး မဂ္ဂလိုက်တော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လိုက်သေးရဲ့လား.... (မလိုက်ပါဘုရား) သူမှ မလိုက်ဘဲနဲ့ အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယောကော လိုက်ပါဦးမလား....(မလိုက်ပါဘုရား) သံသရာ ပြတ်ပါကလား တကာတကာမတို့....(မှန်ပါ့)။

တကာကြွယ်-ရေ....သေပျော်တယ်၊ သေပျော်တယ်-(မှန်ပါ့) အင်မတန် အရေးကြီးတယ် တကာတကာမတို့....(မှန်ပါ့)နှစ်လုံးတည်းနဲ့ကော မမိဘူးလား....(မိပါတယ်ဘုရား)ဟေ ပဿိကောက အခေါ်သမား၊ သန္ဒိဋ္ဌိကောက ဘာ....(လိုက်ရှုသမားပါဘုရား)

လိုက်ရှုသမားဆိုတော့ အခေါ်သမားကလဲ မပြတ် ခေါ်နေမှာဘဲ....(မှန်ပါ့) သန္ဒိဋ္ဌိကောတရားကလဲ မပြတ်လိုက်နေခြင်းဟာ ပဋိစ္စသမုပ္ပါဒ် ပြတ်-မပြတ်....(ပြတ်ပါတယ်ဘုရား)။

ပြတ်လို့ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့တရားသည် ဒုက္ခပြတ်တဲ့တရား၊ ဧဝ မေ တာသကေဝလသဒုက္ခက္ခန္ဓသ နိရောဓေါ ဟောတိ....(မှန်ပါ့) ဒုက္ခပြတ်တဲ့တရားဆိုတာ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒုက္ခပြတ်တယ်ဆိုတော့ ဒုက္ခပြတ်တဲ့ပုဂ္ဂိုလ်သည် ဒုက္ခဿန္တိ ကရိဿတိ = ဒုက္ခဿ = ဒုက္ခ၏၊အန္တ = အဆုံးဖြစ်တဲ့ နိဗ္ဗာန်သို့၊ ကရိဿတိ = ရောက်လုတ္တံ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ကရိဿတိ ပါပုဏိဿတိ- ဆိုတဲ့ ပါဠိတော်များအရ ဆိုလို့ရှိယင်ဖြင့် အင်မတန် အဘိုးတန်မဆုံးဘူးလား....(တန်ပါတယ် ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ နက်ဖြန်ကစပြီးသကာလ ဒီ-ပဋိစ္စသမုပ္ပါဒ်ကို ၄-နာရီကစ,ပြီး ကွမ်းသီးပင်နဲ့ ကျောင်းပေါ်မှာ စပြပြီး ဖြတ်ပုံရော-ဆက်ပုံရော နေ့တိုင်း ဆက်ဟော လိမ့်မယ်....(မှန်ပါ့) ၄-နာရီက အစ ၅-နာရီအဆုံးပေါ့ဗျာ.... (မှန်ပါ့)။

အဲဒါ လက်တွေ့တရားတွေချည့်ပြလိမ့်မယ်၊ လက်တွေ့ တရားတွေချည့် ပြမှာ ဖြစ်လေသောကြောင့် ဒီ့အပြင် အရေးတွေ နောက်ထားပြီး ဒါ....ကိုယ့်အရေးရယ်လို့ အဓိကထားပြီး လာ

ကြလို့ရှိယင် ခင်ဗျားတို့အတွက်မှာဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းနိုင်လိမ့်မယ်လို့မှတ်....(မှန်ပါ့)။

ဟာ....မအားလို့ မလာသေးဘူးဆိုယင်ဖြင့် မအားအောင် ခံနေရတဲ့အပါယ်မှာ ပျော်ကြရမှာဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အခေါ်သမားက ဘာတဲ့.... (ဟိပဿိကောပါဘုရား) အလိုက်သမားက....(သန္ဒိဋ္ဌကောပါဘုရား)။

အဲ....အခေါ်သမားခေါ်တိုင်းခေါ်တိုင်း အလာသမားက သာ ရှုနေမယ်ဆိုယင်ဖြင့် ပဋိစ္စသမုပ္ပါဒ်ပြတ်၍ နိဗ္ဗာန် မုချရနိုင်သည်လို့ ဆိုးဖြတ်ချက်ချ၊ ဘယ်တရားက ခေါ်ခေါ်သွားပါ.... (မှန်ပါ့)။

ခင်ဗျားတို့သန္တာန်ပေါ်မှာလဲ လောကီတရားချည့်ဘဲ၊ လောကီ တရားဟူသ၍ဟာလဲ အပျက်ချည့်ဘဲ.... (မှန်ပါ့) အပျက်ကချည့် ခေါ်မှာဘဲ....(မှန်ပါ့) ခေါ်တိုင်း ခေါ်တိုင်းသွားကြည့်ပါ....(မှန်ပါ့) ခေါ်တာကအနိစ္စ၊ ရှုတာက.... (မဂ္ဂပါဘုရား) ပြတ်တာက သံသရာ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခေါ်သမားက....(အနိစ္စပါဘုရား)လိုက်သမားက.... (မဂ္ဂပါဘုရား) ပြတ်တာက သံသရာပဋိစ္စသမုပ္ပါဒ် ၊ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရမှ ရနိုင်ပါ့မလား.... (ရနိုင်ပါတယ်ဘုရား) ဆုတောင်းရဦးမှာလား-ကိုယ်တိုင်ဖြတ်လိုက်တာလား (ကိုယ်တိုင်ဖြတ်လိုက်တာပါဘုရား) ကိုယ်တိုင်ဖြတ်မှရမှာ ဆုတောင်းနေရုံမျှနဲ့တော့ မရဘူးလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ကိုင်း....ယနေ့ ၅-နာရီထိုးပြီ၊ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်· မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ပဋ္ဌိစ္စသမုပ္ပါဒ်စက်လည်ပုံ

နှစ်-အလုပ်ပေးတရားတော်

၁၃၂၁-ခု၊ ဒုတိယဝါဆိုလဆုတ် (၁၀)ရက်

ကောင်းသောအကျင့် မကောင်းသောအကျင့်လို့ နှစ်မျိုးရှိတယ်လို့ မှတ်ထားလိုက်ကြပါ....(မှန်ပါ့)။

ဘာပါလိမ့်-(ကောင်းသောအကျင့်၊ မကောင်းသောအကျင့်ဟု နှစ်မျိုးရှိပါဘယ်ဘုရား)။

ကောင်းသောအကျင့်၊မကောင်းသောအကျင့်ဆိုပြီးသကာလ သံယုတ်ပါဠိတော်မှာ နှစ်မျိုးဟောတယ် .... (မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်လို့ရှိယင် ပဋ္ဌိစ္စသမုပ္ပါဒ်အတိုင်း စိတ်အစဉ်တွေဟာ ဖြစ်နေလို့ရှိယင်ဖြင့် ဒါမကောင်းသောအကျင့်ဟု မှတ်ပါ....(မှန်ပါ့ဘုရား)။

ပဋ္ဌိစ္စ သမုပ္ပါဒ် အတိုင်း ဖြစ်နေယင် ဘာဆိုကြပါ့မယ်.... (မကောင်းသောအကျင့်ပါဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်တဲ့အကျင့်ကို ကျင့်နေလို့ရှိယင် ကောင်းသောအကျင့်....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်အတိုင်း ဆက်ပြီးသကာလ နေကြယင် ဘာဆို ကြမယ်....(မကောင်းသောအကျင့်ပါဘုရား) ပဋိစ္စသမုပ္ပါဒ် ဖြတ်ပြီးသကာလ ကျင့်နေကြယင် .... (ကောင်းသောအကျင့်ပါ ဘုရား)။

ဒါ့ကြောင့် အားလုံးတကာတကာမတွေတရားချီးကတည်းက သြော် ... ကောင်းသောအကျင့်၊ မကောင်းသောအကျင့်လို့ သံယုတ်ပါဠိတော်မှာ ဟောတဲ့ဥစ္စာသည် ပဋိစ္စသမုပ္ပါဒ်အတိုင်း သွားသောနေကြတာကိုကား.... မကောင်းသောအကျင့်လို့ မှတ် လိုက်ပါ....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ကို သူက ဘယ်လိုပင်သွားချင်ငြားသော်လည်း ဆရာအကူအညီနဲ့ တကာတကာမတွေက ဒီနေရာ ဖြတ်လိုက်မဟဲ့ ဆိုလို့ရှိယင် ဒါကောင်းသောအကျင့်ဖြစ်သွားတာဘဲ....(မှန်ပါ့ ဘုရား)။

ကောင်းသောအကျင့်ဆိုတာသည် သံသရာပြတ်တဲ့အကျင့်၊ မကောင်းသောအကျင့်ဆိုတာ သံသရာဆက်တဲ့အကျင့်လို့ မှတ် လိုက်စမ်းပါ....(မှန်ပါ့)။

ကောင်းသောအကျင့်ဆိုတာ ဘာပါလိမ့် ...(သံသရာပြတ်တဲ့ အကျင့်ပါဘုရား) မကောင်းသောအကျင့်ဆိုတာက....(သံသရာ ဆက်တဲ့အကျင့်ပါဘုရား)။

သံသရာဆက်တဲ့အကျင့်ဆိုတာကတော့ မျက်လုံးဖွင့်လှုက်ယင် မဖြတ်တတ်ယင် ဆက်တော့တာဘဲ....(မှန်ပါ့)။

မျက်လုံးဖွင့်လိုက်သည်နဲ့ တပြိုင်နက်တည်း ဝိပဿနာဉာဏ် သွင်းလိုက်လို့ရှိယင် ပြတ်ထွက်သွားလို့ သံသရာပြတ်တာဘဲ.... (မှန်ပါ့)။

သံသရာပြတ်ဆိုတာ နိဗ္ဗာန်ရောက်တာလို့ တကာ တကာမ တွေက မှတ်ထားပါ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ကြည့်ကြပါ။ ဒီဘက်က နှစ်လုံးချလိုက်တယ်၊ အပြားကလေးနှစ်ခု ချလိုက်တယ်၊ တကာ တကာမတို့ အားလုံးမြင်ကြရဲ့လား....(မြင်ပါတယ်ဘုရား)။

အဲဒါသည်ကားလို့ ဆိုယင်ဖြင့် ဇရာနဲ့မရဏလို့ မှတ်လိုက် စမ်းပါ....(မှန်ပါ့)။

တကာတကာမတို့ ဒီနှစ်ခုဟာ ဘာပါလိမ့်.... (ဇရာနဲ့မရဏ ပါဘုရား) မြန်မာလိုပြန်လိုက်တော့ အိုမှုနဲ့ သေမှု.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒီနှစ်မှုလာတဲ့ တကာတကာမတွေအတွက် မနေ့က အဆက်က ဆက်ပြီးသကာလ ပြောရလို့ ရှိယင်ဖြင့် ဒီခန္ဓာကိုယ် ကြီးထဲမှာ အိုမှုရှိတယ်ဆိုတဲ့ဥစ္စာလဲ ဆုံးဖြတ်ချက်ချလိုက်ပါတော့ (မှန်ပါ့) သေမှုကိုလဲ မရှောင်သာလို့ သွားလာနေရတယ် ဆို တာလဲ မှတ်လိုက်ပါတော့....(မှန်ပါ့) အိုမှုကလဲ ရှိလျက်ဘဲ သေမှုဆီလဲ သွားလျက်ဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ ယခုပြထားတဲ့ အပြားကလေး နှစ်ခုဟာ အိုမှု,သေမှုလို့ နာမည်တပ်ပြီး ဆရာဘုန်းကြီးက ဟောလိုက်ပါတယ်....(မှန်ပါ့) တကာတကာမတွေ ခန္ဓာကိုယ် ထဲရှိတဲ့ နှစ်ခုလို့ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့)။

ဘယ်မှာ ရှိတာပါလိမ့်....(ခန္ဓာကိုယ်ထဲမှာရှိတဲ့နှစ်ခုပါဘုရား) ခန္ဓာကိုယ်ထဲ ရှိတဲ့နှစ်ခုလို့ ဟေဟေချာချာ မှတ်ပါ....(မှန်ပါ့)

ခန္ဓာကိုယ်ထဲရှိတဲ့နှစ်ခုဟာ ဒီဘဝဟာဖြင့် အိုမှုလဲ ရှိနေပြီ၊ သေမှုလဲ ရှိနေပြီ....ဆိုတဲ့ဥစ္စာလဲ ငြင်းစရာ မလိုပါဘူး.... (မလိုပါဘုရား)။

အိုမှုကလဲ တနေ့တခြား ရင့်ရော်တယ်ဆိုတာ ခန္ဓာကိုယ်မှာ တေဇောဓာတ်က ရှိနေသောကြောင့် တေဇောလောင်လို့ အိုမှုကလဲ ရှိတယ်....(ရှိပါတယ်ဘုရား)တေဇောလောင်လို့ ပြောင်တဲ့အခါကျတော့ သေမှုရှိတော့တယ်....(မှန်ပါ့)။

လောင်တေဇောကတော့ အိုမှုပေါ့ဗျာ....(မှန်ပါ့) တေဇောလောင်လို့ ပြောင်တဲ့အခါကျတော့....(မှန်ပါ့)။

ကိုင်း....တကာ တကာမတွေသန္တာန်မှာ စမ်းကြည့်စမ်းပါ၊ အပူငွေ့ကလေးရှိသလားလို့ အမေးရှိလို့ရှိယင်ဖြင့် ကိုယ်တိုင် စမ်းကြည့်စမ်း တကာတကာမတို့၊ အပူငွေ့ကလေးမရှိဘူးလား-(ရှိပါတယ်ဘုရား) အဲဒါ လောင်နေတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)။

သူ လောင်လွန်းမကလောင်လို့ ပြောင်သွားတဲ့အခါကျလို့ ရှိယင် သေမှုဘဲလို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ....(မှန်ပါ့)။

အဲဒီတော့ သေမင်း ဝမ်းထဲ ရှိ-မရှိဆိုတာ သူများပြောလား လက်တွေ့စမ်းကြည့်လိုက်စမ်းပါ .... (အပူငွေ့ရှိပါတယ်ဘုရား) စမ်းကြည့်လိုက်တော့ ပူငွေ့ကလေးများ တွေ့ရဲ့လား....(တွေ့ပါတယ်ဘုရား)။

အဲဒါကလေးဟာ ကိုယ်စမ်းနိုင်လို့ ကိုယ်တွေ့နေတာကလေးဟာ အိုမှုကလေးလုပ်နေတဲ့ တေဇောလို့ မှတ်လိုက်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီတေဇောလောင်မှု လောင်လို့ရှိယင် ပြောင်တော့မှာဘဲ ဆိုတာကော မသေချာဘူးလား.... (သေချာပါတယ်ဘုရား) ပြောင်တော့ သေမှုမဖြစ်ကြဘူးလား... (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ လက်တွေ့ဝိပဿနာဆိုတာ ကိုယ့်ခန္ဓာကိုယ် စမ်းကြည့်လိုက်ထဲ့အခါကျလို့ ရှိယင်ဖြင့် အိုမှုကလဲ သူများပြော မဟုတ်ပါဘူး၊ လက်တွေ့ပါဘဲ....(မှန်ပါ့)။

စမ်းကြည့်ပါ၊ ပူနွေးနွေးမရှိဘူးလား .... (ရှိပါတယ်ဘုရား) ပူနွေးနွေးရှိနေတော့ ပူနွေးနွေးသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့.... ဘာကလေးပေါင်းကြည့်ကြည့်၊ ပေါင်းချောင်နဲ့ ထည့်ပေါင်းလို့ရှိယင် အမာသည်ကား....လို့ ဆိုယင် ပြော့သွားတယ်ဆိုတာ ထင်ရှားတယ်....(မှန်ပါ့)။

အဲဒါ....အိုမှုလုပ်တဲ့ တေဇောဥပမာနဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ တေဇောကလဲ ဒီလိုဘဲ ခန္ဓာကိုယ်ကြီးကို ရင့်ရော်အောင်, ဆွေးမြေ့အောင် လုပ်နေတယ်ဆိုတာလဲ ငြင်းနေဘို့ လိုသေးသလား (မလိုပါဘုရား)။

အဲဒါ .... တေဇောတွေ့တိုင်း- တွေ့တိုင်း ဇာရုပ် ဒုက္ခာ ဆိုတာ ချော်.... ဒို့-သူများပြောလားအောက်မေ့တယ်၊ ကိုယ့် ကိုယ် စမ်းကြည့်လဲ ဇရာ ဒုက္ခဆိုတာက အရှိသားပါလားဆိုကာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

တကာကြွယ်ရေ.... လက်တွေ့ဘဲမဟုတ်လား....(လက်တွေ့ပါဘုရား)။

အားလုံး တကာ တကာမတွေ စမ်းကြည့်ကြစမ်းပါ ကိုယ့်-ကိုယ်ကိုယ်၊ ကိုယ့်လက်မောင်းကလေးစမ်းစမ်း၊ ကိုယ့်ရင်ကိုယ်စမ်းစမ်း၊ စမ်းချင်တဲ့နေရာစမ်းပါ၊ နွေးသေးတယ်မဟုတ်လား-(နွေးပါတယ်ဘုရား)။

အဲဒီ အနွေးဆိုတာကလေးဟာ မီးခဲတ်ကလေး၊ တေဇော ခဲတ်ကလေး ဘာလုပ်နေတာပါလိမ့်.... သူက ဒီအထဲမှာပ....(လောင်နေတာပါဘုရား)။

ခန္ဓာရင့်အောင်လုပ်နေတယ်ဆိုတာကော မမှန်လား-(မှန်ပါဘုရား) ဒါဖြင့် အိုအောင်လုပ်နေတာကော .... (မှန်ပါတယ်ဘုရား)။

သူလောင်နေတုန်းတော့ အိုတာလဲ သူလောင်စရာမရှိလို့ ငြိမ်းသွားတော့ လူသေစမ်းတော့ အေးတယ်....(မှန်ပါ့) အဲဒါသူမလောင်ဘဲနေလိုက်တော့ တကာ တကာမတွေ သေပြီလို့ မသမုတ်ကြဘူးလား....(သမုတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ လောင်ဆဲမှာ အိုမှ....(မှန်ပါ့) သူလောင်စရာမရှိတဲ့အခါကျတော့ တကာတကာမတွေ သုသာန်ပို့လိုက်ရတယ်....(မှန်ပါ့)။

ဒါဖြင့် ဘေဇောသည် တကာ တကာမတို့ အိုမှကိုလဲ လုပ်တယ်၊ သေမှကိုလဲ....(လုပ်ပါတယ်ဘုရား) ဘယ်မှာရှိပါလိမ့်မလဲ....(ခန္ဓာမှာရှိပါတယ်ဘုရား)။

လက်တွေ့စမ်းပါ- လက်တွေ့စမ်းပါ တကာ တကာမတို့....ဘယ်မှာရှိပါလိမ့်....(ခန္ဓာမှာရှိပါတယ်ဘုရား) အနှံ့အပြားလား....(အနှံ့အပြားပါဘုရား)။

အနှံ့အပြားရှိနေတော့ အင်း....ဒါဟာ ဒို့၏ အိုခြင်းဆိုး လုပ်နေတာ သူဘဲ့....(မှန်ပါ့) တွေ့ကြပလား....(တွေ့ကြပါပြီဘုရား) သေခြင်းဆိုးလုပ်နေတာကော....(သူပါဘဲ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ "ဇာရုပိ ဒုက္ခာ၊ မရဏမို့ ဒုက္ခ" ဆိုတာကော မမှန်ဘူးလား....(မှန်ပါ့တယ်ဘုရား)။

သူလောင်စရာမရှိတော့ အေးသွားတယ်....တဲ့၊ လောင်စရာကုန်တော့ မလောင်တော့ဘူး....(မှန်ပါ့)။

သူပါ ချုပ်ငြိမ်း ရုပ်သိမ်းသွားတော့ တကာတကာမတွေဘဲ စဉ်းစားကြပါတော့၊ သွေးတွေအေးကုန်ပြီလို့ ပြောကြတယ်....(မှန်ပါ့)။

စင်စစ်.... တစ္ဆေက လောင်စရာမရှိလို့ အသေသတ်ပြီး သကာလ သူလဲမရှိတော့ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတွေ၏ ခန္ဓာကိုယ်ထဲမှာ အိုမှုတရား ထင်ရှား ရှိပါရဲ့လား....(ရှိပါတယ်ဘုရား)။

စမ်းကြည့်· စမ်းကြည့်· စမ်းကြည့်ပါ တကာ တကာမတို့.... သူများပြောလား၊ လက်တွေ့လား....(လက်တွေ့ပါဘုရား) ပူကြသေးရဲ့လား....(ပူပါတယ်ဘုရား) ဒါဘာဖြစ်နေတာပါလိမ့်.... (လောင်နေတာပါဘုရား) ဘာလုပ်လို့ လောင်တာပါလိမ့်.... (အိုဘို့လောင်တာပါဘုရား) အိုသည်ထက်အိုအောင်လို့ လောင်နေတာ....(မှန်ပါ့)။

ဘာလဲပ်နေကြတာပါလိမ့်-(အိုသည်ထက်အိုအောင် လောင်တာပါဘုရား) အိုသည်ထက် အိုအောင်လို့ လောင်နေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အိုသည်ထက် အိုအောင် လောင်တဲ့အခါကျလို့ ရှိယင်ဖြင့် နောက်ကျတော့ သေအောင်လောင်တဲ့အဓိပ္ပါယ်ကော သူက မရှက်ဆောင်ပေဘူးလား....(ရှက်ဆောင်ပါတယ်ဘုရား)။

ထိုကဲ့သို့ ရှက်ဆောင်သည်ဖြစ်လေသောကြောင့်လဲ သေမှုလဲတဇောက သတ်လိုက်တာဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်မှာ စိတ်ချလက်ချ နေစရာ ရှိပါရဲ့လား....(ရှိပါတယ်ဘုရား)။

ဒီအထဲကနေပြီးသကာလ ဒို့တော့ဖြင့် အေးပဟေ့....စိတ်ချလက်ချ နေကြတော့လို့ ပြောတာ ရှုးလို့ ပြောတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့ ပြောတာပါလိမ့်....(ရှုးလို့ ပြောတာပါဘုရား)။

အိုအောင်လုပ်တဲ့တရားလဲ အထင်အရှားရှိသားဘဲ.... (ရှိပါတယ်ဘုရား) သေအောင်လုပ်တဲ့တရားလဲ....(အထင်အရှား ရှိပါတယ်ဘုရား)။

ဒါကို စိတ်ချလက်ချ နေကြတော့ဆိုတော့ ဘာပြော-ပြောတာတုံး....(ရှုးလို့ပြောတာပါဘုရား) အရှုးပြော- ပြောတာဆိုတာ တကာ တကာမတွေ ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဇရာပိ ဒုက္ခာ-ဆိုတာ ရှင်းသွားပြီ (ရှင်းပါပြီ) ဒုက္ခရနေတာဘဲ....(မှန်ပါ့) မရဏမှ ဒုက္ခ - ဆိုတာလဲ သေအောင်လုပ်တဲ့တရားဟာဖြင့် ဒုက္ခသစ္စာဘဲဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ....ဝိပဿီ-မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတ္တဝါတွေကြည့်လိုက်တော့ သူ့မှာလဲ တဇောနဲ့၊ ငါ့မှာလဲ တဇောနဲ့ အိုအောင်လုပ်တဲ့တရားကလဲ ဝမ်းထဲမှာ ခန္ဓာထဲမှာ အပြည့်၊ သေအောင်လုပ်မည့် တရားကကော .... (အပြည့်ပါ ဘုရား)။

ဒီလိုချည့်ဘဲ နေကြမယ် ဆိုလို့ ရှိယင်ဖြင့် အိုသေနဲ့ချည့်ဘဲ လမ်းဆုံးနေရတာဖြင့် ပင်ပမ်းလိုက်တာ၊ ဒီအိုသေကို ဘယ်လို မျှား လက်စသိမ်းရပါ့မလဲ၊ မြင်ရတာကဖြင့် အိုသေလက်ရှိနဲ့ ချည့်ဘဲလို့ ဆိုပြီး ဘုရားမဖြစ်ခင်ကတည်းက ဒီအိုသေကြီးက လူတိုင်း လက်ရှိဖြစ်ပြီးသကာလနေတယ်၊သတ္တဝါတွေကြည့်ရတာ ပင်ပမ်းလိုက်တာ တွေ့တော့တယ်၊ ကိုယ်ပြန်ကြည့်တော့လဲ ပင်ပမ်းလိုက်တာ တွေ့တော့တယ်၊ ဒီအိုသေသည် ဘယ်က လာပါလိမ့်မလဲ၊ လက်သည်ရှာမှ တော်မယ်ဆိုပြီး သကာလ လက်သည် ရှာတယ်၊ တကာသစ်တို့ တကာကြွယ်တို့ ဦးလှဘူးတို့နော်.... (မှန်ပါ့)။

လက်သည်ရှာလိုက်တဲ့အခါကျတော့ တကာ တကာမတွေ ဒီမှာကြည့်, ဒီနှစ်ခုဟာ အိုသေဆိုတာ သိပြီ....(သိပါပြီဘုရား)။

အိုသေ ဘယ်ကလာသလဲ....လို့ လက်သည်ရှာလိုက်တဲ့အခါကျတော့ ဝိပဿီ-မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားမဖြစ်မီကတည်းက အိုသေဆိုတာ ပဋိသန္ဓေနေမှဆိုတဲ့ ဇာတိကလာတာ....(မှန်ပါ့)။

ဒီတလုံးဟာ ဘာပါလိမ့် .... (ဇာတိပါဘုရား) ဒီနှစ်လုံးက ဘာပါလိမ့်....(အိုသေပါဘုရား) ဇရာ မရဏ, မြန်မာလိုပြောတော့....(အိုသေပါဘုရား)။

အိုသေဘဲဆိုတော့ အားလုံး တကာ တကာမတွေ ရှင်းလိုက်စမ်းပါဦး၊ အိုသေသည် ဘယ်ကလာပါလိမ့်....(ဇာတိကလာပါတယ်ဘုရား)။

ဩော်....အိုသေ၏လက်သည်ဖြင့် တကာသစ်တို့ တကာကြွယ်တို့ ဖမ်းမိပြီ....(မှန်ပါ့) အိုသေ၏လက်သည် မိကြပလား.... (မိပါပြီဘုရား)။

ဘာတွေပါလိမ့်....(ဇာတိပါဘုရား) ဇာတိဆိုတဲ့ ပဋိသန္ဓေနေမှရှိတဲ့ပဂ္ဂိုလ်မှာ အိုသေတွေရတယ်....(မှန်ပါ့)။

ဒါဖြင့် ပဋိသန္ဓေနေမှက အကြောင်း....(မှန်ပါ့) အိုသေက (အကျိုးပါဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာ တကာမတို့ ဩော်.... ပဋိသန္ဓေနေမှရှိတဲ့ပဂ္ဂိုလ်မှာဖြင့် အိုသေ ရ-ရမှာဘဲဆိုတာ မြေကြီး လက်ခတ်မလွဲပေါ့ဗျာ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘုရားအလောင်း ဖြစ်စဉ်အခါတုန်းက ကြုံလိုက်တဲ့ အကြုံအစည်ချက်တွေ ဦးလှဘူးတို့ မတည့်လားဗျာ.... (တည့်ပါတယ်ဘုရား)။

အိုသေ ဘယ်ကလာပါလိမ့်(ဇာတိကပါဘုရား) ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ ဇာတိ ပစ္စယာ ဇရာ မရဏ ဆိုတာ တကာကြွယ်တို့ ရ,ထားတာ ပေါ်လာပြီ.... (ပေါ်လာပါပြီဘုရား)။

ရှေးကတော့ နှုတ်က ရွတ်ရုံတင် ရွတ်တယ်၊ အခုတော့ဖြင့် ဇရာလဲရှိတယ်၊ မရဏလဲရှိတယ်....(မှန်ပါ့) စမ်းကြည့်တော့ ပူပူ နွေးနွေးကိုးဗျ....(မှန်ပါ့)။

ဇရာ မရဏ မရှိဘူးလား....(ရှိပါတယ်ဘုရား) ဒီဇရာမရဏ ဘယ်ကလာပါလိမ့် တကာတကာမတို့....(ဇာတိက လာပါတယ် ဘုရား)။

ဩော်.... ခင်ဗျားတို့က ပဋိသန္ဓေနေကတည်းက သူပါလာတယ်၊ ပဋိသန္ဓေနေကတည်းက ဓာတ်လေးပါးနဲ့ ပဋိသန္ဓေနေတာ....(မှန်ပါ့) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ပဋိသန္ဓေနေကတည်းက ပါလာတဲ့ အိုသေပါလား ဆိုတာ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် အိုသေ၏လက်သည် အကြောင်းရင်းရှာတဲ့သူ တကာတကာမတို့ ဘာတွေ့ကြပါလိမ့်....(ဇာတိပါဘုရား)။

ဒါဖြင့် လူ့ပြည်အစ ဇာတိက....(မှန်ပါ့) နတ်ပြည်အစ....(ဇာတိကပါဘုရား) ငရဲအစ....(ဇာတိကပါဘုရား) တိစ္ဆာန်အစ....(ဇာတိကပါဘုရား) ပြိတ္တာအစ....(ဇာတိကပါဘုရား)။

ဩော်.... ဒါဖြင့် တကာ တကာမတို့ ဒီဇာတိမချုပ်သ၍ ကာလပတ်လုံး အိုသေ ဇာတ်မသိမ်းပါဘူး....(မှန်ပါ့) တကာ ကြွယ်-သဘောကျပလား....(ကျပါပြီဘုရား) နောက်က တကာ ဘကာမတွေ....(ကျပါပြီဘုရား)။

ဇာတိ လက်စမသတ်သ၍ ကာလပတ်လုံး အိုသေလက်စက သိမ်းပါ့မလား....(မသိမ်းပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဇရာမရဏနဲ့ ဇာတိဟာ ဇာတိက အရေကြောင်း၊ အိုသေက အကျိုးဆိုတာ သိသွားတော့ အရေကြောင်း အကျိုး ဘယ်ဟာက သာပြီး ကြောက်စရာ ကောင်းသတုံး.... (အရေကြောင်းက ကြောက်စရာကောင်းပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အရေကြောင်းက သာပြီး ကြောက်စရာ ကောင်းတယ်ဆိုတော့ တကာ တကာမတို့သည် သစ္စာကလေး သွင်းလိုက်ပါဦး....လို့ တကာတကာမတွေ့ သတိပေးလိုက်တယ်၊ ပဋိစ္စသမုပ္ပါဒ်ထဲမှာ သစ္စာကလေးသွင်းလိုက်ပါဦး....(မှန်ပါ့)။

သွင်းတော့ သွင်းပြီးသားပါဘဲ၊ နားမလည်လို့ သွင်းလိုက်ပါဦးလို့ ပြောလိုက်ပါတယ်....(မှန်ပါ့)။

နားမလည်လို့ သွင်းရတော့ ဇာတိပိ ဒုက္ခာ...တဲ့ ဘုရားက (မှန်ပါ့ဘုရား) ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံလို့ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ လူ့ပြည်အစ ဘယ်ကပါလိမ့်.... (ဇာတိကပါဘုရား) နတ်ပြည်အစ.... (ဇာတိကပါဘုရား) ဗြဟ္မာပြည်အစ....(ဇာတိကပါဘုရား) ဇာတိပိ ဘာတဲ့တုံး....(ဒုက္ခာပါဘုရား)။

ဩော်.... ဒုက္ခသစ္စာမသိတော့ နတ်ပြည် ရောက်ရပါလို့၏၊ လူ့ပြည်ရောက်ရပါလို့၏၊ ဗြဟ္မာပြည် ရောက်ရပါလို့၏ဆိုတော့ ဇာတိဒုက္ခသစ္စာ ကိုယ်ပိုင် ရ,ရပါလို့၏....(မှန်ပါ့) သွားပေါ့ တကာကြွယ်....(မှန်ပါ့ဘုရား) မှားလိုက်တဲ့ ဖြစ်ထွေ.... (မှန်ပါ့ဘုရား)။

တကာ တကာမတို့ မှားလိုက်တဲ့ဖြစ်ထွက်ဖြင့် ဘာမှ ပြင်လို့ ဆင်လို့ မရလောက်အောင်ကိုဘဲ ဆိုးဝါးပါတယ်....(ဆိုးဝါးပါတယ်ဘုရား) ဇာတိပိ ဘာတဲ့ဗျာ....(ဒုက္ခသစ္စာပါဘုရား)။

အင်း....ဇာတိကြည့်တော့ ဇာတိက အကြောင်း ဇရာမရဏက (အကျိုးပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီ ဇာတိကို တကာ တကာမတွေက အလှူကြီး ပေးပြီး သကာလ ဇာတိရအောင်တောင်း၊ သီလယူပြီး ဇာတိရအောင် တောင်း၊ သမထဝိပဿနာ အားထုတ်ပြီး သကာလ ဇာတိရ အောင် တောင်းလိုက်တော့ ဒုက္ခသစ္စာကြီး ပြည့်လာတယ်.... (မှန်ပါ့)။

တကာသိုက် ဘာတွေပါလို့မ်....(ဒုက္ခသစ္စာကြီး တွေပါတယ် ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာများ တွေပါလို့မ်....(ဒုက္ခသစ္စာကြီး တွေပါတယ်ဘုရား) အဲဒါ သစ္စာမသိတဲ့ပုဂ္ဂိုလ် ဆုတောင်း၊ ရှင်းကြပလား....(ရှင်းပါ ပြီဘုရား)။

ဒါဖြင့် လောကကြီးထဲမှာ ဧရှမချမ်းသာ၊ ငဥမချမ်းသာ၊ စိန်မချမ်းသာ၊ မြမချမ်းသာမှာကို မစိုးရိမ်ပါနဲ့....(မှန်ပါ့ဘုရား) ပန်းတပွင့်နဲ့ဆုတောင်းပြီးသကာလ ရပါတယ်....(မှန်ပါ့)။

ဇာတိပိဒုက္ခာတလုံး မသိလို့ ရှိယင်ဖြင့် ကိုယ့်လည်ပင်းကိုယ် ကြိုးတပ်ပြီး သေတဲ့ဆုကို တောင်းယူတယ်....(မှန်ပါ့)မတောင်း ယူဘူးလား....(တောင်းယူပါတယ်ဘုရား) သဘောကျကြပလား (ကျပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ အခု နေ့တရားအဖြစ်နဲ့ သနားလို့ ဩော်....တကာတကာမတွေ့ သစ္စာမသိလို့ ရှိယင်ဖြင့် ဒုက္ခကို သုခဆိုပြီးသကာလ ပွဲ့ပိုက်တော့မှာဘဲဆိုတာ သေချာနေလို့ နေ့တရားဖွင့်ပေးတာ.... (မှန်ပါ့) ဉာဏ်ရောက်ကြပလား....(ရောက်ပါပြီဘုရား) တော်တော်အရေးကြီးတယ်ဆိုတာကော သိပလား....(သိပါပြီဘုရား)။

ကိုင်း....ဦးလှဘူးတို့- တကာကြွယ်တို့- တကာသိုက်တို့က စဉ်းစားပါ လူဖြစ်ရပါလို့၏ဆိုတော့ ဘာရ,ရပါလို့ ၏လဲ....(ဇာတိ ရ,ရပါလို့၏ဘုရား) ဇာတိဒုက္ခသစ္စာ ရ,ရပါလို့၏.... (မှန်ပါ့) နတ်ပြည်ရောက်ရပါလို့၏ဆိုမတော့....(ဇာတိဒုက္ခသစ္စာရ,ရပါလို့၏ဘုရား) ငြဟ္မာဖြစ်ရပါလို့၏ဆိုတော့....(ဇာတိဒုက္ခသစ္စာ ရ,ရပါလို့၏ဘုရား) အဲဒီလို တောင်းလို့ရှိယင်လဲ တောင်းဖြစ်တော့မှာမဟုတ်တော့ပါဘူး....(မှန်ပါ့)။

အခုတော့ ဇာတိပိဒုက္ခာဆိုတာ ဘယ်အခါမှ မကြားဘူးတော့ တခါတည်း ဒီဇာတိဆိုတာ အကောင်းဘဲထင်ပြီးသကာလ တကာတကာမတွေ့က မတောင်းပေဘူးလား....(တောင်းပါတယ်ဘုရား) တောင်းလိုက်တော့ ပြည့်လာတော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ခက်လိုက်တဲ့ဖြစ်ခြင်း ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ဘာဆုတောင်းယူကြပါလိမ့် .... (ဇာတိဆုတောင်းယူပါတယ်ဘုရား)။

အကုန်ပြောပါ တကာ တကာမတို့....နောက်ကို ဘယ်တော့မှ မတောင်းပါနဲ့....(မှန်ပါ့) ဘယ်တော့မှ မတောင်းပါနဲ့လို့ သတိပေးလိုက်ပါတယ်....(မှန်ပါ့)။

ဘာ့ကြောင့် ပေးရတယ်ဆိုတာလဲ ခင်ဗျားတို့ သစ္စာသိအောင် ပြောပြီးလို့ တကာတကာမတွေ့ မတောင်းပါနဲ့လို့ ပြောလိုက်ရတယ်....(မှန်ပါ့) သိပလား....(သိပါပြီဘုရား)။

ဇာတိပိ....(ဒုက္ခာ) ဒုက္ခသစ္စာသည် ဘယ်အခါကာလမျှား သုခသစ္စာ ဖြစ်သေးရဲ့လား....(မဖြစ်ပါဘုရား)။

သုခ ဖြစ်မယ်ဆိုယင် နောက်က သစ္စာကို မတည့်ဘူး၊ အခု တော့ ဇာတိ ဒုက္ခသစ္စာလို့ ခေါ်ရတယ်....(မှန်ပါ့) သို့သော်.... တကာ တကာမတွေက စုံလုံးကန်းဖြစ်နေတော့ ရမ်းတောင်းတယ်၊ မရမ်းဘူးလား....(ရမ်းပါတယ်ဘုရား)။

စုံလုံးကန်းဖြစ်နေတော့ တကာ တကာမတွေ့ ရမ်းတာက အလှူအတန်းတွေလုပ်၊ ဆွမ်းတော်ကြီးတင်၊ ဆွမ်းတွေ့လောင်းပြီး သကာလ....နောက်ဘဝ ချမ်းသာအောင်တော့ လုပ်မှာဲကွာ.... ဆိုတော့ ဝဋ္ဋကုသိုလ်မျိုးကိုသာ လုပ်လေ့ရှိကြတယ်၊ နောက် ဘဝ ချမ်းသာတာ မချမ်းသာတာတော့ ဘုန်းကြီးမပြောလိုဘူး၊ သစ္စာမျက်စိနဲ့ကြည့်လိုက်တော့ စုတာတော့ ဘယ်ကစုသတုံး.... (ဇာတိက စုပါတယ်ဘုရား)။

ဇာတိက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား) ချမ်းသာ ပါသေးသလား....(မပါ-ပါဘုရား)။

ချမ်းသာ မပါတာကို တကာတကာမတွေ့ ဘယ့်နှယ်ကြောင့် တောင်းပါလိမ့်မလဲလို့ တကာသုံက်တို့ တကာကြွယ်တို့ မေးခွန်း

ထုတ်ယင် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) သစ္စာမသိလို့.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာမသိပါလိမ့်.... (သစ္စာမသိတာပါဘုရား) ဘုရားက ဘယ့်နှယ်ဟောသတုံး....(ဇာတိပိ ဒုက္ခာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်တို့ တကာသိုက်တို့.... သစ္စာမသိယင် သံသရာရှည်မယ်ဆိုတာမျှား သူမျှားပြောလား၊ ကိုယ်-ကိုယ်တိုင် လွန်ကျူးပြီးသားလားသာ မေးလိုက်စမ်း .... (ကိုယ်-ကိုယ်တိုင် လွန်ကျူးပြီးသားပါ) ဒါမသိတုန်းကလေ....(မှန်ပါ့)။

သစ္စာမသိတုန်းက ဒီဘဝ ချမ်းသာလို့ရှိယင် နောက်ဘဝ ဒီထက်ချမ်းသာအောင်လို့ ပေါအောင်လို့ မျှားအောင်လို့ ဟ. ဆုမ်းဆန်တဲ့ လောင်းတာတောင် မောက်မောက်ကလေး လောင်းပါ....(မှန်ပါ့)။

ငါက ပိုပိုလျှံလျှံမှ ကြိုက်တယ်ကွ....(မှန်ပါ့) ပိုတာ မမှားဘူးကွ၊ ပိုတာလဲ ကိုယ့်အိတ်ထဲ ဖိတ်တာဘဲ၊ ကုသိုလ်ချည့်ဘဲ၊ နောက်ဘဝ ပေါပေါမျှားမျှား ရှိအောင်ပေါ့ကွ- အစရှိသည်နဲ့ ဘဝသမ္ဗတ္တိလောက်ရည်ရွယ်ပြီး ဒီလို ကျူးလွန်ပြီးသားပဲဂျိုလ် တဲ့လဲ ဒီအထဲ အပြည့်ပါမှာဘဲ....(ပါ-ပါတယ်ဘုရား)။

အဲဒါ ဘာမသိလို့ ပါလိမ့်....(သစ္စာမသိလို့ ပါဘုရား) ဘာသစ္စာ မသိလို့ ပါလိမ့်....(ဒုက္ခသစ္စာမသိလို့ ပါဘုရား)။

ကဲ....ရှတ်ပါဦး.... (ဇာတိပိ ဒုက္ခာပါဘုရား) လူ အစကဘယ်ကပါလိမ့်....(ဇာတိကပါဘုရား) နတ်အစ....(ဇာတိကပါ

ဘူးရား) ပြဟ္မာအစ....(ဇာတိကပါဘူးရား) ဘာသစ္စာတဲ့တုံး....
(ဒုက္ခသစ္စာပါဘူးရား)။

ဒါဖြင့် လူဖြစ်ချင်လို့ ရှိယင်လဲ အစ,မပါဘဲနဲ့တော့ ဖြစ်မှာ မဟုတ်ဘူး....(မဖြစ်ပါဘူးရား) နတ်ဖြစ်ချင်တော့ ဖြစ်မှာ မဟုတ် ဘူး....(မဖြစ်ပါဘူးရား) နတ်ဖြစ်ချင်ယင်ကော....(အစ,မပါဘဲနဲ့ မဖြစ်ပါဘူးရား) ပြဟ္မာ ဖြစ်ချင်ယင်ကော.... (အစ,မပါဘဲနဲ့ မဖြစ်ပါဘူးရား) အစ,ကလဲ ဘာသစ္စာတဲ့တုံး.... (ဒုက္ခသစ္စာပါ ဘူးရား)။

ဖြစ်မှ·ဖြစ်ရလေဗျာ၊ ဒီလိုများ သိမယ်ဆိုလဲ ဒီဥစ္စာ ဘူးရှေ့ လက်အုပ်ချီပြီး မတောင်းပါဘူးဗျာ....(မှန်ပါ့) တကာတကာမ တို့ အမောခံတောင်းပါ့မလား....(မတောင်းပါဘူးရား) ဒီကရှေ့ များ တောင်းချင်သေးသလား....(မတောင်းချင်ပါဘူးရား)။

ဒုက္ခကို ကိုယ်တိုင်ရ,ရပါလို့၏....လို့ ခင်ဗျားတို့ ဆုတောင်း ပြည့်ဘူးရားမှာ တောင်းချင်သေးသလား.... (မတောင်းချင်ပါ ဘူးရား) ဘူးရားလဲ မကြိုက်ဘူးဗျ.... ဒီ အတောင်းကို.... (မှန်ပါ့) ကြိုက်ပါရဲ့လား....(မကြိုက်ပါဘူးရား)။

ဘူးရားက ငါသည် ဒီသစ္စာမသိခဲ့လို့ သံသရာ ရှည်ခဲ့တယ် ကွာ....တဲ့၊ မင်းတို့လဲ ဒါမသိယင် ရှည်လိမ့်မယ်၊ သိအောင် လုပ်ပါလို့ မမှာဘူးလား.... (မှာပါတယ်ဘုရား) သတောကျ ပလား....(ကျပါပြီဘုရား)။

ရှင်အာနန္ဒာကို မှာလိုက်တာများ သိပြီးသကာလ တကာ တကာမတွေ့ မှတ်စရာ သိပ်ခကောင်းတယ်....(မှန်ပါ့) အာနန္ဒာ.

မင့်အမျိုးတွေ, မင့်အဆွေတွေ, မင့် တကာ တကာမတွေ့မျှား မင်း-သနားလို့ ရှိယင် သစ္စာသိအောင် ဟောပါကွာ.... (မှန်ပါ့) ကြည့်စမ်း မှာတော်မူလိုက်တာ....(မှန်ပါ့)။

မင့်အဆွေတွေ, မင့်တကာတကာမတွေ့, မင်းတကယ် သနား တယ်ဆိုလို့ ရှိယင် လောကွတ်လုပ်မနေနဲ့ ရှေ့တွေ့, ငွေ့တွေ့ ပေး မနေနဲ့၊ သစ္စာသိအောင် လုပ်ပေး၊ ဒါမှ သနားရာ-ခင်ရာ-မင်ရာ ချီးမြှောက်ရာ ရောက်သကွ....လို့ သေသေချာချာ သစ္စသံယုတ် မှာ မှာတော်မူတယ်....(မှန်ပါ့) မမှာသင့်ဘူးလား.... (မှာသင့် ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးများကလဲ ဘုရား၏ တပည့်သား ဖြစ်တဲ့ အတွက် တကာတကာမတွေ့ ခင်ဗျားတို့ သားတွေ့, သမီးတွေ့, ဆွေတွေ့, မျိုးတွေ့ အလုံးစုံ အကုန်ချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ်၊ သနားပါတယ် ဆိုခဲ့လို့ ရှိယင်ဖြင့် ယခုပြောတဲ့ ပဋိစ္စသမုပ္ပါဒ်ကိုဖြင့် ဒါက ဒုက္ခသစ္စာ၊ ဒါက သမုဒယသစ္စာလို့ ဆိုတာဖြင့် သိအောင်ဟောကြပါ....(မှန်ပါ့)။

ဒါမဟာလို့ ရှိယင်ဖြင့် ရှေ့တွေ့ ပုံပေးလေလေ ဒုက္ခရောက် လေလေဘဲ့....(မှန်ပါ့) ငွေ့တွေ့ ပုံပေးလေလေ.... (ဒုက္ခရောက် လေပါဘုရား) ဘာဖြစ်လို့ တုံးဆိုလို့ ရှိယင် ဒီရှေ့ငွေ့တွေ့နဲ့ သုံး စားပြီး ဇာတိဖြစ်ကြောင်းတွေ့ လုပ်ဦးမှာကိုးဗျ.... (မှန်ပါ့) မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား) လုပ်တော့ ဘာသစ္စာ တွေ့ ရသလဲ....(ဒုက္ခသစ္စာတွေ့ရပါတယ်ဘုရား)။

ဒါဖြင့် အမေအဖေပေးခဲ့တဲ့ အမွေကြောင့် ခလေးမှာ ဒုက္ခရောက်ပေါ့....(မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး မှာတော်မူတာ မင့်ဆွေ့မင့်မျိုးတွေ့,မင့်တကာတကာမတွေ့ သနားလို့ရှိယင်ဖြင့် သစ္စာသိအောင် ဟောပါကွာလို့ဆိုတာ အင်မတန် အရေးကြီးလို့ မှာတဲ့စကား....(မှန်ပါ့) သဘောပေါက်ပြီး ဉာဏ်ရောက်ကြပလား....(ရောက်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဇာတိက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒီ-ဒုက္ခသစ္စာရတဲ့ အခါကျတော့ ဇာတိက အကြောင်းလား၊ အကျိုးလာ.... (အကြောင်းပါဘုရား) ဇရာမရဏက....(အကျိုးပါဘုရား)။

အင်း.... ငါ့သားသမီးတွေ၊ ကခလေးတွေ ကျန်းမာရစ်ခစေတော့၊ ချမ်းသာရစ်စေတော့ဆိုပြီး သကာလ သစ္စာမဟောဘဲနဲ့ အမွေသာ ပေးသွားကြမယ်ဆိုယင် မင်းသည်ကား....လို့ ဆိုယင် ဒုက္ခမျိုးစုံ မင့်မှာ အကုန်ဖြစ်စေသတည်းလို့ ဆိုတာနဲ့ အတူတူဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သစ္စာမှတပါး တကာတကာမတို့ ကိုးစားရာ, အားထားရာ မရှိဘူး....(မှန်ပါ့)။

အခု ဒုက္ခသစ္စာဟောနေတယ်၊ နောက် နိရောဓသစ္စာကို ဆရာဘုန်းကြီးက ဒီပဋိစ္စသမုပ္ပါဒ်မှာဘဲ ဟောမှာဘဲ....(မှန်ပါ့ဘုရား) နိရောဓသစ္စာဟောမှ ချမ်းသာမှာကိုးဗျ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဇရာ မရဏ၏လက်သည် တွေ့ပလား....(တွေ့ပါပြီဘုရား) ဘယ်သူပါလိမ့် .... (ဇာတိပါဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာ တကာမတို့ ဇာတိဟာ ဆုမတောင်းကောင်းတဲ့ တရားဘဲဆိုတာတော့ သေချာပလား.... (သေချာပါပြီဘုရား)။

ဘယ်ဇာတိကြိုက်သတုံး .... (ဘယ်ဇာတိမှ မကြိုက်ပါဘုရား) ဘာသံနဲ့ပြောတာပါလိမ့် ခင်ဗျားတို့....(သစ္စာသံနဲ့ ပြောတာပါဘုရား)။ ဘာညာဏ်နဲ့ပြောပါလိမ့်....(သစ္စာညာဏ်နဲ့ပြောပါတယ်ဘုရား)

ဆွေမျိုးတွေကိုဖြင့် ဘယ်လိုပြောကြမယ်....(သစ္စာကို ပြောပါမယ်ဘုရား) ဘယ်ဇာတိမှ မလိုချင်ပါနဲ့.... (မှန်ပါ့) ဘယ်ဘဝမှ....(မလိုချင်ပါနဲ့ဘုရား)။

ဒီအံမာ....ဒါဖြင့် ဝါဒဖြန့်ကြပါ....(မှန်ပါ့) ချစ်ကြ, ခင်ကြ, ကြင်နာကြလို့ ရှိယင်ဖြင့် ဘယ်ဘဝမှ မတောင်းနဲ့ဟ....ဇာတိဟာ ဒုက္ခသစ္စာကြီးဟ....(မှန်ပါ့)။

တကာကြွယ်- ပြောတတ်ပလား....(ပြောတတ်ပါပြီဘုရား)။

ချစ်တယ်, ခင်တယ်, ကြင်နာပါတယ် ဆိုယင်ဖြင့် တကာ တကာမတွေ့ သစ္စာကိုဘဲ သိအောင်ပြောပေးကြပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာ တကာမတို့ ဒီဇာတိသည်ကား-လို့ ဆိုလို့ရှိယင်ဖြင့် ဒုက္ခသစ္စာဘဲဆိုတာ သိသွားကြပြီ....(မှန်ပါ့ဘုရား)။

ဘုရားက ဟောတော်မူတယ် "ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ ရဏာမ္ပိ ဒုက္ခ" လို့ မဟောဘူးလား... (ဟောပါတယ်ဘုရား) ပဲသေးသလား....(မလွဲပါဘုရား)။

ကောင်းပြီ.... ဘုရားလဲ ဒီဒုက္ခတွေသိတော်မူလို့ ဘုရားဖြစ်ကဲ့.... (မှန်ပါ့) ခင်ဗျားတို့လဲ ဒါတွေသိတဲ့အခါကျတော့ ဘယ်အဝမှ ဆုမတောင်းတော့ပါဘူးလို့ဆိုတာ ဒီဇာတိ ဒုက္ခသစ္စာကို မြင်လို့ မတောင်းတာ....(မှန်ပါ့)။

မတောင်းချင်တော့ဘူး ဆိုတော့ ဇာတိက ဒုက္ခသစ္စာ.... (မှန်ပါ့) ဇာတိဟာ ဒုက္ခသစ္စာလို့ တကာတကာမတွေ ညာဏ်ဆဲမှာ မရောက်သေးဘူးလား....(ရောက်ပါပြီဘုရား)အဲဒီညာဏ်က မဂ္ဂသစ္စာ....(မှန်ပါ့)။

ဇာတိက ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)မတောင်းတော့ပါဘူးလို့ ဆုံးဖြတ်တဲ့ ညာဏ်က....(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် မတောင်းတော့ပါဘူးဆိုတော့ တောင်းချင်တဲ့တဏှာသေတာက သမုဒယချုပ်တာ....(မှန်ပါ့ဘုရား) ပေါ်ပလား.... ပေါ်ပါပြီဘုရား)။

သမုဒယ ချုပ်ကတည်းကိုက တကာ တကာမတို့ ဒုက္ခတွေ နောက်လာဦးမလား.... (မလာပါဘုရား) အဲဒီ မလာတာက နိဗ္ဗာန်ရောဓသစ္စာ....(မှန်ပါ့)။

သစ္စာသိလိုက်တဲ့အတွက် ဘယ်လောက်များ အဘိုးတန်သွားသတုံး.... (တန်ပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ အသက်အရွယ်ကြီးပြီး မသေနှင့်ပေလို့ ဆရာကလဲ မသေနှင့်ပေလို့ ပေါ့ဗျာ၊ နို့ မဟုတ်ယင် အကုန်ချောက်ကျတယ် ... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဝိပဿီဘုရားအလောင်းတော် လက်သည်ရှာသလို ဘုန်းကြီးတို့ကလဲ ဘုရား၏တပည့်သားတော့ဖြစ်လို့ ရှာကြဦးစို့....(မှန်ပါ့)။

တကာတကာမတို့ ဇာတိဟာလဲ အကြောင်းမရှိဘဲနဲ့ဖြစ်မယ် မဟုတ်ပါဘူး....(မှန်ပါ့) ဇာတိက အကြောင်းမရှိဘဲနဲ့ ဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား) ဒါဖြင့် တကာတကာမတို့ သိတဲ့အတိုင်း ဘဝပစ္စယာဆိုတာ လာပါဦး....(မှန်ပါ့)။

ဒီဘက်က သုံးခုက ဘာပါလိမ့်.... (ဘဝပါဘုရား) ဘဝပစ္စယာ....(ဇာတိပါဘုရား) သြော်... ဇာတိက လက်သည် ရှာလိုက်တော့ ဘဝကြောင့် ဖြစ်ရတာပါလိမ့်....(မှန်ပါ့)။

အားလုံး တကာတကာမတွေ ဇာတိဆိုတဲ့ ပဋိသန္ဓေနေမှဟာ ဘယ်သူ့ကြောင့် ဖြစ်ရပါလိမ့်.... (ဘဝကြောင့် ဖြစ်ရပါတယ်ဘုရား)။

ဘဝပေမဲ့လဲ ဒီနေရာကလေး နှုတ်ကလေးတက်နေတာကလေးကို ဖျောက်ပြီးသကာလ အသစ်ကလေး ထည့်ပေးလိုက်စမ်းပါ ကမ္မဘဝပစ္စယာ ဇာတိ....(မှန်ပါ့ဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

ဘာတဲ့....(ကမ္မဘဝပစ္စယာ ဇာတိပါဘုရား) ကမ္မဘဝပစ္စယာ ဇာတိဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အေး....ဒါ့ကြောင့် တကာတကာမတို့သည်ကားလို့ ဆိုယင်း ကမ္မဘဝကြောင့် ဘာဖြစ်ရသတုံး.... (ဇာတိ ဖြစ်ရပါတယ်ဘုရား)။

သြော်....ဒါဖြင့် ခင်ဗျားတို့ကလဲ ကံကောင်းချင်လို့က်တဲ့ ဖြစ်ခြင်း ဇာတိဒုက္ခကို မတွေ့ရမှာစိုးလွန်းလို့ တကာကြွယ်တို့ကံကောင်းချင်လို့က်တာ လွန်နေတာဘဲ.... မှန်ပါ့) ပန်းသပြေနဲ့ ညောင်ရေလောင်းပြီးတော့ ကံကောင်းချင်တဲ့အလုပ်ချည့် လုပ်နေတော့ ကမ္မဘဝပစ္စယာ ဘာတဲ့....(ဇာတိပါဘုရား)။

သြော် .. တကာတကာမတို့ ခက်လို့က်တဲ့ဖြစ်ခြင်း၊ ကံကောင်းချင်တဲ့ တကာ တကာမတွေသည် ဘာကို ပြုတာပါလိမ့် .... (ဇာတိပြုပါတယ်ဘုရား) ဇာတိက ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား) သြော်....ကံကောင်းမှ ဒုက္ခရောက်မှာဘုရား.... (မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဘာတဲ့တုံး....(ကံကောင်းမှ ဒုက္ခရောက်မှာပါဘုရား) ဗေဒင်မျှားမေးချင်သေးသလား....(မမေးချင်ပါဘုရား)ကံမျှားမေးလို့ ကျုပ်ကံကလေး အစအန ဘယ်နှယ်နေသတုံး၊ ဒုက္ခမှ လွတ်ပါ့မလား....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကျုပ်ကံကလေး ဘယ်နှယ်နေသတုံး၊ ဒုက္ခမှရောက်ပါ့မလား ဆိုတာ ထည့်မေးလို့ရှိယင် မမေးဖြစ်တော့ဘူး .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ကမ္မဘဝ ပစ္စယာ (ဇာတိပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုန်းကြီးတို့ တကာတကာမတွေ ဒီလို ဆရာကောင်း သမား ကောင်းမျိုးနဲ့ မတွေ့လို့ ရှိယင် ကံမကောင်းလို့ ကံကောင်းနဲ့ ဆက်ချင်၊ ဆက်ချင်ကြတာတွေလဲ ဒီအထဲ တပုံကြီးပါမယ်.... (ပါ၊-ပါတယ်ဘုရား)။

ဒါဖြင့် အဲဒီကံကလဲ ကမ္မဘဝ ပစ္စယာ.... (ဇာတိပါဘုရား) ဆြေ.... သူ ဆက်ချင်တာလဲ ကံမကောင်းလို့ ကံကောင်းနဲ့ ဆက်ပြန်လဲ ဇာတိ....(မှန်ပါ့) ကံမကောင်းနဲ့ဆက်ပြန်ကော....(ဇာတိပါဘုရား)။

ဒါဖြင့် ကောင်းတာနဲ့ဆက်တာ ကြိုက်သလား၊ မကောင်းတာနဲ့ဆက်တာ ကြိုက်သလား.... (ဘာနဲ့ဆက်တာနဲ့မှ မကြိုက်ပါဘုရား) ရမှာ ဒုက္ခသစ္စာချည့်ဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ကံကောင်းကုသိုလ်လဲပယ်လို့ ဘုရားဖြစ်လာပြီး ကံမကောင်းတဲ့ကိလေသာတွေပယ်လို့ ဘုရားဖြစ်လာတာ....(မှန်ပါ့)။

ကံပယ်လို့ ဘုရားဖြစ်လာတာ....(မှန်ပါ့) ဇာတိမလာဘူးလာသေးရဲ့လား....(မလာပါဘုရား) မပေါ်ကြသေးဘူးလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ စဉ်းစားကြစမ်းပါဦး၊ ဒီ ဆရာကောင်း သမားကောင်းနဲ့တွေ့တုန်းကို ဉာဏ်ကလေးနဲ့ နားကြီးကြီးနဲ့ထောင်ပြီး စဉ်းစားပါ....(မှန်ပါ့)။

ဘုံဘဝကိုလိုချင်တဲ့ ကုသိုလ်ကံတွေဟူသ၍လဲ ဘုံဘဝကို ဖြစ်စေတတ်တဲ့၊ ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ ကံဟူသ၍လဲ တကာ

တကာမတို့ ဇာတိ ဒုက္ခ ပေးတယ်....(မှန်ပါ့) အကုသိုလ်ကံတွေ ဟူသ၍ကော....(ဇာတိ ဒုက္ခပေးပါတယ်ဘုရား)။

ဒါဖြင့် ဘုံဘဝကို မတောင့်တတဲ့ အလုပ်သာလျှင် တကာ တကာမတို့ အရေးတကြီးထားကြပါ....(မှန်ပါ့)။

ဘုံဘဝ တောင့်တလုပ်တဲ့ ကုသိုလ်ဟူသ၍ကလဲ ဇာတိရမှာ ဘဲ့....(မှန်ပါ့) မတောင့်တဘဲနဲ့ မိဘရိုးရာနဲ့ နေပြန်ယင်ကော.... (ဇာတိရမှာပါဘဲ့ဘုရား) အကုသိုလ်ကံတွေနဲ့နေတော့လဲ ဇာတိ ပေါ့ဗျာ....(မှန်ပါ့) ဒီလိုမနေဘူးလား....(နေပါတယ်ဘုရား)။

ဒါဖြင့် ကမ္မဘဝပစ္စယာ ...(ဇာတိပါဘုရား) အဲ....ဘယ်ကံ ဟူသ၍ မဆိုတော့ဘူးပေါ့။ မင်းတို့ကံဟူသ၍ဟာ ဇာတိလုပ်မှာ မှတ်ပေတော့....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ ဘုရား)။

တကာကြွယ်ရေ.... ပဋိစ္စသမုပ္ပါဒ် အကိုက်ရှင်း, သစ္စာသွင်း လိုက်တော့ သိပ်အဘိုးတန်တယ်....(တန်ပါတယ်ဘုရား)။

ဆက်နာပါ၊ ဆက်နာပါ တကာ တကာမတို့.... ဝိပဿနာ ဉာဏ်ကို နောက်သုံးလေးရက်ဆိုယင် ရောက်မယ်၊ အခုတော့ဖြင့် ကိုယ့်အဖြစ်ဆိုးကြီး, ကိုယ့်အမှားတော်ပုံကြီး ပြင်တုန်း ရှိသေး တယ်....(မှန်ပါ့) တနေ့တည်း ပြင်ပေးတော့ မပြီးနိုင်ပါဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တနေ့တည်းပြင်လို့တော့ မပြီးနိုင်ဘူး၊ မှားတာက ကမ္ဘာ အသေခံကမှားထားတာ၊ ပြင်ပေးတဲ့ဘုန်းကြီးက တနာရီနဲ့ ပြင်ပေးတော့ မပြီးနိုင်ဘူး....(မှန်ပါ့) ပေးနိုင်ပါ့မလား....(မပေး နိုင်ပါဘုရား)။

ကဲ.... ဦးလှဘူး,ရေ.... ဂဏန်းပြည့်ကြီး မှားထားတဲ့ ဥစ္စာ အဲတော်တွက်ယူရမှာပေါ့ဗျာ....(မှန်ပါ့)။

ကိုင်း.... တကာ တကာမတို့ ဇာတိ ဘယ်က လာသတုံး.... (ကမ္မဘဝက လာပါတယ်ဘုရား) ကမ္မဘဝက လာသည်၊ ပါဠိ ရွတ်လိုက်တော့ ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)။

ခင်ဗျားတို့ ရ,ထားတာတွေက နှုတ်ကသာ ရ,ထားတာနော် (မှန်ပါ့) ခန္ဓာကိုယ်ထဲ ဥာဏ်ရောက်ကဲ့လား.... (မရောက်ပါဘုရား) ခုနင်တုန်းက ဇရာမရဏကို ရွတ်တော့ ရွတ်တယ်၊ ရွတ်တုန်းက ဇရာမရဏက ဇရာမရဏ ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား) ရမ်းရွတ်တယ် စာကျေအောင်လို့ ရွတ်တာနဲ့ တူသပေါ့ဗျာ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဇာတိ ဘယ်က လာသတုံး.... (ကမ္မဘဝက လာပါတယ်ဘုရား)။

ကိုင်း.... ကမ္မဘဝဆိုတာ တကာ့ကြယ်-တကာသိုက်တို့-ဦးလှဘူးတို့ မှတ်လိုက်စမ်းပါဗျာ....ကာယကံ,ဝစီကံ,မနောကံ (မှန်ပါ့ဘုရား) ကုသိုလ်ကာယကံ,ဝစီကံ၊ မနောကံ....(မှန်ပါ့)။

ဘုံဘဝလိုချင်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကော မလုပ်ဘူးလား.... (လုပ်ပါတယ်ဘုရား) ဘုံဘဝ သံသရာထဲမှာ တောင် သံသရာကြီးလည်စေတတ်တဲ့ အကုသိုလ်ကာယကံ,ဝစီကံ, မနောကံတွေကော မလုပ်ကြဘူးလား....(လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီကံသည် ကုသိုလ်ကာယကံ,ဝစီကံ,မနောကံ၊ အကုသိုလ်ကာယကံ, ဝစီကံ, မနောကံ၊ ဘာ အကျိုးပေးပါလိမ့်....

(ဇာတိပေးပါတယ်ဘုရား) ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) သဇောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့သည်ကားဆိုလို့ ရှိယင် ကမ္မဘဝလုပ်နေမယ်ဆိုလို့ ရှိယင် ကာယကံ,ဝစီကံတွေ့ ကုသိုလ်ဘက်က လုပ်ပြန်လဲ ဘုံဘဝလိုချင်လို့ လုပ်လို့ ရှိယင်ဖြင့် ဇာတိဘဲရတယ်....(မှန်ပါ့) အကုသိုလ်ကံတွေ့ လုပ်ပြန်တော့လဲ ဘာရသတုံး.... (ဇာတိဘဲရပါတယ်ဘုရား) ဇာတိက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဟာ အလိုလို ပေါ်တာလား· ကမ္မဘဝကြောင့် ပေါ်တာလား....(ကမ္မဘဝကြောင့် ပေါ်တာပါဘုရား)။

ဒါဖြင့် ကမ္မဘဝကြောင့်ဆိုတော့ စာသံပေသံပါနေတယ်၊ ကာယကံ,ဝစီကံ,မနောကံကြောင့်ဖြစ်တယ်-(မှန်ပါ့) အကုသိုလ် ကာယကံ,ဝစီကံ,မနောကံကြောင့်ကော.... (ဇာတိဖြစ်ပါတယ် ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကြော်....ဒါဖြင့် တကာတကာမတို့ သေချာသွားပြီ....တဲ့၊ ပဋိစ္စသမုပ္ပါဒ်ကို နောက်ပြန်လှန်တာလို့ မှတ်ထားလိုက်ပါ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဒတော့ တကာတကာမတို့ ဒနေ့ အရောင်းအဝယ်ကလေးများ နည်းနည်းဖြစ်ကြပါရဲ့လားလို့ မေးလို့ ရှိယင် ထိုက်တန်သလောက်ဖြစ်ပါရဲ့လို့ ဖြေကြမှာဘဲ....(မှန်ပါ့)။

ဘယ်နှယ်တုံး တကာ တကာမတွေ့ ဒီနေ့ အရောင်းအဝယ် ဘယ်နှယ်နေသတုံး.... (ထိုက်တန်သလောက် ဖြစ်ပါတယ်ဘုရား)

ထိုက်တန်သလောက်ဖြစ်တော့ ကာယကံနဲ့ကော ပြကြရတယ်....
(ပြရပါတယ်ဘုရား)။

ဝစီကံနဲ့လဲ ဒီအဘိုး, ဒီအဘိုး ပြောရတယ်....(ပြောရပါတယ်ဘုရား) မနောကံကလဲ ဒီပဂိုလ် ဒီလိုပြောမှ ကြိုက်မှာလို့ စိတ်ထဲမှာ တွေးလုံးနဲ့ကော မကြံရဘူးလား....(ကြံရပါတယ်ဘုရား)။
ကာယကံ, ဝစီကံ, မနောကံ, ပါကြရဲ့လား....(ပါ-ပါတယ်ဘုရား) ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) သွားပေါ့.... (မှန်ပါ) မသွားသေးဘူးလား....(သွားပါမြို့ဘုရား)။
ဒီဒဏ်က ခေါင်းထည်းသွားပါတယ်.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါမြို့ဘုရား)။
ဒါ... ခင်ဗျားတို့က ချိုးမှမ်းနေသပေါ့.... (မှန်ပါ) သူတို့အရောင်းအဝယ်ကလေး ဖြစ်တယ်၊ အပြောကလဲ ဟုတ်တယ်၊ အပြကလဲ ဟိတ်နဲ့မာန်နဲ့-ဆိုတော့ နေရာကျတာပေါ့....(မှန်ပါဘုရား)။
အင်း .. သူ့ခမြာဖြင့် ကိုယ်ကျိုးနဲ့နေတာ ဘယ်သူမှ မသိဘူး (မသိပါဘုရား) အခု ကိုယ်ကျိုးနဲ့တာ သိပလား .... (သိပါမြို့ဘုရား)။
ကာယကံနဲ့ကော မပြကြ, မပြုကြရဘူးလား.... (ပြုကြရပါတယ်ဘုရား) ဝစီကံနဲ့ ချိုသာစ့ာကော....(ပြောရပါတယ်ဘုရား) မနောကံနဲ့လဲ လူကဲခတ်, စိတ်ကဲခတ် ပါ-ပါရဲ့လား....(ပါ-ပါတယ်ဘုရား)။
ဒါဖြင့် ကံသုံးပါး လုပ်ပြီးကြပလားလို့ မေးယင်....(လုပ်ပြီးပါပြီဘုရား) ကမ္မဘဝ ပစ္စယာ....(ဇာတိပါဘုရား) ဇာတိပိ.... (ဒုက္ခဝါပါဘုရား)။

ဩော်....ဒီဥစ္စာ ဘယ်ကလာပါလိမ့် တကာကြွယ်ရေ....(ကမ္မဘဝ ပစ္စယာကပါဘုရား) ကာယကံ, ဝစီကံ, မနောကံက လာတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သူတို့ အကျိုးပေးနေတာ ကံကောင်းလို့ အကျိုးပေးနေတယ်လို့ ဆိုကြမလား၊ ဒုက္ခရောက်ဘို့ အပြစ်ရှာပေါ့လို့ ဆိုကြမလား.... (ဒုက္ခရောက်ဘို့ အပြစ်ရှာပေါ့-လို့ ဆိုရပါမယ်) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩော်....ဒါဖြင့် စီးပွားရှာခိုင် မရှိဘူးဘုရား.... တကာကြွယ် တို့က ဆိုချင်ဆိုမပေါ့ဗျာ....(မှန်ပါ့) တကာ တကာမတွေကော မဆိုရပေဘူးလား....(ဆိုရမှာပါဘုရား)။

ခင်ဗျားတို့က အစဲ့အလမ်းဖြစ်နေတာ.... (မှန်ပါ့) စီးပွားရှာချင်တယ်ဆိုကတည်းကိုက ခင်ဗျားတို့ ဒုက္ခရောက်ပြီးမှ စားချင်တာ....(မှန်ပါ့)။

ဒုက္ခမရောက်ဘဲနဲ့ ချမ်းချမ်းသာသာနဲ့ ပြည့်စုံတာ မကြုံက်လို့ ပြောတဲ့စကား....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုန်းကြီးနှယ်-ကပ်ကပ်သပ်သပ် ပြောတယ်လို့များ မအောက် မေ့ပါနဲ့....(မှန်ပါ့) မအောက်မေ့ပါနဲ့ တကာ တကာမတို့.... ကပ်ကပ်သပ်သပ်ပြောတယ်လို့ အောက်မေ့မနေပါနဲ့....(မှန်ပါ့ ဘုရား)။

မဂ္ဂင်အလုပ်ကို လုပ်စမ်းပါ၊ ဘယ်မှာသာလျှင် ဘုန်းကြီးတို့ တကာ တကာမတွေသည်ကား....လို့ ဆိုလို့ရှိယင် ဇာတိ ဒုက္ခ

သစ္စာကော လာပါ့မလား....(မလာပါဘူးရား)ဇရာ မရဏ ဒုက္ခ သစ္စာကော....(မလာပါဘူးရား)။

ဒါဖြင့် ဇာတိတို့၏ချုပ်ရာ၊ ဇရာ မရဏတို့၏ ချုပ်ရာ,သိမ်းရာ နိဗ္ဗာန်လို့ မဆိုရပေဘူးလား.... (ဆိုရပါတယ်ဘုရား) နိဗ္ဗာန် ဆိုတာ ငြိမ်းအေးချမ်းသာတာ မဟုတ်လား....(မှန်ပါ့)။

အဲဒီတော့ တကာ တကာမတို့ ခင်ဗျားတို့ဟာ စီးပွားရှာ ချင်တဲ့ ပဂိုလ်ဆိုတာ ဘုန်းကြီး စဲ့ချက်တင်လိုက်တာ မလွဲပါဘူး (မလွဲပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မဂ္ဂင်အလုပ် လုပ်ယင် ချမ်းသာစစ် ရမယ်.... (မှန်ပါ့) ခင် ဗျားတို့ ကာယကံ,ဝစီကံ,မနောကံတွေ ရှောက်လုပ်နေယင် ဒုက္ခ သစ္စာရမယ်....(မှန်ပါ့)။

ကာယကံ,ဝစီကံ,မနောကံဆိုတော့ ကမ္မဘဝကိုး.... (မှန်ပါ့) ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) ဇာတိပိ.... (ဒုက္ခသစ္စာပါ ဘုရား) သြော်....သွားပြီ....(မှန်ပါ့)။

ဒါဖြင့် စီးပွါးရှာတဲ့ အလုပ်ဟူသ၍ သံသရာဆက်ဘို့ဘဲ.... (မှန်ပါ့) စီးပွါးရှာတဲ့ပဂိုလ်မှာ ကာယကံ, ဝစီကံ, မနောကံ လွတ်ပါ့မလား....(မလွတ်ပါဘုရား) ဒါဖြင့် ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ဇာတိပိ....(ဒုက္ခာပါဘုရား)။

သြော်....ခင်ဗျားတို့က ဒုက္ခသစ္စာကြိုက်တော့ စီးပွားရှာဖွေ စားသောက်ဘို့တောင် အကွက်မရှိတော့ဘူး၊ တပည့်တော်ဖြင့် ဘုန်းကြီးတရားနာနေရတာ စိတ်များပျက်ပါပေါ့။ ဆိုချင်ကြ သလား... (မဆိုချင်ပါဘုရား) နောက်က တကာတကာမတွေက

ဆိုချင်သေးသလား.... (မဆိုချင်ပါဘုရား) လူထဲမို့သာ မဆိုရဲတယ်၊ ဝမ်းထဲကတော့ ဒေါသမျှား ထွက်နေဦးမှာလား။

အဲဒါသည် တကာတကာမတို့ သေသေချာချာ မှတ်ပါတဲ့၊ ကံကုန်မှ နိဗ္ဗာန်ရောက်မှာ.... (မှန်ပါဘုရား) ကံဆက်နေယင် ဇာတိဆက်မယ်....(မှန်ပါ) ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ခဏခဏပြောတယ်၊ ခင်ဗျားတို့က ကံဇာတာကလေးက သေကိန်း, ပျောက်ကိန်းရှိတယ်လို့ ဗေဒင်ဆရာကဖြစ်စေ၊ အရပ်သားကဖြစ်စေ ပြောလိုက်လို့ရှိယင် ငါးလွှတ်တယ်၊ စာကလေးလွှတ်တယ်....(မှန်ပါ) မလွှတ်ဘူးလား.... (လွှတ်ပါတယ်ဘုရား)။

နှင့်တခါလွှတ်, ငါ့ကိုဆယ်ခါလွှတ်ဆိုတာမျိုးတွေ့ မလာဘူးလား....(လာပါတယ်ဘုရား) ငါလဲငါးဆယ်ခါဖြစ်စေသတည်း၊ စာကလေးဆယ်ခါဖြစ်ခဲ့စေသတည်း၊ ငါလဲချောက်ထဲကျနေယင် မင်းလဲဆယ်ခါလွှတ်....(မှန်ပါ) စာကလေးဆုတောင်း, ငါးဆုတောင်းသလိုကျမနေဘူးလား....(ကျနေပါတယ်ဘုရား)။

တကာသိုက်တို့ လွှတ်ဘူးသေးသလား.... (လွှတ်ဘူးပါတယ်ဘုရား) သွားပြီ....(မှန်ပါ)။

အဲဒါ ကံဆက်တာ....(မှန်ပါ) ကံဆက်တော့ တကာတကာမတို့ ဇာတိဆက်တယ်၊ ဇာတိဆက်တော့ အကောင်ဖြစ်မှာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီကံသည်ကား လို့ဆိုလို့ရှိယင် ဖြင့် မဂ္ဂင်တရားမှ ဒီကံကိုဖြတ်နိုင်တယ်....(မှန်ပါ) ဒီကံဆက်နေ

သၚ်ကာလပတ်လုံး ဇာတိဆက်မှာဘဲ....(မှန်ပါ့) ဇာတိက ဘာသစ္စာတဲ့....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာဆက်မှာပေါ့.... (ဆက်မှာပါဘုရား) တကာကြွယ် ကြိုက်သေးရဲ့လား....(မကြိုက်ပါဘုရား)ဥာဏ်ရောက်ကြပလား....(ရောက်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာ တကာမတို့ ဒီက်က ဘယ်က လာသတုံးဆိုတဲ့ မေးခွန်း ထုတ်ကြစို့.... (မှန်ပါ့) ဥပါဒါန ပစ္စယာ ကမ္မဘဝေါကိုး....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)။

ဘုန်းကြီးပြောတာသည် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ကို ခန္ဓာကိုယ်ထဲမှာ ပြောနေတာ....(မှန်ပါ့) ကာယကံ,ဝစီကံတွန့် ပြုလုပ်နေတဲ့ပုဂ္ဂိုလ်ဟာ ငဋ္ဌလိုချင်တဲ့ဥပါဒါန်လာလို့....(မှန်ပါ့ဘုရား) ဥပါဒါနပစ္စယာ .... (ကမ္မဘဝေါပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကာယကံ,ဝစီကံ,မနောကံတွန့် နေတိုင်းမအားလပ်အောင် ပြုလုပ်နေတဲ့ပုဂ္ဂိုလ်ဟာ ဘာကို စဲလမ်းလို့ လုပ်တာတုံး....(ဥပါဒါန် စဲလမ်းလို့ပါဘုရား)။

ဘာအပေါ်မှာ ဥပါဒါန် စဲလမ်းပါလိမ့် .... (ငဋ္ဌပေါ်မှာ ဥပါဒါန် စဲလမ်းပါတယ်) ငဋ္ဌကို စဲလမ်းတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဥပါဒါနပစ္စယာ· ငဋ္ဌကို စဲလမ်းခြင်းတည်းဟူသော ဥပါဒါန်ကြောင့်၊ ကမ္မဘဝေါ-ကာယကံ, ဝစီကံ, မနောကံတို့နဲ့

အရောင်းအဝယ် နှုတ်ချို့သည်, လက်တို့သည်၊ ဟောတိ ဖြစ်၏၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) ရှင်းပလား တကာ တကာ မတို့....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဥပါဒါန်ကြောင့် ဘာဖြစ်ပါလိမ့်.... (ကမ္မဘဝ ပါဘုရား) ကမ္မဘဝဆိုတဲ့ ကာယကံ, ဝစီကံ, မနောကံဖြစ်တယ် (မှန်ပါ့)။

ဥပါဒါန်ကလဲ ဘာကိုစွဲလမ်းတယ်ဆိုတာကော သိပလား.... (သိပါပြီဘုရား) ဘာကိုစွဲလမ်းသတုံး... (ငွေကို စွဲလမ်းပါတယ် ဘုရား)။

ငွေကိုစွဲလမ်းတယ်၊ သားသမီးနဲ့ အိမ်ယာတိုက်တာတို့ ကြီးပွားရေး၊ ပြင်ဆင်ရေး ဟုတ်လား....(မှန်ပါ့) ဒါတွေ စွဲလမ်းတယ်, မစွဲလမ်းဘူးလား....(စွဲလမ်းပါတယ်ဘုရား)။

စွဲလမ်းတာ ဘာခေါ်ကြမယ်....(ဥပါဒါန်ပါဘုရား) အဲဒီ ဥပါဒါန်ကြောင့် ကာယကံ, ဝစီကံ, မနောကံနဲ့ ရောင်းကြ, ဝယ်ကြ မလုပ်ရပေဘူးလား....(လုပ်ရပါတယ်ဘုရား)။

ဒါဖြင့် ကံလုပ်ရောလို့ ဆိုကြပါစို့....(မှန်ပါ့) ကမ္မဝိပါကဿ-လို့ ဘုရားဟောသောကြောင့် ကံကြောင့် ဝိပါကဆိုတဲ့ ပဋိသန္ဓေ ဇာတိ မလာရပေဘူးလား .... (လာရပါတယ်ဘုရား)။

ဩော်....ဒါဖြင့် အိမ်မှာ အရောင်းအဝယ်လုပ်နေတဲ့ ပုဂ္ဂိုလ်များမှာ ဘာများလုပ်နေကြပါလိမ့်မတုံး....ဆိုတော့ ဥပါဒါန်ကြောင့်ကံလုပ်နေတယ်ဘုရား ကံလုပ်မှု တာဝည့်တော်တို့ နောက်ဘဝ ဇာတိချောက် ကျမှာဘုရာ့....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဇာတိချောက်ကျမှ ဇရာရောက်ပါမှ မရဏနဲ့ အသက်ထွက်ရမှာ၊ ဒါကြောင့် ကြိုးစားနေရတယ်....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အံမာလေး.... ဆိုးဝါးလိုက်တဲ့ တကာတကာမတွေ၊ ကိုယ့် ဆိုးဝါးပုံ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒီထဲကများ ဒီကံတွေ့မလုပ်ရတဲ့အခါကျတော့ ဒီအရောင်း အဝယ်မကောင်းတော့ ကာယကံ,ဝစီကံ,မနောကံက အရောင်း အဝယ်မလုပ်ရဘူး ဆိုပါဒတော့ဗျာ....(မှန်ပါ့)။

အရောင်းအဝယ် မလုပ်ရတဲ့အခါကျတော့ စိတ်ပျက်ဘယ် နေရထိုင်ရတာ....(မှန်ပါ့) ကိုယ့်အတွက်လဲ ပျက်တာဘဲ မြို့ရွာ ပြည်ကို ကြည့်လိုက်ပြန်လဲ ပျက်တာဘဲ မလာဘူးလား .... (လာပါတယ်ဘုရား)။

အဲဒါကလဲ ပျက်တာဘဲဆိုတာကလဲ ဝစီကံတွေ့ဗျ....(မှန်ပါ့ဘုရား) ကာယကံနဲ့လဲ ဆိုတာကလဲ ဟိုအိမ်သွားပြီး မေးလိုက် ပါဦးမလေ ဆိုတော့ ဟိုအိမ်သွားပြီး မေးလိုက်ပါဦးမလေဆို တော့ ကာယ ကံလာပြန်,တယ်....(မှန်ပါ့)။

မနောကံကလဲ သူတို့အတွက် ကျုပ်ဖြင့်ဗျာ.... အိပ်တောင် မပျော်ဘူးတဲ့....(မှန်ပါ့)မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီအခါကျလို့ ရှိယင်လဲ ကံသုံးပါး မစုံဘူးလား (စုံပါတယ် ဘုရား) ကဲ....ကမ္မဘဝပစ္စာ.... (ဇာတိပါဘုရား) သဘောကျ ပလား....(ကျပါပြီဘုရား)။

ဒီကံက ဘယ်ကလာပါလိမ့်မတုံး....ဆိုလို့ ရှိယင်ဖြင့် ဆွေမျိုး တွေ့, သားတွေ့, သမီးတွေ့အပေါ်မှာ စဲလမ်းတဲ့ ဥပါဒါန်က

လာတာ....(မှန်ပါ့) ဥပါဒါနုပစ္ဆယာ.... (ကမ္မဘဝေါပါဘုရား) ကမ္မဘဝပစ္ဆယာ....(ဇာတိပါဘုရား) ဇာတိပစ္ဆယာ....(ဇရာမရဏ ပါဘုရား) ဇရာမရဏဆိုတော့ တကာတကာမတို့ သေပေါက်-သေဝ သူ-တိုးတယ်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ ·ဘုရား)။

ဘာတိုးသလဲ.... (သေပေါက်-သေဝ သူ-တိုးပါတယ်ဘုရား) ကြက်ကလေးတွေ ကြော့ကွင်းတိုးတဲ့အခါ ကြက်မို့ မိုက်လိုက် တာလို့ ခင်ဗျားတို့က ပြောသေးတယ်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီတိရစ္ဆာန်များ သေပေါက်တိုးတိုးနေတာ တိရစ္ဆာန်များ တကယ်မသိတာပါကလား၊ ဒါ.... သူတို့ကို ထောင်ထားတာ မသိလို့....(မှန်ပါ့)။

အံမာ....ခင်ဗျားတို့က သွေးကြီး မွေးကြီးနဲ့ မပြောဘူးလား (ပြောပါတယ်ဘုရား) ခင်ဗျားတို့က ငွေလိုချင်တာက ဘာလုပ် တာ....(သေပေါက်တိုးတာပါဘုရား)ဥပါဒါန်ဆိုတဲ့ငွေများများ လိုချင်တာက ဘာပါလိမ့်.... (သေပေါက်တိုးတာပါဘုရား) ဥပါဒါန်အားကြီးနေတဲ့ပုဂ္ဂိုလ်ကျတော့ ကံတွေ လုပ်မှာလား-မလုပ်ဘူးလား....(လုပ်မှာပါဘုရား) ကာယကံ,ဝစီကံ,မနောကံ ဆိုတဲ့ ကမ္မဘဝ မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

လုပ်တဲ့အခါကျတော့ ကမ္မဘဝပစ္ဆယာ.... (ဇာတိပါဘုရား) ဟော.... ဇာတိချောက်ထဲ သူများလို ကြော့ကွင်း တိုးနေတာ မဟုတ်ဘူး၊ ဒီက ထိုးချလိုက်တာ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အတော်မဆိုးဘူးလား....(ဆိုးပါတယ်) ဇာတိ ပစ္စယာ.... (ဇရာ မရဏပါဘုရား)။

ကိုင်း....ခင်ဗျားတို့ ခင်တွယ်မှုတွေကြောင့် သေပဲကို တခါ တည်း ဝင်ရတယ်....(မှန်ပါ့) မဝင်ရဘူးလား....(ဝင်ရပါတယ် ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီညပါဒါန်ဆိုတဲ့ ငွေကို စဲလမ်း၊ သားကိုစဲလမ်း၊ သမီးကိုစဲလမ်းဆိုတာ ညပါဒါန်နော်....(မှန်ပါ့ ဘုရား)။

ညပါဒါန် ဘယ်က လာပါလိမ့်မလဲ-လို့ လက်သည်ရှာ၊ ရှာ လိုက်တော့ တဏှာ....(မှန်ပါ့)။

ဒီမှာကြည့်ပါ တကာ တကာမတို့ အခုချလိုက်တာ ဘာပါ လိမ့်....(တဏှာပါဘုရား) တဏှာပစ္စယာ....(ညပါဒါန်ပါဘုရား) ဟော....တဏှာကြောင့် ညပါဒါန်ဖြစ်တယ်....(မှန်ပါ့) ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်သူ့ကြောင့်ပါလိမ့်ဗျာ....(တဏှာကြောင့်ပါဘုရား) အချဉ်ကလေးကြောင့် အချဉ်ကြီးဖြစ်လာတာ....(မှန်ပါ့) အချဉ် ကလေးက တဏှာ....(မှန်ပါ့) အချဉ်ကြီးက.... (ညပါဒါန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေသည်ကား....လို့ ဆိုလို့ ရှိယင် ဖြင့် အချဉ်ကလေးအစကို လက်မခံပါမှ အချဉ်ကြီး ညပါဒါန် ကဲ့သ့ဲးမယ်....(မှန်ပါ့)။

အချဉ်ကြီး ညပါဒါန်နဲ့ မကဲ့သ၍ ကာလပတ်လုံး ကာယကံ, ဝစီကံဆိုတဲ့ ကံတွေ လုပ်လိမ့်ဦးမယ်....(မှန်ပါ့ဘုရား) လုပ်ယင်

ချောက်ကျဦးမယ်....(မှန်ပါ့) မကျပေဘူးလား....(ကျပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ တဏှာကြောင့် ဘာဖြစ်သတဲ့....(ဥပါဒါန်ဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒီတဏှာဟာအတော်ဆိုးတယ်....(မှန်ပါ့) သေဝ- သေပေါက် ချောက်တွေ့ တွန်းတဲ့အထဲ သူပါတာဘဲဆိုယင်ကော....(မလွဲပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ....ဒီတဏှာကို လက်သည်ရှာကြ၊ ရှာပါ တကာကြွယ်ရေ....(မှန်ပါ့) လက်သည်ရှာကြပါ တကာတကာမတို့....ဝေဒနာပစ္စယာ....(တဏှာပါဘုရား) ဟာ....ဝေဒနာက လာတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်ကလာပါလိမ့်.... (ဝေဒနာက လာပါတယ်ဘုရား) ဝေဒနာတယ်ကြောက်စရာကောင်းပါလား....(ကောင်းပါတယ်ဘုရား) ဝေဒနာကြောင့် ဘာဖြစ်ရသတုံး....(တဏှာဖြစ်ရပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာကြောင့်တဏှာဖြစ်တယ်၊ တဏှာကြောင့် စုံလမ်းတဲ့ ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ဖြစ်လို့ ကာယကံ, ဝစီကံတွေလုပ်ပြန်တယ်....(မှန်ပါ့) မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲ....လုပ်တော့ ကမ္မဘဝ ပစ္စယာ ဇာတိ-ဆိုတဲ့ ချောက်ကျတယ်....(မှန်ပါ့) ချောက်ကျပြီးသကာလ.... အရိုက်အနှက်ခံပြီး

သေပဲ့ဝင်တဲ့ ဇရာ မရဏဘက် လှည့်မသွားဘူးလား.... (သွားပါ တယ်ဘုရား)။

လက်သည်ကို အခု နောက်ဆုတ်, နောက်ဆုတ် ရှာလာတော့ ဘာတွေ့သတုံး....(ဝေဒနာတွေ့ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာ တကာမတွေ့ ပြောရတယ်၊ ဒီ-ဝေဒနာသည်ကား....လို့ ဆိုလို့ ရှိယင် သူ့ကို ဒီအတိုင်းသာ ဝေဒနာအတိုင်းသာ ထားမယ်ဆိုယင် ဝေဒနာပစ္စယာ တဏှာ ဖြစ်တယ်....(မှန်ပါ့)။

ဝေဒနာကို ဝေဒနာအတိုင်း မထားရဘူး၊ ဝိပဿနာရှုပေး ပါ....(မှန်ပါ့)။

ဝေဒနာဟာ ဖြစ်ပြီးတဲ့တရားမဟုတ်လား....(မှန်ပါ့) ဖြစ်ပြီး ပျက်တဲ့တရားကို ခင်ဗျားတို့က ဒီကြားထဲကနေပြီးသကာလ.... ဉာဏ်သွင်းလိုက်ပါလို့ ဟောလိုက်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဒီဟာ ဝေဒနာနဲ့ တဏှာ ဖြတ်တဲ့ ဉာဏ် ကလေးပါလား....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီနေရာ ဉာဏ်သွင်းလိုက်ယင် ဝေဒနာခွာပြီးသကာလ....ဝေ ဒနာဟာ ဝေဒနာဘဲလားမေး, ခင်ဗျားတို့က ရှုတဲ့ဉာဏ်နဲ့ အနိစ္စ ဘဲလား-လို့ မေးစမ်းပါ....(မှန်ပါ့) မေးတော့ သူဘယ်လို ပြောမလဲ....(အနိစ္စလို့ ပြောပါမယ်ဘုရား)။

အနိစ္စလို့ ပြောမှာ၊ သူဟာ အသက်မပါဘဲနဲ့ တပည့်တော် တို့ကို ဘယ်လိုလုပ်ပြီး အနိစ္စလို့ ပြောမလဲဘုရာ့-လို့ မေးခွန်း ထုတ်စရာ မလိုဘူးလား....(လိုပါတယ်ဘုရား)။

ပြောလာမယ် တကာတကာမတို့၊ ဝေဒနာချုပ်ပြီးမှ ရှုတဲ့ ဉာဏ်က ပေါ်ရတာ....(မှန်ပါ့) အဲဒီတော့.... သူက အနိစ္စလို့ ပြောပြီးသားမနေဘူးလား....(နေပါတယ်ဘုရား)။

သတ္တဝါသန္တာန်မှာ ဒီဝေဒနာနဲ့ရှု ဉာဏ်နဲ့ဟာ ပြိုင်ပြီးပေါ် ကောင်းရဲ့လား....(မပေါ်ကောင်းပါဘုရား) မပေါ်ကောင်းတော့ ဝေဒနာချုပ်ပြီးမှ တဏှာက မလာဘူးလား .... (လာပါတယ်ဘုရား)။

အဲဒီတော့ ချုပ်သွားတဲ့တရားက အနိစ္စကိုးဗျ.... (မှန်ပါ့) ဝေဒနာကိုက ကျုပ်ဟာ အနိစ္စပါလို့ ပြောတယ်.... (မှန်ပါ့) ပြောတော့ ခင်ဗျားတို့က မဂ်က ဒေါင်းငြိမ့်ပြီး သကာလ.... သြော်....အနိစ္စပါလားလို့ ရှုလိုက်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကြည့်ပါလား ဒီက အနိစ္စ၊ ဒီနာမ်က မဂ္ဂ၊ ဒီဘက်က တဏှာချုပ်၊ မဂ်နဲ့ဖြတ်လိုက်တယ်....(မှန်ပါ့)။

တကာကြွယ်- မဂ်နဲ့ဖြတ်လိုက်တော့ ဘယ်နှယ်နေသတုံး.... (တဏှာချုပ်ပါတယ်) တဏှာချုပ်တော့ ဥပါဒါန်ကော.... (ချုပ်ပါတယ်ဘုရား)။

ကံကကော....(ချုပ်ပါတယ်) ဇာတိ ဇရာ မရဏကော.... (ချုပ်ပါတယ်ဘုရား)။

အဲဒီတော့ တကာ တကာမတွေ့ သြော်....ဒီဘက် သမုဒယ သစ္စာသေတဲ့ ဟောဒီနှစ်ခုဟာ သမုဒယသစ္စာ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

၄၀၆ မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၂၇)

ဒီနှစ်ခုက တဏှာနဲ့ ဥပါဒါန်က သမုဒယသစ္စာ၊ ကံတွေ၊ ဇာတိ ဇရာ မရဏတွေ ချုပ်သွားတာကလဲ ဒုက္ခတွေ ချုပ်သွားတာ....(မှန်ပါ့) မချုပ်ဘူးလား... (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ မနေ့ကလဲ ပြောခဲ့ရတယ်၊ ဘုရားဘယ်နေရာမှာ ပွင့်သတုံး....လို့ မေးတော့ တကာတကာမတွေက ဘယ့်နှယ်ဖြေကြသတုံး....(ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီနေရာမှာ ခင်ဗျားတို့မဂ်သွင်းယင် ခင်ဗျားတို့ သောတာပန်ဖြစ်တဲ့ နေရာလဲ ဒီနေရာဘဲ.... (မှန်ပါ့) သကဒါဂါမ်ဖြစ်တဲ့နေရာကော....(ဒီနေရာပါဘုရား) အနာဂါမ်ဖြစ်တဲ့နေရာကော-(ဒီနေရာပါ) ရဟန္တာဖြစ်တဲ့နေရာကော....(ဒီနေရာပါဘုရား)။

ဒါဖြင့် ဒီနေရာက ဝေဒနာပေါ်တိုင်းသာ ရှုနေ....(မှန်ပါ့) ဒီဘက်က သံသရာအဆက်ကြီးဟာ ဘယ့်နှယ်နေသတုံး....(ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး ဆက်နိုင်သေးရဲ့လား....(မဆက်နိုင်ပါဘုရား) ဘာ့ကြောင့် မဆက်နိုင်ပါလိမ့်မတုံး....လို့ မေးခွန်းထုတ်ယင် တကာတကာမတွေ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဝေဒနာကို အနိစ္စရှုတဲ့မဂ်ဝင်လာလို့ သံသရာပြတ်သွားတာ ဘုရား) ဦးလှဘူး- ဝမ်းသာစရာ ကောင်းလိုက်တာ....(မှန်ပါ့ ဘုရား)။

ဘယ်နေရာမှာ ဘုရားဖြစ်ပါလိမ့်....(ဝေဒနာနဲ့ တဏှာကြားမှာပါ) ပစ္စေကဗုဒ္ဓါ....(ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား)။

အေး....နဒ္ဒမူလိုဏ်တွေ ဘာတွေက လိုရင်း မဟုတ်ပါဘူး.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ကြီးက ဝမ်းထဲမှာ တန်းမနေရဘူးလား (တန်းနေပါတယ်ဘုရား)။

ထုံးစံအတိုင်း ဒီအတိုင်း တန်းနေတဲ့အထဲမှာ ဒီကြားမှာ သူတို့ မဂ်သွင်းကြတယ် ..(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် .... ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်တယ် ဆိုတာ လိုရင်းမဟုတ်ပါဘူး၊ ဝေဒနာနဲ့တဏှာကြားမှာ ဘုရား ဖြစ်တယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်နေရာမှာ ဘုရားဖြစ်ပါလိမ့်....(ဝေဒနာနဲ့ တဏှာကြား မှာပါဘုရား)။

ဗောဓိပင်နဲ့ ရွှေပလ္လင်ဆိုတာ ဗောဓိပင်က ရုပ်တရားကြီးပါ၊ ရွှေပလ္လင်ကလဲ ရုပ်တရားကြီးပါ....(မှန်ပါ့) အဲဒီအပေါ်မှာ ဘုရားဖြစ်တာ လိုရင်းမဟုတ်ပါဘူး၊ မြတ်စွာဘုရား၏ဝမ်းထဲမှာ ပဋိစ္စသမုပ္ပါဒ် အစဉ်ပြတ်သွားတာသည် ဝေဒနာနဲ့ တဏှာ ကြားမှာ ဉာဏ်ဝင်လိုက်ပါတယ်....(မှန်ပါ့)။

သဗ္ဗညုတဉာဏ်ဝင်တဲ့အချိန်မှာ ဘာဖြစ်ပါလိမ့်- (ဘုရားဖြစ် ပါတယ်ဘုရား)။

ဒါဖြင့် ဗောဓိပင်မှာဖြစ်သလား တကာ တကာမတို့ ဝေဒ နာနဲ့ တဏှာ မဆက်မိအောင်လုပ်တဲ့နေရာမှာ ဘုရားဖြစ်သလား (ဝေဒနာနဲ့တဏှာမဆက်မိအောင် လုပ်တဲ့နေရာမှာ ဘုရားဖြစ် ပါတယ်)။

ဒါဖြင့် တကာ တကာမတို့ ဘုန်းကြီးတို့ နေ့တိုင်း ဟောနေတယ်၊ ဝေဒနာကျော်ပြီး အနိစ္စမြင်အောင်ရှု....(မှန်ပါ့)။

သုခဝေဒနာပေါ်လဲ သုခဝေဒနာမရှုနဲ့၊ အနိစ္စလို့ရှု....(မှန်ပါ့) ဒုက္ခဝေဒနာပေါ်လဲ ဒုက္ခဝေဒနာမရှုနဲ့....(အနိစ္စလို့ ရှုရပါမယ်) ဥပေက္ခာဝေဒနာ ပေါ်လာယင်....(အနိစ္စလို့ ရှုရပါမယ်)။

ဒါ့ကြောင့် သတိပဋ္ဌာန် ပါဠိတော်က "သမုဒယဓမ္မာနုပဿီဝါ ဝယ ဓမ္မာနုပဿီဝါ ဝေဒနာသုဝိဟရတိ" ဖြစ်ပျက်သာရှု၊ ဝေဒနာ ရှုမနေနဲ့တဲ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာရှုရမှာတုံး....(ဖြစ်ပျက်ကို ရှုရမှာပါဘုရား)။

ဝေဒနာတော့ ဝေဒနာဘဲ ဝေဒနာကို ရှုမနေနဲ့....(မှန်ပါ့) သူ့ရဲ့အပျက်ကလေးကို မြင်အောင်ကြည့်....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

သူ့ရဲ့အပျက်ကလေးကို မြင်အောင်ကြည့်လိုက်တော့ ရှေ့က **အပျက်**၊ နောက်ကမင်္ဂ ဖြစ်သွားတယ်-(မှန်ပါ့)မင်္ဂဖြစ်သွားတော့ တကာတကာမတွေ့ ဒီနေရာဟာ သောတာပန် တည်နိုင်တဲ့နေရာဘဲ....(မှန်ပါ့) ကိုယ့်ဝမ်းထဲမှာ မင်္ဂပေါ်တာဗျ....(မှန်ပါ့)။

ကိုယ့်ဝမ်းထဲမှာကိုယ်ပေါ်တော့ အိမ်ပေါ်မှာပေါ်လို့ရှိယင် ဒီအိမ်ကြီးဟာ ဗေဒါပင်နဲ့ ရှေ့လွင်လိုဘဲ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ဝမ်းထဲမှာ ဘုရားဖြစ်တာ....(မှန်ပါ့) ဝမ်းထဲမှာ မဂ်ဝင်လာလို့ ဝမ်းထဲမှာ သောတာပန်တည်တာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီတရားသည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် သြော်....ဝိပဿနာရှယင် ဒို့-ဘယ်နေရာမှာ ထိုင်ရှုရမှာလဲဆိုတာ ပေါ်သွားပြီ....(ပေါ်ပါပြီဘုရား) ဘယ်နေရာထိုင်ရှုမလဲ....(ဝေဒနာနဲ့ တဏှာကြားမှာ ရှုရမှာပါဘုရား)။

ဝေဒနာနဲ့ တဏှာကြားမှာ ထိုင်ရှုပါ။ သို့သော်....ဝေဒနာကတော့ မရှိတာ ကောင်းပါဘဲ၊ ဒီကြားထဲမှာ ရှုရမယ်ဆိုတာက ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ တန်းပြတဲ့အခါကျတော့ ဝေဒနာပြီး တဏှာလာလို့ တဏှာနေရာမှာ မဂ်ဝင်အောင်လုပ်ပါ ပြောတာ....(မှန်ပါ့)။

တကာကြွယ်-ကျေနပ်ပလား-(ကျေနပ်ပါပြီဘုရား) အားလုံး တကာတကာမတွေ့ ကျေနပ်ကဲ့လား-(ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာ တကာမတို့ ဒီကဲ့သို့ အခု ဒီနေ့ တိုးပေးလိုက်မှာက ဝေဒနာကို အနိစ္စမြင်အောင် ကြည့်နိုင်လို့ ရှိယင် တကာတကာမတို့ မဂ်ဖိုလ်ဆိုက်နိုင်တယ်....(မှန်ပါ့)။

မဂ်ကျလိုက်သည်နဲ့တပြိုင်နက်တည်း တကာ တကာမတို့....ဒီဇာတိဇရာ မရဏဆိုတဲ့ဥစ္စာ နည်းနည်းကလေး မှတ်လိုက်စမ်း.... အနာဂတ်ဘဝ....(မှန်ပါ့)။

ဇာတိဇရာမရဏဆိုတာ ဘာပါလိမ့်(အနာဂတ်ဘဝပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား) သေပြီးမှ ဖြစ်မှာကိုးဗျ-(မှန်ပါ့)

သေပြီးမှ ဖြစ်မှာဆိုတော့ သူ့ကို ဘယ်ဘဝဆိုကြမလဲ....(အနာဂတ်ဘဝပါဘုရား)။

တဏှာရယ်,ဥပါဒါန်ရယ်,ကံရယ် ဒီ-သုံးခုသည်ကားလို့ဆိုလို့ ရှိယင် ပစ္စပ္ပန်....(မှန်ပါ့)ဒါဖြင့် အနာဂတ်အကြောင်းက သုံးခု (မှန်ပါ့) အနာဂတ်အကျိုးက သုံးခု....(မှန်ပါ့)။

အနာဂတ်အကြောင်းသုံးခုကို ယနေ့ရှင်းပါ တဏှာ,ဥပါဒါန်,ကံ....(မှန်ပါ့)။

ရှေ့တစ်ကြစမ်း တကာတကာမကို အနာဂတ်အကြောင်း ဘယ်သူပါလိမ့်.... (တဏှာ,ဥပါဒါန်,ကံပါဘုရား) ဒါ....အနာဂတ်အကြောင်း၊ အနာဂတ်ဖြစ်ဘို့ရာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

မမေ့စေနဲ့နော်၊ ပဋိစ္စသမုပ္ပါဒ်မဆုံးသေးဘူး တကာတကာမတို့၊ ဆုံးပြီးတော့လဲ ဝိပဿနာဉာဏ်တွေ အများကြီး သွင်းရဦးမှာ....(မှန်ပါ့)။

ဒါ့ကြောင့် နည်းနည်း-နည်းနည်းနဲ့ တကာတကာမတွေ့ခဲ့ပြီးဟောနေတယ်....(မှန်ပါ့) တသံသရာလုံး ဖြတ်လမ်းမတွေ့ခဲ့တာ တကာကြယ် ယနေ့ စ,တွေ့တယ်....(မှန်ပါ့)။

တသံသရာလုံးက ဝေဒနာ,ပစ္စယာ,တဏှာနဲ့ သွားတာဘဲ....(မှန်ပါ့ဘုရား) တဏှာ,ပစ္စယာ,ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ....(ဇာတိ) ဇာတိပစ္စယာ....(ဇရာမရဏာပါဘုရား)။

အဲ.... တသံသရာလုံးကတော့ ဒီလမ်းချည့် ချောင်းချောင်းပြေးနေတာဘဲ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခု ဆရာဘုန်းကြီးက ဘုရားဟောတော်မူသော နည်းကို မှီပြီး ဝေဒနာနဲ့ တဏှာကြား ဘုရားပွင့်တယ်.... (မှန်ပါ့ဘုရား) သောတာပန်ဖြစ်ချင် ဒီကြားဖြစ်...(မှန်ပါ့) သကဒါဂါမ် ဖြစ်ချင်....(ဒီကြားမှာဖြစ်ပါတယ်ဘုရား) အနာဂါမ်ဖြစ်ချင်ယင်.... (ဒီကြားမှာဖြစ်ပါတယ်ဘုရား)။

အဲဒါ အခုမှ အထိုင်ကောင်းမှန်း သိတယ်.... (မှန်ပါ့ဘုရား) တသံသရာလုံး ဒီနေရာမှာထိုင်ပြီးသကာလ နေရမယ်လို့ သိရဲ့လား... (မသိပါဘုရား) ဒီနေရာကနေရှုရမယ်လို့ သိရဲ့လား.... (မသိပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့သည် သံသရာတဆက်တည်းသာ ဆက်နေတယ် မပြတ်ခဲ့ပါဘူး (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တဏှာ,ဥပါဒါန်,ကံတို့သည် ဘာတဲ့ (အနာဂတ်အကြောင်းပါဘုရား) လာလတ္တံ့ဖြစ်တဲ့ ဇာတိ, ဇရာ, မရဏက ဘာပါလိမ့်... (အနာဂတ်အကျိုးပါဘုရား)။

တဏှာ,ဥပါဒါန်ကံရယ်ကဘာတဲ့ (အနာဂတ်အကြောင်းပါ) အဲဒီတော့ နေ့တိုင်း တကာတကာမတွေက တဏှာရယ်, ဥပါဒါန်ရယ်, ကာယကံ,ဝစီကံ,မနောကံတွေရယ် ဆိုတော့ အနာဂတ်အကြောင်း နေ့တိုင်းလုပ်နေတယ်....(မှန်ပါ့)။

ဒါဖြင့် အကြောင်းလုပ်ထားပေါ့ တကာသိုက်တို့-ဦးလှဘူးတို့ အကျိုးပေးမှ ပေးပါ့မလား....(ပေးပါတယ်ဘုရား) အနာဂတ်အကျိုးက ဘာတဲ့....(ဇာတိ,ဇရာ,မရဏပါဘုရား)။

အနာဂတ်အကြောင်းက ဘာတဲ့.... (တဏှာ,ဥပါဒါန်,ကံပါဘုရား) အဲဒီ အနာဂတ်အကြောင်းကို ယခုဘဝက လုပ်ထားတယ်....(မှန်ပါ့) လုပ်ထားတာက ယခုဘဝဘဲ၊ သို့သော်.... အနာဂတ်အတွက်လုပ်တာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

လုပ်နေတုန်းကတော့ ယခုဘဝဘဲ၊ သို့သော်....ဘယ်အတွက် လုပ်တာတုံး.... (အနာဂတ်အတွက်ပါဘုရား) အနာဂတ်မှာ ဇာတိ,ဇရာ,မရဏပေါ်အောင်လို့ လုပ်တာ....(မှန်ပါ့)။

ဒါ့ကြောင့် နေ့တိုင်း ဝိပဿနာကင်းနေတဲ့ပုဂ္ဂိုလ်မှာ တဏှာ, ဥပါဒါန်,ကံတွေချည့် နေ့တိုင်း လုပ်နေတယ်.... (မှန်ပါ့ဘုရား) ဘာအကြောင်းတွေ လုပ်ထားပါလိမ့်.... (အနာဂတ်အကြောင်းတွေ လုပ်ထားပါတယ်ဘုရား)။

ဩော်....ဒီဘဝက စုတေသွားတဲ့အခါကျတော့ နောက်က အနာဂတ်အကျိုး ဒုက္ခသစ္စာသုံးခုရလိုလို့ လုပ်တာ.... (မှန်ပါ့ဘုရား)။

ဘာရအောင်လုပ်ပါလိမ့်.... (အနာဂတ်အကျိုး ဒုက္ခသစ္စာသုံးခု ရအောင် လုပ်တာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒါတွေ ဘယ်ဘဝက လုပ်တာတုံးဆိုတော့ ယခု ပစ္စုပ္ပန်ဘဝက လုပ်တာ....(မှန်ပါ့) ဒါ....ပစ္စုပ္ပန်ဘဝ၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါ.... ဘယ်ဘဝပါလိမ့်.... (ပစ္စုပ္ပန်ဘဝပါဘုရား) ယခုပစ္စုပ္ပန်ဘဝထဲကသုံးခုက(မှန်ပါ့)သို့သော်.... ဘယ်အတွက် လုပ်

ထားတာပါလိမ့်.... (အနာဂတ်အတွက်ပါဘုရား) အနာဂတ်အတွက် လုပ်ထားလို့ အနာဂတ်အကြောင်း ဖြစ်ရတယ်.... (မှန်ပါ့)။

အဲဒီလို အနာဂတ်အကြောင်း ပြည့်စုံပြီးသား ပုဂ္ဂိုလ်ကျလာတော့ အနာဂတ်အကျိုးဖြစ်တဲ့ ဇာတိ,ဇရာ,မရဏ လာမလား-မလာဘူးလား....(လာပါတယ်ဘုရား)။

အခု တကာတကာမတွေ ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ် ဘာများလုပ်နေသတုံးမေးယင် ဖြေတတ်ကြပလား.... (ဖြေတတ်ပါပြီဘုရား) ဘာလုပ်နေသတုံး....(အနာဂတ်အကြောင်းတွေလုပ်နေပါတယ်ဘုရား) အနာဂတ်အကြောင်းတွေဆိုတာ ဘာပါလိမ့်-(တဏှာ, ဥပါဒါန်,ကံ ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အိမ်မှာ အလကားနေတဲ့ တကာတကာမတွေ ရောင်းဝယ်နေတဲ့ပုဂ္ဂိုလ်တွေ ဘာတွေများ လုပ်နေသတုံးလို့ မေးခွန်းထုတ်ယင် ပေါ်ပလား.... (ပေါ်ပါပြီဘုရာ) ဘယ်အကြောင်းတွေ လုပ်နေသတုံး....(အနာဂတ်အကြောင်းတွေလုပ်နေပါတယ်ဘုရား)။

ကြောင်....ဒါမှ သေကြည့်၊ ဒုက္ခရောက်ဘို့ အဆင်သင့် ပြင်ထားတယ်....(မှန်ပါ့)။

ဘာလုပ်ကြတာပါလိမ့်.... (သေယင် ဒုက္ခရောက်ဘို့ အဆင်သင့် ပြင်ထားပါတယ်ဘုရား) သေပြီး ဒုက္ခရောက်ဘို့ အဆင်သင့်ပြင်ထားတာဘဲဆိုတာ သေချာပလား.... (သေချာပါပြီဘုရား) ဉာဏ်ရောက်ပလား....(ရောက်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာအလုပ်သည် 'ဖျပ်'ကနဲ ဒီဝေဒနာတွေ ရှလိုက်သည်နဲ့တပြိုင်နက်တည်း မဂ်ဝင်လာတယ် (မှန်ပါ့)။

မဂ်ဝင်လာတော့ အနာဂတ်အကြောင်းသုံးခုဟာ ဘယ်နှယ်နေသတုံး....(ပြတ်ပါတယ်ဘုရား) အနာဂတ်အကြောင်း သုံးခုပြတ်တော့ အနာဂတ်အကျိုးသုံးခုကော....(ပြတ်ပါတယ်ဘုရား) သူမျှားပြောလား-ညာဏ်မြင်လား....(ညာဏ်မြင်ပါဘုရား) ဒါဖြင့် ဒီအလုပ်မှတပါး ခင်ဗျားတို့ ဒီဘက်ဒုက္ခတွေ ကင်းတဲ့အလုပ် ရှိသေးရဲလား....(မရှိပါဘုရား)။

ဒါဖြင့် ဒီအလုပ်ဘဲ တကာ တကာမတွေ အားကိုးရမယ်.... (မှန်ပါ့) တခြားအားကိုးလို့ ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာဖြစ်ပျက်ကို ဝေဒနာမလာအောင် မဂ်သွင်းလိုက်....(မှန်ပါ့) ဝေဒနာက ဖြစ်ပျက်၊ ရှုတာက....(မဂ်ပါဘုရား)။

မဂ်ဆိုတာသည် တဏှာမပြတ်ဘူးလား .... (ပြတ်ပါတယ် ဘုရား) တဏှာမဖြစ်တော့ ဥပါဒါန်က အလိုလိုသေ....(မှန်ပါ့ ဘုရား) ကံတွေကကော....(သေပါတယ်)နောက်လာမည့်ဇာတိ ဇရာ မရဏတွေ ...(ပြတ်ပါတယ်ဘုရား)။

ဒါ့ကြောင့် တကာ တကာမတွေ.... ဒီဘက်က အနာဂတ် အကြောင်းက သမုဒယသစ္စာသုံးခု အကုန်သေတယ်....(မှန်ပါ့) အနာဂတ်အကျိုးဖြစ်တဲ့ ဒုက္ခသုံးခုကော.... (အကုန်သေပါတယ် ဘုရား)။

ဒါဖြင့် ဝေဒနာရှုတဲ့ပုဂ္ဂိုလ်သည် သမုဒယသစ္စာသေတယ်.... (မှန်ပါ့) ဒါလဲသမုဒယသစ္စာဘဲ၊ ဒါလဲသမုဒယသစ္စာဘဲ၊ ဒါလဲသမုဒယသစ္စာဘဲ....(မှန်ပါ့)။

တဏှာလဲ ဘာသစ္စာတုံး.... (သမုဒယသစ္စာပါ) ဥပါဒါန်ကော....(သမုဒယသစ္စာပါ) ကံကော....(သမုဒယသစ္စာပါ) သမုဒယဆိုတာ အကြောင်း၊ အကြောင်းကြောင့် အကျိုးလာတယ်....(မှန်ပါ့)။

ဒါဖြင့် သမုဒယသစ္စာသုံးခု မသေဘူးလား.... (သေပါတယ်ဘုရား) ဒုက္ခသစ္စာသုံးခုကော....(သေပါတယ်ဘုရား)။

ဒါဖြင့် မဂ်သည် သမုဒယနဲ့ ဒုက္ခကိုပယ်သည်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ်မလုပ်တဲ့ပုဂ္ဂိုလ်များကျကော့ တကာအေးတို့ကဘယ်နှယ်ဆိုမလဲ၊ သမုဒယလဲမပယ်, အနာဂတ်အကြောင်းကောပယ်သေးရဲ့လား....(မပယ်ပါဘုရား)။

မပယ်တော့ ဒုက္ခကော....(မပယ်ပါဘုရား) ကိုယ်တိုင်မတွေ့ရဘူးလား....(တွေ့ရပါတယ်ဘုရား) ဘယ်လောက် ကြာက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဒို့-ဘာကိစ္စရှိသတုံး၊ ဒို့-ကောင်းရောင်း ကောင်းဝယ်ခြင်း လုပ်နေတာဘဲဆိုတော့ ကောင်းသောရောင်းဝယ်ခြင်းက အနာဂတ်အကြောင်း လုပ်နေတာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)

သီလအလိုတော့ မပျက်ပါဘူး၊ ဝိပဿနာအလိုတော့ သေသေချာချာပျက်ဘယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံကလေးကော သဘောကျပလား....(ကျပါပြီဘုရား) မင်္ဂလာလို့ရှိယင် တဏှာ ပစ္စယာ....(ဥပါဒါန်ပါဘုရား)။

ဥပါဒါန ပစ္စယာ....(ဘဝေါ) ဘဝပစ္စယာ....(ဇာတိပါ) ဇာတိပစ္စယာ....(ဇရာ မရဏပါဘုရား) ဒါမင်္ဂလာတဲ့ပုဂ္ဂိုလ်.... (မှန်ပါ့)။

မင်္ဂလာတဲ့ပုဂ္ဂိုလ်ကျတော့ တကာတကာမတို့ စဉ်းစားလိုက်၊ ဝေဒနာရှုတာတယ်ဆိုတော့ဝေဒနာ ရှုရတာလား၊ဝေဒနာချုပ် ရှုရတာလား....(ဝေဒနာချုပ် ရှုရတာပါဘုရား)။

ဝေဒနာချုပ်တာရှုတော့ဝေဒနာကချုပ်တဲ့တရား....(မှန်ပါ့) မကတော့ တဏှာချုပ်အောင် လုပ်နှင့်တဲ့တရား ဆိုယင်တော့ လဲ့ပါ့မလား....(မလဲ့ပါဘုရား)။

ဒါဖြင့် ဝေဒနာနိရောဓာ .... (တဏှာနိရောဓောပါဘုရား) ဒါဖြင့် မင်္ဂလာယင် တဏှာနိရောဓော ဖြစ်တယ်....(မှန်ပါ့)။

ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ဝေဒနာပစ္စာ.... (တဏှာပါဘုရား) တဏှာပစ္စယာ....(ဥပါဒါန်ပါဘုရား) သွားပြီကော (မှန်ပါ့) ချောက်ဆင်းပြီကော....(မှန်ပါ့)။

ဝိပဿနာ လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ရှတ်လိုက်စမ်း ဝေဒနာ နိရောဓာ....(တဏှာနိရောဓောပါဘုရား) ဝေဒနာနိရောဓာကို မြင်အောင်ရှုလိုက်တော့ ဒီက မင်္ဂလာဘူးလား....(ဝင်္ကပါတယ်ဘုရား) တဏှာလာသေးရဲ့လား....(မလာပါဘုရား) လာလို့ကို ရသေးရဲ့လား....(မရပါဘုရား)။

ဒါဖြင့် ရှုတဲ့ပုဂ္ဂိုလ်မှာ ပဋိစ္စသမုပ္ပါဒ်ပြတ်၍ မရှုတဲ့ပုဂ္ဂိုလ်မှာ ဆက်၏....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ.... (ပဋိစ္စသမုပ္ပါဒ် ပြတ်ပါဘယ်ဘုရား) ပြတ်တဲ့ပါဠိတော်ကလေး သွင်းလိုက်စမ်းပါ။ ဝေဒနာရှုတော့ ဝေဒနာရှုရတာလား-ဝေဒနာချုပ်တာရှုရတာလား....(ဝေဒနာချုပ်တာ ရှုရတာပါဘုရား)။

ဒါဖြင့် ရွတ်လိုက်- ဝေဒနာနိရောဓော....(တဏှာနိရောဓောပါဘုရား) တဏှာနိရောဓောဆိုတာက မဂ်ပေါ်တာ.... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဝေဒနာနိရောဓော.... (တဏှာနိရောဓောပါဘုရား) တဏှာနိရောဓောဆိုတာက တာကာသုံက်ရေ .... ရမ်းရွတ်လို့ မရဘူး၊ လာကိုလာသေးရဲ့လား....(မလာပါဘုရား)။

သူ့နေရာ ဘယ်သူရောက်လာသတုံး.... (မဂ်ရောက်ပါတယ်) အဲ့....မဂ်ရောက်ခြင်းကြောင့် မဂ်ကို တဏှာနိရောဓောလို့မှတ်.... (မှန်ပါ့)။

တဏှာလာပြီး ချုပ်သွားတယ်လို့ မမှတ်လိုက်ပါနဲ့....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရွတ်ကြစမ်း....ဝိပဿနာရှုတဲ့ပုဂ္ဂိုလ် ဘယ့်နှယ် ဆိုကြမယ်....(ဝေဒနာနိရောဓော တဏှာနိရောဓောပါဘုရား) အဲဒါ ဘယ်လိုပုဂ္ဂိုလ်ဆိုတာပါလိမ့်.... (ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ပါဘုရား) ဝေဒနာရှုနေတဲ့ပုဂ္ဂိုလ်, ဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ.... (မှန်ပါ့)။

ကိုင်း... ဝိပဿနာကလေးတော့ ဒီနေ့မလုပ်သေးဘူးဟေ့.... ညမှာ အေးအေးဆေးဆေး လုပ်မယ်ဆိုတော့ နေ့လည်က လူတို့က ထုံးစံအတိုင်း လုပ်ငန်းဆောင်တာတွေ လုပ်နေတဲ့ပုဂ္ဂိုလ်ကျတော့ ရွတ်.... (ဝေဒနာပစ္စယာ တဏ္ဍာပါဘုရား) တဏ္ဍာပစ္စယာ....(ဥပါဒါနံ) ဥပါဒါနပစ္စယာ....(ကမ္မဘဝေါ)။

အဲဒီကျအောင်သွားတယ်....(မှန်ပါ့) သေတော့ ဟိုဟာကံအနာဂတ်ဘဝမို့ ဇာတိ ဇရာ မရဏဖြစ်မှာ....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ ဝိပဿနာ မလုပ်လို့ရှိယင်ဖြင့် ဝေဒနာပစ္စယာ....(တဏ္ဍာ) တဏ္ဍာပစ္စယာ ...(ဥပါဒါနံ) ဥပါဒါနပစ္စယာ....(ကမ္မဘဝေါ) ဘဝေါ-ဆိုတဲ့ ကမ္မဘဝေါ မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား) ဒါဖြင့် ကံတွေ အကုန်စုထားတာကိုး....(မှန်ပါ့)။

ဒါဖြင့် လုပ်တာ.... တဲ့၊ မလုပ်တာသည် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်....(မှန်ပါ့) မလုပ်တော့.... (ဆက်ပါတယ်) ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အချိန်က စေ့သွားတယ် တကာ တကာမတို့.... ပြောစရာ, ဟောစရာတွေကတော့ မနည်းဘူးပေါ့ဗျာ....။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု ...

ကျေးဇူးတော်ရှင်· မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ပဋိစ္စသမုပ္ပါဒ်အဝိုင်း စကရဟတ်လည်ပုံ

နွေ-အလုပ်ပေးတရားတော်

၁၃၂၁-ခု ဒုတိယဝါဆိုလဆုတ် (၁၁)ရက်

တကာတကာမတွေ ရှေးဦးစွာ ခင်ဗျားတို့လာတဲ့ လမ်းခရီးကြီးကို ဘယ်လိုမျှား နောက်တုန်းက ကြုံခဲ့- ဆုံခဲ့ပြီး သကာလ.... နေခဲ့ရတယ်ဆိုတာကို သတိထားပြီးသကာလ နားထောင်ပါဦး။

အခုလာခဲ့ရတဲ့ တဘဝက တဘဝ ကူးပြီးသကာလ.... လာခဲ့ရတာ သေတာပြီးတော့ ပဋိသန္ဓေ၊ ပဋိသန္ဓေပြီးတော့ အို၊ အို ရာက နာ၊ နာရာက သေ၊ သေရာကနေပြီး သကာလ... ပဋိသန္ဓေ ပြန်နေရ၊ အဲဒီကဲ့သို့ နေရတဲ့ဥစ္စာကို ဒီလို ဆက်လက်ပြီးသကာလ သွားတာကို သံသရာလို့ ခေါ်သည်လို့ မှတ်ဆားကျပါ...(မှန်ပါ့ဘုရား)။

စုတိပြီး ပဋိသန္ဓေမလာဘူးလား... (လာပါတယ်) ပဋိသန္ဓေပြီးတော့ ဘာလာပါလိမ့်၊ အိုတာလာပါတယ်...(မှန်ပါ့)။

အိုတာလာပြီး ဘာလာပါလိမ့် .... (နာတာလာပါတယ်) နာတာလာပြီးတော့....(သေတာလာပါတယ်) သေတာလာပြီး

သကာလ မဂ်ဖိုလ်မရသေးယင် ဘာလာပါလိမ့် .... (ပဋိသန္ဓေလာပါတယ်) ပဋိသန္ဓေလာတယ်ဆိုတာ အထင်အရှားပေါ့ဗျာ-(မှန်ပါ့)။

အဲဒီလို ဆက်လက်ပြီးသကာလ သွားနေတာကို သံသရာကြီးလို့ခေါ်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီကဲ့သို့ သံသရာကြီးထဲမှာ သွားလာနေတော့ကို.... အန္ဓရာယ်ကင်း, ဘေးကင်းလား....လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် ခဏခဏ သေပဲ့ဝင်ပြီးသကာလ.... နေခဲ့ရတာတွေကလဲ အထင်အရှားဖြစ်နေတယ်နော်....(မှန်ပါ့)။

အဲဒီလို ဖသေပဲ့ဝင်ရတဲ့ဥစ္စာကလဲ သံသရာဆိုတဲ့ ဥစ္စာသည် အားလုံး တကာ တကာမတွေ့ မှတ်စရာက ရေပင်လယ်ကြီးနဲ့တူတာကို သံသရာလို့ခေါ်တယ်....(မှန်ပါ့)။

ရေပင်လယ်ကြီးနဲ့တူတာ ဘာခေါ်ကြမယ်....(သံသရာခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘက်က ရေပင်လယ်မှတ်လိုက်တာပေါ့....(မှန်ပါ့) အဲဒီရေပင်လယ်တည်းဟူသော သံသရာကြီးထဲမှာ ဝဲ-ဆိုတာလဲ ရှိသေးတယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

ဒီဘက်က ၁-နံပါတ်က သံသရာကြီး, လည်ပတ်နေရတဲ့ သံသရာကြီး၊ စုတိပဋိသန္ဓေ ခဏခဏပြောင်းနေရတဲ့ သံသရာကြီး၊ စုတိပဋိသန္ဓေ အို, နာ, သေ, ဒီလိုသွားနေရတာကြီးက သံသရာရေပြင်ကြီးလို့ မှတ်လိုက်ဘာဖေပါ့....(မှန်ပါ့)။

အဲဒီ သံသရာရေပြင်ကြီးထဲမှာ ဘာရှိပါလိမ့်မတုံး.... မေးလို့ ရှိယင် ရေပြင်ရှိယင် ဝဲသြဿရှိရတော့မယ်....(မှန်ပါ့)ဒီဘက်က ဝဲသြဿလို့ မှတ်တာပေါ့။ ဒီဘက်က သံသရာရေပြင်။

၁-နံပါတ်က ဘာပါလိမ့်....(သံသရာရေပြင်ပါဘုရား)။

၂-နံပါတ်က....(ဝဲသြဿပါဘုရား)။

ဝဲသြဿ-ရှိလို့ ရှိယင်ဖြင့် ဝဲသြဿ- ဆိုတာ ရေတွေ ဖြစ်လေသောကြောင့် ရေထဲမှာ ငါးလိပ်မကန်းတွေ ရှိလိမ့်မယ်ဆိုတာလဲ တကာတကာမတွေ အထင်အရှားပေါ့ဗျာ....(မှန်ပါ့)။

ဒီဘက်က ငါးလိပ်မကာန်းတွေလို့ မှတ်လိုက်တာပေါ့ဗျာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

၁-နံပါတ်က ရေပြင်သံသရာကြီး၊ ၂-နံပါတ်က ဝဲသြဿကြီး၊ ၃-နံပါတ်က ငါးလိပ်မကာရိုးတွေ၊ ၄-နံပါတ်သည်ကား....လို့ ဆိုယင် တကာ တကာမတွေ လိုင်းထမ်းပိုးတွေလို့ မှတ်ထားစမ်းပါ....(မှန်ပါ့)။

ဒါ...ရေပြင်ကြီး၏အင်္ဂါတွေဘဲ၊ ရေပြင်ကြီး ရှိလို့ ရှိယင်ဖြင့် အခုပြောခဲ့တဲ့ နောက်ကသုံးမျိုးဟာ ရှိမြဲမမှတာဘဲဆိုတာ မှတ်ရမယ်နော်....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် လူ,နတ်,ဗြဟ္မာ,သတ္တဝါတည်းဟူသော ခန္ဓာကိုယ်တွေဆက်နေတဲ့ သံသရာကြီးထဲမှာ လျှောက်ပြီးသကာလ လာတဲ့ အခါ ကျလို့ ရှိယင်ဖြင့် လေ့,သဘော်ဝတွေနဲ့တူတဲ့ ခန္ဓာကိုယ်တွေဟာ သံသရာရေပြင်ကြီး လျှောက်လာတယ်ဆိုလို့ ရှိယင်ဖြင့် ဒီဘက်က ဝဲသြဿဆိုတာနဲ့တော့ဖြင့် တွေ့မှာဘဲ....(မှန်ပါ့)။

ဝဲသြဃနဲ့တွေ့လို့ ရှိယင်တကာတကာမတို့သည်ကားလို့ ဆိုလို့ ရှိယင် ဝဲထဲမှာ လှုပ်ကာ-မြုပ်ကာ မသွားရပေဘူးလား....(သွားရပါတယ်ဘုရား)။

ထိုကဲ့သို့ မြုပ်သွားတဲ့အခါကျတော့ ငါး,လိပ်,မကာရ်းတို့ အစာတွေက မဖြစ်ရပေဘူးလား....(ဖြစ်ရပါတယ်ဘုရား)။

ဒီ-ငါး,လိပ်,မကာရ်းတွေ အစာတွေကလဲ ဘယ်နှယ်ကြောင့် ဖြစ်ရပါလိမ့်မလဲလို့ မေးလို့ ရှိယင်ဖြင့် တကာတကာမတို့ လှိုင်းလုံးကြီးတွေက ဖိစီးနှိပ်စက်လာပြီဆိုမှဖြင့် ခုနင်က ဝဲတွေကလဲ ပြင်းထန်၊ ဝဲတွေက ပြင်းထန်ပြီး သံသရာ့ခရီးသည်ကို စုပ်ယူသွားတဲ့အခါကျလို့ ရှိယင်ဖြင့် ငါး,လိပ်,မကန်းတို့၏အစာ မဖြစ်ရပေဘူးလား.... (ဖြစ်ရပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ သံသရာ့ခရီးသည်ဖြစ်ရတာသည် ဒီဘဝ ၁-နှံပါတ်သံသရာရေပြင်ထဲ လျှောက်ပြေးနေရတဲ့ပုဂ္ဂိုလ်သည် ဝဲသြဃလဲ တွေ့မှာဘဲ.... (တွေ့မှာပါဘုရား) လှိုင်းတံပိုးနဲ့ကော.... (တွေ့မှာပါဘုရား) ငါး,လိပ်,မကန်းတို့၏အစာကော....(ဖြစ်ရမှာပါဘုရား)။

ဒါဖြင့် ဘယ်ဘဝ ရောက်ရောက် ဒီအတိုင်း တွေ့ရမှာဘဲ (မှန်ပါ့) ဒါ့ကြောင့် တကာတကာမတို့ ဒီဘဝ,လူဘဝ,နတ်ဘဝဆိုတာကြီးက သံသရာကျင်လည်နေတဲ့ ခန္ဓာအာယတနဓာတ်တို့၏ မပြတ်ကျင်လည်ရာ သံသရာဆိုတာ မှတ်မိကြပလား.... (မှတ်မိပါပြီဘုရား)။

အဲဒီ သံသရာထဲမှာနေတဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုယင် မရဏဆိုတဲ့ ဝဲတော့ဖြင့် လူတိုင်း အစုတ်ခံရမှာဘဲ....(မှန်ပါ့) ဝဲစုတ်ပြီဆိုမှဖြင့် ဒီပုဂ္ဂိုလ်ပါသွားလို့ ရှိယင်ဖြင့် ၉၆-ပါးတည်း ဟူသောရောဂါဝေဒနာတွေနဲ့တူတဲ့ ငါး,လိပ်,မကာရ်းတို့၏အစာ မဖြစ်ရပေဘူးလား....(ဖြစ်ရပါတယ်ဘုရား)။

အစာဖြစ်ရတဲ့အခါကျလို့ ရှိယင်ဖြင့် လှိုင်းတံပိုး တွေကလဲများတဲ့အထဲရောက်ရတော့ အစာဖြစ်ရငြားသော်လဲ အသေကောင် ဖြစ်ရငြားသော်လဲ လှိုင်းတံပိုးစီမံသလိုခံပြီး ငါးဆွဲသလိုခံရလိမ့်ဦးမယ်ဆိုတဲ့ အဓိပ္ပါယ်ကလဲ ရှင်းနေပြီ.... (ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒို့သံသရာ့ခရီးသည် သံသရာ ရေပြင်ကြီး လျှောက်ပြီးသကာလ စုတိ ပဋိသန္ဓေတွေနဲ့ လာခဲ့ရတာသည် ဒို့....ဘယ်များ ရောက်ပါလိမ့်မတုံး....လို့ မေးတော့ သံသရာ့ခရီးသည် လှေ,သင်္ဘောနဲ့တူတဲ့ ပုဂ္ဂိုလ်သည် မရဏဆိုတဲ့ ဝဲထဲမှာ အစုပ်ခံရတာချည့်ဘဲ....(မှန်ပါ့)။

အစုပ်ခံရလို့ ရှိယင် ငါး,လိပ်,မကာရ်းတို့၏ အစာကော....(ဖြစ်ရမှာပါဘုရား) လှိုင်းတံပိုးတွေက ငါး,လိပ်,မကာရ်း တို့၏ အစာဖြစ်တဲ့ သတ္တဝါကြီးကို ဟိုလိမ့်-ဒီလိမ့် ဖြစ်အောင်ကော မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ငါတို့ နောက်တုန်းက နေခဲ့ရတာသည် သံသရာ့ခရီးဟာ ဘယ်လိုနေခဲ့ရတယ်ဆိုတာ ယနေ့ ပေါ်သွားပြီ.... (ပေါ်သွားပါပြီဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

သံသရာ့ခရီးသည် လမ်းလျှောက်လာခဲ့ရတာ ယခု တကာတကာမတွေသည် သံသရာ့ခရီးသည်ဖြစ်ပြီးသကာလ နေသောကြောင့် ဘယ်မျှား သွားကြမှာပါလိမ့်မတုံးလို့ မေးလို့ရှိယင် ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ မဂ်ဖိုလ် မရသေးယင် ဝဲစုပ်ခံရမယ်....(မှန်ပါ့) မရဏဝဲစုပ်မခံရပေဘူးလား.... (ခံရပါတယ်ဘုရား)။

မရဏဝဲစုပ်တာခံချင်လို့ ခံရတာလား....လို့ မေးတဲ့အခါကျတော့ မရဏဝဲစုပ်ကို ခံရတဲ့ပုဂ္ဂိုလ်ဟူသမျှမှာ ငါး,လိပ်,မကန်းတို့၏အစာ ၉၆-ပါးသော ရောဂါဝေဒနာတို့၏ စားဖတ်,ဝါးဖတ်ကော မဖြစ်ရပေဘူးလား....(ဖြစ်ရပါတယ်ဘုရား)။

ထိုကဲ့သို့ ဘယ်နှယ်ကြောင့် ဖြစ်ရပါလိမ့်မတုံးဆိုတော့ လို့ငြားတံပိုးတွေက ကြီးကျယ်သောကြောင့် ကိုယ်ကလဲ ကုန်ဘို့,ခပ်ဘို့အရေးက အလွန်ကို ခဲယဉ်းနေသောကြောင့် ငါး,လိပ်,မကန်းတို့သာ ကျက်စားတဲ့နေရာ ကျင်လည်နိုင်တဲ့နေရာ သူတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် လို့ငြားတံပိုး မကြောက်တဲ့ပုဂ္ဂိုလ် ဖြစ်လေသောကြောင့် လို့ငြားတံပိုးကလဲ ခန္ဓာကိုယ်ကြီးကို လှုပ်ကာလှုပ်ကာဖြစ်အောင် ၉၆-ပါး ရောဂါဝေဒနာတွေက နှိပ်စက်စားကြ, သောက်ကြပြီးသကာလ ဝဲထဲ မြုပ်ရတယ်.... (မှန်ပါ့) သဘာကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဇာတ်ဟာ ကျုပ်တို့ခန္ဓာ အာယတနဓာတ်တို့နဲ့ မပြတ်လည်ပြီး ပဋိသန္ဓေနေပြီး အိုလိုက်-နာလိုက်-သေလိုက်-ပဋိသန္ဓေနေလိုက်- အိုလိုက်-နာလိုက်- သေလိုက်

ဒီသံသရာထဲလျှောက်နေရတာသည်ဒီဝဲစာငါး, လိပ်, မကာရ်းတို့၏ အစာ ဒီ-လှိုင်းတံပိုးတို့၏ စီမံသလိုခံရဘို့အခါ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် နောက်တုန်းက နေခဲ့တဲ့အခြင်းအရာ အာကာရတွေ သိပါပလား....(သိပါပြီဘုရား)။

ဒါဖြင့် ဒီသံသရာမပြတ်သရွ့်ကာလပတ်လုံး ဒီဝဲနဲ့ သေပဲ့ဝင်ရမယ်....(မှန်ပါ့!) ဒီ-ငါး, လိပ်, မကာရ်းတို့၏အစာ ဖြစ်ရမယ်.... (ဖြစ်ရပါမယ်ဘုရား)။

ဒီ-လှိုင်းတံပိုးတို့၏ လှုံ့မှသလိုခံရလိမ့်မယ်-(ခံရမှာပါဘုရား) မခံရပေဘူးလား....(ခံရပါတယ်ဘုရား)။

ဒါဖြင့် တကာဗာကာမတို့ သံသရာစခန်းသတ်တဲ့အလုပ်ကို လုပ်ပါတော့ဆိုတာ ဘုန်းကြီးများက တိုက်တွန်းတယ်....(မှန်ပါ့ဘုရား)။

မလုပ်တော့ပါဘူးဆိုလို့ရှိယင် သံသရာခရီးသည် ဖြစ်လို့ရှိယင် ဒီဝဲရယ်, ဒီငါး, လိပ်, မကာရ်းတို့၏အစာရယ် ဒီလှိုင်းတံပိုးတို့၏ ဖိနှိပ်မှုအလုပ်ကို သေသေချာချာ ခံရလိမ့်မယ်ဆိုတာဖြင့် မြေကြီးလက်ခတ်မလွဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

နောက်ထပ် ဒီလိုဘဲ သံသရာလည်ချင်သေးလို့ရှိယင် သံသရာထဲ ခရီးလျှောက်ချင်သေးလို့ ရှိယင်ဖြင့် သံသရာ ရေပြင်မှာ သင်္ဘောဆိုတဲ့ခန္ဓာ နောက်ထပ် ဒီလို သံသရာလည်ချင်သေးလို့ ရှိယင် သံသရာထဲ ခရီးလျှောက်ချင်သေးလို့ ရှိယင်ဖြင့် သံသရာ

ရေပြင်မှာ သဘော်ဆိုတဲ့ ခန္ဓာကိုယ်ကြီးနဲ့ လှုပ်ချင်သေးလို့ ရှိယင်ဖြင့် ဒီဝဲလဲ လှုတ်မှာမဟုတ်ဘူး....(မှန်ပါ့)။

ဒီ- ငါး,လိပ်,မကန်းတို့၏ အစာကော.... (မလှုတ်ပါဘုရား)

ဒီ-လိုင်း,လေတို့၏ ဖိနှိပ်မှုကော... (မလှုတ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ နောက်တုန်းက နေခဲ့တာ အနေကောင်း,အနေဆိုးတို့တွင် သေသေချာချာ ယခု ဉာဏ်မျက်စိနဲ့ ကြည့်ပြီး ဆရာဘုန်းကြီးက ခေါင်းဆောင်ပြသဖြင့် ဒို့ နောက်တုန်းက နေခဲ့ရတဲ့အနေဟာဖြင့် အနေဆိုး,အသေဆိုးပါလား-(မှန်ပါ့)။

သံသရာ ဒီရေပြင်ကြီးထဲမှာလဲ ခန္ဓာကိုယ်ရှက် သဘော်ကြီးနဲ့ မောင်းနေရတယ်....(မှန်ပါ့) ဝဲတော့ကလဲ သမုဒ္ဒရာသံသရာရှိလေ သောကြောင့် ဝဲကလဲ စုပ်မှာဘဲ....(မှန်ပါ့) မစုပ်ပေဘူးလား-(စုပ်ပါတယ်ဘုရား) ပင်လယ်မဟာသမုဒ္ဒရာစပ်ဆိုတာ ယူဇနာ မျှားမှာကြီးတယ်....(မှန်ပါ့)။

အဲဒီဝဲထဲရောက်သွားလို့ ရှိယင် ပင်လယ်ငါးတွေ၏ စားဖတ် ဝါးဖတ်ကော....(ဖြစ်ရမှာပါဘုရား)။

စားတဲ့ ဝါးတဲ့အခါမှာ အေးအေးသာသာ ခံရသလား-လှုးလှုံ့မ်ပြီးသကာလ လိုင်း၏အရှိန်အတိုင်း ခံနေရသလား.... (လိုင်း၏အရှိန်အတိုင်း ခံနေရပါတယ်ဘုရား)။

လိုင်း၏ အရှိန်အတိုင်း ခံပြီးသကာလ နေရသောကြောင့် တော်ပြီ-တန်ပြီဆိုတဲ့စိတ် ယနေ့ မေ့းကြပါ....(မှန်ပါ့)။

ဘယ်လိုမေ့းရမယ်.... (တော်ပြီ-တန်ပြီဆိုတဲ့စိတ် မေ့းရပါမယ် ဘုရား) တော်ပြီ-တန်ပြီ ဒီလမ်းဖြင့် မလျှောက်တော့ပါဘူး၊ သံသရာ ဖြတ်ပါတော့မယ်ဆိုတဲ့စိတ် မေ့းကြပါဆိုတာ အထူး တိုက်တွန်းပါတယ်....(မှန်ပါဘုရား)။

အားလုံးတကာတကာမတွေ့ သံသရာ ဘာလုပ်ဘို့ သင့်ပါ လိမ့်.... (ဖြတ်ဘို့ သင့်ပါတယ်ဘုရား) ဖြတ်ဘို့ သင့်တယ်ဆိုတာ သီလရှင်တွေဘက်ကကော ကျေနပ်လား.... (ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် သံသရာဖြတ်ချင်လို့ရှိယင် သံသရာဖြတ်ဆိုတဲ့ တရား သည် မဂ်ရမှ ပြတ်တယ်....(မှန်ပါ့)။

သံသရာဖြတ်ဆိုတဲ့တရားသည် ဘာရမှ ပြတ်ပါလိမ့်....(မဂ်ရမှ ပြတ်ပါတယ်ဘုရား) မဂ်မရလို့ရှိယင်....(မပြတ်ပါဘုရား)။

မဂ်ဆိုတာသည် သစ္စာသိမှ မဂ်ဖြစ်တယ် .... (မှန်ပါ့) သစ္စာမသိယင်....(မဂ်မဖြစ်ပါဘုရား)။

ကောင်းပြီ....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ သစ္စာ သိအောင် ပဋိစ္စသမုပ္ပါဒ် ပြကြစို့....(မှန်ပါ့)။

ဘကာ တကာမတွေ့ နေ့တိုင်း နာပြီးသကာလ နေရတဲ့ အတွက် ဒီဘက်က နှစ်ခုချထားတယ်၊ တကာတကာမတွေ့ မြင် ရတဲ့ ပုဂ္ဂိုလ်လဲ မြင်ရပါလိမ့်မယ်၊ နောက်တော့ ကြီးကြီးပြမယ် ယခုတော့ ခပ်သေးသေးဖြစ်နေသေးတယ်....(မှန်ပါ့) ဒီနှစ်ခုက ဘာပါလိမ့် မနေ့က ပြခဲ့တယ်....(ဇရာမရဏပါဘုရား)မြန်မာလို ပြန်တော့ အိုမှုနဲ့သေမှု....(မှန်ပါ့)။

တကာတကာမတွေ့ ယခုတကာတကာမတွေ့မှာ အတွင်းမှာ ဒီနှစ်ခုရှိပါသလားလို့ မေးလိုက်တယ်....(ရှိပါတယ်ဘုရား)။

ဩဿ်....ဒါဖြင့် အိုမှုလဲရှိတယ်နော်....(မှန်ပါ့) သေမှုကော (ရှိပါတယ်ဘုရား) ဘယ်မှာ ရှိပါလိမ့် တကာ တကာမတို့....(ခန္ဓာထဲမှာရှိပါတယ်ဘုရား)။

သေသေချာချာမှတ်ပါ၊ ဘယ်မှာရှိပါလိမ့်.... (ခန္ဓာထဲမှာ ရှိပါတယ်ဘုရား) ဟုတ်တယ် တကာသိုက်တို့-ဦးလှဘူးတို့ ခန္ဓာထဲမှာ ရှိတယ်ဆိုတာ ဟုတ်တယ်...(မှန်ပါ့)။

ဒါကြောင့် မနေ့က ပြောခဲ့ရတယ်၊ တနေ့ကလဲ ပြောခဲ့ရတယ်၊ ခန္ဓာထဲမှာ တေဇောဆိုတဲ့အပူခြာတ်ကလေး မရှိဘူးလား (ရှိပါတယ်ဘုရား)။

အပူဓာတ်သည် တကာ တကာမတို့ သူနဲ့ စပ်နေတာတွေ့ အကုန်လောင်ကျွမ်းအောင်တော့ လုပ်မှာဘဲ့....(မှန်ပါ့)။

ဒါဖြင့် လောင်ကျွမ်းလို့ ရှိယင်ဖြင့် အယင်မှုတွေ့ ပျောက်ရမှာဘဲ့....(မှန်ပါ့) နောက်မှုသစ်ပေါ်ရမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါကြောင့် တေဇောသည် ဝမ်းထဲမှာ ရှိတဲ့ မီးဓာတ်သည် တကာတကာမတို့ နဂိုရိုမပျောက်အောင်, ပျို့တဲ့ အမှုအရာတွေ့ ပျောက် အိုတဲ့အမှုအရာတွေ့ ပေါ်အောင် လုပ်သောကြောင့် ဇရာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဇရာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဇရာကို လက်သည် ကောက်ခဲ့သည်ရှိသော် တေဇောကို ကောက်ပါ-(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဇရာ လက်သည်ကောက်သော်....(တဖော်ကောက်ရပါမယ် ဘုရား) တဖော်ဆိုတဲ့ မီးခတ်ကို ကောက်ရတယ်.... (မှန်ပါ့ ဘုရား)။

ဦးလှဘူးတို့ လူမျိုတုန်းက ရုပ်ကလာပ်တွေ ရှိသေးရဲ့လား.... (မရှိပါဘုရား) တကာသိုက်တို့ကော....(မရှိပါဘုရား) အားလုံး တကာတကာမတွေ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဘယ်သူလောင်လို့ ဒါလောက်တောင် ညှိုးနွမ်းလာပါလိမ့် မလဲဆိုတဲ့ မေးခွန်းထုတ်ကြည့်စမ်းပါ.... (ဖတဖော်လောင်လို့ပါ ဘုရား)။

ဒါဖြင့် အိုအောင်လုပ်တဲ့ တရား ဝမ်းထဲမှာ ရှိနေတယ်.... (မှန်ပါ့) တဲ့လို့ခဲ့လို့ ရပါ့ရဲ့လား....(မရပါဘုရား) ခန္ဓာမရှိယင် တော့ ရမှာဘဲ၊ ခန္ဓာရှိနေယင်.....(မရပါဘုရား) ခန္ဓာမရှိယင် တော့ ရမှာဘဲ၊ ခန္ဓာရှိနေယင်....(မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာရှိနေတယ်၊ ဘာခန္ဓာ ဖြစ်ရ ပါလို့၏ဆိုယင်ဖြင့်တဖော် အလောင်ခံရပါလို့၏ (ဝါ) အိုရပါ လို့၏ပါသွားတယ် ခန္ဓာထဲ အိုတတ်တဲ့တရား ရှိတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အယင်တော့ တကာတကာမတွေက သိပါရဲ့၊ ကျုပ်တော့ အိုပြီ....အိုပြီလို့ ဘယ်သူလုပ်လို့ အိုတယ်ဆိုတဲ့ လက်သည် မရှာ တတ်ဘူး.... (မှန်ပါ့) အခုတော့ လက်သည် တွေ့ပါပလား.... (တွေ့ပါပြီဘုရား) ဘာပါလိမ့် တကာတကာမတို့.... (တဖော် ပါဘုရား)။

အဲဒီတော့ တေဇောသည် တကာတကာမတို့ကို အိုအောင် လုပ်နေတာ ဘယ်အချိန်ကာလကပါလိမ့်မတုံး....လို့ မေးခွန်း ထုတ်လို့ ရှိယင် အချိန်တိုင်းဘဲဘုရား....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်အချိန်ပါလိမ့်.... (အချိန်တိုင်းပါဘုရား) အချိန်တိုင်း လုပ်နေတယ်ဆိုဘာ တကာတကာမတွေ ငြင်းဆန်ဘို့ လိုသေး သလား....(မလိုပါဘုရား)။

ဩဿ်....ဒါဖြင့် ဘာဘဝရရ သူပါမှာဘဲ-(ပါမှာပါဘုရား) ဘာဘဝရရ နောက်က တကာ တကာမတွေ .... (ပါမှာပါ ဘုရား)။

ဒါဖြင့် တကာတကာမတွေ ဘယ်ဘဝ ကောင်းပါ့မလဲ ဆိုတာမျှား မစဉ်းစားနဲ့....(မှန်ပါ့) ဘယ်ဘဝ ကောင်းပါ့မလဲ ဆိုစာ ဘယ့်နှယ်တုံး....(မစဉ်းစားနဲ့ပါဘုရား)။

အယင်တုန်းက မသိလို့ စဉ်းစားကြတယ်၊ အင်း.... လူ့ဘဝ ထက် နတ်ဘဝ ကောင်းမလား၊ နတ်ဘဝထက် ဗြဟ္မာ့ဘဝ ကောင်းမလားဆိုပြီးသကာလ ဦးလှဘူးတို့ စဉ်းစားခဲ့ကြတယ်.... (စဉ်းစားပါတယ်ဘုရား)။

အဲဒီ တေဇော လောင်မှုကို မသိသေးခင်တုန်းကတော့ဖြင့် ဒါဟာ လူ့ထက် နတ်တော်တယ်၊ နတ်ထက် ဗြဟ္မာတော်တယ် ဆိုတာ စဉ်းစားချင်လဲ စဉ်းစားကြမှာဘဲ....(မှန်ပါ့)။

သို့သော်....ယခုအချိန်မှာဖြင့် ဇီရဏတေဇောဆိုတဲ့ရင့်အောင် လုပ်တဲ့တေဇောကို တကာတကာမတွေ ကျကျနန သိတဲ့အတွက်

ဘယ်ဘဝရောက်ရောက်အိုအောင်လုပ်မှာပါတာချည့်ဘဲ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်ဘဝရောက်ရောက် အိုအောင် လုပ်မည့် တေဇောဟာ ဘယ်နှယ်တုံး....(ပါတာချည့်ပါဘုရား) ပါတာချည့်ဘဲ၊ ရုပ်မှာလဲ ပါတာဘဲ၊ နာမ်မှာလဲ ပါတာဘဲလို့ ဆုံးဖြတ်ချက် ချလိုက်ပါတော့....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ အိုအောင်တင် လုပ်သလားဆိုတော့ သေအောင်လဲ တေဇောဘဲ(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မယုံယင် လူတစ်စုံမ်းကြည့်ယင် တကာတကာမတို့ အေးသွားပြီဆိုပါတော့ အပူတေဇောမရှိတာနဲ့ အပူတေဇောက ကဲ့....မင်းတို့ကိုဖြင့် ဒီတခါ နောက်ဆုံးပိတ် လောင်ခြင်းလောင်ပြီးသကာလ ပေးလိုက်မယ် ဆိုတော့ တေဇောလဲ သူ့သတ္တိသူ့ရုပ်သိမ်းပါရော တကာ တကာမတွေလဲ အလောင်းပြင်ရတယ်(မှန်ပါ့) မပြင်ရဘူးလား....(ပြင်ရပါတယ်ဘုရား)။

အဲဒါတွေ့ ဘယ်သူပါလိမ့်မတုံးလို့ မေးတော့ သတ်တာလဲ တေဇောဘဲ၊ အိုအောင်လုပ်တာလဲ.... (တေဇောပါဘဲဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အိုသေဆိုတဲ့နှစ်ခုသည်ကားလို့ ဆိုလို့ရှိယင် တကာ တကာမတို့ ခန္ဓာကိုယ်ကြီး ရတဲ့ ပုဂ္ဂိုလ် တေဇောခေတ် ပါသည်ဖြစ်လေသောကြောင့် ဒီ-တေဇောသည်ကားလို့ ဆိုယင် ခင်ဗျားတို့ ရန်သူအကြီးဆုံးဘဲဆိုတာ မှတ်ချက်ချပါ....(မှန်ပါ့)။

တဇော်ဟာ ဘာပါလိမ့်.... (ရန်သူ အကြီးဆုံးပါဘုရား) တဇောမပါဘဲနဲ့လဲ တကာတကာမတွေ နေလို့ မဖြစ်ဘူး.... (မှန်ပါ့)။

ရှိပြန်တော့လဲ အိုအောင်· သေအောင် လုပ်ပြန်တယ်.... (မှန်ပါ့) မရှိပြန်တော့လဲ သုသာန်ပို့ရတယ်....(မှန်ပါ့) ဒါဖြင့် ရန်သူနဲ့ အတူတူနေရတဲ့ဘဝ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာနဲ့အတူတူနေရပါလိမ့်.... (ရန်သူနဲ့အတူတူ နေရပါတယ် ဘုရား) ဒါ့ကြောင့် ဇရာပိ·ဒုက္ခာဆိုတော့ ဘယ်ပုဂ္ဂိုလ်များ ညှာသေးသတုံး....(ဘယ်ပုဂ္ဂိုလ်မှ မညှာပါဘုရား)။

တဇောဟာ မညှာဘူး....(မှန်ပါ့) ဘုရားကိုလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ နေစာလှုံနေတော်မူတဲ့ အခါကျတော့ ရှင်အာနန္ဒာက အရှင်ဘုရား....အရေတွေ တွန့်လိမ်ပြီး မှေးညှင်း ပေါက်ကလေးများလဲ တော်တော် ကျယ်ပြီးသကာလ နေပါ ပေါ့လားဘုရာ့....ဆိုတော့ "ဇရာ ဓမ္မောမို့ ဇရာ အနတိတော" ကဲ့၊ ဘုရားရယ်လို့ ငဲ့တာမဟုတ်ဘူးကဲ့၊ ဒီ·ဇရာဆိုတဲ့ တဇောက ငါ့လဲ လောင်တာဘဲ....(မှန်ပါ့)။

ဘုန်းတော်ရှင်၊ ဉာဏ်တော်ရှင်၊ ကံတော်ရှင်ဆိုတော့ အတူ မရှိ ပုဂ္ဂိုလ်ကြီးရယ်လို့ ညှာသေးရဲ့လား.... (မညှာပါဘုရား)။

မညှာတော့ ဒီတဇောပါသ၍ ဒီကိုယ်တော်ကြီးဟာလဲ အိုတော်မူရတယ်၊ နောက်ဆုံးပိတ် အင်ကြင်းပင်ပျိုတွေကြားမှာ ပရိနိဗ္ဗာန်စံတော်မူရတယ်ဆိုတာ တဇော သတ်ချလိုက်တာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့လို ပါမှေားပုဂ္ဂိုလ်တွေကျတော့ ဒီတေဇော က ဘာ ကာသာပေးလိမ့်မလဲ၊ ဘုန်းတော်ရှင်- ကံတော်ရှင်- ဉာဏ်တော်ရှင်တွေကိုတောင်မှ အဖန်ဖန် နှိပ်စက်သေးတာ....။ "ပဋ္ဌနဌ္ဌော" ဆိုတဲ့ ဒုက္ခသစ္စာနှိပ်စက်တတ်တဲ့တရား ဖြစ်နေသော ကြောင့် ကျုပ်တို့ကို ချင်းချက်ပေးပါမလားလို့ မေးခွန်းထုတ်ယင် ဘယ်နှယ်ဖြေပါ့မလဲ....(ချင်းချက်မပေးပါဘုရား)။

ဒါဖြင့် တေဇောပါနေသောကြောင့် တကာတကာမတို့ တေဇောသည်ကား....လို့ ဆိုယင် နှိပ်စက် တတ်သောကြောင့် ဒုက္ခသစ္စာ....(မှန်ပါ့) သေအောင် သတ်တတ်သောကြောင့်.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဇရာပီဒုက္ခာ၊ မရဏမွေ .... (ဒုက္ခ ပါဘုရား) ဒါဖြင့် ဒီ-ဒုက္ခသစ္စာကို တကာတကာမတွေ လက်သည်ရှာကြ-(မှန်လှပါဘုရား)။

ဇရာမရဏက ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား) တေဇောကဝင်ပြီး နှိပ်စက်လိုက်တာ တကာတကာမတို့ မြင်တဲ့ အတိုင်း သိတဲ့အတိုင်းဘဲ ဘုရားကိုလဲမရှောင် နတ်မင်းကြီးကိုလဲ မရှောင် ဗြဟ္မာမင်းကြီးကိုလဲ မရှောင် ပုပ္ပရွရွ ပုဂ္ဂိုလ်သတ္တဝါ ဟူသမျှတို့ကိုလဲ မရှောင်ရှားဘူး အကုန်လောင်ပြီး အို့အောင် သေအောင် လုပ်ဘယ်ဆိုတာ ရှင်းပလား.... (ရှင်းပါပြီဘုရား) သူ့ကို ဘာသစ္စာဖွဲ့ကြမယ်....(ဒုက္ခသစ္စာပါဘုရား) ညာတာမဖက် အမြဲ နှိပ်စက်တတ်သောကြောင့် တေဇောကို ဒုက္ခသစ္စာ.... (မှန်ပါ့) နှိပ်စက်ခံရသောကြောင့်လဲ.... (ဒုက္ခသစ္စာပါဘုရား) နှိပ်စက်တတ်သောကြောင့်လဲ....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီခန္ဓာကြီးထဲမှာ ဒီဇရာပါပြီး သကာလ အိုအောင် လုပ်တတ်တဲ့တရား-သေအောင်လုပ်တတ်တဲ့ တရားပါနေတော့ခန္ဓာတောင့်တတဲ့ပုဂ္ဂိုလ်သည်အိုခြင်းဆိုးနဲ့ကြုံရပါလို့၏....(မှန်လှပါ) သေခြင်းဆိုးနဲ့ ကြုံရပါလို့၏....(မှန်ပါ့)။

ဒါ့ကြောင့် ဘယ်ခန္ဓာမှ တကာတကာမတွေ့ မကောင်းဘူး· နှိပ်စက်ခံရတာချည့်ဘဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဇရာမရဏက ဘာသစ္စာ.... (ဒုက္ခသစ္စာပါ) တကာ တကာမတွေ့ ဒုက္ခသစ္စာဖြစ်ခဲ့လို့ ရှိယင် ဒုက္ခဖြစ်ကြောင်း ရှာဦး (မှန်ပါ့) မရှာရပေဘူးလား....(ရှာရမှာပါဘုရား)။

ဒုက္ခဖြစ်ခဲ့သော် ဘာရှာရမယ်.... (ဒုက္ခဖြစ်ကြောင်း ရှာရပါ မယ်ဘုရား)။

ဒုက္ခဖြစ်ကြောင်း ရှာတော့ သြော်.... ဒီဘက်တခု ချလိုက်၊ တကာတကာမတို့ တခုကြည့်ပါ .... တဲ့၊ ဒါ....ဘာပါလိမ့်မတုံး လို့ မေးခွန်း ထုတ်လို့ရှိယင် ဇာတိ- သဘောကျပလား.... (ကျပါပြီဘုရား)။

ဇာတိ ပဋိသန္ဓေနေမိလို့ ဇရာမရဏနဲ့ အသက်ထွက်ရတယ် ဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား) ဇာတိ ပဋိသန္ဓေနေမိလို့ ဇရာမရဏနဲ့ အသက်ထွက်ရတယ်၊ ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဇာတိက အဓိကြောင်း၊ ဇရာမရဏက.... (အကျိုးပါ ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဇာတိဆိုတာ ပဋိလ်အစ ဇာတိက....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပဋိလ်အစ ဘယ်ကပါလိမ့်.... (ဇာတိကပါဘုရား) ပဋိလ်သတ္တဝါအစ ဇာတိက ဖြစ်ပြီးသကာလ နေသောကြောင့် ဇာတိရှိလို့ ရှိယင်ဖြင့် ဇရာမရဏပြေးလို့ မလွတ်ဘူး.... (မလွတ်ပါဘုရား) လွတ်ပါ့မလား.... (မလွတ်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဇာတိက အကြောင်း သမုဒယသစ္စာ၊ ဇရာမရဏက အကျိုးဒုက္ခသစ္စာ၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် လူ့ဘဝတောင်းယင် ဒီကရတယ်....(မှန်ပါ့) ဒီကရယင် ဒီမှာဆုံးမှာဘဲ.... (ဆုံးမှာပါဘုရား) နတ်ဘဝ တောင်းယင်လဲ ဒါ....စ,ရမယ်....(မှန်ပါ့) ဒါ....စ,ရပြီး ဒီ-ဆုံးမှာဘဲ.... (မှန်ပါဘုရား) ဗြဟ္မာဘဝရယင်လဲ ဇာတိ စ,ရမယ်....(မှန်ပါဘုရား) ပြီးတော့ ဘယ်မှာဆုံးမယ်....(ဇရာမရဏမှာ ဆုံးပါမယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဆင်းရဲအစနဲ့ ဆင်းရဲအဆုံးဘဲရှိတယ်....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဇာတ်ပိဒုက္ခာ=ဆင်းရဲအစ....(မှန်ပါ့) ဇရာပိဒုက္ခာ-မရဏမှ ဒုက္ခ....(မှန်ပါ့)။

ဒါဖြင့် ပဋိလ်သတ္တဝါတွေသည် အစ,ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား) အဆုံးကော.... (ဒုက္ခသစ္စာပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့-ကျုပ်တို့၏ ဖြစ်စဉ်ဟာ ဖြင့် သစ္စာဏ် မျက်လုံးတပ်ပြီး ကြည့်လိုက်တဲ့ အခါကျတော့ အစ,လဲ မကောင်း....(မှန်ပါ့) အဆုံးကော.... (မကောင်းပါဘုရား) အလယ်ကော....(မကောင်းပါဘုရား) အလယ်မှာ ဇရာဆိုတာ ဒုက္ခသစ္စာဘဲ....(မှန်ပါ့) အဆုံးမရဏကကော....(ဒုက္ခသစ္စာပါဘဲဘုရား) အစ,ဇာတိကကော....(ဒုက္ခသစ္စာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံးတကာတကာမတို့ ဘာများ ဖြစ်ချင်သေးသတုံး....(ဘာမှ မဖြစ်ချင်ပါဘုရား) ဖြစ်ချင်ယင် ဒါဘဲ ဇာတိပါဘဲ တကာတကာမတို့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီ ဇာတိသာရတဲ့အခါကျလို့ ရှိယင်ဖြင့် ဇရာမရဏတည်းဟူသော ခုနင်က ပြောခဲ့တဲ့ ဝဲဂယက်လှိုင်းတံပိုးနဲ့ အသက်ထွက်ရမှာဘဲ....(မှန်ပါ့) မထွက်ရပေဘူးလား (ထွက်ရပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဇာတိပစ္စယာ ဇရာမရဏ၊ ဇာတိကြောင့် ဘာဖြစ်သတုံး....(ဇရာမရဏဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဇာတိက သမုဒယသစ္စာ.... (မှန်ပါ့) ဇရာမရဏက....(ဒုက္ခသစ္စာပါဘုရား)။

ဒါ....တကာတကာမတွေ့ ပါးစပ်က အခု သေသေချာချာ ပြောနိုင်တယ် ဦးလှဘူး,ရေ....(မှန်ပါ့) သေသေချာချာ ပြောနိုင်တဲ့ဉာဏ်ကို ယနေ့ တရားပွဲမှာ တကာတကာမတွေ့ ရပါတယ် (မှန်ပါ့)။

ဒီဉာဏ်ကို ရလိုက်ပါတယ်၊ ဇာတိက ဘာသစ္စာ....တဲ့....(ဒုက္ခသစ္စာပါဘုရား) သမုဒယသစ္စာ ထားလိုက်ပါတော့ တကာသိုက်ရာ၊ အကြောင်းအကျိုး စဲလိုက်တော့....(မှန်ပါ့)။

ဇာတိက ဘာသစ္စာပါလို့....(သမုဒယသစ္စာပါဘုရား) ဇရာမရဏက.... (ဒုက္ခသစ္စာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါက ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ လာတဲ့ အဓိပ္ပါယ်ကို ပြောနေတယ်လို့ တကာတကာမတွေ့ မှတ်ပါ....(မှန်ပါ့)။

ဇာတိက သမုဒယသစ္စာ၊ ဇရာမရဏက.... (ဒုက္ခသစ္စာပါဘုရား) ခင်ဗျားတို့ဝမ်းထဲမှာ ဘယ်သူက သမုဒယ၊ ဘယ်သူ ဒုက္ခလို့ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ .... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ဇာတိက.... (သမုဒယသစ္စာပါဘုရား) ဉာဏ်နဲ့ ပြောတာမဟုတ်လား....(မှန်ပါ့) အဲဒီဉာဏ်ကလေးဟာ ဘာပါလိမ့်....(မဂ္ဂသစ္စာပါဘုရား)။

ဇရာမရဏက ဘာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား) အဲဒီ ဒုက္ခသစ္စာလို့ ပြောနိုင်တဲ့ဉာဏ်ကလေးက....(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သမုဒယသစ္စာကိုလဲ ခင်ဗျားတို့ သိတာ မဂ္ဂသစ္စာနဲ့သိတယ်....(မှန်ပါ့) ဒုက္ခသစ္စာကို သိတာလဲ.... (မဂ္ဂသစ္စာနဲ့သိပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ သစ္စာဘယ်နှစ်ပါး သိသွားသလဲလို့ မေးခွန်းထုတ်လို့ ရှိယင် သုံးပါးသိပါပြီဘုရား--(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဇာတိက သမုဒယသစ္စာဆိုတာ သိတယ်၊ အဲဒါက တချက်....(မှန်ပါ့) ဇရာမရဏက....(ဒုက္ခသစ္စာလို့သိပါတယ်ဘုရား)။

ခင်ဗျားတို့ဝမ်းထဲ သိလုံးကလေးက.... (မဂ္ဂသစ္စာပါဘုရား) ဒါဖြင့် သစ္စာဘယ်နှစ်ပါး ကိုယ်ပိုင်သိသလဲ.... (သုံးပါး သိပါတယ်ဘုရား) သုံးပါးကိုယ်ပိုင်သိပြီဆိုတာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဇာတိရော, ဇရာ မရဏရော ခင်ဗျားတို့ ချုပ်နိုင်တဲ့ပုဂ္ဂိုလ် ဖြစ်တာက ဇာတိ၊ ပျက်တာက ဇရာ မရဏ၊ ဖြစ်ပျက်အဆုံးများ ရောက်အောင်ရှုနိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဖြစ်ပျက်အဆုံး သိတာသည် နိဏာဓသစ္စာ....(မှန်ပါ့)။

ဖြစ်ပျက်ဆုံးတာသည် ဘာတုံး....(နိဏာဓသစ္စာပါဘုရား) အဲဒီလို ဆုံးအောင်လိုက်နိုင်တဲ့ပုဂ္ဂိုလ်မှာ သစ္စာလေးပါး အပြည့်အစုံ မရဘူးလား....(ရပါတယ်ဘုရား)။

ပြန်ပြောစမ်း....၊ ဇာတိက ဘာတုံး....(သမုဒယသစ္စာပါ) ဇရာ မရဏက....(ဒုက္ခသစ္စာပါ) သိတာကလေးက....(မဂ္ဂသစ္စာပါဘုရား)။

ဒါကလေးနှစ်ခု ချုပ်အောင်ရှုနိုင်လို့ရှိယင် ချုပ်သွားယင်....(နိဏာဓသစ္စာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပေါ်မှကတော့ ခင်ဗျားတို့ ပွားများပြီးသကာလ.... တကာတကာမတို့ မရဏဆိုတဲ့ ပျက်မှုကကော....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဇာတိ ဇရာ မရဏတို့၏ ချုပ်ရာ, သိမ်းရာ, နိဗ္ဗာန် ဆိုတာ ခင်ဗျားတို့ကိုယ်တိုင် ရှုပြီးသိမ်းရမှာ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ဘာလဲပြီး သိမ်းရမှာပါလိမ့်....(ကိုယ်တိုင်ရှုပြီး သိမ်းရမှာပါ ဘုရား) ကိုယ်တိုင်ရှုပြီးသကာလ ဇာတိလဲ မကောင်းဘူး၊ ဇရာ မရဏလဲ မကောင်းဘူး၊ အဖြစ်နဲ့ အပျက်ဘဲရှိတာဘဲ....(မှန်ပါ့ ဘုရား)။

အဲဒီကဲ့သို့....ခင်ဗျားတို့ ဖြစ်ပျက်ကို မြင်အောင်ရှုလို့ ဒီ-ဖြစ် ပျက်တွေမရှိယင် ကောင်းလေစ့-ဆိုတဲ့ ဉာဏ်လာအောင် ရှုလို့ ရှိယင်ဖြင့် ဇာတိဟူသ၍ အကုန်ချုပ်နိုင်တယ်....(မှန်ပါ့)။

အခုဖြစ်နေတဲ့ ဇာတိလဲ ချုပ်မှာဘဲ၊ ပဋိသန္ဓေဇာတိကော.... (ချုပ်မှာပါ) နောက်မှာ သေတာကြီးလဲ ချုပ်မှာဘဲ၊ အခု ခဏခဏသေတာကိုကော....(ချုပ်မှာပါဘုရား)။

အဲဒါချုပ်သွားလို့ ရှိယင် ဘာသစ္စာတုံး....(နိရောဓသစ္စာပါ ဘုရား) နိရောဓသစ္စာဆိုတာ ပေါ်ပလား .... (ပေါ်ပါပြီ ဘုရား)။

အဲဒါကြောင့် ဒီသစ္စာလေးပါးကို တကာ တကာမတွေ့ သိ လို့ကိုယ်ခြင်းကြောင့် ဇာတိလဲ မကြိုက်တော့ဘူး....(မှန်ပါ့) ဇရာ မရဏကော....(မကြိုက်ပါဘုရား) အဲဒီမှာ မကြိုက်တဲ့မင်ဉာဏ် မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒီ မကြိုက်တဲ့မင်ဉာဏ် လာသည်နဲ့ တပြိုင်နက်တည်း ဘုန်း ကြီးတို့ တကာ တကာမတွေမှာ ဇာတိ သမုဒယလဲချုပ်၊ ဇရာ

မရဏ ဒုက္ခကော.... (ချုပ်ပါတယ်ဘုရား) ရှင်းသွားပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတယ်ဆိုတာ ဘာပါလိမ့် မတုံး-ဆိုတော့ သြော်....ဒီနှစ်ခု ချုပ်သွားတာကိုး.... (မှန်ပါ့) ဇာတိလဲချုပ်, ဇရာ မရဏကလဲ....(ချုပ်ပါတယ်ဘုရား)။

ကဲ.... ကျုပ်တို့ဝိပဿနာဉာဏ်ထဲ သွင်းလိုက်တော့ အဖြစ်လဲ ချုပ်, အပျက်တွေကော....(ချုပ်ပါတယ်ဘုရား) အဲဒီ ဖြစ်ပျက်တို့၏ ချုပ်ငြိမ်း ရုပ်သိမ်းရာကို ဘာခေါ်ကြမလဲ .... (နိဗ္ဗာန်ပါဘုရား)။

ဒါ့ကြောင့် ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်များ ဖြစ်ပျက် ဆုံးပလား ဟေ့....လို့ ဆရာဘုန်းကြီးက မေးလေ့ရှိတယ်....(မှန်ပါ့) မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)။

ဒါဖြင့် ချုပ်အောင်ရှုစမ်းပါလို့ ခန္ဓာထဲမှာ စိတ် ဖြစ်ပျက်ရှု-ရှု၊ ဆုံးအောင်ရှု၊ ရုပ် ဖြစ်ပျက်ရှုတဲ့ ပုဂ္ဂိုလ်က....(ဆုံးအောင်ရှုရပါမယ်ဘုရား)။

ရှုလိုက်လို့ မတွေ့တော့ပါဘူးဆိုလို့ ရှိယင်ဖြင့် တကာတကာ မတို့ နိဗ္ဗာန်ရောဓပေါ်တာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ .... ဒီဥစ္စာက အလုပ်စခန်းကလေး အနည်းငယ်ထည့်တာပါ၊ ပဋိစ္စသမုပ္ပါဒ်က အများကြီးကျန်ပါသေးတယ်.... (မှန်ပါ့)။

ဇာတိကို လက်သည်ရှာကြစို့ - ဦးလှဘုံတို့ တကာသိုက်တို့.... (မှန်လှပါ) ဇာတိ လက်သည်ရှာတဲ့အခါကျလို့ ရှိယင်ဖြင့် ဇာတိသည် ဘယ်ကလာပါလိမ့်မလဲလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

လာတော့ မနေ့ကပြောခဲ့တယ်၊ ကံကလာတယ်၊ ကံကြောင့် ပဋိသန္ဓေနေတော့ ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော ကမ္မဘဝကြောင့် ဘာဖြစ်သတုံး....(ဇာတိလာပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကမ္မဘဝကြောင့်....(ဇာတိဖြစ်ပါတယ်) ကဲ....ပဋိစ္စသမုပ္ပါဒ် ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဘဝပစ္စယာ.... (ဇာတိပါ) ဇာတိပစ္စယာ....(ဇရာ မရဏပါ) ဆြေ့....ဒီလိုသွားနေတာပါ ကလားဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာ တကာမတို့.... ဒီဘက်သုံးခုက ကာယကံ, ဝစီကံ, မနောကံတွေ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ကာယကံ, ဝစီကံ, မနောကံဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အေး....ဒါဖြင့် ကမ္မဘဝပစ္စယာ....(ဇာတိပါ) ဇာတိပစ္စယာ ဇရာ မရဏပါဘုရား)။

ကောင်းပြီ....ဒီလိုထောက်လိုက်တဲ့အခါကျတော့ ကမ္မဘဝက အကြောင်း, သမုဒယ, ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဇာတိက အကျိုး၊ ဒုက္ခသစ္စာကြောင့် ဇာတိပိဒုက္ခာ-ဆိုတာ ဒီကနေ ထောက်မှဖြစ်တာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အကြောင်းကနေ ထောက်တော့မှ သူ့အကျိုးဖြစ်တော့မှ ဘာသစ္စာဖြစ်သွားသတုံး....(ဒုက္ခသစ္စာဖြစ်ပါတယ်) ကမ္မဘဝက (သမုဒယသစ္စာပါဘုရား) ဇာတိက....(ဒုက္ခသစ္စာပါဘုရား)။

သေသေချာချာမှတ်၊ ခင်ဗျားတို့ သိထားတာနဲ့ တခြားစီ....(မှန်ပါ့) သေသေချာချာမှတ်ပါ တကာ တကာမတို့....နောက်ဆုတ် တွေးလာရတယ် တကာသိုက်ရ....(မှန်ပါ့)။

ကမ္မဘဝကြောင့် ဘာဖြစ်သတုံး .... (ဇာတိဖြစ်ပါတယ်) ဒါဖြင့် သူက အကြောင်း၊ သူကတော့ အကျိုးမနေဘူးလား....(နေပါတယ်ဘုရား) ဒါကြောင့် အကြောင်းဆိုလျှင် သမုဒယချည့်မှတ်....(မှန်ပါ့)။

ဒီသုံးခုက ဘာသစ္စာလဲ .... (အကြောင်း သမုဒယသစ္စာပါ) ဒီဇာတိက....(အကျိုး-ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီကံကြောင့် ဒီအကျိုး ပေးနေတာဘဲ....(မှန်ပါ့) ဆိုထိုက်ပလား....(ဆိုထိုက်ပါတယ်ဘုရား)။

ကောင်းပြီ.... ဒါဖြင့် သူက သမုဒယသစ္စာ....(မှန်ပါ့) ကမ္မဘဝက ဘာတဲ့....(အကြောင်း-သမုဒယသစ္စာပါ) ဇာတိက....(အကျိုး-ဒုက္ခသစ္စာပါ) အကျိုး-ဒုက္ခသစ္စာဆိုတာ ပေါ်ပလား(ပေါ်ပါပြီဘုရား) သေသေချာချာမှတ်ပါ။

ဒါဖြင့် သစ္စာဘယ်နှစ်ပါးသိသွားသလဲ....(နှစ်ပါးသိပါတယ်ဘုရား) ကိုယ့်သိလုံးကလေးကို ဘာဆိုကြမယ် .... (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ဒီကံလဲ ချုပ်မယ်ဆိုယင် ဒီဇာတိ မချုပ်ဘူးလား.... (ချုပ်ပါတယ်) ဒါ့ကြောင့် စေတနာကိုလဲ "ရူပသဉ္ဇေတနာ လောကေ သဒ္ဒသဉ္ဇေတနာ လောကေ" ဆိုပြီး စေတနာကိုလဲ ဖြစ်ပျက်ရှု၊ ကံကိုလဲ ဖြစ်ပျက်ရှု-တဲ့....(မှန်ပါ့) ဘုရားက ဟော လေ့ရှိပါတယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် သူ့ကို ဖြစ်ပျက် ရှုလိုက်လို့ရှိယင်ဖြင့် သူ့ကိုမုန်း၊ သူဆုံးယင်လဲ ဇာတိ လာပါဦးမလား.... (မလာပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ ဒါတွေက ထပ်မှာစိုးတဲ့အတွက် တကာတကာမ တွေက ကမ္မဘဝက ဘယ်ကလာသတုံး ... (ညပါဒါန်က လာပါ တယ်) ညပါဒါနပစ္စယာ ကမ္မဘဝေါကိုး....(မှန်ပါ့) ကိုက်ပလား (ကိုက်ပါပြီဘုရား)။

သေသေချာချာကြည့်တော့ ကံတွေဖြစ်နေလို့ ကမ္မဘဝေါ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) ဦးလှဘူးတို့ ရှင်းကြရဲလား.... (ရှင်းပါတယ်ဘုရား)။

ညပါဒါနပစ္စယာ ဘယ်နှယ်ဆိုမယ်....(ကမ္မဘဝေါပါ) ထုံးစံ အတိုင်း ခင်ဗျားတို့ ရထားသလိုဆိုလိုက်ပါတော့.... (ဘဝေါပါ ဘုရား)ဘဝေါဘဲတဲ့၊ မသိမှာစိုးလို့ ကံကို ဖေါ်ပြောလိုက်တယ်· (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီညပါဒါန်ကြောင့် ကံတွေဖြစ် လာတယ်....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဥပါဒါန်က သမုဒယသစ္စာ....(မှန်ပါ့) ကံက....(ဒုက္ခသစ္စာပါ)အဲ....ကံက ဒုက္ခသစ္စာဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကံလုပ်တုန်းကလဲ ခင်ဗျားတို့ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်း မလာရဘူးလား.... (လာရပါတယ်) ဒါကြောင့် သူ့ကို ဘာသစ္စာဆိုမယ်....(ဒုက္ခသစ္စာပါ) ဒါဖြင့် ဥပါဒါန်က ဘာသစ္စာ....(သမုဒယသစ္စာပါ) ကံက....(ဒုက္ခသစ္စာပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒါ ဟောပြီးသားဖြစ်လို့ ခပ်တိုတိုနဲ့ဘဲ သွားပါဦးမယ်၊ ဥပါဒါန်က ဘယ်ကလာသတုံး-ဘယ်သူ့ကြောင့်ဖြစ်သတုံးဆိုတဲ့ မေးခွန်း မထုတ်ရပေဘူးလား.... (ထုတ်ရပါတယ်ဘုရား)။

ထုတ်လိုက်တော့ဘာလာတွေ့ပါလိမ့်....(တဏှာတွေ့ပါတယ်) တဏှာဘဲလာတွေ့တယ်၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒီလို ထောက်လိုက်ပြန်တော့ တဏှာက သမုဒယသစ္စာ၊ ဥပါဒါန်က ဒုက္ခသစ္စာ....(မှန်ပါ့) တဏှာက အကြောင်း၊ ဥပါဒါန်က....(အကျိုးပါဘုရား)။

ကောင်းပြီ .... ဒါဖြင့် နောက်ဆုတ်တွေးလာတော့ ဒါတွေ့ အကုန် ဒုက္ခချည့်မဖြစ်ဘူလား....(ဖြစ်ပါတယ်) ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်မှာ "ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ"

တခုလုံး ဒုက္ခချည့်ဘဲလို့ ဘုရားဟောတော်မူတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

တခုလုံး ဘာသစ္စာတဲ့....(ဒုက္ခသစ္စာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) တခုလုံး ဘာသစ္စာတဲ့....(ဒုက္ခသစ္စာပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)နောက်ဆုတ်တွေးမှပေါ်တယ် နို့မဟုတ်ယင် ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဒီတဏှာ ဘယ်ကလာပါလိမ့်မတုံး....(ဝေဒနာကလာပါတယ်) ဝေဒနာရှိယင် တဏှာလာမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာရှိယင်.... (တဏှာလာပါမယ်) သုခဝေဒနာပစ္စယာ တဏှာ သဘောကျပလား....(ကျပါပြီ) ဒုက္ခဝေဒနာပစ္စယာလဲ (တဏှာပါဘဲဘုရား)။

ဒုက္ခရောက်တဲ့ ပုဂ္ဂိုလ်ဟာ ပျောက်ချင်တဲ့ တဏှာ သုခကို တောင့်တတဲ့ တဏှာလာတာဘဲ.... (မှန်ပါ့)မလာဘူးလား.... (လာပါတယ်) ဆင်းရဲတဲ့ပုဂ္ဂိုလ် ချမ်းသာချင်တဲ့တဏှာ....(လာပါတယ်ဘုရား)။

ဒါဖြင့် တဏှာမသတ်သ၍ ကာလပတ်လုံး တကာတကာမတို့ သမုဒယသစ္စာ ချုပ်ပါ့မလား.... (မချုပ်ပါဘုရား) မချုပ်သေးသ၍ ဒီဘက်က ဒုက္ခတွေအစဉ်အဆက်အတိုင်း မသွားပေဘူးလား- သွားမလား....(သွားပါမယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့သည် ဒီနေရာမှာ နေ့တိုင်းပြောခဲ့တယ်....(မှန်ပါ့) ဘုရားပွင့်တော်မူတယ်လို့ မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ဝေဒနာနဲ့ တဏှာကြားမှာ ဘာတဲ့....(ဘုရားပွင့်ပါတယ်) သောတာပန် ပွင့်ချင်ယင်ကော....(ဝေဒနာနဲ့တဏှာအကြားမှာ ပါဘုရား) သကဒါဂါမ်အဖြစ် ပွင့်ချင်ယင်ကော.... (ဝေဒနာနဲ့ တဏှာအကြားမှာပါ)အနာဂါမ်ပွင့်ချင်ယင်ကော....(ဝေဒနာနဲ့ တဏှာအကြားမှာပါဘုရား)။

ရဟန္တာဖြစ်ချင်ယင်ကော .... (ဝေဒနာနဲ့ တဏှာအကြားမှာပါ) ဝေဒနာနဲ့ တဏှာအကြားမှာဖြစ်ရမယ်၊ တခြားသောနည်းမရှိဘူးဆိုတာ ပေါ်လာပလား.... (ပေါ်လာပါပြီဘုရား)။

ဒါကြောင့် သောတာပန် ဘယ်နေရာမှာတည်ပါလိမ့်မတုံးဆိုတာလဲ ဝေဒနာနဲ့ တဏှာအကြားမှာ .... (မှန်ပါ့) ဘုရား ဘယ်နေရာမှာ ဖြစ်ပါလိမ့်မတုံး ဆိုတာကော .... (ဝေဒနာနဲ့ တဏှာအကြားမှာပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာ တကာမတွေ့ အခု ဝိပဿနာ အလုပ်-လုပ်တဲ့ တကာတကာမတွေ့မှာ ဝေဒနာက သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပက္ခာဝေဒနာလို့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာသုံးမျိုး အလှည့်အပတ်နဲ့ အကြောင်းတိုက်ဆိုင်သလို မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)ပေါ်တာကို ဝေဒနာမရှုနဲ့၊ အနိစ္စရှု..(မှန်ပါ့) ဝေဒနာ ရှိ-မရှိ တွေ့....(မှန်ပါ့)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့.... သုခဝေဒနာကလေး ပေါ်လာတယ်၊ ကိုယ်ပေါ်မှာ ချမ်းသာလုံးကလေး၊ ဝမ်းထဲမှာကော ဝမ်းသာလုံးကလေး၊ သုခဝေဒနာ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒါ ရှိ·မရှိ တွေးစမ်း....(မရှိပါဘုရား) ဒါဖြင့် မရှိတာ ဘာခေါ်မယ်.... (အနိစ္စပါဘုရား) မရှိမှန်းသိတာ....(မဂ္ဂပါဘုရား)။

ဒါဖြင့် အနိစ္စနောက် မဂ္ဂမလိုက်ဘူးလား .... (လိုက်ပါတယ်ဘုရား) မရှိတာက....(အနိစ္စပါ) မရှိမှန်းသိတာက .... (မဂ္ဂပါဘုရား)။

ဒီတဏှာ လာသေးရဲ့လား....(မလာပါဘုရား)ဥပါဒါန်ကော (မလာပါဘုရား) ကံကော....(မလာပါဘုရား) ဇာတိ....(မလာပါဘုရား) ဇရာ မရဏ....(မလာပါဘုရား)။

မြတ်စွာဘုရားသည် ကား....လို့ ဆိုယင် ဒီနေရာကနေပြီး သကာလ .... ဟိုဘက်အကြောင်းတွေကို သတ်လိုက်တာကိုး.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒီနောက်ဘဝတွေ ပြတ်သွားတာလဲ သဘောကျပလား.... (ကျပါပြီ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဝေဒနာကို မရှုနဲ့ တကာတကာမတို့.... ဝေဒနာပေါ်လို့ရှိယင် ဝေဒနာကို စိုက်ကြည့်ပြီး ဝေဒနာလား၊ ပျက်မှာလားဆိုတာ စိုက်ကြည့် .... (မှန်ပါ့) ကြည့်လိုက်တဲ့ အခါ ဘာတွေ့ရမလဲ....(ပျက်တာ တွေ့ရပါမယ်ဘုရား)။

ဒါဖြင့် ပျက်တာက ဘာခေါ်ကြမယ်....(အနိစ္စပါ) ပျက်မှန်းသိတာက....(မဂ္ဂပါဘုရား)။

အဲဒီမဂ္ဂသည် တကာတကာမတို့ တဏှာကို သေစေပါတယ်ဆိုတော့ သူ့နောက်က တဏှာလာသေးရဲ့လား.... (မလာပါဘုရား)။

ဒါဖြင့် ဒီဝေဒနာလာတဲ့အခါ တကာ တကာမတွေ့ မရှုဘဲနေတော့ ဝေဒနာပစ္စယာ....(တဏှာပါ) တဏှာပစ္စယာ....(ဥပါဒါနံပါဘုရား) ဥပါဒါနပစ္စယာ....(ဘဝေါ) ဘဝပစ္စယာ....(ဇာတိ) ဇာတိပစ္စယာ....(ဇရာ မရဏပါဘုရား)။

ဒါက မရှုတဲ့ပုဂ္ဂိုလ်လမ်းစဉ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဝေဒနာကလဲ ခန္ဓာကိုယ်ထဲ တော်တော်ကြာ သုခပေါ်ပြန်ပြီ၊ တော်တော်ကြာ ဒုက္ခပေါ်ပြန်ပြီ၊ တော်တော်ကြာ ဥပေက္ခာပေါ်ပြန်ပြီ တကာတကာမတို့၊ မရှုမိကြဘူး....ဆိုလို့ ရှိုယင်ဖြင့် တဏှာက လိုက်မှာဘဲ....(မှန်ပါ့)။

လိုက်လို့ရှိယင်ဖြင့် တကာ တကာမတို့သည် ဥပါဒါန် လာတော့မှာဘဲတဲ့....(မှန်ပါ့) ကံကော....(လာမှာပါ) ဇာတိ ဇရာ မရဏကော....(လာမှာပါဘုရား)။

ဒါဖြင့် မရှုတဲ့ပုဂ္ဂိုလ်ဟာ သံသရာရှည်ပြီ....(မှန်ပါ့) ဒီဘက်ရှည်ထွက်သွားတယ်....(မှန်ပါ့)။

ရှုတဲ့ပုဂ္ဂိုလ်ကျတော့ တကာ တကာမတို့....အနိစ္စနဲ့ မဂ္ဂင်္ဂစ်ခု တည်းဘဲရှိတယ်....(မှန်ပါ့) သဘောကျရဲ့လား.... (ကျပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် ဘယ်ဝေဒနာလာလာ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက် ရှုလိုက်တော့ကို.... ဖြစ်ပျက်က အနိစ္စ၊ ရှုတာက....(မဂ္ဂပါဘုရား)။

မရှုဘဲနေယင် ဝေဒနာပစ္စယာ....(တဏှာပါဘုရား) တဏှာပစ္စယာ....(ဥပါဒါနံပါဘုရား) ဥပါဒါနပစ္စယာ....(ဘဝေပါဘုရား) ဘဝပစ္စယာ....(ဇာတိ) ဇာတိပစ္စယာ....(ဇရာ မရဏပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့.... ခင်ဗျားတို့ ဒီအလုပ်ကို မလုပ်တော့ပါဘူးဆိုလို့ ရှိယင်ဖြင့် ဒီစံထဲကို ရောက်ချင်လို့....(မှန်ပါ့ဘုရား)။

ဒီငါးလိပ်မကာရ်းတွေ၏အစာကော.... (ဖြစ်ချင်လို့ပါ) လှိုင်းထမ်းပိုးတွေ၏ ဖိနှိပ်မှုကိုကော....(ခံချင်လို့ပါ) သံသရာရေပြင်ကြီးထဲမှာလဲ နေချင်လို့ဆိုယင်ကော.... (မလွဲပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အလုပ်-မလုပ်လို့ ရှိယင် ပြတ်ပါ့မလား....(ပြတ်ပါဘုရား) ဒါဖြင့် ပြတ်ချင်ယင် တကာတကာမတို့ ဒီလိုလုပ်ပါ- ဒီလိုလုပ်ပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ ဝေဒနာက သမုဒယသစ္စာ၊ တဏှာက....(ဒုက္ခသစ္စာပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဝေဒနာက....(သမုဒယသစ္စာပါ) တဏှာက....(ဒုက္ခသစ္စာပါဘုရား) ဒါက ရှင်သာရိပုတ္တရာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ဟောတဲ့နည်း... (မှန်ပါ့)။

ဟုတ်တယ်တဲ့ တကာတကာမတို့ ဒါ-အကြောင်းတရားတော့ မှန်ပါတယ်၊ ဒါကြောင့် အကြောင်း သမုဒယလို့ ဆိုလိုက်တယ်....(မှန်ပါ့)။

ဝေဒနာက အကြောင်းသမုဒယ၊ တဏှာက အကျိုးဒုက္ခ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) နေရာကျပလား....(ကျပါပြီဘုရား)။

သွားပါဦး တကာတကာမတို့၊ ဒီဝေဒနာ ဘယ်က လာပါလိမ့်မလဲဆိုတဲ့ မေးခွန်းကော ထုတ်ဘို့မလိုဘူးလား- (လိုပါတယ်ဘုရား)။

ဘယ်ကလာပါလိမ့်.... (ဖဿက လာပါတယ်) ဖဿဆိုတဲ့ ဓမ္မကြောင့် လာတယ်ဆိုတာ သဘောကျပလဲ.... (ကျပါပြီဘုရား)။

ဖဿကလာတော့ ဖဿ-ဆိုတာ တွေ့ထိတတ်တဲ့ တရား....(မှန်ပါ့) တွေ့ထိတတ်တဲ့တရားဆိုတာကော ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

တွေ့ထိတတ်တဲ့ပဋိပုဂ္ဂိုလ်သည် တကာ တကာမဟို့.... ကောင်း-မကောင်း မရွေးပေဘူးလား.... (ရွေးပါတယ်ဘုရား) ဒါဖြင့် ဖဿပစ္စယာ....(ဝေဒနာပါဘုရား)။

တွေ့ထိလို့ အကောင်း, အဆိုးကို ဝေဘန်တယ်....(မှန်ပါ့) မဝေဘန်ဘူးလား....(ဝေဘန်ပါတယ်ဘုရား)။

တကာ တကာမတို့.... အထည်ကို စမ်းသပ်တွေ့ထိတာသည် ဖဿ...(မှန်ပါ့) ထူလို့ ကောင်းတယ်၊ ပါးလို့ ကောင်းတယ် ဆိုတာက .... (ဝေဒနာပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဖဿပစ္စယာ....(ဝေဒနာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဖဿက သမုဒယသစ္စာ....(မှန်ပါ့) ဝေဒနာက....(ဒုက္ခသစ္စာပါဘုရား)။

နောက်ဆုတ်သွား, နောက်ဆုတ်သွားပါ တကာသိုက်ရ.... (မှန်ပါ့) ရှေးအမှတ်တွေ့ အကုန်ဖြုတ်ပါ.... (မှန်ပါ့) ဖဿပစ္စယာ....(ဝေဒနာပါ) ဖဿက ဘာသစ္စာတုံး .... (သမုဒယသစ္စာပါဘုရား)။

ဖဿကြောင့် တကာသိုက်ရ ဝေဒနာဖြစ်ဘယ်၊ အဲဒီတော့ ဖဿက အကြောင်းမနေဘူးလား .... (အကြောင်းပါဘုရား) အကြောင်းဟူသ၍ သမုဒယသစ္စာချည့်မှတ်....(မှန်ပါ့) ဝေဒနာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဖဿက သမုဒယသစ္စာ၊ ဝေဒနာက ဒုက္ခသစ္စာဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် .... ဇဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ မင်းတို့ ဒါတခုလုံး ဒုက္ခချည့် မှတ်ထားလို့ မပါဘူးလား .... (ပါ-ပါတယ်ဘုရား)။

အဲဒီ ပါတာကို ခင်ဗျားတို့က မတွေးမိဘူး....(မှန်ပါ့) ဒီလို အကြောင်း အကျိုး မဝေဘန်လို့ မတွေးမိတာ .... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် ရှေး-အသုံးအနှုန်းတွေ့ အကုန်ဖျောက်ပါဆိုတာ သည် ဘုန်းကြီးက အဖျောက်ခိုင်းတာမဟုတ်ပါဘူး၊ ခင်ဗျားတို့

နားမလည်လို့၊ ဒုက္ခတွေ အကုန်ပါလို့၊ ပြောတဲ့ဆီကို ဉာဏ် မရောက်လို့ တကာသိုက် ဖြည့်စွက်ရတာ....(မှန်ပါ့)။

အဆုံးရှုတ်ကြည့်- ဇဝ မေတာသ ကေဝလသ ဒုက္ခက္ခန္ဓသ ဒုက္ခအစုကြီးတွေက....တဲ့၊ ဒီပဋိစ္စသမုပ္ပါဒ်တတန်းလုံး....(မှန်ပါ့) မဆိုဘူးလား....(ဆိုပါတယ်ဘုရား)။

ဒါ့ကြောင့်.... နောက်ဆုတ်တွေးတော့မှ ဒုက္ခအစုကြီး ဖြစ် လာတယ်ဆိုတာ ပေါ်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဖသက ဘာသစ္စာတုံး....(သမုဒယသစ္စာပါ) ဇဝဒနာက.... (ဒုက္ခသစ္စာပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တွေ့ထိတဲ့ပဋိဃလ်ဟာ အကောင်း, အဆိုး ဝေဘန်တယ်ဆိုတာကော ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... တခါသုံးဦး တကာ တကာမတို့....၊ ဒီဖဿ ဘယ်က လာပါလိမ့်မလဲလို့ မေးခွန်းထုတ်ကြဦးစို့.... (မှန်ပါ့- သဠာယတနက လာပါတယ်ဘုရား)။

အေး....သဠာယတနဆိုတာ ခြောက်ခုရှိတယ်.... (မှန်ပါ့) မျက်လုံး, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်ပေါ့ဗျာ....(မှန်ပါ့ ဘုရား)။

မျက်လုံး, နား, နှာခေါင်း, လျှာ, စိတ်ကို ဘာခေါ်ကြ မယ်....(သဠာယတနပါ) အဲ....သဠာယတနဆိုတာ ခြောက်ခု၊ သဠာယတနပါဘဲ ဆိုလိုရင်းကနော်....(မှန်ပါ့)။

သဉ္ဇာယတန ပစ္စယာ....(ဖဿောပါဘုရား) ဒီလိုကျတော့ သဉ္ဇာယတနက ဘာသစ္စာလဲ....(သမုဒယသစ္စာပါ) ဖဿက....(ဒုက္ခသစ္စာပါ) ဒါမှ ဒုက္ခအစုကြီးဖြစ်မှာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ.... ဒီနေ့ ခပ်ကြဲကြဲနဲ့ဘဲ ပဋိစ္စသမုပ္ပါဒ်ကို ဝေဘန်ရအောင်လို့ တကာတကာမတွေ့ ခပ်ကြဲကြဲ သွားလိုက်ပါသေးတယ်....(မှန်ပါ့)။

ဒီ သဉ္ဇာယတနဟာ ဘယ်ကလာပါလိမ့်မလဲ....ဆိုတာ တွေးပါဦး....(နာမ်ရုပ်က လာပါတယ်ဘုရား) နာမ်ရုပ်ရှိလို့ ပေါ်လာတာ....(မှန်ပါ့)။

နာမ်နဲ့ ရုပ်ရှိလို့ ခုနင်က မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် ပေါ်တယ်....(မှန်ပါ့) နာမ်ရုပ်မရှိယင်.... (မပေါ်ပါဘုရား)။

ဒါဖြင့် နာမ်ရုပ်က ဘာပါလိမ့်.... (သမုဒယသစ္စာပါဘုရား) သဉ္ဇာယတနက....(ဒုက္ခသစ္စာပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒီလို သိသိသွားရမယ်၊ ဒီလိုသိမှသာလျှင် သစ္စာသိတဲ့ အဓိပ္ပါယ်ရောက်တယ်....(မှန်ပါ့) သစ္စာသိမှ တကာသိုက်တို့ ဦးလှဘူးတို့ မင်္ဂလာဖြစ်မှာနော်....(မှန်ပါ့)။

ရှောက်ပြီး ရွတ်နေရုံနဲ့တော့ မဖြစ်ပါဘူး....(မှန်ပါ့) မဖြစ်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် ဒီနာမ်ရုပ် ဘယ်ကလာပါလိမ့်မလဲ.... (ဝိညာဏ်က လာပါတယ်ဘုရား) ဝိညာဏ်ဆိုတာက ပဋိသန္ဓေ၊ ပဋိသန္ဓေနေမိယင် နာမ်ရုပ်မပေါ်ပေဘူးလား....(ပေါ်ပါတယ် ဘုရား)။

နာမ်ရုပ်လာလို့ရှိယင် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် ဆိုတဲ့ သဠာယတနဟာ.... (ပေါ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) ဒါ ဒီဘက်ကဟာတွေ အစဉ်အတိုင်း မသွားဘူးလား....(သွားပါတယ်ဘုရား)။

ဒါဖြင့် ဒီဘက်မှာ အခု နောက်ဆုတ်တွေးလိုက်တော့ ဒီက္ခ အောင် ဒါတွေ ဒုက္ခတွေ မဖြစ်ခဲ့ဘူးလား....(ဖြစ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် .... ဇဝ မေတာသ ကေဝလဿ ဒုက္ခက္ခန္ဓဿ- ပဋိစ္စ သမုပ္ပါဒ်တခုလုံး ဒုက္ခသစ္စာချည့်ဘဲဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့ ဝိညာဏ် ဘယ်ကလာသလဲ တွေးဦး....(သင်္ခါရကပါ) သင်္ခါရသုံးမျိုးကလာတယ် (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီ သင်္ခါရဆိုတာ ခင်ဗျားတို့ လှုတာ တန်းတာ ပေးတာ ကမ်းတာ ပဋိသန္ဓေနေချင်လို့ လှုတာ ပေးတာ ကမ်းတာ ဟူသ၍သည် ဘုံဘဝကို တောင့်တပြီးလုပ်တာ၊ ဘာဖြစ်ချင် ညာ ဖြစ်ချင် လုပ်တဲ့အလုပ်ဟူသ၍ဟာ သင်္ခါရချည့်မှတ်လိုက်-(မှန်ပါ့ ဘုရား)။

ဒါဖြင့် သခ်ါရက ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား) ဝိညာဏ်က....(ဒုက္ခသစ္စာပါ) ဝိညာဏ်ဆိုတာ ပဋိသန္ဓေနေတာ တကာတကာမတို့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အိမ်ကျတော့လဲ တကာ တကာမတွေ့ ဒီအတိုင်းဘဲ မှတ်ကြပေါ့ဗျာ....(မှန်ပါ့) မရယင် ဒီလိုဘဲ ကွမ်းသီးတို့ဘာတို့နဲ့ ပုံစံချကြည့်ယင် သိပါလိမ့်မယ်....(မှန်ပါ့)။

ဒီ သခ်ါရသုံးခုဟာ လူမှု၊ တန်းမှု၊ ပေးမှု၊ ကမ်းမှု၊ ဘုံဘဝ တောင့်တပြီးသကာလ.... လုပ်ကြတဲ့ သခ်ါရဟာ ဘယ်က လာသတုံး....(အဝိဇ္ဇာကလာပါတယ်) ဒါဖြင့် အဝိဇ္ဇာက သမုဒယသစ္စာ၊ သခ်ါရက....(ဒုက္ခသစ္စာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပေါင်းပို့ပဲပဲ့ဖမခါးကျပေပါ့ ဆယ့်နှစ်ခုမရှိပေဘူးပေါ့.... (ရှိပါတယ်) တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ရှစ်, ကိုး, တဆယ်, ဆယ့်တစ်, ဆယ့်နှစ်....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ဆယ့်နှစ်ပါးဆိုတာ သိပလား....(သိပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒီအဝိဇ္ဇာသည် တကာတကာမတို့ ယခု အချိန်မှာ သမုဒယသစ္စာဖြစ်တယ်....(မှန်ပါ့) အဝိဇ္ဇာကြောင့် သခ်ါရ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)

သခ်ါရကြောင့် (ဝိညာဏ်ဖြစ်ပါတယ်) ပေယျာလထိုးလိုက်၊ ဇာတိကြောင့်.... (ဇရာ မရဏဖြစ်ပါတယ်) ဘယ်နှစ်ပါး ဖြစ်သွားသတုံး....(ဆယ့်နှစ်ပါးဖြစ်ပါတယ်ဘုရား)။

ဆယ့်နှစ်ပါးဖြစ်သွားတယ်ဆိုတော့ တကာတကာမတို့ ဒါက ပဋိစ္စသမုပ္ပါဒ်ကြီးဖြစ်စဉ်ကို ပြလိုက်ပါတယ်....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဝိုင်းပုံကို သတိထားပါဦး တကာ တကာမတို့....(မှန်ပါ့ဘုရား)။

ဝိုင်းတာက ဘာပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့၌ ဇရာနဲ့ မရဏ ဆိုတော့ ဒီပုဂ္ဂိုလ်ဟာ သံသရာ့ခရီးသည်မဟုတ်လား....(မှန်ပါ့) အခု အတန်းကြီးဟာ သံသရာ့ခရီး တန်းနေတာနော်.... (မှန်ပါ့) ပေါ်လာပလား....(ပေါ်လာပါပြီဘုရား)။

ကဲ....ဒီဘဝက ဇာတိပြီးတော့ ခွဲလိုက်ဦး....၊ ဒီနေ့ သေသေချာချာမှတ်ကြ တကာတကာမတို့၊ ဒီသုံးခုဟာ အနာဂတ်လို့ မှတ်လိုက်စမ်း....(မှန်ပါ့) ဇာတိနဲ့ ဇရာ မရဏ ဘာခေါ်ကြမယ် (အနာဂတ်ဘဝပါဘုရား)။

ဟော.... ဒီတစ်ခု, ဥပါဒါန်, ကံ, ဒါတွေက အနာဂတ် အကြောင်း....(မှန်ပါ့) ကာလအားဖြင့် ပစ္စုပ္ပန်ကာလ....(မှန်ပါ့ဘုရား)။

အကြောင်းအားဖြင့်....(အနာဂတ်အကြောင်းပါ)ဖြစ်နေတဲ့ ကာလကတော့....(ပစ္စုပ္ပန်ကာလပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အကြောင်းအားဖြင့်.... (အနာဂတ် အကြောင်းပါဘုရား) ကာလအားဖြင့်....(ပစ္စုပ္ပန်ကာလပါဘုရား) ပစ္စုပ္ပန်ကာလ ယခု လုပ်နေတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေသည် ဒီလိုဘဲ ခဲ့ကြပါဦးစို့-တဲ့၊ အဝိဇ္ဇာသခ်ၤါရ၊ သဘောကျပလား.... (ကျပါပြီဘုရား) ၁-ရယ် ၂-ရယ်ဟာ ဘာပါလိမ့်....(အဝိဇ္ဇာသခ်ၤါရပါဘုရား)။

အဲဒါသည်ကားလို့ဆိုလို့ရှိယင် တကာတကာမတွေ မှတ်လိုက်အတိတ်ဘဝ....(မှန်ပါ့) အဝိဇ္ဇာနဲ့ သခ်ၤါရဟာ ဘာပါလိမ့် (အတိတ်ဘဝပါဘုရား)။

ဒါဖြင့် ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ ဥပါဒါန်,ကံ၊ ဒါက ပစ္စုပ္ပန်ဘဝ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါကလေးတွေ မှတ်မိအောင်မှတ်ပါ....(မှန်ပါ့) ဒါကနေပြီး နားလည်မှ ရှေ့ဆက်ရမှာဖြစ်ပါတယ်....(မှန်ပါ့)။

တကာတကာမတို့ ဒသုံးခုဟာ ဇာတ,ဇရာ,မရဏဟာ ဘယ်ဘဝကပါလိမ့်....(အနာဂတ်ဘဝပါဘုရား) ဝိညာဏ်က အစကအဆုံး ဘယ်ဘဝပါလိမ့်.... (ပစ္စုပ္ပန်ဘဝပါဘုရား) အဝိဇ္ဇာနဲ့ သခ်ၤါရက...(အတိတ်ဘဝကပါဘုရား)။

ဒါဖြင့် ဒီဘက်က အတိတ်ဘဝ....(မှန်ပါ့) ဒီအလည်ကြီးက (ပစ္စုပ္ပန်ဘဝပါဘုရား) ဒီအဆုံးက....(အနာဂတ်ဘဝပါဘုရား) ဘဝ ဘယ်နှစ်ပါး ဆက်ပြတာတုံး.... (သုံးပါးပြပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဘဝသုံးပါး ဆက်ပြတာကို ပဋိစ္စသမုပ္ပါဒ်လို့မှတ်ရမယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ရပြီးသားအပေါ်မှာ ကာလအားဖြင့်လဲ ဝေဘန်တတ်တဲ့ တကာတကာမတွေ ဖြစ်နေသောကြောင့် ပြန်ပြီးသကာလ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဖြစ်ပုံကို ပြပါဦးမယ်....(မှန်ပါ့)။

တကာတကာမတို့ ဘာပြမယ်ထင်သတုံး.... (ပဋိစ္စသမုပ္ပါဒ် စက်ခဟတ်ဖြစ်ပုံကိုပြပါမယ်ဘုရား) စက်ရဟတ်လည်ပုံကို ပြမည်လို့ ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ကဲ....လည်ပုံ ပြတော့မယ်ဆိုတော့ ဒီလို ရှင်းရတယ် တကာတကာမတို့၊ ကံက ဒီဘက်ရောက်လာတယ် ဇာတိ၊ ဒီဘက်က ဇရာမရဏာ သဘောကျပလား....(ကျပါပြီဘုရား) ဒီက အဝိဇ္ဇာနဲ့ သင်္ခါရ....(မှန်ပါ့) နဂိုရိုက ပြထားလို့ တကာ တကာမတွေ မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ..ဒီပဋိစ္စသမုပ္ပါဒ် သံသရာခရီးသည်ဟာ အနာဂတ်ဘဝမှာ မသေပေဘူးလား....(သေပါမယ်ဘုရား) သေတဲ့ အခါကျတော့ ခရီးသည်သေတာ မဂ်ဉာဏ်ရတာ ဟုတ်ကဲ့ကား....(မဟုတ်ပါဘုရား)။

သေကာနီးမှာ သူ-ဇရာမရဏသမားဟာ တကာတကာမတို့ သူသေရမည့်အတွက် စိုးရိမ်တယ်.... (မှန်ပါ့) စိုးရိမ်သောကဗျာပါဒ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဒီအထဲမှာ သောကလာလိမ့်မယ်... တဲ့၊ သူ သေကာနီးမှာ....(မှန်ပါ့) ပရိဒေဝကော.... (လာပါတယ်ဘုရား) ဒုက္ခဒေါမနဿကော....(လာပါတယ်ဘုရား)။

ဒါဖြင့် ဒီအထဲမှာ သောကလာလိမ့်မယ်....တဲ့၊ သူသေခါနီးမှာ....(မှန်ပါ့) ပရိဒေဝကော....(လာပါတယ်) ဒုက္ခ ဒေါမနဿကော....(လာပါတယ်ဘုရား)။

သေခါနီး ဘာလာပါလိမ့်၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ....(မှန်ပါ့) သေခါနီးမှာ ငါးမျိုးလာပစ်လိုက်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီပုဂ္ဂိုလ်မှာ ဒါတွေဖြစ်ကောင်းတာလား၊ မဖြစ်ကောင်းတာလား....(မဖြစ်ကောင်းတာပါ) သို့သော် .... သူ့မှာ ဖြစ်ကောင်းတယ်မှတ်လို့ ဖြစ်နေတယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သူမသိလို့ဖြစ်တာ....(မှန်ပါ့) မသိတော့ ဖြစ်တော့ကို....သောက ပရိဒေဝ ဒုက္ခ ဒေါမနဿထဲမှာ တကာတကာမတွေက မှတ်လိုက်ပါဦး....၊ အာသဝ-ဆိုတဲ့ အဝိဇ္ဇာ- စသော အာသဝလေးပါးဝင်လာတယ်....(မှန်ပါ့)။

သောကပရိဒေဝ ဒုက္ခဒေါမနဿနဲ့ သေတဲ့ပုဂ္ဂိုလ်မှာ အာသဝ မလာဘူးလား....(လာပါတယ်ဘုရား)။

ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ-ဆိုတဲ့ အာသဝလေးပါး မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီ အာသဝေါတရားလေးပါးက ဒီနေရာမှာ လာသောကြောင့် တကာတကာမတို့ ဒီအာသဝကြောင့် ဟာဒီဘက်ကနဂိုရှိကရှိနေတဲ့ အဝိဇ္ဇာပြန်ဆက်တယ်....(မှန်ပါ့) အာသဝ သမုဒယာ, အဝိဇ္ဇာသမုဒယော....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အာသဝ သမုဒယာ .... (အဝိဇ္ဇာ သမုဒယောပါဘုရား)
အဝိဇ္ဇာ ပစ္စယာ....(သင်္ခါရာ) သင်္ခါရ ပစ္စယာ....(ဝိညာဏ်ကံ)
မဝိုင်းသေးဘူးလား....(ဝိုင်းပါပြီဘုရား)။

နောက်တုန်းက ဘယ်လိုနေခဲ့ရတယ်ဆိုတာ ပေါ်ပြီ....(ပေါ်ပါပြီ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အစကို တွေ့သေးရဲ့လား....(မတွေ့ပါဘုရား) ဒါ့ကြောင့် သတ္တဝါအစ ငါဘုရား ရှာမတွေ့ဘူးတဲ့....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ဖြစ်တဲ့အစကို-(ရှာမတွေ့ပါဘုရား) ရှာမတွေ့ဘူး၊ တရားတော့ တွေ့တယ်ကဲ့၊ ပဋိုလ်အစတော့ ရှာမတွေ့ဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပဋိုလ်အစက ကြက်ဥလိုဖြစ်နေတယ်၊ မတွေ့နိုင်ဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ပဋိုလ်အစက ကြက်ဥလိုဖြစ်နေတော့ အစ ရှာတွေ့ရဲ့လား.... (မတွေ့ပါဘုရား)။

တရားအစတော့ ငါသိပါတယ်....တဲ့၊ အဝိဇ္ဇာနဲ့ တဏှာက စတာ၊ ပဋိုလ်အစတော့ ငါမသိဘူးတဲ့....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘယ်လောက်ထိအောင် ရှည်တယ်ဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ နောက်တုန်းက ဘယ်လိုနေခဲ့ရတယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) အဝိဇ္ဇာကြောင့်-(သင်္ခါရဖြစ်ပါတယ်ဘုရား)သင်္ခါရကြောင့်....(ဝိညာဏ်

ဖြစ်ပါတယ်ဘုရား) (ပေယျာလ) ဇာတိကြောင့်.... (ဇရာမရဏ ဖြစ်ပါတယ်ဘုရား)။

ဇရာ မရဏအချိန်မှာ သောက, ပရိဝေဒ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဝိုင်းလာတာဘဲ....(မှန်ပါ့) ဝိုင်းတော့ အာသဝ ဝင် မလာဘူးလား.... (ဝင်လာပါတယ်ဘုရား) အာသဝကြောင့် ဘာဖြစ်ပြန်သတုံး....(အဝိဇ္ဇာဖြစ်ပါတယ်ဘုရား) အဝိဇ္ဇာဖြစ်ပြန် တော့....(သင်္ခါရဖြစ်ပါတယ်ဘုရား) ကဲ....မဝိုင်းသေးဘူးလား.... (ဝိုင်းပါတယ်ဘုရား)။

ဘယ်တော့မဆို ခင်ဗျားတို့ နောက်တုန်းက နေခဲ့ရတာ ဤအတိုင်းဘဲလို့ သာ မှတ်ပေတော့....(မှန်ပါဘုရား) ဒီလို ဆရာ ကောင်းမှ မတွေ့သေးဘူးဆိုယင် ဘယ်နေရာက ဖြတ်ရမယ်လို့ မသိပါဘူး....(မသိပါဘုရား) သိကြပလား.... (မသိပါဘုရား)။

နောက်တုန်းက တပည့်တော်တို့ ဘယ်လိုနေခဲ့ရသတုံး-ဟောဒီ အဝိုင်းပေါ်မှာ လျှောက်ပြေးနေတယ်....(မှန်ပါ့) သံသရာ့ခရီး သည်ဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်မှာ နေပါလိမ့်ဗျာ....(အဝိုင်းပေါ်မှာလျှောက်ပြေးနေ ပါတယ်ဘုရား) အဝိုင်းပေါ်မှာ ပြေးနေတယ်ဆိုတာ သေချာ ပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ အခု ဆရာဘုန်းကြီးက ဘုရား ကိုယ်စားလှယ်လုပ်ပြီးသကာလ အဝိုင်းပြေးကို ရပ်အောင် ဟော လိမ့်မယ်....(မှန်ပါ့) တန့်တည်း ဟောလို့တော့ မပြီးဘူး.... (မှန်ပါ့) ကိုယ်ဝိုင်းနေတာသိတော့မှ ဘယ်လို ဖြတ်ရမယ်ဆိုတာ ပေါ်လာတယ်....(မှန်ပါ့)။

အခု ဝိုင်းပုံ ပေါ်ခဲ့ပလား.... (ပေါ်ပါပြီဘုရား) နောက် တုန်းက ဘယ်လိုနေခဲ့ရသလဲ.... (အဝိုင်းပြေး- ပြေးခဲ့ရပါတယ် ဘုရား) ရှေ့.ကိုလဲ တကာတကာမတွေ ဖြတ်နည်းကို မပြယင် ဘယ်လိုသွားကြမယ်....(အဝိုင်းပြေး-ပြေးနေရမှာပါဘုရား)။

ကောင်းပြီ.... ဖြတ်နည်း ပြလို့ရှိယင်ဖြင့် ခင်ဗျားတို့သည် အဝိုင်းဇာတ်သိမ်းပြီးသကာလ သံသရာပြတ်ပြီ-(မှန်လှပါဘုရား) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်- မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

အဓိပတိသုံးပါးထား၍ တရားအားထုတ်ပါ

ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကိုသာ ဝိပဿနာရှုပါ

နေ့-အလုပ်ပေးတရားတော်

၁၃၂၁-ခု၊ ဒုတိယဝါဆိုလဆုတ် ၁၂-ရက်။

တရားနာခြင်းသည် တကာတကာမတွေ ဘယ်အကျိုးငှါတုံး လို့ဆိုလို့ရှိယင် ပဋိသန္ဓေနေချင်း ဆင်းရဲလွတ်ချင်လို့....(မှန်ပါ့) အိုခြင်း ဆင်းရဲ.... (လွတ်ချင်လို့ပါဘုရား) နာခြင်း ဆင်းရဲ.... (လွတ်ချင်လို့ပါဘုရား) သေခြင်းဆင်းရဲ .... (လွတ်ချင်လို့ပါဘုရား)ကွဲခြင်း-ခွဲခြင်း ဆင်းရဲ....(လွတ်ချင်လို့ပါဘုရား)သောက ပရိဒေဝ ဆင်းရဲ ... (လွတ်ချင်လို့ပါဘုရား) ဒုက္ခ ဒေါမနဿ.... (လွတ်ချင်လို့ပါဘုရား)။

အဲဒီတော့ ဆင်းရဲလွတ်ချင်လို့ တရားနာကြ-တရားအားထုတ်ကြတာ ဖြစ်လေသောကြောင့် ဆင်းရဲ လွတ်ချင်လို့ ရှိယင်ဖြင့် အကြီးအကဲသုံးခုထားပြီး ကြိုးစားပါလို့ ဘုရားက ဟောတော်မူတယ်....(မှန်ပါ့)။

အကြီးအကဲသုံးခုဆိုတာ ဘာပါလိမ့်မလဲလို့မေးလို့ ရှိယင်ဖြင့် ၁-နံပါတ် မိမိကိုယ်ကို အကြီးအကဲ ပြုပြီးသကာလ အားထုတ်နည်းတမျိုး-(မှန်ပါ့ဘုရား) ၂-သူတပါးကို အကြီးအကဲထားပြီးသကာလ အားထုတ်နည်းတမျိုး၊ ၃-တရားကို အကြီးအကဲထားပြီးသကာလ အားထုတ်နည်းတမျိုး၊ ဘယ်နှစ်မျိုးပါလိမ့်.... (သုံးမျိုးပါဘုရား)။

ဒါ....သေသေချာချာ မှတ်ထားကြစမ်းပါ တကာတကာမတို့၊ မိမိကိုယ်ကို အကြီးအကဲထား၍ အားထုတ်နည်း တမျိုး.... (မှန်ပါ့) သူတပါးကို အကြီးအကဲထား၍.... (အားထုတ်နည်းတမျိုးပါဘုရား) တရားကို အကြီးအကဲထား၍.... (အားထုတ်နည်း တမျိုးပါဘုရား)။

မမေ့စေနဲ့ မမေ့စေနဲ့ တကာ တကာမတွေ့ ပဋိစ္စသမုပ္ပါဒ် မပြမီ ဒီဥစ္စာ သတိပေးတာကို ရှေ့ပိုင်းက ထားပါတယ်။

၁-နံပါတ်က ဘယ်သူ့အကြီးအကဲထားရမယ်....(မိမိကိုယ်ကို အကြီးအကဲထားရပါမယ်ဘုရား) ၂-နံပါတ်က.... (သူတပါးကို အကြီးအက ထားရပါမယ်ဘုရား) ၃-နံပါတ်က.... (တရားကို အကြီးအကဲထားရပါမယ်ဘုရား)။

ဤကြိုးစားနည်းသုံးမျိုးနဲ့ တကာတကာမတွေ့ ကြိုးစားကြပါမူကား အင်္ဂုတ္တိရ်ပါဠိတော်မှာ သေသေချာချာ ဒီဘဝမှာပင် ခုနင်က ပြောခဲ့တဲ့ ဒုက္ခတွေ ကျတ်ပါလိမ့်မယ်- လွတ်ပါလိမ့်မယ်လို့ ဘုရားဟောတယ်လို့ မှတ်ရမယ်....(မှန်ပါ့) ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်မပြမီ ဒါကို ရှေ့ပိုင်းက တကာတကာမတွေ့ သြော်.... ဒို့....ကြိုးစားနည်းဟာ ဒီအကြိုး အကဲသုံးမျိုးနဲ့ ကြိုးစားမှ ဒို့....ဒီဘဝမှ ဆင်းရဲမျိုးစုံအကုန်လွတ် ပါလားလို့ မှတ်ထားကြပါ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ မိမိတို့ တရား အား ထုတ်နေတယ်၊ စိတ်ကလေး ဖြစ်ပျက် အားထုတ် အားထုတ်, ဝေဒနာကလေး၏ ဖြစ်ပျက်ကိုဘဲ အားထုတ် အားထုတ်၊ အား ထုတ်တဲ့အခါမှာ မိမိကိုယ်ကို အကြီးအကဲထားပြီး အားထုတ် ရမယ်....(မှန်ပါ့)။

ဘယ်လိုအကြီးအကဲထားပြီး အားထုတ်ရမှာတုံး.... ဆိုကော ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကိုယ့်ကိုယ်ကိုယ် မြောက်ပေး ရမယ်....(မှန်ပါ့)။

ငါသည် အဝတ်လို့လဲ့လဲ့ တရားအားထုတ်တာ မဟုတ်ဘူး၊ အစားလိုလို့လဲ့ အားထုတ်တာမဟုတ်ဘူး၊ နေရာထိုင်ခင်းလိုလို့ လဲ့ တရားအားထုတ်တာ မဟုတ်ဘူး၊ အဝတ် အစား နေရာ ထိုင်ခင်းပေါ့ဗျာ....(မှန်ပါ့)။

ဟိုဘဝ ဒီဘဝကို ရောက်ချင်လို့ အားထုတ်တာလဲ မဟုတ် ဘူး၊ မူလကပြောခဲ့တဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိ ဒေဝ ဒုက္ခ ဒေါမနဿတို့မှ ကျွတ်လို့လွတ်လို့လို့ အားထုတ်တာ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မိမိအားထုတ်တာသည် ဇာတိ ဇရာ မရဏ စသည်တို့မှ ကျွတ်လို့ လွတ်လို့လို့ အားထုတ်တာဆိုပြီးသကာလ .... မိမိတို့၏

ဒီတရားကလေးတွေကို တခါတည်း ပေါ်တိုင်း ပေါ်တိုင်း အပျက်ကလေးတွေ မြင်အောင် ကြည့်ကြည့်, ကြည့်ကြည့်ပြီး သကာလ တကာ တကာမတွေသည် ကြိုးစားရမယ် .... (မှန်ပါ့ဘုရား)။

တကာ တကာမတွေ ကြိုးစားရမှာက မိမိကိုယ်ကို အကြီး အကဲထားပြီး ကြိုးစားရမယ်နော်....(မှန်ပါ့)။

ကိုယ့်ကိုယ်ကိုယ် မြောက်တင်ပါ၊ ငါသည် အဝတ်လိုလို. တရားအားထုတ်တာမဟုတ်ဘူး၊ အစားလိုလို. .... (တရားအား ထုတ်တာ မဟုတ်ပါဘုရား)။

နေရာထိုင်ခင်းလိုလိုကော....(တရားအားထုတ်တာ မဟုတ်ပါ ဘုရား) ဟိုဘဝ ဒီဘဝ ရောက်ချင်လို့ အားထုတ်တာလား.... (မဟုတ်ပါဘုရား)။

ဒီလိုလဲ မဟုတ်တော့ ဒါ.... မိမိကိုယ်ကို အဓိပတိထားရမယ် နော်....(မှန်ပါ့)။

ထိုကဲ့သို့ အကြီးအကဲထားပြီး သကာလ.... ငါသည် ဇာတိ ဇရာ ဗျာဓိ မရဏတို့မှ လွတ်လိုလို. ကြိုးစားတာဆိုပြီး သကာလ မိမိတို့၏ ဝေဒနာဖြစ်ပျက်ပေါ်ဦးငင်း၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်က စိတ်-ဖြစ်ပျက်ပေါ်ဦးငင်း၊ စုံးစုံးစိုက်စိုက်သာရှုပြီးသကာလ အားထုတ် ကြမယ်ဆိုလို့ ရှိယင်လဲ ဒီဘဝမှာ ခုနင်က ပြောခဲ့တဲ့ ဒုက္ခတွေ အကုန်သိမ်းပါလိမ့်မယ်....(မှန်ပါ့)။

ဒါ....ဘယ်သူ့ကို အကြီးအကဲထားပြီး အားထုတ်တာတုံး.... (မိမိကိုယ်ကို အကြီးအကဲထားပြီး အားထုတ်တာပါဘုရား) မိမိ

သည် အဝတ်လိုလို့လဲ တရားအားထုတ်တာ မဟုတ်ဘူး....(မှန်ပါ့ဘုရား)။

အစားလိုလို့လဲ....(အားထုတ်တာမဟုတ်ပါဘုရား) နေရာထိုင်ခင်းလိုလို့လဲ....(အားထုတ်တာမဟုတ်ပါဘုရား)။

ဟိုဘဝ ဒီဘဝ ရောက်ချင်လို့လဲ....(အားထုတ်တာမဟုတ်ပါဘုရား) ဇာတိ ဇရာ ဗျာဓိ မရဏတို့မှ ကျွတ်လို လွတ်လိုလို့ အားထုတ်တာလို့ မိမိကိုယ်ကို အကြီးအကဲထားပြီး အားထုတ်ပါမှုကား....တကာ တကာမတွေ ဒီဘဝမှာ ဒုက္ခခပ်သိမ်း ငြိမ်းပါလိမ့်မယ်လို့ ဘုရားက ဟောတော်မူတယ်....(မှန်ပါ့) ရှင်းပလား(ရှင်းပါပြီဘုရား)။

၁-နံပါတ် အားထုတ်နည်းကို အားထုတ်ကတ်ကြပလား....(အားထုတ်တတ်ပါပြီ) ဘယ်သူ့ကို အကြီးအကဲထားပြီး အားထုတ်ရမလဲ....(မိမိကိုယ်ကို အကြီးအကဲထားပြီး အားထုတ်ရပါမယ်ဘုရား)။

ကောင်းပြီ....၁-နံပါတ်အတိုင်း ကိုးစားပါ။

၂-နံပါတ်က သူတပါးကို အကြီးအကဲထားပြီး ကိုးစားရမယ်....တဲ့၊ တရားအားထုတ်တဲ့အခါမှာနော်....(မှန်ပါ့)။

သူတပါး အကြီးအကဲထားပြီး အားထုတ်ရမယ်ဆိုတာသည် တကာ တကာမတို့ မိမိက တရားအားထုတ်နေတယ်၊ အဖြစ် အပျက်ကလေးတွေ မြင်အောင်ကြည့်ပြီးသကာလ.... အားထုတ်နေတုန်း လောဘကလေးဝင်လာမယ်၊ ဒေါသကလေးဝင်လာမယ်၊ သားရေ, သမီးရေး, စိုးပွားရေးနဲ့ပတ်သက်တဲ့ အကြောင်း

ကလေး ဝင်လာမယ်ဆိုလို့ ရှိယင်ဖြင့် တကာတကာမတွေ ဖြေဖျောက်ရမယ်....(မှန်ပါ့)။

သူတပါးကို အကြီးအကဲထားပြီးသကာလ....ဖြေဖျောက်ပစ်ရမယ်....(မှန်ပါ့) ဘယ်လိုအကြီးအကဲထားပြီးသကာလ.... ဖြေဖျောက်ရမလဲလို့ မေးခွန်းထုတ်လို့ ရှိယင်ဖြင့် သြော်....မင်းသည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် အဝတ်အစား နေရာထိုင်ခင်း ဟိုဘဝ ဒီဘဝလိုလို့ လဲ တရားအားထုတ်တာ မဟုတ်ဘူး....(မှန်ပါ့ဘုရား)။

မင်း-တရားအားထုတ်နေတဲ့အချိန်မှာ မင့်သန္ဓာန်မှာ အခုလောဘကလေး ဝင်လာတယ်၊ ဒေါသကလေး ဝင်လာတယ်၊ မောဟကလေး ဝင်လာတယ်၊ မင်း-မရှက်ဘူးလား၊ သူတပါးက မင်းကိုသိတယ်....(မှန်ပါ့)။

အသိဉာဏ်ရတဲ့ပုဂ္ဂိုလ်တွေက မသိပေဘူးလား....(သိပါတယ်ဘုရား) ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်တွေကကော....(သိပါတယ်ဘုရား)။

မင်း-မရှက်ဘူးလား၊ မင့်ဟာ အဝတ် အစား ဘုံဘဝလိုလို့ အားထုတ်တာမဟုတ်ဘဲနဲ့ အိုဘေး, နာဘေး, သေဘေး လွတ်အောင်လို့ အားထုတ်တာ မင်းက ယခုကြည့်စမ်း.... တရားကို ကန့်ကွက်တဲ့တရားတွေ လက်ခံတယ်။

လောဘ, ဒေါသ, မောဟဆိုတဲ့တရားတွေ လက်ခံလာတယ်၊ သားရေး, သမီးရေး, စီးပွားရေးတွေ မင်းဝမ်းထဲဝင်ပြီးသကာလ အကြောင်းတိုက်ဆိုင်ချင်လို့ ပေါ်လာတာတွေ မင်းက ထိုင်တာ

ကတော့ တရားအားထုတ်နေတယ်၊ ဝင်လာတဲ့တရားတွေကသားရေး, သမီးရေး, စီးပွားရေး- ဆိုတဲ့ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသ ဝိတက်တွေ ဝင်လာတယ်။

မင်း-မရှက်ဘူးလား၊ မင်းကိုယ်စောင့်နတ်လဲ မင်း-မရှက်တရား အားထုတ်နေတာ မဟုတ်ဘူး၊ မင်း-ဒီဝိဘက်တွေ လက်ခံနေတာ....(မှန်ပါ့ဘုရား)။

သူတပါးစိတ်ကိုသိတဲ့ အဘိညာဏ်ရတဲ့ပုဂ္ဂိုလ်တွေက မင်းကိုသိတယ်၊ မင်းတရားအားထုတ်နေတာမဟုတ်ဘူး၊ မင်း-ဒါတွေလက်ခံနေတယ်ဆိုတာ မင်းကိုသိတယ်....(မှန်ပါ့)။

သူတပါးစိတ်ကို ပိုင်းခြားသိတဲ့ပုဂ္ဂိုလ်တွေကလဲ မင်း-ဖြစ်နေတဲ့ ဖြစ်စဉ်ကြီး အကုန်သိတယ်၊ မင်း သူတပါးကို မရှက်ဘူးလား၊ သူတပါးကို မလေးစားဘူးလား၊ သူတပါးပေါ်၌ မင်းသည်ကား....လို့ ဆိုလို့ရှိယင် ရှက်ကြောက်မှုကင်းပြီး သကာလ လက်ခံတာလားဆိုပြီး သူ့ကို အကြီးအကဲထားပြီးသကာလ.... သူတပါးကိုင်ပြီး သူတပါး သိလိမ့်မယ်ဆိုပြီးသကာလ ဒီဝိတက်တွေ လာလို့ရှိယင် တကာတကာမတွေ ရှုနေရင်းမတွန့်ခုန်ကသားရေး,သမီးရေး,ဆိုတဲ့ ကာမဝိတက်တွေ ဝင်လာမယ်။

စားရေး သောက်ရေး-ဆိုတဲ့ စိုးရိမ်မှု ဗျာပါဒဝိတက် ဝင်လာမယ်၊ သူတပါးကို ညှဉ်းဆဲချင်တဲ့စိတ်တွေ ဝင်လာမယ်ဆိုယင်ဖြင့် မင်း-မရှက်ဘူးလား။

မင်း သည်ကား....လို့ ဆိုယင်ဖြင့် တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်ကတော့ မင်း ဟုတ်ပါရဲ့၊ မင်း-လက်ခံထားတာတွေကတော့

ငါးပါးအာရုံ ကာမဂုဏ်ဝိတက်တွေ ဒေါသစိတ်တွေ ဗျာပါဒဝိတက်စိတ်တွေ ဒါတွေဝင်လာတာ မင့်-ကိုယ်စောင့်နတ်ကလဲ မင့်ကိုသိတယ်၊ နတ်ပြည်ကနတ်သားတွေကလဲ မင့်ကို စိုက်ကြည့်ယင် သိတာဘဲ။

လောကကြီးထဲမှာ သူတပါးစိတ် သိတဲ့ အဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်တွေကလဲ မင့်ဖြစ်နေတဲ့ဖြစ်စဉ်ကို သိတယ်၊ မင်းဟာ သူတပါးမှ မင့်ဘဲနဲ့ မင်း လက်ခံမှုလုပ်နေတာ မင်း-အင်မတန် ဆိုးတယ်ဆိုပြီး သူတပါးကို အကြီးအကဲထားပြီး သူတပါးမြင်မှာ၊ သူတပါးသိမှာ၊ သူတပါးစ်တ်ကူးထဲ ပေါ်မှာစိုးတာနဲ့ ကိုယ့်အလုပ်ကိုယ် ရဲရဲတင်းတင်း ဒါတွေခွာပြီးသကာလ.... ဖြစ်ပျက်လုပ်လို့ရှိယင် သူတပါးကို အကြီးအကဲထားပြီး ကြိုးစားသောကြောင့်လဲ မင်္ဂိုလ်ကို ဒီဘဝရပါတယ်....(မှန်ပါ့) ဒုက္ခခပ်သိမ်းငြိမ်းပါတယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

၁-နံပါတ်က ဘယ်သူအကြီးအကဲထားရမယ်.... (မိမိကိုယ်ကို အကြီးအကဲထားရမယ်) ၂-နံပါတ်က....(သူတပါးကို အကြီးအကဲထားရပါမယ်ဘုရား)။

အဲ....သူတပါးကို အကြီးအကဲထားပြီး ကြိုးစားလို့ရှိယင်လဲ မင်္ဂိုလ်ဆိုက်ပါတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

၃-နံပါတ်ဆိုတာက ဘာကိုအကြီးအကဲထားပြီးအားထုတ်ရမှာတုံး .... (တရားကို အကြီးအကဲထားပြီး အားထုတ်ရမှာပါဘုရား)။

တရားကို အကြီးအကဲထားပြီး ကြိုးစားရမယ် တကာတကာမတို့၊ တကာတကာမတွေက တရားအားထုတ်နေတယ်၊ ဘယ်သူဟောတာ အားထုတ်ပါလိမ့်မတုံး.... ဆိုတော့ ဘုရားဟောတာ ဘုရားဟောအတိုင်း ဆရာဘုန်းကြီးတို့က ဟောတာ.... (မှန်ပါ့ဘုရား)။

ဒါတွေ့ အားထုတ်ပြီး ဖြစ်ပျက် ရှုနေကြတယ်၊ ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်-ပျက်လိုက် ရှုနေကြတာယ်။

ဒီစိတ်ကလေးကိုဘဲ၊ ဒီဝေဒနာကလေးကိုဘဲ ဖြစ်ပျက် ရှုပြီးနေတဲ့အချိန်မှာ ခင်ဗျားတို့ ဒီလို စဉ်းစားလိုက်တော့ သွာက္ခာတော ဘဂဝ တာဓေမွာ၊ ဘဝဂတာ = မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်၊ ဓမ္မော=တရားကို၊ သွာက္ခာတော= ကောင်းစွာ ဟောတော်မူအပ်၏၊ ဘုရားဟောတော်မူတဲ့ တရားက တရားကောင်းမဟုတ်လား....(မှန်ပါ့)။

တရားကောင်းတော့ ဟောထားတော့ တခါ-သန္ဒိဋ္ဌိကော.... ကိုယ်တိုင် မြင်လာလိမ့်မယ်ဆိုတာကော မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

အကာလိကော=အခါမလင့် အကျိုးပေးမယ်ဆိုတာကော.... (မှန်ပါတယ်ဘုရား) ဒါ တရားလုပ်ယင် ဒီအတိုင်း လာရမယ် မဟုတ်လား....(မှန်ပါ့)။

အဲဒီတော့.... ဒီတရားတွေကို အားထုတ်နေတဲ့အချိန်မှာ ဖြစ်ပျက်တွေ အားထုတ်နေတဲ့အချိန်မှာ တကာ တကာမတွေက

သြော်....တရားကိုကလဲ ကောင်းစွာဟောတဲ့တရား၊ အာဒုတ် လိုက်လို့ ရှိယင်လဲ ကိုယ်တိုင်မြင်မည့်တရား၊ ကိုယ်တိုင်မြင်ပြီး သကာလ ကိုယ်တိုင် အကျိုးခံစားရမည့်တရား၊ မိမိ-အာဒုတ် နေတာဖြစ်ပါ၀ါလျက်သားနဲ့ မင်းသဲ့သည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် ဤကဲ့သို့သောတရားတော့ဟာ ကောင်းစွာ ဟောတော်မူတဲ့တရား ဖြစ်ပါ၀ါလျက် ကိုယ်တိုင် မြင်ရမည့်တရား ကောန် ဖြစ်ပါ၀ါလျက်၊ အကျိုး ချက်ခြင်း ပေးမည့်တရား ကောန်ဖြစ်ပါလျက် မင်းသည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် ကောင်းစွာ ဟောတော်မူတဲ့တရား တော့ဟာလဲ ပျက်ကွန်မှာဘဲ....(မှန်ပါ့)။

တရားတွေ ဖျက်ပစ်တာနဲ့မတူဘူးလား....(တူပါတယ်ဘုရား) ကိုယ်တိုင်မြင်ရမည့်တရားတွေကို ဘုရားက ဟောထားပါလျက် သားနဲ့ ရှုယင် ကိုယ်တိုင်မြင်ပါမယ်ဆိုတဲ့ဥစ္စာလဲ မင်း-ဖျက်ပစ် တာနဲ့ အတူတူဘဲ....(မှန်ပါ့)။

အခါမလင့် အကျိုးပေးမယ်ဆိုတာကိုလဲ တရားသဘောက အကျိုးပေးတာ မှန်ပါလျက်သားနဲ့ မင်း-မမြင်ဘူး ဆိုလို့ ရှိယင် ဖြင့် မင်း-တရားကို အကြီးအကဲထားပြီးသကာလ ဒီလိုဖြစ်လိမ့် မယ်ဆိုလို့ ဒီလိုကြိုးစားတာဘဲလို့ ရဲရဲတင်းတင်းကြိုးစားရမည့် အလုပ်ဟာ မင်းသန္တာန် မပေါ်လာဘူးလား ဆိုယင်ဖြင့် တရား သဘောတွေဟာ ကောန်အမှန် အကျိုးပေးပါလျက်သားနဲ့ မင်း-ဖျက်တဲ့ပုဂ္ဂိုလ်ဘဲဆိုပြီးသကာလ-တရားကိုဘဲ ဖြစ်ထိုက်တဲ့တရားမို့ ဖြစ်အောင်လုပ်မဟဲ့... ဆိုတဲ့ ဝိရိယ ပြင်ပြီးသကာလ.... တရားကို အကြီးအကဲထားပြီး ကြိုးစားလိုက်လို့ ရှိယင်လဲ ဒီဘ၀ မဂ်ရ-ရ

မယ်တဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ဘယ် နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။

ဒါဖြင့် တကာ တကာမတို့.... တရားကြိုးစားတဲ့ပုဂ္ဂိုလ်မှာ သုံးမျိုးထားပြီး ကြိုးစားရမယ်နော်.... (မှန်ပါ့) မိမိကိုယ်ကို အကြီးအကဲထား၍လဲ....(ကြိုးစားရပါမယ်ဘုရား)။

သူတပါး မြင်မှာတွေကို ကြောက်သဖြင့်လဲ .... (ကြိုးစားရပါမယ်) တရားက ကောင်းစွာဟောတဲ့တရားမို့ ကောင်းကျိုးပေးမှာကိုပင်လျှင် ကေန်သိသောကြောင့်လဲ-(ကြိုးစားရပါမယ်ဘုရား)။

ကြိုးစားမယ်ဆိုတော့ အဓိပတိ ဘယ်နှစ်ပါးနဲ့ ကြိုးစားရမလဲ....(သုံးပါးနဲ့ ကြိုးစားရပါမယ်ဘုရား)။

ဤကဲ့သို့ တကာ တကာမတွေ .... ဤသုံးမျိုးနဲ့ ကြိုးစားလို့ ရှိယင်ဖြင့် တကာတကာမတို့ ဇာတိဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ-ဆိုတဲ့ ဝဋ်ဒုစ်စသမုပ္ပါဒ်ကြီးမှ မုချ ကျွတ်လွတ်ပြီး သကာလ .... ဒုက္ခခပ်သိမ်း ငြိမ်းပါလိမ့်မယ်လို့ ဘုရားက ဟောတော်မူလိုက်တယ်....(မှန်ပါ့)။

အဓိပတိ ဘယ်နှစ်မျိုးထားပြီး ကြိုးစားရမလဲ .... (သုံးမျိုးထားပြီး ကြိုးစားရပါမယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဒီသုံးမျိုး မေ့ဖြစ်အောင် မေ့ပါလို့ ဆိုတာ သတိပေးလိုက်ပါတယ်....(မှန်ပါ့) ဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။

ကိုယ့်ကိုယ် အဓိပတိထားသဖြင့်....(ကြိုးစားရပါမယ်ဘုရား) သူတပါးတွေက မြင်မှာ စိုးရိမ်သဖြင့် .... (ကြိုးစားရပါမယ် ဘုရား)။

တရားတွေက ကောင်းစွာဟောပါလျက်သားနဲ့ ကိုယ့်သန္တာန် မကောင်းတဲ့တရား ဝင်လာလို့ရှိယင် တရားကို အဓိပတိမထားလို့ ရှိယင်လဲ မကောင်းတဲ့တရားတွေ ဝင်တာဘဲ.... (မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

အဲဒါ တရားကြိုးစားနည်း သုံးမျိုးလို့ ဘုန်းကြီးတို့ တကာ တကာမတွေ မှတ်လိုက်စမ်းပါ....(မှန်ပါ့) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ်ကို ပြကြပါစို့.....။

ဒီနေ့တော့ တကာ တကာမတွေ မမြင် မရှိရပါဘူး၊ မြင်ရ တော့မယ်....(မှန်ပါ့)။

တကာ တကာမတို့သန္တာန်မှာ တရားနာတဲ့ ပုဂ္ဂိုလ်တွေမှာ အိမ္မ, သေမ္မ, အတွင်းမှာ ရှိပါရဲ့လားလို့ မေးယင်....(ရှိပါတယ် ဘုရား)။

အိမ္မလဲ ရှိတယ်နော်....(မှန်ပါ့) သေမ္မကော.... (ရှိပါတယ် ဘုရား) အိမ္မကလဲ မီးလောင်လို့အိုတာဘဲ....(မှန်ပါ့)သေတာလဲ မီးလောင်လို့ ပြောင်တာဘဲ....(မှန်ပါ့)။

ဒါကြောင့် တကာ တကာမတွေသန္တာန်မှာ အိမ္မ, သေမ္မ ဆိုတာ ရှိနေတယ်ဆိုတာဖြင့် သူများပြောလား....၊ ကိုယ့်လက်

ကိုယ်စမ်းကြည့်၊ ကိုယ့်ရင်ပတ်ကိုယ် စမ်းကြည့်ယင် မတွေ့နိုင်ဘူးလား....(တွေ့နိုင်ပါတယ်ဘုရား)။

ပုမ္ဗကလေး မတွေ့လား....(တွေ့ပါတယ်ဘုရား) အဲဒါ.... အိုအောင်လုပ်နေတာ သူဘဲ....(မှန်ပါ့) သေအောင်လုပ်နေတာကော....(သူပါဘဲဘုရား)။

ဒါဖြင့် အိုမှု, သေမှု ရှိတော့ တကာတကာမတွေ့ ခန္ဓာကိုယ်ထဲမှာ သေမင်းများ ပါရဲ့လား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့.... သူတို့နှစ်ခု ရှိနေလို့ ရှိယင်ဖြင့် ငါတို့ ဒီဘဝဖြင့် နေကောင်းပါရဲ့၊ ကျန်းမာပါရဲ့၊ ချမ်းသာပါရဲ့ ဆိုပြောသော်လဲ စမ်းမကြည့်လို့ ပြောတာ... (မှန်ပါ့)။

အိုတတ်တဲ့တရားက အမြဲတမ်း အိုအောင် လုပ်နေတယ်....၊ သေအောင်လုပ်တဲ့တရားကကော....(အမြဲတမ်း သေအောင် လုပ်ပါတယ်ဘုရား)။

ကောင်းပြီ.... အဲဒီ အိုမှု, သေမှု ရှိနေသ၍ကာလပတ်လုံးဖြင့် ချမ်းသာသည်ဆိုတဲ့စိတ် ဘယ်တော့မှ မတွေးပါနဲ့ .... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ချမ်းသာတဲ့စိတ် ဘယ်တော့မှ မတွေးပါနဲ့၊ ဘာရှိနေလို့ ပါလိမ့်....(အိုတဲ့တရား ရှိနေလို့ပါဘုရား)။

လက်တွေ့စမ်းကြည့်ပါ၊ ခန္ဓာကိုယ်ထဲမှာ ပူပူနွေးနွေး ရှိပါရဲ့လား....(ရှိပါတယ်) အဲဒါ မီးခတ်မဟုတ်လား....(မီးခတ်ပါဘုရား) ဘာလုပ်နေတာပါလိမ့်....(လောင်နေတာပါဘုရား)။

လောင်တာဟာ ဘယ်လိုဖြစ်အောင် လောင်တာပါလိမ့်.... (အိုအောင် လောင်တာပါ) နောက်ကျတော့ ပြောင်အောင် လောင်တာ....(မှန်ပါ့) မလာပေဘူးလား .... (လာပါတယ်ဘုရား)။

ဘာလာမယ်ထင်ကြသတုံး .... (ပြောင်အောင် လောင်တာ လာပါမယ်)အိုအောင်လဲ လောင်မှာဘဲ၊ ပြောင်အောင်ကော.... (လောင်မှာပါဘုရား)။

ဒါဖြင့် သူတို့ကို ပါဠိလိုသုံးတဲ့အခါကျတော့ ဘယ်နှယ် သုံးကြမလဲ....(ဇရာ မရဏပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါဖြင့် ပဋိစ္စသမုပ္ပါဒ်အဆုံးမှာ ဇရာ မရဏရှိတယ်ဆိုတာ မှတ်ထားပါ....(မှန်ပါ့)။

ဒီဘက်က ဇရာ၊ ဒီဘက်က မရဏ၊ တကာ တကာမတော့.... အားလုံး မြင်ကြရဲလား....(မြင်ရပါတယ်ဘုရား) ဘာတဲ့....ဒီနှစ်ခုက....(ဇရာ မရဏပါဘုရား) အိုအောင်လုပ်တဲ့တရားနဲ့ သေအောင်လုပ်တဲ့တရား....(မှန်ပါ့)။

ဩော်....ဘယ်မှာနေပါလိမ့် .... (ခန္ဓာကိုယ်ထဲမှာပါဘုရား) ခန္ဓာကိုယ်ထဲမှာရှိတယ်ဆိုတော့ တေဇောဓာတ်ဆိုတာ ပေါ်ကြပြီ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတော့ ဒီဘဝဖြင့် အိုမှုဒုက္ခကြီးလဲ ဒီမှာအပြည့်ရှိနေတာဘဲလို့ ခန္ဓာကိုယ်ထဲ စဲ့ချက်တင်လိုက်ပါတော့.... (မှန်ပါ့)။

သေမှုဒုက္ခလဲ ဒို့မှာ ကြုံရတော့မှာဘဲ၊ ဆုံရတော့မှာဘဲဆိုတာ မှတ်လိုက်ပါတော့....(မှန်ပါ့) ရှိမနေဘူးလား....(ရှိပါတယ်ဘုရား) ဘယ်အထဲမှာရှိပါလိမ့်.... (ခန္ဓာကိုယ်ထဲမှာပါဘုရား)။

ရှာကြ, ရှာကြပါ၊ ခန္ဓာကိုယ်ထဲရှာတော့ တကာတကာမတွေ မတွေ့ပေဘူးလား....(တွေ့ပါတယ်ဘုရား)။

ခန္ဓာကိုယ်ထဲရှာတော့ တွေ့တော့ ဩော်.... ဇရာ မရဏသည်ကား....လို့ ဆိုယင် ဒို့ကို နှိပ်စက်တဲ့တရားဘဲလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် တေဇောက နှိပ်စက်သမား၊ တေဇောမှတပါးသောကျန်တဲ့ ရုပ်နာမ်တွေက အနှိပ်စက်ခံသမား....(မှန်ပါ့) နှိပ်စက်တတ်တဲ့တရားနဲ့ အနှိပ်စက်ခံတတ်တဲ့တရားနဲ့ တွဲလျက်ကြီးဖြစ်နေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နှိပ်စက်တတ်တဲ့တရားနဲ့ အနှိပ်စက်ခံတဲ့တရားနဲ့ ဘာဖြစ်နေသတုံး....(တွဲလျက်ကြီးပါဘုရား)။

ဒါ....တကာတကာမတွေ၏ ခန္ဓာကိုယ်ထဲမှာ ဇရာဖြစ်အောင်လုပ်တဲ့ တေဇော၊ မရဏပြောင်အောင်လုပ်, သေအောင်လုပ်တဲ့ တေဇောဆိုတာက တကာတကာမတွေ အပြည့်ရှိပြီးသကာလ.... နေသောကြောင့် သူ နှိပ်စက်သ၍ဖြင့် ကျုပ်တို့ မငြင်းမဆန်ခံနေရတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မငြင်းမဆန်ဘဲနဲ့ ခံနေရတယ်ဆိုတာက ထ,သွားလဲ ပါတာဘဲ....(မှန်ပါ့) ထ,နေကော....(ပါ-ပါတယ်ဘုရား) နှိပ်စက်

တတ်တဲ့တေဇောကပါတော့ အနှိပ်စက်ခံရတဲ့ ကျန်တဲ့ ရုပ်နာမ် တွေက မငြင်းမဆန် ခံရတော့တယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ယခုလက်ရှိ ခန္ဓာကိုယ်ကြီးမှာ တေဇော လဲရှိ၊ တေဇော အလောင်ခံရတဲ့မီးလဲရှိ၊ ထင်းလဲရှိပေါ့ဗျာ.... (မှန်ပါ့) အဲ....မီးနဲ့ ထင်းနဲ့ အတူတူနေရတယ်....(မှန်ပါ့)။

ဒါဖြင့် ဒီခန္ဓာကြီးသည် ဘာသစ္စာခေါ်ကြမလဲ.... (ဒုက္ခသစ္စာပါ) ဒါ့ကြောင့် ဇရာပိ ဒုက္ခာ၊ မရဏမွိ....(ဒုက္ခံပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါ....ထပ်ပြီးသကာလ ပြောပါတယ် တကာ တကာမတို့.... (မှန်ပါ့) ကောင်းပြီ.... လက်ရှိ ခန္ဓာကြီးဟာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

နှိပ်စက်တတ်တဲ့တရားက ဘယ်သူပါလိမ့် .... (တေဇောပါဘုရား) အနှိပ်စက်ခံရတာက ကျန်တဲ့ရုပ်နာမ်....(မှန်ပါ့)။

နှိပ်စက်တတ်တဲ့တရားက....(တေဇောပါဘုရား) အနှိပ်စက်ခံတဲ့တရားက....(ကျန်တဲ့ ရုပ်နာမ်ပါ) တေဇောနဲ့ ကျန်တဲ့ ရုပ်နာမ်နဲ့ တဲ့မနေဘူးလား....(တဲ့နေပါတယ်ဘုရား)။

ဒါဖြင့် နှိပ်စက်တတ်တဲ့တရားရယ်၊ အနှိပ်စက်ခံရတဲ့ တရားရယ် တဲ့နေသောကြောင့် ဒလစပ်မပြတ် အနှိပ်စက်ခံနေခြင်းကြောင့် လက်ရှိခန္ဓာကို ဘာသစ္စာဖွဲ့ကြမယ် .... (ဒုက္ခသစ္စာပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဇရာပိ ဘယ်နှယ်ဆိုကြမယ်....(ဒုက္ခာပါဘုရား) မရဏမွိ....(ဒုက္ခံပါဘုရား)။

ဒါဖြင့် တရားနာနေကြတာ ဘယ်သူတွေပါလိမ့်မတုံး.... မေးယင် ဖြေတတ်ကြပလား....(ဖြေတတ်ပါပြီ) ဘယ်သူတွေ ပါလိမ့်မတုံးဗျာ .... (ဒုက္ခသစ္စာတွေပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သေသေချာချာ ဝိပဿနာဉာဏ်, သစ္စာဉာဏ် ဆိုက်အောင် ပြောနေတယ်....(မှန်ပါ့)။

သစ္စာဉာဏ် ဆိုက်အောင် ပြောနေတယ် တကာတကာမတွေ-ဒီအချိန်ဟာ သောတာပန် တည်ချင် တည်နိုင်တဲ့အချိန်ပါဘဲ.... (မှန်ပါ့) ခန္ဓာကိုယ်သာ ဉာဏ်ကလေး လှည့်ပေးလိုက်ပါ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ယခုရှင်းသာ ရှင်းနေရတယ် ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား) မီးနဲ့ ထင်းနဲ့ တဲ့လျက်မနေဘူးလား.... (နေပါတယ်ဘုရား) ဒါဖြင့် ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)။

တရား နာနေကြတာ ကျန်းမာ ချမ်းသာလို့ နာနိုင်ကြသလား၊ ဒုက္ခရောက်လျက်နဲ့ နာနေရတာလား .... (ဒုက္ခရောက်လျက် နာနေရတာပါဘုရား) ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

အေး.... မီးလောင်ခံပြီး နာနေရသောကြောင့် အအိုခံပြီး နာရ၊ အသေခံပြီးနာရ၊ တကာသိုက်- ဒီမရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် ဩော်....ဒို့သည်ကား....လို့ ဆိုယင်ဖြင့် ဒုက္ခသစ္စာ၊ ခန္ဓာကိုယ်ကြီးဆိုတာ ထင်ရှားတယ်....(ထင်ရှားပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ဒီဇရာသည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် အလိုလိုလား၊ လက်သည် ရှိသေးသလားဆိုတာ မေးပါ....(လက်သည်ရှိပါတယ်ဘုရား)။

လက်သည် ဘယ်သူပါလိမ့်.... (ဇာတိပါဘုရား) ဩော်.... ဇာတိကြောင့် ဘာဖြစ်ပါလိမ့်....(ဇရာ မရဏဖြစ်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဇာတိပစ္စယာ=ပဋိသန္ဓေနေမှုကြောင့်၊ ဇရာ မရဏံ=အိုတတ် သေတတ်တဲ့ သဘောကြီး ဖြစ်ရသည်၊ ဟောတိ=ဖြစ်၏။

ဩော်....တကာတကာမတို့ ပဋိသန္ဓေနေမှုကြောင့် ဘာဖြစ်ရပါလိမ့်....(ဇရာ မရဏ ဖြစ်ရပါတယ်ဘုရား) မြန်မာလိုဆိုတော့ အိုမှု သေမှု ဖြစ်ရသည်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပဋိသန္ဓေနေမှုကြောင့်....(အိုမှု, နာမှု, သေမှု ဖြစ်ရပါတယ်) နာမှု မထည့်ပါနဲ့တော့၊ စာအတိုင်းဘဲ သွားကြပါစို့.... (မှန်ပါ့)။

အိုမှု, သေမှု ဖြစ်ရသည်၊ ရှေက နှစ်လုံးပြထားတယ်၊ မြင်ကြပလား....(မြင်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အိုမှု, သေမှုဟာ ဘယ်ကလာပါလိမ့်....(ဇာတိကလာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ပဋိသန္ဓေနေမှုက သမုဒယသစ္စာ၊ အိုမှု, သေမှုက....(ဒုက္ခသစ္စာပါဘုရား)။

ဒါက သူ့အကြောင်းနဲ့သူပြောရတယ် တကာသိုက်ရဲ၊ ပဋိသမ္ဘိဒါမက်ပါဦတော်မှာ ဟောတော်မူတာ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ အမိဝမ်းခေါင်းထဲမှာ အောင်းရခြင်းက ဇာတိ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီထဲက တခါတည်း လောင်လာရပြီး သကာလ.... တနေ့တခြား အိုပြီး တနေ့တခြား သေခါနီးဖြစ်ပြီး ပြောင်သွားရတဲ့ဥစ္စာသည် ဇရာနဲ့ မရဏဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဇရာ မရဏ၏လက်သည်ဟာ ဘယ်သူပါလိမ့် .... (ဇာတိပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဇာတိရှိလို့ ဇရာမရဏ လာတာဘဲဆိုတာ ကောင်းကောင်းသဘောကျပလား.... ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ အကြောင်းနဲ့အကျိုး ခဲပစ်တဲ့လူနဲ့ ခဲ ဘယ်ဟာက ကြောက်စရာ ကောင်းသတုံးလို့ မေးလို့ရှိယင် ဘယ့်နှယ်ဖြကြမလဲ.... (ခဲပစ်တဲ့လူက ကြောက်စရာကောင်းပါတယ်ဘုရား)။

ခဲက ကြောက်စရာမဟုတ်ဘူး၊ ခဲပစ်တဲ့လူက ပိုကြောက်စရာကောင်းတယ်....(မှန်ပါ့) ခဲပစ်တဲ့လူက တကာတကာမတွေကို နှိပ်စက်တာ ခဲက နှိပ်စက်ဘာမဟုတ်ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခဲဟာ သူ့ဟာသူ နေလို့ ရှိယင်ဖြင့် ဘယ်သူမှ မမှန်ဘူး၊ ခဲပစ်တဲ့လူလက်ထဲ ရောက်သွားပြီဆိုမှဖြင့် မှန်ချင်တဲ့ပုဂ္ဂိုလ် မှန်တော့တာဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ခဲပစ်တဲ့လူနဲ့ခဲဟာ ဘယ်ဟာက သာကြောက်စရာကောင်းသလဲ....(ခဲပစ်တဲ့လူက သာပြီး ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဇရာမရဏနဲ့ဇာတိ ဘယ်ဟာက သာပြီးကြောက်စရာကောင်းသတုံး....(ဇာတိက သာပြီး ကြောက်ဖွယ်ရာကောင်းပါတယ်ဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) ဇာတိက ခဲပစ်သမား၊ ဇရာ မရဏက ခဲတွေ.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါကြောင့် ဇာတိနဲ့ဇရာမရဏ ဘယ်ဟာက ကြောက်စရာကောင်းသတုံး....(ဇာတိက ကြောက်စရာကောင်းပါတယ်ဘုရား) ဇာတိက ကြောက်စရာကောင်းတာပေါ့။ ဇာတိရှိလို့ တကာသိုက်တိုး-ဦးလှဘူးတို့ ဇရာမရဏဆိုတဲ့ အိုမှု သေမှု တွေ့ရတယ်....(မှန်ပါ့) သူသာ မရှိမယ်ဆိုယင်.... (မတွေ့ပါဘုရား) ဒါဖြင့် အကြောင်းနဲ့ အကျိုးကော ဆက်စပ်မိပါသလား.... (ဆက်စပ်မိပါတယ်ဘုရား)။

သြော်....ဇာတိပစ်လိုက်တဲ့ခဲကြောင့် ဇရာမရဏကို ဒို-ကိုယ်ပိုင် ကိုယ်ဆိုင်ခံနေရတယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူ့ကြောက်စရာကောင်းသတုံး....(ဇာတိကြောက်စရာကောင်းပါတယ်ဘုရား) ဇာတိဆိုတာ ပဋိသန္ဓေ နေမှုနော်....(မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီး မေးလိုက်ပါတယ်၊ လူဖြစ်ရပါဆိုလို့၏ ဆိုတော့ ဘယ်ကစ,မလဲ....(ဇာတိက စ,ပါမယ်ဘုရား) နတ်ဖြစ်ရပါလို့၏....(ဇာတိက စ,ပါတယ်ဘုရား)။

ဒါဖြင့် ဇာတိနဲ့ ဇရာမရဏ ဘယ်ဟာ ကြောက်စရာ ကောင်းသတုံး....(ဇာတိကကြောက်စရာကောင်းပါတယ်ဘုရား)ဇာတိက ခဲပစ်သမားကိုး မဟုတ်ဘူးလား....(မှန်ပါ့) ဇရာ မရဏက ခဲကိုး (မှန်ပါ့) ကြောက်စရာကောင်းတာကို ခင်ဗျားတို့က ဆုတောင်းယူတယ်....(မှန်ပါ့)။

ဘာပါလိမ့်.... (ကြောက်စရာကောင်းတာကို ဆုတောင်းယူပါတယ်ဘုရား) အဲဒါသည် ခင်ဗျားတို့ ဇာတိကို သမုဒယသစ္စာလို့ မသိလို့ဆုတောင်းယူတာ....(မှန်ပါ့)။

ဇာတိဟာ ဇရာမရဏဖြစ်ကြောင်း သမုဒယသစ္စာလို့ ပဲသိကြလို့ ခင်ဗျားတို့ လူဖြစ်ရပါလို့၏ဆိုတော့ ဇာတိဖြစ်ရပါလို့၏ (မှန်ပါ့) နတ်ဖြစ်ရပါလို့၏ကော....(ဇာတိဖြစ်ရပါလို့၏ဘုရား) ငြဟ္မာဖြစ်ရပါလို့၏ကော....(ဇာတိဖြစ်ရပါလို့၏ဘုရား)။

ဇာတိနဲ့ဇရာမရဏ ဘယ်ဟာ ကြောက်စရာကောင်းသတုံး.... (ဇာတိက ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒါဖြင့် ကြောက်စရာကောင်းတာကို တကာတကာမတွေက ဘယ်လိုလုပ် ယူကြပါလိမ့်.... (ဆုတောင်း ယူပါတယ်ဘုရား)

ဒီထက်လွဲမျှား ရှိသေးသလား.....(မရှိပါဘုရား) အတော်ကိုဆိုး နေပါပေါ့လား.....(ဆိုးပါတယ်ဘုရား)။

အဲဒါ ဇာတိက သမုဒယသစ္စာ၊ ဇရာမရဏက ဒုက္ခသစ္စာ ဆိုတဲ့ သစ္စာနှစ်ခုကို သစ္စာဉာဏ်နဲ့ ကိုယ်ပိုင်မသိလို့ ဆုတောင်းတာ (မှန်ပါဘုရား) သစ္စာမသိလို့ ဆုတောင်းလိုက်တာပါ တကာ့ တကာမတို့.....(မှန်ပါ) ပေါ်ပလား.....(ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဆုတောင်းလိုက်တာပါလိမ့်.... (သစ္စာ မသိလို့ ဆုတောင်းလိုက်တာပါဘုရား) ဇာတိက ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား) ဇရာမရဏကကော.... (ဒုက္ခသစ္စာပါ ဘုရား) ရှင်းပလား.....(ရှင်းပါပြီဘုရား)။

ရမ်းပြောလို့ မရဘူး၊ ခင်ဗျားတို့ထင်ထားတာတွေ့ မပြောပါနဲ့၊ ခင်ဗျားတို့ထင်ထားတာတွေ့က အလဲချည်ဘဲ.... (မှန်ပါဘုရား)။

တကာ့တကာမတို့ဒါ-ပဋိသမ္ဘိဒါမင်္ဂလာပါဦးတော်မှာ ရှင်သာရိပုတ္တရာဟောလို့ ဘုရားက ထောက်ခံချက်ပေးတယ်....တဲ့၊ ပဋိသမ္ဘိဒါဆိုတဲ့မှာခဲ့ရတဲ့ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာလို့ မှတ်စမ်းပါ တကာသိုက်,ဓရ.....(မှန်ပါ)။

ကောင်းပြီ....ဒါဖြင့် ဒီ-ပြထားတာကိုလဲ ကြည့်ပါ၊ ပြထားတာ မကြည့်ဘဲ ပါးစပ်က ရမ်းပြောနေယင် အလဲချည့် ဖြစ်နေမှာဘဲ.....(မှန်ပါ) ဇရာမရဏက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဇာတိက.....(သမုဒယသစ္စာပါဘုရား)။

ဇာတိကြောင့် ဇရာမရဏ ဖြစ်ပါတယ်ဆိုတော့ သူက သမုဒယဆိုတာ အကြောင်းဟောတာ.... (မှန်ပါ့) ဇာတိကြောင့် ဘာဖြစ်သလဲ.... (ဇရာမရဏဖြစ်ပါတယ်ဘုရား) ဇာတိက ဘာသစ္စာလဲ....(သမုဒယသစ္စာပါဘုရား) ဇရာမရဏက....(ဒုက္ခသစ္စာပါဘုရား)။

ဒါမှ အမေးနဲ့အဖြေ ခင်ဗျားတို့ ပါဠိတော်ကိုက်တော့မပေါ့ (မှန်ပါ့) ကိုယ်ဖြေချင်တာ ဖြေနေလို့ ရှိယင်ဖြင့် အကျိုးပေးယင် အကြောင်းဖြေ ဖြစ်နေဦးမှာပေါ့....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဟာ သစ္စာမပိုင်သေးသ၍ ရမ်းနေကြမယ်ဆိုတာ ပေါ်ပလား....(ပေါ်လာပါပြီဘုရား) ဒါ့ကြောင့်လဲ သံသရာရှည်နေတာဘဲ....(မှန်ပါ့)။

ဇရာမရဏက ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား) ဇာတိက.... (သမုဒယသစ္စာပါဘုရား) ဟုတ်သားဘဲ.... (ဇာတိကြောင့် ဇရာမရဏ ဖြစ်တယ်....(မှန်ပါ့ဘုရား) ဇာတိကြောင့်ဆိုတော့ အကြောင်း သမုဒယမဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဇရာမရဏက အကျိုးဒုက္ခဆိုတာ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏၊ ဗြဟ္မာဖြစ်ရပါလို၏ဆိုတော့ ဇာတိနဲ့ ဇရာ မရဏ ဘယ်

ဟာက အရင်စပြီးရမှာတုံး....(ဇာတိက စပြီး ရမှာပါဘုရား)
ဒါဖြင့် သမုဒယသစ္စာ စပြီးရတယ်....(မှန်ပါ)သဘောကျပလား
(ကျပါပြီဘုရား)။

ဒါဖြင့် ခဲပစ်တတ်တဲ့လူ ရတာပေါ့....(မှန်ပါ) ခဲပစ်တတ်တဲ့
လူ ရလို့ရှိယင်ဖြင့် ခဲပစ်ခံရပါလို့ဆိုတာကော....(လာပါတယ်
ဘုရား) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဇာတိက ဘာသစ္စာလဲ .... (သမုဒယ
သစ္စာပါ) ဇရာ မရဏက....(ဒုက္ခသစ္စာပါ) သစ္စာဘယ်နှစ်ပါး
သိသလဲ....(နှစ်ပါးသိပါတယ်) သိတာက ဘာပါလိမ့်....(မဂ္ဂပါ
ဘုရား)။

အဲဒီ....မဂ္ဂသစ္စာနဲ့ ဇာတိက သမုဒယသစ္စာ၊ ဇရာ မရဏက
ဒုက္ခသစ္စာလို့ ယခုလို ပုံချပြီးသကာလ ခန္ဓာကိုယ်ဖြစ်စဉ်၌ မသိ
သောကြောင့် ခင်ဗျားတို့သည် ဇာတိဘဲ ဆုတောင်းယူတယ်....
(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာဆုတောင်းယူပါလိမ့်....(ဇာတိဘဲ ဆုတောင်းယူပါတယ်
ဘုရား) ဇာတိဆုတောင်းယူတော့ ဇရာ မရဏ လိုက်ခဲ့ဦးမယ်....
(မှန်ပါ) မပြောပေဘူးလား....(ပြောပါတယ်ဘုရား)။

ဇာတိ ဆုတောင်းယူတဲ့ပုဂ္ဂိုလ် ဘယ်သူလိုက်ဦးမလဲ.... (ဇရာ
မရဏက လိုက်ဦးမှာပါ)။

ဒါဖြင့် သမုဒယသစ္စာရော၊ ဒုက္ခသစ္စာရော အပြည့်အစုံရပါ
လို့၏ ဘုရား....ဆိုတော့ ပယ်ရမည့်သစ္စာနှစ်ခုကို ခင်ဗျားတို့က

ပြည့်စုံရပါလို၏ ဆုတောင်းယူလိုက်တယ်....(မှန်ပါ့) လွဲပုံမျှား ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ဘုရားက ဒီသစ္စာနှစ်ပါး သမုဒယနဲ့ ဒုက္ခကို သမုဒယသစ္စာပယ်၊ ဒုက္ခကို ပိုင်းခြားထားခဲ့လို့ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ခင်ဗျားတို့က ဒီသစ္စာနှစ်ခုမသိတော့ကို သမုဒယမှန်းလဲမသိ၊ ဒုက္ခမှန်းကော ...(မသိပါဘုရား) ပသိလို့ လူဖြစ်ရပါလို၏.... ဆိုတော့ ဇာတိရတယ်....(မှန်ပါ့) ဇရာ မရဏလဲလိုက်လာတယ် (မှန်ပါ့)။

ဘယ်သစ္စာနှစ်ပါးရသတုံး ...ဆိုတော့ ဘုရားမကြိုက်တဲ့ သစ္စာနှစ်ပါးကို ဆုတောင်းယူလိုက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပြီးတော့ ခင်ဗျားပို့က ပုဒ္ဓဟာသာ-တဲ့....(မှန်ပါ့) ဘုရားမကြိုက်တာလဲလုပ်သေးရဲ့၊ ပြီးတော့ ဘာ-ဘာသာလို့ နာမည်ခံသတုံး....(ဗုဒ္ဓဘာသာလို့ နာမည်ခံပါတယ်ဘုရား)။

ဘုရားက သမုဒယသစ္စာကိုပယ်ကွ၊ ဟုတ်လား.... (မှန်ပါ့) ဒုက္ခသစ္စာကို ပိုင်းခြားထားခဲ့၊ မင်းတို့နောက် မလိုက်စေနဲ့ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

သမုဒယသစ္စာတော့ ဘာတဲ့ .... (ပယ်ရပါမယ်ဘုရား) ဒုက္ခသစ္စာကို....(ပိုင်းခြားထားခဲ့ရပါမယ်)။

အဲဒီသစ္စာနှစ်ပါးကို မင်းတို့ ကိုယ်ပိုင်မလုပ်နဲ့လို့ မဟောဘူးလား....(ဟောပါတယ်ဘုရား) ဟောတာကို ခင်ဗျားတို့က လူ

ဖြစ်ရပါလို့၏....ဆိုတော့ ဇာတိဖြစ်ရပါလို့၏....(မှန်ပါ့) နတ် ဖြစ်ရပါလို့၏....(ဇာတိ ဖြစ်ရပါလို့၏) ပြဟ္မာဖြစ်ရပါလို့၏.... (ဇာတိ ဖြစ်ရပါလို့၏) လူချမ်းသာကြီး ဖြစ်ရပါလို့၏....(ဇာတိ ဖြစ်ရပါလို့၏) နတ်မင်းကြီး ဖြစ်ရပါလို့၏-(ဇာတိဖြစ်ရပါလို့၏) စကြဝတေးမင်း ဖြစ်ရပါလို့၏....(ဇာတိဖြစ်ရပါလို့၏)။

ဒါဖြင့် ဇရာ မရဏက ဘယ်နှယ်ပြောသတုံး....(လိုက်မှာပါဘုရား) လိုက်ခဲ့ဦးမယ် ပြောတာပေါ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဇာတိပါလာပေါ့ တကာသိုက်ရာ....ဇရာ မရဏက မလိုက်ဘဲနေပါ့မလား....(မနေပါဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဒီသစ္စာနှစ်ပါးဟာ ဘုရားက ပယ်ရမဲ့-ပိုင်းခြားသိရမဲ့ သစ္စာနှစ်ပါးတဲ့....(မှန်ပါ့)။

ခင်ဗျားတို့ကတော့ ဆုတောင်းယူတဲ့ သစ္စာနှစ်ပါး....(မှန်ပါ့ ဘုရား) ရှည်မှ ရှည်ပါ့မလား သံသရာ....(ရှည်ပါတယ်ဘုရား)။

ဘုရားက ဘာတဲ့.... (ပယ်ရပါမယ်ဘုရား) ခင်ဗျားတို့က ဘာလုပ်သလဲ....(တောင်းယူပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်တော့မှ ဒီသစ္စာကို သိတဲ့မဂ်ဉာဏ် သံသရာတခွင်လုံးမှာ မပေါ်ခဲ့ဘူး....(မှန်ပါ့) ဇရာ မရဏက ဒုက္ခသစ္စာလို့ အခု ပါးစပ်ထဲ ထည့်ဘူးတာဘဲ....(မှန်ပါ့)။

ရှေးကဖြင့် ဒီဥစ္စာကို သစ္စာသဘောနဲ့မသိဘူး၊ ကိုယ်ပိုင် လုပ်ချင်တဲ့သဘော တဏှာနဲ့သာ ယူနေတာဘဲ....(မှန်ပါ့) သစ္စာ သဘောနဲ့ သိသေးရဲ့လား....(မသိပါဘုရား)။

အဲဒါကြောင့် တသံသရာလုံး ကိုယ်ကျိုးနည်းပြီး ဇာတိဒုက္ခ၊ ဇရာ မရဏ ဒုက္ခနဲ့ချည့် လှည့်နေတယ်....(မှန်ပါ့) ဘာမသိလို့ ပါလိမ့်....(သစ္စာမသိလို့ပါဘုရာ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒီသစ္စာနှစ်ပါးကို ဘုရားက ဘာလုပ်ရမယ်တဲ့.... (ပယ်ရမယ် ပိုင်းခြားသိရပါမယ်) ခင်ဗျားတို့က.... (ဆုတောင်းယူပါတယ် ဘုရား)။

ဖြစ်မှဖြစ်ရလေ ဗုဒ္ဓဘာသာလားဗျာ....၊ ဗုဒ္ဓဘာသာဆိုတာ လား....(ဗုဒ္ဓဘာသာမစစ်သလိုပါဘုရား) ဘုရားက ပယ်ဆိုယင် ပယ်မှ ဘုရားအယူ အစစ်လိုက်ဟ၁ကိုး....(မှန်ပါ့)။

ဘုရားက ဒီဥစ္စာ ကိုယ်ပိုင်ထား‌ဆိုလို့.... ကိုယ်ပိုင်ထားယင် ဘုရားအယူ....(မှန်ပါ့) ဘုရားက ပယ်ခိုင်းတာ၊ ခင်ဗျားတို့က ကိုယ်ပိုင်ထားတော့ ဒါဘယ်နှယ်ဆိုကြမလဲ-(ဘုရားအရဲ့တိုက်ရာ ကျပါကယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဆိုင်းဘုတ်တော့ သူ့အမေအဖေကလဲဗုဒ္ဓဘာသာဆိုင်းဘုတ် ဆွဲလို့ သူ့သားသမီးတွေလဲ ဗုဒ္ဓဘာသာဆိုတဲ့ ဆိုင်းဘုတ်တော့ ဆွဲလိုက်တာဘဲ၊ ရုံးတော့ မှတ်ပုံတင်လိုက်တာဘဲ....(မှန်ပါ့) တင်ပင် တင်ငြားသော်လဲ ဝမ်းထဲက တင်တာမဟုတ်ဘူး၊ ရိုးရာ တင်တာလို့ မှတ်လိုက်ကြပါ....(မှန်ပါ့)။

ဘုရားက ဇာတိ- သမုဒယသစ္စာနဲ့ ဇရာ မရဏ-ဒုက္ခသစ္စာကို ဘာလုပ်ရမတဲ့တုံး....(ပယ်ရပါမယ်ဘုရား)။

ခင်ဗျားတို့က ဘုရားဆီမှာ သွားပြီးသကာလ နောက်ဘဝ လူ့ချမ်းသာ ဖြစ်ရပါလို့၏၊ နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ ဖြစ်ရပါလို့၏....ဆုတောင်းလိုက်တော့ ဘုရားက ပယ်လို့ ခိုင်းတဲ့တရား ကို ကိုယ်တော်မြတ်ကြီးဆီမှာ အရတောင်းနေကြတယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့သည် သစ္စာမသိလို့ တောင်းတာ-(မှန်ပါ့) ဘုရားက ငါလဲ သစ္စာမသိခဲ့လို့ သံသရာရှည်ခဲ့ရတယ် (မှန်ပါ့)။

အိုဘေး,နာဘေး,သေဘေးနဲ့ အဖေါ်လုပ်ခဲ့ရတယ် (မှန်ပါ့) မင်းတို့လဲ သစ္စာမသိယင် သံသရာရှည်ရမယ်၊ အိုဘေး, နာဘေး, သေဘေးနဲ့ အဖေါ်လုပ်ရမယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့်.... ဒီတရားကို ရေရေလည်လည် ဟောတာသည် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် ဟောနေတာသည် သစ္စာနဲ့ တွဲ ဟောနေတာမို့ ဆက်ပြီးတော့နာပါ ...(မှန်ပါ့) တနေ့တည်း ပြီးတဲ့ တရားမျိုးကလဲ မဖြစ်နိုင်ဘူး....(မှန်ပါ့)ဖြစ်နိုင်ပါ့မလား-(မဖြစ်နိုင်ပါဘုရား)။

ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ တသက်လုံး မဲလာတဲ့ အနှစ် အစိတ်လောက် သုတ်လာတဲ့ ဆီသည် လက်သုပ်ပုဝါ တခါမှ မဖတ်ရသေးဘူးတာကို အခုမှ သုံးလေးရက်ဖတ်ရုံနဲ့တော့ ဖြူပါ့မလား....(မဖြူပါဘုရား)။

ခင်ဗျားတို့ တသံသရာလုံး အဝိဇ္ဇာဓာတ်နဲ့ မည်းလာတဲ့၊ အဝိဇ္ဇာကြောင့်, မသိမှုကြောင့် မည်းလာတဲ့ သစ္စာနှစ်ပါးကို

ဒီနေ့တခါတည်းသိပြီးသကာလ မင်္ဂဏ်-ဖိုလ်ဉာဏ်ဆိုက်အောင် ဆိုတာ မဖြစ်နိုင်ဘူး....(မှန်ပါ့)။

အခုမှ ပုတ်စ, လျှော်စကလေး ရှိသေးတယ်လို့ ဆုံးဖြတ်ချက် ချလိုက်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဇာတိက ဘာသစ္စာ .... (သမုဒယသစ္စာပါ) ဇရာ မရဏက....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာတကာမတို့.... ဇာတိနဲ့ ဇရာ မရဏ ဘယ်ဟာ ကြောက်စရာကောင်းသတုံး.... (ဇာတိ ကြောက်စရာကောင်းပါတယ်ဘုရား)။

အကြောင်းနဲ့ အကျိုးကိုးဗျ၊ အကြောင်းသာ ကြောက်စရာ ကောင်းတာပေါ့။ အကြောင်းရှိနေတော့ အကျိုးက မလာပါနဲ့ ဆိုလို့ ကန့်ကွက်လို့ ရသေးသလား....(မရပါဘုရား)။

ဒါဖြင့် တကာတကာမတွေ့ သေသေချာချာမှတ်ပါ၊ အလုပ် မလုပ်ခင် ဟောနေတာ....(မှန်ပါ့)။

အလုပ်·လုပ်တာ ဒီလိုသစ္စာသိပြီး အလုပ်-လုပ်လိုက်ယင် ဓဏ္ဍ ကလေး ပေါက်သွားမယ်....(မှန်ပါ့) သစ္စာမသိဘဲနဲ့ ဆရာက မေးတာ ရမ်းမှန်းပြီးလုပ်နေတော့ ဘယ်နည်းနဲ့မှ မပေါက်ဘူးလို့ မှတ်ပါ....(မှန်ပါ့)။

သစ္စာသိလိုက်တော့ ယထာဘူတဉာဏ် မဝင်လာဘူးလား.... (ဝင်လာပါတယ်) ယထာဘူတဉာဏ်ရယင် နိုဗ္ဗိန္ဒဉာဏ်ဝင်ဘို့ရာ နီးသွားပြီ....(မှန်ပါ့)။

နိုဗ္ဗိန္ဒဉာဏ် ငြီးငွေ့လာတဲ့တနေ့ကျတော့ ဇာတိရော၊ ဇရာ မရဏရော မလိုချင်ဘူး-ဆိုတဲ့ မင်္ဂဏ် ချက်ချင်း ဝင်မယ်.... (မှန်ပါ့) မဝင်ဘူးလား....(ဝင်ပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ဇာတိ ဘာသစ္စာလဲ....(သမုဒယသစ္စာပါ) ဇရာ မရဏက....(ဒုက္ခသစ္စာပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်လာတာဟာ ဘယ်နှယ်ကြောင့် ဘုရားဖြစ်လာပါလိမ့်မေးတော့ ခင်ဗျားတို့ ပါရမီဆယ်ပါး အပြားသုံးဆယ်ကြောင့် ဘုရားဖြစ်တယ်လို့ ပြောလိမ့်မယ်....(မှန်ပါ့)။

ဘုရားဖြစ်တာ ဘယ်လိုကြောင့် ဘုရားဖြစ်လာပါလိမ့်မယ်....(ပါရမီဆယ်ပါး အပြားသုံးဆယ် ဖြည့်ကျင့်လို့ပါဘုရား) ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါးတွေ စွန့်ခဲ့လို့....ဒါကို အကုန်သိထားတယ် ဘုရားဖြစ်ကြောင်း-(မှန်ပါ့ဘုရား)။

ဒါတွေဟာ ပဓာနမဟုတ်ပါဘူး ကကာတကာမတို့နော်....(မှန်ပါ့) ဒါတွေချည့်လုပ်ပြီးသကာလ နေငြားသော်လဲ ဥပမာ ပါရမီဆယ်ပါး- ဒါနပါရမီ၊ သီလပါရမီ အစရှိသော ပါရမီဆယ်ပါး၊ အပြားသုံးဆယ်ဆိုတာ သူ့ကို တခုလျှင် သုံးခုစီ ပြလိုက်လို့ သုံးဆယ်ဖြစ်တာကိုး....(မှန်ပါ့)။

စွန့်ခြင်းကြီးငါးပါး ဆိုတာကတော့ သိပြီးသား အတိုင်း အင်္ဂပရိစာဂ ပုတ္တပရိစာဂ-စတဲ့ စွန့်ခြင်းကြီးငါးပါးပေါ့ဗျာ....(မှန်ပါ့)။

ခင်ဗျားတို့က ဒါ့ကြောင့် ဘုရားဖြစ်တယ်လို့ အောက်မေ့ကြတယ်....(မှန်ပါ့) တကာ တကာမတို့ အဲဒါက ဝေးသော အကြောင်းတွေပါ့....(မှန်ပါ့)။

နီးသောအကြောင်းကို ရှင်းပြပါ့မယ်၊ နီးသောအကြောင်းရှင်းပြမှ တကာတကာမတွေ့ သေချာသွားမယ်....(မှန်ပါ့ဘုရား) နီးသောအကြောင်းကတော့ဇရာ,မရဏတို့မှလွတ်ပြီးဘုရားအဖြစ်ကို ယူတော်မူတာ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာလွတ်ချင်လို့ပါလိမ့်.... (ဇရာ မရဏတို့မှ လွတ်ချင်လို့ပါဘုရား)။

ဒါဖြင့် ဇရာ မရဏတို့ ကြောက်ပြီး ဘုရားဆုတောင်းပြီးဘုရားဖြစ်လာတာ....(မှန်ပါ့) ဇရာ မရဏသာ မရှိမယ်ဆိုယင် သူ့အိုလဲမအိုဘူး၊ သေလဲမသေဘူး၊ သူ့အမြဲဖြစ်နေမယ်ဆိုလို့ ရှိယင်ဖြင့် ဇရာ မရဏမရှိတဲ့ပုဂ္ဂိုလ်ဟာ ဇရာ မရဏလွတ်ကြောင်းဆိုတဲ့ ဘုရားဖြစ်ကြောင်းတွေ့ လုပ်ပါ့မလား .... (မလုပ်ပါဘုရား)။

ဇရာ မရဏ ရှိနေတဲ့အတွက် ဇရာ မရဏ လွတ်ကြောင်းဆိုတဲ့ဘုရား ဆုတောင်းပြီးလုပ်ပါတယ်....(မှန်ပါ့)။

ဒါဖြင့် ဘုရားဖြစ်လာတာ တကာ တကာမတို့.... ဘယ်သူ့ကြောင့် ဘုရားဖြစ်လာတယ်ဆိုတာ ပေါ်ရောပေါ့ .... (ပေါ်ပါပြီဘုရား)။

ဘယ်သူ့ကြောင့်ပါလိမ့်.... (ဇရာ မရဏကြောင့်ပါဘုရား)။
ကိုယ့်အနာရှိလို့ ကိုယ်ဆေးကုချင်တာဗျ....(မှန်ပါ့) ကိုယ့်အနာမရှိယင်....(ကိုယ်ဆေးမကုချင်ပါ)။

အဲဒီတော့ ဘုရားအလောင်းမှာ နုစဉ်အခါကဘည်းက ဇရာ မရဏ ရှိ-မရှိ....(ရှိပါတယ်ဘုရား) အဲဒီ ဇရာ မရဏကိုဖြင့် ငါ-

လွတ်အောင် ကျွတ်အောင်တော့ လုပ်မှာဘဲ၊ ဇာရ မရဏ အကြောင်း သိအောင် လုပ်မှာဆိုပြီး သကာလ ဖြစ်လာတာ.... (မှန်ပါ့)။

ဒါ့ကြောင့် ဘုရားဖြစ်ခြင်းအစ ဇာရ မရဏက....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားဖြစ်ခြင်းအစ ဘယ်က စပါလိမ့်.... (ဇာရ မရဏကပါ) ဇာရ မရဏ တွေးလုံး ပေါ်ပြီး ဘုရားဖြစ်ချင်လို့ ဘုရားဖြစ်ကြောင်းတွေလုပ်တယ်....(မှန်ပါ့)။

ဇာရ မရဏ မရှိယင် ဘုရားအလုပ်ကို လုပ်ဖြစ်တော့မယ် မဟုတ်ပါဘူး....(မှန်ပါ့) ဇာရ မရဏမရှိယင် နိဗ္ဗာန်ရောက်နေမှာကိုး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘုရားသည် ဘယ်သူ့ကြောင့် ဘုရားအဖြစ်ကို ယူပါလိမ့်မတုံး....(ဇာရ မရဏကြောင့်ပါဘုရား)။

အဲ....ဇာရ မရဏကြောင့် ဘုရားဖြစ်လာတာ၊ ဇာရ မရဏကို ရှင်းလင်းလို့၊ မှန်းလင်းလို့ ဇာရ မရဏမှ ထွက်ကြောင်းကိုဖြင့် ရှာတော့မယ်ဆိုပြီး ရှာလိုက်တော့ သဗ္ဗညုတဉာဏ်တော်ကြီး ရလို့ ဇာရ မရဏမှ လွတ်သွားတယ်....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ .... ဘုရားဖြစ်လာတာ ဘယ်သူ့ကြောင့်တုံး....(ဇာရ မရဏကြောင့်ပါဘုရား)။

ခင်ဗျားတို့သိထားတာက ဘာတဲ့....(ပါရမီဆယ်ပါး ဒါနပြားသုံးဆယ်ပါ) အဲဒါက ဝေးသေးအကြောင်းတွေပါ-(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အကယ်၍.... ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် တကာတကာမတို့ ဇရာ မရဏ မရှိတော့ဘူးလို့ ဆိုလို့ရှိယင် သူ့-ဘယ်သူ့ကြောင့် သံဝေဂဉာဏ်ဝင်မတုံး....(ဝင်စရာမရှိနိုင်ပါဘုရား) ဝင်စရာမရှိနိုင်ယင် ဘုရား ဖြစ်ချင်စိတ် ပေါ်ပါဦးမလား.... (မပေါ်ပါဘုရား)။

ဇရာ မရဏမှ လွတ်ချင်တဲ့သဘော ရှိလာတော့ ဩသြ.... ဒါသည် သဗ္ဗညုတဉာဏ်ရမှ လွတ်မှာပါလား၊ ဒီအတိုင်း တွေးနေလို့တော့ သိမှာမဟုတ်ပါဘူး ဆိုပြီးသကာလ.... ဇရာ မရဏတော့ သိရဲ့၊ ဇရာ မရဏလွတ်ကြောင်းကို ဇရာ မရဏကနေပြီး တိုက်တွန်းတာနဲ့ ဘုရားအဖြစ်ကို မရ အရ ယူလိုက်တယ်လို့ မှတ်ပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ အယင် သိထားပုံနဲ့တော့ အတော်ကွာနေပြီ.... (မှန်ပါ့) ဒါက အရင်းကျကျ၊ ဟိုဟာက အဖျားတွေ....(မှန်ပါ့ ဘုရား)။

ဒီဟာ တွေးလုံးပေါ်ပြီးတော့မှ ပါရမီဆယ်ပါး အပြားသုံးဆယ်က လုပ်တယ်....(မှန်ပါ့) ဒါက အစ, ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုရားသည် ဘယ်သူ့ကြောင့် ဘုရားဖြစ်လာပါလိမ့် (ဇရာ မရဏကြောင့်ပါ) ဇရာ မရဏကို ကိုယ်တိုင် တွေးလိုက်တော့ ရှုံခြင်း၊ မုန်းခြင်းတွေ ဖြစ်ပြီးလာတော့မှ ဘုရား လုပ်မှာဘဲ၊ သဗ္ဗညုတဉာဏ်ရမှ ဒီဇရာ မရဏ လက်သည် တော်မှာဘဲဆိုပြီး သကာလ.... ဇရာ မရဏ၏ တိုက်တွန်းဆော်ချက် အားကို

အညီကြောင့် ဘုရားဖြစ်ချင်လာတယ်၊ နောက်မှ ပါရမီဆယ်ပါး အဖြားသုံးဆယ်တွေ့ လုပ်တာပါ....(မှန်ပါ့)။

ဘုရားဖြစ်ဘို့ရာ မူလတိုက်တွန်းချက်ကတော့ ဘယ်သူဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ဘယ်သူပါလိမ့်.... (ဇရာ မရဏပါဘုရား)။

ဒါတသက်လုံး တခါမှ ခင်ဗျားတို့ ကြားဘူးကြမယ် မဟုတ်သေးပါဘူး....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ခင်ဗျားတို့ မှတ်ထားတာက ဘုရားဟာ ဘယ်သူ့ကြောင့် ဘုရားဖြစ်လာသတုံး....(ပါရမီဆယ်ပါး အဖြားသုံးဆယ်ကြောင့်ပါဘုရား) ဝေးသောအကြောင်းတွေ့ပါ....(မှန်ပါ့) ဘုရား၏ စိတ်ကူးပေါ်လာပုံကို တွေးပါ....(မှန်ပါ့)။

ဘယ်လိုတွေးမိကြသတုံး .... (ဇရာ မရဏ လွတ်ချင်လို့ပါ) ဇရာ မရဏမှ ဘယ်လိုလွတ်အောင် လုပ်ရမတုံး....၊ သူ့ကိုယ်မှာ ဇရာနဲ့ မရဏကလဲ ရှိနေတယ်၊ အိုလာတာကိုလဲ သိတော်မူတယ်၊ သေမှာကော....(သိပါတယ်ဘုရား)။

နဲ့ဝက်တခါ အိုမှာကော....(သိပါတယ်) နောက်တခါ သေမှာကော....(သိပါတယ်)အဖန်ဖန်အိုမှာကော....(သိပါတယ် ဘုရား)။

အဖန်ဖန်သေမှာကော....(သိပါတယ်ဘုရား) ဒါ....ဘယ်လို လွတ်အောင် ရှုန်းရပါမတုံး....(မှန်ပါ့)။

သဗ္ဗညုတဉာဏ်ရမှ ဒီဥစ္စာ လွတ်မှာဘဲ....(မှန်ပါ့) ဉာဏ်မရ ယင်တော့....(မလွတ်ပါဘုရား)။

အဲဒီတော့ ဇရာ မရဏကြောင့် သဗ္ဗညုတညာဏ်တော်ကို လိုက်ရှာတာ....(မှန်ပါ့) ရှာတော့ ပါရမီဆယ်ပါး အပြားသုံးဆယ်နဲ့ ရှာရတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုရားဖြစ်ခြင်းအစ, ဘယ်ကကျေးဇူးပြုလိုက်တာတုံး (ဇရာ မရဏကပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ကိုလဲ ဇရာမရဏကစ,ပြောနေတယ်၊ သေတာပန်, သကဒါဂါမ်, အပြန်ပြန်တည်နိုင်အောင်လို့.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ရောင်ချာချာလုပ်ပြီးမနေကြပါနဲ့၊ ဘုရားတောင် ဒီကစ,ရတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဇရာ မရဏက ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) ဇာတိက....(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် ဘုရားက ဒီတရားနှစ်ခုကို သူပယ်ချင်လွှန်းလို့ သဗ္ဗညုတညာဏ်ရအောင် ကြိုးစားတာ....(မှန်ပါ့) ခင်ဗျားတို့က ဆုတောင်းယူယင် ဗုဒ္ဓဘာသာ စစ်နိုင်ပါဦးမလား .... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားအလိုကျအောင် ဗုဒ္ဓဘာသာအစစ်ကတော့ ယနေ့မှစရတယ်....(မှန်ပါ့) သဘောပါရဲ့လား....(ပါပါတယ်ဘုရား)။

အင်မတန် အရေးကြီးတဲ့တရားဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဗုဒ္ဓဘာသာတရားမှာ အခြေအမြစ်ကိုကိုင်ပြီးပြောနေတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဇာတိ၏လက်သည်ကို နောက်ဆုတ် ရှာပါဦး....တဲ့၊ ဘုရားကနော်....(မှန်ပါ့) ဇာတိ ဘယ်ကလာသတုံး....လို့ မေးခွန်းထုတ်ပြန်တယ်....(မှန်ပါ့)။

ဘယ်နှယ်တုံး....(ကမ္မဘဝက လာပါတယ်ဘုရား) ကမ္မဘဝဆိုတာ ကာယကံ, ဝစီကံ, မနောကံပေါ့ဗျာ....(မှန်ပါ့)။

ခင်ဗျားတို့ ရပြီးသားပါဦးတော်အတိုင်းဆိုယင်တော့ ဘဝ-(မှန်ပါ့) ဘဝလို့ သုံးချင်သုံး၊ သို့သော် ထင်ရှားအောင်လို့ ကမ္မဘဝလို့ သုံးလိုက်ပါ....(မှန်ပါ့)။

ဒီသုံးခုက ဘာပါလိမ့်....(ကမ္မဘဝပါ) ကာယကံဆိုတော့ ကံဘဲမဟုတ်လား....(မှန်ပါ့) ဝစီကံ....(ကံပါဘဲ) မနောကံ....(ကံပါဘဲ) ဒါဖြင့် ကမ္မဘဝပေါ့ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကမ္မဘဝပစ္စယာ ဇာတိ-ဆိုတော့ သူက အကြောင်း၊ သူက အကျိုးဖြစ်တယ်....(မှန်ပါ့)။

ဒါဖြင့် ကမ္မဘဝက သမုဒယသစ္စာ၊ ဇာတိက....(ဒုက္ခသစ္စာပါဘုရား) ဒီလိုသွားရမှာ တကာသိုက်ရေ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သုံးလေးရက်ဟောမှ ခင်ဗျားတို့ နည်းနည်းကလေးဖြတတ်လာတာ....(မှန်ပါ့) သိဘို့ရာ အသာထားစမ်းပါဦး၊ အဖြေမှန်ကလေးရဘို့ရာ မနည်းကြိုးစားရတယ်....(မှန်ပါ့) တကာသိုက်လွယ်ရဲ့လား....(မလွယ်ပါဘုရား)။

မိဘရိုးရာ သိထားတာ ဒီအသိမှမဟုတ်ဘဲ၊ အခုတော့ သေသေချာချာ အကြောင်း အကျိုး ဆက်တော့ တကာသိုက်တို့-ဦးလှဘူးတို့ ယုံပလား....(ယုံပါပြီဘုရား)။

ဒီကမ္မဘဝကြောင့် ဇာတိဖြစ်တယ်....(မှန်ပါ့) ဒါဖြင့် ကမ္မဘဝက အကြောင်းသမှုဒယ၊ ဇာတိက အကျိုးဒုက္ခ....(မှန်ပါ့) မဆိုင်နိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒီလိုနောက်ဆုတ်သွားရမှာ တကာတကာမတွေ-ရိပ်မိ၊လား (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ကာယကံ, ဝစီကံ, မနောကံ, ခင်ဗျားတို့ ဆုမ်းတော်- ကုမ်းတော်တင်ဟုတ်လား.... သားတွေ, သမီးတွေ ပြောဆို ·မြည်တွန်- ဆိုတော့ ကာယကံ, ဝစီကံ, မနောကံတွေ မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

အကုသိုလ်လဲလုပ်မှာဘဲ၊ အကုသိုလ် ကာယကံ,ဝစီကံ,မနောကံ....(လုပ်ပါတယ်ဘုရား) နောက်ဘဝ ကောင်းစားရေး မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

လုပ်လို့ရှိယင် ကမ္မဘဝပစ္စယာ....(ဇာတိ) ကမ္မဘဝ ဘာသစ္စာ....(သမုဒယသစ္စာပါဘုရား) ဇာတိက.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒီကံလုပ်တုန်းကလဲ သမုဒယ၊ နောက်ရတာကော.... (ဒုက္ခပါဘုရား)။

ဒါဖြင့် ဇာတိပိ ဒုက္ခာ-လို့ဆိုတာဒီအချိန်ကျမှ ဟောရတယ်၊ ခုနင်တုန်းက သမုဒယသစ္စာဟောရတယ်....(မှန်ပါ့) ရှင်းပလား- (ရှင်းပါပြီဘုရား)။

ဒီလို အကွက်ချပြောမှ တကာသိုက်ရ-သိသွားမှာ၊ နို့မဟုတ် ခင်ဗျားတို့ဟာ တောက်လျှောက်ကြီး ဖြစ်နေမှာဘဲ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကမ္မဘဝက ဘာတဲ့....(သမုဒယသစ္စာပါ) ဇာတိက ဘာတဲ့-(ဒုက္ခသစ္စာပါ) သူနဲ့ထောက်မှ ဒုက္ခဖြစ်တာ၊ သူနဲ့မထောက်ခင် တုန်းက သူဟာ သမုဒယဖြစ်နေတယ်....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့.... ကာယကံ, ဝစီကံ, မနောကံ, တည်းဟူသော အကုသိုလ်ကံတွေကိုလဲ ခင်ဗျားတို့ ဖြတ်ကြပါ.... (မှန်ပါ့)။

ဇာဝေါဖြစ်မည့် ကာယကံ, ဝစီကံ, မနောကံဆိုတဲ့ ကုသိုလ်ကံ တွေကိုလဲ ဖြတ်ကြပါ... (မှန်ပါ့) လုပ်တော့ လုပ်ကြပါ၊ လှူဒါန်း ပေးကမ်းကြပါ၊ ဇာတိဒုက္ခမှ လွတ်ရပါလို့၏ဆိုပြီး လုပ်ကြပါ-(မှန်ပါ့) လုပ်ဘတ်ကြပလား....(လုပ်တတ်ပါပြီဘုရား)။

ကုသိုလ် လုပ်တိုင်း-လုပ်တိုင်း ဘာလုပ်ရမယ်....(ဇာတိ ဒုက္ခမှ လွတ်ရပါလို့၏ဘုရား)။

အဲဒီကံတွေကျတော့လဲ ဇာတိချုပ်ရာ နိဗ္ဗာန်ကျွေးဇူးပြုတယ် (မှန်ပါ့) ဇာတိချုပ်တော့ ဇရာ မရဏကကော....(ချုပ်ပါတယ် ဘုရား) နိဗ္ဗာန်ရောက်တဲ့ အခါကျတော့....(မှန်ပါ့) သကော ကျပလား....(ကျပါပြီဘုရား)။

ဇာတိကိုသာ ဆုတောင်းယူယင်တော့ဖြင့် ဒုက္ခရောက်မှာဘဲ-(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား) ကမ္မဘဝက ဘာသစ္စာလဲ....(သမုဒယသစ္စာပါ) ဇာတိက.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် နောက်ဘဝ လူကောင်းဖြစ်ချင်လို့ ရှိယင်ဖြင့် ဒုက္ခသစ္စာ ဖြစ်ရပါလို့၏....(မှန်ပါ့) နတ်ကောင်းဖြစ်ချင်ယင်....(ဒုက္ခသစ္စာ ဖြစ်ရပါလို့၏) ဗြဟ္မာကောင်းဖြစ်ချင်ယင်....(ဒုက္ခသစ္စာ ဖြစ်ရပါလို့၏ဘုရား)။

ဒါဖြင့် ဒါလုပ်ခကောင်း-မလုပ်ကောင်း....(မလုပ်ခကောင်းပါဘုရား)။

တကာတကာမတို့.... သေသေချာချာ အခုလို အကဲခတ်ချ ပြတော့မှ သြော် .... ဒို့-လုပ်သ၍ဟာ အလဲချည့်ဘဲကိုး.... ကိုယ့်ပစ္စည်းနဲ့ကိုယ် ထောင်ကျခံတာ....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါန-သီလတွေလုပ် ကာယကံ, ဝစီကံ, မနောကံနဲ့၊ နောက်ဘဝ ကောင်းစားရေးဆိုပြီး လုပ်လိုက်တော့ ဇာတိက စပြီး ရတယ်....(မှန်ပါ့)။

ရတော့ ကံတွေက ဘာသစ္စာတုံး- (သမုဒယသစ္စာပါဘုရား) ဇာတိက....(ဒုက္ခသစ္စာပါဘုရား) မလုပ်ကောင်းဘူးတဲ့....(မှန်ပါ့ဘုရား)။

လုပ်ပါ့ဆိုပြီး ဆရာဘုန်းကြီးပြောတဲ့နည်းလုပ် ... (မှန်ပါ့) ဒါနတွေ လှူကြပါ၊ သီလတွေစောင့်, သမထဝိပဿနာတွေ လုပ်ပါ၊ လုပ်တိုင်း-လုပ်တိုင်း ဇာတိဒုက္ခမှ ကျွတ်ရပါလို့၏....(မှန်ပါ့ဘုရား)။

ဇရာ မရဏဒုက္ခမှ.... (ကျွတ်ရပါလို၏) အဲ....ဇာတိဒုက္ခ ကျွတ်ရပါလို၏ဆိုယင် ပြီးတာဘဲ....(မှန်ပါ့) ကျန်တာ အလိုလို ကျွတ်သွားတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒါန-သီလတွေ့ လုပ်တတ်ကြပလား .... (လုပ်တတ်ပါပြီဘုရား) မလုပ်တတ်လို့ ရှိယင်တော့ ကမ္မဘဝပစ္စယာ .... (ဇာတိ) ဇာတိပစ္စယာ....(ဇရာ မရဏပါ) ဒီလိုချည့်သွားမှာဘဲ (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတွေ့ မပြီးဘဲနေလိမ့်မယ်၊ ကမ္မဘဝက ဘယ်ကလာပါလိမ့်မတုံး-(ဥပါဒါန်က လာပါတယ် ဘုရား) ဥပါဒါန်ဆိုတာ စဲ့လမ်းတာ....(မှန်ပါ့)။

ဥပါဒါန်ဆိုတာသည် တကာ တကာမတို့ ဘာတဲ့....(စဲ့လမ်းတာပါ) စဲ့လမ်းတာ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတ္တုပါဒါန်, အတ္တဝါဒုပါဒါန်-လို့ ဥပါဒါန်က လေးမျိုးတောင် ရှိတယ်....(မှန်ပါ့)။

သို့သော်.... ဖြေးဖြေးမှ ခဲ့ပါမယ်....တဲ့၊ ဥပါဒါန်ကို ဥပါဒါန်ဘဲ မှတ်ထားပါဦး....(မှန်ပါ့)။

ဒါဖြင့် ဥပါဒါန်ကြောင့် ဘာဖြစ်သတုံး .... (ကမ္မဘဝ ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဥပါဒါန်က သမုဒယသစ္စာ၊ ကမ္မဘဝက....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကံတွေသည်ကား....လို့ ဆိုယင်ဖြင့် ဒုက္ခသစ္စာတဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့်.... နောက်ဆုံးပိတ်တရား နိဂုံးချုပ်တော့ ကဝလဿ ဒုက္ခကွန္ဓဿ-ဒုက္ခအစုကြီးလို့ မလာဘူးလား....(လာပါတယ်ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒီအထဲမှာ သုခကို မပါဘူး....၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ကြုံဖန်ရှာယင်တော့ မတတ်နိုင်ဘူး၊ သုခတော့ မပါတာ အမှန်ဘဲ...(မှန်ပါ့) ပါသေးရဲ့လား....(မပါ-ပါဘုရား)။

အဲဒါ ရှုတ်တော့ ပါးစပ်က ရှုတ်လိုက်တာဘဲ၊ ဘယ်ဟာတွေ ပါ-ပါလိမ့်မတုံးလို့ လဲ မတွေးဘူး....(မှန်ပါ့) မတွေးတော့ ခင်ဗျားတို့ ကဘယ်က, ဝစကဟာလ ဒုက္ခသစ္စာဘာ၊ နောကလာမည့် ဇာတိကော....(ဒုက္ခသစ္စာပါ) နောက်လာလတ္တံ့သော ဇရာမရဏကော....(ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ....ဒါဖြင့် ဥပါဒါန်က သမုဒယသစ္စာ၊ ကံတွေက-(ဒုက္ခသစ္စာပါဘုရား)။

ဥပါဒါန်က ဘယ်ကလာသတုံး .... (တဏှာကလာပါတယ်) ဒါဖြင့် တဏှာက အကြောင်းဖြစ်ပြန်တယ်....(မှန်ပါ့) တဏှာကဘာသစ္စာ....(သမုဒယသစ္စာပါ) ဥပါဒါန်က....(ဒုက္ခသစ္စာပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကြည့်....ဒါလဲ ဒုက္ခ၊ ဒါလဲ ဒုက္ခ၊ ဒါလဲ ဒုက္ခ ဖြစ်လာပြီး နောက်ဆုတ်လာတော့ အကုန်ဒုက္ခချည့်လာပြီ....(မှန်ပါ့) မလာသေးဘူးလား....(လာပါပြီဘုရား)။

မြင်ကြရဲ့လား....(မြင်ပါတယ်ဘုရား) ဒါမှမမြင်ယင်တော့ မပြောတတ်ဘူး၊ တော်တော့ကိုရှင်းအောင်ပြနေပြီ ပစ္စည်းကလဲကြီးတယ်....(မှန်ပါ့)။

တဏှာ ဘယ်ကလာသတုံး တကာတကာမတို့....(ဝေဒနာကလာပါတယ်) အေး....ဝေဒနာကလာတယ်၊ ဝေဒနာကလဲ သုံးပါးတောင်ရှိ၊ ငါးပါးတောင်ရှိ၊ ရှိပေစေ- ဝေဒနာအကြောင်းတော့ ၂-နှစ်, ၃-နှစ်လောက် ဟောလာလို့ နားလည်တယ် ထားပါတော့....(မှန်ပါ့)။

ဝေဒနာကြောင့် ဘာဖြစ်သတုံး....(တဏှာဖြစ်ပါတယ်) ဝေဒနာက ဘာသစ္စာတုံး....(သမုဒယသစ္စာပါ) တဏှာက....(ဒုက္ခသစ္စာပါဘုရား)။

အဲ....ဒီ.ပြင်နေရာမှာတော့ တဏှာကို သမုဒယအဖြစ်နဲ့သာသုံးတယ်၊ ဒုက္ခသစ္စာအဖြစ်နဲ့ မသုံးဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အခု ဒီမှာတော့ ဝေဒနာက....(သမုဒယသစ္စာပါ) တဏှာက....(ဒုက္ခသစ္စာပါဘုရား)။

ကိုင်း....၁-၂-၃-၄-၅-တွေ့ပြီ၊ ဒါ ဒုက္ခချည့်ဘဲ....(မှန်ပါ့) နောက်ဆုတ်တွေးတော့ သူ့.ကို ဘာချည့်ဆိုသတုံး....(ဒုက္ခချည့်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရား ဘယ်နေရာမှာ ပဋိသန္ဓေလို့ မေးပြန်တော့ ဘယ်လိုဖြေကြသလဲ.... (ဝေဒနာနဲ့ တဏှာကြားမှာ ပဋိသန္ဓေပါတယ်ဘုရား)။

သောတာပန်ဖြစ်ချင်ယင် ဘယ်ကြားမှာ အားထုတ်ရမလဲ.... (ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အနာဂါမ် ရဟန္တာဖြစ်ချင်ယင်ကော.... (ဝေဒနာနဲ့ တဏှာကြားမှာပါ) ပစ္စေကဗုဒ္ဓါဖြစ်ချင်ယင်ကော-(ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား)။

အဲ....ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်ပျက်ရှုတဲ့မဂ် ပေါ်လာတယ်....(မှန်ပါ့)။

ဒီဝိပဿနာမဂ်က မဂ်စစ်ဖြစ်သွားတဲ့အခါကျတော့ ဒီဇနရာမှာ ဘုရားဖြစ်တယ်၊ ပစ္စေကဗုဒ္ဓါဖြစ်တယ်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ဒီဇနရာဖြစ်တာချည့်မှတ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ ခင်ဗျားတို့ခန္ဓာကိုယ်ကြီး....(မှန်ပါ့) ဝေဒနာလဲ ခင်ဗျားတို့ ခန္ဓာကိုယ်၊ တဏှာကော....(ခန္ဓာကိုယ်ပါ) ဥပါဒါန်ကော....(ခန္ဓာကိုယ်ပါဘုရား)။

ဒီဘက်က ကာယကံ, ဝစီကံတွေဆိုတာ ရှင်တုန်း လုပ်တာ-ခင်ဗျားတို့ခန္ဓာဘဲမဟုတ်လား....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ခန္ဓာကိုယ်ထဲမှာ သောတာပန် တည်ရမှာ....(မှန်ပါ့) သောတာပတ္တိမဂ် ရောက်ရမယ်....(မှန်ပါ့) သကဒါဂါမိမဂ်ကော....(ရောက်ရမှာပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဘုရားလဲ ခန္ဓာထဲမှာ ဒဝဒနာနဲ့ တဏှာကြားမှာ မဂ်လေးပါး ဆိုက်ပြီး သကာလ ပဉ္စားတာနဲ့ ဆေးသော်.... ဒီနေရာမှာ ဘုရားဖြစ်တယ်....(မှန်ပါ့)။

ဘုရားဆိုတာ သောတာပန် စုတည်ရတယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘုရား-ဘယ်က စုတည်ရသလဲ....(သောတာပန်က စုတည်ရပါတယ်) ဒါဖြင့် ဘုရား သောတာပန်တည်ဘာ ဘယ်နေရာတုံး (ဝဒနာနဲ့ တဏှာကြားပါဘုရား)။

သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်တာကော-(ဝဒနာနဲ့ တဏှာကြားမှာပါ) ဘုရားဖြစ်တာကော.... (ဝဒနာနဲ့ တဏှာကြားမှာပါ) အဲဒါ ဗောဓိပင်နဲ့ ရွေ့လျင်ပါဘဲ့....(မှန်ပါ့)။

ဒီမှာ ကိုယ်တော်မြတ်ကြီးသည် ဘုရားအဖြစ်ကို ခံယူတာ ဒီအချိန်ဘဲလို့မှတ်ပါ .... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီဥစ္စာဆုံးအောင်ဘဲ ပြပါဦးမယ်....တဲ့၊ ဝဒနာသုံးပါးရှိတယ် တကာ တကာမတို့....၊ သုခဝဒနာ၊ ဒုက္ခဝဒနာ၊ ဥပေက္ခာဝဒနာ....(မှန်ပါ့)။

ဝဒနာဟာ သုံးမျိုးလုံး ရှုမှန်ဘ့....(မှန်ပါ့) ဒုက္ခဝဒနာကလေးတခုတည်း ရှုနေလို့လဲ မဖြစ်ဘူး....(မှန်ပါ့) ဝဒနာကနဂိုရိကာ ဘယ်နှစ်ပါးရှိသတုံး....(သုံးပါးရှိပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခဝဒနာကလေးသာ ရှုပြီး ရှုနေကြမယ်ဆိုယင် ဖြင့် သုခဝဒနာ ပေါ်လာချိန်မသိတော့ အဝိဇ္ဇာဖြစ်တယ်.... (မှန်ပါ့)။

ဥပေက္ခာပေါ်တဲ့အချိန် မသိတော့.... (အဝိဇ္ဇာဖြစ်ပါတယ်) အဲ.... ဝေဒနာကို ဒုက္ခကလေးတခုသာ ရှာပြီး ရှုနေယင်တော့ မဖြစ်ဘူး....(မှန်ပါ့)။

ဘာဖြစ်လို့တုံး....ဆိုတော့ သုခဝေဒနာ လှည့်ပေါ်တာလဲ သိလိုက်သေးရဲ့လား.... (မသိပါဘုရား) ဥပေက္ခာ လှည့်ပေါ်တာကော....(မသိပါဘုရား)။

မသိတဲ့အချိန် ဘာဖြစ်နေသလဲ....(အဝိဇ္ဇာဖြစ်ပါတယ်) မသိတော့ အဝိဇ္ဇာဖြစ်တော့ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်-လို့ လှည့်သွားလိမ့်မယ် ...(မှန်ပါ့) မလှည့်ပေဘူးလား....(လှည့်ပါတယ်ဘုရား)။

ဒါဖြင့်ကြာင့် ဒုက္ခဝေဒနာတပါးတည်း ဖြစ်ကောင်းဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် သုခဝေဒနာပေါ်လို့ ရှိယင်လဲ သုခဝေဒနာ မရှုပါနဲ့.... (မှန်ပါ့) ဘာရှုရမလဲ....(ဖြစ်ပျက် ရှုရပါမယ်) အပျက်မြင်အောင်ရှု ...(မှန်ပါ့)။

ဒုက္ခဝေဒနာပေါ်လာလဲ ဘာဘုံး....(အပျက်မြင်အောင် ရှုရပါမယ်) ဥပေက္ခာဝေဒနာ ပေါ်လာယင်ကော .... (အပျက်မြင်အောင် ရှုရပါမယ်ဘုရား)။

ဒါဖြင့် သူတို့သုံးခုက အပျက်....(မှန်ပါ့) ရှုတာက ...(မင်္ဂပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

မင်္ဂဖြစ်သွားတော့ ဒီဘက်က တဏှာ, ဥပါဒါန် ဘယ့်နှယ်နေသလဲ....(ချုပ်သွားပါတယ်) ဒီဘက်က ဒုက္ခတွေ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာ တကာမတို့ ဒီဘက်က ဒုက္ခတွေ ချုပ်သွားသောကြောင့် ဒုက္ခတို့၏ ချုပ်ငြိမ်းရာ ဘာခေါ်မလဲ.... (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့.... ဒုက္ခတွေဟာ မဂ်နောက်မှာ ချုပ်တယ်ဆိုတာ ကောင်းကောင်းကျေနပ်ပလား .... (ကျေနပ်ပါပြီဘုရား)။

မဂ်ရှေ့မှာ ဖြစ်ပျက်ဘဲမြင်ပါတယ်၊ တကယ်ချုပ်တာက မဂ်နောက်မှာ မလာတာတွေကိုဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် တကာတကာမတို့ ဝေဒနာကြောင့် ဒီတဏှာဖြစ်တယ်ဆိုတာ သိပလား....(သိပါပြီ) ဒါရှုတဲ့ပုဂ္ဂိုလ်လား၊ မရှုတဲ့ပုဂ္ဂိုလ်လား....(မရှုတဲ့ပုဂ္ဂိုလ်ပါဘုရား)။

မရှုတဲ့ပုဂ္ဂိုလ်မှာ သံသရာ ဘာတုံး.... (ဆက်ပါတယ်ဘုရား) ရှုတဲ့ပုဂ္ဂိုလ်မှာ....(ပြတ်ပါတယ်ဘုရား) ဒီသံသရာပြတ်တယ်.... (မှန်ပါ့)။

မရှုတဲ့ပုဂ္ဂိုလ်မှာ ဆက်ပြပါဆိုတော့ ဝေဒနာ ပစ္စယာ.... (တဏှာပါ) တဏှာပစ္စယာ....(ဥပါဒါနံ) ဥပါဒါန ပစ္စယာ.... (ကမ္မဘဝါ)။

ရှုတဲ့ပုဂ္ဂိုလ်ကျတော့ အပျက်ကို မြင်အောင် ရှု-ဆိုသောကြောင့် အပျက်ဟာ ချုပ်တယ်၊ ဝေဒနာချုပ်သွားတာမဟုတ်လား....(မှန်ပါ့)။

ဝေဒနာနိရောဓော....(တဏှာနိရောဓော) တဏှာနိရောဓော ဆိုတဲ့ မဂ်ပေါ်လာတယ်.. (မှန်ပါ့) ရိပ်မိပလား....(ရိပ်ပါပါပြီဘုရား)။

ထိုကဲ့သို့ မဂ်ပေါ်လာလို့ရှိယင် ဘုန်းကြီးတို့ တကာတကာမတွေ့သည် ဝေဒနာနိရောဓော-တဏှာနိရောဓော ဖြစ်သောကြောင့် တဏှာနိရောဓောဟာ တဏှာချုပ်တာလား၊ မဂ်ပေါ်တာလား (မဂ်ပေါ်ပါတယ်ဘုရား)။

တဏှာ လာကိုလာသေးရဲ့လား....(မလာပါဘုရား) ဒါဖြင့် မလာဘဲနဲ့ ချုပ်တာကို နိရောဓ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အားထုတ်တဲ့ပဋိပဒါလမ်မှာ ဝေဒနာနိရောဓော....(တဏှာနိရောဓော) သံသရာပြတ်တယ်....(မှန်ပါ့) အားမထုတ်တဲ့ပဋိပဒါလမ်မှာ ဝေဒနာ ပစ္စယာ....(တဏှာ) တဏှာပစ္စယာ....(ဥပါဒါနံ) ဥပါဒါနပစ္စယာ....(ဘဝေါ)။

ဟော.... ပစ္စုပ္ပန်ဘဝနဲ့ အနာဂတ်ဘဝ တဲ့လိုက်တယ်.... (မှန်ပါ့)။

အားမထုတ်တဲ့ပဋိပဒါလမ်မှာ ပစ္စုပ္ပန်ဘဝနဲ့ .... (အနာဂတ်ဘဝတဲ့ပါတယ်ဘုရား)။

အားထုတ်တဲ့ပဋိပဒါလမ်မှာ ဝေဒနာ နိရောဓော....(တဏှာ နိရောဓောပါဘုရား) တဏှာနိရောဓောဆိုတော့ ပစ္စုပ္ပန်ဘဝမှာလဲ အနာဂတ်အကြောင်းတွေ မပြတ်ဘူးလား .... (ပြတ်ပါတယ်ဘုရား)။

ဒါ့ကြောင့် .... အနာဂတ် အကျိုးသုံးခုလာသေးရဲ့လား.... (မလာပါဘုရား) သေသေချာချာရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါက အလုပ်- လုပ်တဲ့ ပုဂ္ဂိုလ် အကျိုးကိုပြတယ်၊ အလုပ် မလုပ်တဲ့ပုဂ္ဂိုလ် အပြစ်ပြတယ်-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....သူ့ကို ဆုံးအောင်သွားကြပါဦးစို့....၊ တကာတကာမတို့ ဝေဒနာ ဘယ်သူ့ကြောင့်ဖြစ်ပါလိမ့်(ဖဿကြောင့်ဖြစ်ပါတယ်ဘုရား)။

ဖဿဆိုတာ တွေ့ထိတာ၊ ဖဿ.... (မှန်ပါ့) တွေ့ထိလို့ အကောင်းအဆိုးရှိုးတယ်....(မှန်ပါ့) အကောင်းအဆိုး ရှိုးတဲ့အခါကျတော့ ကြိုက်တယ်၊ ကြိုက်တာက ဘာတုံး....(တဏှာပါဘုရား)။

မရ-မနေနိုင်ဘူး....(ဥပါဒါန်ပါ) ကိုယ်တိုင် အားထုတ်မယ်ဆိုတော့....(ကမ္မဘဝပါ) ကာယကံ, ဝစီကံတွေ့ မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲဒါကြောင့် ခက်နေတာ....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဖဿက ဘယ်ကလာပါလိမ့်....(သဠာယတနက လာပါတယ်) သဠာယတနဆိုတာ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်....(မှန်ပါ့)။

မျက်စိကမြင်တော့ တွေ့ချင်တယ်....(မှန်ပါ့)မြင်တာကလေးကို မတွေ့ချင်ဘူးလား.... (တွေ့ချင်ပါတယ်) တွေ့ချင်ယင်ဖြင့် အကောင်းအဆိုး ခံစားမှာဘဲ၊ ခံစားယင်ဖြင့် နှစ်သက်မှာဘဲ၊ နှစ်သက် စွဲလမ်းမယ်၊ စွဲလမ်းယင် ကိုယ်တိုင်အားထုတ်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ .... သဉ္ဇာယတန ဘယ်ကလာပါလိမ့်.... (နာမ်နဲ့ ရုပ်က လာပါတယ်) ခင်ဗျားတို့ နာမ်ရုပ်ရှိလို့လာတာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် နာမ်ရုပ်က ဘယ်ကလာသတုံး.... (ဝိညာဏ်က လာပါတယ်) ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေက လာတာ....(မှန်ပါ့)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့.... ဒီဝိညာဏ်သည် ဘယ်ကလာပါလိမ့်မတုံး .... (သခ်ါရက လာပါတယ်) သခ်ါရသုံးမျိုးကလာပြန်တယ်....(မှန်ပါ့)။

ဒီသုံးမျိုး ဘယ်ကလာသတုံး....လို့ မေးခွန်းထုတ်ပြန်တယ်....(အဝိဇ္ဇာက လာပါတယ်ဘုရား)။

ကောင်းပြီ....တကာတကာမတို့ ဒါက အတိတ်ဘဝ....(မှန်ပါ့ဘုရား) ဒီ ၁-နဲ့ ဒီ ၂-ကို ဘာခေါ်ကြမယ်.... (အတိတ်ဘဝပါဘုရား)။

တခါ....၃-၄-၅-၆-၇-၈၊ တကာတကာမတို့.... ဟောဒီ ကံကျအောင်သည် ပစ္စုပ္ပန်ဘဝလို့ မှတ်လိုက်....(မှန်ပါ့)။

ဝိညာဏ်, နာမ်ရုပ်, သဉ္ဇာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကံ, ဒါ ခင်ဗျားတို့ ယခုဘဝ၊ သဘောကျပလား....(ကျပါပြီဘုရား)။

သုံးပိုင်း-ပိုင်း၊ ခင်ဗျားတို့ ယခုဘဝကို ဆက်လုပ်တဲ့ပုဂ္ဂိုလ်မှာ အနာဂတ်ဘဝ, ဒီနှစ်ခုလာဦးမယ်....(မှန်ပါ့)။

ဒါဖြင့် ဇာတိနဲ့ ဇရာ မရဏသည် ဘယ်ဘဝပါလိမ့်.... (အနာဂတ်ဘဝပါဘုရား)။

ဝိညာဏ်က အစ၊ ကမ္မဘဝ အဆုံး၊ ဘယ်ဘဝပါလိမ့်.... (ပစ္စုပ္ပန်ဘဝပါ) အဝိဇ္ဇာ သင်္ခါရက....(အတိတ်ဘဝပါ) ပဋိစ္စ သမုပ္ပါဒ်ဆိုတာ သုံးဘဝ ဆက်ပြတာလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာနဲ့ သင်္ခါရက ဘယ်ဘဝပါလိမ့်.... (အတိတ်ဘဝပါ) ဝိညာဏ်အစ၊ ကံအဆုံး....(ပစ္စုပ္ပန်ဘဝပါ) ဇာတိနဲ့ ဇရာ မရဏက....(အနာဂတ်ဘဝပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာရှုတော့ကို....အနာဂတ်ဘဝလဲ မရောက်သေးလို့ မရှုနဲ့....(မှန်ပါ့) အတိတ်ဘဝလဲ လွန်ပြီးသားဖြစ်နေလို့ ရှုစရာမလိုဘူး....(မှန်ပါ့) ဒီပစ္စုပ္ပန်ဘဝထဲမှာ ရှုရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်ကိုရှုမယ်....(ပစ္စုပ္ပန်ဘဝထဲ ရှုပါမယ်ဘုရား) ခင်ဗျားတို့ အသက်ရှင်တုန်း ရှုရမယ်။

ဒါဖြင့် ခင်ဗျားတို့သည် သေသေချာချာမှတ်ပါ....တဲ့၊ ဒီပါဠိ သေသေချာချာကြည့်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကံ, ဘယ်ဘဝပါလိမ့်.... (ပစ္စုပ္ပန်ဘဝပါဘုရား)။

ပစ္စုပ္ပန်ဘဝဆိုတာ ခင်ဗျားတို့ ယခုဖြစ်နေတာ.... (မှန်ပါ့)
ခင်ဗျားတို့ ယခု ဝိညာဏ်ကော မရှိဘူးလား.... (ရှိပါတယ်) သဠာယတနဆိုတဲ့ မျက်လုံးကလေးတွေ စသည်ကော-(ရှိပါတယ်ဘုရား) ဖဿတွေကော....(ရှိပါတယ်) ဝေဒနာတွေကော.... (ရှိပါတယ်) သညောကျပလား....(ကျပါပြီဘုရား)။

ဒါက ဝေဒနာတွေရှိနေတယ်၊ တဏှာ အခုရှိသလားလို့ မေးတော့ မရှိဘူးဆိုရမယ်၊ ဥပါဒါန်ကော....(မရှိပါဘုရား) ကံကော....(မရှိပါဘုရား)။

မရှိတာက တရားနာနေတုန်းမို့ မရှိတာ၊ အိမ်ရောက်တော့ ဒီအတိုင်း ဆက်တာဘဲ့....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

တရားနာနေတုန်းတော့ ဝေဒနာနောက်က ဒီတရားနာနေတဲ့ ဝိပဿနာမက်က ဝင်နေတယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

တရားမနာတော့ပါဘူးဆိုလို့ရှိယင် ဝေဒနာ, တဏှာ, ဥပါဒါန်, ကံ....(မှန်ပါ့) ဒီကျအောင် သွားနေတယ်....(မှန်ပါ့) တရားနာနေတဲ့အခါကျတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာမက်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တရားနာနေတုန်းတော့ ဒီလိုဖြစ်နေတယ်....(မှန်ပါ့) တရားနာနေတုန်းတော့ ပစ္စုပ္ပန်ဘဝမှာဘဲ ပြတ်နေတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တရားမနာ, တရားအားမထုတ်လို့ ရှိယင်ဖြင့် ပစ္စုပ္ပန်ဘဝမှာကို ဘာဖြစ်နေသတုံး....(ဆက်နေပါတယ်ဘုရား)။

ဘယ်ကျအောင် ဆက်သတုံး....လို့ မေးခွန်းထုတ်လို့ ရှိယင် သေသည်၏အခြားမဲ့၌ နောက်ဘဝ ပဋိသန္ဓေနေရအောင်ဆက်တာဘဲ့....(မှန်ပါ့)မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

ဒီကံကျမှ ရပ်ဘာကိုး....၊ ဒီကံပြီး သေတဲ့အခါကျတော့ နောက်ဘဝ ဇာတိရမယ်၊ မရပေဘူးလား....(ရပါတယ်ဘုရား) သဘောပါပလား....(ပါ၊ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ကို ယနေ့ ရှင်းထား ပါ၊ နက်ဖြန် ဒါမရှင်းတော့ဘူး....(မှန်ပါ့)။

ဒါဘယ်ဘဝပါလိမ့်၊ အဝိဇ္ဇာ သင်္ခါရ.... (အတိတ်ဘဝပါ) ဝိညာဏ်က အစ၊ ကံအဆုံး....(ပစ္စုပ္ပန်ဘဝပါ) ဇာတိအစ၊ ဇရာမရဏ အဆုံး....(အနာဂတ်ဘဝပါ)။

ဒါဖြင့် ခင်ဗျားတို့ ရ,ထားတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ ခင်ဗျားတို့ သွားမည့်လမ်းကို ခင်ဗျားတို့ ခင်းနေတာနဲ့အတူတူဘဲ....(မှန်ပါ့) ဆက်လာမယ်ဆိုတာ သိရဲ့လား....(သိပါတယ်ဘုရား)။

ဖြတ်ချင်ယင် ဝေဒနာနောက်ကနေပြီး ဘာလုပ်ရမလဲ.... (ဝိပဿနာလုပ်ရပါမယ်) မဂ်သွင်းလိုက်....(မှန်ပါ့) ဝေဒနာ ဖြစ်ပျက်ရှုလဲ မဂ်ဖြစ်မှာဘဲ့....(မှန်ပါ့)။

ဖဿဖြစ်ပျက်ရှုယင်ကော....(မဂ်ဖြစ်ပါတယ်) သဋ္ဌာယတန ရှုယင်ကော....(မဂ်ဖြစ်ပါတယ်) နာမ်ရုပ်ဖြစ်ပျက်ရှုယင်ကော.... (မဂ်ဖြစ်ပါတယ်) စိတ်ကို ဖြစ်ပျက်ရှုယင်ကော .... (မဂ်ဖြစ်ပါတယ်ဘုရား)။

ကဲ....ရှုစရာက ၁-၂-၃-၄-၅-သဘောကျပလား....(ကျပါပြီဘုရား)။

ရှုစရာက ရှေပိုင်းက ဘယ်နှစ်ခုတုံး....(၂ ခုပါဘုရား) ရှေ့ပိုင်းက ၂ ခုအနက် တခုခုရှုလို့ရှိယင် နောက်ပိုင်းက သုံးခု ပြတ်တယ်၊ တဏှာ, ဥပါဒါန်, ကံ ပြတ်တယ်....(မှန်ပါ့)။

ရှေပိုင်းက ၂ ခု တခုခုရှုယင်.... (နောက်ပိုင်း သုံးခု ပြတ်ပါတယ်ဘုရား)။

သုံးခုက ဘာပါလိမ့် .... (တဏှာ, ဥပါဒါန်, ကမ္မဘဝပါ) ပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါလောက်နဲ့ဘဲ ယနေ့ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ဤတွင် အမှတ်စဉ်(၂၇)

ပြီးဆုံးပါပြီ။

ရနိုင်သောဌာနများ

★

ဤအဖွဲ့မှ ရိုက်နှိပ်သော နောက်ထုတ်ဝေလတ္တံ့သော စာအုပ်များကို အောက်ဖော်ပြပါဌာနများတွင်ရရှိနိုင်ပါသည်။ အဖွဲ့မှလက်လီ ရပ်ဝေးသို့တင်ပို့ခြင်းမပြုပါ။

ရန်ကုန်မြို့။

(၁) ဟုံသာဝတီ စာအုပ်ဆိုင်၊ ဗိုလ်အောင်ကျော်လမ်း။
(၂) ပညာအလင်းပြစာအုပ်တိုက်၊ ၁၃၀-ဗိုလ်ချုပ်လမ်း။
(၃) ရွှေတိဂုံဘုရား-တောင်ဘက်စောင်းတန်း၊ ဦးချစ်တင်ဆိုင်နှင့် အခြား စာအုပ်ဆိုင်များ။
(၄) တင်ဆွေအေး စာအုပ်ဆိုင် ၄၇၈-မဟာဗန္ဓုလလမ်း။

မန္တလေးမြို့နှင့် အခြားမြို့များ။

(၅) သစ်ဘရားသား၊ အယ်(လ်)ရုံ၊ ဈေးချိုတော်။
(၆) အောင်မြန်မာစက္ကူဆိုင်၊ အောက်လိုင်း-ဈေးချို။
(၇) ဦးဘထွေး၊ ဂျစ်ကားတံဆိပ် အထည်တိုက်-မုံရွာမြို့။
(၈) အောင်နိုင်-စာပေတိုက်၊ နဝရတ်သိင်္ဂီတိုက်၊ ၁၁၅ အခန်းအမှတ် ဘီ-စီ၊ လမ်းမတော်-ပြည်မြို့။
(၉) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း- ဟင်္သာတမြို့နှင့် အရပ်ရပ်ရှိအဖွဲ့ခွဲများ၌ ရနိုင်ပါသည်။